စိန်မိုးယံစာပေ

ရွှေကန်

# အရှင်ဩဘာသသိရိ

ဂဏဝါစက ပရိယတ္တိဓမ္မာစရိယ

သာသနကိုရပရိယတ္တိဓမ္မာစရိယ၊ သာသနဝုမိကရဓမ္မကထိက

# ယောဂီများသို့

## ပဋိစ္စသမုပ္ပါဒ်အခြေခံ အလုပ်ပေးတရားတော်များ

ဒုတိယအကြိမ်

မောင်ချစ်ညို(ပဲခူး) စီစဉ်ပူဇော်သည်

**စိန်မိုးယံစာအုပ်တိုက်**

အမှတ်(၁၅)၊ အောင်တော်မူလမ်း၊

မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

☎ – ၀၉၅၁၈၄၁၀၀

**ပုံနှိပ်မှတ်တမ်း**

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၃၂၀၂၆၂၀၉၀၅ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၃၂၀၃၈၈၀၉၀၉ |
| ပုံနှိပ်ခြင်း | - | ဒုတိယအကြိမ်၊ ၂၀၁၃-ခု၊ ဇွန်လ |
| အုပ်ရေ | - | ၁၀၀၀ |
| ကွန်ပျူတာစာစီ | - | စန်းဦး၊ မောင်မောင်ဦး |
| ကွန်ပျူတာစာစစ် | - | သတိုးနွယ်၊ အရှင်ယောသိတ(တမာမြေ)<br>ဦးမြင့်ဆွေ၊ မိုးစိမ့်အေး |
| အဖုံးဖလင် | - | A-7 Group (Asia Plaza) |
| ပုံနှိပ်သူ | - | ဒေါ်ခင်စီ (ပြည်ဦးဘေပုံနှိပ်တိုက်)<br>အမှတ်(၁၅၈)၊ (၃၇)လမ်း၊<br>ကျောက်တံတားမြို့နယ်။ |
| ထုတ်ဝေသူ | - | ဒေါ်စန္ဒာမာလာ(စိန်မိုးယံစာပေ)<br>အမှတ်(၁၅)၊ အောင်တော်မူလမ်း၊<br>မြေနီကုန်း၊ စမ်းချောင်းမြို့နယ်။ |
| ဖြန့်ချိရေး | - | သစ္စာမဏ္ဍိုင် ပိဋကတ်စာအုပ်ဆိုင်<br>ရွှေတိဂုံတောင်ဘက်မုခ်<br>ဖုန်း - ၀၁-၃၈၇၈၄၉၊ ၀၉၅၁၂၅၂၈၅ |
| တန်ဖိုး | - | ၃၀၀၀ |

ရွှေကျင်
အရှင်ဇောတိကာဘိဝံသ

ဂဏဝါစက ပရိယတ္တိဓမ္မာစရိယ၊ သာသနကိုရ်ပရိယတ္တိဓမ္မာစရိယ
သာသနဝုဒ္ဓိကာရဓမ္မကထိက

# ယောဂီများသို့

## ပဋိစ္စသမုပ္ပါဒ်အခြေခံ အလုပ်ပေးတရားတော်များ

# အနန္တငါးပြာ ဝန္ဒနာ

ဦးစွာဗုဒ္ဓ ဓမ္မသံဃာ၊ အာစရိယ မိဘတစ်ပြား။

အနန္တငါး ညွှတ်တွားသဒ္ဓါ၊ ပဏာမ ပြုရဝန္ဒနာ။

ရိုသေစွာဖြင့်...

မောင်ချစ်ညို (ပဲခူး)

# ယောဂီသို့ အမှာစာ

ယနေ့ခေတ်ကာလသည် ဗုဒ္ဓဘာသာ အနေအထားအားဖြင့် ဝိပဿနာတရား စခန်းပွဲများဖြင့် စည်ကားနေသော ကာလ တစ်ခုဖြစ်၏။ အခြားသော ပွဲလမ်းသဘင်များ ရှိသည်ထက် (၇)ရက်၊ (၁၀)ရက် စသော တရားရိပ်သာ(စခန်း)ပွဲများ ရှိခြင်းကား ဘာသာနှင့် သာသနာအတွက် အားရစရာ အနေအထားတစ်ခုဖြစ်သည်။

လူတစ်ယောက်အနေဖြင့် (သာမန်) မိမိအိမ်မှာ နေသည်ထက် တရားစခန်းမှာ နေသည်က ပို၍ကောင်း၏။ တစ်နည်းအားဖြင့်ပြောရရင် အရှုပ်တွေကြားမှ ကင်းအောင် ခဏနေလိုက်ခြင်းဖြစ်သလို အပူပိုင်းဒေသမှ အအေးသို့ ကူးပြောင်းလိုက်ခြင်းလည်း ဖြစ်ပါတယ်။

ဒီတော့ တရားစခန်းပွဲများသည် ရှိသင့် ရှိထိုက်သော 'ပွဲ'ဖြစ်၏။ သာမန်အနေအားဖြင့် တရားရိပ်သာတစ်ခု ဖြစ်မြောက်ဖို့ဆိုတာ နေရာ, ဒေသ, ပတ်ဝန်းကျင်, ဆွမ်းအလှူရှင်နှင့် ဝေယျာဝစ္စ, ယောဂီနှင့် တရားပြဟူ၍ ရှိပါတယ်။

ဘယ်လိုပင် ရှိပါစေ၊ တရားစခန်းပွဲတစ်ခု၏ ပဓာနလိုအပ်ချက်ကတော့ တရားပြသော ကမ္မဋ္ဌာနာစရိယပုဂ္ဂိုလ်နှင့် တရား အားထုတ်သော ယောဂီသည်သာ အရေးအကြီးဆုံးဖြစ်၏။ အခြားသောအရာများသည် တရားပြနှင့် ယောဂီလောက် အရေးမကြီးပေ။

တရားပြပုဂ္ဂိုလ်သာရှိပြီး ယောဂီမရှိခြင်း၊ ယောဂီသာရှိပြီး တရားပြပုဂ္ဂိုလ် မရှိခြင်းဆိုတဲ့ အနေအထားတစ်ခုဟာ တရားရိပ်သာတစ်ခု ဖြစ်ပေါ်မလာနိုင်တဲ့ အခြေခံအကြောင်းတရားတွေပါ။ (တချို့သော ဝန်းကျင်တွေမှာ အဲဒီ အခက်အခဲတွေ ရှိနေပါတယ်)။ အဲဒီလို အကြောင်းတွေပေါ်လာရင် တရားဖြန့်ဖြူးမှုတွေက မှေးမှိန်နေပါလိမ့်မယ်။

သာသနာတော်၏ အရိပ်အောက်မှာ ခိုလှုံသော လူတွေရဲ့ အဓိကလုပ်ဆောင်သင့်သောအချက်မှာ ဗုဒ္ဓဘာသာဝင်အချင်းချင်း တရားသဖြင့် နေနိုင်အောင်, တရားကို ပြန့်ပွားခြင်းဆိုတဲ့ အလင်းဝေငှတဲ့ အလုပ်ပါပဲ။ (ဒါကိုပင် သာသနာပြုသည်ဟု ခေါ်၏။) ဒါဆိုလျှင် တရားကို ဘယ်လို ဝေငှမလဲ။

* * *

အတ္တာနံ ရက္ခန္တော ပရံ ရက္ခတိ- မိမိကိုယ်ကို စောင့်ရှောက်ပြီး နေလေ့ရှိသောသူဟာ သူတစ်ပါးတို့ကိုလည်း စောင့်ရှောက်ပြီးသားဖြစ်၏။ မိမိကိုယ်ကို စောင့်ရှောက်တဲ့လူဆိုတာ တရားဖြင့်နေတဲ့လူကို ခေါ်ပါတယ်။ တရားဖြင့်နေတဲ့သူဆိုတာ သူတစ်ပါးတို့ရဲ့အကျိုးကို စောင့်ရှောက်တတ်တဲ့အတွက် တရားဖြင့် ကိုယ့်ကိုယ်ကို စောင့်ရှောက်တာပါ။

တရားဖြင့်နေနိုင်အောင် (မိမိကိုယ်ကို စောင့်ရှောက်နိုင်အောင်) ကိုယ်တိုင် တရားသိဖို့ လိုအပ်ပါတယ်။ တရားသိအောင်တော့ တရားအားထုတ်ရပါလိမ့်မယ်။ တရားအားထုတ်မှလည်း တရားသိမှာ ဖြစ်သလို၊ တရားသိမှလည်း တရားတော်တွေကို ဝေငှနိုင်မယ်ပေါ့။

တရားဝေငှတဲ့ အလုပ်ဆိုတာ တကယ်တော့ အမြတ်ဆုံးအလုပ်တစ်ခုပဲ ဖြစ်ပါတယ်။

ယနေ့ခေတ် တရားစခန်းအသီးသီး ဖွင့်လှစ်ခြင်းဟာ တကယ်တော့ အမြင့်မြတ်ဆုံးဖြစ်တဲ့ မမ္ဗဒါနပြုနေတဲ့ အလုပ်ပါပဲ။ ဒီအသိနဲ့အတူ ရန်ကုန်မြို့ သုဝဏ္ဏ စံရိပ်ငြိမ်ကျောင်းတိုက်အတွင်းမှာလည်း ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီးရဲ့ မူအတိုင်း (၇)ရက် တရားစခန်းပွဲကို ကျင်းပပြုလုပ်ခဲ့ပါတယ်။

တရားတော်ကို နာယူကြတဲ့ ယောဂီအများစုဟာ တရားအားထုတ်စဉ်ကာလ (၇)ရက်အတွင်းမှာတော့ တရားဖြင့်နေ၍ တရားဖြင့်ပျော်နေကြသဖြင့် တရားရဲ့အရသာကို တွေ့မြင်ကြပါတယ်။ ဒါပေမယ့် အိမ်ပြန်ရောက်တဲ့အခါမှာတော့ တရားဖြင့် ဝေးကွာသွားပါတယ်။ ဒီတော့ တချို့ယောဂီတွေက-

"တရားစခန်းပွဲက ခွေမထွက်ဘူးလား"

ဆိုပြီး ကမ္မဋ္ဌာနာစရိယတွေ ဟောကြားတဲ့ တရားခွေကို ပူဇော်ကြပါတယ်။ ဒါပေမယ့် တချို့ယောဂီတွေကျပြန်တော့လည်း-

"စာအုပ်ကော မထွက်ဘူးလား၊ VCD ခွေတွေက မီးပျက်ရင် တရားနာဖို့ မလွယ်သလို ကိုယ်က တရားခွေဖွင့်ထားပေမယ့် တချို့က မနာချင်ကြဘူး၊ စာအုပ်ဆိုတော့ တစ်ယောက်တည်း အေးအေးဆေးဆေးဖတ်လို့ရသလို နားမလည်တာရှိရင်လည်း အထပ်ထပ် ဖတ်လို့ရတယ်"

လို့ ဆိုလာကြပါတယ်။ များသောအားဖြင့်လည်း ယောဂီအတော်များများက ကိုယ်တရားအားထုတ်ခဲ့တဲ့ တရားစခန်းပွဲက တရားတွေကို အထပ်ထပ် လေ့လာချင်ကြပါတယ်။ ဒါမှလည်း စာတွေ့ကော၊ လက်တွေ့ပါ အားထုတ်လို့ရမှာကိုး။

နောက်တစ်ချက်က တရားဟော၊ တရားပြကို ဝါသနာပါပြီး လေ့လာချင်ကြတဲ့ ရဟန်းသံဃာတော်များနှင့် တရား ဝါသနာပါတဲ့ ယောဂီတွေအတွက်ပါ အခြေခံကနေပြီး အဆင့်ဆင့် ပဋိစ္စသမုပ္ပါဒ်တရားတော်များကို လေ့လာဖို့ပါ ရည်ရွယ်ပြီး ဟောစဉ်တရားတော်များကို စာအုပ်အဖြစ် ကူးပြောင်းဖို့ စံရိပ်ငြိမ်ဆရာတော် အရှင်ဇဝန(ပဲခူး)က အားထုတ်ခဲ့ပါတယ်။

ဟောကြားတဲ့ ပုဂ္ဂိုလ်က ရွှေကန်ဆရာတော် အရှင်ဩဘာသိရီ။

* * *

ရွှေကန်ဆရာတော်ကို တချို့သော ယောဂီများ၊ စာဖတ်သူများကတော့ သိနေပါလိမ့်မယ်၊ ဘာဖြစ်လို့လည်းဆိုတော့ ရွှေကန်ဆရာတော်ဟာ တရားဟော၊ တရားပြဆိုတဲ့ သာသနာပြုခြင်းဖြင့် သာသနာ့ဝန်ကို ထမ်းဆောင်နေသော ပုဂ္ဂိုလ်တစ်ပါး ဖြစ်သလို "ဓမ္မဖြင့် ဘဝကို တည်ဆောက်ခြင်း၊ အမေများသို့ သဘောတရားနှင့် တရားသဘော၊ ပြုပြင်စရာလေးများ" စသော ဘာသာရေးစာအုပ်များကလည်း စာဖတ်သူနှင့် ရွှေကန် ဆရာတော်ကို ရင်းနှီးနွေးထွေးပြီးသား ဖြစ်နေပါလိမ့်မယ်။

ယခုစာအုပ်ဖြစ်တဲ့ "ယောဂီများသို့... အခြေခံပဋ္ဌိစ္စသမုပ္ပါဒ် အလုပ်ပေးတရားတော်များ" ဆိုတာ စံရိပ်ငြိမ်ကျောင်းတိုက်အတွင်းမှာ ပထမအကြိမ် ကျင်းပပြုလုပ်တဲ့ မိုးကုတ်ဝိပဿနာ (၇)ရက် တရားစခန်းပွဲမှာ ရွှေကန်ဆရာတော် ဟောကြားခဲ့သော တရား တော်များ စုစည်းမှုပါပဲ။

ရွှေကန်ဆရာတော်ရဲ့ တရားတော်ကို အားပါးတရ အေးအေးဆေးဆေး နာယူချင်ကြသော ပုဂ္ဂိုလ်များနှင့် မိုးကုတ်ပဋ္ဌိစ္စသမုပ္ပါဒ် စက်ဝိုင်းဒေသနာတော်ကို လေ့လာ ချင်ကြတဲ့ ပုဂ္ဂိုလ်တွေအတွက်ကတော့ အကျိုးရှိမှာ မလွဲပါဘူး။

ရွှေကန်ဆရာတော်ကလည်း-

"ဒီစာအုပ်ကြီးဟာ ပညာရှင်တွေအတွက်တော့ မရည်ရွယ်ပါဘူး။ အဟော အပြောသင်စ ညီငယ်များနဲ့ ယောဂီတွေအတွက်ပဲ ဖြစ်ပါတယ်"လို့ ဆိုထားတော့ အရှင်ရဲ့ စိတ်ဓာတ်ကို လေးစားရပါတယ်။

ဒီ ယောဂီများသို့... စာအုပ်ကြီးဖြစ်ဖို့ VCD မှ တိတ်ခွေ၊ တိတ်ခွေမှတစ်ဆင့် ပြန်ကူး၊ ကွန်ပျူတာစာစီ၊ စာမျက်နှာပေါ် ရောက်လာတဲ့အခါ အကြမ်းထုတ်၊ ပရူစစ်၊ ခေါင်းစဉ်ခွဲ၊ အချောထုတ်၊ ပြန်စစ်ပြီး အဆင့်ဆင့် လုပ်ဆောင်ခဲ့ရပါတယ်။

ဘယ်လိုပင် အဆင့်ဆင့် လုပ်ဆောင်ခဲ့ပါစေ အမှားအယွင်းကင်းစင်ပြီလို့တော့ အာမခံ၍ မရပေ။ အမှားမပါအောင် အတတ်နိုင်ဆုံး ဆောင်ရွက်ခဲ့ပေမယ့် တစ်စုံတစ်ခုသော အမှားအယွင်းပါရှိပါက သဘောထားကြီးစွာဖြင့် သည်းခံခွင့်လွှတ်ကြပါလို့ ရွှေကန်ဆရာတော်ကိုယ်စား တောင်းပန်အပ်ပါတယ်။

ရိုသေလေးစားစွာဖြင့်...

**မောင်ချစ်ညို(ပဲခူး)**

# မာတိကာ

ယောဂီသို့ အမှာစာ (မောင်ချစ်ညို-ပဲခူး)

၁။ **တရားထိုင်နည်း နိဿရည်းတရားတော်**
မမ္မသဘင်စတင်ပါပြီ
ခန္ဓာငြိမ်သလို စိတ်လည်းငြိမ်ပါစေ
ပစ္စုပ္ပန်ကာလမှာ နေတတ်ပါစေ
သီလရှိမှ သမာဓိရှိမည်
နှာသီးဖြားက စိတ်ကို ဘယ်လိုထားမလဲ
သတိပဋ္ဌာန်ရဲ့ အကျိုးတရားများ
မီးကို ရေနဲ့ငြိမ်းပါ
စိတ်ကသိတဲ့ခန္ဓာ ခန္ဓာကသိပါစေ

၂။ **ပဋိစ္စသမုပ္ပါဒ်အခြေခံ တရားတော်**
သစ္စာမမ္မသဘင် စတင်ပါပြီ
အခြေအနေမှန်ဖို့ အခြေခံကစကြစို့
ကဗျာလေးတွေ သိအောင်လုပ်
နှုတ်ကရွတ်ဆိုတိုင်း ခန္ဓာက သိနေပါစေ
တရားသိဖို့ တရားကိုနာပါ
တရားရှိအောင် တရားအားထုတ်ပါ
သိပြီးရင်ကျင့်ပါ
တရားကို ကြိုးစားပြီးအားထုတ်ပါ
နိဗ္ဗာန်သွားရာ တစ်ခုတည်းသောလမ်းကြောင်း
သစ္စာလေးချက် ကိုက်ပါစေ

၃။ **ရပ်မနေနဲ့ဆက်လျှောက် တရားတော်**
သမာဓိရှိအောင် အရင်လုပ်
လျှောက်ဖြစ်အောင် လျှောက်ပါ
မပြည့်စုံသေးရင် ရပ်မနေပါနဲ့
အနှစ်ရှိအောင်နေပါ
ဝိပဿနာရှိမှ ပြီးပြည့်စုံတဲ့ဘဝ
ဝိပဿနာသည်သာ စိတ်အချရဆုံး
နိဗ္ဗာန်လိုချင် ဝိပဿနာခင်

၄။ **ပညတ်နဲ့ ပရမတ် တရားတော်**
ပညတ်၊ ပရမတ်ကွဲမှ နိဗ္ဗာန်ရ ၁၀၇
ပညတ်ကိုခွာပါ၊ ပရမတ်ကို ရှုပါ ၁၁၁
ပြောတော့ ပြောပါ၊ မရောပါနဲ့ ၁၁၆
ပြောတော့ပြော၊ မရောစေနဲ့ ၁၂၀
သဘောခန္ဓာကို ကြည့်တတ်ပါစေ ၁၂၁
ပင်ကိုသဘောမှ ရွေ့သွားတာ ၁၂၃
ဝိပဿနာဖြင့် နေတတ်ပါစေ ၁၃၀
၅။ **ပဋိစ္စသမုပ္ပါဒ်နှင့် ခေမာမိဖုရား တရားတော်**
အကြောင်းကောင်းရင် အကျိုးပေးကောင်းပါတယ် ၁၄၁
ဝိညာဏ် နှစ်ပါး ၁၄၉
ပဋိစ္စသမုပ္ပါဒ်အရသာ ခံစားပါ ၁၅၄
အင်္ဂါတစ်ဆယ့်နှစ်ပါး အဓိပ္ပာယ် ၁၆၁
ဒုက္ခသစ္စာကို အစစ်အမှန်သိပါစေ ၁၆၆
တရားအရသာ မျှဝေပါ ၁၇၀
မနှစ်သက်စရာ ငါးခန္ဓာ ၁၇၆
၆။ **လွယ်လွယ်လေးနဲ့ အပါယ်ဝေး တရားတော်**
ဓမ္မသဘင် စတင်ပါပြီ ၁၈၁
မွေးဖွားတယ်ဆိုတာ သေဖို့ဖြစ်လာတာ ၁၈၆
ကုသိုလ်အကျိုး (၇)မျိုး ၁၈၉
မသေချာတဲ့ဘဝမှာ သေချာအောင်လုပ် ၁၉၁
သီလရှိအောင် အားထုတ်ပါ ၁၉၉
အပါယ်ဘေးက လွတ်ပါစေ ၂၀၇
၇။ **ဘာအရေးကြီးဆုံးလဲ တရားတော်**
ဓမ္မသဘင်စတင်ပါပြီ ၂၁၃
နိဗ္ဗာန်သွားလမ်း ၂၁၅
အရေးကြီးတာကိုအရင်လုပ်ပါ ၂၁၉
ဒိဋ္ဌိတို့ရဲ့သဘောအဓိပ္ပာယ် ၂၂၄
အပြောနဲ့ အရော ၂၃၃
၈။ **တရားကိုသာ အားကိုးပါ တရားတော်**
ဓမ္မသဘင်စတင်ပါပြီ ၂၃၉
ကောင်းတာကိုပဲပြုလုပ်ပါ ၂၄၃

ခန္ဓာပဋိစ္စသမုပ္ပါဒ် ၂၅၀
အကျင့်မှားရင် လမ်းမှားကိုသွားတာပဲ ၂၅၇
အားကိုးမမှားပါစေနဲ့ ၂၆၂

၉။ **စိတ်ကိုဆုံးမပါ တရားတော်**

မမွသဘင် စတင်ပါပြီ ၂၇၁
စိတ်ကိုဆုံးမ ချမ်းသာရ ၂၇၄
အပြစ်ကင်းသော အလှ (၆)မျိုး ၂၇၈
အေးချမ်းသာယာ သာသနာ ၂၈၃
အပ်ဖျားပေါ်က မုန်ညင်းဆီ ၂၉၀
စိတ်ကို ဆုံးမ တရားရ ၂၉၅

၁၀။ **သံယောဇဉ်ဖြတ်နည်း နိဿရဏ တရားတော်**

မမွသဘင် စတင်ပါပြီ ၃၀၁
ဝေနာရှာနည်း ၃၀၅
သံယောဇဉ်ဆိုတာ ဒုက္ခမျိုးစေ့ ၃၁၂
သံယောဇဉ်ဖြတ်မှ နိဗ္ဗာန်ရ ၃၁၆
သံယောဇဉ်ဖြတ်နည်း ၃၁၉

၁၁။ **အလုပ်နှစ်မျိုး တရားတော်**

မမွသဘင် စတင်ပါပြီ ၃၂၅
လမ်းဆုံးကိုရှာပါ ၃၂၈
ဘဝသံသရာ ချမ်းသာရှာ ၃၃၂
ဘဝတဏှာ လွတ်ရာရှာ ၃၃၆
ဒုစရိုက်ရှောင် သုစရိုက်ဆောင် ၃၄၃
ကုသိုလ်ဆက်ပါ ၃၄၇

၁၂။ **တစ်ပွင့်ပန်လည်း လှပါတယ် တရားတော်**

မမွသဘင် စတင်ပါပြီ ၃၅၅
တစ်ပွင့်ပန်းရဲ့အလှ ၃၅၈
မမေ့ပါနဲ့ ၃၆၂
တစ်ပွင့်ပန်းရဲ့တန်ဖိုး ၃၆၆
တစ်ပွင့်ပန်းရဲ့ အရည်အသွေး ၃၇၁
သိပြီးရင်ကျင့်ပါ ၃၇၅
မမွေးလေးပါး ၃၇၇

# တရားထိုင်နည်း နိဿရည်း တရားတော်

*(သာသနာနှစ် ၂၅၅၃-ခု၊ ကောဇာသက္ကရာဇ် ၁၃၇၁-ခု၊ ဝါခေါင်လဆန်း (၁၁)ရက်၊ ၁-၈-၂၀၀၉ (စနေနေ့) နံနက်ပိုင်း၊ ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်သစ်ရပ်ကွက်၊ သုဝဏ္ဏမြို့ဦးဘုရားအနီး စံရိပ်ငြိမ်ကျောင်းတိုက်တော်အတွင်း မိုးကုတ်ဝိပဿနာ "သစ္စာဓမ္မသဘင်"၌ ဟောကြားသည်။)*

အားလုံးသော ယောဂီအပေါင်း သူတော်ကောင်းတို့....

သင့်တင့်သော ဣရိယာပုတ် မျှတသော အနေအထားအားဖြင့်ထိုင်ပြီးတော့ မြတ်ဗုဒ္ဓရဲ့ဓမ္မကို ကောင်းစွာပူဇော်နိုင်ကြပါပြီ။

ဒီကနေ့ဟာ ဦးပဥ္စင်းတို့ သာသနာနှစ် ၂၅၅၃-ခု၊ ကောဇာသက္ကရာဇ် ၁၃၇၁-ခု၊ ဝါခေါင်လဆန်း (၁၁)ရက်၊ ၁-၈-၂၀၀၉ (စနေနေ့) နံနက်ပိုင်း၊ ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏမြို့ဦးဘုရားအနီး၊ သာသနာပြု ဓမ္မကထိက စာရေးဆရာ အရှင်ဇဝန(ပဲခူး) ဆရာတော်ဘုရားရဲ့ သီတင်းသုံးရာ၊ သာသနာပြုရာ စံရိပ်ငြိမ်ကျောင်းတိုက်တော်အတွင်း ပထမအကြိမ်အဖြစ် ကျင်းပပြုလုပ်အပ်သည့် မိုးကုတ်ဝိပဿနာ "သစ္စာဓမ္မသဘင်"။

ယောဂီတို့ ဘာဓမ္မသဘင်လဲ။

"သစ္စာ ဓမ္မသဘင်ပါ ဘုရား"

## ဓမ္မသဘင် စတင်ပါပြီ

သစ္စာ ဓမ္မသဘင်ကို ဟောကြားရာ၌ ယနေ့နံနက်ပိုင်းတရားအဖြစ် ဦးပဥ္စင်းများတို့ ဟောကြားမည့်တရားနာမည်က "တရားထိုင်နည်းနိဿရည်း" တဲ့။ ဘာတဲ့လဲ။

"တရားထိုင်နည်း နိဿရည်းပါ ဘုရား"

တရားကို ဘယ်လိုထိုင်မလဲဆိုတာ မသွားခင်-

တရားစဉ်လေး သွားရအောင်နော်၊ ယောဂီအပေါင်း သူတော်ကောင်းတို့ တရားဝင်၊ တရားအားထုတ်တာ အခြားလိုချင်လို့လား၊ နိဗ္ဗာန်လား။

"နိဗ္ဗာန်ပါ ဘုရား"

နိဗ္ဗာန်လိုချင်ရင် တခြားအားထုတ်ရမှာလား၊ ဝိပဿနာလား။

"ဝိပဿနာပါ ဘုရား"

ဝိပဿနာ အားထုတ်တော့ ယောဂီအပေါင်း သူတော်ကောင်းတို့ တခြားကြည့်ရမှာလား၊ ခန္ဓာကြည့်ရမှာလား။

"ခန္ဓာကြည့်ရမှာပါ ဘုရား"

ခန္ဓာကြီး ကြည့်တဲ့အခါကျတော့လည်း သူများခန္ဓာကြည့်မှာလား၊ ကိုယ့်ခန္ဓာကြည့်မှာလား။

"ကိုယ့်ခန္ဓာကြည့်ရမှာပါ ဘုရား"

ကိုယ့်ခန္ဓာကြီးကို ကြည့်တဲ့အခါကျတော့လည်း ယောဂီအပေါင်း သူတော်ကောင်းတို့ သဘောကိုကြည့်မှာလား၊ အပြောကိုကြည့်မှာလား။

"သဘောကိုကြည့်မှာပါ ဘုရား"

ပညတ်ကို ကြည့်မှာလား၊ ပရမတ်ကိုကြည့်မှာလား။

"ပရမတ်ကိုကြည့်မှာပါ ဘုရား"

ပရမတ်ကိုကြည့်မှ နိဗ္ဗာန်ကိုရောက်မယ်ဆိုတာ ယောဂီတို့မသေချာဘူးလား။

"သေချာပါတယ် ဘုရား"

"အဲဒီတော့ ခန္ဓာကြီး ဉာဏ်နဲ့တိုက်ကြည့်တိုင်း၊ တိုက်ကြည့်တိုင်း ခန္ဓာကြီးဟာ မဖြစ်မပျက်တဲ့အချိန်များ ရှိလို့လား"

"မရှိပါဘူး ဘုရား"

ဖြစ်လိုက်၊ ပျက်လိုက်၊ မွေးလိုက်၊ သေလိုက် ဒါတွေချည်း မြင်နေရတဲ့ ခါကျတော့ ဒီခန္ဓာကိုလိုချင်တဲ့ တဏှာ လာဦးမလား။

"မလာတော့ပါဘူး ဘုရား"

စွဲလမ်းတဲ့ ဥပါဒါန်ရော လာဦးမလား။

"မလာတော့ပါဘူး ဘုရား"

ပြုလုပ်တဲ့ကံတွေကော လာဦးမလား။

"မလာတော့ပါဘူး ဘုရား"

ယောဂီအပေါင်း သူတော်ကောင်းတို့ တဏှာ၊ ဥပါဒါန်၊ ကံလို့ခေါ်တဲ့ ခန္ဓာရဲ့ ဖြစ်ကြောင်းတွေမှ မလုပ်တော့ဘူးဆိုရင် ခန္ဓာလို့ခေါ်တဲ့ ဇာတိကိုရောရဦးမလား။

"မရတော့ပါဘူး ဘုရား"

ဒါဆိုရင် ယောဂီအပေါင်းသူတော်ကောင်းတို့ အိုစရာလိုသေးလား။

"မလိုတော့ပါဘူး ဘုရား"

နာစရာလိုသေးလား. . . .

"မလိုတော့ပါဘူး ဘုရား"

သေစရာလိုသေးလား. . . .

"မလိုတော့ပါဘူး ဘုရား"

အိုခြင်း၊ နာခြင်း၊ သေခြင်းကင်းတာ အခြားလား၊ နိဗ္ဗာန်လား။

"နိဗ္ဗာန်ပါ ဘုရား"

ဒီနိဗ္ဗာန်ကကော အလိုလိုရတာလား၊ အို၊ နာ၊ သေ ကင်းလို့လား။

"အို, နာ, သေ ကင်းလို့ပါ ဘုရား"

အို, နာ, သေကလဲ အလိုလိုကင်းတာလား၊ ဘဝ ဇာတိချုပ်လို့လား။

"ဘဝ ဇာတိချုပ်လို့ပါ ဘုရား"

ဘဝ ဇာတိကလဲ သူ့အလိုလိုချုပ်မှာလား၊ ယောဂီတို့ရဲ့သန္တာန်မှာ သမုဒယ ချုပ်မှုလား။

"သမုဒယချုပ်မှုပါ ဘုရား"

ယောဂီတို့ အဲဒီ သမုဒယဆိုတာဟာ ပဋိစ္စသမုပ္ပါဒ်စက်ဝိုင်းမှာ နံပါတ်(၃) အကွက်မှာ တဏှာ၊ ဥပါဒါန်၊ ကံမဖြစ်ဘူးလား၊ အဲဒီ တဏှာ၊ ဥပါဒါန်၊ ကံလို့ခေါ်တဲ့ သမုဒယကလဲ အလိုလိုချုပ်မှာလား၊ ခန္ဓာကြီးဉာဏ်နဲ့ကြည့်မှုလား။

"ခန္ဓာကြီး ဉာဏ်နဲ့ကြည့်မှုပါ ဘုရား"

ခန္ဓာကြီး ဉာဏ်နဲ့ကြည့်တဲ့အလုပ်ဟာ တခြားအလုပ်လား၊ ဝိပဿနာ အလုပ် လား။

"ဝိပဿနာအလုပ်ပါ ဘုရား"

ဒါကြောင့်မို့လို့ ဝိပဿနာအလုပ်ကိုလုပ်မှ ဒုက္ခခပ်သိမ်း၊ ဆင်းရဲခပ်သိမ်း၊ ပူပန်ခပ်သိမ်းတို့ရဲ့ ငြိမ်းရာဖြစ်တဲ့ နိဗ္ဗာန်ကို ရောက်ကြမယ်ဆိုတာ ယောဂီအပေါင်း သူတော်ကောင်းတို့ မသေချာဘူးလား။

"သေချာပါတယ် ဘုရား"

အဲဒီတော့ ယောဂီအပေါင်း သူတော်ကောင်းတို့ ဦးပဥ္စင်းတို့ ကျေးဇူးပြုမယ့် တရားရဲ့နာမည်က ဘာတဲ့လဲ။

"တရားထိုင်နည်း နိဿရည်းပါ ဘုရား"

ကဲ... ယောဂီတွေအားလုံး ဆိုကြည့်စမ်းပါ။

**တင်ပလ္လင်ခွေကာ၊ ထိုင်နေပါ၊ ခါးကိုဖြောင့်ဖြောင့်ထား။**

**မလှုပ်ကနြွေ၊ ငြိမ်ငြိမ်နေ၊ စိတ်တွေမလွင့်ပါး။**

**မျက်စိမှိတ်ကာ၊ ခေါင်းတည့်ပါ၊ စိတ်ကိုနှာသီးဖျားမှာထား။**

အဲဒါ နိဗ္ဗာန်ကို သွားချင်ကြတဲ့ ယောဂီတွေအတွက် အခြေခံအကျဆုံးသော လုပ်ငန်းစဉ်။

**တင်ပလ္လင်ခွေကာ၊ ထိုင်နေပါ၊ ခါးကိုဖြောင့်ဖြောင့်ထား။**

နိဗ္ဗာန်မဂ်ဖိုလ်ရချင်ကြတဲ့ ယောဂီအပေါင်း သူတော်ကောင်းတို့သည် နံပါတ်(၁) တရားအားထုတ်တော့မယ်ဆိုရင် တင်ပလ္လင်ခွေ... ဘယ်လိုလုပ်ရမလဲ။

"တင်ပလ္လင်ခွေရမှာပါ ဘုရား"

တင်ပလ္လင်ခွေဆိုတဲ့အခါကျတော့ ဒီမှာ အမျိုးသား၊ အမျိုးသမီးရှိလို့ တချို့ အမျိုးသမီးတွေက အရှင်ဘုရား- တပည့်တော်တို့တော့ အမျိုးသမီး ဖြစ်တဲ့အတွက် ကြောင့် တင်ပလ္လင်ခွေလို့ကော ရလားဘုရားဆိုတော့ ရပါတယ်။

"မှန်ပါ ဘုရား"

ဣရိယာပုထ်ရွေးလို့ ဟုတ်လား။

"မှန်ပါ ဘုရား"

ယောဂီအပေါင်းသူတော်ကောင်းတို့ သင့်တင့်တဲ့ ဣရိယာပုထ်နဲ့ပေါ့။ တချို့ တချို့ယောဂီတွေများကျတော့ အချိန်လေးနည်းနည်းလွန်တော့ ခန္ဓာကိုယ်ကြီးက တအားနာသွားပြီလေ။ တည့်တည့်ထိုင်လို့လဲ မရတော့ဘူး။ စောင်းပြီးတော့ အားထုတ်မှ ရတယ်ဆိုရင်လဲပဲ စောင်းပြီးတော့ အားထုတ်လို့ မဖြစ်ဘူးလား။

"ဖြစ်ပါတယ် ဘုရား"

တင်ပလ္လင်ခွေ။ ခွေပြီးတဲ့အခါကျတော့ နောက်တစ်ခါထပ်လုပ်ရမှာက ခါးကို ဖြောင့်ဖြောင့်ထား။ ခါးကို ဘာလုပ်ရမလဲ။

"ဖြောင့်ဖြောင့်ထားရမှာပါ ဘုရား"

ဦးဇင်းတို့ ပါဠိတော်မှာ

**ဥဇုံ ကာယံ ပဏိဓာယ**-တဲ့။

တရားထိုင်ကြတော့မယ့် သူတော်ကောင်းတွေမှာ ခါးလေးကို ဖြောင့်ဖြောင့် ထား။ အရှင်ဘုရား- တပည့်တော်တို့ ခါးလေးကို ဖြောင့်ဖြောင့် ဘာဖြစ်လို့ထားပြီး တရားထိုင်ရတာလဲဆိုတော့- ယောဂီတို့ရေ ခါးလေးကိုလေ တကယ်လို့များ ဖြောင့်ဖြောင့် မထားဘဲနဲ့ ဒီလိုခန္ဓာကြီးက ကွေးနေတဲ့အခါကျတော့ ဦးဇင်းတို့ခန္ဓာရဲ့နောက်မှာ ကျောမှာရှိတဲ့ အရိုး၊ အဲဒီအရိုးက မဖြောင့်ဘဲနဲ့ ကွေးမနေဘူးလား။

"နေပါတယ် ဘုရား"

ကွေးနေတဲ့အခါကျတော့ အဲဒီ ကွေးပြီးတော့ တရားအားထုတ်တဲ့ ယောဂီ တွေမှာ ဘုရားရှင်ကိုယ်တော်မြတ်က ကြာကြာထိုင်နိုင်တဲ့ ဣရိယာပုတ် မရှိဘူး။

ဒါကြောင့်မို့လို့ ကြာကြာထိုင်နိုင်တဲ့ ဣရိယာပုတ်ရဖို့ရန်အတွက် ယောဂီတို့ရေ တရားစပြီးတော့ အားထုတ်ကြမယ့် ယောဂီတွေဟာ ခန္ဓာကို ဖြောင့်ဖြောင့်ထားရမှာ လား၊ ကွေးကောက် အားထုတ်ရမှာလား။

"ဖြောင့်ဖြောင့်ထား အားထုတ်ရမှာပါ ဘုရား"

**ဥဇုံ ကာယံ ပဏိဓာယ။**

ခန္ဓာကိုယ်လေးကို ဖြောင့်ဖြောင့်ထား၊ ဆိုလိုက်စမ်းပါ။

**တင်ပလ္လင်ခွေကာ၊ ထိုင်နေပါ၊ ခါးကိုဖြောင့်ဖြောင့်ထား။**

ဟုတ်ပြီ- ယောဂီတို့ တင်ပလ္လင်လဲခွေပြီးပြီ။ ခါးလေးလဲ ဖြောင့်ဖြောင့်ထား ပြီးပြီ။ ဒါဆိုရင် တပည့်တော်တို့ ဘာလုပ်ဖို့လိုလဲဆိုတော့ ဘယ်ဘက်လက်ဖဝါးပေါ်မှာ ညာဘက်လက်ဖဝါးလေးတင်လိုက်။ ယောဂီတွေ စိတ်ကူးလေးနဲ့ တင်လိုက်ပေါ့။

အေး... ဘယ်ဘက်လက်ဖဝါးပေါ် ညာဘက်လက်ဖဝါးလေးတင်။ တင်ပြီး တာနဲ့တစ်ပြိုင်နက် ဘာလုပ်ရမလဲ။ လက်မ လက်ချင်းထိထား၊ ဘာချင်းထိထားရမလဲ။

"လက်မလက်မချင်း ထိထားရပါတယ် ဘုရား"

လက်မ လက်မချင်းကကော အရှင်ဘုရား မထိရင် မရဘူးလားဆိုရင် ရပါ တယ်။ ဒါပေမယ့် လက်မ လက်မချင်းထိတော့ ဘာအကျိုးရှိသလဲဆိုရင် ယောဂီတို့

တစ်ခါတလေကျတော့ တရားအားထုတ်ပြီဆိုရင် ဦးဇင်းတို့ သတိကို ဘယ်မှာ ထားသလဲဆိုတော့ နှာသီးဖျားလေးမှာ စိတ်ကိုမထားဘူးလား။

"ထားပါတယ် ဘုရား"

နှာသီးဖျားလေးမှာ စိတ်ကိုထားတဲ့အခါကျတော့ ယောဂီအပေါင်း သူတော်ကောင်းတို့ စိတ်ကို နှာသီးဖျားလေးမှာထား။ လက်မလက်မချင်းလေးက ထိထား။ နာရီဝက်လောက်လဲကြာရော ကိုယ့်ကိုယ်ကို သတိထားပြီးပြန်ကြည့်။ တစ်ခါတလေ သတိကင်းသွားတဲ့ ယောဂီဟာ အဲဒီလက်မလေးတွေ ဟာ ကွာသွားတယ်နော်။

ဒါကြောင့်မို့လို့ သတိရဲ့ သင်္ကေတအတွက် တင်ပလ္လင်ခွေမယ်။ ခါးလေးကို ဖြောင့်ဖြောင့်ထားရမယ်။ ဘယ်ဘက် လက်ဖဝါးလေးပေါ် ညာဘက်လက်ဖဝါးလေး တင်မယ်။ လက်မလက်မချင်း ထိမယ်။ ဒါဆိုလို့ရှိရင် ဣရိယာပုတ်အနေနဲ့ ပြည့်စုံမသွားဘူးလား။

## ခန္ဓာငြိမ်သလို စိတ်လည်းငြိမ်ပါစေ

ပြည့်စုံသွားပြီဆိုရင် တပည့်တော်တို့ ဘာဆက်လုပ်ရမလဲ။ ဆိုလိုက်ပါ။

**တင်ပလ္လင်ခွေကာ၊ ထိုင်နေပါ၊ ခါးကိုဖြောင့်ဖြောင့်ထား။**

**မလှုပ်ကြွေ၊ ငြိမ်ငြိမ်နေ၊ စိတ်တွေမလွင့်ပါး။**

ကြွေကလဲ ယောက်ယက်ခတ်နေရမှာလား။ ငြိမ်နေရမှာလား။

"ငြိမ်နေရမှာပါ ဘုရား"

ငြိမ်နေရမယ်တဲ့ တရားအားထုတ်တဲ့ ယောဂီတွေ။ အရင်ဆုံး ဦးဇင်းတို့ ရအောင်ယူရမှာက သမာဓိ။ သမာဓိဆိုတာ ငြိမ်သက်ခြင်းရဲ့သင်္ကေတ။ ငြိမ်သက်ခြင်း ဣရိယာပုတ်မရှိဘဲနဲ့ ယောက်ယက်ခတ်နေတဲ့ ဣရိယာပုတ်နဲ့ ဒီသမာဓိဟာမရနိုင်ဘူး။

ဒါကြောင့်မို့လို့ ယောဂီအပေါင်း သူကောင်းတို့က ငြိမ်သက်တဲ့သမာဓိ၊ ကြွေလေးနဲ့ တရားကို ထိုင်ရမယ်။ ဒါ- နံပါတ်(၂) အင်္ဂါ ပြည့်စုံသွားပြီနော်။ ကဲ...လိုက်ဆို။

**တင်ပလ္လင်ခွေကာ၊ ထိုင်နေပါ၊ ခါးကိုဖြောင့်ဖြောင့်ထား။**

**မလှုပ်ကြွေ၊ ငြိမ်ငြိမ်နေ၊ စိတ်တွေမလွင့်ပါး။**

**မျက်စိမှိတ်ကာ၊ ခေါင်းတည့်ပါ၊ စိတ်ကိုနှာသီးဖျားမှာထား။**

တရားအားထုတ်ထားတဲ့ ယောဂီတို့ဟာ အရင်ဆုံး သမာဓိကို ရယူမယ်ဆိုတော့ မျက်လုံးလေးကို ဖွင့်မထားနဲ့တဲ့။ ပိတ်ပြီးတော့ထား။

မျက်လုံးမှိတ် ဆိုတဲ့အခါမှာ အကြံပေးချင်တာက မျက်လုံးမှိတ်ဆိုရင် တအားကြီး အားယူပြီး မမှိတ်ရဘူး။

အသာအယာလေး မှိတ်ရတယ်။ တအား အားယူပြီး မျက်လုံးကို မှိတ်လိုက်တဲ့ အခါကျတော့ မျက်ရည်ပူတွေ ကျတတ်တယ်နော်။ ဒါကြောင့်မို့လို့ ယောဂီအပေါင်း သူတော်ကောင်းတို့က မျက်လုံးကလေးကို အသာအယာမှိတ်။

အဲဒါကြောင့်မို့ မျက်စိမှိတ်ကာ၊ ပြီးတော့ နောက်တစ်ခါ- ခေါင်းတည့်ပါတဲ့။

ခေါင်းလေးကို တည့်တည့်လေးထား၊ တစ်ခါတလေကျတော့ သတိထားလိမ့် မယ်။ ကိုယ့်ကိုယ်ကိုလဲ သတိထားကြည့်။ သူများကိုလဲ သတိထားကြည့်ပါ။ မိနစ် (၃၀)လောက် ကြာတဲ့အခါမှာ ယောဂီဟာ သတိကောင်းတဲ့ ယောဂီတွေအတွက် အဲဒီ ခေါင်း၊ အဲဒီ ကိုယ်လေးဟာ ငြိမ်နေတာပဲ။ အဲဒါ သတိရဲ့ သင်္ကေတပဲ။

သတိမကောင်းတဲ့ ယောဂီတွေအတွက် လွတ်သွားပြီ။ ထိန, မိဒ္ဓတွေ ဝင်သွားပြီ ဆိုရင် အဲဒီ ထောင်နေတဲ့ ခေါင်းလေးဟာ စိုက်သွားတာပဲ။ ဒါကြောင့်မို့ သတိရဲ့ သင်္ကေတအတွက် ဘာတဲ့လဲ-

**မျက်စိမှိတ်ခါ၊ ခေါင်းတည့်ပါ၊ စိတ်ကို နှာသီးဖျားမှာထား။**

ယောဂီတို့ရေ စိတ်ကို ဘယ်မှာထားမလဲ။

"နှာသီးဖျားမှာပါ ဘုရား"

ဟုတ်ပြီ... ဘုရား တပည့်တော်တို့ တင်ပလ္လင်လဲ ထိုင်ပြီးပြီ။ ခါးလေးကိုလည်း ဖြောင့်ဖြောင့်ထားပြီးပြီ။ ဘယ်ဘက် လက်ဖဝါးပေါ် ကို ညာဘက်လက်ဖဝါးလေးတင်လို့ စိတ်ကို နှာသီးဖျားမှာထားဆိုလို့ တပည့်တော်တို့ ထားပြီးပြီဘုရား။ ဒါဆိုရင် တပည့် တော်တို့ တရားထိုင်နည်း နိဿရည်းအနေနဲ့ ဘာဆက်လုပ်စရာရှိသလဲ။ မေးဖို့မလို ဘူးလား။

"လိုပါတယ် ဘုရား"

ယောဂီတို့ရေ အခုစိတ်က ဘယ်ရောက်နေပြီလဲ။

"နှာသီးဖျားမှာပါ ဘုရား"

နှာသီးဖျားမှာ ရောက်နေပြီဆိုရင် တပည့်တော်တို့ ဘာဆက်လုပ်ရမလဲ။ လွယ်ပါတယ် ယောဂီတို့ လိုက်ဆို-

**အတိတ်ကိုလည်း မပြန်နဲ့၊ အနာဂတ်ကိုလဲ မကြံနဲ့၊ ပစ္စုပ္ပန်တည့်တည့်ရှု။**

ယောဂီအပေါင်း သူတော်ကောင်းတို့ ဦးဇင်းတို့တတွေ နေ့စဉ် ကျော်ဖြတ်နေတဲ့ ကာလအနေအထားအားဖြင့် ပြောမယ်ဆိုရင် ကာလသုံးမျိုး ရှိတယ်။ ယောဂီတို့ ကာလ ဘယ်နှစ်မျိုးလဲ။

"သုံးမျိုးပါ ဘုရား"

သုံးမျိုးရှိတယ်။ နံပါတ်တစ်ကာလက ဘာလဲဆိုတော့-

ပစ္စုပ္ပန်ကာလ။ ယောဂီတို့ ပြော-

"ပစ္စုပ္ပန်ကာလပါ ဘုရား"

နံပါတ်နှစ်ကာလက အတိတ်ကာလ၊ နံပါတ်နှစ်က-

"အတိတ်ကာလပါ ဘုရား"

နံပါတ်သုံးက အနာဂတ်ကာလ။ နံပါတ်သုံးက ဘာကာလလဲ။

"အနာဂတ်ကာလပါ ဘုရား"

အဲဒီတော့ ယောဂီအပေါင်း သူတော်ကောင်းတို့ ကာလ ဘယ်နှစ်မျိုးလဲ။

"သုံးမျိုးပါ ဘုရား"

ပစ္စုပ္ပန်ရယ်၊ အတိတ်ရယ်၊ အနာဂတ်ရယ်၊ ကာလဘယ်နှစ်မျိုး။

"သုံးမျိုးပါ ဘုရား"

ယောဂီတို့က တရားဝင် တရားအားထုတ်ကြတဲ့ ယောဂီအပေါင်း သူတော်ကောင်းတို့ကို မြတ်စွာဘုရားက-

**အတီတံ နန္ဝာဂမေယျ။**

ချစ်သားတို့ အတိတ်ဆိုတာ ပြီးခဲ့ပြီတဲ့။

ပြီးခဲ့တဲ့အကြောင်းတွေကို တရားအားထုတ်တဲ့ ယောဂီတွေက မစဉ်းစားနဲ့။

လူတစ်ယောက်ဆိုတာ ဘုရားမှမဖြစ်ကြသေးဘူးဆိုရင်၊ ရဟန္တာမှ မဖြစ်ကြသေးဘူးဆိုရင် သူရော ကိုယ်ပါ အပြစ်၊ ဒါမှမဟုတ်ရင် အမှားတစ်ခုခု မရှိပေဘူးလား။

"ရှိပါတယ် ဘုရား"

ယောဂီအပေါင်း သူတော်ကောင်းတို့ အခုဖြတ်သန်းလာတဲ့ ဘဝမှာလေ ဟိုးငယ်ငယ် (၁၅)၊ (၁၆)ကနေပြီးတော့ အသက်(၅၀)၊ (၆၀)အရွယ်အထိ ဖြတ်လျှောက်လာတဲ့လမ်းမှာ သူတော်ကောင်းတို့အနေနဲ့ အမှားတွေလဲ လုပ်ခဲ့ဖူးတယ်။ အမှန်တွေလဲ မလုပ်ခဲ့ဖူးဘူးလား။

"လုပ်ခဲ့ပါတယ် ဘုရား"

အဲဒီတော့ တရားအားထုတ်ကြတော့မယ်ဆိုရင် သူတော်ကောင်းတို့ရဲ့ ပန်းတိုင်က တခြားလား၊ နိဗ္ဗာန်လား။

"နိဗ္ဗာန်ပါ ဘုရား"

နိဗ္ဗာန်ကို ပန်းတိုင်ပြုသွားကြမယ့် ယောဂီအပေါင်း သူတော်ကောင်းတို့မှာ မြတ်စွာဘုရားက အတိတ်ကို မပြန်နဲ့တဲ့။ အတိတ်ကအကြောင်းတွေ ဘာတွေဖြစ်ခဲ့ ဖြစ်ခဲ့ ပြန်ပြီးတော့ မစဉ်းစားနဲ့။ ဒါကြောင့်မို့လို့ လိုက်ဆို...

**အတိတ်ကိုလဲ မပြန်နဲ့။**

အတိတ်အကြောင်းတွေ မစဉ်းစားပါနဲ့။ အတိတ်ကဖြစ်ခဲ့တဲ့၊ ပျက်ခဲ့တဲ့အရာအားလုံး ဒီတရားအားထုတ်တဲ့ ယောဂီမှာ အကုန်လုံးမေ့ပစ်လိုက်။

အတိတ်အကြောင်း မစဉ်းစားနဲ့။ နောက်တစ်ခါကျတော့ ယောဂီတို့ရေ-ကာလသုံးမျိုးထဲမှာ အနာဂတ်ကာလ။ ယောဂီတို့ ဘာကာလလဲ။

"အနာဂတ်ကာလပါ ဘုရား"

အနာဂတ်ဆိုတာက **အပ္ပတ္တဉ္စ အနာဂတံ။**

ဘုရားကလေ- **ဘိက္ခဝေ**- ချစ်သား ချစ်သမီးတို့၊ **အနာဂတံ**-အနာဂတ်ဆိုတာ၊ **အပ္ပတ္တဉ္စ**- ရောက်မလာသေးဘူး။ အနာဂတ်ဆိုတာ ဘာဖြစ်လဲ။

"ရောက်မလာသေးပါဘူး ဘုရား"

ရောက်မလာသေးတာကို အနာဂတ်ပဲ။ ပြီးသွားတာကို အတိတ်ပဲ။

မနေ့က ယောဂီအပေါင်း သူတော်ကောင်းတို့ သုတ်သုတ် သုတ်သုတ်နဲ့ လုပ်ငန်း ကိုင်ငန်းတွေ လုပ်နေတဲ့ကိစ္စမှန်သမျှ ယနေ့အနေနဲ့ကြည့်ရင် အဲဒါ အတိတ်ပဲ၊ ပြီးသွားပြီ။

ဒီကနေ့က နေပြီးတော့ လှမ်းမျှော်ကြည့်ရင် မနက်ဖြန်၊ သန်ဘက်ခါ၊ နောက်လ၊ နောက်နှစ်။ အဲဒီ အချိန် ကာလကို တခြားခေါ်တာလား၊ အနာဂတ်ခေါ်တာလား။

"အနာဂတ်ခေါ်တာပါ ဘုရား"

ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က နိဗ္ဗာန်လိုချင်တဲ့ယောဂီ၊ တရားအားထုတ်ကြ မယ်ဆိုရင် ဒီအနာဂတ်ရဲ့ အကြောင်းတွေကိုလဲ ကြိုပြီးတော့ မတွေးနဲ့ ။ ကာလဘယ်နှစ်မျိုးရှိလဲ။

"သုံးမျိုးပါ ဘုရား"

သုံးမျိုး။ ယောဂီအပေါင်း သူတော်ကောင်းတို့ ပြန်ပြောရအောင်- ပစ္စုပ္ပန်ကာလ၊ အတိတ်ကာလ၊ အနာဂတ်ကာလ။ ယောဂီတို့ ကာလဘယ်နှစ်ပါးလဲ။

"သုံးပါးပါ ဘုရား"

ကာလသုံးပါးမှာ အတိတ်ကအကြောင်းတွေ ပြီးခဲ့ပြီးလို့ မစဉ်းစားနဲ့။

အနာဂတ်ဆိုတာ ရောက်မလာသေးတဲ့ အနာဂတ်ကို ကြိုပြီးတော့ မတွေးနဲ့ ဟုတ်ပြီလား။

လောကကြီးမှာ ကြီးပွားရေး၊ စီးပွားရေးလုပ်ကြတယ်။ စီးပွားရေး၊ ကြီးပွားရေး သမားတွေ အနေနဲ့တော့ ဒီမှာ မပြောဘူးနော်။

စီးပွားရေး၊ ကြီးပွားရေးသမားတွေကတော့ မနေ့က ငါ ဒီလုပ်ငန်းကိစ္စတွေကို လုပ်ခဲ့တယ်။ ဒီနေ့ အနေအထားနဲ့ မနေ့ကချိန်တော့ ဒါတွေတော့ ဖြစ်သင့်တယ် ဆိုတာ အတိတ်ကိုလဲ သူပြန်စဉ်းစားလို့ရလား။

"မရပါဘူး ဘုရား"

ဒါ- စီးပွားရေးသမားတွေအတွက် ပြောတာ ဟုတ်ရဲ့လား။

"မှန်လှပါ ဘုရား"

လာမယ့်အနာဂတ်မှာက နောက်နေ့ နောက်ကာလ ဒီကုန်ပစ္စည်းတွေဟာ ဈေးများ၊ ဒီနေ့လို အဆင်ပြေပါဦးမလားဆိုရင် အနာဂတ်ကိုလဲ လှမ်းကြံလို့မရဘူးလား။

"ရပါတယ် ဘုရား"

ရတယ်။ ဒါ စီးပွားရေးအတွက် ဘုရားက မပြောဘူး။ ဟုတ်လား။

"မှန်ပါ ဘုရား"

## ပစ္စုပ္ပန်ကာလမှာ နေတတ်ပါစေ

နိဗ္ဗာန်ကိုရောက်ချင်ကြတဲ့ ဝိပဿနာတရားကို အားထုတ်နေကြတဲ့ ယောဂီအပေါင်း သူတော်ကောင်းတို့အတွက် ဘုရားရှင်ကိုယ်တော်မြတ်က ကာလသုံးမျိုး။

ယောဂီတို့- ကာလ ဘယ်နှစ်မျိုးလဲ။

"သုံးမျိုးပါ ဘုရား"

ဒါကြောင့် ယောဂီအားလုံး လိုက်ဆိုကြ-

**အတိတ်ကိုလဲ မပြန်နဲ့။**

အတိတ်ဆိုတာက ပြီးခဲ့တဲ့ အကြောင်းအရာတွေလား။

"ပြီးခဲ့တဲ့အကြောင်းအရာတွေပါ ဘုရား"

ပြီးခဲ့တဲ့ အကြောင်းတွေကို တရားအားထုတ်နေကြတဲ့ ယောဂီအပေါင်း သူတော်ကောင်းတို့က မေ့ပစ်။ မရောက်သေးတဲ့ အနာဂတ်ကိုလဲ ကြိုပြီးတော့မတွေးနဲ့။ ဒါဆိုရင် ယောဂီအပေါင်း သူတော်ကောင်းတို့က ဘယ်လိုလုပ်ရမလဲဆိုရင် ပစ္စုပ္ပန် တည့်တည့်-ဆိုကြည့်...။

**အတိတ်ကိုလဲ မပြန်နဲ့။**

**အနာဂတ်ကိုလဲ မကြံနဲ့။**

**ပစ္စုပ္ပန်တည့်တည့်ရှု။**

ဩော်... ယောဂီအပေါင်း သူတော်ကောင်းတို့က ကာလသုံးမျိုးမှာ တရား အားထုတ်ကြပြီဆိုလို့ရှိရင် အတိတ်ကိုလဲ လွှတ်ပစ်ရမယ်။ အနာဂတ်ကိုလဲ ကြိုပြီးတော့ မကြံနဲ့။ ယောဂီတို့ရဲ့စိတ်ဟာ ဘယ်မှာပဲထားရမလဲ။ ပစ္စုပ္ပန်မှာပဲ ထားရမယ်။ ဒါဆိုရင် ဦးဇင်းတို့ စပြီးတော့ သင်ပေးပြီးပြီ။ တင်ပလ္လင်ခွေ၊ ခါးလေးလဲ ဖြောင့်ဖြောင့်ထားပြီးပြီ။

အေး... ဘယ်လက်ဖဝါးကို ညာဘက်လက်ဖဝါးလေး တင်ပြီးတော့ လက်မ လက်မချင်းထိ။ စိတ်ကလေးကို နှာသီးဖျားလေးမှာ ထားပြီးတော့ တပည့်တော်တို့ ဘာဆက်လုပ်ရမလဲ။ အတိတ်အကြောင်းတွေ မစဉ်းစားတော့နဲ့။

မရောက်သေးတဲ့ အနာဂတ်ကိုလဲ ဒီအချိန်မှာ ယောဂီတို့ရေ ကြိုပြီးတော့ မတွေးပါနဲ့။ ယောဂီတို့ရဲ့စိတ်ဟာ ပစ္စုပ္ပန်တည့်တည့်။ ဟုတ်ပြီ ဘုရား- ပစ္စုပ္ပန် တည့်တည့်ဆိုတာ ဘာကိုပြောသလဲ။ နေ့စဉ် ရှူနေ ရှိုက်နေတဲ့ ဝင်တဲ့လေ၊ ထွက်တဲ့ လေ မရှိဘူးလား။ အဲဒီ ဝင်တဲ့လေ၊ ထွက်တဲ့လေ မရှိတဲ့လူဟာ သွားပြီးတော့ကိုင်ကြည့်။ သေတဲ့လူတစ်ယောက်ဝင်တဲ့လေ၊ ထွက်တဲ့လေ မရှိရင် သွားပြီ။ ဒီပုဂ္ဂိုလ်က ဂန့်သွားပြီ၊ သေသွားပြီ။

သူသူငါငါ သွား၊ ထ၊ ထိုင်၊ လျောင်း ဆိုတဲ့ ဣရိယာပုတ်လေးမျိုးမှ သွားနေကျ၊ လာနေကျ၊ စားနေကျ လူပုဂ္ဂိုလ်မှန်သမျှ အားလုံးသောပုဂ္ဂိုလ်တွေဟာ အသက်ရှိကြ သေးတယ်ဆိုရင်-

**အဿာသ ပဿာသ** လို့ခေါ်တဲ့ ဝင်တဲ့လေ၊ ထွက်တဲ့လေ အာနာပါန သဘောဟာ မရှိဘူးလား။

"ရှိပါတယ် ဘုရား"

ဩော်- အဲဒါလေးကလဲ ယောဂီအပေါင်း သူတော်ကောင်းတို့ တခြားမှာလား၊ နှာသီးဖျားလေးမှာလား။

"နှာသီးဖျားလေးမှာပါ ဘုရား"

စိတ်လေးကို နှာသီးဖျားမှာထား၊ တရားထိုင်မယ့် ပုဂ္ဂိုလ်နော်၊ စိတ်လေးကို နှာသီးဖျားမှာထားပြီးတော့ ခန္ဓာကိုလဲ ဖြောင့်ဖြောင့်ထားပြီးပြီ။ ဘယ်ဘက်လက်ဖဝါး ပေါ် ညာဘက်လက်ဖဝါးလေးတင်လို့ ခေါင်းလေးကိုလဲ ဖြောင့်ဖြောင့်ထားပြီးပြီ။ စိတ်လေးကို နှာသီးဖျားလေးမှာထားပြီးတော့ ငါ ဒီအချိန် ဒီကာလစပြီးတော့ အတိတ် ကိုလဲပဲ ငါ မစဉ်းစားတော့ဘူး။

အတိတ်တုန်းက မှားတာရှိမယ်။ မှန်တာ ရှိမယ်လေ။ မရောက်သေးတဲ့ အနာဂတ်ကိုလဲ ငါ ကြံပြီးတော့ မတွေးတော့ပါဘူး။ သူ့ဟာသူ ဘာဖြစ်ဖြစ် လာမယ့် အချိန်မှာနော်။ ပစ္စုပ္ပန်တည့်တည့်လေးတဲ့။ အာနာပါန ဝင်တဲ့လေ ထွက်တဲ့လေ စိတ်လေးကို နှာသီးဖျားလေးမှာ ထားပြီးတော့ ဝင်တဲ့လေ ဝင်လာပြီ၊ နှာသီးဖျားလေးမှာ တိုးပြီးတော့ မဝင်ဘူးလား။

"ဝင်လာပါတယ် ဘုရား"

ယောဂီအပေါင်း သူတော်ကောင်းတို့ ဒီနေရာမှာလေ သမာဓိရဖို့ရန်အတွက် ယောဂီတို့ တရားအားထုတ်တဲ့နေရာမှာ သမာဓိရရာရကြောင်း နည်းလမ်းသုံးမျိုး ပြော မယ်။ ယောဂီအပေါင်းသူတော်ကောင်းတို့ သမာဓိရဖို့ရန်အတွက် နည်းလမ်းဘယ်နှစ်မျိုးလဲ။

"သုံးမျိုးပါ ဘုရား"

သုံးမျိုး အဲဒါလေး အရင်ဆုံးပြောမယ်နော်။ အဲဒီသုံးမျိုးက ဘာလဲဆိုတော့-

**နံပါတ်တစ် ဂဏနာနည်းပါ။**

**နံပါတ်နှစ်က အနုဗန္ဓနာနည်း။**

**နံပါတ်သုံးက- ဖုသနနည်း။**

ယောဂီအပေါင်း သူတော်ကောင်းတို့ရေ- နည်း ဘယ်နှစ်မျိုးလဲ။

"သုံးမျိုးပါ ဘုရား"

ပြန်ပြောရအောင် ဂဏနာနည်း၊ အနုဗန္ဓနာနည်း၊ ဖုသနနည်း။

နိဗ္ဗာန်ကို ရချင်ကြတဲ့ ယောဂီအပေါင်း သူတော်ကောင်းတို့ဟာ အရင်ဆုံး အရေးကြီးတာ နံပါတ်တစ်ကိုပြောစမ်း ဆိုရင် သီလပဲ။

နိဗ္ဗာန်ကို တပည့်တော်တို့ရချင်တယ်၊ ရောက်ချင်တယ်ဆိုရင် နိဗ္ဗာန်သွားဖို့ရန် အတွက် လမ်းစဉ်သုံးမျိုး၊ လှေကားထစ် သုံးမျိုးရှိတယ်။ အဲဒီ လှေကားထစ်သုံးမျိုးမှာ နံပါတ်တစ်လှေကားက သီလလှေကားပဲ။

ဒါကြောင့်မို့လို့ စခန်းစဝင်ကတည်းက မနေ့ညကတည်းက ဦးဇင်းတို့ ရှစ်ပါးသီလ မဆောက်တည်ဘူးလား။ အရေးကြီးတယ်။ တချို့ကတော့ ပြောမှာ အရှင်ဘုရား- တပည့်တော်တို့ သီလမရှိဘဲ နိဗ္ဗာန် မရနိုင်ဘူးလား။ အို- လုံးဝမရနိုင်ဘူး။

## သီလရှိမှ သမာဓိရှိမည်

**သီလံ**- သီလသည်၊ **အသတိ**- မရှိဘူးဆိုရင်၊ ဒီသီလလေး မရှိဘူးဆိုရင်တဲ့ ဘုရားကလေ **သမ္မာသမာဓိ**- သမာဓိဆိုတဲ့ တရားတွေလဲ၊ **နဟောတိ**- မဖြစ်တော့ဘူး။

ယောဂီအပေါင်း သူတော်ကောင်းတို့ မြတ်စွာဘုရားက ချစ်သားတို့တဲ့- သီလမှမရှိရင် သမာဓိမဖြစ်တော့ဘူး။ ဒါကြောင့်မို့လို့ သမာဓိဖြစ်မှလဲ ဟိုဘက်က ပညာ ဆိုတာဖြစ်မှာ။

အဲဒီတော့ သူတော်ကောင်းတွေကိုပြောချင်တာက နိဗ္ဗာန်ကိုရဖို့ရန်အတွက် နည်းလမ်းသုံးမျိုး၊ လမ်းစဉ်သုံးမျိုးထဲမှာ အရင်ဆုံး နံပါတ်တစ်ကိုပြောဆိုရင် သီလ။ အရင်ဆုံး ဘာကိုပြောမလဲ။

"သီလပါ ဘုရား"

သီလပြီးတဲ့အခါကျတော့ တပည့်တော်တို့ အရေးတကြီးလိုအပ်တာ ဘာတုန်းဘုရား ဆိုတော့ သမာဓိပဲ။ ဩော်- အရှင်ဘုရား သမာဓိက ဘယ်လောက်လိုအပ်သလဲ။ မြတ်စွာဘုရားကလေ...

**သမာဓိတော ယထာဘူတံ ပဇာနာတိ။**

**ဘိက္ခဝေ**-ချစ်သားချစ်သမီးတို့၊ **သမာဓိတော**-သမာဓိ ရှိတဲ့ပုဂ္ဂိုလ်ဟာ **ယထာဘူတံ**- ရုပ်တရား နာမ်တရားလို့ခေါ်တဲ့ ဖြစ်ခြင်း၊ ပျက်ခြင်းကို၊ **ပဇာနာတိ**- ကွဲကွဲပြားပြားသိတယ်။ ဘုရားကလေ သမာဓိ မရှိလို့ရှိရင် ချစ်သား၊ ချစ်သမီးတို့ ခန္ဓာကိုယ်ရဲ့ ဖြစ်ခြင်းပျက်ခြင်းကို မမြင်နိုင်ဘူးတဲ့။

ဒါကြောင့်မို့လို့ သမာဓိဟာ ခန္ဓာကိုယ်ရဲ့ ဖြစ်ခြင်း ပျက်ခြင်းကို မြင်ဖို့ရန်အတွက် အဓိကနံပါတ်နှစ် အရေးကြီးဆုံးဆိုတာ မသေချာဘူးလား။

"သေချာပါတယ် ဘုရား"

ဒါကြောင့်မို့လို့ သူတော်ကောင်းတို့ သီလလဲယူပြီးသွားပြီ။ ဘုရားတပည့်တော်တို့ စအားထုတ်ကြပြီဆိုရင် အခြေခံအနေနဲ့ ဘာလုပ်ကြရမလဲ။ သမာဓိ ထူထောင်ရမယ်။ သမာဓိထူထောင်တဲ့နေရာမှာ ဦးဇင်းတို့ အခုပြီးတော့ပြထားပြီ သမာဓိထူထောင်

နည်းကို လောလောဆယ် သုံးမျိုးပြောခဲ့မယ်။ အဲဒီ သုံးမျိုးက... ဂဏနာနည်း၊ အနုဗန္ဓနာနည်း၊ ဖုသနနည်း။

ဂဏနာနည်း ဆိုတာက တရားအားထုတ်တဲ့နေရာမှာ ဂဏန်းနဲ့ ရေတွက်ပြီး တရားအားထုတ်တာ။ ဒါ ဦးဇင်း အကြိုက်ဆုံးပဲ။

ဂဏန်းရေတွက်ပြီးတော့ တပည့်တော်တို့ ဘယ်လိုအားထုတ်မလဲ။ တင်ပလ္လင်ခွေ၊ ခါးလေးကိုဖြောင့်၊ ဘယ်ဘက် လက်ဖဝါးပေါ် ညာဘက်လက်ဖဝါးလေး တင်ပြီးတော့ စိတ်လေးကို နှာသီးဖျားမှာထားမယ်။ ဩော်...စိတ်လေး နှာသီးဖျားမှာထားပြီးတော့ စောင့်ပြီးတော့ ကြည့်လိုက်တဲ့ အခါကျတော့ ဝင်လေလေး ဝင်မလာဘူးလား။

"ဝင်လာပါတယ် ဘုရား"

ဝင်လေလေး ဝင်တယ်။ ဝင်လေလေး ကုန်သွားပြီဆိုရင် ထွက်လေလေး ပြန်ပြီးအစားမထိုးဘူးလား။

"ထိုးပါတယ် ဘုရား"

အဲဒီတော့ ဂဏနာနည်း- ဂဏန်းရေတွက်တဲ့နည်းကို မှတ်ရမှာက ဝင်လေ ထွက်လေ-တစ်။ ဝင်လေ ထွက်လေ-နှစ်။

လွယ်လွယ်လေး- လွယ်လွယ်လေး။ ဒါ ဦးဇင်းက အကြိုက်ဆုံးပဲ။ ဘာဖြစ်လို့ အရှင်ဘုရားကြိုက်တာလဲဆိုတော့ လွယ်လို့ကြိုက်တာ။

ဒီနည်းကို မြတ်စွာဘုရားကလေ ဘယ်သူ့ကိုပေးခဲ့သလဲဆိုတော့ ဘုရားလက်ထက်မှာ တချို့ဆိုရင် (၆)နှစ်သား၊ (၇)နှစ်သား၊ (၈)နှစ်သား ငယ်ငယ်လေးတွေ၊ ကိုရင်လေးတွေ၊ သာမဏေလေးတွေ ဝတ်လာကြတယ်။ သာသနာထဲလေ သာသနာထဲ ဝင်လာကြတဲ့အခါကျတော့ ကလေးလေးတွေဆိုတော့ လူကြီးတွေလို ရင့်ကျက်လား။

"မရင့်ကျက်ပါဘူး ဘုရား"

မရင့်ကျက်သေးတဲ့ အခါကျတော့ ကလေးလေးတွေက များသောအားဖြင့် ဂဏန်းရေတွက်တာလေ။

အေး...ဒါကြောင့်မို့လို့ မြတ်စွာဘုရားက အဲဒီကလေးတွေအတွက် အလွယ်ဆုံးနည်းဆိုပြီးတော့ အဲဒါ ဒါလေးကို ပြောပြတာ။

ယောဂီအပေါင်း သူတော်ကောင်းတို့ မှတ်ရမှာက 'ဂဏနာနည်း' က ဘာတဲ့လဲ ဝင်လေထွက်လေ-တစ်။ ဝင်လေထွက်လေ-နှစ်။ ဝင်လေထွက်လေ-သုံး။ ဝင်လေထွက်လေ-လေး။

ဟာ-အရှင်ဘုရားရယ် အဲဒါဂဏန်းအစဉ်အားဖြင့် တပည့်တော်တို့ ဘယ်လောက် အထိ ရေတွက်ရမလဲဘုရား ဆိုရင်တော့ နံပါတ်တစ်ဆယ်အထိ ရေတွက်။

တစ်ဆယ်ပြီးတဲ့အခါကျတော့ တပည့်တော်တို့ကတော့ သိပ်ပြီးတော့ ဂဏန်းရေတွက်ကောင်းတယ် ဘုရား၊ ဆိုပြီးတော့ (၁၁)၊ (၁၂)၊ (၁၃)လဲ လုပ်မနေနဲ့။ ပြန့်လွင့်လိမ့်မယ်တဲ့။ ဒါဆိုရင် တပည့်တော်တို့ (၁၀)ပြည့်သွားရင် ဘယ်ကပြန်စရမလဲ။

တစ်က ပြန်စ။ ယောဂီတို့ ဘယ်က ပြန်စရမလဲ။

"တစ်က ပြန်စရမှာပါ ဘုရား"

ဒါဆိုရင် 'ဂဏနာနည်း' အားထုတ်တဲ့နည်း။ ယောဂီတို့ နားလည်ပြီလား။

"နားလည်ပါပြီ ဘုရား"

လွယ်လွယ်လေးပါ။ ဝင်လေ ထွက်လေ-တစ်။ ဝင်လေ ထွက်လေ-နှစ်။ ဒါ ဦးဇင်း အကြိုက်ဆုံးပဲ။ လွယ်လို့ လွယ်လို့။

(၁၀)ပြည့်သွားပါပြီ။ တပည့်တော် ဘာလုပ်ရမလဲ။ တစ်ကနေ ပြန်စပါ။ ဒီနေရာမှာ သတိထားစရာလေးတွေ ပြောချင်တာက တချို့ယောဂီတွေကလေ ဂဏန်းရေတွက်တဲ့အခါမှာ လောဘကြီးတာပေါ့။ ဂဏန်းများများလိုချင်တယ်။

ဂဏန်းများများ လိုချင်တဲ့အခါကျတော့ သဘော သဘာဝအတိုင်း မလုပ်တော့ဘူး။ ဝင်တဲ့လေ ထွက်တဲ့လေကို သူက ပြင်းပြင်းရှူတာ။ ဝင်လေ ထွက်လေ တစ်၊ ဝင်လေထွက်လေ နှစ်၊ ဝင်လေ ထွက်လေ သုံးဆို ကြာလာတော့ အသက်ရှူက မြန်ပြီးတော့ မောမလာဘူးလား။

"မောလာပါတယ် ဘုရား"

အဲဒီတော့ ဂဏနာနည်းပဲ ရေတွက်တွက်။ ဘယ်ဟာပဲ အားထုတ်ထုတ်။ သဘာဝအတိုင်း ရှူနေတဲ့ အဲဒီလေကိုပဲ ဦးဇင်းတို့က သတိနဲ့ စောင့်ပြီးတော့ ကြည့်ရမယ်။

နောက်တစ်ခါ နည်းတစ်နည်းကျတော့ အနုဗန္ဓနနည်း။

**အနုဗန္ဓနာနည်း ဆိုတာက အစဉ်လိုက်တဲ့နည်း။**

အစဉ်လိုက်တဲ့နည်းဆိုတော့ ယောဂီတို့ အစ အဆုံး ဦးဇင်းတို့ သင်ပြပေးထားတာက ဝင်လေတဲ့၊ ထွက်လေတဲ့။ ဒါ စောင့်ကြည့်ဖို့ မပြောဘူးလား။

"ပြောပါတယ် ဘုရား"

စောင့်ကြည့်ဖို့ ပြောတဲ့အခါကျတော့ ယောဂီအပေါင်း သူတော်ကောင်းတို့ ဝင်လေဟာ ဝင်လာပြီဆိုရင် နှာသီးဖျားက စတယ်။ နှာသီးဖျားကနေ စပြီးတော့ အဲဒီဝင်လေဟာ ဘယ်ကိုသွားလဲဆိုတော့ ရင်ညွှန့်ကိုသွားတယ်။

ရင်ညွှန့်ကို သွားပြီးတဲ့အခါကျတော့ အဲဒီဝင်တဲ့လေဟာ ချက်တိုင်မှာဆုံးတယ်။ အဲဒီတော့ စပြီးတော့ ဝင်တဲ့လေဟာ နှာသီးဖျားမှာ ဝင်တယ်။ ရင်ညွှန့်ကိုလာတယ်။ ချက်တိုင်မှာ ဆုံးတယ်။ ဒါက ဝင်တဲ့လေ။

အဲဒီ ဝင်တဲ့လေကို အနုဗန္ဓနာနည်းနဲ့ ရှုတဲ့ယောဂီဟာ အဲဒီသုံးချက်စလုံး မိအောင်ရှုရမယ်။ ယောဂီတို့ သေသေချာချာမှတ်နော်။ နောက်တစ်ခါကျတော့ အဲဒီ ဝင်တဲ့လေဟာ ဝင်ပြီးရင် ပြန်မထွက်ဘူးလား။

"ထွက်ပါတယ် ဘုရား"

မထွက်ရင် သေပြီနော်။ ပြန်ပြီးတော့ ထွက်မယ်ဆိုရင် ယောဂီအပေါင်း သူတော်ကောင်းတို့ ချက်တိုင်ကနေ ပြန်ပြီးတော့စ။ နောက်ပြီးတော့ ဘယ်ကို ပြန်ရောက်လဲ။ ရင်ညွှန့်ကိုရောက်တယ်။ ဘယ်မှာပြန်ပြီးတော့ ဆုံးလဲ။

"နှာသီးဖျားမှာပါ ဘုရား"

အဲဒီ ဝင်တဲ့လေ ဝင်လာပြီဆိုရင်လဲ အဲဒီ သုံးချက်တိုင်းကို လိုက်ပြီးတော့ သုံးချက်စလုံး မိအောင်ရှုရမယ်။

ပြန်ပြီးတော့ ထွက်လာပြီဆိုလို့ရှိရင်လဲပဲ အဲဒီသုံးချက်စလုံးပဲ မိအောင်ရှုရမယ်။ အဲဒီလို ရှုတဲ့နည်းကို မြတ်စွာဘုရားက အနုဗန္ဓနာနည်း။ ယောဂီတို့ ဘာနည်းလဲ။

"အနုဗန္ဓနာနည်းပါ ဘုရား"

ဒါဆိုရင် အနုဗန္ဓနာနည်း သဘောပေါက်ပြီလား။

"ပေါက်ပါပြီ ဘုရား"

ကိုယ်ကြိုက်ရာ ကိုယ်ရှုဖို့ ကိုယ်သန်ရာ ကိုယ်ရှုဖို့ ဦးဇင်းက ပြောပြနေတာ။

နောက်ဆုံးနည်းတစ်နည်းကတော့ ဖုသနနည်း။

**ဖုသနနည်း ဆိုတာက လေထိရာအရပ်ကို စောင့်ပြီးတော့ မှတ်ရမယ်။ ဦးဇင်းတို့ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီးက ယောဂီအပေါင်း သူတော်ကောင်းတို့ကို သင်ပြသွားတဲ့နည်းဟာ အဲဒီ 'ဖုသနနည်း'ပဲ။**

## နှာသီးဖျားက စိတ်ကိုဘယ်လိုထားမလဲ

ယောဂီတို့ရဲ့ ခန္ဓာကိုယ်ကို ဖြောင့်ဖြောင့်လေးထား။ ထားပြီးတဲ့အခါကျတော့ ခန္ဓာကိုယ်ကို ဖြောင့်သွားပြီဆို စိတ်ကို တခြားထားရမှာလား။ နှာသီးဖျားမှာလား။

"နှာသီးဖျားမှာပါ ဘုရား"

နှာသီးဖျားလေးမှာထားပြီးတော့ ဝင်လေလေးဝင်လာပြီ။ နှာသီးဖျားလေးမှာ တိုးပြီးတော့မှဝင်တယ်။ မဝင်ဘူးလား။

"ဝင်ပါတယ် ဘုရား"

အဲဒီလို နှာသီးဖျားလေးမှာ တိုးပြီးတော့ ထိပြီးတော့မှဝင်လာတာ။ အဲဒီလို ဝင်လာပြီဆိုရင် နောက်ကနေ စိတ်လေး၊ အသိလေးနဲ့လိုက်ပြီးတော့ ဝင်လေ ဟုတ်ရဲ့လား။ ဝင်လေလေးက ဒီအတိုင်းမနေပါဘူး။ ဝင်လေလေး ကုန်သွားပြီဆိုရင် ယောဂီတို့ရေ ထွက်တဲ့လေ ပြန်အစားမထိုးဘူးလား။

"ထိုးပါတယ် ဘုရား"

ထွက်တဲ့လေ ပြန်အစားထိုးလာပြီဆိုရင်လဲ အဲဒီထွက်တဲ့လေက ပြန်ပြီးထွက်လာ။ အို နှာသီးဖျားလေးမှာ ပြန်ပြီးတော့ တိုးပြီးတော့ တိုက်ပြီးတော့ ထိတာ။

အဲဒါကို စိတ်လေးနဲ့သတိလေးနဲ့ နောက်ကနေထွက်လေ။ ဟုတ်လား။ ဝင်လေ ဝင်လေတိုင်းသိ။ ထွက်လေ ထွက်လေတိုင်းသိ၊ အဲဒီလို တရစပ် ထိရာအရပ်ကလေးကို သိနေတဲ့နည်းကို **'ဖုသနနည်း'**။

ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီးရဲ့ နည်းနာနိဿယအတိုင်း အားထုတ်ကြတဲ့ ယောဂီအတော်များများဟာ အဲဒီ ဖုသနနည်းနဲ့ အားထုတ်တာ။

အဲဒီတော့ ယောဂီအပေါင်း သူတော်ကောင်းတို့ကို ပြောချင်တာကများသော အားဖြင့် ယောဂီ၊ အဆင့်မြင့် ယောဂီတွေ တော်တော်များများက အဲဒီ 'ဖုသနနည်း'နဲ့ အားထုတ်နေကျ ဖြစ်တဲ့အတွက်ကြောင့် ကိုယ့်ရဲ့အလေ့အကျင့်ဟာ ဒါပဲရှိလို့ တကယ် တမ်း အားထုတ်ရင် တပည့်တော်တို့ ဒီသုံးမျိုးထဲမှာ ဘာအားထုတ်မလဲ။ စိတ်ကြိုက်ရာ အားသန်ရာ အားထုတ်။ အခုမှ စပြီးအားထုတ်တဲ့ ယောဂီတွေအတွက်တော့ နယူး (New) တွေပေါ့ ဟုတ်လား။ အဲဒီ ယောဂီအသစ်တွေ အတွက်တော့ ဦးဇင်းရဲ့အကြိုက် ဆုံးဖြစ်တဲ့ အဲဒီ ဂဏနာနည်းလေးနဲ့ စမ်းကြည့်စေချင်တယ်။

ဂဏနာနည်းဆိုတာ တစ်ကနေ တစ်ဆယ်အထိ။ တစ်ဆယ်ကနေ ပြည့်ပြီး တော့ တစ်ကနေ တစ်ဆယ်အထိ ဆိုတော့ တစ်ဝါရ၊ တစ်ဝါရ သွားနေရတာ ဒီကြား

ထဲမှာ ဆွေတော်မျိုးတော်တွေ ဂဏန်းလဲ အပျက်ခံလို့မရဘူး။ စိတ်ထဲက အရမ်းရေတွက်နေရတာ။ လွှတ်လို့ရရဲ့လား။

"မရပါဘူး ဘုရား"

ဒါကြောင့်မို့လို့ ဒီ ဂဏနာနည်းက လွယ်လဲလွယ်တယ်။ သမာဓိလဲ ရလွယ်တယ်။ ဒါလေး အသစ်တွေအနေနဲ့ အားထုတ်စေချင်တာ။

အဆင့်မြင့်တဲ့ ယောဂီတွေအနေနဲ့က တပည့်တော်တို့လည်း 'ဖုသနနည်း'ပဲ ဘုရား။ ဝင်လေ ထွက်လေတိုင်းသိ။ ထွက်လေ ဝင်လေတိုင်းသိ။ တပည့်တော်တို့ ဒါပဲ အားသန်ပါတယ်ဘုရား ဆိုရင်တော့ အဲဒါပဲ ဆက်ပြီးတော့ အားထုတ်။

အဲဒီလို အားထုတ်လိုက်ပြီဆိုရင် ယောဂီတို့စိတ်ဟာ နှာသီးဖျား လေးမှာလေ ဝင်လေ ထွက်လေတိုင်းသိ၊ ထွက်လေ ထွက်လေတိုင်း သိနေတယ်။ အဲဒီလို အားထုတ်တဲ့အခါကျတော့ (၁၀)မိနစ် အထိလဲပဲ တပည့်တော်တို့စိတ်ဟာ အိမ်ကို မရောက်တော့ဘူး ဘုရား။

သားတွေ၊ သမီးတွေဆီလဲ မရောက်တော့ဘူး ဘုရား ဒါပေမယ့် လောလောဆယ် အားထုတ်တဲ့ ယောဂီအပေါင်း သူတော်ကောင်းတို့မှာ စိတ်တွေစပြီးတော့ တည်ထားတဲ့ အခါကျတော့ တစ်သံသရာလုံးမှာ လွှတ်ထားတဲ့စိတ်ကို အခုမှ နှာသီးဖျားမှာ ချည်နှောင်ထားတဲ့အခါကျတော့ စစချင်းမှာတော့ ဒီစိတ်ဟာ ငြိမ်လား။

"မငြိမ်ပါဘူး ဘုရား"

အိမ်ပြန်ရောက်လိုက်။ ယောဂီတို့ ကိုယ်တွေ့ဖြစ်သွားပါပြီ။ တစ်ချိန်ပဲထိုင်ရသေးတယ်။ ခန္ဓာကိုယ် ရုပ်ခန္ဓာကြီးကသာ ဒီမှာရှိနေတာ။ စိတ်က အိမ်ရောက်နေတယ်။ သားတွေ သမီးတွေ ဘယ်လိုနေလဲ။ လုပ်ငန်းကိုင်ငန်းတွေ ဘယ်လိုနေမလဲ။

အဲဒီလိုလေးတွေ အဲဒီလိုလေးတွေ စိတ်ကရောက်သွားတာ။ ရောက်သွားတဲ့ ယောဂီတွေမှာ အကြံပေးချင်တာက အို- ငါ့စိတ်တွေ ရိပ်သာမှာနေပါလျက်နဲ့ အပြင်ကို ရောက်,ရောက်နေတယ်ဆိုပြီးတော့ ဒေါသမဖြစ်ပါနဲ့။ ဘာမဖြစ်ပါနဲ့။

"ဒေါသမဖြစ်ပါနဲ့ ဘုရား"

ဘာဖြစ်လို့ ဒေါသမဖြစ်ပါနဲ့လဲဆိုတော့ ဒေါသဖြစ်နေလို့ရှိရင် ထိုင်နေရင်းနဲ့ ငရဲရမှာ။ **ဒေါသော နိရယံ**-တဲ့။

ဒေါသနဲ့သေရင် ငရဲပဲ။ ယောဂီတို့ တရားတော့ရှာနေပါတယ်။ အားထုတ်နေပါတယ်။ ဟော-သေသွားတဲ့အခါကျတော့ ငရဲရောက်တယ်ဆိုရင် အဆင်ပြေ**သေး**လား။

"မပြေပါဘူး ဘုရား"

အေး- ယောဂီကို့ကို အကြံပေးချင်တာက ဦးဇင်းတို့စိတ်ဟာလေ ယောဂီ အပေါင်း သူတော်ကောင်းတို့ တစ်သံသရာ လုံးကနော်။ ဝိပဿနာဆိုတဲ့ တရားနဲ့ ဝေးကွာခဲ့တာ။ စိတ်ဟာ ဆွေတော်မျိုးတော်တွေ သူရဲ့အာရုံ သူပျော်စံရာ သူကျက်စား ရာဟာ အခြားလား၊ ကာမဂုဏ်လား။

"ကာမဂုဏ်ပါ ဘုရား"

ကာမဂုဏ်တွေ စိတ်က ကာမဂုဏ်အာရုံတွေမှာ ပျော်တယ်။ လောက ဥပမာ အနေနဲ့ပြောမယ်ဆိုရင် ရေထဲကငါးဟာ ဘယ်မှာပျော်လဲ။

"ရေထဲမှာပျော်ပါတယ် ဘုရား"

ဟုတ်တယ် ဟုတ်တယ်။ သူရဲ့ကျင်လည်ကျက်စားရာ ရေထဲကငါးဟာ ရေထဲ မှာပဲပျော်တယ်။ အဲဒီ ရေထဲမှာပဲ ကျက်စားနေတဲ့ငါးကို ယောဂီတို့က ရေထဲက ဆယ်ပြီး တော့ ကုန်းပေါ်ကိုပစ်တင်လိုက်ရင် အဲဒီငါးဟာ အငြိမ်နေပါ့မလား။

"မနေပါဘူး ဘုရား"

ခုန် ဘယ်လောက်ပဲခုန်ခုန်။ (၁၅)မိနစ်ခုန်မလား။ မိနစ်(၂၀)ခုန်မလား။ တစ်နာရီခုန်မလား။ ယောဂီတို့ ဒီအတိုင်းသာ ဆက်ကြည့်နေ။ မခုန်နိုင်တဲ့အဆုံးတော့ အဲဒီ ငါးလေးဟာ ဘာဖြစ်သွားမလဲ။

"ငြိမ်သွားမှာပါ ဘုရား"

ယောဂီတို့ ငြိမ်သွားမှာ မသေသေးဘူးနော်။ ထိုနည်းတူစွာပဲ ယောဂီအပေါင်း သူတော်ကောင်းတို့ရဲ့စိတ်၊ ဦးဇင်းတို့ရဲ့ စိတ်ဟာလဲပဲ တစ်သံသရာလုံး ကာလပတ်လုံး သားတွေ၊ သမီးတွေ၊ စီးပွားရေး၊ ကြီးပွားရေးတွေနဲ့ ဦးဇင်းတို့ကျင်လည်ခဲ့တဲ့ ဒီစိတ်တွေ ခုမှ နှာသီးဖျားလေးမှာ တင်ထားတော့ ဒီစိတ်ဘယ်နေဦးမလဲ။

ခုနကငါးလိုပဲ ကုန်းပေါ်ပစ်တင်တော့ ခုန်ဦးမှာပေ့ါ။ စိတ်ကလဲထွက်ဦးမှာပေ့ါ။

အဲဒီတော့ ယောဂီအပေါင်း သူတော်ကောင်းတို့က ကိုယ့်စိတ်လေး အပြင်ကို ချက်ချင်း အိမ်ကိုရောက်သွားတာနဲ့ ဟာ-ငါ့စိတ် အပြင်ကိုပြန်ရောက်ပြီ။ ဒါ- မတော်ဘူး ပြန်လာခဲ့။ နှာသီးဖျားလေးမှာ ဟုတ်ရဲ့လား။

"မှန်လှပါ ဘုရား"

အဲဒါမျိုး- အဲဒါမျိုး။ သူက ထွက်သွားလိုက်။ ကိုယ်က သိလိုက်-။ ယောဂီ အပေါင်း သူတော်ကောင်းတို့ သိချင်းလေးရှိပါသေးတယ်။

*မင်းဘယ်လမ်းသွားသွား ×××× မင်းနောက်က×××* ဘာတဲ့လဲ။

**လိုက်လို့နေမယ်**××× ဆိုတာလေ။ ဒီစိတ်မင်းဟာမင်း ဘယ်ပဲသွားသွား နောက်ကနေ ကိုယ်က ဘာလေးနဲ့ လိုက်ရမလဲ။ သတိလေးနဲ့လိုက်။ ယောဂီတွေ ဘာနဲ့လိုက်ရမလဲ။

"သတိလေးနဲ့ပါ ဘုရား"

စိတ်ကလေးက တရားလေးတော့ အားထုတ်နေပါတယ်။ ဖျက်ဆိုရင် အိမ်မှုကိစ္စတွေဆီ ပြန်ရောက်သွားတယ်။ အို- မတော်ဘူး မင်းပြန်လာခဲ့။ နှာသီးဖျားကို။

ငါးလေးက တဖျပ်ဖျပ်ခုန်ပြီးတော့ ယောဂီအပေါင်း သူတော်ကောင်းတို့ မခုန်နိုင်တဲ့အဆုံးမှာ ငြိမ်သွားသလို ယောဂီတို့ရဲ့စိတ်ဟာ ငါးဖြာအာရုံ ကာမဂုဏ်တွေကို မပြေးနိုင်တဲ့အဆုံးတော့ ဒီနှာသီးဖျားမှာ မငြိမ်သွားဘူးလား။

"ငြိမ်သွားပါတယ် ဘုရား"

အဲဒါ-အဲဒါ အချိန်ယူပြီးတော့ ကြိုးစားရမယ်။ မကြိုးစားတော့လဲ ရပ့်မလား။ အဲဒါကြောင့်မို့လို့ ယောဂီအပေါင်း သူတော်ကောင်းတို့ သမာဓိ ရဖို့ရန်အတွက် အားထုတ်ရမယ့် နည်းလမ်းဟာ ဘယ်နှစ်မျိုးလဲ။

"သုံးမျိုးပါ ဘုရား"

'အနုဗန္ဓနာနည်း' အစဉ်အတိုင်း အားထုတ်ပါ။ 'ဂဏနာနည်း' ဂဏန်း ရေတွက်ပါ။ ဝင်လေ ထွက်လေ-တစ်။ ဝင်လေ ထွက်လေ-နှစ်။ ဝင်လေထွက်လေ-သုံး။ ဒီလိုနော်။ နောက်ဆုံး တစ်နည်းကျတော့ ဖုသနနည်း။ ဝင်လေ ဝင်လေတိုင်းသိမယ်။ ထွက်လေ ထွက်လေတိုင်းသိမယ်။ အဲဒါ တခြားနည်းလား။ ဖုသနနည်းလား။

"ဖုသနနည်းပါ ဘုရား"

အဲဒီနည်း သုံးပါးမှာ အရှင်ဘုရားရယ် ဘယ်နည်းနဲ့အားထုတ်ရမလဲဆိုရင် အဲဒါအားလုံးဟာ ဘုရားနည်းတွေချည်းပဲ။ ကြိုက်တဲ့နည်းနဲ့ အားထုတ်။ ယောဂီတို့ ရှင်းလား။

"ရှင်းပါတယ် ဘုရား"

အဲဒါကြောင့်မို့လို့ အဲဒီလို ယောဂီအပေါင်း သူတော်ကောင်းတို့ဟာ အားထုတ်တဲ့နည်း။ တရားနိဿယ နည်းလေးကို ယောဂီအပေါင်း သူတော်ကောင်းတို့ ဒီနံနက်ခင်းလေးမှာ နားမလည်ဘူးလား။

"နားလည်ပါတယ် ဘုရား"

ဦးဇင်းတို့ ဟောမယ်၊ ပြောမယ်ဆိုတဲ့ အကြောင်းအရာလေးက တရားထိုင်နည်း ဘာတဲ့လဲ။ နိဿရည်းတဲ့။ တရားထိုင်နည်း... ဘာတဲ့လဲ။

"နိဿရည်းပါဘုရား"

ကဲ- လိုက်ဆို-

**တင်ပလ္လင်ခွေကာ၊ ထိုင်နေပါ၊ ခါးမှာဖြောင့်ဖြောင့်ထား။**

**မလှုပ်ကြွနှေ၊ ငြိမ်ငြိမ်နေ၊ စိတ်တွေမလွင့်ပါး။**

**မျက်စိမှိတ်ကာ၊ ခေါင်းတည့်ပါ၊ စိတ်ကိုနှာသီးဖျားမှာထား။**

ဒါဆို တရားထိုင်ပုံ ထိုင်နည်းလေးပြည့်စုံသွားပြီ။ စိတ်ကို နှာသီးဖျားလေးမှာထား။ ထားပြီးတဲ့အခါကျတော့ တပည့်တော်ရဲ့စိတ်ကို ပစ္စုပ္ပန်ရယ်၊ အတိတ်ရယ်၊ အနာဂတ်ရယ် ဆိုတဲ့ ကာလသုံးမျိုးထဲမှာ အရှင်ဘုရားရယ် ဘယ်ကာလ ထားရမလဲ ဆိုတော့  ပစ္စုပ္ပန်ကာလ၊ ယောဂီတို့ရေ ဘာကာလလဲ။

"ပစ္စုပ္ပန်ကာလပါ ဘုရား"

ပစ္စုပ္ပန်ကာလဆိုတာလဲ တခြားပြောတာလား။ နှာသီးဖျားလေးကို ပြောတာလား။

"နှာသီးဖျားလေးကိုပါ ဘုရား"

နှာသီးဖျားလေးတည့်တည့်ပဲ ဝင်လေ ဝင်လေတိုင်းသိ၊ ထွက်လေ ထွက်လေတိုင်းသိ။ ဒီလိုရှုမှတ်ရမှာနော်။

အဲဒီတော့ ယောဂီတွေက ထပ်ပြီးတော့ ဘုရားဟောတဲ့ နည်းနာနိဿယအတိုင်း အရှင်ဘုရားက သင်ပေးတယ်။ ဒါ- သတိပဋ္ဌာန်ရဲ့ အခြေခံပဲနော်။ အဲဒီတော့ အဲဒီ သတိပဋ္ဌာန်တရားကို အားထုတ်တဲ့အတွက်ကြောင့် တပည့်တော်တို့ ဘာအကျိုးရမလဲ။ မသိသင့်ဘူးလား။

"သိသင့်ပါတယ် ဘုရား"

အရမ်းအရေးကြီးတာပဲ။  အလုပ်တစ်ခု လုပ်တဲ့အခါကျတော့ အကျိုးတရားက အရင်ဆုံးသိဖို့ အရေးကြီးတယ်။  ဘုရားက ချစ်သားတို့-တဲ့။ မင်းတို့ ငါ ဘုရားဟောတဲ့ သတိပဋ္ဌာန် ဝိပဿနာ တရားကို အားထုတ်သောပုဂ္ဂိုလ်သည် အကျိုးခုနစ်မျိုးတဲ့။ ဟာ-ယောဂီတွေ အကျိုး ဘယ်နှစ်မျိုးလဲ။

"ခုနစ်မျိုးပါ ဘုရား"

ခုနစ်မျိုးတဲ့နော်။ အဲဒါကို သတိပဋ္ဌာန်ရဲ့အစမှာ ဘုရားဟောခဲ့တာ။

၂၈၄၃၀

စိုးရိမ်မှုတစ်ခုခု ပူပန်မှုတစ်ခုခုဖြစ်လာပြီဆိုရင်လဲ အဲဒီစိုးရိမ်မှု ပူပန်မှုတွေက ပျောက်ချင်တယ်ဆိုရင်လဲ ဒီတရားပဲ အားထုတ်။ အဲဒီ စိုးရိမ်မှုတွေကနေပြီးတော့ ကြီးထွားလာတာက ပရိဒေဝတဲ့။ ယောဂီတို့ ဘာတဲ့လဲ။

"ပရိဒေဝပါ ဘုရား"

ပရိဒေဝဆိုတာ ငိုကြွေးတာလို့ခေါ်တယ်။ စိုးရိမ်မှုတွေ သိပ်များလာတဲ့ လူတစ်ယောက် တိုက်ခိုက်မှုတွေခံရပြီး စိုးရိမ်မှုတွေ သိပ်များလာတဲ့ လူတစ်ယောက်ဟာ စိုးရိမ်မှုတွေများပြီးတော့ ပရိဒေဝငိုကြွေးမှုတွေ ဖြစ်လာတယ်။ မျက်ရည်တွေ ကျလာတယ်။ အဲဒီလို ငိုကြွေးရခြင်းမှ ယောဂီအပေါင်း သူတော်ကောင်းတို့ လွတ်ချင်ကြတယ်ဆိုရင်လဲပဲ တခြား အားထုတ်ရမှာလား၊ တရား အားထုတ်ရမှာလား။

"တရားပါ ဘုရား"

ဒါပဲ တခြားနည်းလမ်းမရှိဘူး။ မြတ်စွာဘုရားက-

**ကောယန**-တဲ့။ တစ်ကြောင်းတည်းပဲပေ့-တဲ့။

စိတ်ညစ်တာတွေ ပျောက်ချင်ရင် ဒါပဲအားထုတ်။ သောကတွေ ပျောက်ချင်ရင် ဒါပဲအားထုတ်။ ပရိဒေဝတွေ ပျောက်ချင်ရင် ဒါပဲအားထုတ်နော်။

နောက်တစ်ခါကျတော့-

**သောကပရိဒေဝါနံ၊ သမတိက္ကမာယ၊ ဒုက္ခ ဒေါမနဿာနံ။**

ဒုက္ခဆိုတာက ကိုယ်ဆင်းရဲမှု။

ဒေါမနဿဆိုတာက စိတ်ဆင်းရဲမှု၊ လူတစ်ဦးတစ်ယောက်မှာ ဆွေတော်မျိုးတော် တွေ စိတ်ဆင်းရဲမှု နှစ်မျိုးပဲရှိတယ်။ ကိုယ်ဆင်းရဲတာရယ်၊ စိတ်ဆင်းရဲတာရယ်၊ ယောဂီတို့ ဘယ်နှစ်မျိုးလဲ။

"နှစ်မျိုးပါ ဘုရား"

အဲဒီနှစ်မျိုးကနေ ပျောက်ချင်ရင်လဲပဲ မြတ်စွာဘုရားက တခြားလုပ်ရမှာလား၊ တရားလား။

"တရားပါ ဘုရား"

ဒါဆိုတော့ အကျိုး ဘယ်နှစ်မျိုးဖြစ်သွားပြီလဲ။

"ငါးမျိုးပါ ဘုရား"

နံပါတ်ခြောက်ကျတော့ မြတ်စွာဘုရား ဘာတာဝန်ယူသလဲဆိုတော့-

**ဉာယဿ အဓိဂမာယ။**

ချစ်သားတို့- ငါဘုရားရှင် ကိုယ်တော်မြတ် ဟောကြားထားတဲ့ သတိပဋ္ဌာန် ဝိပဿနာတရားကို အားထုတ်ရင် 'ဉာယဿ' မဂ်ဉာဏ်ကိုရလိမ့်မယ်။ ဘာဉာဏ်ကို ရမလဲ။

"မဂ်ဉာဏ်ပါ ဘုရား"

## မီးကို ရေနဲ့ငြိမ်းပါ

ယောဂီအပေါင်း သူတော်ကောင်းတို့ မဂ်ဉာဏ်ရချင်ကြတဲ့ ပုဂ္ဂိုလ်၊ ဖိုလ်ဉာဏ်ကို ရချင်ကြတဲ့ ပုဂ္ဂိုလ်ဟာလဲ တခြားလုပ်ရ မှာလား၊ တရားအလုပ်လား။

"တရားအလုပ်ပါ ဘုရား"

ဟာ- အရှင်ဘုရား မဂ်ဉာဏ် မဂ်ဉာဏ်ဆိုတာ ဘယ်လိုဟာလဲဘုရား။

ယောဂီအပေါင်း သူတော်ကောင်းတို့ ဦးဇင်းတို့ လူပြိန်းတွေအနေနဲ့ မြင်စေချင်တာက မဂ်ဉာဏ်ဆိုတာ လောက ဥပမာအနေနဲ့ ဘာနဲ့တူသလဲဆိုရင် မဂ်ဉာဏ်သည်တဲ့ ရေနဲ့တူတယ်။ မဂ်ဉာဏ်သည် ဘာနဲ့တူသလဲ။

"ရေနဲ့တူပါတယ် ဘုရား"

မဂ်ဉာဏ်သည် ရေနဲ့တူပါသည်။ ယောဂီအပေါင်း သူတော်ကောင်းတို့ရဲ့ နှလုံးအိမ်မှာရှိနေတဲ့ လောဘ၊ ဒေါသ၊ မောဟ စတဲ့ ကိလေသာ မရှိဘူးလား။

"ရှိပါတယ် ဘုရား"

အဲဒီ ကိလေသာတွေကျတော့ ဘာနဲ့တူသလဲဆိုတော့ မီးနဲ့တူတယ်။ ယောဂီတို့ ဘာနဲ့တူလဲ။

"မီးနဲ့တူပါတယ် ဘုရား"

ယောဂီတို့ရဲ့နှလုံးအိမ် ဦးဇင်းတို့ရဲ့နှလုံးအိမ်မှာရှိတဲ့ ကိလေသာတည်းဟူသော မီးကို ဘာနဲ့ငြိမ်းရမလဲဆိုရင် အဲဒီ 'မဂ်ဉာဏ်'။ လောကဥပမာ မီးလောင်ပြီဆိုရင် ဘာနဲ့ငြိမ်းလဲ။ ရေနဲ့ငြိမ်းတယ်။

မီးတောက်ကလေးသေးသေးလေး ရေကအများကြီးဆိုရင် အဲဒီ မီးမသေသွားဘူးလား။

"သေသွားပါတယ် ဘုရား"

ထိုနည်းတူစွာပဲ ယောဂီအပေါင်း သူတော်ကောင်းတို့ ဦးဇင်းတို့ရဲ့ နှလုံးအိမ်မှာရှိတဲ့ ကိလေသာတည်းဟူသော မီး။ ဘာမီးလဲ။

"ကိလေသာမီးပါ ဘုရား"

အဲဒီ ကိလေသာတည်းဟူသော မီးဟာ မဂ်ဉာဏ်နဲ့တူတဲ့ ရေနဲ့သာ တွေ့လိုက်ရင် ယောဂီတို့ရဲ့ နှလုံးအိမ်မှာ ရောက်သွားပြီဆိုရင် အဲဒီကိလေသာမီးဟာ အလိုလို ငြိမ်းသွားတယ်။

ဒါကြောင့်မို့လို့ ဘုရားရှင်ကိုယ်တော်မြတ်က နံပါတ်ခြောက်အနေနဲ့ တာဝန်ယူလိုက်တာက ချစ်သားတို့- သတိပဋ္ဌာန် ဝိပဿနာတရားကို အားထုတ်ကြတဲ့ ယောဂီအပေါင်း သူတော်ကောင်းတို့ဟာ-

**ဉာယဿ အဓိဂမာယ။**

မဂ်ဉာဏ်ကိုလဲပဲ ရနိုင်တယ်။ ဘာကိုရနိုင်လဲ။

"မဂ်ဉာဏ်ကိုပါ ဘုရား"

အဲဒါက ဦးဇင်းတို့ ယောဂီအပေါင်း သူတော်ကောင်းတို့ အကျိုးခြောက်မျိုး။

နောက်ဆုံး မြတ်စွာဘုရား ဝန်ခံသွားတာက ချစ်သားတို့-ဒီသတိပဋ္ဌာန်၊ ဒီတရားကိုအားထုတ်တဲ့ ပုဂ္ဂိုလ်ဟာ နံပါတ် ခုနစ်အနေနဲ့-

**နိဗ္ဗာနဿ သစ္ဆိကိရိယာယ**- နိဗ္ဗာန်ကို မျက်မှောက်ပြုမယ်။ ဘာကို မျက်မှောက်ပြုမလဲ။

"နိဗ္ဗာန်ကိုပါ ဘုရား"

ယောဂီအပေါင်း သူတော်ကောင်းတို့ ညည အိပ်ရာဝင် ဘုရားကန်တော့တဲ့အခါ ဩကာသ- ဩကာသ- မကန်တော့ဘူးလား။

"ကန်တော့ပါတယ် ဘုရား"

နောက်ဆုံး ဘုရားတပည့်တော်သည် ဤကုသိုလ်ကောင်းမှုကြောင့် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ နိဗ္ဗာန်ရ ပါရစေ။ ဆုတော မတောင်းဘူးလား-။

"တောင်းပါတယ် ဘုရား"

နိဗ္ဗာန်ဆိုတာ- ယောဂီတို့ တောင်းရုံနဲ့ရော ရလား။

"မရပါဘူး ဘုရား"

မရဘူး...။ မြတ်စွာဘုရားက အဲဒီ နိဗ္ဗာန်ကို ရချင်ကြတဲ့ပုဂ္ဂိုလ်ဟာ ဒီတရား အလုပ်အားထုတ်။

ဝိပဿနာအလုပ်မှလွဲရင် နိဗ္ဗာန်ကို ရောက်ဖို့ရန်အတွက် နည်းနာနိဿယ ဟာ အခြားနည်းမရှိဘူး။ ဒါကြောင့်မို့လို့ မြတ်စွာဘုရားက သတိပဋ္ဌာန်မှာ အကျအန ဟောတယ်။

**ဧကာယနော အယံ ဘိက္ခဝေ။**

**ဧက**-ဆိုတာ တစ်ကြောင်းတည်း၊ **မဂ္ဂ**-ဆိုတာက ခရီး။

ဗုဒ္ဓဘာသာဝင်တို့ရဲ့ အမြင့်ဆုံးဖြစ်တဲ့ နိဗ္ဗာန်ကို ရဖို့ရန်အတွက် အဲဒီနိဗ္ဗာန် ဆိုတဲ့ အဆင့်မြင့်တဲ့နေရာကို ရဖို့ရန် အတွက် ချစ်သားတို့တဲ့- ဒီဝိပဿနာတရားကို အားထုတ်။ အဲဒီ ဝိပဿနာတရား၊ သတိပဋ္ဌာန်က နိဗ္ဗာန်ကို မျက်မှောက်ပြုမယ်။ ဘာကို မျက်မှောက်ပြုမှာလဲ။

"နိဗ္ဗာန်ကိုပါ ဘုရား"

အဲဒီတော့ ယောဂီအပေါင်းသူတော်ကောင်းတို့ရေ ဒီတရားအားထုတ်လိုက် တာနဲ့ မြတ်စွာဘုရားက ဝန်ခံတာ အဲဒီအကျိုး ခုနစ်မျိုးရမယ်။ အကျိုးဘယ်နှစ်မျိုးလဲ။

"ခုနစ်မျိုးပါ ဘုရား"

**သတ္တာနံ ဝိသုဒ္ဓိယာ။**

စိတ်ဆင်းရဲမှုတွေဖြစ်လာပြီ၊ စိတ်ညစ်လာပြီဆိုရင် ဒီတရားအားထုတ်။ သောကတွေ၊ ပရိဒေဝတွေ၊ ဒုက္ခတွေ၊ ဒေါမနဿတွေ ကင်းငြိမ်းချင်တယ်ဆိုရင် ဒါအားထုတ်။ ယောဂီတို့ရဲ့သန္တာန်၊ ယောဂီတို့ရဲ့နှလုံးအိမ်၊ ဦးဇင်းတို့နှလုံးအိမ်မှာ ရှိနေကြတဲ့ ကိလေသာတည်းဟူသော မီး... ဘာမီးလဲ။

"ကိလေသာမီးပါ ဘုရား"

အဲဒီ ကိလေသာ တည်းဟူသော မီးတွေကို ငြိမ်းချင်တယ်၊ မဂ်ဉာဏ်ကို ရချင်တယ်ဆိုရင် တခြားလုပ်ရမှာလား။ တရားအလုပ်လား။

"တရားအလုပ်ပါ ဘုရား"

နောက်ဆို ဗုဒ္ဓဘာသာဝင်တွေရဲ့ အမြင့်ဆုံးသော ပန်းတိုင်ဖြစ်တဲ့ နိဗ္ဗာန်ဆိုတဲ့ ပန်းတိုင်ကို ရချင်ရင်လဲ တခြားလုပ်ရ မှာလား၊ ဝိပဿနာလား။

"ဝိပဿနာပါ ဘုရား"

ဝိပဿနာပဲ။ အကျိုးတရား ဘယ်နှစ်မျိုးလဲ။

"ခုနစ်မျိုးပါ ဘုရား"

အဲဒီခုနစ်မျိုးကို ပြန်ပြီးတော့ အကျဉ်းချုံးလိုက်လို့ရှိရင် ယောဂီအပေါင်း သူတော်ကောင်းတို့ ဒီခြောက်မျိုးသော အကြောင်းတွေဟာ လောကီအကျိုးတွေပဲ။

နိဗ္ဗာန်ဆိုတာကတော့ တခြားအကျိုးလား၊ လောကုတ္တရာ အကျိုးလား။

"လောကုတ္တရာအကျိုးပါ ဘုရား"

ကြည့်စမ်း- ယောဂီအပေါင်း သူတော်ကောင်းတို့ ဒီတရားအလုပ်ကို လုပ်လိုက်တာနဲ့တစ်ပြိုင်နက် လောကီ အကျိုးရော၊ လောကုတ္တရာအကျိုးရော နှစ်မျိုးစလုံး ပြည့်စုံသွားတယ်။ ဒါကြောင့်မို့လို့ အကျိုးတရားခုနစ်မျိုး-တဲ့။

တပည့်တော်ကတော့ နိဗ္ဗာန်ရချင်တယ်၊ အာပေါက်အောင် ဆုတောင်းလို့ရော ရပ့ါမလား။

"မရပါဘူး ဘုရား"

ဒါကြောင့် ရှေးကဆရာတော်ကြီးတွေက လင်္ကာလေးနဲ့ ဆုံးမဘူးတယ်။

**နိဗ္ဗာန်မဂ်ဖိုလ် ရလိုကြောင်းနဲ့၊ တောင်းခဲ့တာလဲ များခဲ့ပြီ။**

**အကျင့်မပါ ဗလာတောင်းတော့၊ အာညောင်းရုံပဲ အဖတ်တင်သည်။**

အကျင့်မပါ ဗလာတောင်းတော့- အကျင့်မပါဆိုတာက အခြားလား၊ ဝိပဿနာ အကျင့်လား။

"ဝိပဿနာပါ ဘုရား"

ဩော်-ယောဂီအပေါင်း သူတော်ကောင်းတို့ အခုတရားဝင် တရားအားထုတ်တယ်ဆိုတာ တခြားလိုချင်လို့လား၊ ဒီနိဗ္ဗာန်လား။

"နိဗ္ဗာန်ပါ ဘုရား"

နိဗ္ဗာန်လိုချင်ရင် မြတ်စွာဘုရားက တခြားအလုပ်လုပ်ရမှာလား။ ဝိပဿနာလား။

"ဝိပဿနာပါ ဘုရား"

ဩော်-ဝိပဿနာအလုပ် လုပ်တဲ့အခါကျတော့ တခြားကြည့်ရမှာလား၊ ခန္ဓာလား။

"ခန္ဓာပါ ဘုရား"

ခန္ဓာကြီးက ယောဂီအပေါင်း သူတော်ကောင်းတို့ ခန္ဓာဘယ်နှစ်ပါးလဲ။

"ငါးပါးပါ ဘုရား"

ခန္ဓာငါးပါးရဲ့ အဓိပ္ပာယ် လင်္ကာလေးကို အားလုံးဆိုကြည့်ရအောင်-

**ဖောက်ပြန်ခံစား၊ မှတ်သားပြုပြင်၊ သိဝိညာဉ်၊ ငါးအင်ခန္ဓာမှတ်။**

ယောဂီအပေါင်း သူတော်ကောင်းတို့ကို မိုးကုတ်အရသာ မဆိုခိုင်းဘူးလား။

"ဆိုခိုင်းပါတယ် ဘုရား"

အလဟဿ ဆိုခိုင်းတာမဟုတ်ဘူး။ အလုပ်ပေးတဲ့အခါမှာ အဲဒါလေးတွေ အဆင်သင့်ဖြစ်အောင်လို့။

**ဖောက်ပြန်ခံစား၊ မှတ်သားပြုပြင်၊ သိဝိညာဉ် ငါးအင်ခန္ဓာမှတ်။**

ဩော်- မိုးကုတ်အရသာထဲမှာ ဆက်ဆိုတော့-

**မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်၊**

**အဆင်း၊ အသံ၊ အနံ့၊ အရသာ တွေ့ထိစရာ ကြံတွေးစရာ။**

မြင်စိတ်၊ ကြားစိတ်၊ နံစိတ်၊ စားစိတ်၊ ယားနာကောင်းစိတ်၊ တွေးတောစိတ် ဟုတ်ရဲ့လား။

"မှန်ပါ ဘုရား"

## စိတ်ကသိတဲ့ခန္ဓာ ခန္ဓာကသိပါစေ

အို- ယောဂီအပေါင်း သူတော်ကောင်းတို့ လေ့လာကြည့်ပေါ့။ မိုးကုတ်စခန်းတွေ တော်တော်များများ ဝင်ကြတဲ့ ယောဂီတွေ ပြန်လာပြီးတော့ မေးကြည့်ရင် ခန္ဓာငါးပါး ဘာလဲ။ အဲဒါတော့ အသင့်အတင့် အတော်များများ ရတယ်နော်။ အာယတန တစ်ဆယ့်နှစ်ပါးကို ပြောပြပါဆိုတော့ နည်းနည်းလေးသွားပြီ။

ဒါဆိုရင် ဓာတ်(၁၈)ပါးကို ပြောပါဦးဆိုတော့ ပိုလေးသွားပြီ။ မဂ္ဂင်ရှစ်ပါးကို ပြောပြစမ်းဆိုတော့ အဲဒါ ရေတွက်လို့ကို မရတော့ဘူး။

အဲဒီတော့ ယောဂီအပေါင်း သူတော်ကောင်းတို့နဲ့ ဦးဇင်းတို့ ဆုံတွေ့ကြတဲ့ ခုနစ်ရက်ဆိုတဲ့ တစ်ဒင်္ဂ ကာလလေးမှာ အဲဒီလို ယောဂီတွေမဖြစ်စေချင်ပါဘူး။ အရေအတွက်များတာ မများတာက အဓိကမဟုတ်ပါဘူး။ အဓိက အရည်အချင်း ကောင်းဖို့ ဟုတ်ရဲ့လား။

"မှန်ပါ ဘုရား"

ဒါကြောင့်မို့လို့ ယောဂီအပေါင်း သူတော်ကောင်းတို့ရေ အချိန်လဲ စေ့သွားပြီ ဖြစ်လို့ ဦးဇင်းတို့ သိမ်းမယ်နော်။

"မှန်ပါ ဘုရား"

အခုယောဂီအပေါင်း သူတော်ကောင်းတို့ တရားဝင်၊ တရားအားထုတ်တယ် ဆိုတော့ တခြားလိုချင်လို့လား၊ နိဗ္ဗာန်လား။

"နိဗ္ဗာန်ပါ ဘုရား"

နိဗ္ဗာန်လိုချင်ရင် ယောဂီတို့ မြတ်စွာဘုရားက တခြားအလုပ်လုပ်ရမှာလား။ ဝိပဿနာလား။

"ဝိပဿနာပါ ဘုရား"

ဝိပဿနာအလုပ်လုပ်ကြတော့ တခြားကြည့်ရမှာလား၊ ခန္ဓာကြည့်ရမှာလား။

"ခန္ဓာကြည့်ရမှာပါ ဘုရား"

ခန္ဓာကြီးကို ဉာဏ်နဲ့ လှမ်းကြည့်လိုက်တိုင်း- လှမ်းကြည့်လိုက်တိုင်း မဖြစ်မပျက်တဲ့အချိန် ရှိလား။

"မရှိပါဘူး ဘုရား"

ဖြစ်လိုက်၊

ပျက်လိုက်၊

မွေးလိုက်၊

သေလိုက်။

ဖြစ်လိုက်၊ ပျက်လိုက်၊ မွေးလိုက်၊ သေလိုက်ဆိုတော့ ဒီခန္ဓာကြီးကို လိုချင်တဲ့ တဏှာ လာဦးမလား။

"မလာတော့ပါဘူး ဘုရား"

စွဲလမ်းတဲ့ ဥပါဒါန်ကော လာဦးမလား။

"မလာတော့ပါဘူး ဘုရား"

ပြုလုပ်တဲ့ကံတွေကော လာဦးမလား။

"မလာတော့ပါဘူး ဘုရား"

ယောဂီအပေါင်း သူတော်ကောင်းတို့ တဏှာ၊ ဥပါဒါန်၊ ကံမှ မလာဘူးဆိုရင် ဘဝလို့ခေါ်တဲ့ ဇာတိလေး ရဦးမလား။

"မရတော့ပါဘူး ဘုရား"

ဟော- ဇာတိမှ မရဘူးဆိုရင် ယောဂီတို့-

အိုစရာ လိုသေးလား။

"မလိုတော့ပါဘူး ဘုရား"

ယောဂီတို့ အိုရောအိုချင်လား။

"မအိုချင်ပါဘူး ဘုရား"

ဘယ်သူမှမအိုချင်ပါဘူးလေ။

တချို့ အိုလာပြီ- အရွယ်ကပြလာပြီ။ ခေါင်းလေးက ဖြူလာပြီ။ အဲဒါ အိုတဲ့ သင်္ကေတ။ 'အို-မင်း မအိုစေရဘူး'ဆိုပြီး ခေါင်းကို ဆွေတော်မျိုးတော်တွေ အဖြူကနေ အမည်း မဆိုးဘူးလား။

"ဆိုးပါတယ် ဘုရား"

တခြားလား၊ မအိုချင်လို့လား။

"မအိုချင်လို့ပါ ဘုရား"

ဒါပေမယ့် ဒီခန္ဓာကြီးရထားမှတော့ မအိုလို့ကောရလား။

"မရပါဘူး ဘုရား"

ဒါကြောင့်မို့လို့ ဇာတိရမှတော့ ယောဂီအပေါင်း သူတော်ကောင်းတို့ မအိုဘူးလား။

"အိုပါတယ် ဘုရား"

ဒါကြောင့်မို့လို့ ယောဂီအပေါင်း သူတော်ကောင်းတို့ ခန္ဓာကြီးရဲ့ဖြစ်ပျက်ကို မြင်လို့ရှိရင် တဏှာ၊ဉပါဒါန်၊ကံလို့ခေါ်တဲ့ သမုဒယချုပ်ပြီဆိုရင် ဇာတိက လာဦးမလား။

"မလာတော့ပါဘူး ဘုရား"

ဇာတိမှမလာဘူးဆိုရင် အိုစရာလိုသေးလား။

"မလိုတော့ပါဘူး ဘုရား"

နာစရာလိုသေးလား။

"မလိုတော့ပါဘူး ဘုရား"

သေစရာလိုသေးလား။

"မလိုတော့ပါဘူး ဘုရား"

ယောဂီအပေါင်း သူတော်ကောင်းတို့ အို,နာ,သေကင်းတာ အခြားလား၊ နိဗ္ဗာန်လား။

"နိဗ္ဗာန်ပါ ဘုရား"

ဒီနိဗ္ဗာန်ကို အလိုလိုရတာလား။ ယောဂီတို့ အို,နာ,သေကင်းလို့လား။

"အို,နာ,သေ ကင်းလို့ပါ ဘုရား"

ဟော-အို,နာ,သေ ကလဲ အလိုလိုကင်းတာ မဟုတ်ပါဘူးတဲ့။ ဘုရားက ဇာတိလို့ခေါ်တဲ့ ဘဝမရလို့။ ယောဂီတို့ ဘာမရလို့လဲ-

"ဘဝ မရလို့ပါ ဘုရား"

ဇာတိလို့ခေါ်တဲ့ ဘဝဟာလဲ ဘာကြောင့်မရတာလဲ ဆိုတော့ လူသားအားလုံး တို့ရဲ့ နှလုံးအိမ်မှာ ရဟန်း အစရှိတဲ့ ပုဂ္ဂိုလ်တွေရဲ့ နှလုံးအိမ်မှာ သမုဒယချုပ်လို့။ ယောဂီတို့ ဘာချုပ်လို့လဲ။

"သမုဒယချုပ်လို့ပါ ဘုရား"

သမုဒယ- သမုဒယဆိုတော့ တဏှာ၊ ဥပါဒါန်၊ ကံဟာ ကံဖြစ်ကြောင်း၊ ခန္ဓာ ဖြစ်ကြောင်း သူက ဆွေတော်မျိုးတော်တွေ အဓိကလုပ်ဦးဆောင်တဲ့ ပုဂ္ဂိုလ်တွေပဲ။

သမုဒယကြီး ချုပ်နေမှတော့ ယောဂီအပေါင်း သူတော်ကောင်းတို့ အဲဒီ သမုဒယချုပ်တယ်ဆိုတာကလဲပဲ ရိုးရိုးနေရုံနဲ့ ချုပ်မှာလား။ တရားအလုပ် လုပ်မှ ချုပ်မှာလား။

"တရားအလုပ်လုပ်မှပါ ဘုရား"

ဩော်-အလုပ်ဆိုတာ တခြားလား၊ ဝိပဿနာလား။

"ဝိပဿနာပါ ဘုရား"

ဝိပဿနာအလုပ် လုပ်တဲ့အခါမှာ ခန္ဓာကြီး ဘာနဲ့ကြည့်ရမလဲ။

"ဉာဏ်နဲ့ကြည့်ရမှာပါ ဘုရား"

ခန္ဓာက ဘယ်နှစ်ပါးလဲ။

"ငါးပါးပါ ဘုရား"

ငါးပါး- အဲဒီခန္ဓာငါးပါးကို ယောဂီအပေါင်း သူတော်ကောင်းတို့ ဉာဏ်နဲ့ ကြည့်တဲ့အခါ မဖြစ်မပျက်တဲ့ အချိန်ရှိလား။

"မရှိပါဘူး ဘုရား"

သမာဓိရှိရမယ်။ ယောဂီတွေ ဟုတ်ရဲ့လား။

"မှန်လှပါ ဘုရား"

ဒါကြောင့်မို့လို့ သမာဓိအားထုတ်နည်းကို ဘယ်နှစ်နည်းပြလဲ။

"သုံးနည်းပါ ဘုရား"

**ဂဏနာနည်း။**

**အနုဗန္ဓနာနည်း။**

**ဖုသနနည်း။**

ယောဂီတို့ရေ ဘယ်နှစ်မျိုးလဲ။

"သုံးမျိုးပါ ဘုရား"

ကြိုက်တဲ့နည်းသာ အားထုတ်။ ဟုတ်ပြီလား။

"မှန်လှပါ ဘုရား"

အဲဒီလို အားထုတ်တဲ့ ယောဂီအပေါင်း သူတော်ကောင်းတို့ဟာ သမာဓိလဲ ရှိနေပြီ ဟုတ်လား။

"မှန်ပါ့ ဘုရား"

သတိတွေလဲ အားကောင်းနေပြီဆိုရင် ခန္ဓာကို ဉာဏ်နဲ့ ကြည့်လိုက်တဲ့အခါ ဒီခန္ဓာဟာ မဖြစ်မပျက်တဲ့အချိန် ရှိလား။

"မရှိပါဘူး ဘုရား"

ဖြစ်လိုက်-

"ပျက်လိုက်"

မွေးလိုက်-

"သေလိုက်"

ဒါကြောင့်မို့လို့ ယောဂီတို့- ဖြစ်ပျက်တာက ဘာသစ္စာ-

**"ဒုက္ခသစ္စာ"**

သိတဲ့ဉာဏ်က ဘာသစ္စာ-

**"မဂ္ဂသစ္စာ"**

သေတာက ဘာသစ္စာ-

"သမုဒယသစ္စာ"

နောင် ခန္ဓာမလာတာ**က ဘာသစ္စာ-**

"နိရောဓသစ္စာ"

ယောဂီတို့ သစ္စာ ဘယ်နှစ်ချက်ကိုက်-

"လေးချက်ကိုက်ပါတယ် ဘုရား"

အေး- သစ္စာလေးချက် တစ်ပြိုင်နက်ကိုက်သောကြောင့် ယောဂီအပေါင်း သူတော်ကောင်းတို့သည် မိမိတို့ အားထုတ်အပ်သော ဝိပဿနာဉာဏ်သည် မဂ်ဖိုလ် နိဗ္ဗာန်သို့ လျင်မြန်စွာ မျက်မှောက်ပြုနိုင်ပါစေသားလို့ ပတ္ထနာပြုရင်းနဲ့ အချိန်လဲစေ့လို့ ဒီနေ့ တော်ကြဦးစို့။

"သာဓု...သာဓု...သာဓု"



# အရှင်ဇဝန (ပဲခူး)

# [illegible] တရားတော်များ

အတွဲ (၁)

တ တိ ယ အ ကြိမ်

# ပဋိစ္စသမုပ္ပါဒ် အခြေခံ တရားတော်

*(သာသနာနှစ် ၂၅၅၃-ခု၊ ကောဇာသက္ကရာဇ် ၁၃၇၁-ခု၊ ဝါခေါင်လဆန်း (၁၁)ရက်၊ ၁-၈-၂၀၀၉(စနေနေ့)နေ့လယ်ပိုင်း၊ ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်သစ်ရပ်ကွက်၊ သုဝဏ္ဏမြို့ဦးဘုရားအနီး စံရိပ်ငြိမ်ကျောင်းတိုက်တော်အတွင်း မိုးကုတ်ဝိပဿနာ "သစ္စာဓမ္မသဘင်"၌ ဟောကြားသည်။)*

အားလုံးသော ယောဂီအပေါင်း သူတော်ကောင်းတို့ . . . .

သင့်တင့်သော ဣရိယာပုတ်မျှတသော အနေအထားအားဖြင့်ထိုင်ပြီးတော့ မြတ်ဗုဒ္ဓရဲ့ဓမ္မကို ကောင်းစွာပူဇော်နိုင်ကြ ပါပြီ။ ယနေ့ နေ့လယ်ပိုင်းတရားအဖြစ် ဦးပဥ္စင်းများတို့ ဟောကြားမည့်တရားနာမည်က **"ပဋိစ္စသမုပ္ပါဒ် အခြေခံတရားတော်"** တဲ့။ ဘာတရားလဲ။

"ပဋိစ္စသမုပ္ပါဒ် အခြေခံတရားတော်ပါ ဘုရား"

## သစ္စာဓမ္မသဘင် စတင်ပါပြီ

ပဋိစ္စသမုပ္ပါဒ်ဆိုတာ ယောဂီအပေါင်း သူတော်ကောင်းတို့ တရားအားထုတ်တဲ့ ယောဂီတွေမှာ နိဗ္ဗာန်ကိုလိုချင်ကြတဲ့ ယောဂီတွေဟာ ဘယ်လောက်အရေးကြီးသလဲ။

အဲဒါလေးကို ဒီနေ့ နေ့လယ်ခင်းမှာ ဦးဇင်းတို့ ပြောမယ်။ ယောဂီအပေါင်း သူတော်ကောင်းတို့ တရားဝင် တရား အားထုတ်တယ်ဆိုတာ တခြားလိုချင်လို့လား။ နိဗ္ဗာန်လား။

"နိဗ္ဗာန်ပါ ဘုရား"

အဲ... နိဗ္ဗာန်လိုချင်ရင် တခြားအားထုတ်ရမှာလား၊ ဝိပဿနာလား။

"ဝိပဿနာပါ ဘုရား"

ဝိပဿနာအားထုတ်မှ နိဗ္ဗာန်ရောက်မယ်ဆိုတာ မသေချာဘူးလား။

"သေချာပါတယ် ဘုရား"

အဲဒီတော့ ဝိပဿနာအားထုတ်တဲ့အခါမှာ တခြားကြည့်ရမှာလား။ ခန္ဓာကြည့်ရမှာလား။

"ခန္ဓာကြည့်ရမှာပါ ဘုရား"

ခန္ဓာကဘယ်နှစ်ပါးတုန်း။

"ငါးပါးပါ ဘုရား"

အဲဒီတော့ ခန္ဓာကိုကြည့်တဲ့အခါကြတော့ ယောဂီတွေ သူများခန္ဓာကြည့်မှာလား။ ကိုယ့်ခန္ဓာကြည့်မှာလား။

"ကိုယ့်ခန္ဓာကြည့်မှာပါ ဘုရား"

သူများခန္ဓာကြည့်ရင် သူများအပြစ်ပဲတွေ့မယ်ဆိုတာ မသေချာဘူးလား။

"သေချာပါတယ် ဘုရား"

ဒါကြောင့်မို့ ယောဂီတို့ရေ တရားအားထုတ်တဲ့အခါ သူများခန္ဓာကြည့်မလား။ ကိုယ့်ခန္ဓာကြည့်မလား။

"ကိုယ့်ခန္ဓာကြည့်မှာပါ ဘုရား"

ကိုယ့်ခန္ဓာကြီးကို ဉာဏ်နဲ့ကြည့်လိုက်တဲ့အခါကြတော့ ယောဂီတို့မှာ သတိအားတွေလဲ ကောင်းတယ်။ သမာဓိအားတွေလဲ ကောင်းတယ်ဆိုရင် ယောဂီအပေါင်းသူတော်ကောင်းတို့ ခန္ဓာကြီးကို ကြည့်လိုက်တိုင်း၊ ကြည့်လိုက်တိုင်း ဖြစ်လိုက်-

ပျက်လိုက်...

မွေးလိုက်...

သေလိုက်... ဩော်... ဒါတွေပဲ မြင်နေရမယ်ဆိုတာ မသေချာဘူးလား။

"သေချာပါတယ် ဘုရား"

ဖြစ်လိုက်၊ ပျက်လိုက်၊ မွေးလိုက်၊ သေလိုက်ဆိုတော့- ဒီခန္ဓာကြီးကို လိုချင်တဲ့ တဏှာ လာဦးမလား၊ စွဲလမ်းတဲ့ ဥပါဒါန်တွေရော လာဦးမလား။

"မလာတော့ပါဘူး ဘုရား"

ပြုလုပ်တဲ့ကံတွေရော လာဦးမလား။

"မလာတော့ပါဘူး ဘုရား"

ယောဂီတို့- တဏှာ၊ ဥပါဒါန်၊ ကံမှမလာတော့ဘူးဆိုရင် ဘဝဆိုတဲ့ ဇာတိလေးတစ်ခု ရဦးမလား။

"မရတော့ပါဘူး ဘုရား"

ဇာတိမှ မရတော့ဘူးဆိုရင် အိုစရာ လိုသေးလား။

"မလိုတော့ပါဘူး ဘုရား"

နာစရာလိုသေးလား။

"မလိုတော့ပါဘူး ဘုရား"

သေစရာလိုသေးလား။

"မလိုတော့ပါဘူး ဘုရား"

အို၊ နာ၊ သေကင်းတာ တခြားလား။ နိဗ္ဗာန်လား။

"နိဗ္ဗာန်ပါ ဘုရား"

ဒီနိဗ္ဗာန်အလိုလိုရတာလား၊ အို၊ နာ၊ သေကင်းလို့လား။

"အို၊ နာ၊ သေကင်းလို့ပါ ဘုရား"

အို၊ နာ၊ သေကလဲ အလိုလိုကင်းတာလား၊ ဘဝဇာတိချုပ်လို့လား

"ဘဝဇာတိချုပ်လို့ပါ ဘုရား"

ဘဝဇာတိကလဲ ယောဂီအပေါင်း သူတော်ကောင်းတို့ အလိုလိုချုပ်မှာလား။ သမုဒယတွေသတ်ပေးမှလား။

"သမုဒယတွေသတ်ပေးမှပါ ဘုရား"

ဪ... သမုဒယတွေ ဇာတ်သိမ်းတယ်ဆိုတာလဲ။ ရိုးရိုးနေရုံနဲ့ ဇာတ်သိမ်းမှာလား။ တရားအားထုတ်မှလား။

"တရားအားထုတ်မှပါ ဘုရား"

ယောဂီအပေါင်း သူတော်ကောင်းတို့ တရားအားထုတ်တဲ့အခါကြတော့ တခြားကြည့်ရမှာလား။ ခန္ဓာလား။

"ခန္ဓာကြည့်ရမှာပါ ဘုရား"

ခန္ဓာကိုကြည့်တဲ့အလုပ်က တခြားလား၊ ဝိပဿနာလား။

"ဝိပဿနာပါ ဘုရား"

ဝိပဿနာအလုပ်ကို လုပ်မှ ယောဂီအပေါင်း သူတော်ကောင်းတို့ ဦးဇင်းတို့ တစ်တွေ နိဗ္ဗာန်ကို ရောက်မယ်ဆိုတာ ယောဂီအပေါင်း သူတော်ကောင်းတို့ မသေချာဘူးလား။

"သေချာပါတယ် ဘုရား"

အေး... ဒါ ဦးဇင်းတို့အမြဲတမ်း ပြောပြနေတဲ့ ဓမ္မအစဉ်လေး ဟုတ်လား။

"မှန်ပါ ဘုရား"

ယောဂီအပေါင်း သူတော်ကောင်းတို့ ဒီနေ့ နေ့လယ်ပိုင်းမှာ ဦးဇင်းတို့ ဟောပြောပြသမည့်တရားက ပဋိစ္စသမုပ္ပါဒ်တဲ့။

ပဋိစ္စသမုပ္ပါဒ်ဆိုတာ တရားအားထုတ်ကြတဲ့ ယောဂီတွေ နိဗ္ဗာန်ရောက်လိုကြတဲ့ ယောဂီတွေအတွက် ဘယ်လောက် အရေးပါသလဲဆိုရင် ဘုရားကလေ-

**ယော ပဋိစ္စသမုပ္ပါဒံ ပဿတိ၊ သော ဓမ္မံ ပဿတိ။**

**ယော**- အကြင်ပုဂ္ဂိုလ်တစ်ယောက်သည်၊ **ပဋိစ္စသမုပ္ပါဒံ**- ပဋိစ္စသမုပ္ပါဒ်ကို၊ **ပဿတိ**-မြင်၏။ **သော**- ထိုပဋိစ္စသမုပ္ပါဒ် ကို မြင်သောသူသည်။ **ဓမ္မံ**- ဓမ္မကို၊ **ပဿတိ**- မြင်တယ်။ အဓိပ္ပာယ်လေး ပြောတဲ့အခါကြတော့ ပဋိစ္စသမုပ္ပါဒ်ကိုမြင်မှ တရားကို မြင်တယ်။

အဲဒီတော့ အဲဒီစကားလုံးလေး နှစ်လုံးကို ပြောင်းပြန်ပြန်လိုက်ရင် **ပဋိစ္စ**သမုပ္ပါဒ်ကို မမြင်ရင် ဘာကို မမြင်ဘူးလဲ။

"တရားကိုမမြင်ပါ ဘုရား"

ဒါကြောင့်မို့ ယောဂီအပေါင်း သူတော်ကောင်းတို့ တရားမြင်ချင်တဲ့သူလား၊ မမြင်ချင်တဲ့သူလား။

"တရားမြင်ချင်ပါတယ် ဘုရား"

တရားမြင်ချင်တဲ့သူဆိုရင် ဦးဇင်းတို့ ဒီပဋိစ္စသမုပ္ပါဒ်စက်ဝိုင်းကြီးကို ဦးဇင်းတို့ နားကိုနားလည်ရမယ်။

ဒါကြောင့်မို့ ဦးဇင်းတို့ ဒီနေ့ နေ့လယ်ပိုင်းမှာ ပဋိစ္စသမုပ္ပါဒ်တဲ့။ ဘာတဲ့လဲ။

"ပဋိစ္စသမုပ္ပါဒ်ပါ ဘုရား"

## အခြေအနေမှန်မှ အခြေခံကစကြစို့

ပဋိစ္စသမုပ္ပါဒ်ဆိုတာ ယောဂီအပေါင်း သူတော်ကောင်းတို့ အပေါ်မှာ တွေ့လား။ ပဋိစ္စသမုပ္ပါဒ်ဆိုတာ ပဋိစ္စက တစ်လုံး၊ သမုပ္ပါဒ်က တစ်လုံး။ ဘယ်နှစ်လုံး ဖြစ်သွား။

"နှစ်လုံးဖြစ်သွားတာပါ ဘုရား"

အဲဒီစကားလေးနှစ်လုံးကို မြန်မာပြန်ရင် ပဋိစ္စက-အကြောင်း၊ သမုပ္ပါဒ်က-အကျိုး၊ မြန်မာလိုပြောတဲ့အခါကြတော့ အကြောင်းနဲ့အကျိုး။ အဲ... ပဋိစ္စသမုပ္ပါဒ် ဆိုတာ အရှင်ဘုရား- ဘာလဲဘုရား မြန်မာလိုပြောရင်တော့ အကြောင်းနဲ့အကျိုး။ ဘာနဲ့ ဘာတဲ့လဲ။

"အကြောင်းနဲ့ အကျိုးပါ ဘုရား"

ဒါကြောင့်မို့ နေ့လယ်ပိုင်း ပဋိစ္စသမုပ္ပါဒ်အနေနဲ့ အခြေခံကနေစလို့ ဟုတ်ရဲ့လား။

"မှန်ပါ ဘုရား"

မိုးကုတ်ဆရာတော်ဘုရားကြီးရဲ့ လင်္ကာတွေထဲက...

**မူလနှစ်ဖြာ၊ သစ္စာနှစ်ခု၊**
**လေးခုအလွှာ၊ အင်္ဂါတစ်ဆယ့်နှစ်ပါး၊**
**တရားကိုယ်များနှင့်၊ သုံးပါးအစပ်၊**
**နှစ်ရပ်မူလ၊ ဝဋ်သုံးဝနှင့်၊**
**ကာလသုံးဖြာ၊ ခြင်းရာနှစ်ဆယ်၊**
**ဤရှစ်သွယ်ကို၊ အလွယ်ကျက်မှတ်၊**
**သိစေအပ်သည်၊ သံသရာမှလွတ်ကြောင်းတည်း။**

ဤပဋိစ္စသမုပ္ပါဒ် စက်ဝိုင်းကြီးတစ်ခုလုံး နားလည်ဖို့ မဖြစ်မနေ ရထားရမှာပါ။ အဲဒီတော့ ပဋိစ္စသမုပ္ပါဒ်စက်ဝိုင်းကြီးကို ကြည့်လိုက်လို့ရှိရင် ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီးက အကွက်အားဖြင့် လေးကွက်ထဲ။

ယောဂီအပေါင်း သူတော်ကောင်းတို့ ဒီမှာ (၁)အကွက်၊ ဒီမှာကြတော့ (၂)အကွက်၊ ဒီမှာကြတော့ (၃)အကွက်၊ ဒီမှာကြတော့ (၄)အကွက်၊ အကွက်အားဖြင့် ဘယ်နှစ်ကွက်လဲ။

"လေးကွက်ပါ ဘုရား"

အဲဒီတော့ ဦးဇင်းတို့ တစ်ခါတလေ တရားဟောလို့ ပဋိစ္စသမုပ္ပါဒ်ကြီးကို သတိရလို့ ယောဂီတို့ ပဋိစ္စသမုပ္ပါဒ် (၃)အကွက်ကို ကြည့်လိုက်ပါဆိုရင် ဒီအကွက်ကြောင့် ဟုတ်ရဲ့လား။

ယောဂီအပေါင်း သူတော်ကောင်းတို့ ဩော်...ပဋိစ္စသမုပ္ပါဒ် နှစ်အကွက်ကို ကြည့်လိုက်ပါဆိုရင် ဒီအကွက်ကြည့်ပါ။

အဲဒီတော့ ဒီပဋိစ္စသမုပ္ပါဒ်မှာ အကွက် ဘယ်နှစ်ကွက်ရှိတုန်း။ လေးကွက်။ (၁)အကွက်၊ (၂)အကွက်၊ (၃)အကွက်၊ (၄)အကွက်၊ အကွက်အားဖြင့် ဘယ်နှစ်ကွက်လဲ။

"လေးကွက်ပါ ဘုရား"

အဲဒီတော့ လက်ာလေးအတိုင်း နည်းနည်းလောက်အစ,ကနေ ပြန်စရအောင်နော်။ မူလနှစ်ဖြာ၊ ဘာတဲ့လဲ...။

"မူလနှစ်ဖြာပါ ဘုရား"

မူလနှစ်ဖြာဆိုတာ ယောဂီအားလုံး သိကြတာ၊ တော်တော်များပါတယ်။ အလယ်တည့်တည့်ကြည့်လိုက်ပါ။ အဝိဇ္ဇာနဲ့ တဏှာပါပဲ။ ဘာနဲ့ဘာလဲ။

"အဝိဇ္ဇာနဲ့ တဏှာပါ ဘုရား"

မူလနှစ်ဖြာဆိုတာ တခြားလား။ အဝိဇ္ဇာနဲ့ တဏှာလား။

"အဝိဇ္ဇာနဲ့ တဏှာပါ ဘုရား"

ဩော်...မူလနှစ်ဖြာပြီးတော့ ဘယ်ကိုသွားမလဲ၊ သစ္စာနှစ်ခု၊ ယောဂီတို့ ဘာတဲ့လဲ။

"သစ္စာနှစ်ခုပါ ဘုရား"

သစ္စာနှစ်ခုဆိုတာ (၁)အကွက်ကနေ စပြီးတော့ ပဋိစ္စသမုပ္ပါဒ်စက်ဝိုင်းကြီးကို ကြည့်လိုက်မယ်ဆိုရင် များသောအားဖြင့် ဘယ်အကွက်က စပြီးကြည့်ရမယ်ဆိုရင် (၁)အကွက်ကပဲ များသောအားဖြင့် စကြည့်ရမယ်။ အဲဒီတော့ ယောဂီတို့ မူလနှစ်ဖြာက ဘာနဲ့ဘာလဲ။

"အဝိဇ္ဇာနဲ့ တဏှာပါ ဘုရား"

သစ္စာနှစ်ခုဆိုတာ ဘာတဲ့လဲ။

"သစ္စာနှစ်ခုပါ ဘုရား"

(၁)အကွက်မှာ ဘာသစ္စာတွေ့လဲ။

"သမုဒယသစ္စာပါ ဘုရား"

ဩော်... (၂)အကွက်မှာ ဘာသစ္စာတွေ့လဲ။

"ဒုက္ခသစ္စာပါ ဘုရား"

အဲ... (၃)အကွက်မှာ ဘာသစ္စာတွေ့လဲ။

"သမုဒယသစ္စာပါ ဘုရား"

(၄)အကွက်မှာ ဘာသစ္စာတွေ့လဲ။

"ဒုက္ခသစ္စာပါ ဘုရား"

အဲဒါကို သစ္စာနှစ်ခု၊ ယောဂီတို့ ဘာတဲ့လဲ။

"သစ္စာနှစ်ခုပါ ဘုရား"

အရှင်ဘုရားက သစ္စာနှစ်ခုလို့သာ ပြောတယ် ။ အရှင်ဘုရားထောက်တာက လေးခုဆိုတော့ တူမနေဘူးလား။

"တူနေပါတယ် ဘုရား"

ဒီသမုဒယနဲ့ ဒီသမုဒယပေါင်းတော့ တစ်ခု၊ ဟုတ်လား။

"မှန်ပါ ဘုရား"

ဒီဒုက္ခသစ္စာနဲ့ ဒီဒုက္ခသစ္စာပေါင်းတော့ တစ်ခုဆိုတာ ပေါင်းတော့ဘယ်နှစ်ခု ရတုန်း။ နှစ်ခုရတယ်။ အဲဒါကို တခြားခေါ်တာလား။ သစ္စာနှစ်ခုလား။

"သစ္စာနှစ်ခုပါ ဘုရား"

ယောဂီတို့ အဲဒီတော့ သစ္စာနှစ်ခုဆိုတော့ တချို့တချို့ နားမလည်တဲ့ ပုဂ္ဂိုလ်တွေက ပြောဗျနော်။

ဟာ... မင်းတို့ မိုးကုတ်စက်ဝိုင်းတွေကကွာ အင်္ဂါမစုံဘူးတဲ့။

နားမလည်လို့ ပြောတာနော်။ အင်္ဂါမစုံဘူးဆိုတာ ဘာဖြစ်လို့ မစုံတာလဲ ဆိုတော့ ဘုရားက ဟောထားတာ သစ္စာလေးပါး။ ဘုရားက ဟောထားတာ သစ္စာ ဘယ်နှစ်ပါးလဲ။

"လေးပါးပါ ဘုရား"

အဲဒီတော့ မိုးကုတ်ဆရာတော်ဘုရားကြီးက မိုးကုတ်စက်ဝိုင်းမှာ သစ္စာ ဘယ်နှစ်ခု ပြထားတုန်း။

"နှစ်ခုပါ ဘုရား"

နှစ်ပါးပဲပြထားတယ်။ ဒုက္ခသစ္စာနဲ့ သမုဒယသစ္စာ။ ဒုက္ခသစ္စာနဲ့ သမုဒယ သစ္စာနှစ်ပါးပဲ ပြထားတော့ ရှိတာကသစ္စာလေးပါးဆိုတော့ အင်္ဂါမညီဘူးတဲ့။

ယောဂီအပေါင်း သူတော်ကောင်းတို့ သိလို့လား။ မသိလို့လား။ မသိလို့ပေါ့ ပြောကြတာ။ တကယ်တော့ ပဋိစ္စသမုပ္ပါဒ်ကို စကတည်းကလည်ပုံကို ပြတာလား။ ရပ်ပုံကိုပြတာလား။

"လည်ပုံကိုပြတာပါ ဘုရား"

ပဋိစ္စသမုပ္ပါဒ်ဆိုတာ တခြားလား၊ လည်တာလား။

"လည်တာပါ ဘုရား"

အကြောင်းဖြစ်ပြီးတော့ အကျိုးဖြစ်၊ အကျိုးဖြစ်ပြီးတော့ တစ်ခါအကြောင်း ပြန်လုပ်၊ အကြောင်းပြန်ဖြစ် ပြီးတော့ ဘာပြန်ဖြစ်ပြီလဲ။

"အကျိုးပြန်ဖြစ်တာပါ ဘုရား"

နေ့စဉ်... ဦးဇင်းတို့ လုပ်နေကြအတိုင်းပေါ့ဗျာ။ စားတယ်၊ စားပြီးတော့ ဘာလုပ်လဲ။

အိပ်တယ်။ မအိပ်သေးဘူး။ သွားတာပေါ့။

စားပြီးရင် ဘာလုပ်တာလဲ။ ပဋိစ္စသမုပ္ပါဒ်ဆိုတာ တချို့ကပြောတယ်။ အရှည်ကြီးတဲ့၊ ယောဂီတို့ မရှည်ပါဘူး။ ပဋိစ္စသမုပ္ပါဒ်ဆိုတာ လည်နေတာ နီးနီးလေးပဲ။ စားတယ်၊ စားပြီးတော့ သွားတယ်။ သွားပြီးတော့ ရပ်လားဆိုတော့ မရပ်ပါဘူး။ ပြန်စားတာပဲ။

ပြန်ရပ်ပြီးတဲ့အခါကြတော့ ပြန်စားတာပဲ။ စားပြီးတော့ မသွားပြန်ဘူးလား။

"သွားပါတယ် ဘုရား"

တခြားလား၊ လည်နေတာလား။

"လည်နေတာပါ ဘုရား"

အေး... ဒါကြောင့်မို့ ယောဂီတို့ ဒီစက်ဝိုင်းဒေသနာမှာ မိုးကုတ်ဆရာတော်ဘုရားကြီးက တကယ်တော့ သစ္စာနှစ်ပါးကိုပဲပြထားတာ။

## ကဗျာလေးတွေ သိအောင်လုပ်

အဲဒီဘဝစန္ဒာသံသရာတွေ လည်နေကြရတာ ဘာသစ္စာနဲ့ ဘာသစ္စာဆိုရင် ဒုက္ခသစ္စာနဲ့ သမုဒယသစ္စာ ဒီသစ္စာနှစ်ခုပဲ။ အဲဒီတော့ ဘုရားအစရှိတဲ့ သူတော်ကောင်းတွေက သစ္စာလေးပါးမှာ အယုတ်သစ္စာနဲ့ အမြတ်သစ္စာတဲ့။ သစ္စာ ဘယ်နှစ်မျိုးလဲ။

"နှစ်မျိုးပါ ဘုရား"

ဒါဆိုရင် အရှင်ဘုရား အယုတ်သစ္စာက ဘာလဲဆိုရင် ယောဂီတို့ အခုသိနေတဲ့ ဒုက္ခသစ္စာနဲ့ သမုဒယသစ္စာ။ အမြတ်သစ္စာက ဘာတွေလဲဆိုရင် မဂ္ဂသစ္စာနဲ့ နိရောဓသစ္စာ။

အဲဒီတော့ ဦးဇင်းတို့၊ ယောဂီတို့ နားလည်ထားရမှာက ဦးဇင်းတို့ကျင်လည်ရတဲ့ ဘဝသံသရာခရီးကြမ်းတစ်ခုမှာ အယုတ်သစ္စာ နှစ်ပါးနဲ့ပဲ ဦးဇင်းတို့ ကျင်လည်ကြရတာ။ မဂ္ဂသစ္စာနဲ့တွေ့ ပြီလား။

"မတွေ့သေးပါဘူး ဘုရား"

မတွေ့သေးဘူး။ တွေ့ခဲ့လို့ရှိရင် ဘုရားတွေ၊ ရဟန္တာတွေ အမြတ်သစ္စာနဲ့ တွေ့ခဲ့ကြလို့ အခုရှိသေးလား။

"မရှိပါဘူး ဘုရား"

အခြားသွားတာလား နိဗ္ဗာန်သွားတာလား။

"နိဗ္ဗာန်ပါ ဘုရား"

နိဗ္ဗာန်သွားနေကြပြီ တခြားနဲ့တွေ့တာလား။ အမြတ်သစ္စာနဲ့ တွေ့လို့လား။

"အမြတ်သစ္စာနဲ့ပါ ဘုရား"

ဒါကြောင့်မို့လို့ အင်္ဂါစုံတဲ့တရားပါ။

မိုးကုတ်တရားဆိုတာ ဉာဏ်နဲ့ သစ္စာတရားကို ပြနေတဲ့အတွက်ကြောင့် မဂ္ဂသစ္စာနဲ့ နိရောဓသစ္စာကို ဆရာတော်ဘုရားကြီးက မထားခဲ့ဘူးလား။

"ထားခဲ့ပါတယ် ဘုရား"

ဒါကြောင့်မို့လို့ ယောဂီတို့ ပြန်ပြီးတော့ပြောမယ်။မူလနှစ်ဖြာဆိုတာ ဘာနဲ့ဘာ။

"အဝိဇ္ဇာနဲ့ တဏှာပါ ဘုရား"

သစ္စာနှစ်ခုဆိုတာက သမုဒယသစ္စာ၊ ဒုက္ခသစ္စာ၊ ယောဂီတို့ သစ္စာ ဘယ်နှစ်ခုလဲ။

"နှစ်ခုပါ ဘုရား"

သစ္စာနှစ်ခုပြီးတဲ့အခါကြတော့ လင်္ကာလေးက ဘာဆက်ဆိုလဲ။ လေးခုအလွှာ၊ အလွှာအားဖြင့် ဘယ်နှစ်လွှာတဲ့လဲ။

"လေးလွှာပါ ဘုရား"

ယောဂီတို့ကို ဦးဇင်းကပြောပြီးပါပြီ ပဋိစ္စသမုပ္ပါဒ်စက်ဝိုင်းကို စကြည့်ပြီဆိုရင် ဘယ်အကွက်ကနေစပြီးတော့ ကြည့်လို့ပြောလဲ။

"တစ်အကွက်ပါ ဘုရား"

တစ်အကွက်က စကြည့်လို့ပြောတဲ့အခါကြတော့ အခုအလွှာက ဘယ်နှစ်လွှာလဲ။

"လေးလွှာပါ ဘုရား"

လေးလွှာဆိုတဲ့အခါကြတော့ ဟော... သမုဒယရဲ့အကွက်ကို ကြည့်လိုက်၊ အတိတ်အကြောင်းတစ်လွှာ၊ ပစ္စုပ္ပန်အကျိုးတစ်လွှာ၊ ပစ္စုပ္ပန်အကြောင်း တစ်လွှာ၊ အနာဂတ်အကျိုးတစ်လွှာ၊ အလွှာအားဖြင့် ဘယ်နှစ်လွှာ။

"လေးလွှာပါ ဘုရား"

လေးလွှာ။ အဲဒါကို အခြားခေါ်တာလား။ လေးခုအလွှာခေါ်တာလား။

"လေးခုအလွှာခေါ်တာပါ ဘုရား"

ကဲ... ဒါဆိုရင် ယောဂီတို့ ပြန်စကြရအောင်၊ မူလနှစ်ဖြာဆိုတာ အဝိဇ္ဇာနဲ့ တဏှာ၊ သစ္စာနှစ်ခုဆိုတာ ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ သမုဒယသစ္စာ၊ ဒုက္ခသစ္စာ လေးခုအလွှာဆိုတာက အတိတ်အကြောင်းတစ်လွှာ၊ ပစ္စုပ္ပန်အကျိုးတစ်လွှာ၊ ပစ္စုပ္ပန် အကြောင်းတစ်လွှာ၊ အနာဂတ်အကျိုးတစ်လွှာ၊ အလွှာအားဖြင့် ဘယ်နှစ်လွှာလဲ။

"လေးလွှာပါ ဘုရား"

လေးခုအလွှာပြီးတော့ လင်္ကာလေးက ဘာဆက်ဆိုလဲ အင်္ဂါတစ်ဆယ့်နှစ်ပါး။ အင်္ဂါတစ်ဆယ့်နှစ်ပါးကို ရှာပြန်တော့လဲ တခြားအကွက်ကရှာမှာလား။ (၁)အကွက်က ရှာမှာလား။

"(၁)အကွက်က ရှာမှာပါ ဘုရား"

သြော်... (၁)အကွက်က ရှာတဲ့အခါကြတော့ စာလုံးအကြီးဆုံး၊ အမည်းလုံး စာလုံး ဆိုကြည့်လိုက်ပါ။ ဘာနဲ့ ဘာတဲ့လဲ။

"အဝိဇ္ဇာနဲ့ သင်္ခါရပါ ဘုရား"

အင်္ဂါတစ်ဆယ့်နှစ်ပါးဆိုတော့ အဝိဇ္ဇာနဲ့ သင်္ခါရ ဘယ်နှစ်ပါးရပြီလဲ။

"နှစ်ပါးပါ ဘုရား"

ကဲ... ဆက်ပြီးတော့ ဆိုရအောင်။ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ ယောဂီတို့ ဘယ်နှစ်မျိုးလဲ။

"ငါးမျိုးပါ ဘုရား"

အပေါ်ကနှစ်မျိုးနဲ့ အောက်ကငါးမျိုးနဲ့ ပေါင်းတော့ ဘယ်နှစ်မျိုးလဲ။

"ခုနစ်မျိုးပါ ဘုရား"

ခုနစ်မျိုးရှိသွားပြီ။ အင်္ဂါက ဘယ်နှစ်ပါးလဲ။

"တစ်ဆယ့်နှစ်ပါးပါ ဘုရား"

အဲ... တစ်ဆယ့်နှစ်ပါး ဟုတ်ပြီလား။

ဒါဆိုရင် (၃)အကွက်ကို ကြည့်လိုက်ပါဦး။ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ။

ဟိုက... ခုနစ်ပါးရယ်၊ ဒီကသုံးပါးရယ်ပေါင်းတော့-

"ဆယ်ပါးပါ ဘုရား"

ဩော်... ယောဂီတို့ ဘယ်နှစ်ပါးရှိသွားပြီလဲ။

"ဆယ်ပါးရှိပါပြီ"

(၄)အကွက် ကြည့်လိုက်ပါဦး။

ဇာတိ၊ ဇရာမရဏ၊ ဘယ်နှစ်ပါးလဲ။

"နှစ်ပါးပါ ဘုရား"

အားလုံးပေါင်းလိုက်ရင် ယောဂီတို့ တခြားလား။ တစ်ဆယ့်နှစ်ပါးလား။ အဲဒီ တစ်ဆယ့်နှစ်ပါးကို ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီးက အင်္ဂါ တစ်ဆယ့်နှစ်ပါးတဲ့၊ အင်္ဂါ ဘယ်နှစ်ပါးလဲ။

"တစ်ဆယ့်နှစ်ပါးပါ ဘုရား"

အင်္ဂါတစ်ဆယ့်နှစ်ပါးကို အားလုံး ဓမ္မယောဂီအပေါင်း သူတော်ကောင်းတို့ ပြန်ရေတွက်ကြည့်ရအောင်။

အဝိဇ္ဇာ၊ သင်္ခါရ၊ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ၊ ဇာတိ၊ ဇရာမရဏ ယောဂီတို့ အင်္ဂါဘယ်နှစ်ပါးလဲ။

"တစ်ဆယ့်နှစ်ပါးပါ ဘုရား"

အင်္ဂါတစ်ဆယ့်နှစ်ပါး ပြီးတဲ့အခါကြတော့ လက်ာက တရားကိုယ်များနှင့် ဘာတဲ့လဲ။

"တရားကိုယ်များနှင့်ပါ ဘုရား"

တရားကိုယ်များနှင့် ဆိုတာကတော့ တခြားမဟုတ်ဘူး။ ယောဂီတို့... အဲဒီ အင်္ဂါတစ်ဆယ့်နှစ်ပါးရဲ့ အဓိပ္ပာယ်ကို ပြောတာနော်။ အဲဒီအဓိပ္ပာယ်တွေကို နောက်မှ

သီးခြားပြောမယ်။ လောလောဆယ် ရှေ့ဆက်သွားရအောင်။ တရားကိုယ်များနှင့်ပြီးတော့ သုံးပါးအစပ်လာ ယောဂီတို့ ဘာတဲ့လဲ။

"သုံးပါးအစပ်ပါ ဘုရား"

သုံးပါးအစပ်ဆိုတော့ အစပ်အားဖြင့် သုံးစပ်တဲ့။ အဲဒီတော့ (၁)အကွက်နဲ့ (၂)အကွက်နဲ့ တစ်စပ်၊ ယောဂီအပေါင်း သူတော်ကောင်းတို့ (၁)အကွက်မှာ သင်္ခါရ၊ (၂)အကွက်မှာ ဝိညာဏ် မတွေ့ဘူးလား။

အဲဒီမှာ စပ်ဆိုတာ ရေးထားတာ တွေ့တယ်နော်။ အဲဒီတော့ ယောဂီတို့ ပြန်ပြီးတော့ ကြည့်ရအောင်။ သင်္ခါရနဲ့ ဝိညာဏ်ကတစ်စပ် ဘာတဲ့လဲ။ သင်္ခါရနဲ့ ဝိညာဏ်တစ်စပ်။ ဒီမှာ ဝေဒနာနှင့်တစ်စပ်။ နောက်ပြီးတော့ ကမ္မဘဝနှင့် ဇာတိတစ်စပ် အစပ်အားဖြင့် ဘယ်နှစ်စပ်လဲ။

"သုံးစပ်ပါ ဘုရား"

ပြန်ပြောရအောင်...သင်္ခါရနှင့် ဝိညာဏ်တစ်စပ်၊ ဝေဒနာနှင့် တဏှာတစ်စပ်၊ ကမ္မဘဝနဲ့ ဇာတိတစ်စပ် အဲဒီအစပ်သုံးပါး။ အဲ... သုံးပါးအစပ်တဲ့။ သုံးပါးအစပ်ပြီးတော့ ဟိုဘက်က ဘာလာလဲ။

"နှစ်ရပ်မူလပါ ဘုရား"

ယောဂီတို့ ဘာတဲ့လဲ...

"နှစ်ရပ်မူလပါ ဘုရား"

နှစ်ရပ်မူလဆိုတာကတော့ ဦးဇင်းတို့ မူလနှစ်ဖြာတုန်းက အဝိဇ္ဇာနှင့် တဏှာ၊ မူလနှစ်ဖြာတုန်းက ဘာနဲ့ဘာလဲ။

"အဝိဇ္ဇာနှင့် တဏှာပါ ဘုရား"

နှစ်ရပ်မူလကျတော့ အဲဒီမှာ ဆရာတော်ဘုရားအမျိုးမျိုးက တချို့ကလေ နှစ်ရပ်မူလဆိုတာ ဘာထူးလဲကွာတဲ့။ အဝိဇ္ဇာနှင့် တဏှာပါပဲတဲ့။

## နှုတ်ကရွတ်ဆိုတိုင်း ခန္ဓာက သိနေပါစေ

တချို့ကလည်း နည်းနည်းလေးထူးချင်တဲ့ အခါကြတော့ မူလနှစ်ဖြာဆိုတာ အဝိဇ္ဇာနှင့် တဏှာကွ...တဲ့။ နှစ်ရပ်မူလဆိုတာ တဏှာနှင့်အဝိဇ္ဇာကွတဲ့။ ပြောင်းပြန်လုပ်လိုက်တာ။ ယောဂီတို့ တိုးလာသလား။

"မတိုးပါဘူး ဘုရား"

ထူးကောထူးလာသလား။

"မထူးပါ ဘုရား"

မထူးတဲ့အခါကြတော့ ယောဂီအပေါင်း သူတော်ကောင်းတို့ နည်းနည်းလေး ထူးချင်တဲ့ဆန္ဒရှိရင် မူလနှစ်ဖြာကို အဝိဇ္ဇာနဲ့ တဏှာလို့မှတ်။ နှစ်ရပ်မူလကို တဏှာနဲ့ အဝိဇ္ဇာလို့မှတ်။ ဒါဆို မှတ်လို့ရပြီလား။

"ရပါပြီ ဘုရား"

ဒါဆိုရင်ပြော... မူလနှစ်ဖြာဆိုတာ ဘာနဲ့ဘာ။

"အဝိဇ္ဇာနှင့် တဏှာပါ ဘုရား"

အဲ... နှစ်ရပ်မူလဆိုတာ ဘာနဲ့ဘာ။

"တဏှာနဲ့ အဝိဇ္ဇာပါ ဘုရား"

အေး... ဒါဆိုရင် မူလနှစ်ဖြာပြီးပြီ။

ဝဋ်သုံးဝနှင့် ဝဋ်အားဖြင့် ဘယ်နှစ်ဝလဲ။

"သုံးဝပါ ဘုရား"

ဝဋ်သုံးဝဆိုတာက ယောဂီတို့ (၁)အကွက်မှာ ကြည့်လိုက်နော်။ ကိလေသာဝဋ်က သုံးပါး၊ ကမ္မဝဋ်က နှစ်ပါး၊ ဝိပါကဝဋ် ရှစ်ပါး၊ သူတော်ကောင်းတို့ ဘယ်နှစ်ပါးလဲ။

"သုံးပါးပါ ဘုရား"

ဝဋ်သုံးဝ၊ ဝဋ်ဘယ်နှစ်ပါးလဲ။

"သုံးပါးပါ ဘုရား"

ကိလေသဝဋ်သုံးပါး၊ ကမ္မဝဋ်နှစ်ပါး၊ ဝိပါကဝဋ်ရှစ်ပါး။ ဘယ်နှစ်ပါးလဲ။

"သုံးပါးပါ ဘုရား"

အဲဒီ- ဝဋ်သုံးဝကို သိစေချင်တာက ကိလေသဝဋ်က ဘယ်နှစ်ပါးလဲ။

"သုံးပါးပါ ဘုရား"

ကိလေသဝဋ်သုံးပါးမှာ ယောဂီအပေါင်း သူတော်ကောင်းတို့ ဒီမှာမြားလေးပြထားတယ်။ အဝိဇ္ဇာတစ်လုံး ရပြီနော်။

အဲဒီ အဝိဇ္ဇာ အောက်ကနေ တန်းနေတာတွေ့လား။ အသစ်တွေကို ပြောတာပါ။ အဆင့်မြင့်ယောဂီတွေအတွက် သိပ်မရည်ရွယ်ပါဘူး။ တော်ကြာတော့ အသစ်တွေက အရှင်ဘုရား ဒီအတန်းလေးက ဘာလုပ်တာလဲ ပြောစမ်းပါလို့ ဖြစ်နေမှာ။ ကိလေသဝဋ် သုံးပါးဆိုတာ အဝိဇ္ဇာရယ်၊ တဏှာရယ်၊ ဥပါဒါန်ရယ်။ ယောဂီတို့ ဘယ်နှစ်မျိုးလဲ။

"သုံးမျိုးပါ ဘုရား"

ကိလေသဝဋ်၊ ဘယ်နှစ်ပါးလဲ။

"သုံးပါးပါ ဘုရား"

ကဲ... ပြောကြည့်ရအောင် ကိလေသဝဋ်သုံးပါး၊ အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်။ ကမ္မဝဋ်က ဘယ်နှစ်ပါးလဲ။

"နှစ်ပါးပါ ဘုရား"

ကမ္မဝဋ်နှစ်ပါးကြတော့ သင်္ခါရရယ်၊ ကြိုးလေးတန်းပြီးတော့ ဒီမှာ ထောက်လျှောက်၊ ကမ္မဘဝရယ်ဆိုတော့ ဘယ်နှစ်ပါးလဲ။

"နှစ်ပါးပါ ဘုရား"

အဲဒါကို အခြားခေါ်တာလား။ ကမ္မဝဋ်နှစ်ပါးလို့ ခေါ်တာလား။

"ကမ္မဝဋ်နှစ်ပါးလို့ ခေါ်တာပါဘုရား"

နောက်ပြီးတော့ ဝိပါကဝဋ်ရှစ်ပါး၊ ဝိပါကဝဋ်ဘယ်နှစ်ပါးလဲ။

"ရှစ်ပါးပါ ဘုရား"

ဝိပါကဝဋ်ရှစ်ပါးက ယောဂီတို့ ဒီမှာကြည့် ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ ဇာတိ၊ ဇရာမရဏ၊ ဥပပတ္တိဘဝ ဘယ်နှစ်မျိုးလဲ။

"ရှစ်မျိုးပါ ဘုရား"

အဲဒါကို အခြားခေါ်တာလား။ ဝိပါကဝဋ်ရှစ်ပါးလို့ ခေါ်တာလား။

"ဝိပါကဝဋ် ရှစ်ပါးလို့ခေါ်တာပါ ဘုရား"

ဒါဆိုရင် ပြန်ပြီးတော့ ကြည့်ရအောင် ဝဋ်ဘယ်နှစ်ပါးရှိလဲ။

"သုံးပါးပါ ဘုရား"

အဲဒီတော့ ကိလေသဝဋ်က ဘယ်နှစ်ပါးရှိလဲ။

"သုံးပါးပါ ဘုရား"

ကမ္မဝဋ်ဘယ်နှစ်ပါးရှိလဲ။

"နှစ်ပါးပါ ဘုရား"

ကဲ... ကိလေသဝဋ်က အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ ကမ္မဝဋ်နှစ်ပါးက သင်္ခါရ၊ ကမ္မဘဝ၊ ဝိပါကဝဋ်ရှစ်ပါးက ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ ဇာတိ၊ ဇရာမရဏ၊ ဥပပတ္တိဘဝ ယောဂီတို့ ဘယ်နှစ်ပါး။

"ရှစ်ပါးပါ ဘုရား"

ရှစ်ပါးကို တခြားခေါ်တာလား။ ဝိပါကဝဋ်ရှစ်ပါး ခေါ်တာလား။

"ဝိပါကဝဋ်ရှစ်ပါး ခေါ်တာပါ ဘုရား"

ဝိပါကဝဋ်ရှစ်ပါး။ အဲဒါကို ဝဋ်သုံးဝပြီးစေ။

ကာလသုံးဖြာ ကြည့်တော့လဲ တခြားအကွက်က ကြည့်ရမှာလား။ (၁)အကွက်က ကြည့်ရမှာလား။

"(၁)အကွက်က ကြည့်ရမှာပါ ဘုရား"

(၁)အကွက်ပဲ ကြည့်တဲ့အခါကြတော့ လွန်လေပြီးသော အတိတ်ကာလ ဦးဇင်းတို့ ဒီ (၂)အကွက်နဲ့ (၃)အကွက် ပေါင်းပြီးတော့ ယခုဖြစ်တဲ့ ပစ္စုပ္ပန်ကာလ၊ ကာလဘယ်နှစ်မျိုးရှိပြီလဲ။ နှစ်မျိုးရှိသွားပြီ။ လွန်လေပြီးသော အတိတ်ကာလ၊ ယခုဖြစ်ဆဲ ပစ္စုပ္ပန်ကာလ ဟုတ်ပြီလား။ ဟော- နံပါတ်(၄) အကွက်မှာ နောင်ဖြစ်လတ္တံ့ အနာဂတ်ကာလ။ ယောဂီတို့ ကာလ ဘယ်နှစ်မျိုးလဲ။

"သုံးမျိုးပါ ဘုရား"

ကာလသုံးဖြာပြီးတော့ ယောဂီတို့ ဟိုဘက်မှာ ခြင်းရာနှစ်ဆယ်၊ ခြင်းရာက ဘယ်လောက်လဲ။

"နှစ်ဆယ်ပါ ဘုရား"

အခြင်းအရာအားဖြင့် နှစ်ဆယ်ဆိုတော့ ယောဂီအပေါင်း သူတော်ကောင်းတို့ ဦးဇင်းတို့က ပြောပြောနေပါတယ်။ အကွက်တွေကိုကြည့်တဲ့အခါမှာ အကွက်လေးကွက်ရှိတဲ့အထဲမှာ ဘယ်အကွက်က စကြည့်ရမှာလဲ။ (၁)အကွက်က စကြည့်ရမယ်ဆိုတော့ ဒီမှာ အတိတ်အကြောင်း အခြင်းအရာ ငါးပါး။

ယောဂီတို့ ဒီမှာ အနီတန်းလေးတွေ့လား။ အတိတ်အကြောင်းအခြင်းအရာ ငါးပါး... ဟုတ်ပြီလား။ ပစ္စုပ္ပန် အကျိုးအခြင်းအရာ ငါးပါး၊ ငါးနှစ်လီဆိုတော့ ဘယ်လောက်လဲ။ နံပါတ်(၃)အကွက်မှာကြည့် ပစ္စုန်ပ္ပန် အကြောင်းအခြင်းအရာငါးပါး။

နံပါတ်(၄) အကွက်ကြည့်တော့ အနာဂတ် အကျိုးအခြင်းအရာ ငါးပါ-ငါးလေးလီဆိုတော့ ဘယ်လောက်လဲ။

"နှစ်ဆယ်ပါ ဘုရား"

အဲဒီနှစ်ဆယ်ကို တခြားခေါ်တာလား၊ အခြင်းအရာနှစ်ဆယ် ခေါ်တာလား။

"ခြင်းရာနှစ်ဆယ်ပါ ဘုရား"

အဲဒီ အသွယ်သွယ်လေးတွေကို လိုက်ပြီးတော့ ကြည့်မယ်ဆိုရင် အသွယ်အားဖြင့် ရှစ်သွယ်ရှိတယ်။ အသွယ်အားဖြင့် ဘယ်နှစ်သွယ်လဲ။

"ရှစ်သွယ်ပါ ဘုရား"

ကဲ...ပြန်ပြီးတော့စကြရအောင် ဟုတ်ပြီလား။ မူလနှစ်ဖြာဆိုတာ ဘာနဲ့ဘာ။

"အဝိဇ္ဇာနှင့် တဏှာပါ ဘုရား"

သစ္စာနှစ်ခုက ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ သမုဒယသစ္စာ၊ ဒုက္ခသစ္စာ၊ လေးခု အလွှာဆိုတာ အတိတ်အကြောင်း တစ်လွှာ၊ ပစ္စုပ္ပန်အကျိုး တစ်လွှာ၊ ပစ္စုပ္ပန် အကြောင်း တစ်လွှာ၊ အနာဂတ်အကျိုးတစ်လွှာ။

အင်္ဂါတစ်ဆယ့်နှစ်ပါး၊ အဝိဇ္ဇာ၊ သင်္ခါရ၊ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ၊ ဇာတိ၊ ဇရာမရဏ အင်္ဂါဘယ်နှစ်ပါးလဲ။

"တစ်ဆယ့်နှစ်ပါးပါ ဘုရား"

အင်္ဂါတစ်ဆယ့်နှစ်ပါးပြီးတော့ တရားကိုယ်များနှင့် တရားကိုယ်များနှင့် ဆိုတာ အဲဒီ အင်္ဂါတစ်ဆယ့်နှစ်ပါးရဲ့ အဓိပ္ပာယ်ပါ။ နောက်မှပြောမယ်နော်။ သုံးပါးအစပ်တဲ့။ အစပ်အားဖြင့် ဘယ်နှစ်စပ်တဲ့လဲ။ ဟော...သင်္ခါရနှင့် ဝိညာဏ်တစ်စပ်။ ဝေဒနာနှင့် တဏှာတစ်စပ်၊ ကမ္မဘဝနှင့် ဇာတိတစ်စပ် အစပ်အားဖြင့် ဘယ်နှစ်စပ်လဲ။

"သုံးစပ်ပါ ဘုရား"

ဝဋ်သုံးဝနှင့် ယောဂီတို့ ဩော်...သုံးပါးအစပ်ပြီးတော့ ဘာလာလဲ၊ နှစ်ရပ်မူလ ဟုတ်ရဲ့လား။

"မှန်ပါ ဘုရား"

မူလနှစ်ဖြာတုန်းက ဘာနဲ့ဘာ အဝိဇ္ဇာနှင့် တဏှာ၊ ဒါနည်းနည်းလေး ယောဂီ အပေါင်း သူတော်ကောင်းတို့ ဖြေရတာ ထူးသလိုလိုလေး၊ ထူးကော ထူးရဲ့လား။ မထူးဘူး။ ဝဋ်သုံးဝနှင့် ဘာတဲ့လဲ...

"ဝဋ်သုံးဝပါ ဘုရား"

ဝဋ်သုံးဝဆိုတာ ဆိုမယ် ကိလေသဝဋ်သုံးပါး၊ ကမ္မဝဋ်နှစ်ပါး၊ ဝိပါကဝဋ်ရှစ်ပါး၊ ဝဋ်ဘယ်နှစ်ပါးလဲ။

"သုံးပါးပါ ဘုရား"

အဲဒီတော့ ယောဂီအပေါင်းသူတော်ကောင်းတို့ ပြောကြည့်ပါဦး၊ ကိလေသဝဋ် သုံးပါးက အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်။ ကမ္မဝဋ်နှစ်ပါးက သင်္ခါရနှင့် ကမ္မဘဝ။ ဝိပါကဝဋ်ရှစ်ပါးက ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ ဇာတိ၊

ဇရာမရဏ၊ ဥပပတ္တိဘဝ။ အဲဒါကို အခြားခေါ်တာလား။ ဝိပါကဝဋ်ရှစ်ပါးလား။

"ဝိပါကဝဋ် ရှစ်ပါးခေါ်တာပါ ဘုရား"

ဝဋ်သုံးဝပြီးတဲ့အခါကြတော့ ကာလသုံးဖြာဆိုတဲ့အခါကြတော့ (၁)အကွက်ကို ကြည့်။ လွန်လေပြီးသော အတိတ်ကာလ၊ ယခုဖြစ်ဆဲ ပစ္စုပ္ပန်ကာလ၊ နောင်ဖြစ်လတ္တံ့ အနာဂတ်ကာလ၊ ကာလ ဘယ်နှစ်ဖြာလဲ။

"သုံးဖြာပါ ဘုရား"

ဟော- ခြင်းရာနှစ်ဆယ်၊ ခြင်းရာဘယ်နှစ်ဆယ်လဲ။

"နှစ်ဆယ်ပါ ဘုရား"

## တရားသိဖို့ တရားကိုနာပါ

ဟော... နံပါတ်(၁) အကွက်ကိုကြည့် အနီတန်းကြီး အတိတ်အကြောင်း အခြင်းအရာငါးပါး၊ ပစ္စုပ္ပန် အကျိုးအခြင်းအရာ ငါးပါး၊ ပစ္စုပ္ပန်အကြောင်းအခြင်း အရာငါးပါး၊ အနာဂတ်အကျိုးအခြင်းအရာငါးပါး၊ ယောဂီအပေါင်း သူတော်ကောင်းတို့ ငါးလေးလီဆိုတော့ ဘယ်လောက်လဲ။

"နှစ်ဆယ်ပါ ဘုရား"

အဲဒီတော့ အတိတ်အကြောင်းအခြင်းအရာ ငါးပါးကို ပြန်ပြောကြည့်ရ အောင်။ အဝိဇ္ဇာ၊ သင်္ခါရ၊ တဏှာ၊ ဥပါဒါန်၊ ဘဝ။ ဘယ်နှစ်ပါးလဲ။

"ငါးပါးပါ ဘုရား"

ဟော ပစ္စုပ္ပန်အကျိုးအခြင်းအရာငါးပါးကို ပြန်ပြောကြည့်ရအောင် ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ ဘယ်နှစ်ပါးလဲ။

"ငါးပါးပါ ဘုရား"

အဲဒီတော့ ဒီကငါးပါး၊ ဒီကငါးပါးပေါင်းတော့ ဘယ်လောက်လဲ။

"ဆယ်ပါးပါ ဘုရား"

သုံးအကွက်ကိုကြည့်၊ ပစ္စုပ္ပန် အကြောင်းခြင်းရာငါးပါးက တဏှာ၊ ဥပါဒါန်၊ ဘဝ၊ အဝိဇ္ဇာ၊ သင်္ခါရ ဘယ်နှစ်ပါးလဲ။

"ငါးပါးပါ ဘုရား"

အနာဂတ် အကျိုးအခြင်းအရာက ဘယ်နှစ်ပါးလဲ။ ငါးပါး။

ဆိုကြည့်၊ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ။ ယောဂီတို့ ဘယ်နှစ်ပါးလဲ။

"ငါးပါးပါ ဘုရား"

အဲဒီတော့ ငါးလေးလီဆိုတော့ ဘယ်လောက်လဲ။

"နှစ်ဆယ်ပါ ဘုရား"

နှစ်ဆယ် အဲဒါတွေကို ပြန်လည်ပြီးတော့ တစ်ခုစီ တစ်ခုစီ ရေတွက်ရင် ဆရာတော်ဘုရားကြီးက ဤရှစ်သွယ်ကိုတဲ့ အသွယ်အားဖြင့် ဘယ်နှစ်သွယ်လဲ။

"ရှစ်သွယ်ပါ ဘုရား"

အဲဒီတော့ အသွယ်အားဖြင့် ရှစ်သွယ်ကို ဦးဇင်းတို့ ရေတွက်ကြည့်ရအောင်။ ယောဂီတို့ လိုက်ပြီးတော့ နောက်ကနေဆိုပေးနော်။ မူလနှစ်ဖြာကတစ်သွယ်၊ သစ္စာနှစ်ခုက တစ်သွယ်၊ လေးခုအလ္လာကတစ်သွယ်၊ အင်္ဂါ တစ်ဆယ့်နှစ်ပါးက တစ်သွယ်၊ သုံးပါးအစပ်က တစ်သွယ်၊ နှစ်ရပ်မူလက လိုသေးလား။

"မလိုပါဘူး ဘုရား"

ဘာဖြစ်လို့လဲဆိုတော့ နှစ်ရပ်မူလဆိုတာ ဘာနဲ့တူတယ်လို့ ပြောခဲ့သလဲ။ မူလနှစ်ဖြာနဲ့ တူတယ်လို့ ဦးဇင်းတို့ မပြောဘူးလား။ တူတယ်ဆိုတဲ့ အခါကြတော့ ယောဂီအပေါင်း သူတော်ကောင်းတို့ ဒီမှာအသွယ်အနေနဲ့ သူ့ကို ထပ်ပြီး မှတ်စရာ လိုသေးလား။

"မလိုပါဘူး ဘုရား"

ဒါကြောင့်မို့လို့ သုံးပါးအစပ်ကို ယူပြီးတဲ့အခါကြတော့ နှစ်ရပ်မူလကျော်ပြီး တော့ ဝဋ်သုံးဝကတစ်သွယ်၊ ကာလသုံးဖြာကတစ်သွယ်၊ ခြင်းရာ နှစ်ဆယ်က တစ်သွယ်၊ အဲဒါ အသွယ်ပေါင်း ဘယ်နှစ်သွယ်ရှိသွားပြီလဲ။ ရှစ်သွယ်၊ ယောဂီတို့ အဲဒါကိုယ့်ဟာကိုယ် လက်လေးချိုး ရေတွက်ကြည့်။

အားလုံးပြန်ပြီးတော့ ရေတွက်ကြည့်ရအောင် မူလနှစ်ဖြာကတစ်သွယ်၊ သစ္စာနှစ်ခုက တစ်သွယ်၊ လေးခုအလ္လာက တစ်သွယ်၊ အင်္ဂါတစ်ဆယ့်နှစ်ပါးက တစ်သွယ်၊ သုံးပါးအစပ်က တစ်သွယ်၊ ဝဋ်သုံးဝက တစ်သွယ်၊ ကာလသုံးဖြာက တစ်သွယ်၊ ခြင်းရာ နှစ်ဆယ်က တစ်သွယ်၊ ယောဂီတို့ အသွယ်ဘယ်နှစ်သွယ်လဲ။

"ရှစ်သွယ်ပါ ဘုရား"

ရှစ်သွယ်တဲ့ အဲဒါ ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီးက ဤရှစ်သွယ်ကို အလွယ်ကျက်မှတ်တဲ့။ အဲဒီမှာ စကားလုံးလေးတစ်လုံးနော်။

သံသရာမှ လွတ်ကြောင်းတည်းတဲ့။ သူ့ဟာသူ အကုန်လုံး အဓိပ္ပာယ်ရှိတယ်။

အလွယ်ကျက်မှတ်ဆိုတာက ဦးဇင်းတို့ ဘာနဲ့ပြောရမလဲဆိုတော့ ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီးရဲ့ စကားနဲ့ပြောရင်တော့ ပရိညာသုံးပါး။

ယောဂီတို့ ပရိညာဘယ်နှစ်ပါးလဲ။

"သုံးပါးပါ ဘုရား"

ပရိညာသုံးပါး ဆရာတော်ဘုရားကြီး ပြောခဲ့တယ်။ ယောဂီတို့ ပရိညာသုံးပါးကိုလိုက်ဆို... ဉာတပရိညာ၊ တိရဏပရိညာ၊ ပဟာနပရိညာ၊ ယောဂီတို့ ပရိညာသုံးပါးကို လိုက်ဆို၊ ဉာတပရိညာ၊ တိရဏပရိညာ၊ ပဟာနပရိညာ၊ ယောဂီတို့ ပရိညာဘယ်နှစ်ပါးလဲ။

"သုံးပါးပါ ဘုရား"

ပြန်ပြီးတော့ဆိုရအောင်... ဉာတပရိညာ၊ တိရဏပရိညာ၊ ပဟာနပရိညာ၊ ယောဂီတို့ ပရိညာ ဘယ်နှစ်ပါးလဲ။

"သုံးပါးပါ ဘုရား"

အဲဒီတော့ အလွယ်ကျက်မှတ်ဆိုတာက ဘာကိုပြောတာလဲ ဆိုတော့ ဉာတပရိညာ ကိုပြောတာ။ မြန်မာလို နားလည်အောင် အရှင်ဘုရား ပြောစမ်းဆိုတော့-သင်ယူမှုကိစ္စကိုပြောတာ။ အခု သစ္စာမေ့တွေ သိချင်တဲ့အခါကြတော့ လာရောက်ပြီးတော့ မသင်ဘူးလား။ ဦးဇင်းတို့ကလဲ သင်ပြပြီးတော့ မပေးဘူးလား။ အဲဒီလို သင်ပြပေးတာ သင်ယူတာဟာ တခြားလား၊ ဉာတပရိညာလား။

"ဉာတပရိညာပါ ဘုရား"

ဉာတပရိညာတဲ့။ ဦးဇင်းတို့ မြန်မာလို ရှင်းအောင်ပြောရင်တော့ အသိ၊ ဉာတပရိညာဆိုတာ ဘာတဲ့လဲ။

"အသိပါ ဘုရား"

ယောဂီအပေါင်း သူတော်ကောင်းတို့ကို ဦးဇင်းတို့ မနေ့က ဖွင့်ပွဲညမှာ စကားလေးနှစ်လုံး ပြောပါတယ်။ တရားကို သိဖို့အတွက် ဘာလုပ်ရမလဲ။ မမှတ်မိတော့ဘူး။ ရတယ် ကိစ္စမရှိဘူးနော်။ တရားကို သိဖို့အတွက် ဘာလုပ်ရမလဲ။

"တရားနာရမှာပါ ဘုရား"

တရားမှမနာရင် တရားသိပါ့မလား။

"မသိပါဘူး ဘုရား"

ဒါကြောင့်မို့လို့ ယောဂီတို့ စကားလေးပြန်ပြောမယ်။ တရားကိုသိဖို့အတွက် ဘာလုပ်ရမလဲ။

"တရားနာရမှာပါ ဘုရား"

## တရားရှိအောင် တရားအားထုတ်ပါ

အဲဒီတော့ သူတော်ကောင်းတို့ တရားရှိဖို့ ဆိုတာဟာ အရင်ဆုံး ဘာလိုအပ်သလဲဆိုတာကို သိဖို့အရေးကြီးတယ်။ အဲဒီတော့ သိမှုရယ်၊ ကျင့်မှုရယ်။ ယောဂီတို့ ဘယ်နှစ်မျိုးလဲ။

"နှစ်မျိုးပါ ဘုရား"

ဦးဇင်းတို့ ပါဠိစကားလုံးလေး နှစ်လုံးပေါ့လေ ဝိဇ္ဇာနဲ့ စရဏ။ ယောဂီတို့ ဘာနဲ့ဘာလဲ။

"ဝိဇ္ဇာနဲ့ စရဏပါ ဘုရား"

ဝိဇ္ဇာဆိုတာက မြန်မာလိုပြောရင် အသိ၊ ဝိဇ္ဇာဆိုတာ ဘာတဲ့လဲ။

"အသိပါ ဘုရား"

စရဏဆိုတာက အကျင့်။

ဦးဇင်းတို့ ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီးက သူ့ဆီကို တရားအားထုတ်ဖို့ အရင်ဦးဆုံး ရောက်လာလာချင်း မင်းလုပ်တော့ကွာဆိုပြီးတော့ တန်းပြီးတော့ မခိုင်းဘူး။

အရင်ဦးဆုံး ဘာလုပ်ပေးသလဲဆိုတော့ ဒိဋ္ဌိဖြုတ်နည်းတွေ ပညတ်၊ ပရမက် ခွဲနည်းတွေ နောက်နေ့၊ နောက်နေ့ ပြောပြမယ်နော်။

အဲဒီတော့ အဲဒီနည်းနာနိဿယတွေကို သေသေချာချာ ဆရာတော်ဘုရားကြီးက သင်ပေးတယ်။

ဦးဇင်းတို့ ယောဂီအပေါင်း သူတော်ကောင်းတို့ ဒိဋ္ဌိဖြုတ်တယ်၊ ဖြုတ်တယ်ဆိုတာလဲ ဒိဋ္ဌိဆိုတာက ဘယ်လောက် အရေးကြီးလဲဆိုတော့ ဆရာတော်ဘုရားကြီးက ဒါနရယ်၊ သီလရယ်၊ သမထရယ်၊ ဝိပဿနာရယ်။ ယောဂီတို့ ဘယ်နှစ်မျိုးလဲ။

"လေးမျိုးပါ ဘုရား"

ယောဂီတို့ အခု လက်ကိုကြည့်နေတာလား။ တခြားကို ကြည့်နေတာလား။

"လက်ကိုကြည့်နေတာပါ ဘုရား"

လက်ကိုကြည့် ဘယ်နှစ်မျိုးထောင်ထားလဲ။

"သုံးမျိုးပါ ဘုရား"

အဲ- အဲဒီသုံးမျိုးကို ကျွမ်းကျွမ်းကျင်ကျင် တတ်မြောက်မှ အဲဒါ ဆရာတော်ဘုရားကြီးရဲ့ အဆုံးအမ နည်းနာနိသယကို ဘာတဲ့လဲ အတိအကျ လိုက်နာသလို ယောဂီအပေါင်း သူတော်ကောင်းတို့ ဘယ်နှစ်မျိုးတဲ့လဲ။

"သုံးမျိုးပါ ဘုရား"

အဲ...ဘာတဲ့လဲ တုတ်ထောက်ရမယ်တဲ့၊ လက်မြောက်ရမယ်တဲ့၊ ခွက်မှောက်တတ်ရမယ်တဲ့။ ဘယ်နှစ်မျိုးလဲ။

"သုံးမျိုးပါ ဘုရား"

ခွက်မှောက်တာကတော့ ဒီလိုပေါ့ဗျာ။ ဩော်-လက်မြောက်ဆိုတာကတော့ ယောဂီအပေါင်း သူတော်ကောင်းတို့ကို ဦးဇင်း ခုနက လက်လေးတွေပြသလိုပဲ ယောဂီတို့ ခန္ဓာ ဘယ်နှစ်ပါးလဲ။

"ငါးပါးပါ ဘုရား"

ဩော်... ယောဂီအပေါင်း သူတော်ကောင်းတို့ မြတ်စွာဘုရားရဲ့ ဓမ္မတွေကို အကျဉ်းချုံးလိုက်ရင် လေးမျိုးပဲရှိတယ်။ ကဲ...လိုက်ဆို- ဒါန၊ သီလ၊ သမထ၊ ဝိပဿနာ။ ယောဂီတို့ ဘယ်နှစ်မျိုးလဲ။

"လေးမျိုးပါ ဘုရား"

အဲဒီတော့ အဲဒီလေးမျိုး ရှိတဲ့အနက်မှာ ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီးက ဘာမိန့်သလဲဆိုတော့ ဒါနကို နောက်ထားပါ။ ဘာကိုနောက်ထားရမလဲ။

"ဒါနကို နောက်ထားရမှာပါ ဘုရား"

နောက်တစ်ခါ သီလကိုနောက်ထားပါ။ ဘာကို နောက်ထားရမလဲ။

"သီလကိုနောက်ထားရမှာပါ ဘုရား"

နောက်တစ်ခါ သမထကိုနောက်ထားပါ။ ဘာကို နောက်ထားရမလဲ။

"သမထကိုနောက်ထားရမှာပါ ဘုရား"

နောက်တစ်ခါ ဝိပဿနာကိုနောက်ထားပါ။ ဘာကို နောက်ထားရမလဲ။

"ဝိပဿနာကို နောက်ထားရမှာပါ ဘုရား"

အဲဒီတော့ သူတော်ကောင်းတို့ ရှိတာမှတခြားလား။ လေးပါးလား။

"လေးပါးပါ ဘုရား"

ပိဋကတ်သုံးပုံကို အနှစ်ချုပ်လိုက်ရင် အဲဒီလေးမျိုးပဲ ရှိတော့တယ်။ လေးမျိုး စလုံးကို နောက်ထားကွာတဲ့ ဆိုတော့ ရှေ့ထားဖို့ ဘာရှိသေးလဲ။ မရှိလို့ပေါ့။ ရှေ့နားက အရှင်ဘုရား၊ ဘာလုပ်ရမလဲ အရင်ဆုံးဒိဋ္ဌိကိုဖြုတ်တဲ့၊ ဘာကိုဖြုတ်ရမလဲ။

"ဒိဋ္ဌိကိုပါ ဘုရား"

အေး... အဲဒါ ဉာတပရိညာကိုပြောတာ။ ဆိုကြည့်ပါလား...

***ဒိဋ္ဌိမဖြုတ်၊ ဒါနလုပ် ဒုက္ခတွေ့ရမည်။***

ယောဂီအပေါင်း သူတော်ကောင်းတို့ ဘာဖြစ်လို့လဲဆိုတော့ အခုလောလော ဆယ် ယောဂီအပေါင်း သူတော်ကောင်းတို့လည်း သိနေကြတာပဲ။ ဒါန သီလတွေ ဦးဇင်းတို့ ဗုဒ္ဓဘာသာတွေ မလုပ်ဘူးလား။

"လုပ်ပါတယ် ဘုရား"

ဆွေမျိုးတွေ အလှူပွဲကြီးတွေ ကြီးကျယ်စွာ သားတွေ သမီးတွေ ရှင်ပြုတယ်။ နားသတယ်။ မလုပ်ဘူးလား။

"လုပ်ပါတယ် ဘုရား"

လုပ်ကြတာပဲ။ ဘုရားညောင်ရေအိုးလေးတွေ တင်တယ်။ ပန်းလေးတွေကပ် တယ်။ ဆီမီး ရေချမ်းလေးတွေ ကပ်တယ်။ အဲဒီလို ကပ်ပြီးတဲ့အခါကြတော့ တပည့် တော် ဒီကုသိုလ်ကောင်းမှုကြောင့် ဖြစ်လေရာ ဘဝတိုင်းမှာ လူ့စည်းစိမ်အကြိမ်ကြိမ်၊ နတ်စည်းစိမ် အကြိမ်ကြိမ် တချို့မတောင်းဘူးလား။

"တောင်းပါတယ် ဘုရား"

အဲဒီတော့ လူ့စည်းစိမ်အကြိမ်ကြိမ်၊ နတ်စည်းစိမ်အကြိမ်ကြိမ်ဆိုတော့ ယောဂီ အပေါင်း သူတော်ကောင်းတို့ ဦးဇင်းတို့ စဉ်းစားရမှာက ကောင်းမှုလုပ်တာပဲဖြစ်ဖြစ်၊ စီးပွားရေးလုပ်တာပဲဖြစ်ဖြစ် မြတ်ချင်လို့လုပ်တာလား၊ ရှုံးချင်လို့လုပ်တာလား။

"မြတ်ချင်လို့ပါ ဘုရား"

ဘယ်စီးပွားရေးသမားပဲ သွားမေးကြည့်ကြည့်၊ ယောဂီအပေါင်း သူတော် ကောင်းတို့ ရှုံးချင်လို့လုပ်တဲ့ စီးပွားရေး သမားတစ်ယောက်မှမရှိဘူး။

ထိုနည်းတူစွာပဲ ယောဂီအပေါင်း သူတော်ကောင်းတို့ကို ပြောချင်တာက ဒါနလုပ်တယ်။ သီလ ဆောက်တည်တယ်၊ ဘာဝနာ အားထုတ်တယ်။ မြတ်ချင်လို့လား၊ ရှုံးချင်လို့လား။

"မြတ်ချင်လို့ပါ ဘုရား"

မြတ်ချင်တဲ့အတွက်ကြောင့် ဘုရားတွေ၊ ကျောင်းတွေ၊ သင်္ကန်းတွေ တပည့်တော်တို့ လှူကြတယ်။ ဝဿိကစီဝရ လို့ခေါ်တဲ့ ဝါဆိုသင်္ကန်းတွေ လှူကြတယ်။ ကထိနစီဝရလို့ခေါ်တဲ့ ကထိန်သင်္ကန်းတွေ တပည့်တော်တို့ လှူဒါန်းကြတယ်ဘုရား။ အဲဒီတော့ မြတ်ချင်လို့လုပ်ကြတဲ့ ခန္ဓာမှာ ခန္ဓာဘယ်နှစ်ပါးလဲ။

"ငါးပါးပါ ဘုရား"

အဲဒီတော့ မြတ်ချင်လို့လုပ်တဲ့ ခန္ဓာငါးပါးကြီး၊ ဟော... ရှင်တွေပြုပါတယ်။ သိန်းထောင်ချီပြီးတော့ ကျောင်းတွေ လှူပါတယ်။ သိန်းထောင်ချီပြီးတော့ ဒါပေမယ့်-လှူပြီးတော့ ဆုတောင်းလိုက်တာက လူ့စည်းစိမ်၊ နတ်စည်းစိမ် အကြိမ်ကြိမ် မတောင်းဘူးလား။

"တောင်းပါတယ် ဘုရား"

တောင်းတဲ့အခါကြတော့ ယောဂီအပေါင်း သူတော်ကောင်းတို့ အတိတ်က အဝိဇ္ဇာဆိုတဲ့ မသိမှုတွေ အဝိဇ္ဇာဆိုတာက ဘာတဲ့လဲ။

"မသိမှုပါ ဘုရား"

မသိမှုတွေ ဦးစီးပြီးတော့ သင်္ခါရဆိုတဲ့ ကောင်းမှုတွေ လုပ်လိုက်တဲ့အခါကြတော့ သူ့ကောင်းမှုကလဲ အစစ်အမှန် ဆုတောင်းလိုက်တာပဲ။ အစစ်အမှန်ဆိုတော့ (၂)အကွက်မှာ ခန္ဓာငါးပါး ပြန်မရဘူးလား။

"ရပါတယ် ဘုရား"

သူတောင်းထားတဲ့ အတိုင်းပဲလေ၊ လူ့စည်းစိမ်အကြိမ်ကြိမ် ဟုတ်လား။ နတ်စည်းစိမ်အကြိမ်ကြိမ်၊ ဗြဟ္မာစည်းစိမ် အကြိမ်ကြိမ်။ အဲဒီတော့... လူ့ဘဝ၊ လူချမ်းသာကြီး ပြန်ဖြစ်ပါတယ်။ ချမ်းသာတာပဲဖြစ်ဖြစ်၊ ဆင်းရဲတာပဲဖြစ်ဖြစ် ခန္ဓာ ဘယ်နှစ်ပါးလဲ။

"ငါးပါးပါ ဘုရား"

ဟော...ဟိုအတိတ်ဘဝတုန်းက သူလုပ်ခဲ့တုန်းကလဲ ခန္ဓာငါးပါးပဲ၊ သစ္စာအနေအားဖြင့် ကြည့်တော့ ဘာသစ္စာနဲ့ လုပ်ခဲ့တာလဲ။

"ဒုက္ခသစ္စာနဲ့ပါ ဘုရား"

ယောဂီတို့ရော ဘာသစ္စာနဲ့လုပ်ခဲ့တာလဲ။ ဒုက္ခသစ္စာနဲ့လုပ်ခဲ့တယ်။ အဲဒီတော့ (၂)အကွက်မှာ ရတာကလဲ ခန္ဓာငါးပါး မရဘူးလား။

"ရပါတယ်ဘုရား"

ရတဲ့ အဲဒီခန္ဓာငါးပါးကြီး ကြည့်တဲ့အခါကြတော့ သစ္စာအနေနဲ့ကြည့်တော့-ဘာသစ္စာလဲ။

"ဒုက္ခသစ္စာပါ ဘုရား"

လုပ်တုန်းကလဲ ဒုက္ခသစ္စာနဲ့ ယောဂီအပေါင်း သူတော်ကောင်းတို့ ဒုက္ခကြီးနဲ့ လုပ်တယ်လေ။ မလုပ်ဘူးလား။

"လုပ်ပါတယ် ဘုရား"

သူဌေးသမီးပဲဖြစ်ဖြစ်၊ သူဌေးသားပဲဖြစ်ဖြစ် အကုန်လုံး ခန္ဓာငါးပါးရထားရင် ဒုက္ခလား၊ သုခလား။

"ဒုက္ခပါ ဘုရား"

အဲဒီ ဒုက္ခသစ္စာကြီးနဲ့ လုပ်တာပဲ။ လူ့စည်းစိမ်အကြိမ်ကြိမ်၊ နတ်စည်းစိမ် အကြိမ်ကြိမ်ဆိုပြီးတော့ ဆုတောင်းတဲ့အတွက်ကြောင့် ရလာတဲ့ ခန္ဓာငါးပါးကြတော့ လည်း ယောဂီအပေါင်း သူတော်ကောင်းတွေရော ဒုက္ခလား၊ သုခလား။

"ဒုက္ခပါ ဘုရား"

အဲတော့ ဒုက္ခတစ်ခုနဲ့ တည်ပြီးတော့ လုပ်လိုက်တဲ့ ကုသိုလ်ကောင်းမှုဟာ ရလာတဲ့အခါကြတော့လဲ ဒုက္ခပဲရလာတယ်။ ယောဂီအပေါင်း သူတော်ကောင်းတို့ မြတ်သလား၊ ရှုံးသလား။

"ရှုံးပါတယ် ဘုရား"

မရှုံးပါဘူးလေ၊ အရင်းပြန်တိုက်တာလေ။ ယောဂီတို့ ဟုတ်ရဲ့လား။ လုပ်တုန်း ကလည်း ခန္ဓာငါးပါးနဲ့ လုပ်တယ်။ အခုရလာပြန်တော့လည်း ခန္ဓာငါးပါးနဲ့ ပြန်ရတယ်။ မြတ်သလား။ ရှုံးသလား။

ဟောဒီ ယောဂီအပေါင်း သူတော်ကောင်းတို့က မြတ်ချင်လို့လုပ်တာ၊ အခု တစ်ခါ အရင်းသွားပြီးတော့တိုက်တာ။ ဒါကြောင့်မို့လို့ ကျေးဇူးတော်ရှင် မိုးကုတ် ဆရာတော်ဘုရားကြီးက သူ့ဆီကိုရောက်လာကြတဲ့တပည့်ယောဂီတွေကို ဉာတပရိညာ ဟော့တဲ့။ အကုန်လုံးမေးတယ်။ တရားအားမထုတ်မီ အသိကို အရင်ရှာဦး၊ ယောဂီတို့ ဘာကိုအရင်ရှာရမလဲ။

"အသိပါ ဘုရား"

အဲဒီတော့ အသိကို အရင်ရှာဦးဆိုတော့- တခြားမှာ ရှာရမှာလား။ ဆရာတွေ ထံမှာ ရှာရမှာလား။

"ဆရာတွေထံမှာရှာရမှာပါ ဘုရား"

## သိပြီးရင်ကျင့်ပါ

လောကုတ္တရာနည်းပညာကို လိုချင်ကြတဲ့ ဒကာ၊ ဒကာမတွေဟာ ဗုဒ္ဓဘာသာဝင် ခေါင်းဆောင်ဖြစ်တဲ့ ဘုန်းကြီး ရဟန်းသံဃာ ဆရာတော်အရှင်သူမြတ်များထံမှာ ရှာကြ ဟုတ်ရဲ့လား။ ဦးဇင်းတို့ ရဟန်း၊ သံဃာတော်တွေဆိုတာလဲ ဦးဇင်းတို့ဆိုရင် ဒါခုနစ် နှစ်သားထဲက ဟုတ်ရဲ့လား။ ကိုရင်စီးလာတာ ခုနစ်နှစ်သားထဲက စီးလာတဲ့အခါကျ တော့ ဦးဇင်းတို့ အင်္ဂလိပ်စာဆိုလို့ရှိရင်လဲဘဲ တစ်လုံး နှစ်လုံးလေး အေ၊ ဘီ၊ စီ လောက်သင်ရတာ။

ဟော...ဟိုဘက်က ကွန်ပျူတာတို့၊ နောက်ပြီးတော့လေ ထွေရာလေးပါး ပေါ့လေ။ တတ်သိ တတ်သင့်ထိုက်တဲ့ လောကီပညာ။ အဲဒီပညာတွေကိုလည်း ဟိုး-ငယ်ငယ်လေးတုန်းက ပါးပါးလေးပဲသင်ရတာ အဲဒီလိုအရွယ်လေးရောက်လာတော့ ဦးဇင်းတို့ ဆိုင်ရာပညာလေးတွေ လောကုတ္တရာပညာလေးတွေ အထိုက်အလျောက် ရလာတဲ့အခါကြတော့ ဒီလောကီစာတွေကို ဦးဇင်းများတို့ သင်ချင်တဲ့အခါကြတော့-ဘယ်သူ့ဆီ မှာသင်ရလဲဆိုတော့- လူတွေဆီမှာပြန်သင်ရတယ်။

တကယ်လို့ ယောဂီတို့၊ ဦးဇင်းတို့က တတ်တော့ တတ်ချင်တယ်။ သိတော့ သိချင်တယ်။ ဒါပေမယ့်...တတ်သိနားလည်တဲ့ လူတွေဆီမှာ ဦးဇင်းတို့ မသင်ဘူး ဆိုရင် တတ်ပါ့မလား။

"မတတ်ပါဘူး ဘုရား"

မတတ်ဘူး။ ဟုတ်လား။ ဒါကြောင့်မို့လို့ သိချင်၊ တတ်ချင်တယ်ဆိုရင် ဉာတ ပရိညာ အနေနဲ့ အသိကို အရင်ရှာ။ ဘာကိုအရင် ရှာရမလဲ။

"အသိကို အရင်ရှာရပါမယ် ဘုရား"

နံပါတ်(၂)ကြတော့ ဘာတဲ့လဲ။ သိပြီးရင် စရဏအဖြစ်ကျင့်တာ သိပြီးရင် ဘာလုပ်မလဲ။

"စရဏအဖြစ် ကျင့်တာပါ ဘုရား"

ပရိညာအနေနဲ့ ဘယ်နှစ်ပါးလို့ပြောလဲ။ သုံးပါး။ ပြန်ဆိုကြည့်ကြအောင်။ ဉာတပရိညာ၊ တီရဏပရိညာ၊ ပဟာနပရိညာ ယောဂီတို့ ပရိညာ ဘယ်နှစ်ပါးလဲ။

"သုံးပါးပါ ဘုရား"

ပရိညာသုံးပါးထဲမှာ ဉာတပရိညာက သိမှု၊ ကျင့်မှုကိုပြတာ တီရဏပရိညာက သိပြီးသင်ပြီးလို့ရှိရင် ဘာလုပ်ရမလဲ။ ကျင့်ရမယ်တဲ့။ ယောဂီတို့ သိတော့သိတယ်။

မကျင့်ဘူးဆိုရင် ဘဝဆိုတာ တန်ဖိုးရှိမလား။ မရှိဘူးနော်။ ယောဂီတွေပဲ ဖြစ်ဖြစ်၊ ဦးဇင်း ရဟန်းသံဃာတွေပဲဖြစ်ဖြစ်၊ သာ့သနာခေါင်းဆောင်တွေပဲဖြစ်ဖြစ် ဟုတ်ပြီလား။ ကိုယ့်ရဲ့ဘဝကို အထက်တန်းရောက်ချင်ကြတယ်ဆိုရင် စကားနှစ်လုံးကို ဘဝမှာ ရေစပ်နိုင်ရမယ်။

အဲဒီ စကားနှစ်လုံးက ဘာလဲဆိုရင် ဝိဇ္ဇာနဲ့စရဏ... ဘာနဲ့ဘာတဲ့လဲ။

"ဝိဇ္ဇာနဲ့စရဏပါ ဘုရား"

သြော်... ဦးဇင်းတို့ ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီးစကားနဲ့ ပြောတော့ ဉာတပရိညာနဲ့ တိရဏပရိညာ၊ ဉာတပရိညာနဲ့ ဘာတဲ့လဲ။

"ဉာတပရိညာနဲ့ တိရဏပရိညာပါ ဘုရား"

ဉာတပရိညာက သိအောင်လုပ်။ တိရဏ ပရိညာက သိပြီးရင် ဘာလုပ်ရမလဲ။

"ကျင့်ရမှာပါ ဘုရား"

ဟုတ်လား။ ဘုရားလက်ထက်တော်က ယောဂီတို့ကြားဖူးပါတယ်။ ပေါဋ္ဌိလ ရဟန်းကြီးလေ-ပေါဋ္ဌိလ ရဟန်းကြီးဆိုတာ သာမန်ပုဂ္ဂိုလ်၊ ယောဂီတို့လို၊ ဦးဇင်းတို့လို မဟုတ်ဘူး။ ပိဋကတ်သုံးပုံဆောင်ကြီး။

ဟုတ်ရဲ့လား။ တစ်ဆယ့်ရှစ်ဂိုဏ်းသော ဂိုဏ်းကြီးတွေရဲ့ ဦးစီး ဥက္ကဋ္ဌလုပ်နေတဲ့ ရဟန်းကြီး။ လူကြီးလုပ်နေတဲ့ ပုဂ္ဂိုလ်၊ ကျောင်းပေါင်းများစွာမှာရှိတဲ့ စာသင်သားတွေကို နေ့စဉ် ပိဋကတ်သုံးပုံကို ပို့ချနေတာ ဒါပေမယ့်... အဲဒီ ပေါဋ္ဌိလကိုယ်တော်ကြီးမှာ ဘာအားနည်းချက်ရှိလဲဆိုတော့ တရားတွေကို အများကြီးတော့ သင်တယ်၊ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ အခြေခံဆိုတာတွေကို အကုန်လုံးသိပါတယ်။

ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ ဘယ်နေရာမှာ ဘာရှိတယ်ဆိုတာ ပေါဋ္ဌိလကြီး သွားမေးကြည့် တန်းဖြေနိုင်တာပဲ။ ဒါပေမယ့် ပေါဋ္ဌိလကြီးက ဘာအားနည်းလဲဆိုတော့- သိတဲ့တရားတွေကို စရဏလို့ခေါ်တဲ့ အကျင့်အဖြစ် မပြောင်းလဲဘူး။ ယောဂီတို့ ရှင်းလား။

"မှန်ပါ့ ဘုရား"

အဲဒီလို မပြောင်းတဲ့အခါကြတော့ မြတ်စွာဘုရားကလည်း သူရဲ့ရင့်ကျက်ချိန်ကို စောင့်တယ်။ တစ်နေ့သောအခါကြတော့ ရင့်ကျက်ဖို့ အချိန်တန်ပြီဆိုတော့ ပေါဋ္ဌိလ ကိုယ်တော်ကြီးက မြတ်စွာဘုရားထံ ချဉ်းကပ်တဲ့ အခါကြတော့ မြတ်စွာဘုရားရဲ့ ရှေ့တော်မှောက်မှာ လူတွေရော၊ ရဟန်းပရိသတ်တွေရော များစွာရှိတဲ့အနက်မှာ

မြတ်စွာ ဘုရားရှင် ကိုယ်တော်မြတ်ကြီးက အဲဒီပရိသတ်အလယ်မှာ ပေါဋ္ဌိလကြီးကို ဘယ်လိုခေါ်လဲဆိုတော့... **တုစ္ဆ ပေါဋ္ဌိလ** တဲ့။ ယောဂီတို့ ဘာတဲ့လဲ။

"တုစ္ဆ ပေါဋ္ဌိလပါ ဘုရား"

တုစ္ဆ ပေါဋ္ဌိလဆိုတာ မြန်မာလို ဘာပြောတာလဲဆိုတော့ အလကားကောင်ကြီး ပေါဋ္ဌိလ ဟုတ်ရဲ့လား။

"မှန်လှပါ ဘုရား"

ပြောတာ...ပြောတာ... ကြည့်စမ်း။ ယောဂီအပေါင်း သူတော်ကောင်းတို့ အလကားကောင်ကြီး ပေါဋ္ဌိလ...တဲ့။ ရောက်လာပြီလား။ ဩော်...ပေါဋ္ဌိလ ပြန်တော့လည်း ဟာ...အလကားကောင်ကြီး ပေါဋ္ဌိလ၊ အချည်းနှီးကောင်ကြီး ပေါဋ္ဌိလ ပြန်ပြီလား။ ဘုရား မပြောဘူးလား။

"ပြောပါတယ် ဘုရား"

ကြည့်စမ်း... စဉ်းစားကြည့်စမ်း။ ပေါဋ္ဌိလဆိုတာ သာမန်မဟုတ်ဘူး။ ပိဋကတ်သုံးပုံဆောင် ကိုယ်တော်ကြီး။ ဂိုဏ်းအနေအားဖြင့် ကြည့်တော့လဲ။ တစ်ဆယ့်ရှစ်ဂိုဏ်းသော ဂိုဏ်းကြီးတွေရဲ့ အကြီးဥက္ကဋ္ဌ၊ လူကြီးလုပ်နေတဲ့ ပုဂ္ဂိုလ်။

အဲဒီပုဂ္ဂိုလ်လဲ အရှင်မြတ်ကြီးကို မြတ်စွာဘုရားက တုစ္ဆ ပေါဋ္ဌိလ အလကားကောင်ကြီး... အချည်းနှီးကောင်ကြီးလို့ ဘာဖြစ်လို့ပြောတာလဲဆိုတော့ သိလျက်နဲ့ ဘာဖြစ်လဲ...မကျင့်လို့။ အေး...အဲဒါနဲ့ ပေါဋ္ဌိလ ကိုယ်တော်ကြီးက ပြန်စဉ်းစားတယ်။ ကြည့်စမ်း...ငါလို ပိဋကတ်သုံးပုံဆောင်ကြီး၊ တစ်ဆယ့်ရှစ် ဂိုဏ်းတွေရဲ့အကြီး၊ ဥက္ကဋ္ဌဖြစ်တဲ့ ပုဂ္ဂိုလ်ကြီးကို ဘုရားရှင်ကိုယ်တော်မြတ်က တုစ္ဆ ပေါဋ္ဌိလ အလကားကောင်ကြီး၊ အချည်းနှီးကောင်ကြီးလို့ ပြောတယ်။ ဟာ...အဲဒီလို ဘာဖြစ်လို့ပြောရတာလဲ... ပြန်စဉ်းစား။ ပညာရှိဆိုတော့ ကိုယ့်ကိုယ်ကို မသိဘူးလား။

သိတာပေါ့၊ ကြည့်စမ်း ငါ့ရဲ့ဘဝဟာ ဘာနဲ့တူသလဲဆိုတော့ နွားကျောင်းသားနဲ့ တူတယ်။ နွားကျောင်းသားက နွားတွေကိုကျောင်းတာ နွားဖြူ ဘယ်နှစ်ကောင်၊ နွားနီ ဘယ်နှစ်ကောင်၊ နွားဝါဘယ်နှစ်ကောင် ဒါတော့ မသိဘူးလား။

"သိပါတယ် ဘုရား"

ယောဂီတို့ရေ နွားကျောင်းသားမှာလေ ကျောင်းနေတဲ့ နွားကထွက်တဲ့ နွားနို့ ရည်ကျတော့ အဲဒီနွားကျောင်းသားဟာ သုံးဆောင်ရရဲ့လား။

"မသုံးဆောင်ရပါဘူး ဘုရား"

မသုံးဆောင်ရဘူးတဲ့… နွားပိုင်ရှင်ကို အကုန်လုံး ပြန်အပ်ရတာ။ အဲဒါနဲ့ ဩော်… ငါ့ရဲ့ဘဝဟာ နွားကျောင်းသား ဖြစ်နေတယ်။

ဒါကြောင့်မို့လို့ ဒီကနေ့ကစပြီးတော့ ငါ နွားကျောင်းသားအဖြစ်က နေပြီးတော့ နွားပိုင်ရှင်ဖြစ်အောင် ငါ ကြိုးစားမယ်။ ဆိုပြီးတဲ့အခါကျတော့ သပိတ်တစ်လုံး၊ သင်္ကန်းသုံးထည် ယူပြီးတော့ တောကြီးမျက်မည်းထဲ တရားသွားအားထုတ်တာ နောက်ဆုံးတော့ ဆွေတော်မျိုးတော်တွေ အသိနဲ့အကျင့်။ အဲဒီစကားလုံးလေး နှစ်လုံးကို ပေါင်း၍လကြီး တွေးဆနိုင်တဲ့ အတွက်ကြောင့် ဘဝမှာ အထွတ်အထိပ်လို့ခေါ်တဲ့ ရဟန္တာကြီး မဖြစ်ဘူးလား။

"ဖြစ်ပါတယ် ဘုရား"

အေး…ဒါကြောင့်မို့လို့ ဝိဇ္ဇာနှင့်စရဏ ပရိညာအနေနဲ့ ပြောရင်၊ ဉာတပရိညာရယ်၊ တီရဏပရိညာရယ်၊ ဒီ စကားလုံးလေး နှစ်လုံးက သိပ်အရေးကြီးတာပဲ။

## တရားကို ကြိုးစားပြီးအားထုတ်ပါ

တရားတွေကိုသိအောင် ကြိုးစားမယ်၊ ဘယ်လိုသိအောင် ကြိုးစားမလဲ ဆိုတော့ တရားသိဖို့ရန်အတွက် တရားနာရမယ်၊ တရားသိဖို့ရန်အတွက် ဘာလုပ်ရမလဲ။ တရားသိဖို့ရန်အတွက် တရားနာရမယ်။ ဟုတ်လား။

နောက်ပြီးတော့ တရားရှိဖို့ရန်အတွက် တရားအားထုတ်ရမယ်။ တရားလည်း သိနေပြီ၊ တရားလည်း အားထုတ်နေပြီဆိုရင် ပဟာနပရိညာ ဆိုတာက သူ့အလို အလျောက် မဂ်, ဖိုလ်, နိဗ္ဗာန်ကို ရတာလို့ပြောတာ။

လောကပြောကြတဲ့စကားရှိပါတယ်။ အရုဏ်တက်ရင် ဘာဖြစ်မလဲ။ အရုဏ်တက်ရင် နေထွက်မယ်နော်၊ အရုဏ်တက်ရင် နေထွက်မယ်။ အရုဏ်မှ မတက်သေးဘူး ယောဂီအပေါင်း သူတော်ကောင်းတို့ အို- ဆုတောင်းပတ္ထနာကြီး ပြုပြီးတော့ လက်အုပ်ကြီးချီပြီးတော့ နေကြီးရယ် ထွက်ပါတော့- ထွက်ပါတော့၊ ထွက်ပါ့မလား။

"မထွက်ပါ ဘုရား"

အရုဏ်မှ မတက်သေးတာ နေက ထွက်ကိုမထွက်ဘူး။

အရုဏ်တက်နေပြီ ဆိုတော့လည်း နေက သူ့ဟာသူထွက်လာပြီ။ ထွက်လာတဲ့ နေကိုဟာ ထွက်လာတဲ့ နေမင်းကြီး ပြန်ပြီးတော့ ကျစမ်းပါ…ကျစမ်းပါလို့ ယောဂီတို့ အကြိမ်ကြိမ်ဆုတောင်း ပတ္ထနာပြုတော့ရော ရလား။

"မရပါဘူး ဘုရား"

အေး... ယောဂီတို့က ဒီမဂ်, ဖိုလ်, နိဗ္ဗာန်ဆိုတဲ့ အသီးအပွင့်ကို ရဖို့ရန် အတွက် ဆုတောင်းနေစရာမလိုဘူး။ နံပါတ်တစ် သစ္စာတရားတွေကို အရင်ဆုံး သိအောင် ကြိုးစားပြီးတော့သင်ယူရမယ်။ အဲဒါ ဉာတပရိညာ ဟုတ်ရဲ့လား။

"မှန်ပါ့ ဘုရား"

အဲဒီလို တရားတွေကို သိနေတယ်ဆိုရင် တရားတွေရှိလာပြီဆိုရင် အသိ ကနေ အရှိဖြစ်လာအောင် တရားတွေ အားထုတ်ရမယ်။ အဲဒါ တိရဏပရိညာ ဟုတ်ရဲ့လား။

"မှန်လှပါ ဘုရား"

တရားတွေကိုသိပြီး တရားတွေရှိပြီဆိုရင် မဂ်ဖိုလ်နိဗ္ဗာန်ဆိုတဲ့ အသီးအပွင့် ဟာ သူ့ဟာသူ အော်တိုမစ်တစ် လာလိမ့်မယ်။ အရှုဏ်တက်ရင် ဘာဖြစ်မှာလဲ နေထွက်မယ်။ ယောဂီတို့ ဆုတောင်းလို့ရလား။

"မရပါဘူး ဘုရား"

နိဗ္ဗာန်ဆိုတဲ့ တရား၊ ယောဂီတို့ ညညဆို ဩကာသ- ဩကာသ- နိဗ္ဗာန် မဂ်ဖိုလ် ရကြပါရစေဘုရား။ ဒီ ဝိပဿနာအလုပ်မှမလုပ်ရင် နိဗ္ဗာန်ရပ့ါမလား။ အဲဒီ တော့... ယောဂီတို့ကို ပြောချင်တဲ့စကားလေးရှိတယ်။ တချို့က မေးတယ်၊ ဝိပဿနာ ဆိုတာ ဘာကြောင့် အားထုတ်သင့်သလဲ။

ဝိပဿနာကို တပည့်တော်တို့ အားမထုတ်ရင် အပါယ်ကျမှာလား။ အဲဒီတော့ ဝိပဿနာမလုပ်ရင် အပါယ်ကျမှာလားဆိုတော့ မကျပါဘူး။ ဦးဇင်းတို့ ဝိပဿနာမှ တခြား ဒါန၊ သီလ၊ ဘာဝနာဆိုတဲ့ တရားတွေမရှိဘူးလား။

"ရှိပါတယ် ဘုရား"

ဒါနကိုပြုရင် နတ်ရွာသုဂတိ ရောက်နိုင်တယ်။ သီလကို ဆောက်တည်ရင် နတ်ရွာသုဂတိ ရောက်နိုင်ပါတယ်။

အပါယ်တော့မကျနိုင်ဘူး။ ဒါပေမယ့် ဒီ ဝိပဿနာတရားကို အားမထုတ် ထားတဲ့ လူတစ်ယောက်အတွက် ဘာနဲ့အလားသဏ္ဌာန်တူသလဲဆိုတော့ မှောင်မည်း နေတဲ့ အကာလ ညချမ်းအခါမှာ စမ်းတဝါးဝါးနဲ့ လမ်းလျှောက်နေတဲ့လူလို ဖြစ်နေ တယ်။ တရားအားမထုတ်ဘူး ဆိုရင်လေ။

မှောင်မည်းနေပြီးတော့ လက်နှိပ်ဓာတ်မီးလဲ မရှိဘူး။ ဘာအလင်းရောင်မှလဲ မရှိဘူးတဲ့။ အဲဒီ လူတစ်ယောက်ဟာ ညချမ်းကာလ လမ်းလျှောက်ပြီးကော့ သွားမယ်

ဆိုလို့ရှိရင် မှောင်ပိတ်နေတဲ့အတွက်ကြောင့် တစ်ခါတစ်လေကြတော့ သုခရီးလမ်းကြောင်းဟာ ဖြောင့်ရင်လည်း ဖြောင့်မယ် ဟုတ်လား။

တစ်ခါတစ်လေကျတော့ ခလုတ်တွေကော မတိုက်မိဘူးလား။

"တိုက်မိပါတယ် ဘုရား"

တစ်ခါတစ်လေကျတော့လည်း ကျင်းထဲ ချောက်ထဲရော မကျနိုင်ဘူးလား။

"ကျနိုင်ပါတယ် ဘုရား"

တရားအားမထုတ်ထားတဲ့ ဝိပဿနာအားမထုတ်ထားတဲ့ ယောဂီအပေါင်းသူတော်ကောင်းတွေဟာလဲဘဲ ဒါနတွေပြုလို့ နတ်ပြည်ကို ရောက်ပါသည်။

ပြန်ကျနိုင်သေးတယ်ဗျ ဟုတ်ရဲ့လား။

"မှန်ပါ့ ဘုရား"

## နိဗ္ဗာန်သွားရာ တစ်ခုတည်းသောလမ်းကြောင်း

သီလတွေဆောက်တည်ထားကြလို့ နတ်ပြည်ရောက်ပါသည်။ အို...နောက်ဆုံးကုန်ကုန်ပြောမယ်ဗျာ... သုံးဆယ့်တစ်ဘုံရဲ့ အမြင့်ဆုံးက ဗြဟ္မာကြီးတောင် အရှင်ဘုရား အောက်ကိုပြန်မဆင်းနိုင်ဘူးလားဆိုတော့၊ ဩော်... လူတွေ ခဏခဏပြောနေတယ်လေ။

ရာဇဂြိုဟ်မြို့မှာလေ ဘုရားဆွမ်းခံကြွတဲ့အခါကျတော့ လမ်းဘေးနားမှာ ဝက်မကြီးတစ်ကောင် မြင်တယ်တဲ့။ ဘာမြင်ခဲ့လဲ။

"ဝက်မကြီးပါ ဘုရား"

ဝက်မကြီးတစ်ကောင်မြင်တော့ မြတ်စွာဘုရားက အဲဒီဝက်မကြီးကို စေ့စေ့ကြည့်ပြီးတော့ ပြုံးတော်မူတယ်။

အဲ...ပြုံးတဲ့အခါကြတော့ အရှင်ဘုရား ဘာကြောင့်ပြုံးတာလဲလို့ အာနန္ဒာမထေရ်မြတ်က နောက်ကနေ မေးလိုက်တယ်။

**ဘန္တေ ဘဂဝါ**- မြတ်စွာဘုရား- မြတ်စွာဘုရားရဲ့၊ **သိတကာရဏံ**- ပြုံးတော်မူခြင်းအကြောင်းကို၊ **ပါတုံ**- ထင်ရှားအောင်၊ **ကရောဟိ**-ပြုပါဘုရား။

မြတ်စွာဘုရား ဒီလမ်းလေးက အစာစားနေတဲ့ ဝက်ကြီးကိုကြည့်ပြီးတော့ မြတ်စွာဘုရား ဘာကြောင့်ပြုံးနေသလဲ။ ဒါလေးပြောပြပါဆိုတော့- အဲဒါ မြတ်စွာဘုရားက ချစ်သားအာနန္ဒာ အဲဒီဝက်က ဟို ဘုရား...ဘုရားတွေ လက်ထက်ထဲက ဝက်မဖြစ်ခင်တုန်းက ကြက်ကလေးဖြစ်ခဲ့တယ်။ ယောဂီတို့ ဘာလေးဖြစ်ခဲ့သလဲ။

"ကြက်ပါ ဘုရား"

ဩော်...တိုတိုပဲပြောပြမယ်။ ယောဂီတို့ရေနော် ကြက်ကလေးဖြစ်ခဲ့တော့ ဘုရားတစ်ဆူရဲ့ တပည့်တစ်ဦးကနေပြီးတော့ တောရဆောက်တည်နေတာ ဧကစာရီ တစ်ပါးတည်းနေတာနော်။ တောထဲမှာ တရားဓမ္မနဲ့ပေါ့ဗျာ။ တစ်ပါးတည်းနေတဲ့ အခါကျတော့ အဲဒီ ကြက်ကလေးတစ်ကောင်ဟာ အဲဒီကျောင်းသင်္ခမ်းနားမှာ အစာ လေးတွေ စားနေတာ။ အဲဒီ ဘုရားရှင်ကိုယ်တော်မြတ်ရဲ့ တပည့်တစ်ဦးက နေ့တိုင်း နေ့တိုင်း ပရိတ်တွေရွတ်တယ်။ ဓမ္မစကြာတွေ ရွတ်တယ်။ ပဋ္ဌာန်းတွေ ရွတ်တယ်။ ဒီကြက်ကလေးက ကျောင်းအောက်မှာ အစာစားနေတာဆိုတော့ ဒီအသံလေးကို မကြားရ ဘူးလား။

"ကြားရပါတယ် ဘုရား"

ကြားရတဲ့အခါကြတော့ အို...အဲဒီအသံလေးကို ကြားနေတုန်း၊ စားနေတုန်း ပြုန်းဆို စွန်ကြီးတစ်ကောင်က ကြက်လေးကိုချီသွားရော၊ ကြက်လေးကို လာချီသွားတဲ့ အခါကြတော့ တိုတိုနဲ့လိုရင်းပြောရင် သေရောပေါ့ဗျာနော်။

အဲဒီကြက်ကလေးသေတဲ့အခါကြတော့ အဲဒီဘဝမှာ ဆွေတော်မျိုးတော်တွေ တောရဆောက်တည်နေတဲ့ ကိုယ်တော်လေးရဲ့ ဓမ္မအသံတွေကို ကြားနာပြီးတော့ သေသွားရတဲ့ကြက်ကလေးဟာ ဥဗ္ဗရီလို့ခေါ်တဲ့ ရှင်ဘုရင့်သမီးလေးလာဖြစ်တယ်။

တိုင်းပြည်အုပ်ချုပ် ဘုရင်လုပ်တဲ့ ဘုရင်ကြီးတစ်ပါးရဲ့ သမီးတော် ဥဗ္ဗရီ လာဖြစ်တယ်။ အဲဒီ ဥဗ္ဗရီမင်းသမီးဘဝမှာ တစ်နေ့သောအခါကြတော့- နန်းတွင်းထဲ က ဆွေတော်မျိုးတော်တွေ အေး...ဒီခေတ်ပြောရရင် အိမ်သာပေါ့ဗျာ။ အဲဒီ ကုဋ္ဌီ အိမ်သာကို ဥဗ္ဗရီ ဆိုတဲ့ကလေးမက သွားပြီးတော့ ခန္ဓာကိစ္စလုပ်တော့ ဟိုတုန်းက ကုဋ္ဌီအိမ်သာတွေဟာ ဦးဇင်းတို့ ယနေ့လို အဆင့်အတန်း ခေတ်လိုမမီတဲ့အခါကြတော့ အောက်ကိုငုံ့ကြည့်လိုက်တော့ မစင်တွေ၊ ကျင်ကြီးတွေ အကုန်လုံး မြင်နေရတယ်နော်။

အဲဒီ မစင်ကျင်ကြီးတွေ ကြားထဲကြားထဲမှာလည်း ဘာတွေ တွေ့နေရသလဲ ဆိုတော့ ယောဂီအပေါင်း သူတော်ကောင်းတို့ရေ ပိုးတွေ လောက်တွေက စိစိ စိစိ နေတဲ့အခါကြတော့ တိုင်းပြည်အုပ်ချုပ် ဘုရင်ကြီးလုပ်တဲ့ ဘုရင်ကြီးရဲ့သမီး ဥဗ္ဗရီ လေးက ဒါလေးကြည့်ပြီးတော့ ပုဠုဝကသညာ စက်ဆုပ်စရာကောင်းလိုက်တာ ဆိုပြီး တော့ အဲဒီမှာဘဲ တစ်ခါတည်း ခန္ဓာအပေါ်မှာ ကျရောက်နေတဲ့ မကောင်းတဲ့ အညစ် အကြေးတွေကို စက်ဆုပ်ဖွယ်ရာအဖြစ် ရှုမှတ်လိုက်တာ ရှုမှတ်ရင်း- ရှုမှတ်ရင်းနဲ့

သမထတွေ ပေါက်ရောက်ပြီးတော့ အဲဒီဘဝကနေ သေတော့ ဟိုး-ဗြဟ္မာ့ပြည်မှာ ဗြဟ္မာသွားဖြစ်တယ်။

ဗြဟ္မာသွားဖြစ်တယ်။ အဲဒီ ဗြဟ္မာဘဝကနေပြီးတော့ အသက်တွေ အရာ၊ အထောင်၊ အသန်း၊ အသိန်း ဘဝနဲ့ နေပြီးတဲ့အခါကြတော့ ဗြဟ္မာဘဝကနေ စုတေ စုတေပြီးတော့ လူ့ဘဝပြန်ဖြစ် အဲဒီလူ့ဘဝကနေ မကောင်းမှုတစ်ခါထပ်လုပ်တဲ့ အခါကြတော့ ဟော ခုနက ရာဇဂြိုလ်ပြည် ဘုရားကြွလာတဲ့အခိုက်မှာ လမ်းဘေးနား ကတွေ့တဲ့ ဝက်မ။ အဲဒီဝက်မကြီးက တစ်ချိန်တုန်းက (၃၁)ဘုံရဲ့ အမြင့်ဆုံးဘုံမှာ ဘာဖြစ်ခဲ့ဘူးတာလဲ။

"ဗြဟ္မာပါ ဘုရား"

အဲ... ဗြဟ္မာဖြစ်ခဲ့ဖူးတာ။ ဒါကြောင့်မို့ တရားများ အားမထုတ်ခဲ့ဘူးဆိုရင် ဦးဇင်းတို့ဘဝ၊ ယောဂီတို့ဘဝဟာ ဘာနဲ့တူသလဲဆိုတော့ သီတင်းကျွတ်ကာလမှာ အပေါ်ကို အလှအပတွေ လွှတ်တင်လိုက်တဲ့ မီးပုံးပျံတွေ မရှိဘူးလား။

"ရှိပါတယ် ဘုရား"

မီးပုံးပျံတွေ အောက်ကနေ မီးတွေ မီးခိုးတွေတိုက်ပြီးတော့ အောက်ကနေ လွှတ်တင်လိုက်တဲ့အခါကြတော့ တစ်ခါတည်း မှိုင်းတွေမီးတွေရှိသရွေ့၍ ကာလ ပတ်လုံးတော့ အပေါ်တက်နေတာပဲ မှိုင်းတွေလဲ မရှိတော့ဘူး။ မီးတွေလဲ မရှိတော့ဘူး ဆိုတော့ မီးပုံပျံကြီးက ဘာဖြစ်သလဲ။

အေး... ဒီအလုပ်မှ မလုပ်နေရင် ယောဂီတို့ ဘဝအဆင့်အတန်း ဘယ် လောက်ပဲမြင့်နေမြင့်နေ တစ်နေ့ ပြန်မကျနိုင်ဘူးလား။ အေ...ဒါကြောင့်မို့လို့ ဝိပဿနာတရားဆိုတာ ယောဂီအားထုတ်သင့်၊ မထုတ်သင့်- ။ အားထုတ်သင့်တယ်။ နောက်တစ်ခါ ဝိပဿနာတရားကို အားထုတ်လို့ရှိရင် အဓိကအရေးကြီးဆုံး။ ဘာ အကျိုးရသလဲဆိုတော့ နိဗ္ဗာန်...ဘာတဲ့လဲ။

"နိဗ္ဗာန်ပါ ဘုရား"

နိဗ္ဗာန်ဘာနဲ့မှ ပြောလို့မရဘူး။ ဒါနနဲ့ သွားမလား၊ အထောက်အပံ့ပဲရမယ်။ သီလနဲ့ သွားမလား။ အထောက်အပံ့ပဲရမယ်။ နိဗ္ဗာန်ကို တိုက်ရိုက်သွားနိုင်တာက တခြားလား။ ဝိပဿနာလား။

"ဝိပဿနာပါ ဘုရား"

ဒါကြောင့်မို့လို့ နိဗ္ဗာန်ကို ရောက်ချင်ပါတယ်ဆိုတဲ့ ယောဂီအပေါင်း သူတော်ကောင်းတို့ တခြားလုပ်ရမှာလား၊ ဝိပဿနာလုပ်ရမှာလား။

"ဝိပဿနာပါ ဘုရား"

ဪ... ဒါကြောင့်မို့လို့ ဒီဝိပဿနာဆိုတဲ့အလုပ်ကို အင်မတန်ကြိုးစားပြီးတော့ လုပ်သင့်တယ်ဆိုတာ မသေချာဘူးလား။

ဒါကြောင့်မို့လို့ ယောဂီတို့ကို အလွယ်ကျက်မှတ်ဆိုတာက ဉာတပရိညာ။ သိစေအပ်သည်ဆိုတာက- တိရဏပရိညာ။ သံသရာမှ လွတ်ကြောင်းတည်းဆိုတာက ပဟာရပရိညာ ရှိုးရှိုးရှင်းရှင်း ပြောရလို့ရှိရင်တော့ ဝိဇ္ဇာနှင့် စရဏ သိပြီးရင် ဘာလုပ်မလဲ။

"ကျင့်ရမှာပါ ဘုရား"

အရဏ်တက်ရင် ဘာဖြစ်မလဲ။ နေထွက်လိမ့်မယ်။

ဒါကြောင့်မို့လို့ ယောဂီအပေါင်း သူတော်ကောင်းတို့ အခုတရားဝင်၊ တရားအားထုတ်တယ်ဆိုတာ တခြားလိုချင်လို့လား၊ နိဗ္ဗာန်လား။

"နိဗ္ဗာန်ပါ ဘုရား"

## သစ္စာလေးချက် ကိုက်ပါစေ

ဒီနိဗ္ဗာန်ကိုလိုချင်ရင်လည်း တခြားအလုပ် လုပ်ရမှာလား။ ဝိပဿနာအလုပ်လား။

"ဝိပဿနာအလုပ်ပါ ဘုရား"

ဝိပဿနာအလုပ် လုပ်တဲ့အခါကြတော့ ယောဂီတို့ တခြားကြည့်ရမှာလား။ ခန္ဓာဘဲလား။

"ခန္ဓာကြည့်ရမှာပါ ဘုရား"

ခန္ဓာကြီးကိုဉာဏ်နဲ့ ကြည့်တော့ကော မဖြစ်မပျက်တဲ့အချိန်များရှိလို့လား။

"မရှိပါဘူး ဘုရား"

ဖြစ်လိုက်၊

ပျက်လိုက်၊

မွေးလိုက်၊

သေလိုက်။

ဖြစ်လိုက်၊ ပျက်လိုက်၊ မွေးလိုက်၊ သေလိုက်တဲ့အခါကျတော့ ဒီခန္ဓာကြီးကို ကြည့်တိုင်း...ကြည့်တိုင်း ဖြစ်တယ်၊ ပျက်တယ်၊ မွေးတယ်၊ သေတယ်ဆိုတော့ မလိုချင်စရာတွေချည်းပဲ၊ ဟုတ်ရဲ့လား။

"မှန်ပါ ဘုရား"

အရာတစ်ခုကို လိုချင်တယ်။ စွဲလမ်းတယ်၊ တပ်မက်တယ်ဆိုတာ အဲဒီအရာပေါ်မှာ မမုန်းဘဲနဲ့ ခင်နေလို့... ရှင်းရဲ့လား။

"ရှင်းပါတယ် ဘုရား"

အခု မြို့မှာနေတာပဲ၊ ကိုယ့်အိမ်ကို နေ့စဉ်သတင်းစာတွေ ရောက်နေတာ သတင်းစာကိုဖတ်ကြည့်။ တချို့ ချစ်လို့ ထိမ်းမြားပြီးစီးခြင်း မပြောဘူးလား။ ထိမ်းမြားပြီးစီးခြင်းဆိုတာ ချစ်လို့လား၊ မုန်းလို့လား။

"ချစ်လို့ပါ ဘုရား"

အဲဒါ ချစ်လို့... ထိမ်းမြားပြီးစီးခြင်းလို့သာ [illegible] တစ်ယောက်နဲ့ တစ်ယောက် မကြည့်ချင်တော့ဘူး။ မင်းမျက်နှာလည်း ငါမကြည့်ချင်တော့ဘူး။ ငါ့မျက်နှာလဲ မင်းမတွေ့စေရဘူးဆိုတာ ကွာရှင်းပြတ်စဲခြင်း အဲဒီသတင်းစာမှာပဲ အကုန်ရှိတယ်။

ကွာရှင်းပြတ်စဲခြင်းဆိုတာ တစ်ယောက်နဲ့ တစ်ယောက် မုန်းလို့လား၊ ချစ်လို့လား။ ဟာ- မုန်းသွားပြီဆိုရင် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ချင်သေးလား။

မကြည့်ချင်တော့ဘူး။ ဒါကြောင့်မို့ ဒီဉာဏ်နဲ့ ဒီခန္ဓာကို ကြည့်လိုက်တဲ့အခါမှာ- ခန္ဓာမှာကောင်းကွက်မှ မရှိတာ ဟုတ်ရဲ့လား။

ကောင်းကွက်ရှိအောင် သတိနဲ့ ဝီရိယစိုက်ရမယ်။ သတိထားရမယ်။ ဝီရိယစိုက်ရမယ်။ ပညာလေးနဲ့ ကြည့်ရမယ်။ သေသေချာချာကြည့်လိုက်တဲ့အခါကြတော့ ခန္ဓာကြီးကို ဉာဏ်နဲ့ ကြည့်လိုက်တိုင်း- ကြည့်လိုက်တိုင်း မဖြစ်မပျက်တဲ့ အချိန်ရှိလား။ ဖြစ်လိုက် ပျက်လိုက်။ မွေးလိုက် သေလိုက်၊ ဩော် ခန္ဓာကြီးကြည့်လိုက်၊ ကြည့်လိုက်တိုင်း ဒါကြီးပဲ မြင်နေတဲ့အခါကျတော့ သူတော်ကောင်းတို့- အဲဒီခန္ဓာကြီး လိုချင်တဲ့ တဏှာ လာဦးမလား။

"မလာတော့ပါဘူး ဘုရား"

စွဲလမ်းတဲ့ ဥပါဒါန်တွေရော လာဦးမလား။

"မလာတော့ပါဘူး ဘုရား"

ပြုလုပ်တဲ့ကံတွေရော လာဦးမလား။

"မလာတော့ပါဘူး ဘုရား"

ယောဂီအပေါင်း သူတော်ကောင်းတို့ရေ တဏှာ, ဥပါဒါန်, ကံဆိုတဲ့ ခန္ဓာဖြစ်ကြောင်းတွေမှ မလုပ်တော့ဘူးဆိုရင် ခဏလေးဆိုတဲ့ ဇာတိလာဦးမလား။

"မလာတော့ပါဘူး ဘုရား"

ဒါဆိုရင် အိုစရာလိုသေးလား။

"မလိုတော့ပါဘူး ဘုရား"

နာစရာကော လိုသေးလား။

"မလိုတော့ပါဘူး ဘုရား"

သေစရာကော လိုသေးလား။

"မလိုတော့ပါဘူး ဘုရား"

အို-နာ-သေ ကင်းတာတခြားလား နိဗ္ဗာန်လား။

"နိဗ္ဗာန်ပါ ဘုရား"

ဒီနိဗ္ဗာန်ကို ယောဂီအပေါင်းသူတော်ကောင်းတို့ အလိုလိုရောက်တာလား။

"အို-နာ-သေ ကင်းလို့ပါ ဘုရား"

ဩော်... အို-နာ-သေကလဲ အလိုလိုကင်းတာလား၊ ဘဝဇာတိချုပ်လို့လား။

"ဘဝဇာတိချုပ်လို့ပါ ဘုရား"

ဘဝဇာတိကလဲ သူ့အလိုလိုချုပ်မှာလား၊ ခန္ဓာကြီးကို ဉာဏ်နဲ့ကြည့်မှလား။

"ခန္ဓာကြီးကို ဉာဏ်နဲ့ကြည့်မှပါ ဘုရား"

ဩော်... ခန္ဓာကြီးကို ဉာဏ်နဲ့ကြည့်တဲ့အချိန် ယောဂီတို့ရေ မဖြစ်မပျက်တဲ့အချိန်ရှိလား။

"မရှိပါဘူး ဘုရား"

ဖြစ်လိုက်ပျက်လိုက်၊ မွေးလိုက်၊ သေလိုက်၊ ဟော ယောဂီတို့ရေ ပြောကြည့်၊ ဖြစ်ပျက်က ဘာသစ္စာ။

**"ဒုက္ခသစ္စာ"**

သိတဲ့ဉာဏ်က ဘာသစ္စာ။

**"မဂ္ဂသစ္စာ"**

သေတာက ဘာသစ္စာ။

**"သမုဒယသစ္စာ"**

နောင်ခန္ဓာ မလာတာက ဘာသစ္စာ၊

**"နိရောဓသစ္စာ"**

သစ္စာ ဘယ်နှစ်ချက်ကိုက်. . . .

"လေးချက်ကိုက်ပါတယ် ဘုရား"

ကဲ... သစ္စာလေးချက် တစ်ပြိုင်နက် ကိုက်သောကြောင့် ယောဂီအပေါင်းသူတော်ကောင်းတို့သည် ယခုအားထုတ် အပ်တဲ့ ဝိပဿနာဉာဏ်သည် မဂ်ဖိုလ်နိဗ္ဗာန်သို့ လျင်မြန်စွာ မျက်မှောက်ပြုနိုင်ပါစေသားလို့ ပတ္ထနာပြုရင်းနဲ့ အချိန်လဲစေ့လို့ ဒီနေ့တော်ကြဦးစို့။

"သာဓု...သာဓု...သာဓု"

# ရပ်မနေနဲ့ ဆက်လျှောက် တရားတော်

*(ဒီကနေ့ဟာ ဦးပဥ္စင်းတို့ သာသနာနှစ် ၂၅၅၃-ခု၊ ကောဇာသက္ကရာဇ် ၁၃၇၁-ခု၊ ဝါခေါင်လဆန်း (၁၁)ရက်၊ ၁-၈-၂၀၀၉ (စနေနေ့) ညနေပိုင်း ရန်ကုန်မြို့၊ သယ်န်းကျွန်းမြို့နယ်၊ ရန်ကုန်သစ်ရပ်ကွက်၊ သုဝဏ္ဏမြို့ဦးဘုရားအနီး စံရိပ်ငြိမ်ကျောင်းတိုက်တော်အတွင်း မိုးကုတ်ဝိပဿနာ "သစ္စာဓမ္မသဘင်"၌ ဟောကြားသည်။)*

အားလုံးသော ယောဂီအပေါင်း သူတော်ကောင်းတို့ ...

သင့်တင့်သော ဣရိယာပုတ် မျှတသော အနေအထားအားဖြင့်ထိုင်ပြီးတော့ မြတ်ဗုဒ္ဓရဲ့ဓမ္မကို ကောင်းစွာပူဇော်နိုင်ကြပါပြီ။

ယောဂီတို့ ဘာဓမ္မသဘင်လဲ။

"သစ္စာ ဓမ္မသဘင်ပါ ဘုရား"

သစ္စာ ဓမ္မသဘင်ကို ဟောပြောကြားရာ၌ ယနေ့ညနေပိုင်း တရားအဖြစ် ဦးပဥ္စင်းများတို့ ဟောကြားမည့်တရားနာမည်က ***"ရပ်မနေနဲ့ ဆက်လျှောက် တရားတော်"***တဲ့။

ဘာတရားလဲ ယောဂီတို့။

"ရပ်မနေနဲ့ ဆက်လျှောက် တရားတော်ပါဘုရား"

ယောဂီအပေါင်း သူတော်ကောင်းတို့ ရပ်နေမှာစိုးလို့ ဘာလုပ်ခိုင်းတာလဲ ဆက်လျှောက်ခိုင်းတာတဲ့။

အဲဒီတော့ တရားစဉ်လေး ပွားကြရအောင်။ ယောဂီအပေါင်းသူတော်ကောင်းတို့၊ တရားဝင် တရားအားထုတ်တယ်ဆိုတာ တခြားလိုချင်လို့လား၊ နိဗ္ဗာန်လား။

"နိဗ္ဗာန်ပါ ဘုရား"

နိဗ္ဗာန်လိုချင်တယ်ဆိုရင် ယောဂီတို့ တခြားအားထုတ်ရမှာလား။ ဝိပဿနာလား။

"ဝိပဿနာပါဘုရား"

ဩော်. . . ဝိပဿနာ အားထုတ်တော့လဲပဲ မြတ်စွာဘုရားက တခြားကြည့်ရမှာတဲ့လား၊ ခန္ဓာကြည့်ရမှာတဲ့လား။

"ခန္ဓာကြည့်ရမှာပါ ဘုရား"

ခန္ဓာကြီးဉာဏ်နဲ့ကြည့်တဲ့အခါ ယောဂီတို့ မဖြစ် မပျက်တဲ့အခါ ရှိလား။

"မရှိပါဘူး ဘုရား"

"ဖြစ်လိုက် ပျက်လိုက် သေလိုက်၊ ဩော်- ခန္ဓာကြီး ကြည့်တိုင်း ကြည့်တိုင်းမှာ ဒါပဲမြင်မယ်။

"ဒါပဲမြင်မယ်ဆိုတော့ သူတော်ကောင်းတို့ ဘာလိုအပ်တာလဲဆိုတော့ သမာဓိ မျက်လုံးတော့ လိုအပ်တယ်နော်။ ယောဂီတို့ မလိုအပ်ဘူးလား"

"လိုအပ်ပါတယ် ဘုရား"

## သမာဓိရှိအောင် အရင်လုပ်

**သမာဓိံ ဘိက္ခဝေ ဘာဝေထ။**

**ဘိက္ခဝေ**-ချစ်သား ချစ်သမီးတို့၊ **သမာဓိံ**-သမာဓိကို၊ **ဘာဝေထ**-ပွားကြ။ ဘာကို ပွားခိုင်းတာလဲ။

"သမာဓိကိုပါ ဘုရား"

**သမာဟိတော ယထာဘူတံ ပဇာနာတိ။**

**သမာဟိတော**- သမာဓိရောရှိတဲ့ ပုဂ္ဂိုလ်မှသာလျှင်၊ **ယထာဘူတံ**-ဟုတ်တိုင်းမှန်စွာ၊ **ပဇာနာတိ**-သိမယ်။

ချစ်သားတို့. . . သမာဓိကို ရအောင်ပွား၊ သမာဓိပွားခြင်းကို ဦးဇင်းတို့ သုံးနည်းတောင် ဟောပြီးပြီနော်၊ ဂဏနနည်းရယ်၊ အနုဗန္ဓနနည်းရယ်၊ ဖုသနနည်းရယ်၊ အဲဒီတော့ သမာဓိရဖို့ ဘယ်နှစ်နည်းပေးထားလဲ။

"သုံးနည်းပါ ဘုရား"

အေး... သမာဓိရှိမှ ခန္ဓာကိုယ်ရဲ့ အဖြစ်အပျက်ကို မြင်မယ်တဲ့။ ဒါဆိုရင် အဲဒီစကားလေးကိုပြောင်းပြန်ပြန်ရင် သမာဓိ မရှိရင် ခန္ဓာကိုယ်ထဲက ဖြစ်ခြင်း ပျက်ခြင်းကို မြင်ပါ့မလား။

"မမြင်ပါဘူး ဘုရား"

ဒါကြောင့်မို့လို့ ယောဂီအပေါင်း သူတော်ကောင်းတို့ သမာဓိဟာ အရေးမကြီး ဘူးလား။

"ကြီးပါတယ် ဘုရား"

လောက ဥပမာအနေနဲ့ပြောရင် အင်မတန် မှောင်ပိတ်နေတဲ့ အခန်းကြီးထဲမှာ မီးကလဲပျက်၊ ကိုယ့်မှာ ဓာတ်မီးဆိုတာတောင် မရှိဘူး။ အခန်းထဲမှာ ထည့်ထားတာက တီဗွီတွေရော၊ ကက်ဆတ်တွေရော၊ ကွန်ပျူတာတွေရော၊ ဒီလိုနေ၁်။ အခန်းကလဲ မှောင်ပိတ်နေတယ်၊ ထိုးစရာ လက်နှိပ်ဓာတ်မီးတောင်မရှိတဲ့ ပုဂ္ဂိုလ်က အပြင်ကနေ ပြီးတော့ အခန်းထဲ ဘာရှိတယ်မှန်း သိလား။

"မသိပါဘူးဘုရား"

"ဟုတ်ရဲ့လား။ အေး... သူတော်ကောင်းတို့ တစ်ယောက်သော ပုဂ္ဂိုလ်က လာပြီး သူငယ်ချင်း မင်း ဘာရှာနေတာလဲတာကွာ။ ရော့... ဓာတ်မီး လေးယူလိုက်၊ ဘာလေးယူလိုက်တယ်။

"လက်နှိပ်ဓာတ်မီးလေးပါ ဘုရား"

အဲဒါနဲ့ သူငယ်ချင်းတစ်ယောက်က လက်နှိပ်ဓာတ်မီးလေးပေး၊ အဲဒီ လက်နှိပ် ဓာတ်မီးလေးယူပြီးတော့ အခန်းထဲမှာ ဘာရှိသလဲလို့ ထိုးကြည့်လိုက်တော့ ဟ... တီဗွီတွေ၊ ကတ်ဆက်တွေ၊ အောက်စက်တွေ၊ ကွန်ပျူတာတွေ မတွေ့ဘူးလား"

"တွေ့ပါတယ် ဘုရား"

ဟုတ်ရဲ့လား... ထိုနည်းတူစွာပဲ ယောဂီအပေါင်းသူတော်ကောင်းတို့ရဲ့ ခန္ဓာ ကိုယ်ဟာ မှောင်ပိတ်နေတဲ့ အခန်းကြီးတစ်ခန်းနဲ့တူတယ်။

မှောင်ပိတ်နေတဲ့ အခန်းကြီးတစ်ခန်းနဲ့ ခန္ဓာကိုယ်ဟာ တူတယ်။ အဲဒီတော့ သူတော်ကောင်းတို့ ပွားများနေတဲ့ သမာဓိဆိုတာက လက်နှိပ်ဓာတ်မီးနဲ့တူတယ်။ သမာဓိဆိုတာ ဘာနဲ့တူတယ်။

"လက်နှိပ်ဓာတ်မီးနဲ့ တူပါတယ် ဘုရား"

သမာဓိဆိုတဲ့ လက်နှိပ်ဓာတ်မီးမှ မရှိဘူးဆိုရင် ယောဂီတို့ခန္ဓာကိုယ်ရဲ့ အဖြစ်အပျက်ကို မြင်ပါ့မလား။

"မမြင်ပါဘူး ဘုရား"

ဒါကြောင့်မို့လို သမာဓိဟာ အရေးကြီးတယ်ဆိုတာ ယောဂီတို့ သေချာမှတ်ထားနော်။ သမာဓိက ကိုယ်မှာပြည့်စုံနေမယ်၊ သတိကလဲ ပြည့်စုံနေမယ်၊ ဝီရိယအားကလဲ ကောင်းနေမယ်၊ ဒီဉာဏ်နဲ့ ဒိခန္ဓာကိုယ် တိုက်ကြည့်လိုက်တိုင်း ဘုရားကဖြစ်လိုက်၊ ပျက်လိုက်၊ မွေးလိုက်၊ သေလိုက်။ ဩော်... ဒါတွေပဲ မြင်နေတဲ့အခါကျတော့ ဒိခန္ဓာကိုယ်ကြီးလိုချင်တဲ့ တဏှာ လာဦးမလား။

"မလာတော့ပါဘူး ဘုရား"

စွဲလမ်းတဲ့ ဥပါဒါန်တွေရော လာဦးမလား၊ ပြုလုပ်တဲ့ ကံတွေရော လာဦးမလားယောဂီအပေါင်း သူတော်ကောင်းတို့။ တဏှာ, ဥပါဒါန်, ကံမှ မလာဘူးဆိုရင်ဘဝဇာတိလေး ရဦးမလား။

"မရတော့ပါဘူး ဘုရား"

အို... ဘဝဇာတိရမှ အိုမှာလေ၊ အခု မရတော့ဘူးဆိုတော့ အိုစရာလိုသေးလား။

"မလိုတော့ပါဘူး ဘုရား"

နာစရာကော လိုသေးလား။

"မလိုတော့ပါဘူး ဘုရား"

သေစရာရော လိုသေးလား။

"မလိုတော့ပါဘူး ဘုရား"

အိုခြင်း၊ နာခြင်း၊ သေခြင်းကင်းတာ ယောဂီအပေါင်း သူတော်ကောင်းတို့တခြားလား နိဗ္ဗာန်လား။

"နိဗ္ဗာန်ပါ ဘုရား"

ဒီနိဗ္ဗာန် အလိုလိုရတာလား။ အိုနာသေ ကင်းလို့လား။

"အိုနာသေကင်းလို့ပါ ဘုရား"

အိုနာသေကလဲ ယောဂီတို့ အလိုလိုကင်းမှာလား၊ ဘဝဇာတိချုပ်လို့လား။

"ဘဝဇာတိချုပ်လို့ပါ ဘုရား"

ဘဝဇာတိကလဲ အလိုလို ချုပ်တာမဟုတ်ဘူးတဲ့။ ယောဂီတို့သန္တာန်၊ ဦးဇင်းတို့သန္တာန်မှာ သမုဒယတွေသေမှ။ ယောဂီတို့ ဘာသေမှလဲ။

"သမုဒယသေမှပါ ဘုရား"

သမုဒယတွေသေမှ ဟုတ်လား။ သမုဒယကလဲ အလိုလိုနေသေမှာလား ခန္ဓာကြီးကို ဉာဏ်နဲ့ကြည့်မှလား။

"ခန္ဓာကြီးကို ဉာဏ်နဲ့ကြည့်မှပါ ဘုရား"

ခန္ဓာကြီး ဉာဏ်နဲ့ကြည့်တဲ့အလုပ်ဟာ တခြားအလုပ်လား၊ ဝိပဿနာအလုပ်လား။

"ဝိပဿနာအလုပ်ပါ ဘုရား"

ဒါကြောင့်မို့လို့ သမုဒယသေဖို့ရန်အတွက် ဝိပဿနာတော့ လုပ်ကိုလုပ်ရမယ်။ ဟုတ်ရဲ့လား။

ယောဂီတို့ ပဋိစ္စသမုပ္ပါဒ် (၁)အကွက်ကို ကြည့်လိုက်စမ်း။ သစ္စာနဲ့ကြည့်လိုက်ရင် ဘာတွေ့။

"သမုဒယသစ္စာပါ ဘုရား"

ဟုတ်တယ်။ သမုဒယသစ္စာ။

(၂)အကွက်ကိုကြည့်ရင် သစ္စာအနေနဲ့ကြည့်ရင် ဘာသစ္စာ။

"သမုဒယသစ္စာပါ ဘုရား"

ဘဝသံသရာ ကျင်လည်နေခိုက်မှာ (၁)အကွက် လွန်လေပြီးသော အတိတ်ကာလ ဟိုး... ဘဝတွေက ဦးဇင်းတို့ သမုဒယသစ္စာတွေ ဦးဇင်းတို့ရဲ့နှလုံးအိမ်မှာ ရှိခဲ့တဲ့အတွက်ကြောင့်လေ။ (၂)အကွက်မှာ ခန္ဓာ(၅)ပါး မရဘူးလား။

"ရပါတယ် ဘုရား"

ရလာတဲ့ အဲဒီခန္ဓာ(၅)ပါး ကြည့်တဲ့အခါကြတော့ ဒုက္ခသစ္စာလား၊ သမုဒယသစ္စာလား။

"သမုဒယသစ္စာပါ ဘုရား"

ကြည့်စမ်း၊ သမုဒယကြောင့် ဘာဖြစ်တာလဲ။

"ဒုက္ခဖြစ်တာပါ ဘုရား"

ရှင်းလား ယောဂီတို့။ အဲတော့ အဲဒီလိုဖြစ်တာကို ဒီဘဝသိပြီးတော့ ဒီအလုပ်လုပ်ရင်လုပ် မလုပ်လို့ရှိရင် (၃)အကွက်ကို လည်တော့မှာ ယောဂီတို့။ ပဋိစ္စသမုပ္ပါဒ် စက်ဝိုင်းမှာ (၃)အကွက်မှာ တခြားတွေ့တာလား။ သမုဒယသစ္စာလား။

"သမုဒယသစ္စာပါ ဘုရား"

ဟော... သမုဒယသစ္စာ နံပါတ်(၃)အကွက်မှာ ဆက်လုပ်မှတော့ နံပါတ်(၄) အကွက်မှာ ဒုက္ခသစ္စာနဲ့ ပြန်တွေ့မှာလေ၊ ဟုတ်ရဲ့လား။

အနမတဂ္ဂသံသရာမှာ ကျင်လည်ရတဲ့ ဘဝခရီးမှာ သမုဒယသစ္စာ တွေ့လိုက်၊ ဒုက္ခသစ္စာ တွေ့လိုက်။

နောက်တစ်ခါ သမုဒယသစ္စာတွေ မကျေနပ်လို့ထပ်လုပ်တယ်။ ရလာတဲ့အခါကျတော့ ဒုက္ခသစ္စာတွေပဲရတယ်။ မရဘူးလား။

"ရပါတယ် ဘုရား"

အေး- ဒါကြောင့်မို့လို့ အဲဒီ ဒုက္ခဒုက္ခတွေရဲ့ လွန်မြောက်ရာဖြစ်တဲ့ နိဗ္ဗာန်ကို ရဖို့ရန်အတွက် တရားအားထုတ်ရမယ်။ ဘာ အားထုတ်ရမလဲ။

"တရားအားထုတ်ရမှာ ဘုရား"

## လျှောက်ဖြစ်အောင် လျှောက်ပါ

ယောဂီအပေါင်း သူတော်ကောင်းတို့၊ ဟောမယ့် တရားနာမည်လေးက ဘာတဲ့လဲ။ ရပ်မနေနဲ့ ဆက်လျှောက် ဘာတဲ့လဲ။

"ရပ်မနေနဲ့ဆက်လျှောက်ပါ ဘုရား"

ဦးဇင်းတို့ ဖွင့်ပွဲနေ့ကလဲ ပြောပါတယ်။ တရားသိဖို့အတွက် ဘာလုပ်ရမလဲ တရားနာရမယ်။ တရားသိဖို့အတွက် ဘာလုပ်မလဲ။

"တရားနာရမှာပါ ဘုရား"

နောက်တစ်ခါကျတော့ တရားရှိဖို့အတွက် တရားအားထုတ်ရမယ်။ တရားရှိဖို့အတွက် ဘာလုပ်ရမလဲ။

"တရားအားထုတ်ရပါမယ် ဘုရား"

အေး... ယောဂီအပေါင်း သူတော်ကောင်းတို့ တရားရှိဖို့ဆိုတာ **နံပါတ်(၁)** အရေးကြီးဆုံးက တရားသိဖို့ အရေးကြီးတယ်။

အဲဒီတော့ တရားသိဖို့ဆိုရင်လဲ ယောဂီအပေါင်း သူတော်ကောင်းတို့ရေ... တရားနာဖို့ အရေးမကြီးပြန်ဘူးလား၊ သူတော်စင် ပညာရှိရဲ့ စကားတစ်ခွန်း ကြားရတာက-

သူတော်စင်ပညာရှင်တို့ မိန့်ကျင့်စကား တစ်ခွန်းကြားက-

**ပတ္တမြားဆန်ကျိုး အဖိုးပြည်တန်**

**ကောန်မုချ တစ်လုံးရလို့**

**နဋ္ဌဖိုးမွန် ကျိုးကဲလွန်၏။**

ဘုရား အစရှိတဲ့ သူတော်ကောင်းတွေ ဟောဖော်ညွှန်ပြတဲ့ တရားတွေ အများကြီးမဟုတ်ပါဘူး။ တစ်လုံးတစ်ပါဒလေးသိ။ အဲဒီ သိတဲ့ဓမ္မကို ကိုယ့်ရင်ထဲ ကိုယ့်နှလုံးသားထဲထည့် ယောဂီတို့ရေ။ အဲဒီပုဂ္ဂိုလ်ရဲ့ ဘဝဟာ အဖိုးအနဂ္ဃထိုက်တန်တဲ့ ပြည်တန်ပတ္တမြားကြီးတစ်လုံးကို ရသလိုပဲ။

ပညာရှိသူတော်ကောင်းတွေနှင့်၊ နောက်ဆုံး ခြုံပြီးတော့ပြောမယ် ယောဂီတို့။ တရားမရှာဘဲ၊ အကြင်သူ တစ်ဦးတစ်ယောက်ထံမှ တရားကိုမနာဘဲ ကိုယ်ကိုယ်တိုင် ကိုယ့်အသိနဲ့ကိုယ်, ကိုယ့်ဉာဏ်နဲ့ကိုယ်, ကိုယ်ရဲ့ အသိကို သိစွမ်းနိုင်တဲ့ပုဂ္ဂိုလ်ဟာ လောကမှာလေ နှစ်ဦးပဲရှိတယ်။ ဘယ်နှစ်ဦးလဲ။ အဲဒီနှစ်ဦးကို ယောဂီတို့လိုက်ဆို-

**(၁) သမ္မာသမ္ဗုဒ္ဓဘုရား...**

သမ္မာသမ္ဗုဒ္ဓဘုရားက ဘယ်သူ့ဆီမှ တရားနာစရာမလိုပါဘူး။ သူဟာ အဲဒီ မပွင့်ခင် ပါရမီတွေကို ဘယ်လောက်ဖြည့်ကျင့်ခဲ့ရလဲဆိုရင် လေးသင်္ချေနဲ့ ကမ္ဘာ တစ်သိန်း။ ဘယ်လောက်လဲ။

"လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်းပါ ဘုရား"

အဲဒီ ပါရမီအရှိန်အဟုန်တွေကြောင့် ကြီးကျယ်တဲ့ဘဝမှာ တရားနာစရာ မလိုဘဲနဲ့ သူကိုယ်တိုင် သူ့ဟာသူ ထိုးထွင်းပြီးတော့ သိတယ်။ နောက်တစ်ခါ လိုက်ဆို စမ်းပါ။

**(၂) ပစ္စေကဗုဒ္ဓဘုရား...**

ပစ္စေက ဗုဒ္ဓဘုရားဆိုတာကတော့ သမ္မာသမ္ဗုဒ္ဓဘုရားတွေ မပွင့်တဲ့ ဗုဒ္ဓန္တရ ကာလတွေမှာပွင့်တဲ့ ဘုရားငယ်တွေပေါ့နော်။ အဲဒီ ဘုရားငယ်ကလည်း သူတစ်ပါး ဆီမှာ တရားမနာရဘဲနဲ့ သူကိုယ်တိုင် ထိုးထွင်းပြီးတော့ သိတယ်တဲ့။ သူတစ်ပါးထံမှာ တရားမနာဘဲနဲ့ တရားကိုသိနိုင်တဲ့ ပုဂ္ဂိုလ်ဟာ လောကမှာ ဘယ်နှစ်ဦးပဲလဲ။

နှစ်ဦးပဲရှိတယ် ယောဂီအပေါင်း သူတော်ကောင်းတို့ရယ်။

ယောဂီတို့ ဒါကြောင့်မို့ တရားနာဖို့ သိပ်အရေးကြီးတာ။ အရေးမကြီးဘူး လား။

"ကြီးပါတယ် ဘုရား"

ဦးဇင်းတို့ ဘုရားပြီးလို့ရှိရင် ပညာအရာမှာ ကြီးလှပါတဲ့ ရှင်သာရိပုတ္တရာ လေ။ သြော်... ယောဂီအပေါင်း သူတော်ကောင်းတို့ အခုရာသီက မိုးရာသီ။ ကမ္ဘာ

မြေပြင်ပေါ်မှာ မိုးရေပေါက် မိုးသီးပေါက်တွေ ဘယ်လောက်ကြွေကျသလဲဆိုတာ ရှင်သာရိပုတ္တရာက ပညာနဲ့ သိနိုင်တယ်။ ဉာဏ်ပညာကြီးတာလေ။

ဒါပေမယ့်လို့ အဲဒီလောက် ဘယ်လောက်ပင် ဉာဏ်ပညာကြီးတဲ့ ရှင်သာရိပုတ္တရာ ဖြစ်လင့်ပါစေ။ သူတစ်ပါးထံကသာ ဒီကနေ့တိုင် တရားမနာရဘူးဆိုရင် ယောဂီအပေါင်း သူတော်ကောင်းတို့ အဲဒီ ရှင်သာရိပုတ္တရာနဲ့ ယောဂီတို့ အတူတူပဲ။ ပုထုဇဉ်က ပုထုဇဉ်ပဲ။

တရားမနာဘဲနဲ့ တရားကို မသိဘူး။ ဟုတ်ရဲ့လား။ နောက်တစ်ခါ ရှင်သာရိပုတ္တရာပြီးတော့ တန်ခိုးအရာမှာ အကြီးဆုံးပါ။ အဲဒီအကြီးဆုံးဆိုတဲ့ ရှင်မဟာမောဂ္ဂလာန် ကိုယ်တော်ကလည်း ဆွေတော်မျိုးတော်တွေ ယနေ့တိုင် သူတစ်ပါးထံမှာ တရားမနာရလို့ရှိရင် တရားကို သိနိုင်ပါ့မလား။

"မသိနိုင်ပါဘူး ဘုရား"

ဒါကြောင့်မို့လို့ လောကမှာ ယောဂီတို့ အရေးအကြီးဆုံးပုဂ္ဂိုလ်ကို ညွှန်ပြတာ တရားနာဖို့ အရေးကြီးတယ်ဆိုတဲ့အကြောင်းလေးကို ညွှန်ပြထားတာပါ။ ဦးဇင်းတို့၊ ယောဂီတို့ သံဃာတော်အရှင်သူမြတ်တွေ ခဏ ခဏဟောနေတဲ့ မြို့တစ်မြို့ရှိပါတယ်။ ဘုရားလက်ထက်တော်က သာဝတ္ထိမြို့လေ။ ယောဂီတို့ ဘာမြို့လဲ။

"သာဝတ္ထိမြို့ပါ ဘုရား"

သာဝတ္ထိမြို့ဆိုတာ ယောဂီအပေါင်း သူတော်ကောင်းတို့ ဘုရားလက်ထက်က လူဦးရေ ဘယ်လောက်ရှိတုန်းဆိုတော့ ခုနစ်ကုဋေ ရှိတယ်။

ညချမ်း ညချမ်းဆိုရင် ဘုရားရှင်ကိုယ်တော်မြတ်က သာဝတ္ထိမြို့ ဇေတဝန်ကျောင်းထဲမှာ ဆွေတော်မျိုးတော်တွေ ဒီအချိန်ကတော့ နည်းနည်းစောလိမ့်မယ်ထင်တယ်။ ခုနစ်နာရီခွဲလောက်အချိန်ပေါ့။ ပုံမှန်အချိန်လေးနော်။

ဘုရားရှင်ကိုယ်တော်မြတ် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မှာ ရှိမယ်ဆိုရင် အဲဒီအချိန်တိုင်း, အချိန်တိုင်းမှာ ပဏ္ဍာသမဏဖြစ်တဲ့ ရှင်အာနန္ဒာမထေရ်မြတ်က ကျောင်းတော်ထဲမှာ အခုလို ပလ္လင်ကြီးတွေ သေသေချာချာခင်းပြီးတော့ ဝိဟာရဆိုတဲ့ မဏ္ဍပ်ရုံထဲမှာ မြတ်စွာဘုရားက ပရိသတ်တွေကို ညစဉ် တရားဟောတာ။

အဲဒီ တရားဒေသနာတော်ကို ဟောတဲ့အခါကျတော့ သာဝတ္ထိ မြို့သူ မြို့သားတွေ ညချမ်းကာလ ညနေချမ်းပေါ့လေ။ အခုအချိန်ဆိုလို့ရှိရင် ပြင်နေကြပြီ သူတို့ ဟုတ်လား။ ပန်းတွေနံ့သာတွေ၊ လျှူဖွယ်တွေ လက်တွေမှာကိုင်ဆွဲပြီးတော့ တဘက်

ကလေးတွေတင်လို့ ဦးဇင်းတို့ဘုရားရှင်ကိုယ်တော်မြတ် သီတင်းသုံးတဲ့ သာဝတ္ထိပြည် ဇေတဝန်ကျောင်းထဲ ဝင်လာကြတာ၊ တခြားလုပ်ဖို့လား၊ တရားနာဖို့လား။

"တရားနာဖို့ပါ ဘုရား"

ဩော်... အဲဒီခေတ်ကာလတုန်းက မှတ်တမ်းအရပြောရရင် လူဦးရေ ခုနစ်ကုဋေ ရှိတယ်တဲ့။

**သာဝတ္ထိပြည်၊ ခုနစ်ကုဋေ၊ လူနေများလှသည်။**

**မြတ်စွာဘုရား၊ ဟောတရား၊ နာကြားကြရသည်။**

**ငါးကုဋေမှာ၊ အရိယာ၊ ဖြစ်ကာနေကြသည်။**

ဘုရားရှင်ကိုယ်တော်မြတ်ရဲ့ တရားဓမ္မတွေကို ညချမ်းကာလ ယခုလို တရားတွေ လာနာလို့ တရားသိသွားတဲ့ အရိယာပုဂ္ဂိုလ်တွေဟာ အဲဒီ ခုနစ်ကုဋေထဲမှာ ငါးကုဋေတဲ့၊ ယောဂီတို့ ဘယ်နှစ်ကုဋေ။

"ငါးကုဋေပါ ဘုရား"

"ကြည့်စမ်း... အရိယာသူတော်ကောင်းတွေ တရားသိတဲ့ ပုဂ္ဂိုလ်တွေက သာဝတ္ထိမြို့ထဲမှာ အားလုံး ခုနစ်ကုဋေရှိတဲ့အနက်မှာ ငါးကုဋေက အရိယာသူတော်ကောင်းတွေစစ်စစ်။ ခုနစ်ကုဋေဆိုတော့ ကျန်တာ ဘယ်နှစ်ကုဋေပဲ ကျန်မလဲ။

"နှစ်ကုဋေပါ ဘုရား"

အဲဒီနှစ်ကုဋေပဲ ရိုးရိုး သူလို ကိုယ်လို ပုထုဇဉ်ပဲရှိတာ။

ပြောချင်တာကတော့ သူတော်ကောင်းတို့ ရပ်ကွက်တစ်ကွက်မှာပဲဖြစ်ဖြစ်၊ မြို့ရွာတစ်ရွာမှာပဲဖြစ်ဖြစ်၊ နိုင်ငံတစ်ခုမှာပဲဖြစ်ဖြစ်တဲ့ သူတော်ကောင်းများတာ ကောင်းသလား၊ သူယုတ်မာများတာ ကောင်းသလား။

"သူတော်ကောင်းတွေများတာ ကောင်းပါတယ် ဘုရား"

ဘုရားရှင်ကိုယ်တော်မြတ် လက်ထက်တုန်းအခါက အခြေအနေနော်၊ ခုနစ်ကုဋေ ရှိပါတယ်။ ညချမ်းကာလ ဘုရားကိုယ်တော်မြတ်က တရားဒေသနာတွေကို ဟောလို့ တရားတွေနာ၊ အရိယာသူတော်ကောင်းတွေဖြစ်ကြတဲ့ ပုဂ္ဂိုလ်တွေက ခုနစ်ကုဋေထဲက ဘယ်နှစ်ကုဋေ။

"ငါးကုဋေပါဘုရား"

"ငါးကုဋေတဲ့၊ ဒါ ဘာရဲ့ကျေးဇူးလဲဆိုတော့ ဒီတရားဓမ္မကိုနာရတဲ့ကျေးဇူး။ ဒါကြောင့်မို့ လက်ာဆရာတွေက မှတ်ဟမ်းပြုတာနော်၊ အားလုံးဆိုကြည့်ပါဦး။

**သာဝတ္ထိပြည်၊ ခုနစ်ကုဋေ၊ လူနေများလှသည်။**
**မြတ်စွာဘုရား၊ ဟောတရား၊ နာကြားကြရသည်။**
**ငါးကုဋေမှာ၊ အရိယာ၊ ဖြစ်ကာနေကြသည်။**

အဲဒီတော့ ဦးဇင်းတို့ အနီးအဝေး စည်းဝေးညီညာ ရောက်ရှိလာကြတဲ့ သူတော်ကောင်းတွေ ဦးဇင်းတို့တရားနာဖို့ နှီးဆော်တာပေါ့။

ဦးဇင်းတို့ အဓိကဟောလိုရင်းကတော့ ရပ်မနေနဲ့ဆက်လျှောက်၊ ပြောကြည့်ရအောင် တရားနာမည်လေး။

"ရပ်မနေရဲ့ ဆက်လျှောက်ပါ ဘုရား"

## မပြည့်စုံသေးရင် ရပ်မနေပါနဲ့

အဲဒီတော့ ယောဂီတို့ကို ဦးဇင်းတို့ပြောချင်တာက မြတ်စွာဘုရားဓမ္မ ပိဋကတ်ဓမ္မက္ခန်တွေကို ခြုံလိုက်လို့ရှိရင် လေးမျိုးပဲရတယ်။ ဘယ်နှစ်မျိုးရသလဲ။

"လေးမျိုးပါ ဘုရား"

မနက်က နည်းနည်းပြောပြီးပြီ၊ ဒါန၊ သီလ၊ သမထ ဝိပဿနာ၊ ရပ်မနေနဲ့ ဆက်လျှောက်ဆိုတော့ ယောဂီတွေကို အိမ်ပြန်ခိုင်းတာ မဟုတ်ဘူး။

ဒါနလေးနဲ့ ရပ်မနေနဲ့လို့ပြောတာ။ ဘာနဲ့ရပ်မနေနဲ့လဲ။

"ဒါနလေးနဲ့ပါ ဘုရား"

လောကလူ့အလယ်မှာ ဒါနလေးနဲ့ပျော်ပြီးတော့ ဒါနနဲ့ပဲ ရပ်တန့်နေတဲ့လူတွေ မတွေ့ဖူးဘူးလား။

"တွေ့ဖူးပါတယ် ဘုရား"

ဒါဆိုရင် အရှင်ဘုရား- ဒါနဆိုတာ မကောင်းဘူးလား၊ ကောင်းတာပေါ့ ဟုတ်လား။

"ကောင်းပါတယ် ဘုရား"

**ဒါနံ ပါထေယျံ မုတ္တမံ။**

**ဒါနံ၊** ဒါနဆိုတဲ့ တရားသည်။ **ဉတ္တမံ၊** မြင့်မြတ်လှတဲ့။ **ပါထေယျံ၊** ဘဝသံသရာခရီးကို သွားဖို့ရန်အတွက် ရိက္ခာထုပ်ကြီးပဲတဲ့။ ဦးဇင်းတို့ ယောဂီအပေါင်းသူတော်ကောင်းတွေဟာ ဒီဘဝ ဒီမျှနဲ့ပဲ ဒီနိဗ္ဗာန်ကို ရောက်မယ်ဆိုတာ အတတ်ပြောနိုင်ရဲ့လား။

"မပြောနိုင်ပါဘူး ဘုရား"

မပြောနိုင်ပါဘူး၊ ဘယ်သူမှမပြောနိုင်ဘူး။ ဒီနိဗ္ဗာန်ကို မရောက်သေးဘူးဆိုရင် ဧကန်မုချ ယောဂီတွေရော ဦးဇင်းတို့ တစ်တွေရော သံသရာဆိုတာ မရှိဘူးလား။

"ရှိပါတယ် ဘုရား"

ဘဝဆိုတာကော မရှိဘူးလား။

"ရှိပါတယ် ဘုရား"

အဲဒီဘဝဆိုတာရှိရင် သံသရာဆိုတာရှိရင် ဧကန်မုချ အဲဒီပုဂ္ဂိုလ်အတွက် ဒါန တည်းဟူသော ရိက္ခာလိုအပ်တယ်။ ဘာရိက္ခာ လိုလဲ။

"ဒါန တည်းဟူသော ရိက္ခာပါ ဘုရား"

ဒီရန်ကုန်ကနေပြီးတော့ မန္တလေးတို့၊ မိုးကုတ်တို့ ခရီးသွားတယ်ဆိုကြပါစို့။ ခရီးသွားကြပြီဆိုရင် ယောဂီအပေါင်း သူတော် ကောင်းတို့ လမ်းမှာစားဖို့ ဆာလောင်မှု ဖြစ်တဲ့အခါ စားဖို့ဆိုပြီတော့ စားစရာ သောက်စရာတွေ ယူကြတယ်။ အဲဒီလိုမယူရင်လဲ ပေ့ါပေ့ါပါးပါးပဲ သွားမယ်ဆိုပြီးတော့ ယောဂီတို့ သောင်းနဲ့ချီပြီးတော့ ပိုက်ဆံတွေ မထည့်ရဘူးလား။

"ထည့်ရပါတယ် ဘုရား"

ဩော်... ဟိုရောက်ရော၊ ယောဂီတို့ဟာ စားစရာလဲ မထည့်မိဘူးနော်။ ဟော-စာလောင်မွတ်သိပ်မှုရှိရင် ဝယ်စားဖို့ ပိုက်ဆံကလဲမပါဘူး။ ဟော- မန္တလေးလဲ ရောက်ရော ဆာလိုက်တာ ယောဂီအပေါင်း သူတော်ကောင်းတို့၊ အဲဒီခရီးမှာ ဒုက္ခ မရောက်ဘူးလား။

"ရောက်ပါတယ် ဘုရား"

ထိုနည်းတူစွာ ယောဂီတို့ ဘဝသံသရာဆိုတဲ့ခရီးကို ကျင်လည်ကြရတဲ့ ယောဂီတို့၊ ဦးဇင်းတို့တစ်တွေမှာ ဒါနဆိုတဲ့ ရိက္ခာမှ မပါဘူးဆိုရင် ဆင်းရဲလိမ့်မယ်။ ကဲ-ကြည့်စမ်းပါ။

**ဒါနပါမှ၊ နောင်ဘဝ၊ ခေါင်က နေရမည်။**

ခေါင်ဆိုတာက အမြင့်ပေ့ါ။ ဦးဇင်းတို့ ခေါင်ကိုလှမ်းကြည့်လိုက်လို့ရှိရင် ဓနိပစ် တွေကို တွေ့လား၊ မတွေ့ဘူးလား။

"တွေ့ပါတယ် ဘုရား"

အဲဒါဟာ ခေါင်ပဲ ဟုတ်လား။ သူများနဲ့တန်းတူ မနေရဘူး။ ဒါနရှိတဲ့ပုဂ္ဂိုလ်တွေက လောကမှာ လူတွေ ယောဂီတို့ တွေ့နေတာပဲ။ ကိုယ့်ရဲ့ဘေးနားတွေမှာလေ မတွေ့ဘူးလား။

"တွေ့ပါတယ် ဘုရား"

လူတွေ၊ ဦးခေါင်းတစ်လုံး ခန္ဓာကိုယ်တစ်ခုနော်၊ လက်က နှစ်ဖက်၊ ခြေက နှစ်ဖက် မတူဘူးလား။

"တူပါတယ် ဘုရား"

အားလုံးတူကြတာပဲ။ ဒါပေမယ့် တချို့က ချမ်းသာတယ်။ တချို့က ဆင်းရဲတယ်။

အဲဒါ ဘာက ခွဲခြားပေးတာလဲဆိုရင် ယောဂီတို့ရေ ဒါနက ခွဲခြားပေးတာ၊ ဘာက ခွဲခြားပေးတာလဲ။

"ဒါနကပါ ဘုရား"

ဆိုကြည့်...ဆိုကြည့်။

ဒါနမပါရင် သံသရာခရီးမှာ မျက်နှာငယ်ရမယ်တဲ့ ယောဂီတို့ ဟုတ်ရဲ့လား။

"ဟုတ်ပါတယ် ဘုရား"

ယောဂီတို့က မျက်နှာငယ်ချင်သလား။ ပွင့်လန်းချင်သလား။

"ပွင့်လန်းချင်ပါတယ် ဘုရား"

မျက်နှာပွင့်လန်းချင်တယ်ဆိုရင် ဒါနမှတစ်ပါး တခြားရှိသလား။

"မရှိပါဘူး ဘုရား"

ယခုနလူတွေ ချမ်းသာနေတယ်။ တချို့ကတော့ တွေးမှာပေါ့၊ ငါလုပ်နိုင်လို့ ငါကြံနိုင်လို့၊ ငါရဲ့စီးပွား ငါအောင်မြင်သလို ငါတကောကြီး ကောနေကြတယ်။ တကယ်တော့ အောင်မြင်သမျှ အရာအားလုံးကို ဒါနကပေးတာ ရှင်းရဲ့လား။

"ရှင်းပါတယ် ဘုရား"

ချမ်းသာနေသမျှ အရာအားလုံးကို ဒါနကပေးတာ ထိုနည်းတူစွာပဲ ပြောင်းပြန်ကြည့်လိုက်။ ဆင်းရဲနေသမျှ လူတွေအားလုံးကလဲ ယောဂီအပေါင်း သူတော်ကောင်းတို့ ဟိုဘဝ ဘဝတွေက ဒါနတွေနည်းခဲ့လို့ ဟုတ်လား။

ဒါကြောင့် ဦးဇင်းတို့ ဆရာဘုန်းကြီး ကြခတ်ဝိုင်းဆရာတော်ကြီးက လင်္ကာစီထားတယ်နော်။

**လျှူတာကို ယူတာလို့ မြင်ထား၊**
**မလျှူပါ ယူတာနည်းရင်ဖြင့် ရှုစရာ ဖြူပြာကျဲလို့ရယ်ကွယ်။**

ဆရာတော်ဘုရားသုံးတဲ့ စကားလေးက သိပ်ကောင်းတာပဲ။ လျှူတာကို ယူတာလို့မြင်ထား။ လျှူတာကို ဘာတဲ့လဲ။

"ယူတာပါ ဘုရား"

အေး... ဒါကြောင့်မို့လို့ ဘဝသံသရာမှာ မပြတ်သေးတဲ့ ယောဂီတွေက ဒီဒါနဆိုတဲ့ရိက္ခာ မလိုအပ်ဘူးလား။

"လိုအပ်ပါတယ် ဘုရား"

အေး- လိုအပ်တယ်။ ဒါပေမယ့် ဦးဇင်းတို့ပြောချင်တာက ယောဂီတို့ အဲဒီဒါန လေးနဲ့တော့ မရောင့်ရဲနဲ့ဆိုတော့ အရှင်ဘုရား ဘယ်ထိသွားရမလဲ။ ဝိပဿနာအထိ သွား၊ ဘယ်ထိသွားရမလဲ။

"ဝိပဿနာထိပါ ဘုရား"

အရှင်ဘုရားရေ ဒါနနဲ့ မရောင့်ရဲနဲ့ဆိုတော့ ဒါနက ဘဝမှာ စိတ်မချရလို့လား ဆိုတာတော့ ဟုတ်ပါတယ်။

ဘုရားလက်ထက်တုန်းက မလ္လိကာမိဖုရားဆိုတာ ကြားဖူးလား၊ ကြားဖူးတာ ပေါ့။ မလ္လိကာမိဖုရားကြီး ဘုရားနဲ့ သံဃာတော်တွေကို ကြည်ညိုလိုက်တာ တစ်နေ့ကို ကျောင်းသုံးခေါက်။

မနက်စောစော အရုဏ်ကျင်း အလင်းရောက်တာနဲ့ မနက်တစ်ခေါက်၊ နေ့လယ်တစ်ခေါက်၊ ညနေတစ်ခေါက်။ တစ်နေ့တစ်နေ့ ကျောင်းသုံးခေါက်သွားတာ ဘယ်တော့မှ လက်ချည်းသက်သက် မသွားဘူး။ အတုယူစရာလေး။

မနက်စောစောသွားပြီးဆိုရင် ဘုရားနဲ့ သံဃာတော်တွေ ဘုဉ်းပေးဖို့ရန် အတွက် ယာဂုနဲ့ ဆွမ်းတွေပါတယ်။ အရုဏ်ဆွမ်းပေါ့။ နေ့လယ်ပိုင်း သွားပြီဆိုရင်လဲ ယောဂီတို့ရေ နေ့ဆွမ်း လက်ထဲမှာပါသွားတယ်။ ညနေချမ်း အခုချိန်များ မလ္လိကာ မိဖုရား သွားပြီဆိုရင် ဘုရားနဲ့ သံဃာတော်တွေ အထူးသဖြင့် ကိုရင်လေးတွေ။

အဲဒီ ကိုရင်လေးတွေက ဆွေတော်မျိုးတော်တွေ ကျောင်းဝ,ကနေပြီးတော့ စောင့်နေကြတယ်။ ဟာ... ဘယ်အချိန် အနာထပိဏ်ကြီးရောက်လာမလဲ။ ဘယ် အချိန် မလ္လိကာကြီးရောက်လာမလဲ။

ဘာဖြစ်လို့လဲဆိုတော့ ဒီပုဂ္ဂိုလ်ကြီးတွေ ရောက်လာပြီဆိုရင် လက်ထဲမှာ အချည်းနှီး ဘယ်တော့မှ ရောက်မလာဘူး။ ဘာတဲ့လဲ အချိုရည်လေးတွေ ပါလာတယ်။ ဒီခေတ်ပြောရင် ထန်းလျက်၊ ကြံသကာခဲလေးတွေ။

အဲဒီလို ပါလာတဲ့အခါကျတော့ ယောဂီအပေါင်း သူတော်ကောင်းတို့ တစ်နေ့ကို သုံးကြိမ်သွားပါတယ်။ ဘုရားနဲ့ တရားနဲ့ သံဃာနဲ့ သိပ်ရင်းနှီးတဲ့ မလ္လိကာ။

နောက်ဆုံး ယောဂီတို့ရေ ဘုရားတစ်ဆူရဲ့လက်ထက်မှာ တကယ်လှူခွင့်ရတဲ့ အသဒိသဒါန၊ အသဒိသဒါန ဆိုတာ နှိုင်းယှဉ်လို့မရဘူး။ ဘုရားတစ်ဆူရဲ့လက်ထက်မှာ တစ်ကြိမ်ပဲ လှူခွင့်ရှိတယ်။

အဲဒီ အလှူဒါနကို တိုင်းသူ၊ ပြည်သားနဲ့ မလ္လိကာ ပြိုင်ပြီးတော့လှူတာ၊ အဲဒီ မလ္လိကာက နိုင်တယ်ဗျာ။

ဒါကိုထောက်ဆလို့ရှိရင် မလ္လိကာရဲ့ သဒ္ဓါတရားဟာ သိပ်ကြီးကျယ်မနေဘူးလား။

“ကြီးကျယ်ပါတယ် ဘုရား”

ဒါနကောင်းမှုတွေ သိပ်ကြီးကျယ်ပါတယ်။

ဒါပေမယ့် လူဆိုတာ အမှားကင်းလား၊ မကင်းဘူး။ ယောဂီအပေါင်း သူတော်ကောင်းတို့ နိဗ္ဗာန်မှ မရကြသေးတာ။ ဘုရားနဲ့ ရဟန္တာမှ မဖြစ်ကြသေးဘူးဆိုရင် နောက်ဆုံး သောတာပန်၊ သကဒါဂါမ်ဆိုတဲ့ ပုဂ္ဂိုလ်တွေတောင် အပြစ်မကင်းဘူး။ ဟာ... အရှင်ဘုရားက သောတာပန်အရိယာ၊ သကဒါဂါမ်အရိယာ ဘာဖြစ်လို့ အပြစ်မကင်းဘူးလို့ ဘာကြောင့် အရှင်ဘုရားပြောတာလဲ ဆိုတော့ ရှင်းရှင်းလေးလေ။ အိမ်ထောင်သားမွေးနေသမျှကာလပတ်လုံး အပြစ်ကို မကင်းဘူး။

သောတာပန် အိမ်ထောင်နဲ့နေတယ်၊ သားသမီးတွေ မွေးဖွားတယ်။

ဒါဆိုရင် ယောဂီအပေါင်းသူတော်ကောင်းတို့ အပြစ်ခပ်သိမ်း ကင်းရဲ့လား။

“မကင်းပါဘူး ဘုရား”

ထိုနည်းတူစွာပါပဲ မလ္လိကာမိဖုရားကြီးလေ တစ်နေ့သောအခါကျတော့ သူ့ရဲ့ လင်တော်မောင်ဖြစ်တဲ့ ကောသလဘုရင်မင်းမြတ်ကို အမျိုးသမီးတို့ရဲ့ နှုတ်သီးဖျားလေးနဲ့ လိမ်ခဲ့မိတာဗျို့။

ဟာ... ဘာတွေလိမ်တာလဲဆိုရင် အဲဒါတွေပြောရင် ရှည်မှာစိုးလို့ ခဏဘေးချိတ်၊ အဲဒီလိမ်ခဲ့မိတာ လိမ်တာဆိုတော့ မုသာဝါဒပေါ့။

နောက်ဆို အဲဒီကျောင်းဒကာမကြီး မလ္လိကာမိဖုရားကြီးက နောက်ဆုံးတဲ့ ခန္ဓာရှိတော့ မသေရဘူးလား။

"သေရပါတယ် ဘုရား"

အာယုက္ခယ သက်တမ်းကုန်လို့ သေတော့မယ်၊ အိပ်ရာညောင်စောင်း လဲလျောင်းပြီးနေတဲ့အခါကျတော့ သူ့ကိုယ်သူသိတယ်။ ဩော်...ငါ ဒီတောင်ကနေ မကျော်တော့ဘူး။

ငါသေတော့မယ်ဆိုပြီးတော့ သေခါနီးလေးမှာ မရဏာသန္နဇောလေး စောပြီး တော့ သေတော့မယ်၊ စုတိစိတ်လေးကျ တော့မယ့်အချိန်ကလေးမှာ မလ္လိကာကလေ သူလှူထားပါတယ်ဆိုတဲ့ ဒသဒိသဒါန တွေကို အဲဒီအချိန်မှာ မအောက်မေ့မိဘူး။

ကုသိုလ်ကောင်းမှု များစွာရှိပါတယ်ဆိုတဲ့ မလ္လိကာ ကုသိုလ်ကောင်းမှုတွေ ကိုလဲ သတိမရလိုက်ဘူး။ အဲဒီအချိန်မှာ ဘာသတိရလိုက်လဲဆိုတော့ ဩော်... ကြည့်စမ်း၊ ငါ့ကို သိပ်ချစ်ပါတယ်ဆိုတဲ့ လင်တော်မောင် ကောသလဘုရင်မြတ်ကို မိန်းမတို့ရဲ့ လျှာဖျားလေးနဲ့ ငါလိမ်ခဲ့မိတာ၊ အဲဒါလေးကို ငါ မတောင်းပန်မိလိုက်ခဲ့ ဘူးတဲ့။ ဝိပ္ပဋိသာရလေး ဖြစ်သွားတာဗျို့။

အဲဒီတော့ ယောဂီအပေါင်းသူတော်ကောင်းတို့ မလ္လိကာမိဖုရား ဒီတရားကို အားထုတ်ထားတာ မရှိတဲ့ ဒါနနဲ့ပဲ ရောင့်ရဲခဲ့တဲ့ ပုဂ္ဂိုလ်ဖြစ်တဲ့အတွက်ကြောင့် သူသေခါနီးမှာဖြစ်တဲ့ အဲဒီဝိပ္ပဋိသာရဆိုတဲ့ နှလုံးမသာယာမှုလေးက ဩော်... အရှုံခံ တရားပါလို့ သူ သိရဲ့လား။

"မသိပါဘူး ဘုရား"

အေး... မသိဘူးဗျာ၊ အဲဒါလေး မသိဘဲနဲ့ ပြုန်းဆို သေတဲ့အခါကြတော့ ဒါနရှိတယ်ဆိုတဲ့ မလ္လိကာကြီး အဝီစိ (၇)ရက်ကျတယ်။ ယောဂီတို့ ဘယ်နှစ်ရက်ကြာ။

"(၇)ရက် ကြာပါတယ် ဘုရား"

ဩော်...တကယ့်တကယ် အရေးကြတော့ ဒါနက ကယ်နိုင်လား။

"မကယ်နိုင်ပါဘူး ဘုရား"

ဒါကြောင့်မို့ ယောဂီအပေါင်းသူတော်ကောင်းတို့ကို ပြောချင်တာက ဒါန လေးနဲ့ ရုပ်မနေကြနဲ့။ ဘယ်အထိ ဆက်လျှောက်ရမလဲ။ ဝိပဿနာအထိ ဆက် လျှောက်လို့ ဒါလေးပြောချင်တာပါ။

နောက်တစ်ခါကျတော့ ယောဂီတို့ရေ၊ ဒါနပြီးတော့ ဘာတဲ့လဲ သီလ။ သီလကောင်းမှုတဲ့ ဟုတ်လား။

"ဟုတ်ပါတယ် ဘုရား"

တိုင်းပြည်အုပ်ချုပ်တဲ့ မင်းတစ်ပါးရဲ့တန်ဖိုး၊ ရဟန်းတော်တစ်ပါးရဲ့တန်ဖိုးဟာ သီလလို့ခေါ်တဲ့ ကိုယ်ကျင့်တရား ဟုတ်ရဲ့လား။

"ဟုတ်ပါတယ်ဘုရား"

## အနှစ်ရှိအောင်နေပါ

**ယောစ ဝဿသတံ ဇီဝေ၊**

**ဒုဿီလော အသမာဟိတော။**

**ဧကာဟံ ဇီဝိတံ သေယျော၊**

**သီလဝန္တဿ ဈာယိနော။**

မြတ်စွာဘုရားက အဲဒီ ဂါထာလေးဟောတာ အဓိပ္ပာယ်ကတော့ လူတစ်ယောက်ဟာ ကိုယ်ကျင့်တရားမရှိဘဲနဲ့ အနှစ်တစ်ရာနေကွာ။ ကိုယ်ကျင့်တရားမရှိဘဲနဲ့ အနှစ်တစ်ရာနေတဲ့ ပုဂ္ဂိုလ်နဲ့စာရင် ကိုယ်ကျင့်တရား ပြည့်ပြည့်စုံစုံလေးနဲ့ တစ်ရက်ပဲနေတဲ့ ပုဂ္ဂိုလ်ဟာ ပိုမြတ်တယ်တဲ့။

အဲဒီတော့ ယောဂီအပေါင်း သူတော်ကောင်းတို့ သတိထားရမှာက ဘုရားအစရှိတဲ့ သူတော်ကောင်းတွေဟာ လူတစ်ယောက်ရဲ့ အရည်အချင်း၊ လူတစ်ယောက်ရဲ့ ဂုဏ်ပုဒ်ကို သီလလို့ခေါ်တဲ့ ကိုယ်ကျင့်တရားနဲ့ တိုင်းတာ၊ ရွှေနဲ့လည်း မတိုင်းတာပါဘူး။ ကိုယ်ကျင့်တရားနဲ့ တိုင်းတာတယ်။

ဒါကြောင့်မို့ ယောဂီအပေါင်း သူတော်ကောင်းတို့ သီလဟာ ယောဂီတွေအတွက် ဆိုလို့ရှိရင် ပိုပြီးတော့အရေးကြီးတယ်။

သီလမှ မရှိဘူးဆိုရင် အရှင်ဘုရား နိဗ္ဗာန်ကို တပည့်တော်တို့ ရနိုင်မလား။ အို... လုံးဝ မရနိုင်ဘူး။

နိဗ္ဗာန်ကို ရဖို့ရန်အတွက် လမ်းစဉ်သုံးမျိုး ဦးဇင်းတို့ ပြောခဲ့ပါတယ်။ သီလ, သမာဓိ, ပညာ။ ယောဂီတို့ ဘာနဲ့ ဘာတဲ့လဲ။

"သီလ, သမာဓိ, ပညာပါ ဘုရား"

အဲ... သီလရယ်၊ သမာဓိရယ်၊ ပညာရယ်။ အဲဒီသုံးမျိုး အရင်အဦးဆုံး အရေးကြီးတာက နိဗ္ဗာန်ကိုသွားမယ်ဆိုတဲ့ ယောဂီဟာ အရင်ဦးဆုံး **နံပါတ်(၁)** သီလ လှေကားကို နင်းမိရမယ်။

**သီလေ**- သီလသည်၊ **အသတိ**- မရှိဘူးဆိုရင်၊ **သမာဓိ**- သမာဓိဆိုတဲ့တရား သည်၊ **နဟောတိ**- မဖြစ်နိုင်ဘူး။

ဘုရားဟော ပါဠိတော် တိုက်ရိုက်ရှိတာနော်။ သီလမှ မရှိဘူးဆိုရင် သမာဓိ မရှိနိုင်ဘူးတဲ့။ ပါဠိတွေရွတ်ရင် အများကြီးမို့လို့ နောက်တစ်ခါကျတော့ သမာဓိမှ မရှိဘူးဆိုရင် "ယထာဘူတဉာဏ"တဲ့ ဦးဇင်းတို့ ဒီရုပ်နာမ်တရားကို အဖြစ်ပဲ၊ အပျက် ပဲလို့ သိတဲ့ဉာဏ်ကို ယထာဘူတဉာဏ်လို့ ခေါ်တယ်။

သီလမရှိရင် သမာဓိ မဖြစ်ပါဘူး။ သမာဓိမှ မဖြစ်ဘူးဆိုရင် ယထာဘူတဉာဏ် မဖြစ်ဘူး။ ယထာဘူတဉာဏ်မှ မဖြစ်ဘူးဆိုရင် ဒီခန္ဓာကို ငြီးငွေ့ပါတယ်ဆိုတဲ့ နိဗ္ဗိန္ဒဉာဏ် မဖြစ်ဘူး။

နိဗ္ဗိန္ဒဉာဏ်မှ မဖြစ်ဘူးဆိုရင် ယောဂီတို့ရေ ရှင်းရှင်းပြောရင် ဒီ နိဗ္ဗာန်နဲ့ အဝေးကြီးပဲ။ အဲဒါ သီလရဲ့တန်ဖိုး။ အေး... လိုက်ဆိုကြ။

**သီလမပါ၊ သံသရာ၊ ရောဂါကြွယ်တတ်သည်။**

**သီလတန်ခိုး၊ သက်ရှည်တိုး၊ ရန်မျိုးကွယ်ရသည်။**

သီလဟာ ကောင်းပါသည်။ သီလရှိမှ ယောဂီအပေါင်း သူတော်ကောင်းတို့ အသက်ရှည်မယ်။ အနာရောဂါကင်းမယ်။ လူလူချင်းတော့ အတူတူပဲ၊ သူလဲလူ ငါလဲလူ။ သူကတော့ ဆေးရုံဆေးခန်း ခဏခဏသွားရတယ်။ ကိုယ့်မှာတော့ ကျန်းမာ လိုက်တာ။ ယောဂီအပေါင်းတို့ တခြားကြောင့်လား။ သီလကြောင့်လား။

"သီလကြောင့်ပါ ဘုရား"

အို... သူ့မှာဖြင့်လေ မွေးကာစ၊ ဟိုး- မွေးတွင်းထဲမှာပဲ ချက်ချင်းဆို လူရယ် လို့တောင် ပီပီပြင်ပြင်မရှိဘူး။ သေသွားရတယ်။

ဩော်... တချို့တော့ အဘိုးတွေ၊ အဘွားတွေကျတော့ ရှစ်ဆယ်၊ ကိုးဆယ်၊ တစ်ရာ။ တခြားလား သီလကြောင့်လား"

"သီလကြောင့်ပါ ဘုရား"

"သီလကောင်းမှုတွေ များပြီးတော့ အသက်ရှည်တဲ့ပုဂ္ဂိုလ်က များများ တရား အလုပ်ကို မလုပ်နိုင်ဘူးလား။

"လုပ်နိုင်ပါတယ် ဘုရား"

အေး... အဲဒါကြောင့်မို့လို့ ယောဂီအပေါင်း သူတော်ကောင်းတို့ သီလရဲ့ တန်ဖိုးဟာ မကြီးဘူးလား။

"ကြီးပါတယ် ဘုရား"

အေး... အဓိက ပြောချင်တာကတော့ အဲဒီ သီလလေးနဲ့တော့ မရောင့်ရဲနဲ့။ သီလလေးနဲ့ ရပ်တန့်မနေနဲ့။ ဘယ်အထိ သွားရမလဲ။

"ဝိပဿနာအထိပါ ဘုရား"

များသောအားဖြင့် ဦးဇင်းတို့ လူ့လောကမှာ ပြောပြောနေကြတဲ့ ငါတို့က ဒါနလဲရှိဟယ်ကွာ၊ သီလဆိုရင်လည်း (ဥပုသ်နေ့)တွေဆိုရင် ငါတို့တစ်တွေ မပျက်ဘူး။ ဝါတွင်းဥပုသ်၊ ရှစ်ရက်ဥပုသ်တွေလဲစောင့်။ လပြည့် လကွယ် ဥပုသ်တွေလဲ စောင့်တယ်။ ဒါကြောင့်မို့လို့ ဒီတရားအားထုတ်ဖို့ လိုကိုမလိုဘူးကွာ။ တချို့ပြောတာ မရှိဘူးလား။

"ရှိပါတယ် ဘုရား"

## ဝိပဿနာရှိမှ ပြီးပြည့်စုံတဲ့ဘဝ

ဝိပဿနာတရားကို ချောင်ထိုးထားတဲ့ပုဂ္ဂိုလ်တွေ အများကြီးပဲ။ ဒါပေမယ့် ပြောချင်တာက ကိုယ့်မှာ ဒါနတော့ရှိပါတယ်။ သီလကောင်းမှုလဲ ငါ ဘယ်သူ့ပစ္စည်းမှ မခိုးဘူး၊ ဘယ်သူ့ကိုမှလဲ ငါမလိမ်ညာဘူး။ ဘယ်သူ့သားမယားမှလဲ ငါ မဖျက်ဆီးပါဘူး။ ဒါပေမယ့် ယောဂီအပေါင်းသူတော်ကောင်းတို့ ဦးဇင်းတို့ ယောဂီတွေလဲ အိမ်ပြန်ရောက်သွားရင် စီးပွားရေးမလုပ်ဘူးလား။

"လုပ်ပါတယ် ဘုရား"

စီးပွားရေးလုပ်တဲ့ လူတစ်ယောက်။ ဘယ်သူ့ပစ္စည်းကိုမှလဲ မခိုးဘူး။ ဘယ်သူ့ဟာမှလဲ လိမ်ပြီးတော့ မယူဘူး။ ဘယ်သူ့ သားမယားမှလဲ မဖျက်ဆီးဘူး။ ဘကယ်ကို တိတိကျကျ ကိုယ့်စီးပွားရေးကို သမ္မာအာဇီဝကျကျလုပ်တယ်လို့ မပြောဘူးလား။

"ပြောပါတယ် ဘုရား"

လုပ်တော့ လုပ်နေတာပဲ။ ဒါပေမယ့် ယောဂီအပေါင်း သူတော်ကောင်းတို့ အားလုံးကို မေးချင်တာက စီးပွားရေးကို သမ္မာအာဇီဝကြောင့်ပဲလုပ်လုပ်၊ သမ္မာအာဇီဝ

မလုပ်ဘဲ မတရားသဖြင့်ပဲလုပ်လုပ်။ ယောဂီအပေါင်းသူတော်ကောင်းတို့ စီးပွားရေး လုပ်ပြီဆိုလို့ရှိရင် မြတ်ချင်လို့လုပ်တာလား၊ ရှုံးချင်လို့လုပ်တာလား။

"မြတ်ချင်လို့ပါဘုရား"

နောက်တစ်ခါ ထပ်ပြီးတော့မေးမယ်။ ယောဂီအပေါင်း သူတော်ကောင်းတို့ လိုချင်လို့လုပ်တာလား၊ မလိုချင်လို့ လုပ်တာလား။

"လိုချင်လို့လုပ်တာပါ ဘုရား"

လိုချင်တာ တခြားလား၊ လောဘလား။

"လောဘပါ ဘုရား"

လောဘဆိုတာ ကုသိုလ်လား၊ အကုသိုလ်လား။

"အကုသိုလ်ပါဘုရား"

ကိုယ့်စီးပွားရေး ကိုယ့်ဟာကို လုပ်နေတာပဲ။ ဟုတ်ရဲ့လား။

"ဟုတ်ပါတယ် ဘုရား"

တကယ်တမ်းတော့ ဦးဇင်းတို့ တရားမမှရှိတဲ့ ပုဂ္ဂိုလ်တွေ စီးပွားရေး မလုပ်ရဘူးလားဆိုတော့ လုပ်ရပါတယ်။ ဒါပေမယ့် မြင်မြင်သမျှ အာရုံတွေကို ယောဂီအပေါင်း သူတော်ကောင်းတို့ အရှုခံအနေနဲ့ ထားပြီးတော့- ဩော် ဒီတရားတွေမှန်သမျှ - ဖြစ်ပြီးရင် ဘာလုပ်ရမလဲ။

"ပျက်ပါတယ် ဘုရား"

အဲဒီသဘောတရား၊ အဲဒီနှလုံးသားလေး ဓာတ်ခံရှိတဲ့ပုဂ္ဂိုလ်ဟာ မသက်သာဘူးလား။

"သက်သာပါတယ် ဘုရား"

ဒါကြောင့်မို့လို့ ယောဂီအပေါင်း သူတော်ကောင်းတို့ စီးပွားရေးလုပ်တယ်။ လိုချင်လို့လုပ်တော့ လောဘ၊ ဒါပေမယ့် ဘယ်စီးပွားရေးလုပ်လို့ အမြဲတမ်း အောင်မြင်ရဲ့လား။

"မအောင်မြင်ပါဘူး ဘုရား"

မအောင်မြင်ဘူး။ ရှုံးလိုက်၊ နိမ့်လိုက် ဟုတ်ရဲ့လား။ ဒါ လောကဓံတရားပဲ ယောဂီအပေါင်း သူတော်ကောင်းတို့။ ဆင်းရဲတယ်၊ ချမ်းသာတယ်။ ရှုံ့မယ်၊ မဲ့မယ်။ နိမ့်မယ်၊ မြင့်မယ်။

အဲဒီတော့ စီးပွားရေးလုပ်ကြတဲ့ ယောဂီအပေါင်း သူတော်ကောင်းတွေဟာ ဒီကနေ့တော့ အဆင်မပြေဘူးကွယ်။ စီးပွားရေး မကောင်းဘူးဆိုတော့ တခြားဖြစ်တာလား၊ ဒေါသလား။

"ဒေါသပါ ဘုရား"

ဒေါသဆိုတာ ကုသိုလ်လား၊ အကုသိုလ်လား။

"အကုသိုလ်ပါဘုရား"

ဩော်...ကိုယ့်စီးပွားရေး ကိုယ့်ဟာကိုယ်လုပ်ပြီးတော့ အကုသိုလ်ဖြစ်နေတာလေ။ တခြားမသိလို့လား၊ တရားမသိလို့လား။

"တရားမသိလို့ပါ ဘုရား"

အေး... ဒါလေးတွေ- ဒါလေးတွေ ယောဂီအပေါင်း သူတော်ကောင်းတို့ မလိုအပ်ဘူးလား။

"လိုအပ်ပါတယ် ဘုရား"

ဒါကြောင့်မို့လို့ ယောဂီအပေါင်း သူတော်ကောင်းတွေကို ပြောချင်တာက ဒါနလုပ်ပြီးတော့ ရပ်မနေပါနဲ့ ဘယ်အထိသွား။ ဝိပဿနာအထိ ဆက်ပြီးတော့ လျှောက်ပါ။ သီလလေးနဲ့လဲ ရပ်ပြီးတော့မနေပါနဲ့။ နောက်ပြီးတော့-

"ဝိပဿနာပါ ဘုရား"

ဝိပဿနာအထိ ဆက်သွားပါ။

ဒါန၊ သီလ ပြီးတော့ **နံပါတ်(၃)က** သမထ။

"သမထ"ဆိုတာ အဘိုးတွေ၊ အဘွားတွေ လုပ်ပါတယ်။ မေတ္တာတွေပို့တယ်။ မပို့ဘူးလား။

"ပို့ပါတယ် ဘုရား"

ပုတီးတွေစိပ်တယ်၊ အဲဒါတွေဟာ သမထတွေပဲ။

အခြေအနေက သမထလုပ်တော့ မကောင်းဘူးလားဆိုတော့ ကောင်းတာပေါ့။ ကဲ- လိုက်ဆိုကြည့်။

**သမထမပါ၊ သံသရာ၊ စိတ်မှာပူရတယ်။**

**သမထတန်ခိုး၊ လောကဓံဆိုး၊ ဖျက်ချိုးနိုင်ကြတယ်။**

သားကြောင့် ပူနေတယ်။ သမီးကြောင့် ပူနေတယ်။ စီးပွားဥစ္စာတွေ အဆင်မပြေလို့ ပူပန်မှုတွေရှိပြီဆိုရင် ယောဂီအပေါင်း သူတော်ကောင်းတို့ အဲဒီပူပန်မှုတွေက ငြိမ်းအေးချင်ရင် "သမထ"လို့ခေါ်တဲ့ ပုတီးလေးစိပ်လိုက်။ ဂုဏ်တော်လေးပွားလိုက်။

ယောဂီအပေါင်း သူတော်ကောင်းတို့ နံနက်စောစော အရုဏ်ကျင်း အလင်း ရောက်ရင် အိပ်ရာက မနိုးဘူးလား။

"နိုးပါတယ် ဘုရား"

အိမ်မှာက အိပ်ရာက နိုးနိုးချင်း ဘာလုပ်လဲ။

"မျက်နှာသစ်ပါတယ် ဘုရား"

မျက်နှာသစ်တဲ့အခါကျတော့ ကြည်လင်နေတဲ့ရေကို တွေ့ပြီးတော့ ဩော်- ဒီကြည်လင်နေတဲ့ ရေကဲ့သို့ ကမ္ဘာလောကကြီးမှာရှိနေတဲ့ သတ္တဝါတွေမှန်သမျှ ကြည်လင်တဲ့ရေကဲ့သို့ အေးမြကြပါစေ။ မကောင်းဘူးလား။

"ကောင်းပါတယ်ဘုရား"

ယောဂီအပေါင်း သူတော်ကောင်းတို့၊ အိပ်ရာက စပြီးတော့နိုးကတည်းက ကိုယ့်ရဲ့ (Daily life) လို့ခေါ်တဲ့ နေ့စဉ်ဘဝကို အသုံးချရမှာနော်။

"မှန်လှပါ ဘုရား"

စပြီးတော့ နံနက်စောစော အိပ်ရာက စပြီးနိုးပြီဆိုတာနဲ့ ယောဂီအပေါင်း သူတော်ကောင်းတို့ ဟိုဘက်တစ်ပတ် ဒီဘက်တစ်ပတ် မလှည့်လိုက်ဘူးလား။

"လှည့်ပါတယ် ဘုရား"

အဲဒီလိုအချိန် အရင်ဆုံး သတိရ,ရမှာက ဘုရားကို။ ဘယ်သူ့ကို သတိရ ရမှာလဲ။

"ဘုရားကိုပါ ဘုရား"

တစ်လောကလုံးမှာ အကြီးကျယ်ဆုံးသော ပုဂ္ဂိုလ်ဟာ ဘုရားမှလွဲ၍ အခြား ရှိသေးလား။

"မရှိပါဘူး ဘုရား"

(ဆိုကြည့်)[၂]

**အိပ်ရာနိုးလျှင်၊ ဘုရားရှင်၊ ဦးတင်လက်အုပ်ချီပါမယ်။**

**ချီရင်းချီရင်း၊ ပျက်ယိုယွင်း၊ ရုပ်ဆင်းသတိထားပါမယ်။**

ကိုယ့်ရဲ့တစ်နေ့တာ (Daily life)လို့ ခေါ်တဲ့ နေ့စဉ်ဘဝထဲမှာ အစောဦးဆုံး အိပ်ရာကနိုးကတည်းက အကြီးမြတ်ဆုံးဖြစ်တဲ့ ဗုဒ္ဓကို သတိရ။ လက်အုပ်လေးချီ ပြီးတော့

**အရဟံ- ပူဇော်အထူးကို ခံယူတော်မူထိုက်သော မြတ်စွာဘုရား။**

**အရဟံ- ကိလေသာဟူသ၍ မြူမျှငွေ့မျှပင် ရှိတော်မမူတဲ့ မြတ်စွာဘုရား။**

ဩော်... အိပ်ရာက ဟိုဘက်တစ်ပတ် ဒီဘက်တစ်ပတ် လူးလိမ့်ပြီးတော့ ဩော်-အဲဒါလေး ယောဂီအပေါင်း သူတော်ကောင်း တို့က လက်အုပ်လေးချီ ဘုရားကို သတိရ။ အဲဒါပြီးလို့ရှိရင်ထ၊ ထပြီးတော့ အိပ်ရာကလေး ဘာလေးတွေသိမ်း။ ပြီးတော့ မျက်နှာသစ်တယ်။ ကဲ- ဆိုကြည့်။

**မျက်နှာသစ်လျှင်၊ ရေကိုမြင်၊ နေ့စဉ်မေတ္တာပွားပါ့မယ်။**

**ပွားရင်းပွားရင်း၊ ပျက်ယိုယွင်း၊ ရုပ်ဆင်း သတိထားပါ့မယ်။**

မျက်နှာသစ်ရေကိုမြင်ရင် 'ကြည်လင်တဲ့ ရေကဲ့သို့ သတ္တဝါတွေ အေးချမ်းကြည်လင်ကြပါစေ' အဲဒါလေး သတိထား၊ ကိုယ့်ရဲ့ ရုပ်ရည်ရူပကာယကလဲ ဘယ်လောက်အထိ ပျက်စီးပြီလဲဆိုတာ ရုပ်ကိုလဲ သတိထား။ ရုပ်တရား၊ နာမ်တရားတွေ မှန်သမျှ ဖြစ်ပြီးရင် ဘာလဲ။

"ပျက်ပါတယ် ဘုရား"

အဲ... ပြောချင်တာက ယောဂီတို့ရေ ဒါနလဲကောင်းတယ်။ သီလလဲကောင်းပါတယ်။ သမထလဲ မကောင်းဘူးလား"

"ကောင်းပါတယ်ဘုရား"

"သမထ သိပ်ကောင်းတာပေါ့။ စိတ်ငြိမ်းချမ်းချင်ရင် အဲဒီ သမထကို လုပ်ရမယ်။

## ဝိပဿနာသည်သာ စိတ်အချရဆုံး

ကဲ... လိုက်ဆိုကြပါ။

**သမထမပါ၊ သံသရာ၊ စိတ်မှာပူရတယ်။**

**သမထတန်ခိုး၊ လောကဓံဆိုး၊ ဖျက်ချိုးနိုင်ကြတယ်။**

သမထတန်ခိုးရှိမှ လောကဓံရဲ့ အနိမ့်အမြင့်ကို ချိုးဖျက်နိုင်တယ်။

ဒါပေမယ့် ယောဂီအပေါင်း သူတော်ကောင်းတွေကို ပြောချင်တာက ဒါနလေးနဲ့လဲ ရပ်ပြီးတော့ မနေပါနဲ့။ ဝိပဿနာအထိ သွားပါ။

သီလလေးနဲ့လဲ ရပ်ပြီးတော့ မနေပါနဲ့။ ဝိပဿနာအထိ သွားပါ။ နောက်ပြီးတော့ သမထလေးနဲ့လဲ ရပ်ပြီးတော့မနေပါနဲ့ ဝိပဿနာအထိသွားပါ။ သီလလေးနဲ့ စိတ်ချရရဲ့လား။

"စိတ်မချရပါဘူး ဘုရား"

စိတ်မချရဘူး ယောဂီတို့၊ ဘုရားလက်ထက်တော်တုန်းက ဦးတိဿ ဆိုတဲ့ ကိုယ်တော်ကြီး ဆွမ်းခံကြွ၊ ဆွမ်းခံကြွတဲ့အခါကျတော့ သူ့ရဲ့အမျိုးဖြစ်တဲ့ ပုဂ္ဂိုလ်က သင်္ကန်းနှစ်စုံ လှူလိုက်တာ။ သင်္ကန်း ဘယ်နှစ်စုံလှူလိုက်လဲ။

"နှစ်စုံပါ ဘုရား"

ဩော်... သင်္ကန်းက ကောင်းပေ့ ညွန့်ပေ့ဆိုတဲ့ သင်္ကန်းလှူလိုက်တာ။ လှူလိုက်တဲ့အခါကျတော့ ဒီလောက်ကောင်းတဲ့ သင်္ကန်းကွယ်။ ကျောင်းမှာနေရင်း ဝတ်လို့မသင့်တော်ပါဘူး။

မနက်ဖြန်မှာ ဆွမ်းခံကြွလို့ရှိရင်တော့ သင်္ကန်းအရောင်လေး တရွှမ်းရွှမ်းနဲ့ ငါကြွမယ်။

အဲဒါ ညလဲအိပ်ရော လေနာရောဂါဖြစ်ပြီးတော့ ပျံလွန်တော်မူသွားတာ၊ ပျံလွန်တော်မူတော့ ယောဂီအပေါင်း သူတော်ကောင်းတို့ အဲဒီသင်္ကန်းလေးကို စွဲပြီးတော့ ပျံလွန်တော်မူတော့ အဲဒီသင်္ကန်းမှာပဲ သန်းလေးပြန်ဖြစ်တယ်။ ဘာပြန်ဖြစ်လဲ။

"သန်းလေးပါဘုရား"

ဦးတိဿကြီး ပျံလွန်တော်မူတဲ့အခါ ထုံးစံအတိုင်းပေါ့၊ ကျန်ရစ်ကြတဲ့ သံဃာတော် အရှင်မြတ်တွေက "ဟာ... ဦးတိဿရဲ့ ကျန်တဲ့သင်္ကန်းတွေ ကျန်တဲ့ ပရိက္ခရာပစ္စည်းတွေ သူ ရုတ်တရက်ပျံလွန်တော်မူသွာတဲ့အခါကျတော့ ဘယ်သူ့မှ မအပ်နှံသွားပါဘူး။ အဲဒါကြောင့်မို့လို့ ဒီကနေ့တော့ ကျေးဇူးကြီးမားတဲ့ ဒီကျောင်း တွင်းရှိ သံဃာတော်တွေကို ပြန်ဝေခြမ်းမယ်" ဆိုပြီးတော့ ယောဂီအပေါင်း သူတော်ကောင်းတို့ရေ၊ သူ့ရဲ့ သစ်လွင်တဲ့သင်္ကန်းတွေကိုပေါ့လေ။ အဲဒါ သံဃာကို လှူလိုက်တော့မယ်။ ဝေခြမ်းတော့မယ်ဆိုတော့ အို... အဲဒီသန်းကြီးက မဝေပါနဲ့၊ ဒါ ငါ့ဉစ္စာပါ၊ ငါ့သင်္ကန်းပါ။ ဦးတိဿက ဖြစ်သွားတာ။

အဲဒီတော့ ယောဂီအပေါင်း သူတော်ကောင်းတို့ အဲဒီအသံကို ဘယ်သူက ကြားလဲဆိုတော့ ဘုရားကကြားတယ်။ ယောဂီတို့ ဘယ်သူကကြားလဲ။

"ဘုရားကပါ ဘုရား"

စဉ်းစားကြည့်ပေါ့ ယောဂီတို့ရဲ့ခေါင်းမှာရှိတဲ့ သန်းလေ။ အဲဒီ သန်းရဲ့အော်သံကို ဦးဇင်းတို့ ကြားပါ့မလား။

"မကြားပါဘူး ဘုရား"

ဘုရားက **"ဒိဗ္ဗသောတ"** ရှိတယ်။ လူသာမန်တွေ မကြားနိုင်တဲ့အရာကို ဘုရားက ကြားစွမ်းနိုင်တာ ရှိတယ်။

ဟို... သူ့သင်္ကန်းအသစ်ကို ဆွေတော်မျိုးတော်တွေရေ နှမြောလွန်းလို့ ငါ့သင်္ကန်းကို မဝေပါနဲ့၊ အဲဒါ ငါ့သင်္ကန်းပါ။ ငါ့ သင်္ကန်းပါ။ ဒီလိုဖြစ်နေတဲ့အခါကျတော့ အဲဒီအသံကို ဘုရားက ဟိုး...ကျောင်းတော်ကနေ ကြားလိုက်တာ။ ကြားတဲ့အခါကျတော့ ရဟန်းတော်တွေကိုခေါ်ပြီး...

"မင်းတို့ ဘာလုပ်မှာလဲ"

"အရှင်ဘုရား ဦးတိဿကြီး ပျံတော်မူသွားတယ်ဘုရား၊ အဲဒါ သူ့သင်္ကန်းတွေ ဘယ်သူမှမအပ်နှံလို့ အခု သံဃာတွေကို ဝေဘန်တ္တိကပြုဖို့ စီစဉ်နေတာဘုရား။ ဆိုတော့ ဘုရားက အမိန့်ချလိုက်တယ်။

"ချစ်သားတို့ရယ် (၇)ရက်လောက်တော့ ဆိုင်းပါဦး။ ဘယ်နှစ်ရက်လဲ"

"(၇)ရက်ပါ ဘုရား"

အဲ... (၇)ရက်လောက်တော့ ဆိုင်းဦးကွယ်တဲ့။ (၇)ရက်ကျော်သွားမှ မင်းတို့ ဝေလိုက်တဲ့။ သူ့သင်္ကန်းကို ဘာဖြစ်လို့လဲဆိုတော့ "သန်းတို့ရဲ့အသက် (၇)ရက်တဲ့" တဲ့ ယောဂီတို့။ သန်းတို့ရဲ့အသက် ဘယ်နှစ်ရက်လဲ။

"(၇)ရက်ပါ ဘုရား"

အဲဒါ ဟုတ်သလား။ မဟုတ်သလားဆိုတာ ဦးဇင်းတို့ ယောဂီ ဒကာကြီး၊ ဒကာမကြီးတွေ ကိုယ့်ဟာကိုယ် ပြန်စမ်းကြည့်ရုံပဲရှိတာ။

ပြောချင်တာက အဲဒီ ဦးတိဿကြီးဟာ (၂၂၇)သွယ်သော သိက္ခာပုဒ် သီလတွေကို မပြတ်အောင် ကြိုးစားပြီးတော့ စောင့်ရှောက်ပါတယ်။

ဒါပေမယ့် တကယ့်တကယ် ဆွေတော်မျိုးတော်တွေ ပျံတော်မူခါနီးကျတော့ အဲဒီသီလတွေကို မအောက်မေ့မိဘဲနဲ့ သင်္ကန်းလေးတစ်စုံကို စွဲလိုက်တဲ့အတွက်ကြောင့် ဒီသီလကလည်း သူ့ကို ကယ်နိုင်သေးလား။

"မကယ်နိုင်ပါဘူး ဘုရား"

ဒါကြောင့်မို့လို့ ယောဂီတို့ ဒါနနဲ့ မရပ်နဲ့။ သီလနဲ့လဲ မရပ်နဲ့ဦး။ ဝိပဿနာအထိ သွားပါ။ နောက်ပြီးတော့ သမထနဲ့လဲ မရပ်နဲ့။

သမထနဲ့ မရပ်နဲ့ဆိုတော့ အရှင်ဘုရား။ သမထကကော စိတ်မချရဘူးလား ဆိုတော့ ဘယ်စိတ်ချရမလဲ။ မနက်ကမှ ပြောပြီးတယ်လေ။ ရာဇဂြိုလ်ပြည်က ဘာတဲ့လဲ။

"ဝက် ... ဝက်"

အေး... ယောဂီတို့ ဘာတဲ့လဲ။

"ဝက်ပါဘုရား"

အောင်မယ်... နောက်တစ်ခါ ထပ်ပြောလို့ရှိရင် တရားကသိမ်းရတော့မှာ မဟုတ်ဘူး။ အဲဒါ အစဉ်နဲ့ သူ့ဟာသူ ချုပ်သွားမှာ။

**သစ္စာမသိ၊ ဒိဋ္ဌိမကွာ၊ ရှိသူမှာလဲ၊**
**လူတွင်စကြာ၊ နတ်မှာသိကြား၊**
**မိုးဖျားပြဟ္မာ၊ ဖြစ်စေကလဲ၊**
**ခန္ဓာပြိုကွဲ၊ ကုသိုလ်စဲက၊**
**ဖောက်လွဲတက်စွာ ငရဲရွာတည်း။ ။**

သစ္စာမှ မသိသေးဘူး၊ ဒိဋ္ဌိမှ မကွာသေးဘူးဆိုရင် လူတွင် စကြာတဲ့။ လူ့ဘဝမှာ စကြာဝတေးမင်းကြီးပဲ ဖြစ်ပါစေ။

နတ်မှာသိကြားတဲ့။ နတ်ပြည်ခြောက်ထပ်ကို အစိုးရတဲ့ သိကြားမင်းဖြစ်ပါစေ၊ မိုးဖျားပြဟ္မာတဲ့။ အို... (၃၁)ဘုံရဲ့ အမြင့်ဆုံးဖြစ်တဲ့ သမထတွေကို လုပ်ပြီးတော့ ပြဟ္မာကြီးပဲသွားဖြစ်ပါစေ။ ကုသိုလ်အရှိန်အဟုန် ကုန်ပြီဆိုရင် ငရဲပြန်သွားနိုင်သေးတယ်။ ဒါကြောင့်မို့လို့ စိတ်ချရရဲ့လား။

"စိတ်မချရပါဘူး ဘုရား"

ဒါကြောင့်မို့လို့ ယောဂီအပေါင်း သူတော်ကောင်းတို့ ဒါနနဲ့ မရပ်ပါနဲ့။ ဝိပဿနာအထိသွားပါ။

သီလနဲ့ မရပ်ပါနဲ့။ ဝိပဿနာအထိ သွားပါ။ သမထနဲ့ မရပ်ပါနဲ့၊ ဘယ်အထိ သွားပါ။

"ဝိပဿနာအထိပါ ဘုရား"

မြတ်စွာဘုရားလက်ထက်က မြတ်စွာဘုရားက ရဟန်းတော်တွေကို အ,ကာလ ညချမ်းအခါပေါ့ ခုလို တရားဟောတယ်။ တရားဟောတဲ့အခါကျတော့ မြတ်စွာဘုရား က ရဟန်းတော်တွေကို အရင်ဦးဆုံး ပုစ္ဆာမေးခွန်းလေးတစ်ခု မေးတယ်။

**ကတမောစ ဘိက္ခဝေ အသင်္ခတဂါမိမဂ္ဂေါ။**

အဓိပ္ပာယ်လေးကတော့ ချစ်သားတို့တဲ့၊ မင်းတို့ပြောနေတဲ့ နိဗ္ဗာန်ဆိုတာ အဲဒီနိဗ္ဗာန်ရောက်ကြောင်းတရားဆိုတာ ဘယ်လို တရားလဲကွာတဲ့။ ဘုရားက မမေး ဘူးလား။

"မေးပါတယ် ဘုရား"

ကြည့်စမ်း... အောက်မှာကတော့ ရဟန်းသံဃာတော်တွေ အများကြီးပါပဲ။ ရှင်သာရိပုတ္တရာ၊ ရှင်မဟာမောဂ္ဂလာန် ရဟန်းတော်တွေကလဲ အများကြီးပဲ။ ဒါပေမယ့် ဘုရားမေးတဲ့ မေးခွန်းကိုတော့ ဘုရားကို ရိုသေသမှုပြုသောအားဖြင့် ဘယ်သံဃာတော်မှ ထပြီး မဖြေဘူး။

ဘုရားမေးတဲ့ မေးခွန်းက ချစ်သားတို့... ချစ်သားတို့ ပြောပြောနေကြတဲ့ နိဗ္ဗာန်။ **အဲဒီနိဗ္ဗာန်ရောက်ကြောင်းတရားဆိုတာ** ဘယ်လိုတရားလဲ။ ရှင်းရှင်းလေး ပါနော်။

"မှန်လှပါ ဘုရား"

အဲဒါ ဘယ်ရဟန်းသံဃာတော်တွေ ဘယ်သူတွေမှ မဖြေတဲ့အခါကျတော့ ဘုရားရှင်ကိုယ်တော်မြတ်က သူ့အမေးကို သူ့ဟာသူပဲ ပြန်ဖြေတယ်နော်။

**ဝိပဿနာ အယံ ဝုစ္စတိ၊**

**ဘိက္ခဝေ အသင်္ခတ ဂါမိမဂ္ဂေါ။**

ချစ်သားတို့... ချစ်သားတို့တတွေ ချစ်သမီးတို့တတွေ ပြောပြောနေကြတဲ့ (နိဗ္ဗာန်)[၂] အဲဒီ နိဗ္ဗာန်ရောက်ကြောင်းတရားဟာ တခြားမဟုတ်ဘူးကွယ့်။

အဲဒီတော့ ယောဂီတို့က ဒီနေရာမှာ ပြောစရာရှိတာက အရှင်ဘုရား... ဝိပဿနာမှ နိဗ္ဗာန်ရောက်ကြောင်းတရားဆိုရင် တပည့်တော်တို့ နေ့စဉ်ပြုနေတဲ့ ဒါနတွေ၊ နေ့စဉ်ဆောက်တည်နေတဲ့ သီလတွေ၊ နေ့စဉ်ပွားများနေတဲ့ သမထတရားတွေက နိဗ္ဗာန်ရောက်ကြောင်းတရားတွေ မဟုတ်ဘူးလားဆိုတော့ ဟုတ်ပါတယ်။

ဒါန၊ သီလ၊ သမထလဲ နိဗ္ဗာန်ရောက်ကြောင်းတရားပဲ။ ဝိပဿနာလဲ နိဗ္ဗာန်ရောက်ကြောင်းတရားပဲ။ ဒါဆိုရင် အရှင်ဘုရား အဲဒါလေးကို ဘယ်လိုခွဲခြားမလဲဆိုတော့ ဒါန၊ သီလ၊ သမထ။ အဲ့ဒီသုံးမျိုးဟာ နိဗ္ဗာန်ရောက်ကြောင်းတော့ မှန်တယ်။ နိဗ္ဗာန်ရောက်ကြောင်း ဝေးသောတရား။ ယောဂီအပေါင်း သူတော်ကောင်းတို့ ဒါန၊ သီလ၊ သမထဆိုတာ နိဗ္ဗာန်ရောက်ကြောင်း နီးသောတရားလား၊ ဝေးသောတရားလား။

"ဝေးသောတရားပါ ဘုရား"

ဝိပဿနာ ဆိုတာကတော့ နိဗ္ဗာန်ရောက်ကြောင်း နီးသောတရား။ ဘာတရားလဲ။

"နီးသောတရားပါ ဘုရား"

အဲဒီတော့ ယောဂီအပေါင်း သူတော်ကောင်းတို့က ဖြေရုံပဲ။ ဒါ ကိုယ့်ဟာကိုယ် ကြိုက်အောင်နေ။ ယောဂီအပေါင်း သူတော်ကောင်းတို့ နိဗ္ဗာန်နဲ့ နီးချင်သလား၊ ဝေးချင်သလား။

"နီးချင်ပါတယ် ဘုရား"

နီးချင်တယ်ဆိုရင်တော့ တခြားလုပ်ရမှာလား၊ ဝိပဿနာလား။

"ဝိပဿနာပါဘုရား"

တပည့်တော်ကတော့ အေးအေးဆေးဆေးပဲ ဘုရား။ နိဗ္ဗာန်ကို မကြိုက်တဲ့ သူတွေလဲ ရှိတာပဲ။ မရှိဘူးလား။

"ရှိပါတယ်ဘုရား"

## နိဗ္ဗာန်လိုချင် ဝိပဿနာခင်

ရှေးတုန်းက ကျောင်းထိုင်ဘုန်းကြီး တစ်ပါးထံကိုတဲ့၊ ဒကာမကြီးတစ်ယောက် ဆွမ်းတွေ၊ ဟင်းတွေနဲ့ မနက်စောစောလာပို့၊ အဲဒါ ကျောင်းထိုင်ဘုန်းကြီးက ဆုပေးတယ်။ "အို...ဒကာမကြီး ကောင်းလိုက်တာ၊ ဒီအစားအစာတွေ လှူရတဲ့ ကုသိုလ်ကောင်းမှုကြောင့် ဒကာမကြီးသည် နိဗ္ဗာန်မဂ်ဖိုလ်ကို ရက်တိုတိုနဲ့ရောက်ပါစေ"လို့ ဆုမပေးဘူးလား။

"ပေးပါတယ် ဘုရား"

နိဗ္ဗာန်ကို တန်းပေးတဲ့အခါကျတော့ ချက်ချင်းလက်ကာပြတယ် "အရှင်ဘုရား အရှင်ဘုရားတို့နိဗ္ဗာန် တပည့်တော် မလိုချင်သေးပါဘူး"

"ဟ...ဘာဖြစ်လို့လဲ ဒကာမကြီးရဲ့။ ပြောစမ်းပါဦး" ဆိုတော့...

"တပည့်တော်က ဘုရားတဲ့၊ အရှင်ဘုရားတို့ ဟောဟောနေတဲ့ နိဗ္ဗာန်မှာ ဘာမှမရှိဘူးလို့ ပြောတယ်"

"ဟုတ်တယ်လေ ဒကာမကြီးရဲ့၊ ဒကာမကြီးက ဘာလိုချင်လို့လဲ"

"အရှင်ဘုရားတဲ့... တပည့်တော်က နံနက်စောစော နိုးလာပြီဆိုရင် လက်ဖက်ရည်လေး၊ ကော်ဖီလေးတော့ တပည့်တော် သောက်ရမှဘုရား။ အဲဒီတော့ အရှင်ဘုရားတို့ နိဗ္ဗာန်မှာ ဘာမှမရှိဘူးဆိုတော့၊ လက်ဖက်ရည်၊ ကော်ဖီလဲ ရှိမှာမဟုတ်ဘူး။ ဒါကြောင့်မို့လို့ ဒီနိဗ္ဗာန် တပည့်တော် မသွားချင်ဘူး"တဲ့။ နိဗ္ဗာန်ကြိုက်ရဲ့လား။

"မကြိုက်ပါ ဘုရား"

ဒါကြောင့်မို့လို့ နိဗ္ဗာန်ကို မကြိုက်ကြတဲ့၊ သံသရာကို မျှောကြဦးမယ့်အတူတူ ပေါ့လေ ဟုတ်လား။ လက်ချင်းတွဲပြီးတော့ သူစုံ ငါစုံ **'နကုလပိတာ၊ နကုလ မာတာ'**တို့ အဲဒီမှာ ဘုရားကိုလျှောက်တာမတွေ့ဘူးလား။ ရင်းရင်းနှီးနှီးလျှောက်တာ။

"အရှင်ဘုရား တပည့်တော်ဟာ အိမ်ထောင်ကျတဲ့နေ့ကနေ စပြီးတော့ နကုလမာတာမှလွဲလို့ ကျန်တဲ့ အမျိုးသမီးတွေဆိုလို့ရှိရင်လေ တပည့်တော် ကိုယ်နဲ့ မပြောနဲ့ စိတ်နဲ့တောင်မပြစ်မှားဘူး။ သူနဲ့တပည့်တော် ဖြစ်လေရာဘဝတိုင်းမှာ "ငှက် ဖြစ်ရင်တောင် တစ်ကိုင်းတည်း" ဘာတဲ့လဲ။

"ငှက်ဖြစ်ရင်တောင် တစ်ကိုင်းတည်းပါ ဘုရား"

ငှက်ဖြစ်ရင်တောင် တစ်ကိုင်းတည်းဆိုတာ တခြားမဟုတ်ဘူး။ သားရေဝစာ မိချင်လို့။

ဆင်ဖြစ်ရင်တောင် တစ်ကျွန်းတည်း။ သစ်အတူတူဆွဲချင်လို့။ ဟုတ်ရဲ့လား။

"ဟုတ်ပါတယ် ဘုရား"

ဟော... ဆင်ဖြစ်ရင်တောင်မှ တစ်ကျွန်းတည်းတဲ့။ ပုရွက်ဆိတ်ဖြစ်ရင် တောင်မှ တစ်တွင်းတည်း။ တချို့က အဲဒီလို ဆုတောင်းတာ။ (ချစ်တာ)၂ ယောဂီတို့ ဟုတ်လား။

"မှန်ပါ့ ဘုရား"

ပုရွက်ဆိတ်ဖြစ်လဲ သိပ်တော့ မလွယ်ဘူးဗျ။ ဦးဇင်းတို့ ငယ်ငယ်တုန်းက ပုရွက်ဆိတ်ဆို သိပ်အမြင်ကတ်တာ။

ပုရွက်ဆိတ်တွင်းတွေ့ပြီဆိုရင် အပေါ်ကနေ ပိတ်ထားတာ။ ဘယ်ရမလဲ။ အပေါက်ရှာ ထွက်တာပေါ့။

ယောဂီအပေါင်း သူတော်ကောင်းတို့ ပုရွက်ဆိတ်ဖြစ်တောင် လွယ်ပ့ါမလား။

"မလွယ်ပါဘူး ဘုရား"

အေး... မလွယ်ဘူး၊ အဲဒါ နကုလပိတာက သူ ဘုရားကိုလျှောက်တာ။ (အဲဒီလို)၂ တပည့်တော် ဖြစ်တဲ့ဘဝတိုင်းမှာ ရေစက်ဆုံချင်တယ်။ ဘာလေး ဘယ်လို ကုသိုလ်လေး တပည့်တော်ပြုရမလဲ ဒီလိုကိုးဗျနော်။ ဒါကြောင့်မို့လို့ (အဲဒီလို)၂ သံသရာ ကို ရှည်ချင်ကြသေးတဲ့ ပုဂ္ဂိုလ်တွေဆိုရင်တော့ ဒါလုပ်ပေါ့။

သံသရာကို မြန်မြန်ပြတ်ချင်တယ်။ နိဗ္ဗာန်နဲ့နီးချင်တဲ့ ပုဂ္ဂိုလ်ဟာ တခြားလုပ်ရမှာလား၊ ဝိပဿနာလား။

"ဝိပဿနာပါ ဘုရား"

အေး... ဒါကြောင့်မို့လို့ ယောဂီအပေါင်း သူတော်ကောင်းတို့ကို ဦးဇင်းတို့ ပြောချင်တာက ဒါနဲ့ ရုပ်မနေပါနဲ့၊ ဝိပဿနာ အထိသွားပါ။

သီလလေးနဲ့ ရုပ်မနေပါနဲ့၊ ဝိပဿနာအထိ ဆက်ပြီးတော့လျှောက်ပါ။ သမထဆိုတဲ့ တရားလေးနဲ့ ရုပ်မနေပါနဲ့၊ ဝိပဿနာ အထိလျှောက်ပါ။

ဝိပဿနာအထိလျှောက်မှ ဒုက္ခခပ်သိမ်း၊ ဆင်းရဲခပ်သိမ်း၊ ပူပန်ခပ်သိမ်းတို့ ချုပ်ငြိမ်းမယ်ဆိုတာ ယောဂီအပေါင်းတို့ မသေချာဘူးလား။

"သေချာပါတယ် ဘုရား"

ဒါကြောင့်မို့လို့ ပူပန်ခပ်သိမ်း၊ ဒုက္ခခပ်သိမ်း၊ ဆင်းရဲခပ်သိမ်းတို့ ချုပ်ငြိမ်းရာဖြစ်တဲ့ နိဗ္ဗာန်ကို ရချင်တယ်ဆိုရင် ယောဂီတို့ တခြားလုပ်ရမှာလား၊ ဒီဝိပဿနာလား။

"ဝိပဿနာပါ ဘုရား"

ဩော်... ယောဂီအပေါင်း သူတော်ကောင်းတို့၊ အခု တရားဝင် တရားအားထုတ်တာရော၊ တခြားလိုချင်လို့လား၊ နိဗ္ဗာန်လား။

"နိဗ္ဗာန်ပါ ဘုရား"

နိဗ္ဗာန်လိုချင်ရင် ယောဂီအပေါင်း သူတော်ကောင်းတို့ တခြားလုပ်ရမှာလား၊ ဝိပဿနာလား။

"ဝိပဿနာပါ ဘုရား"

ဝိပဿနာလုပ်တဲ့ အခါကျတော့လဲ ယောဂီ တခြားခန္ဓာကို ကြည့်ရမှာလား၊ ကိုယ့်ခန္ဓာကို ကြည့်ရမှာလား။

"ကိုယ့်ခန္ဓာကို ကြည့်ရမှာပါ ဘုရား"

ခန္ဓာကြီး၊ ဉာဏ်နဲ့ကြည့်လိုက်တဲ့ အခါကျတော့ မဖြစ် မပျက်တဲ့အချိန် ရှိလား။

"မရှိပါဘူး ဘုရား"

ဖြစ်လိုက်၊

ပျက်လိုက်၊

မွေးလိုက်၊

သေလိုက်။

ဟော...ဖြစ်လိုက် ပျက်လိုက်။ မွေးလိုက်၊ သေလိုက်ဆိုတော့ ယောဂီအပေါင်း သူတော်ကောင်းတို့ ဒီခန္ဓာကိုလိုချင်တဲ့ တဏှာ လာဦးမလား။

"မလာတော့ပါဘူး ဘုရား"

စွဲလမ်းတဲ့ ဥပါဒါန်တွေကော လာဦးမလား။

"မလာတော့ပါဘူးဘုရား"

ပြုလုပ်တဲ့ ကံတွေလာဦးမလား။

"မလာတော့ပါဘူး ဘုရား"

ယောဂီအပေါင်း သူတော်ကောင်းတွေကို ဦးဇင်းက သတိထားမိတယ်။ သိလား။ ယောဂီတွေ အားရပါးရ ဖြေတဲ့အချိန်ဟာ ဘယ်အချိန်လဲဆိုရင် ဒီအချိန်ပဲ။ သိမ်းတော့မှာကိုး ဗျ။

အဲဒီတော့ ညီတော်တစ်ပါးကလဲ နေ့ခင်းတုန်းက ပြောတယ်။ ဟာ... အရှင်ဘုရား တရားနာရတဲ့အချိန်မှာ ဘယ်အချိန်ဟာ အပျော်ဆုံးလဲဆိုရင် အဲဒီအပေါ်မှာ တင်ထားတဲ့ခွက်တွေ ကုန်သွားတဲ့အချိန်ဟာ အပျော်ဆုံးပဲ။

အေး... ဒါလဲကောင်းတာပဲ။ ဟုတ်ရဲ့လား။

ဒါကြောင့်မို့ ပျော်ရတော့မယ်၊ ယောဂီတို့ခန္ဓာကြီး ဉာဏ်နဲ့ကြည့်တော့ မဖြစ်မပျက်တဲ့အချိန်ရှိလား။

"မရှိပါ ဘုရား"

အဲဒီတော့ ဖြစ်လိုက်...

"ပျက်လိုက်"

မွေးလိုက်...

"သေလိုက်"

သေလိုက်ဆိုတဲ့အခါကျတော့ ဒီခန္ဓာလိုချင်တဲ့ ယောဂီတို့ "တဏှာ"လာဦးမလား။

"မလာတော့ပါဘူး ဘုရား"

စွဲလမ်းတဲ့ ဥပါဒါန်တွေကော လာဦးမလား။

"မလာတော့ပါဘူး ဘုရား"

တဏှာ၊ ဥပါဒါန်၊ ကံမှ မလာတော့ဘူးဆိုရင် ယောဂီတို့ အိုစရာကော လိုသေးလား။

"မလိုတော့ပါဘူး ဘုရား"

နာစရာကောလိုသေးလား။

"မလိုတော့ပါဘူးဘုရား"

သေစရာကော လိုသေးလား။

"မလိုတော့ပါဘူး ဘုရား"

အို၊ နာ၊ သေ ကင်းတာ ယောဂီတို့ တခြားလား၊ နိဗ္ဗာန်လား။

"နိဗ္ဗာန်ပါ ဘုရား"

ဒီနိဗ္ဗာန်ကို အလိုလိုရတာလား၊ အို၊နာ၊သေ ကင်းလို့လား။

"အို၊နာ၊သေ ကင်းလို့ပါဘုရား"

ဪ... အို၊နာ၊သေကလဲ ယောဂီတို့ရေ အလိုလို မကင်းဘူးတဲ့။ ဇာတိချုပ်မှ။ ဇာတိဆိုတာ တခြားလား ဘဝလား။

"ဘဝပါ ဘုရား"

ခန္ဓာငါးပါးကို တခြားခေါ်တာလား၊ "ဇာတိ"ခေါ်တာလား။

"ဇာတိခေါ်တာပါ ဘုရား"

အဲဒီ ဇာတိလေးချုပ်မှ အို နာ၊ သေကင်းမှာ ယောဂီအပေါင်း သူတော်ကောင်းတို့ မသေချာဘူးလား။

"သေချာပါတယ်ဘုရား"

အဲ... ဇာတိချုပ်တယ်ဆိုတာလဲ ယောဂီတို့ တခြားမဟုတ်ပါဘူးတဲ့။ သမုဒယချုပ်မှ။ ယောဂီတို့ ဘာချုပ်မှလဲ။

"သမုဒယချုပ်မှပါ ဘုရား"

သမုဒယဆိုတာ ယောဂီအပေါင်း သူတော်ကောင်းတို့ ပဋိစ္စသမုပ္ပါဒ်ရဲ့ (၃)အကွက်မှာ တဏှာရယ်၊ ဥပါဒါန်ရယ်၊ ကံရယ်။ ဘယ်နှစ်မျိုးလဲ"

"သုံးမျိုးပါဘုရား"

ကိလေသာ တရားမှန်သမျှ တခြားလား၊ သမုဒယလား။

"သမုဒယပါဘုရား"

အဲဒီ သမုဒယဆိုတဲ့ ကိလေသာတွေ သေချင်ရင် ယောဂီတို့ ခန္ဓာကြီး ဘာနဲ့ ကြည့်ရမလဲ။

"ဉာဏ်နဲ့ကြည့်ရပါမယ် ဘုရား"

ဉာဏ်နဲ့ကြည့်ရမယ့်အလုပ်ဟာ တခြားအလုပ်လား၊ ဝိပဿနာအလုပ်လား။

"ဝိပဿနာအလုပ်ပါ ဘုရား"

သြော်... ဝိပဿနာအလုပ်။ ဟုတ်ပြီလား။

"မှန်ပါ့ဘုရား"

အဲဒီတော့ ခန္ဓာကြီး ဉာဏ်နဲ့ ကြည့်လိုက်တဲ့အခါမှာ သမာဓိလဲကောင်း၊ သတိလဲကောင်း။

ဝီရိယလဲ ပြင်းပြနေမယ်ဆိုလို့ရှိရင် ကြည့်လိုက်တိုင်း, ကြည့်လိုက်တိုင်း ဒီခန္ဓာကြီးဟာ ဖြစ်လိုက်...

ပျက်လိုက်၊

မွေးလိုက်၊

သေလိုက်။

ဒါဆို ယောဂီတို့ ပြောကြည့်။ ဖြစ်ပျက်က ဘာသစ္စာ။

**"ဒုက္ခသစ္စာ"**

ကြည့်... သိတဲ့ဉာဏ်က ဘာသစ္စာ။

**"မဂ္ဂသစ္စာ"**

သေတာက ဘာသစ္စာ။

**"သမုဒယသစ္စာ"**

နောင်ခန္ဓာ မလာတာက ဘာသစ္စာ။

**"နိရောဓသစ္စာ"**

ယောဂီတို့ သစ္စာ ဘယ်နှစ်ချက်ကိုက်...

"လေးချက်ပါ ဘုရား"

ကဲ... သစ္စာလေးချက် တစ်ပြိုင်နက်ကိုက်သောကြောင့် ယောဂီအပေါင်း သူတော်ကောင်းတို့သည် ကျင့်ကြံ၊ အားထုတ်အပ်သော ဝိပဿနာဉာဏ်သည် မဂ်ဖိုလ် နိဗ္ဗာန်ကို လျင်မြန်စွာ မျက်မှောက်ပြုနိုင်ပါစေသားလို့ ပတ္ထနာပြုရင်းနဲ့ အချိန်လဲစေ့ပြီမို့၊ ဒီနေ့တော်ကြစို့။

"သာဓု... သာဓု... သာဓု"

# ပညတ်နဲ့ ပရမတ် တရားတော်

*(သာသနာနှစ် ၂၅၅၃-ခု၊ ကောဇာသက္ကရာဇ် ၁၃၇၁-ခု၊ ဝါခေါင်လဆန်း ၁၂ရက်၊ ၂-၈-၂၀၀၉ (တနင်္ဂနွေနေ့) နံနက်ပိုင်း ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်သစ်ရပ်ကွက်၊ သုဝဏ္ဏမြို့ဦးဘုရားအနီး စံရိပ်ငြိမ်ကျောင်းတိုက်တော်အတွင်း မိုးကုတ်ဝိပဿနာ "သစ္စာဓမ္မသဘင်"၌ ဟောကြားသည်။)*

အားလုံးသော ယောဂီအပေါင်း သူတော်ကောင်းတို့...

သင့်တင့်သော ဣရိယာပုထ်မျှတသော အနေအထားအားဖြင့် ထိုင်ပြီးတော့ မြတ်ဗုဒ္ဓရဲ့ဓမ္မကို ကောင်းစွာပူဇော်နိုင်ကြပါပြီ။

ဓမ္မသဘင် စတင်ပါပြီ။

သစ္စာဓမ္မသဘင်ကို ဟောပြောရာ၌ ယနေ့နံနက်ပိုင်းတရားအဖြစ် ဦးပဥ္စင်းတို့ ဟောကြားမည့်တရားနာမည်က ***"ပညတ်နှင့် ပရမတ်တရားတော်"***တဲ့။

ယောဂီတို့ ဘာတရားလဲ။

"ပညတ်နှင့် ပရမတ် တရားတော်ပါ ဘုရား"

ယောဂီအပေါင်း သူတော်ကောင်းတို့- နိဗ္ဗာန်ကို လိုချင်ကြတဲ့ ယောဂီသူတော်စင်တိုင်း မသိမဖြစ်ကို သိရမယ့် "ပညတ်နဲ့ ပရမတ်"တဲ့။

ယောဂီအပေါင်း သူတော်ကောင်းတို့- ဒီနေ့ နံနက်ခင်းမှာ ဦးဇင်းတို့ ဘာယ် အကြောင်းအရာလေး ပြောပြမလဲ။

"ပညတ်နဲ့ ပရမတ်ပါ ဘုရား"

ယောဂီအပေါင်း သူတော်ကောင်းတို့ ယခု တရားဝင်၊ တရားအားထုတ်တာ တခြားလိုချင်လို့လား၊ နိဗ္ဗာန်လိုချင်လို့လား။

"နိဗ္ဗာန်လိုချင်လို့ပါ ဘုရား"

ယောဂီအပေါင်း သူတော်ကောင်းတို့ နိဗ္ဗာန်လိုချင်ရင် တခြားအားထုတ်ရမှာလား၊ ဝိပဿနာ အားထုတ်ရမှာလား။

"ဝိပဿနာပါ ဘုရား"

ဩော်- ဘုရားက ဝိပဿနာအားထုတ်တဲ့အခါကျတော့ တခြားကြည့်ရမှာလား၊ ခန္ဓာကြည့်ရမှာလား။

"ခန္ဓာကြည့်ရမှာပါ ဘုရား"

ယောဂီအပေါင်း သူတော်ကောင်းတို့ ခန္ဓာ ဘယ်နှစ်ပါးတုန်း?

"ငါးပါးပါ ဘုရား"

ခန္ဓာက နှစ်မျိုးရှိတယ်လို့ ယောဂီတို့ ချဲ့ပြီးတော့မှတ်ကြည့်- အဘိဓမ္မာနည်း ခန္ဓာကငါးပါး၊ သုတ္တန်နည်း ခန္ဓာကငါးပါး။ ယောဂီအပေါင်း သူတော်ကောင်းတို့ ဘယ်နှစ်နည်းလဲ။

"နှစ်နည်းပါ ဘုရား"

အဘိဓမ္မာနည်း ခန္ဓာငါးပါးဆိုတာကတော့ ယောဂီတို့သိနေကျပဲ။ ခန္ဓာငါးပါးကို ဆိုပါဆိုရင်-

ရူပက္ခန္ဓာ၊ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ မဆိုဘူးလား။

"ဆိုပါတယ် ဘုရား"

အဲဒီ ခန္ဓာငါးပါးက ယောဂီတို့အားလုံးမှတ်ကြဖို့ အဘိဓမ္မာနည်း ခန္ဓာငါးပါး။

ဘာ ခန္ဓာငါးပါးလဲ?

"အဘိဓမ္မာနည်းပါ ဘုရား"

အဲဒီတော့ သုတ္တန်နည်းခန္ဓာငါးပါးက အရှင်ဘုရား ပြောပြပါဦးဆိုတော့ ယောဂီအပေါင်း သူတော်ကောင်းတို့ ပဋိစ္စသမုပ္ပါဒ်စက်ဝိုင်းကြီးမှာ အကွက်အားဖြင့် ဘယ်နှစ်ကွက်လဲ။

"လေးကွက်ပါ ဘုရား"

ယောဂီအပေါင်း သူတော်ကောင်းတို့ အကွက်(၂)ကို ကြည့်လိုက်လို့ရှိရင်-

**ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ** မတွေ့ဘူးလား။

"တွေ့ပါတယ် ဘုရား"

အများကြီးတွေ့တာလား၊ ငါးပါးတည်းလား။

"ငါးပါးတည်းပါ ဘုရား"

အဲဒီ ငါးပါးကျတော့ ယောဂီသူတော်စင်တွေ မှတ်ကြပါ။ အဲဒါ သုတ္တန်နည်း ခန္ဓာငါးပါး။ ဘာနည်း ခန္ဓာငါးပါးလဲ။

"သုတ္တန်နည်းပါ ဘုရား"

အေး- အဲဒါလေးမှတ်ထားနော်။ အဘိဓမ္မာနည်းလဲ ခန္ဓာဘယ်နှစ်ပါးလဲ။

"ငါးပါးပါ ဘုရား"

သုတ္တန်နည်းလဲ ခန္ဓာက ဘယ်နှစ်ပါးလဲ။

"ငါးပါးပါ ဘုရား"

အဲဒီတော့ ယောဂီအပေါင်း သူတော်ကောင်းတို့က နိဗ္ဗာန်ကိုလိုချင်တယ် ဆိုရင် တခြားလုပ်ရမှာလား၊ ဝိပဿနာလား။

"ဝိပဿနာပါ ဘုရား"

ဩော်- ဝိပဿနာတရားအလုပ် လုပ်မယ်ဆိုတော့ ယောဂီအပေါင်း သူတော်ကောင်းတို့ တခြားကြည့်ရမှာလား။ ခန္ဓာကြည့်ရမှာလား။

"ခန္ဓာကြည့်ရမှာပါ ဘုရား"

ခန္ဓာကြည့်တဲ့အခါကျတော့ ယောဂီတို့ရေ သူများခန္ဓာကြည့်ရမှာလား၊ ကိုယ့်ခန္ဓာ ကြည့်မှာလား။

"ကိုယ့်ခန္ဓာကြည့်ရမှာပါ ဘုရား"

ဩော်- သူများခန္ဓာကြည့်ရင်တော့ သူများအပြစ်ပဲမြင်မယ်ဆိုတာ မသေချာ ဘူးလား။

"သေချာပါတယ် ဘုရား"

ကိုယ့်ခန္ဓာ၊ ကိုယ့်အပြစ်ကို ကိုယ်ကြည့်မှ ကိုယ့်အပြစ် ကိုယ်မြင်မယ်နော်။

"မှန်ပါ ဘုရား"

အဲဒါကြောင့် ခန္ဓာကြီးကြည့်တဲ့အခါ သူများခန္ဓာကြည့်မှာလား၊ ကိုယ့်ခန္ဓာ ကြည့်မှာလား။

"ကိုယ့်ခန္ဓာကြည့်မှာပါ ဘုရား"

အဲ- ခန္ဓာကြီးကို ဉာဏ်နဲ့ ကြည့်လိုက်တိုင်း, ကြည့်လိုက်တိုင်း သတိလဲ အားကောင်းနေမယ်။ သမာဓိလဲ အားကောင်းနေမယ်။ ဝီရိယလဲ အားကောင်းနေမယ် ဆိုရင် အဲဒီခန္ဓာကြီးကို ဉာဏ်နဲ့ကြည့်လိုက်တိုင်း, ကြည့်လိုက်တိုင်း ယောဂီအပေါင်း သူတော်ကောင်းတို့ မဖြစ်မပျက်တဲ့အချိန် ရှိလား။

"မရှိပါဘူး ဘုရား"

အမြဲတမ်း ဖြစ်လိုက်...

ပျက်လိုက်၊

မွေးလိုက်၊

သေလိုက်။

ဩော်- ဖြစ်လိုက်၊ ပျက်လိုက်၊ မွေးလိုက်၊ သေလိုက်ဆိုတော့ ခန္ဓာကြီးကို ကြည့်တိုင်း, ကြည့်တိုင်း ဒါကြီးပဲ ယောဂီသူတော်စင်တွေက မြင်နေတော့ အဲဒီခန္ဓာကို လိုချင်တဲ့ တဏှာလာဦးမလား။

"မလာတော့ပါဘူး ဘုရား"

ယောဂီအပေါင်း သူတော်ကောင်းတို့ လိုချင်တဲ့တဏှာမှ မလာတော့ဘူး ဆိုလို့ရှိရင် ခန္ဓာကိုစွဲလမ်းတယ်ဆိုတဲ့ ဉပါဒါန်ကော လာစရာလိုသေးလား။

"မလိုတော့ပါဘူး ဘုရား"

ဩော်- ဉပါဒါန်မှ မလာတော့ဘူးဆိုရင်လဲ ယောဂီအပေါင်း သူတော်ကောင်းတို့ ခန္ဓာဖြစ်ကြောင်းဖြစ်တဲ့ ကံတွေကော လုပ်ဦးမလား။

"မလုပ်တော့ပါဘူး ဘုရား"

ခန္ဓာဖြစ်ကြောင်း ကံတွေမှ မလုပ်တော့ဘူးဆိုရင်လဲ ယောဂီအပေါင်း သူတော်ကောင်းတို့ ဘဝတစ်ခုကို ရရှိခြင်းဆိုတဲ့ ဇာတိလာဦးမလား။

"မလာတော့ပါဘူး ဘုရား"

ဩော်- ဇာတိမှ မလာဘူးဆိုရင် ယောဂီအပေါင်း သူတော်ကောင်းတို့-

အိုစရာ လိုသေးလား?

"မလိုတော့ပါဘူး ဘုရား"

နာစရာလိုသေးလား?

"မလိုတော့ပါဘူး ဘုရား"

သေစရာလိုသေးလား?

"မလိုတော့ပါဘူး ဘုရား"

ယောဂီအပေါင်း သူတော်ကောင်းတို့ အိုခြင်း၊ နာခြင်း၊ သေခြင်းကင်းတာ အခြားလား၊ နိဗ္ဗာန်လား။

"နိဗ္ဗာန်ပါ ဘုရား"

ဒီနိဗ္ဗာန်ဆိုတာ ယောဂီတို့ အလိုလိုရမှာလား၊ အို နာ သေ ကင်းမှလား။

"အို နာ သေ ကင်းမှပါ ဘုရား"

အို နာ သေ ကလဲ သူ့အလိုလိုမကင်းဘူးတဲ့။ ဘဝဇာတိချုပ်မှတဲ့။ ဘာချုပ်မှလဲ။

"ဘဝဇာတိချုပ်မှပါ ဘုရား"

ဩော်- ခန္ဓာမှာရှိတဲ့ သမုဒယဆိုတဲ့ သံယောဇဉ် တဏှာ၊ ဉပါဒါန်၊ ကံဆိုတဲ့ တရားကလဲ ယောဂီအပေါင်း သူတော်ကောင်းတို့ အလိုလိုချုပ်မှာလား။ ခန္ဓာကြီး ဉာဏ်နဲ့ ကြည့်မှလား။

"ခန္ဓာကြီး ဉာဏ်နဲ့ကြည့်မှပါ ဘုရား"

ခန္ဓာကြီးဉာဏ်နဲ့ကြည့်တဲ့အလုပ်ဟာ တခြားအလုပ်လား၊ တရားအလုပ်လား။

"တရားအလုပ်ပါ ဘုရား"

ဩော်- နိဗ္ဗာန်ကိုမျက်မှောက်ပြုဖို့ရန်အတွက် ဝိပဿနာတရားမှလွဲရင် တခြား အားကိုးစရာမရှိဘူးဆိုတာ ယောဂီတို့ သေသေချာချာလေးမှတ်ကြ။

## ပညတ်၊ ပရမတ်ကွဲမှ နိဗ္ဗာန်ရ

ယောဂီအပေါင်း သူတော်ကောင်းတွေ ဒီနေ့နံနက်ခင်းမှာ ကျေးဇူးပြုပြီးတော့ တရားအလှူ ပေးလှူမယ်ဆိုတော့ ဘာအကြောင်းကို ပြောမလဲ။

ပညတ်နဲ့ ပရမတ်။

ယောဂီတို့ ဘာနဲ့ဘာလဲ။

"ပညတ်နဲ့ ပရမတ်ပါ ဘုရား"

ဩော်- ပညတ်နဲ့ ပရမတ်ရယ်။ အဲဒီတော့ ယောဂီအပေါင်း သူတော်ကောင်း တို့က နားလည်ထားရမှာ အရှင်ဘုရား-- တပည့်တော်တို့ ဝိပဿနာတရားတွေ

အားထုတ်တယ်ဘုရား၊ အဲဒီတော့ ပညတ်၊ ပရမတ် မကွဲရင် မဖြစ်ဘူးလားဆိုတော့ ဖြစ်ပါတယ်။ မကွဲရင်လဲ ဘာတဲ့လဲ။

"ဖြစ်ပါတယ် ဘုရား"

ဖြစ်ပါတယ်တဲ့။ ဒါပေမယ့် ယောဂီအပေါင်း သူတော်ကောင်းတို့ကို ဦးဇင်းတို့ သိစေချင်တာက ပညတ်၊ ပရမတ်ကို မကွဲပဲနဲ့ တရားအားထုတ်တဲ့ ယောဂီဟာ ယောဂီ အပေါင်း သူတော်ကောင်းတို့ သေသေချာချာမှတ်မယ်နော်။

နိဗ္ဗာန်ကိုလိုချင်လို့ တရားဝင်၊ တရားအားထုတ်ကြတဲ့ ယောဂီအပေါင်း သူတော်ကောင်းတွေဟာ ပညတ်၊ ပရမတ် မကွဲဘဲနဲ့ ဝိပဿနာအားထုတ်ရင် မရဘူး လားဘုရားဆိုတော့ ရပါတယ်။ ဒါပေမယ့် ပညတ်၊ ပရမတ် မကွဲလို့ရှိရင် ယောဂီ အပေါင်း သူတော်ကောင်းတို့ ပညတ်၊ ပရမတ်မကွဲတဲ့ ယောဂီအပေါင်း သူတော်ကောင်း တို့ဟာ နံပါတ်(၁) ဘာလဲ?

ကုသိုလ်တော့ရ၏။ နံပါတ်(၁)က ဘာတဲ့လဲ?

"ကုသိုလ်ပါ ဘုရား"

နံပါတ်(၂) နိဗ္ဗာန်တော့ မရဘူး။ ယောဂီအပေါင်း သူတော်ကောင်းတို့ သေသေချာချာမှတ်နော်။

ဦးဇင်းတို့ ပညတ်၊ ပရမတ် မကွဲဘဲနဲ့ အားထုတ်တဲ့ ယောဂီဟာ ကုသိုလ်တော့ ရ၏။ နိဗ္ဗာန်ရပါ့မလား။

"မရပါဘူး ဘုရား"

နိဗ္ဗာန်မရဘူးတဲ့။ ဒါလေး သေသေချာချာမှတ်နော်။ အရေးကြီးတယ်။

"မှန်ပါ ဘုရား"

သိပ်အရေးကြီးတယ်။ ပညတ်၊ ပရမတ်နော်။ နောက်တစ်ခါကျတော့ တရား အားထုတ်တဲ့ ယောဂီအပေါင်း သူတော်ကောင်းတို့ဟာ ပညတ်၊ ပရမတ်ကွဲပြီးတော့မှ တရားအားထုတ်တဲ့ ယောဂီကျတော့ နိဗ္ဗာန်လဲရတယ်။ ဘာတဲ့လဲ။

"နိဗ္ဗာန်လဲရပါတယ် ဘုရား"

ကုသိုလ်လဲရတယ်။ ဘယ်နှစ်မျိုးလဲ?

"နှစ်မျိုးပါ ဘုရား"

ပညတ်၊ ပရမတ်ကို မကွဲပဲနဲ့ အားထုတ်တဲ့ ယောဂီဟာ ကုသိုလ်တော့ရတယ်။ နိဗ္ဗာန်ရရဲ့လား။

"မရပါဘူး ဘုရား"

ပညတ်၊ ပရမတ်ကွဲပြီးတော့မှ အားထုတ်တဲ့ယောဂီကျတော့ ကုသိုလ်လဲရတယ်။ နိဗ္ဗာန်လဲရတယ်။ ဘယ်နှစ်မျိုးလဲ?

"နှစ်မျိုးပါ ဘုရား"

အဲဒီတော့ ယောဂီအပေါင်း သူတော်ကောင်းတို့ ဒါက ယောဂီတို့ရဲ့ စိတ်တိုင်းကျပဲ။ ဒါ ကိုယ့်ဟာကိုယ် ရွေးချယ်ရမယ့်ကိစ္စ။ တပည့်တော်တို့ကတော့ဘုရားတရားအားထုတ်တာ အရှင်ဘုရားပြောတဲ့ ဒီနိဗ္ဗာန် လိုချင်လို့မဟုတ်ဘူး ဘုရား။ ကုသိုလ်ရရုံသက်သက်ပဲဆိုရင်တော့ ဒီမနက် ဦးဇင်း ယောဂီတို့ကိုပြောမယ့် ပညတ်၊ ပရမတ်ဟာ ယောဂီတို့အတွက် ဘာမှတန်ဖိုးမရှိဘူးနော်။

အဲဒီတော့ တပည့်တော်တို့အတွက် တရားအားထုတ်တာ ယောဂီတို့ကမ္မဋ္ဌာန်းတရားတွေကို တောင်းတော့လေ-

**သံသာရ ဝဋ္ဋ ဒုက္ခတော မောစနတ္ထာယ။**

ဝိပဿနာကမ္မဋ္ဌာန်းဉ် တည်ထား။

မတောင်းဘူးလား။

"တောင်းပါတယ် ဘုရား"

**ဘန္တေ**- အရှင်ဘုရားတို့၊ **သံသာရ ဝဋ္ဋ ဒုက္ခတော**- သံသရာဆိုတဲ့ ဝဋ်ဆင်းရဲမှ။ **မောစနတ္ထာယ**- လွတ်မြောက်ဖို့ရန်အတွက်။ သံသရာဆိုတဲ့ ဝဋ်ဆင်းရဲမှ လွတ်မြောက်ရန်နေရာဆိုတော့ တခြားလား၊ နိဗ္ဗာန်လား။

"နိဗ္ဗာန်ပါ ဘုရား"

အို- အဲဒီ ရည်ရွယ်ချက်နဲ့ နိဗ္ဗာန်ကိုလိုချင်လို့ တရားအားထုတ်တဲ့ ယောဂီတို့ တရားအားထုတ်တာ ကုသိုလ်ရရုံ သက်သက်လား၊ နိဗ္ဗာန်လိုချင်လို့လား။

"နိဗ္ဗာန်လိုချင်လို့ပါ ဘုရား"

အဲ- နိဗ္ဗာန်လိုချင်ကြတယ်ဆိုလို့ရှိရင်တော့ ယောဂီအားလုံးမှတ်ထားကြပါ။

ပညတ်နဲ့ ပရမတ်တော့ တပည့်တော်တို့ ကွဲကို ကွဲရမယ်။

ဒါဆိုရင် ပညတ်၊ ပရမတ်မကွဲပဲနဲ့ တပည့်တော်တို့ တရားအားထုတ်ရင် နိဗ္ဗာန်မရနိုင်ဘူးလားဆိုရင် အို- လုံးဝကို မရနိုင်ဘူး။

ဘာဖြစ်လို့လဲဆိုတော့ ယောဂီအပေါင်း သူတော်ကောင်းတို့ အားလုံးလိုက်ဆိုကြည့်စမ်းပါ။

**ပရမတ်မသိ၊ ဝ,မရှိ၊ ဝိလဲ မဖြစ်နိုင်။**

ပရမတ်မသိ၊ ဝမရှိ ပညတ်၊ ပရမတ်ကိုမှ မသိတဲ့ပုဂ္ဂိုလ်ဟာ ပရမတ်တရားကိုမှ မသိတဲ့ပုဂ္ဂိုလ်ဟာ ဝ,ဆိုတာက **ဝဝတ္ထာန**။

ဒါကတော့ အရှုခံတရားပဲ။ ဒါက အရှုခံတရားပဲလို့ ပိုင်းပိုင်းခြားခြားမသိတော့ဘူးတဲ့။ အဲဒီ ယောဂီလေ၊ အဲဒီလို မသိတော့ဘူးဆိုရင် ပရမတ်မသိ၊ ဝမရှိ။ ဝိလဲ မဖြစ်နိုင်။

ဝိဆိုတာက ဝိပဿနာ။

ဝိ- ဆိုတာက ဘာတဲ့လဲ?

"ဝိပဿနာပါ ဘုရား"

အဲဒီတော့ ရှင်းရှင်းပြောလို့ရှိရင် ပညတ်၊ ပရမတ်မှနားမလည်ပဲ တရားအားထုတ်တဲ့ ယောဂီအတွက်တော့ ဝိပဿနာကိုမဖြစ်ဘူးတဲ့။ ဝိပဿနာမှမဖြစ်ဘူးဆိုရင် ယောဂီအပေါင်း သူတော်ကောင်းတို့ နိဗ္ဗာန်ရောက်ဖို့ လွယ်သေးရဲ့လား။

"မလွယ်ပါဘူး ဘုရား"

အဝေးကြီးဖြစ်သွားတယ်။

ဒါကြောင့်မို့လို့ ဘုရားတပည့်တော်တို့ကတော့ ကုသိုလ်လဲ ရချင်ပါတယ်ဘုရား။ နိဗ္ဗာန်ကိုလဲ မျက်မှောက်ပြုချင်ပါတယ်ဘုရား ဆိုရင်တော့ အဲဒီ ယောဂီမှာ ပညတ်၊ ပရမတ် ကွဲကို ကွဲရမယ်။

ဆိုကြည့်- ဆိုကြည့်။

**ပရမတ် မသိ၊ ဝ,မရှိ၊ ဝိလည်းမဖြစ်နိုင်။**

**ဝိ မဖြစ်က၊ အနတ္တ၊ မုချဉာဏ်မပိုင်။**

ဝိမဖြစ်က ဆိုတာက ဝိပဿနာမဖြစ်ဘူးဆိုရင် ဝိ မဖြစ်က အနတ္တ၊ မုချဉာဏ်မပိုင်။ ဝိပဿနာမှ မဖြစ်ဘူးဆိုလို့ရှိရင် တရားအားထုတ်တဲ့ ယောဂီတွေ အနတ္တဉာဏ်ကို မပိုင်တော့ဘူး။

အရှင်ဘုရား- အနတ္တဉာဏ်ကို တပည့်တော်တို့ မပိုင်ရင် ဘာဆက်ဖြစ်ဦးမလဲဘုရားဆိုတော့ ဆိုကြည့်ပါလား။

**ဝိ မဖြစ်က၊ အနတ္တ၊ မုချဉာဏ်မပိုင်။**

**ဉာဏ်မြင်မရ၊ သံသာရ၊ ဒုက္ခမဆုံးနိုင်။**

ပညတ်၊ ပရမတ်မှမကွဲဘူးဆိုရင် ဝိပဿနာမဖြစ်ပါဘူး။ ဝိပဿနာမှမဖြစ်ပဲနဲ့ တရားအားထုတ်တဲ့ ယောဂီဟာ အနတ္တဉာဏ်ကို မပိုင်ဘူး။

အနတ္တဉာဏ်မှမပိုင်ဘဲ တရားအားထုတ်တဲ့ ပုဂ္ဂိုလ်ဟာ ဉာဏ်မြင်မရသလို သံသာရ၊ ဒုက္ခမဆုံးနိုင်။

အနတ္တဉာဏ်ကိုမှ မရနိုင်လို့ရှိရင် သံသရာဒုက္ခ အဲဒီယောဂီ ဆုံးကိုမဆုံးနိုင်တော့ဘူး။ နိဗ္ဗာန်ဆိုတာ အဝေးကြီး။

## ပညတ်ကိုခွာပါ၊ ပရမတ်ကို ရှုပါ

ယောဂီအပေါင်း သူတော်ကောင်းတို့ ပညတ်၊ ပရမတ်ဆိုတာ သိပ်အရေးမကြီးဘူးလား။

"ကြီးပါတယ် ဘုရား"

အဲ- အရမ်းအရေးကြီးပါတယ်။ တရားအားထုတ်ကြမယ့် ယောဂီအပေါင်း သူတော်ကောင်းတို့ဟာ ပညတ်က ဘာတုန်းဘုရား၊ ပရမတ်က ဘာတုန်းဘုရား။ ဒါသိကို သိရမှာနော်။ အဲဒီတော့ ဦးဇင်းတို့ ပြောပြောနေကျတဲ့၊ ယောဂီတို့ ပြောပြောနေကြတဲ့၊ ဗုဒ္ဓရဲ့ ဓမ္မထဲမှာ ဝိပဿနာ။

ဝိပဿနာဆိုတာ အရှင်ဘုရား- ဘာလဲဘုရားဆိုတော့ ယောဂီအပေါင်း သူတော်ကောင်းတွေ

**ပညတ္တိံ ဌပေတွာ အနိစ္စာဒိ အာကာရေန၊**
**ဝိဝိဓံ ပဿတီတိ ဝိပဿနာ။**

ဒီလိုပြောရင် ပါဠိလိုဆိုတော့ ယောဂီတွေ ဘယ်နားလည်မလဲနော်။

"မှန်ပါ ဘုရား"

အဲဒီတော့ အဲဒီ ပါဠိလေးကို အရှင်ဘုရားရေ အဓိပ္ပာယ်လေး ပြန်ပြပါ။ ဝိပဿနာဆိုတာ ဘာတုန်းဘုရားဆိုတော့ ယောဂီအပေါင်း သူတော်ကောင်းတို့ရေ လိုက်ဆိုကြ-

**ပညတ်ကိုခွာ၊ ခန္ဓာနဲ့ဖြစ်ပျက်ကို ရှု။**

ဘယ်နှစ်မျိုးလဲ၊

"နှစ်မျိုးပါ ဘုရား"

**ပညတ္တိံ ဌပေတွာ အနိစ္စာဒိ အာကာရေန၊ ဝိဝိဓံ ပဿတီတိ ဝိပဿနာ။**

ဝိပဿနာ- ဝိပဿနာအားထုတ်တော့မယ်ဆိုရင် နံပါတ်(၁) ပညတ်ကိုခွာ။

နံပါတ် (၂)က ဘာတဲ့လဲ ခန္ဓာရဲ့ဖြစ်ပျက်ကိုရှု။

နံပါတ် (၁)က ဘာတဲ့လဲ။ ပညတ်ကိုခွာ။

နံပါတ် (၂)က ဘာတဲ့လဲ။ ခန္ဓာရဲ့ဖြစ်ပျက်ကိုရှု။ ဘယ်နှစ်မျိုးလဲ?

"နှစ်မျိုးပါ ဘုရား"

ယောဂီအပေါင်း သူတော်ကောင်းတို့ အများကြီးလား၊ နှစ်မျိုးတည်းလား။

"နှစ်မျိုးပါ ဘုရား"

နားမရှုပ်သွားနဲ့ ဦးဇင်းက လူပြိန်းနားပေါက်အောင်ပြောတာ။

ပညတ်ကိုခွာ နံပါတ် (၁)က ဘာတဲ့လဲ?

"ပညတ်ကိုခွာပါ ဘုရား"

ခန္ဓာရဲ့ ဖြစ်ပျက်ကိုရှု။ အဲဒါလေး နားမလည်မခြင်း ဦးဇင်း ရှေ့ကို မပြောဘူး။ ပြန်ပြော၊ ပညတ်ကိုခွာ၊ ခန္ဓာရဲ့ ဖြစ်ပျက်ကိုရှု။ ဘယ်နှစ်မျိုးလဲ။

"နှစ်မျိုးပါ ဘုရား"

အဲဒီတော့ ယောဂီအပေါင်း သူတော်ကောင်းတို့ နံပါတ်(၁) အမျိုးအစားကို ကြည့်လိုက်။ ဘုရားရှင်ကိုယ်တော်မြတ်က ဝိပဿနာတရား အားထုတ်တော့မယ် ယောဂီဟာ ပညတ်ကိုခွာတဲ့။ ဘာကိုခွာရမလဲ။

"ပညတ်ကိုခွာပါ ဘုရား"

ပညတ်ကိုခွာဆိုတော့ ယောဂီအပေါင်း သူတော်ကောင်းတို့ ရှိတာမှ ပညတ်ရယ်၊ ပရမတ်ရယ်။ ဘယ်နှစ် မျိုးပဲရှိလဲ။

"နှစ်မျိုးပါ ဘုရား"

နှစ်မျိုးတည်းရှိတာ။

အဲဒီ နှစ်မျိုးရှိတာကို မြတ်စွာဘုရားက ပညတ်ကိုခွာရင်- တဲ့ဆိုတော့ ပရမတ်ကိုရှုလို့ပြောတာနဲ့ မတူဘူးလား။

"တူပါတယ် ဘုရား"

ရှိတာမှ ယောဂီအပေါင်း သူတော်ကောင်းတို့ ဘယ်နှစ်မျိုးရှိလဲ။

"နှစ်မျိုးပါ ဘုရား"

ပညတ်ရယ်၊ ပရမတ်ရယ်။ ယောဂီတို့ ဘယ်နှစ်မျိုးလဲ။

"နှစ်မျိုးပါ ဘုရား"

ပညတ်ရယ်၊ ပရမတ်ရယ် နှစ်မျိုးတည်းရှိတာ။ မြတ်စွာဘုရားက တရားအားထုတ်မယ့် ယောဂီဟာ ပညတ်ကို ခွာဟော့ဆိုတော့ ယောဂီတို့ ဘာကိုရှုလို့ပြောလဲ။

"ပရမတ်ကိုပါ ဘုရား"

အဲဒီတော့ ယောဂီအပေါင်း သူတော်ကောင်းတို့ တပည့်တော်တို့ တရားတော့ အားထုတ်ပါတယ်။ ပညတ်ချည်းပဲ သိပ်ရှုနေမယ်ဆိုရင် အဲဒီ ယောဂီ သေအောင်သာ လုပ်၊ နိဗ္ဗာန်မရဘူး ဘာဖြစ်လို့လဲဆိုတော့- ဘုရားက ပညတ်အရှုခိုင်းတာလား၊ ပရမတ် အရှုခိုင်းတာလား။

"ပရမတ်အရှုခိုင်းတာပါ ဘုရား"

ပရမတ်ကို အရှုခိုင်းတဲ့ယောဂီဟာ ပရမတ်မရှုပဲနဲ့ ပညတ်တွေချည်းလိုက်ရှုနေရင် နိဗ္ဗာန်ကို ရနိုင်ပါ့မလား။

"မရနိုင်ပါဘူး ဘုရား"

အဲဒါကြောင့်မို့လို့ ယောဂီအပေါင်း သူတော်ကောင်းတွေ ပညတ်၊ ပရမတ် နှစ်မျိုးရှိတာ ပညတ်ကိုခွာဆို ဘုရားက ပရမတ်ကို ရှုပါတဲ့။

အဲဒီတော့ ပညတ်လေးကို ဦးဇင်းတို့ပြောရအောင် ပညတ်ကျတော့ ဦးဇင်းတို့ နည်းနည်းကျယ်ဝန်းတယ်။ အဘိဓမ္မာက ပညတ် (၆) မျိုးပြတယ်။ သုတ္တန်မှာက ပညတ် အားဖြင့် တစ်ဆယ်နဲ့ခြောက်မျိုး ပြတယ်။

အဲဒီတော့ အရှင်ဘုရားရေ များလှချည်လား။ တပည့်တော်တို့ ပညတ်၊ ပရမတ် အဲဒီလောက်အထိ ရှုပ်ရှက်ခတ်ပြီးတော့ နားလည်ရမှာလား။ ဒီလိုတော့ မဟုတ်ဘူး နော်။ ပညတ်၊ ပရမတ်ကို နားလည်ကြတဲ့ ယောဂီအပေါင်း သူတော်ကောင်းတွေဟာ ပညတ်လေးနှစ်မျိုးကိုသိရင် အဲဒါ အဆင်ပြေသွားပြီ။ ပညတ် ဘယ်နှစ်မျိုးလဲ။

"နှစ်မျိုးပါ ဘုရား"

ကဲ- အဲဒီနှစ်မျိုးကို ထပ်မှတ်ကြရအောင်၊ ယောဂီတို့ သေသေချာချာ တရားနာနော်။ နံပါတ် (၁)က အဝိဇ္ဇမာန ပညတ်။

ဩော်- နံပါတ် (၁)ကိုပဲ သေသေချာချာမှတ်ထား။

နံပါတ် (၁)က အဝိဇ္ဇမာန ပညတ်။

နောက် နံပါတ် (၂)ကျတော့ အဝိဇ္ဇမာနပညတ်ဆိုတဲ့ စကားလုံးမှာ ရှေ့က အ,ဆိုတဲ့စကားလုံးလေးကို ဖြုတ်လိုက်ရင် ဘာကျန်မလဲ။

ဝိဇ္ဇာမာန ပညတ်။

ယောဂီအပေါင်း သူတော်ကောင်းတို့ ပညတ်က ဘယ်နှစ်မျိုးပြောမလဲ။

"နှစ်မျိုးပါ ဘုရား"

ပြန်ပြောရအောင်-

အဝိဇ္ဇာမာန ပညတ်။

အ-လေး ဖြုတ်ပစ်လိုက်။ ဝိဇ္ဇာမာနပညတ်။

ပညတ် ဘယ်နှစ်မျိုးလဲ။

"နှစ်မျိုးပါ ဘုရား"

အဲဒီ နှစ်မျိုးလေးသိလို့ရှိရင် အလုပ်သမားတွေအတွက် အဆင်ပြေသွားပြီ။

ဒါဆိုရင် အရှင်ဘုရားရေ အဝိဇ္ဇာမာနပညတ်နဲ့ ဝိဇ္ဇာမာနပညတ်ကို တပည့်တော်တို့ ဘယ်လိုနားလည်ရမလဲ။ အဲဒီတော့ လာပြီလေ။

အဝိဇ္ဇာမာနပညတ်ဆိုတာ ယောဂီတို့ရေ မြန်မာပြန်လေးမှတ်မယ်နော်။

မရှိတာကို အရှိလုပ်ပြီးတော့ ခေါ်ဝေါ်ထားခြင်းသည် အဝိဇ္ဇာမာနပညတ်။

အတူတူပြန်ဆိုမယ်နော်။

မရှိတာကို အရှိလုပ်ပြီး ခေါ်ဝေါ်ထားခြင်းသည် ဘာပညတ်လဲ?

"အဝိဇ္ဇာမာနပညတ်ပါ ဘုရား"

လောကမှာ ရှိတော့မရှိဘူး။ သူက ဟုတ်လား။ ဒါပေမယ့် လူတွေက အရှိလုပ်ပြီး ခေါ်ဝေါ်ထားတာ။ အဲဒီ ပညတ်မျိုးကို ဘာပညတ်လဲ?

"အဝိဇ္ဇာမာနပညတ်ပါ ဘုရား"

အဝိဇ္ဇာမာနပညတ်- တဲ့။

ယောဂီအပေါင်း သူတော်ကောင်းတို့နော်။

ရှိတော့မရှိပါဘူး။ ဒါပေမယ့်- လူတွေက ရှိသကဲ့သို့ ခေါ်ဝေါ်ထားတာ။ အဲဒီ ပညတ်မျိုးကို အဝိဇ္ဇာမာန ပညတ်။ ယောဂီအပေါင်း သူတော်ကောင်းတို့ ပဋ္ဌိစ္စသမုပ္ပါဒ်စက်ဝိုင်းရဲ့ (၂)အကွက်ကို ကြည့်လိုက်စမ်း။ ခန္ဓာဘယ်နှစ်ပါးရှိလဲ?

"ငါးပါးပါ ဘုရား"

ခုနကမပြောခဲ့ဘူးလား။

"ပြောခဲ့ပါတယ် ဘုရား"

ခုနကပြောတာ ခုပြောရင် လွယ်အောင်လို့ပြောခဲ့တာ။

ပဋိစ္စသမုပ္ပါဒ်ရဲ့ (၂)အကွက်ထဲမှာ ခန္ဓာဘယ်နှစ်ပါးရှိလဲ။

"ငါးပါးပါ ဘုရား"

အဲဒီ ငါးပါးကို ယောဂီတို့ အားလုံး ဆိုကြည့်ရအောင်။

**ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ။**

ခန္ဓာဘယ်နှစ်ပါးလဲ။

"ငါးပါးပါ ဘုရား"

အဲဒီ ခန္ဓာငါးပါးကို ယောဂီတို့ ဦးဇင်းတို့တတွေ မပိုင်ဆိုင်ထားဘူးလား။

"ထားပါတယ် ဘုရား"

အားလုံးပိုင်ဆိုင်ထားတယ်။ အဲဒီ ပိုင်ဆိုင်ထားတဲ့ ခန္ဓာငါးပါးကို ဒီကနေ့ ဦးဇင်းများတို့ ခေါ်နေကြတာလေ။

ဦးဦး၊ ကိုကို၊ ဒေါ်ဒေါ်၊ မမလို့ မခေါ်ဘူးလား?

"ခေါ်ပါဟယ် ဘုရား"

အဖေရယ်၊ အမေရယ်၊ ဆရာရယ်လို့ မခေါ်ဘူးလား။

"ခေါ်ပါတယ် ဘုရား"

တကယ်တော့ ယောဂီအပေါင်း သူတော်ကောင်းတို့ ခေါ်သာခေါ်တယ် တကယ်ကောရှိရဲ့လား။

"မရှိပါ ဘုရား"

ယောဂီတို့ တကယ်ရှိရဲ့လား? ·

"မရှိပါဘူး ဘုရား"

အဲဒီတော့ ယောဂီတို့ကို ထင်ရှားတာလေး ပြောပြမယ်။ ယောဂီတို့ အခု တရားအားထုတ်နေတာက စံရိပ်ငြိမ်ကျောင်းတိုက်။ ဘာကျောင်းတိုက်လဲ?

"စံရိပ်ငြိမ်ကျောင်းတိုက်ပါ ဘုရား"

ဆရာတော် ပဲခူး အရှင်ဇဝန ဆရာတော်ဘုရားရဲ့ကျောင်း။ စံရိပ်ငြိမ်ကျောင်းတိုက်လို့ ယောဂီတွေ မခေါ်ဘူးလား။

"ခေါ်ပါတယ် ဘုရား"

တကယ်တော့ ရှိလို့လား?

"မရှိပါဘူး ဘုရား"

မရှိရင် ယောဂီတို့က ဘာဖြစ်လို့ ဒီမှာနေရတာလဲ?

ဒါ တရားကို မလေ့လာဘူးတဲ့ ယောဂီတွေအနေနဲ့ အစိမ်းသက်သက်ပေါ့ နော်။

တပည့်တော်တို့အိမ်မှာ အမေလို့ခေါ်ပါတယ်ဘုရား၊ အဖေလို့ခေါ်ပါတယ်။ ဦးဦး၊ ဒေါ်ဒေါ်၊ ကိုကို၊ မမလို့ခေါ်ပါတယ်။ ယောဂီတို့ မခေါ်ဘူးလား။

"ခေါ်ပါတယ် ဘုရား"

တကယ်ရောရှိလို့လား။

"မရှိပါဘူး ဘုရား"

မရှိပါဘူး။ မရှိတာတွေကို အရှိလုပ်နေတာ။

ဟာ- ဒါဆိုရင် မရှိကြောင်းကို အရှင်ဘုရား ဘယ်လိုပုံစံပြမလဲ။ ယောဂီ အပေါင်း သူတော်ကောင်းတို့ ဦးဇင်းရဲ့ ဘွဲ့ကိုသိလား။

"သိပါတယ် ဘုရား"

ကိုယ့်ကို တရားပြတဲ့ ဘုန်းကြီးဘွဲ့လည်း မေ့နေဦးမယ်။

## ပြောတော့ ပြောပါ၊ မရောပါနဲ့

ဦးဇင်းတို့ ကျန်ခဲ့တဲ့ နှစ်နှစ်ခန့်က နယ်လှည့်ပြီးတော့ တရားတွေဟောတဲ့အခါ ကျတော့ ဟို... မြောင်းမြ၊ လပွတ္တာ။ မြောင်းမြဘက်ကိုရောက်တော့ ရွာကြီးတစ်ရွာ ရောက်တယ်ဗျ။ အဲဒီရွာကြီးတစ်ရွာ 'ခတ်စု'ဆိုတဲ့ ရွာကြီးမှာ 'ဖွားအောင်ကြည်'ဆိုတာ သိပ်တရားတောင်းကောင်းတာ။ ဖွားအောင်ကြည်က (၇၀)ကျော်နေပြီ။ အခု (၈၀)နားကပ်နေပြီ။ ဒါပေမယ့် အသံက ခုထက်ထိမပျက်ဘူး။ သူက တရားဟော ဓမ္မကထိကတွေ ကြွတိုင်း-ကြွတိုင်း အဲဒီ ဒကာမကြီးက အမြဲတမ်း တရားတောင်း တာဗျ သိလား။ "ဖွားအောင်ကြည်"တဲ့။

ဒါပေမယ့် ဖွားအောင်ကြည်ရဲ့ ချို့ယွင်းချက်ကလေးက အသံကောင်းတယ်။ တရားတောင်းကောင်းတယ်။ စာမတတ် ဘူး။

အဲဒါ ဦးဇင်းတို့ အဲဒီကိုရောက်သွားတဲ့အခါကျတော့ ဦးဇင်းတို့ မှတ်မှတ်ရရ ဟောရတာ၊ အဲဒီမှာပဲ မလွန်ဆန်လှုအသင်းရှိတော့ မလွန်ဆန်လှူ ဓမ္မကထိက ဆရာတော်ဘုရား စစ်ကိုင်းက ဦးဒေဝိန္ဒာဓိပတိ တဲ့။ ဆရာတော်ရဲ့ဘွဲ့က ဘယ်လို ခေါ်လဲ။

"ဦးဒေဝိန္ဒာဓိပတိပါ ဘုရား"

ဦးဒေဝိန္ဒာဓိပတိဆိုတဲ့ ဆရာတော်ဘုရားနဲ့ ဦးဇင်းတို့ အဲဒီမှာ ဆရာတော်ဘုရားက ပထမညဟော။ ဦးဇင်းက ဒုတိယညဟော၊ ဘယ်နှစ်ညဖြစ်သွားလဲ။

"နှစ်ညပါ ဘုရား"

နှစ်ညဖြစ်သွားတဲ့အခါကျတော့ ပထမညမှာ ဆရာတော် ဦးဒေဝိန္ဒာဓိပတိက အဲဒီမှာတရားဟောတာ။ တရားလဲဟောရော အဲဒီမှာ တရားတောင်းတာပေါ့နော်။ ဖွားအောင်ကြည်က တရားတောင်းတဲ့အခါကျတော့ သူတို့ရဲ့ထုံးစံအတိုင်း **ဘန္တေ**- အရှင်ဘုရား၊ **မယံ**- ဘုရားတပည့်တော် တပည့်တော်မတို့သည်- ဆိုပြီးတော့ တောင်းသွားတာ အကုန်လုံးအဆင်ပြေတယ် သိလား။

နောက်ဆုံး- ဆုံးကာနီးလဲကျရော ဖွားအောင်ကြည်က ဘယ်လိုအဆုံးသတ်ရလဲဆိုတော့ ဟောကြားတော်မူပါ့ ဆရာတော်သခင်၊ အဲဒီမှာ ဘွဲ့လေးထည့်ပြီးတော့ အရှင်ဘုရားဆိုပြီးတော့ ဒီလိုအဆုံးသတ်တာကိုးဗျ သိလား။

အဲဒီလို အဆုံးသတ်တဲ့အခါမှာ ဖွားအောင်ကြည်က နောက်ဆုံး ဘယ်လိုအဆုံးသတ်သလဲဆိုတော့ ဟောကြားတော်မူပါ့ ဆရာတော်သခင် ဦးဒေဝဒတ် အရှင်မြတ်ဘုရား။

ဦးဒေဝိန္ဒာဓိပတိကို ဒေဝဒတ်ဆိုတော့ အဆင်ပြေသေးလား။

"မပြေပါဘူး ဘုရား"

အဲ- မပြေတော့ဘူး။ နောက်ညကျတော့ ကျုပ်အလှည့်ဆိုတော့ ကျုပ်က ခပ်ပါးပါး ဘယ်ရမလဲ? အဲဒါ ဖွားအောင်ကြည်ကို ကျုပ်က ခေါ်ထားတယ်။ ခင်ဗျား ကျုပ်အလှည့်တော့ မမေ့နဲ့ဗျလို့။

မမေ့ပါဘူး ဆရာတော်လေးရယ်တဲ့။ ဆရာတော်လေး ချီးမြှင့်ပါတဲ့။ သေသေချာချာ မှတ်ထားပါမယ်ဆိုတော့ ဦးဇင်းက ခုနက ယောဂီတွေ သင်ပေးတဲ့အတိုင်း ပြောတာ။

'ဩဘာသသိရီ' ဆိုတော့ အဲဒီ တကာမကြီးက-

အို- ဆရာတော်လေးဘွဲ့က ရှည်လိုက်တာ၊ ရှည်လိုက်တာဆိုတော့ မှားဦးမယ်ဆိုတာ သေချာတယ်ဗျ သိလား။ အဲဒါကြောင့်မို့လို့ ဦးဇင်းက-

အမှားကို မခံနိုင်ဘူး။ ဒကာမကြီး ရှည်လို့ရှိရင် ဖြတ်ပစ်ဗျာ။

အဲဒီတော့ 'ဩဘာသသိရီ'ဆိုတဲ့ အဲ ဒကာမကြီး နောက်ကနေ 'သိရီ'ကို ဖြတ်ပစ်ဗျာလို့ 'ဩဘာသ'လို့ပဲ ထားလိုက်။ ဒါဆို ဒကာမကြီး ရပြီလား။

'ဟာ ရပြီဘုရား'တဲ့။ ဒီလိုဆိုရင်တော့ ရပြီတဲ့။ ဆိုပြီးတော့ အဲဒါ နောက်ည ကျတော့ ဦးဇင်းရဲ့အလှည့်ပေါ့လေ။ တရားတောင်းတာ၊ တရားတောင်းတဲ့အခါကျ တော့ သူတို့ထုံးစံအတိုင်း အသံကြီးအောင်အောင်ကြီးနဲ့ တောင်းလိုက်တာ-

ဘန္တေ- အရှင်မြတ်ဘုရား ဆိုပြီးတော့ တောင်းတာ အကုန်လုံးဖြောင့်တယ်ဗျ။ သိလား၊ သူမှားတတ်တဲ့ နောက်ဆုံးနေရာလဲကျလဲကျရော ကျုပ်ကို ဘယ်လိုလုပ်လိုက် သလဲဆိုတော့-

ဟော- ကြားတော်မူပါ ဆရာတော်သခင် ဦးဩကာသ အရှင်မြတ်ဘုရား။

ကဲ- ဖွားအောင်ကြည်နဲ့တွေ့တော့ 'ဩဘာသ'ကို ဘာဖြစ်သွားလဲ?

"ဩကာသဖြစ်သွားပါတယ် ဘုရား"

ဒါကြောင့်မို့လို့ ယောဂီတို့ကို 'ဩဘာသသိရီ'ဆိုတဲ့ ဘွဲ့ကို ထပ်ထပ်မေးရတာ လွန်တယ်လို့ထင်လား။ အဲ- မထင်နဲ့- မထင်နဲ့ အကြောင်းရှိတယ်။ ပြောပြမယ်နော်။

အဲဒီလို ဩဘာသသိရီလို့ လောကလူတွေက ခေါ်တယ်နော်။ ဆရာသမား တွေက မှည့်ပေးထားတာ။ အဲဒီမှည့်ပေးထားတဲ့ နာမည်ကို ယောဂီတို့ကလဲ-

'ဩဘာသသိရီ- ဩဘာသသိရီ'။

'ရွှေကန် - ရွှေကန်'။

ဒီလိုခေါ်တာကိုး။ ခေါ်တဲ့အခါကျတော့ ယောဂီအပေါင်း သူတော်ကောင်းတို့ ဩဘာသသိရီဆိုတာ ရွှေကန်ဆိုတာကော ရှိလား?

"မရှိပါဘူး ဘုရား"

ပလ္လင်ပေါ်ထိုင်နေတယ်လေ။

ဦးဇင်းရဲ့ ခန္ဓာကိုယ်ကြီးကိုလေ သုံးလေးပိုင်းလောက် ပိုင်းလိုက်ပေါ့။ ဦးခေါင်း က တစ်ပိုင်း၊ ညာဘက်လက်ဖဝါး၊ ဘယ်ဘက်လက်ဖဝါး အကုန်ပိုင်း။

ဩော်- ခြေထောက်တွေကိုလဲ ပိုင်းပြီး ခန္ဓာကိုယ်ကြီးကိုလဲ သုံးပိုင်းလောက် ပိုင်းပစ်။

အဲဒီလို ပိုင်းပြီးတော့ ဦးခေါင်းလေးကို သွားပြီးတော့ဖြတ်။ ဖြတ်ထားတဲ့ ဦးခေါင်းလေးကို သွားမေးကြည့်။ မင်း ဦးဩဘာသသိရီဆိုရင် သူကဘယ်လိုဖြေလဲ?

ယောဂီတို့ ဟုတ်တယ်လို့ဖြေပါ့မလား။

"မဖြေပါဘူး ဘုရား"

အဲ- မဖြေဘူး။ ဟုတ်မှမဟုတ်တာလေ။

ဒါဆိုရင် ဦးသြဘာသသိရီ (ရွှေကန်)ဆိုတဲ့ ကိုယ်တော်က ဘာလဲ?

ဘယ်ဘက်လက်ဖဝါးလေးလား။ ဘယ်ဘက်လက်ကို သွားပြီးတော့မေးကြည့်တော့-

မင်း- ရွှေကန်လားဆိုတော့ ဟာ- မဟုတ်ပါဘူး။

ဒါဆိုလို့ရှိရင် ခန္ဓာကိုယ်ကြီး သုံးပိုင်းပိုင်းထားတာကွာ။ တစ်ပိုင်းစီ- တစ်ပိုင်းစီ မေးကြည့်ရအောင်ကွာဆိုတော့ တစ်ပိုင်းစီ- တစ်ပိုင်းစီ မေးကြည့်တော့လဲ ဦးသြဘာသ သိရီ (ရွှေကန်)ဆိုတာ တွေ့လား?

"မတွေ့ပါဘူး ဘုရား"

ဩော်- နောက်ဆုံး ခြေထောက်နှစ်ဖက်ကို ဟိုဘက် ဒီဘက် မေးကြည့်တော့လဲ တွေ့လား။

"မတွေ့ပါဘူး ဘုရား"

တကယ်တော့ ယောဂီအပေါင်း သူတော်ကောင်းတို့ ခန္ဓာကိုယ်ကြီးကို တစ်စစီ တစ်စစီဖြုတ်ပြီးတော့ သြဘာသသိရီ ဆိုတာ ရှာကြည့်တဲ့အခါကျတော့ တကယ်ကော ရှိရဲ့လား?

"မရှိပါဘူး ဘုရား"

ဒီလိုပဲ ယောဂီတို့ အိမ်မှာရှိကြတဲ့ အမေလို့ခေါ်နေကြတဲ့ အဖေလို့ခေါ်နေကြတဲ့ ခန္ဓာကိုယ်တွေ တစ်စတစ်စ ဖြုတ်ပြီးတော့ ခေါ်ကြည့်လိုက်။ အမေဆိုတာ ဘယ်မှာလဲ ရှာလို့တွေ့လား?

"မတွေ့ပါဘူး ဘုရား"

အဲဒါ ယောဂီအပေါင်း သူတော်ကောင်းတို့ ရှိတာတော့မရှိဘူး။

မရှိပေမယ့် လောကလူသားတွေက မခေါ်ဘူးလား?

"ခေါ်ပါတယ် ဘုရား"

ရှိတယ်လို့ ခေါ်ခေါ်ထားတာကို တခြားလား? အဝိဇ္ဇမာန ပညတ်လား?

"အဝိဇ္ဇမာန ပညတ်ပါ ဘုရား"

အဝိဇ္ဇမာနပညတ်တဲ့။ ဒါပေမယ့် ယောဂီအပေါင်း သူတော်ကောင်းတို့ ဦးဇင်းတို့ ဒီမှာပြောတာ ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီးက ပြောခဲ့တဲ့ စကားလေးရှိတယ်။

## ပြောတော့ပြော၊ မရောစေနဲ့

ယောဂီတို့ ဘာတဲ့လဲ?

"ပြောတော့ပြော၊ မရောစေနဲ့ပါ ဘုရား"

ပြောတော့ပြော၊ မရောစေနဲ့ ဆိုတာ မင်းတို့အိမ်မှာရှိတဲ့လူကို အမေလို့ခေါ်ပါ၊ အဖေလို့ခေါ်ပါ။

ညီအစ်ကိုမောင်နှမတွေကိုလဲ ညီမတွေ၊ အစ်မတွေလို့ခေါ်ပါ။ ပြောတော့ပြော ဟုတ်လား။

ဒါပေမယ့် စိတ်ထဲမှာတော့ မရောစေနဲ့။ တကယ်တန်းရှိတာက ရုပ်နဲ့ နာမ်။

ယောဂီအပေါင်း သူတော်ကောင်းတို့ ဘာရှိလဲ-?

"ရုပ်နဲ့ နာမ်ပါ ဘုရား"

အမေ ဆိုတာရှိရဲ့လား-?

"မရှိပါဘူး ဘုရား"

မရှိပေမယ့် အမေကိုအမေလို့ခေါ်ပဲ ခေါ်ပါ။

အိမ်မှာရှိတဲ့ အဖေကို အဖေလို့မခေါ်ပဲ သားလို့သွားခေါ်ရင် လက်သီးနဲ့တွေ့မှာပေါ့။

ဒီကလဲ ယောဂီတွေ တရားအားထုတ်ပြီးတော့ ဘုန်းကြီးက သင်ပေးတယ်။ အမေ၊ အမေမရှိပါဘူး။ ဒကာမလေး တစ်ယောက်က အိမ်ပြန်ရောက်သွား။ အမေကို သမီးလို့ တန်းခေါ် အဆင်ပြေလား။

"မပြေပါဘူး ဘုရား"

ပါးရိုက်ခံရမှာနော်။ ဒါကြောင့်မို့လို့ ဆရာတော်ကြီးက လျှော့ပစ်မှာစိုးလို့ စကားလုံးလေး-

ပြောတော့ပြော ဘာဖြစ်လဲ မရောစေနဲ့ တဲ့။ အမေလို့ပြောပါ။ အဖေလို့ပြောပါ။ ငါ ငါ့ကျောင်းပါလို့ပြောပါ။ ငါ့ကန်ပါလို့ပြောပါ။ ဒါပေမယ့် ယောဂီအပေါင်း သူတော်ကောင်းတို့ တကယ်ရှိတာက ရုပ်နဲ့ နာမ်၊ ဘာနဲ့ ဘာပဲလဲ?

"ရုပ်နဲ့ နာမ်ပါ ဘုရား"

နောက်တစ်ခါကျတော့ ပညတ်တစ်မျိုးကိုပြောရင် ဝိဇ္ဇာမာနပညတ်။ ဘာပညတ်လဲ?

"ဝိဇ္ဇမာနပညတ်ပါ ဘုရား"

ဝိဇ္ဇမာနပညတ်ကျတော့ မရှိတာကို အရှိလုပ်ပြီး ခေါ်ဝေါ်ထားတာသည် အဝိဇ္ဇမာန ပညတ်။

ဝိဇ္ဇမာနပညတ်ကျတော့ အရှိတရား၌ အများနားလည်လွယ်အောင် ခေါ်ထားခြင်းသည် ဝိဇ္ဇမာနပညတ်။

ဒီ ပညတ်ကျတော့ ရှိတယ်။ ရှိတဲ့ ပညတ်ဆိုတဲ့ ဒီတရားကို အများနားလည်လွယ်အောင် ခေါ်ဝေါ်ထားတာကျတော့ ဘာဖြစ်လဲ?

**ဝိဇ္ဇမာန ပညတ်တဲ့။**

ယောဂီတို့ ဘာပညတ်လဲ-?

"ဝိဇ္ဇမာန ပညတ်ပါ ဘုရား"

## သဘောခန္ဓာကို ကြည့်တတ်ပါစေ

အဲဒီတော့ ယောဂီအပေါင်း သူတော်ကောင်းတို့ ခန္ဓာဘယ်နှစ်ပါးရှိလဲ?

"ငါးပါးပါ ဘုရား"

အဲဒီ ငါးပါးဆိုတဲ့ အဘိဓမ္မာနည်း၊ ခန္ဓာနည်းကို ရေတွက်ကြည့်ရအောင်။

**ရူပက္ခန္ဓာ၊ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ။**

ယောဂီအပေါင်း သူတော်ကောင်းတို့ ခန္ဓာဘယ်နှစ်ပါးလဲ-?

"ငါးပါးပါ ဘုရား"

ဟာ- ပြန်ပြီးတော့ဆိုကြည့်ပါဦး။ ယောဂီတို့ လင်္ကာလေးနဲ့-

**ဖောက်ပြန်၊ ခံစား၊ မှတ်သား၊ ပြုပြင်၊ သိဝိညာဏ် ငါးအင်ခန္ဓာမှတ်။**

ယောဂီတို့ ခန္ဓာဘယ်နှစ်ပါးလဲ?

"ငါးပါးပါ ဘုရား"

ခန္ဓာငါးပါး။ ယောဂီအပေါင်း သူတော်ကောင်းတို့ ဦးဇင်းတို့တတွေ ယောဂီတို့ ပိုင်ဆိုင်ထားတဲ့ အဲဒီ ခန္ဓာငါးပါး။ ခန္ဓာငါးပါးထဲမှာ နံပါတ်(၁)က ဘာခန္ဓာလဲ?

"ရူပက္ခာခန္ဓာပါ ဘုရား"

ယောဂီအပေါင်း သူတော်ကောင်းတို့ ခန္ဓာငါးပါးကို ပြန်ပြီးတော့ဆိုစမ်းပါဦး။

**ရူပက္ခန္ဓာ၊ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ။**

လင်္ကာလေးဆိုကြည့်-

**ဖောက်ပြန်၊ ခံစား၊ မှတ်သား၊ ပြုပြင်၊ သိဝိညာဏ် ငါးအင်ခန္ဓာမှတ်။**

ဒါ အတိုချုပ်နော်။

ရူပက္ခန္ဓာ၊ အရှင်ဘုရား ဘာသဘောရှိလဲ?

ဖောက်ပြန်တဲ့သဘော။

ဝေဒနက္ခန္ဓာ ဘာသဘောရှိလဲ?

ခံစားတဲ့ သဘော။

သညာက္ခန္ဓာ ဘာသဘောရှိလဲ?

မှတ်သားတတ်တဲ့ သဘော။

သင်္ခါရက္ခန္ဓာ ဘာသဘောရှိလဲ?

ပြုပြင်တတ်တဲ့ သဘော။

ဝိညာဏက္ခန္ဓာက ဘာသဘောရှိလဲ?

သိတတ်တဲ့သဘော။

အဲဒီတော့ ဝိဇ္ဇာမာနပညတ်ဆိုတာ အရှိတရားကို အများနားလည်လွယ်အောင် ခေါ်ဝေါ်ထားတာ။ ဦးဇင်းတို့မှာ အဲဒီ ခန္ဓာငါးပါးကော မရှိဘူးလား။

"ရှိပါတယ် ဘုရား"

ခန္ဓာငါးပါးထဲမှာ နံပါတ်(၁)ခန္ဓာက ရူပက္ခန္ဓာ။

ဘာခန္ဓာလဲ?

"ရူပက္ခန္ဓာပါ ဘုရား"

ရူပက္ခန္ဓာရဲ့ သဘောကိုပြောပါဘုရား ဆိုတဲ့အခါကျတော့ ဖောက်ပြန်တဲ့သဘော။ ဘာသဘောလဲ?

"ဖောက်ပြန်တဲ့သဘောပါ ဘုရား"

ယောဂီတို့ ဖောက်ပြန်တဲ့သဘော။ ယောဂီတို့ သန္တာန်မှာ ရှိ၊ မရှိ။

"ရှိပါတယ် ဘုရား"

ဟာ- အရှင်ဘုရား ဖောက်ပြန်တယ်ဆိုတာ ဘာတုန်း။ ဖောက်ပြန်တာလဲ အများကြီးနော်။ သူတော်ကောင်းတို့ ဖောက်ပြန်တယ်၊ ဖောက်ပြန်တယ် လောကမှာ မပြောကြဘူးလား။

"ပြောပါတယ် ဘုရား"

သူငယ်ချင်းချင်း တစ်ယောက်နဲ့တစ်ယောက်။ အိမ်ထောင်ရှင်တွေ တစ်ယောက်နဲ့တစ်ယောက် ဖောက်ပြန်တယ်။ အဲဒါလဲ ဖောက်ပြန်တာပဲ။

ဒါပေမယ့် ရူပက္ခန္ဓာရဲ့ ဖောက်ပြန်ခြင်းသဘောက အဲဒီလိုမဟုတ်ဘူး။ ဒါဆိုရင် ရူပက္ခန္ဓာရဲ့ ဖောက်ပြန်တဲ့သဘောက ဘာတုန်းဘုရား။ ဖောက်ပြန်တာဟာ ဘာတုန်းဘုရားဆိုရင် အားလုံးယောဂီတွေ သေသေချာချာမှတ်။

## ပင်ကိုသဘောမှ ရွေ့သွားတာ

ယောဂီအပေါင်း သူတော်ကောင်းတို့ ဘာတဲ့လဲ။

"ပင်ကိုသဘောမှ ရွေ့သွားတာပါ ဘုရား"

ပင်ကိုသဘောကနေ ရွေ့သွားခြင်းသည် ဖောက်ပြန်တာ။

ယောဂီအပေါင်း သူတော်ကောင်းတို့ တရားတွေ အားထုတ်ပါတယ်။ အားမထုတ်ဘူးလား။

"အားထုတ်ပါတယ် ဘုရား"

စပြီးတော့ ယောဂီတို့ တရားတွေအားထုတ်တဲ့အခါကျတော့ ဝေဒနာလေးနဲ့ကြည့်လို့ စထိုင်ခဲ့အခါ ထိုင်လို့အဆင်မပြေဘူးလား။

"ပြေပါတယ် ဘုရား"

ဩော်- ထိုင်လို့ အဆင်ပြေတယ်ဆိုတော့ ယောဂီအပေါင်း သူတော်ကောင်းတို့ အဲဒါ သုခဝေဒနာလေး ဖြစ်နေတာ။

ဩော်- ယောဂီအပေါင်း သူတော်ကောင်းတို့ မိနစ်(၄၀)၊ (၅၀)လောက်လဲ ကျရော ဒီခန္ဓာကိုယ်ကြီးက ဝေဒနာတွေပြလာပြီ။

တော်ကြာ ကိုက်လာတယ်။ ခဲလာတယ်။ ယားယံမှုလေးတွေ အို- ဒီအတိုင်းနေတော့ ပရွက်ဆိတ်ကောင်လေးတွေ၊ ယားယံတတ်တဲ့ အကောင်လေးတွေက မတက်ဘူး။ အခုတရားထိုင် ငြိမ်ငြိမ်နေမှ သူကတက်လာတယ်။ အဲဒါ ဒုက္ခလား၊ သုခလား။

"ဒုက္ခပါ ဘုရား"

ယောဂီအပေါင်း သူတော်ကောင်းတို့ မူလ ယောဂီတို့ထိုင်နေကြတာက သုခဝေဒနာလေးနဲ့ ထိုင်နေတာ။ ဒါပေမယ့် နာရီလေး နည်းနည်းခြားလာတာနဲ့အမျှ သုခဝေဒနာကနေ ဒုက္ခဝေဒနာ မပြောင်းသွားဘူးလား။

"ပြောင်းသွားပါတယ် ဘုရား"

ပင်ကိုနေတာက သုခဝေဒနာတဲ့။ ပင်ကိုသဘောကနေ ဒုက္ခဝေဒနာဆိုတဲ့ သဘောလေးကို ပြောင်းသွားခြင်းဟာ ဖောက်ပြန်တာ။

ယောဂီ မယ်တော်ကြီးတွေ၊ ဒကာကြီးတွေဆို ပိုသိသာတယ်။

အသက်အရွယ်တွေ ကြီးလာတယ်ဆိုရင် အခုကောင်းပေမယ့် တော်ကြာ ကောင်းချင်မှကောင်းမှာ။ မဖောက်ပြန် ဘူးလား။

"ဖောက်ပြန်ပါတယ် ဘုရား"

အဲဒီ ဖောက်ပြန်တဲ့ သဘောတရားကို ယောဂီတို့သန္တာန်မှာ ရှိမရှိ။

"ရှိပါတယ် ဘုရား"

ရှိတယ်။ တကယ်ရှိတဲ့ တရားကို အများနားလည်လွယ်အောင် ဆိုပြီးတော့ ရူပက္ခန္ဓာလို့ခေါ်ထားတာ။ ဘာခန္ဓာလို့ခေါ်တာလဲ?

"ရူပက္ခန္ဓာပါ ဘုရား"

နောက်တစ်ခါကျတော့ ရူပက္ခန္ဓာ ပြီးတဲ့အခါကျတော့ ယောဂီအပေါင်း သူတော်ကောင်းတို့ ဝေဒနက္ခန္ဓာ။ ဘာခန္ဓာလဲ?

"ဝေဒနက္ခန္ဓာပါ ဘုရား"

ရူပက္ခန္ဓာကိုရှုဖို့ ပြောဦးမယ်။ ယောဂီအပေါင်း သူတော်ကောင်းတို့-

ရူပက္ခန္ဓာရဲ့ သဘောဟာ ဖောက်ပြန်တတ်တဲ့သဘောနော်။ ဖောက်ပြန်တဲ့ သဘောဆိုတော့ ယောဂီတို့သန္တာန်မှာ ဖောက်ပြန်တဲ့သဘောတော့ မရှိဘူးလား။

"ရှိပါတယ် ဘုရား"

အဲဒီ သဘောလေးကို ယောဂီအပေါင်း သူတော်ကောင်းတို့ ရှိရင်ပြပါလား ဆိုတော့ ရလား?

"မရပါဘူး ဘုရား"

အဝါလေးလားပြောရင် ရလား?

"မရပါဘူး ဘုရား"

အစိမ်းလေးလားပြောရင် ရလား?

"မရပါဘူး ဘုရား"

ဩော်- အဝါလေးပဲ၊ အစိမ်းလေးပဲလို့ ပြလို့လဲ မရဘူး။ ပြလို့ မရဘူးဆိုတာ အခြားလား၊ သဘောမို့လို့လား။

"သဘောမို့လို့ပါ ဘုရား"

အေး... ရှုရမှာက အဲဒီသဘော။ သဘောကိုပဲ ပရမတ်လို့ခေါ်တာ။ ယောဂီတို့ ရှင်းပြီလား။

"ရှင်းပါပြီ ဘုရား"

ယောဂီတို့ ဝရားအားထုတ်ရာမှာက ဒီ ခန္ဓာကိုယ်အကောင်ကြီး၊ အခဲကြီးကို ဦးဇင်းတို့ ပြောထားတယ် လေ။ တရားအားထုတ်ရင် အခြားကြည့်ရမှာလား။ ခန္ဓာကြည့်ရမှာလား။

"ခန္ဓာကြည့်ရမှာပါ ဘုရား"

ခန္ဓာကြည့်ရမှာက အခြားကြည့်ရမှာလား။ ခန္ဓာကြည့်ရမှာလား။

"ခန္ဓာကြည့်ရမှာပါ ဘုရား"

ခန္ဓာကြည့်ရမှာက သူများခန္ဓာကြည့်ရမှာလား။ ကိုယ့်ခန္ဓာကြည့်ရမှာလား။

"ကိုယ့်ခန္ဓာကြည့်ရမှာပါ ဘုရား"

ကိုယ့်ခန္ဓာကြီးကိုကြည့်တဲ့အခါကျတော့ ယောဂီအပေါင်း သူတော်ကောင်းတို့ ကိုယ့်ခန္ဓာကြီးကြည့်တယ်။

ကြည့်တဲ့အခါကျတော့ ဒီခန္ဓာကိုယ် အကောင်ပုတ်ကြီးကို ဒီအတိုင်းထိုင်ပြီး တော့ ကြည့်ရမှာလား။

"... ... ..."

ဒီလိုလဲ မဟုတ်ဘူး။

ခန္ဓာရဲ့ ဖောက်ပြန်တဲ့သဘောကို စောင့်ကြည့်တာ။ ဘာရဲ့သဘောကို စောင့် ကြည့်လဲ?

"ဖောက်ပြန်တဲ့သဘောကိုပါ ဘုရား"

ဖောက်ပြန်တဲ့သဘောဆိုတာ အခြားလား၊ ပရမတ်လား။

"ပရမတ်ပါ ဘုရား"

အဲ- ပရမတ်ဆိုတာ အခြားလား၊ သဘောလား?

"သဘောပါ ဘုရား"

သဘောပဲ။ အဲဒီတော့ ရူပက္ခန္ဓာပြီးတော့ ဝေဒနာက္ခန္ဓာ။ ဝေဒနာဆိုတာ ယောဂီတို့ ခံစားတာ။ ခံစားခြင်း ဝေဒနာက သုခဝေဒနာ။ ကောင်းတာလေး ခံစား တယ်။

ကောင်းတာလေး ခံစားတတ်တဲ့သဘော။ ယောဂီတို့ရဲ့သန္တာန်မှာ မကောင်းတာလေး ခံစားတတ်တဲ့သဘော ယောဂီတို့ရဲ့သန္တာန်မှာ မရှိဘူးလား။

"ရှိပါတယ် ဘုရား"

ရှိတယ်။ အဲဒီ ခံစားတတ်တဲ့ သဘောလေးရှိရင် ပြစ်မ်းပါဆိုလို့ကော ရလား?

"မရပါဘူး ဘုရား"

တခြားကြောင့်လား၊ သဘောမို့လို့လား။

"သဘောမို့လို့ပါ ဘုရား"

အဲဒီ သဘောကို တခြားခေါ်တာလား။ ပရမတ်လို့ခေါ်တာလား။

"ပရမတ်လို့ခေါ်တာပါ ဘုရား"

ယောဂီတို့ တရားအားထုတ်ရင် ခန္ဓာကြီးကြည့်ရမှာမဟုတ်ဘူး။ အဲဒီ သဘောလေးကို စောင့်ကြည့်ရမှာ။ ရှင်းရဲ့လား။

"ရှင်းပါတယ် ဘုရား"

ခန္ဓာကိုယ်ကြီး စောင့်ပြီးတော့ကြည့်ရုံကတော့ ယောဂီအပေါင်း သူတော်ကောင်းတို့ သေသာသေသွားမယ်။ ဒီ နိဗ္ဗာန်ကို ရပ့်မလား။

"မရပါဘူး ဘုရား"

ဟော- နံပါတ် (၃)က သညာက္ခန္ဓာ။

နံပါတ် (၃)က ဘာတဲ့လဲ?

"သညာက္ခန္ဓာပါ ဘုရား"

သညာက္ခန္ဓာဆိုတာ ယောဂီအပေါင်း သူတော်ကောင်းတို့ ဘာကိုပြောတာလဲ ဆိုတော့ မှတ်သားတတ်တဲ့သဘော။

သညာက္ခန္ဓာဆိုတာ ဘာသဘောလဲ?

"မှတ်သားတတ်တဲ့သဘောပါ ဘုရား"

မှတ်သားတတ်တဲ့သဘောဟာ ယောဂီတို့ သန္တာန်မှာ ရှိ၊ မရှိ။

"ရှိပါတယ် ဘုရား"

ရှိတာပေါ့။ ဒါ ကလေး၊ ဒါ လူကြီး။

ဒါကတော့ အင်္ဂလိပ်စာပဲ။ ဒါ မြန်မာစာပဲလို့ ယောဂီတို့ မမှတ်တတ်ဘူးလား။

"မှတ်တတ်ပါတယ် ဘုရား"

ယောဂီအပေါင်း သူတော်ကောင်းတို့ စံရိပ်ငြိမ်ကျောင်း စံရိပ်ငြိမ်ကျောင်း ဆိုတာ ယောဂီတို့ ဘယ်တုန်းက စပြီးတော့ သိခဲ့ဟာလဲ?

ကြာပြီ။

တချို့ကလဲပဲနော်။ လနဲ့ချီကြာပြီးတော့ ခုအထိကော ယောဂီတို့ မမှတ်မိဘူးလား။

"မှတ်မိပါတယ် ဘုရား"

အဲဒီလို မှတ်မိအောင် ယောဂီအပေါင်း သူတော်ကောင်းတို့ဟာ ဘုတ်အုပ်တွေနဲ့ မှတ်ထားတာလား။ သညာက္ခန္ဓာနဲ့ မှတ်ထားတာလား။

"သညာက္ခန္ဓာနဲ့ မှတ်ထားတာပါ ဘုရား"

ဩော်- မှတ်သားတတ်တဲ့ သညာက္ခန္ဓာမှာ ယောဂီတို့ သန္တာန်မှာ ရှိ၊ မရှိ။

"ရှိပါတယ် ဘုရား"

ရှိရင်ပြပါလား ဆိုကော့ ရလား။

"မရပါဘူး ဘုရား"

ဟာ- အကောင်အထည်လေးလား ဆိုတော့လဲ မဟုတ်ဘူး။

အစိမ်းလေးလား ဆိုတော့လဲ-

"မဟုတ်ပါဘူး ဘုရား"

အပြာကလေး ဆိုတော့လဲ

"မဟုတ်ပါဘူး ဘုရား"

အနီလေးလား ဆိုတော့လဲ...

"မဟုတ်ပါဘူး ဘုရား"

တခြားလား။ ပရမတ်မို့လို့လား?

"ပရမတ်မို့လို့ပါ ဘုရား"

ပြလို့မရဘူး။ အဲဒီ ပြလို့မရတဲ့ ပရမတ်သဘောလေးကို ယောဂီအပေါင်း သူတော်ကောင်းတို့က တခြားရှု ရမှာလား။ ဝိပဿနာရှုရမှာလား။

"ဝိပဿနာရှုရမှာပါ ဘုရား"

ဒါပဲ အကောင်အထည်ဖော်ကြီးကို ယောဂီအပေါင်း သူတော်ကောင်းတို့က ရှုရမှာ။

ဒါကြောင့်မို့လို့ ဦးဇင်းတို့ ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီးက ဒီမှာ ဘာစကားပြောသွားသ လဲ ဆိုတော့

မင်းတို့ဟာ့- ခန္ဓာကြီးကိုကြည့်၊ ခန္ဓာကြီးကိုကြည့်၊ သူများခန္ဓာ မကြည့်နဲ့။ ကိုယ့်ခန္ဓာကြည့်ဆိုတဲ့ နေရာမှာလဲ ခွေးဟောင်တဲ့ ခန္ဓာကိုယ်မကြည့်နဲ့တဲ့။ ဘာဟောင်တဲ့ ခန္ဓာကိုယ်။

"ခွေးဟောင်တဲ့ ခန္ဓာကိုယ်ပါ ဘုရား"

ယောဂီအပေါင်း သူတော်ကောင်းတို့ အခု ရပ်ကွက်ထဲသွားတယ်နော် ကိုယ့်ကို မသိတဲ့ခွေးက မဟောင်ဘူးလား။

"ဟောင်ပါတယ် ဘုရား"

အဲဒီ ခွေးဟောင်တဲ့ခန္ဓာကို မရှုနဲ့ဆိုတော့ ခွေးမဟောင်တဲ့ ခန္ဓာကိုရှု။

ခွေးမဟောင်တဲ့ ခန္ဓာဆိုတော့ တခြားလား၊ သဘောလား။

"သဘောပါ ဘုရား"

ယောဂီတို့ သန္တာန်မှာ ရူပက္ခန္ဓာဆိုတဲ့ ဖောက်ပြန်တဲ့သဘောမရှိဘူးလား။

"ရှိပါတယ် ဘုရား"

အဲဒီ ဖောက်ပြန်တဲ့ သဘောလေးကို ခွေးက မြင်ရရဲ့လား။

"မမြင်ရပါဘူး ဘုရား"

ဩော်- အဲဒီ မမြင်ရတဲ့ခန္ဓာကိုရှု၊ ယောဂီတို့ ရှင်းပြီလား။

"ရှင်းပါပြီ ဘုရား"

အဲ- နောက်ဆုံး ဦးဇင်းတို့ပြောချင်တာက သင်္ခါရက္ခန္ဓာ။ ဘာခန္ဓာလဲ?

"သင်္ခါရက္ခန္ဓာပါ ဘုရား"

သင်္ခါရက္ခန္ဓာရဲ့ သဘောကို ပြောပြပါဆိုရင် ပြုပြင်တတ်တဲ့ သဘော။ ဘာသဘောလဲ?

"ပြုပြင်တတ်တဲ့သဘောပါ ဘုရား"

ယောဂီတို့ရဲ့ ခန္ဓာကိုယ်၊ ဦးဇင်းတို့ရဲ့ ခန္ဓာကိုယ်မှာ ပြုပြင်တတ်တဲ့သဘောလေး မရှိဘူးလား။

"ရှိပါတယ် ဘုရား"

ပြုပြင်တတ်တဲ့ သဘောလေးရှိလို့ပဲ ယောဂီအပေါင်း သူတော်ကောင်းတို့ ဦးဇင်းတို့မှာလေ ပျိုရာကနေ ဘာဖြစ်လာလဲ။?

"အိုလာပါတယ် ဘုရား"

အိုရာကနေ ဘာဖြစ်လာလဲ?

"နာလာပါတယ် ဘုရား"

နာရာကနေ ဘာဖြစ်လာလဲ?

"သေမှာပါ ဘုရား"

အဲဒါ ခန္ဓာရဲ့ပြုပြင်တဲ့သဘောရှိလို့။ ယောဂီတို့ ဒီတရားရှုမှတ်တဲ့အခါမှာ တခြားရှုရမှာလား၊ အဲဒီ သဘောပရမတ်ကို ရှုရမှာလား?

"သဘောပရမတ်ကို ရှုရမှာပါ ဘုရား"

နံပါတ် (၅)ကျတော့ ဝိညာဏက္ခန္ဓာ။

ယောဂီတို့ ဘာခန္ဓာလဲ?

"ဝိညာဏက္ခန္ဓာပါ ဘုရား"

ဝိညာဏက္ခန္ဓာဆိုတာ ဘာသဘောရှိလဲဆိုတော့ သိတဲ့သဘော ရှိတယ်။ ဝိညာဏက္ခန္ဓာဆိုတာ ဘာသဘောရှိလဲ?

"သိတဲ့သဘောပါ ဘုရား"

ယောဂီတို့ သိတဲ့သဘောကို ယောဂီတို့ သန္တာန်မှာ ရှိ၊ မရှိ။

"ရှိပါတယ် ဘုရား"

ရှိတာပေါ့။ ဖြူလို့ သိတယ်။ ညိုလို့ သိတယ်။

အမေလို့ သိတယ်။ အဖေလို့ သိတယ်။ ဆရာသမားလို့ သိတယ်။ သိတဲ့ သဘောလေး မရှိဘူးလား။

"ရှိပါတယ် ဘုရား"

အဲဒီ သိတဲ့သဘောလေးကို ယောဂီအပေါင်း သူတော်ကောင်းတို့ အဝါလေးလား၊ အနီလေးလား။ အစိမ်းလေးလား၊ အပြာလေးလားလို့ ပြလို့ရလား။

"မရပါဘူး ဘုရား"

တခြားကြောင့်လား၊ သဘောမို့လို့လား။

"သဘောမို့လို့ပါ ဘုရား"

သဘောဆိုတာ တခြားလား၊ ပရမတ်လား။

"ပရမတ်ပါ ဘုရား"

ယောဂီအပေါင်း သူတော်ကောင်းတို့ တရားရှုတဲ့နေရာမှာ ပညတ်ရှုရမှာလား။ ပရမတ်ရှုရမှာလား။

"ပရမတ်ရှုရမှာပါ ဘုရား"

ဩ- ပညတ်သာရှုလို့ရှိရင် တစ်သက်လုံး ထိုင်ပြီးတော့ရှု၊ ကုသိုလ်တော့ ရမယ်။ ဘာမရဘူးလဲ။

"နိဗ္ဗာန်တော့မရပါဘူး ဘုရား"

နိဗ္ဗာန်တော့မရဘူး။ သူတော်ကောင်းတို့က ကုသိုလ်လဲ ရချင်တယ်၊ နိဗ္ဗာန်လဲ ရချင်တယ်ဆိုရင် ပရမတ်ကို ရှုရမယ်ဆိုတာ မသေချာဘူးလား။

"သေချာပါတယ် ဘုရား"

ဒါကြောင့်မို့လို့ ပညတ်၊ ပရမတ်ကို နားလည်ပြီလား။

"နားလည်ပါပြီ ဘုရား"

ပညတ်ဆိုတာ အခေါ်အဝေါ်ပါ။ ပညတ်ကို ရှုမယ်ဆိုလို့ရှိရင် ယောဂီ အပေါင်း သူတော်ကောင်းတို့တတွေ သမထဖြစ်ပြီးတော့ နိဗ္ဗာန်ကို ဘယ်တော့မှ မရောက်နိုင်ဘူး။ ပရမတ်ကို ရှုမှသာလျှင် ကုသိုလ်လဲရပြီ။ ဘာလဲရပြီလဲ။

"နိဗ္ဗာန်လဲရပါမယ် ဘုရား"

## ဝိပဿနာဖြင့် နေတတ်ပါစေ

အေး- ဒါကြောင့်မို့လို့ ယောဂီအပေါင်း သူတော်ကောင်းတို့ ဒါဆိုရင် ပညတ်နဲ့ ပရမတ်ကို တရားအားထုတ်တဲ့နေရာမှာ ဘာကိုရှုမလဲ။ ပရမတ်ကိုရှု။ ယောဂီတို့ ဘာကိုရှုမလဲ။

"ပရမတ်ကိုပါ ဘုရား"

ပရမတ်ဆိုတာလဲ တခြားလား၊ သဘောတရားလား။

"သဘောတရားပါ ဘုရား"

သဘောတရားပဲ။ ယောဂီအပေါင်း သူတော်ကောင်းတို့ ဟို စိတ္တာနုပဿနာ မှာ လောဘစိတ်၊ ဒေါသစိတ်၊ မောဟစိတ်မရှိဘူးလား။

"ရှိပါတယ် ဘုရား"

တချို့က လောဘစိတ်ကို ရှုကွ။

ဒေါသစိတ်ကို ရှုကွ။ မပြောဘူးလား။

"ပြောပါတယ် ဘုရား"

အဲဒါ ပညတ်ချည်း ရှုခိုင်းတာလေ။

တကယ်တော့ ပညတ်ရှုရမှာလား။ ပရမတ်ရှုရမှာလား။

"ပရမတ်ရှုရမှာပါ ဘုရား"

ဒါဆိုရင် လောဘရဲ့ သဘောလေးက လိုချင်တဲ့သဘော။ အဲဒီ လိုချင်တဲ့ သဘောလေးကို ရှုရမှာ။ အဲဒါမှ ဝိပဿနာ စစ်တယ်။

ဒါဆိုလို့ရှိရင် ယောဂီအပေါင်း သူတော်ကောင်းတို့ ပညတ် ရယ်၊ ပရမတ်ရယ် ဆိုတာ ဒါလေးကွဲသွားပါပြီ။

ပညတ်ဆိုတာ အခေါ်အဝေါ်ပါ။ ပရမတ်ဆိုတာ သဘောပါ။

ဖောက်ပြန်တဲ့ သဘော။ ခံစားတဲ့ သဘော။ မှတ်သားတဲ့ သဘော။ ပြုပြင်တဲ့ သဘော။ သိတဲ့သဘော။ အဲဒီသဘောလေးတွေ မရှိဘူးလား။

"ရှိပါတယ် ဘုရား"

အဲဒီ သဘောလေးကို တရားရှုရမယ်ဆိုတာ ယောဂီတို့ မသေချာဘူးလား။

"သေချာပါတယ် ဘုရား"

အဲဒါလေးကို ယောဂီအပေါင်း သူတော်ကောင်းတို့ ပညတ်၊ ပရမတ် ကလေးကို ဒီလိုခွဲကြ။

ယောဂီအပေါင်း သူတော်ကောင်းတို့ လိုက်ဆို-

**ခြေ,လက်,ခေါင်း,ခါး၊ စသည်များ၊ မှတ်သားပညတ်ပါ။**

**ပညတ်မှိုငြား၊ မူရာများ၊ မှတ်သားပရမတ်ပါ။**

**သမာဓိမပါ၊ ခန္ဓာရှာ၊ တွေ့မှာပညတ်ပဲ။**

**သမာဓိရကာ၊ ခန္ဓာရှာ၊ တွေ့မှာပရမတ်ပဲ။**

**ပညတ်ကျော်ဖြတ်၊ ပရမတ်၊ ထပ်ထပ်တွေ့အောင်ရှာ။**

တခြားတွေ့ရမှာလား၊ ပရမတ်ကို တွေ့အောင်ရှာရမှာလား။

"ပရမတ်ကိုပါ ဘုရား"

ယောဂီအပေါင်း သူတော်ကောင်းတို့ ခု တရားဝင်၊ တရားအားထုတ်တယ် ဆိုတာ တခြားလိုချင်လို့လား၊ နိဗ္ဗာန်လား။

"နိဗ္ဗာန်ပါ ဘုရား"

ယောဂီတို့ နိဗ္ဗာန်ကိုလိုချင်ရင် ယောဂီအပေါင်း သူတော်ကောင်းတို့ တခြား အားထုတ်ရမှာလား။ ဝိပဿနာ အားထုတ်ရမှာလား။

"ဝိပဿနာအားထုတ်ရမှာပါ ဘုရား"

ဝိပဿနာအားထုတ်တော့ ယောဂီတို့ တခြားကြည့်ရမှာလား၊ ခန္ဓာကြည့်ရ မှာလား။

"ခန္ဓာကြည့်ရမှာပါ ဘုရား"

ခန္ဓာက ဘယ်နှစ်ပါးရှိတုန်း။

"ငါးပါးရှိပါတယ် ဘုရား"

ခန္ဓာကြီး ကြည့်တဲ့အခါကျတော့လဲ ယောဂီတို့ သူများခန္ဓာကြည့်ရမှာလား၊ ကိုယ့်ခန္ဓာကြည့်မှာလား။

"ကိုယ့်ခန္ဓာကြည့်ရမှာပါ ဘုရား"

ဟော- ကိုယ့်ခန္ဓာကြည့်တဲ့အခါကျတော့လဲ ယောဂီတို့ရေ တစ်ဆင့်တိုးလိုက်မယ်။ ခွေးဟောင်တဲ့ခန္ဓာ ကြည့်မှာလား။ ခွေးမဟောင်တဲ့ ခန္ဓာကြည့်မှာလား။

"ခွေးမဟောင်တဲ့ခန္ဓာ ကြည့်ရမှာပါ ဘုရား"

အမယ်လေး- ခွေးဟောင်တဲ့ခန္ဓာကြီးများ သွားရှုရင် ဒီနိဗ္ဗာန်ကို ယောဂီတို့ ရပ့်မလား?

"မရပါဘူး ဘုရား"

ဒါကြောင့်မို့လို့ နိဗ္ဗာန်ကိုရချင်။ မျက်မှောက်ပြုချင်၊ ကုသိုလ်လဲ ရချင်ကြတဲ့ ယောဂီအပေါင်း သူတော်ကောင်းတို့ တခြားရှုရမှာလား။ ခန္ဓာရှုရမှာလား။

"ခန္ဓာရှုရမှာပါ ဘုရား"

ခန္ဓာရှုတော့ကော တခြားခန္ဓာရှုရမှာလား။ ကိုယ့်ခန္ဓာရှုရမှာလား။

"ကိုယ့်ခန္ဓာရှုရမှာပါ ဘုရား"

ခွေးဟောင်တဲ့ခန္ဓာရှုရမှာလား။ ခွေးမဟောင်တဲ့ ခန္ဓာရှုရမှာလား။

"ခွေးမဟောင်တဲ့ ခန္ဓာပါ ဘုရား"

အဲဒီလို ခွေးမဟောင်တဲ့ ခန္ဓာ။ သဘောလေးတွေနော်။

ဖောက်ပြန်တဲ့ သဘော၊ ခံစားတဲ့ သဘော၊ မှတ်သားတဲ့သဘော၊ ပြုပြင်တဲ့ သဘော၊ သိတဲ့သဘော။ သဘောလေးတွေကို။

ယောဂီတို့က အဲဒါလေးတွေကိုလေ တရစ်- တရစပ် လိုက်ပြီးတော့ ရှု၊ ရှုပါများ၊ ကြည့်ပါများလို့ရှိရင် ခန္ဓာတွေရဲ့ အပြစ်တွေကို မြင်လာလိမ့်မယ်။

ခန္ဓာကြီးရဲ့ သဘောတရားကတော့ ဆရာတော်ဘုရားကြီးက ဖြစ်ပြီးတော့ ဘာတဲ့လဲ?

"ပျက်ပါတယ် ဘုရား"

မွေးပြီးတော့ ဘာဖြစ်လဲ?

"သေပါတယ် ဘုရား"

အဲဒီတော့ ခန္ဓာကြီးဉာဏ်နဲ့ ကြည့်လိုက်တိုင်း ဖြစ်လိုက်၊ ပျက်လိုက်၊ မွေးလိုက်၊ သေလိုက်ဆိုတော့ ဒီခန္ဓာကြီးလိုချင်တဲ့ တဏှာ လာဦးမလား။

"မလာတော့ပါဘူး ဘုရား"

စွဲလမ်းတဲ့ ဥပါဒါန်တွေကော လာဦးမလား?

"မလာတော့ပါဘူး ဘုရား"

ပြုလုပ်တဲ့ကံတွေကော လာဦးမလား?

"မလာတော့ပါဘူး ဘုရား"

ယောဂီတို့ တဏှာ၊ ဥပါဒါန်၊ ကံ ဆိုတဲ့ ခန္ဓာဖြစ်ကြောင်းတွေမှ မလုပ်တော့ဘူး ဆိုရင် ခန္ဓာလို့ခေါ်တဲ့ ဇာတိအပင်လေးကော ရဦးမလား။

"မရတော့ပါဘူး ဘုရား"

ဇာတိမှ မရဘူးဆိုရင် ယောဂီအပေါင်း သူတော်ကောင်းတို့

အိုစရာလိုသေးလား?

"မလိုတော့ပါ ဘုရား"

နာစရာလိုသေးလား?

"မလိုတော့ပါဘူး ဘုရား"

သေစရာလိုသေးလား?

"မလိုတော့ပါဘူး ဘုရား"

ယောဂီတို့ အို, နာ, သေကင်းတာ တခြားလား၊ နိဗ္ဗာန်လား။

"နိဗ္ဗာန်ပါ ဘုရား"

ဒီနိဗ္ဗာန်ကို အလိုလိုက်ရတာလား၊ အို, နာ, သေ ကင်းလို့လား။

"အို, နာ, သေ ကင်းလို့ပါ ဘုရား"

အို, နာ, သေကလဲ အလိုလိုကင်းတာ မဟုတ်ဘူးတဲ့။ ယောဂီတို့ ဘဝ ဇာတိချုပ်လို့။ ဘာချုပ်လို့လဲ?

"ဘဝ ဇာတိချုပ်လို့ပါ ဘုရား"

ဇာတိမှချုပ်ရင် ဘဝမှချုပ်ရင် ဘဝဇာတိကင်းတာလဲ တခြားမဟုတ်ဘူး။ ယောဂီတို့ရဲ့ သန္တာန်မှာ သမုဒယဆိုတဲ့ မျိုးစေ့လေးတွေ ချုပ်သွားလို့။ ဘာမျိုးစေ့တွေ ချုပ်လို့လဲ?

"သမုဒယမျိုးစေ့တွေချုပ်လို့ပါ ဘုရား"

သမုဒယဆိုတဲ့ မျိုးစေ့ကလဲ ယောဂီအပေါင်း သူတော်ကောင်းတို့ အလိုလိုချုပ်မှာလား၊ ခန္ဓာကြီးဉာဏ်နဲ့ ကြည့်မှလား?

"ခန္ဓာကြီးဉာဏ်နဲ့ကြည့်မှပါ ဘုရား"

ခန္ဓာကြီးဉာဏ်နဲ့ ကြည့်တဲ့အခါ မဖြစ်မပျက်တဲ့ အချိန်ရှိလား။

"မရှိပါဘူး ဘုရား"

ဖြစ်လိုက်

"ပျက်လိုက်"

မွေးလိုက်

"သေလိုက်"

ဟာ- ဒါဆိုလို့ရှိရင် လိုချင်တဲ့ တဏှာလာမလား။

"မလာပါဘူး ဘုရား"

စွဲလမ်းတဲ့ ဥပါဒါန်လာမလား?

"မလာပါဘူး ဘုရား"

ပြုလုပ်တဲ့ ကံတွေလာမလား?

"မလာပါဘူး ဘုရား"

ဘဝဇာတိ ရဦးမလား?

"မရတော့ပါဘူး ဘုရား"

အိုစရာလိုသေးလား?

"မလိုတော့ပါဘူး ဘုရား"

နာစရာလိုသေးလား?

"မလိုတော့ပါဘူး ဘုရား"

သေစရာလိုသေးလား?

"မလိုတော့ပါဘူး ဘုရား"

အိုနာသေကင်းတာ တခြားလား၊ နိဗ္ဗာန်လား?

"နိဗ္ဗာန်ပါ ဘုရား"

အဲဒီ နိဗ္ဗာန်အလိုလိုကင်းတာလား၊ ဘဝဇာတိချုပ်လို့လား။

"ဘဝဇာတိချုပ်လို့ပါ ဘုရား"

ဘဝဇာတိကလဲ အလိုလိုချုပ်တာလား၊ သမုဒယတွေ ချုပ်သွားလို့လား။

"သမုဒယတွေချုပ်လို့ပါ ဘုရား"

ယောဂီအပေါင်း သူတော်ကောင်းတို့ရဲ့ သန္တာန်မှာရှိတဲ့ သမုဒယကလဲ သူ့အလိုလိုချုပ်မှာလား။ ခန္ဓာကြီးကို ဉာဏ်နဲ့ကြည့်မှလား။

"ခန္ဓာကြီးကိုဉာဏ်နဲ့ကြည့်မှပါ ဘုရား"

ခန္ဓာကြီးကို ဉာဏ်နဲ့ကြည့်တဲ့အခါမှာ မဖြစ်မပျက်တဲ့ အချိန်ကောရှိလို့လား။

ဖြစ်လိုက်၊

ပျက်လိုက်၊

မွေးလိုက်၊

သေလိုက်။

ဒါဆိုတော့ ဖြစ်ပျက်တဲ့ ဘာသစ္စာ-

"ဒုက္ခသစ္စာ"

ကြည့်- သိတဲ့ဉာဏ်က ဘာသစ္စာ?

"မဂ္ဂသစ္စာ"

သေတာက ဘာသစ္စာ?

"သမုဒယသစ္စာ"

နောင်ခန္ဓာမလာတာက ဘာသစ္စာ?

"နိရောဓသစ္စာ"

ယောဂီတို့ရေ သစ္စာ ဘယ်နှစ်ချက်ကိုက်?

"လေးချက်ကိုက်ပါတယ် ဘုရား"

ကဲ- သစ္စာလေးချက် တစ်ပြိုင်နက်ကိုက်သောကြောင့် ယောဂီအပေါင်း သူတော်ကောင်းတို့သည် မိမိတို့ ပွားများ အားထုတ်အပ်တဲ့ ဝိပဿနာဉာဏ်သည် မဂ်ဉာဏ်သို့ လျင်မြန်စွာ ကျေးဇူးပြု၍ နိဗ္ဗာန်သို့မျက်မှောက် ပြုနိုင်ပါစေသားလို့ ပတ္ထနာပြုရင်းနဲ့ အချိန်လဲစေ့လို့ ဒီနေ့ တော်ကြဦးစို့။

သာဓု- သာဓု- သာဓု။

ဥယျာဉ်မှူးစာစဉ်(၁)

မောင်ချစ်ညို(ပဲခူး)

# မရှိထိုက်တဲ့ တပည့်မိုက်

နှင့်

## ဓမ္မရသပုံဝတ္ထုများ



(ဒုတိယအကြိမ်)

# ပဋိစ္စသမုပ္ပါဒ်နှင့် ခေမာမိဖုရား တရားတော်

*(သာသနာနှစ် ၂၅၅၃-ခု၊ ကောဇာသက္ကရာဇ် ၁၃၇၁-ခု၊ ဝါခေါင်လဆန်း (၁၂)ရက်၊ ၂-၈-၂၀၀၉ (တနင်္ဂနွေနေ့) နေ့လယ်ပိုင်း၊ ရန်ကုန်မြို့၊ သယ်န်းကျွန်းမြို့နယ်၊ ရန်ကုန်သစ်ရပ်ကွက်၊ သုဝဏ္ဏမြို့ဦးဘုရားအနီး စံရိပ်ငြိမ်ကျောင်းတိုက်တော်အတွင်း မိုးကုတ်ဝိပဿနာ "သစ္စာဓမ္မသဘင်"၌ ဟောကြားသည်။)*

အားလုံးသော ယောဂီအပေါင်း သူတော်ကောင်းတို့ ....

သင့်တင့်သော ဣရိယာပုတ်မျှတသော အနေအထားအားဖြင့် ထိုင်ပြီးတော့ မြတ်ဗုဒ္ဓရဲ့ဓမ္မကို ကောင်းစွာပူဇော်နိုင်ကြပါပြီ။

ယောဂီတို့ ဘာဓမ္မသဘင်လဲ....

"သစ္စာ ဓမ္မသဘင်ပါ ဘုရား"

ဓမ္မသဘင် စတင်ပါပြီ။

ယနေ့ညနေပိုင်း ညတရားအဖြစ် ဦးပဥ္စင်းတို့ ဟောကြားမည့်တရားနာမည်က ***"ပဋိစ္စသမုပ္ပါဒ်နှင့် ခေမာမိဖုရား တရားတော်"***တဲ့။

ယောဂီတို့ ဘာတရားလဲ။

"ပဋိစ္စသမုပ္ပါဒ်နှင့် ခေမာမိဖုရား တရားတော်ပါ ဘုရား"

ဒီနေ့ နေ့လယ်ပိုင်း ပဋိစ္စသမုပ္ပါဒ်တဲ့ ယောဂီအပေါင်း သူတော်ကောင်းတို့ ဘာတဲ့လဲ?

"ပဋိစ္စသမုပ္ပါဒ်ပါ ဘုရား"

ပဋိစ္စသမုပ္ပါဒ်ဆိုတာ အခြားလား? အကြောင်းအကျိုးလား?

"အကြောင်းအကျိုးပါ ဘုရား"

အကြောင်းနဲ့ အကျိုး။ အခု တရားဝင်၊ တရားအားထုတ်တယ်ဆိုတာ တခြားလိုချင်လို့လား၊ နိဗ္ဗာန်လိုချင်လား?

"နိဗ္ဗာန်ပါ ဘုရား"

နိဗ္ဗာန်လိုချင်ရင် တခြားအားထုတ်ရမှာလား? ဝိပဿနာလား?

"ဝိပဿနာပါ ဘုရား"

ဩော်.... နိဗ္ဗာန်လိုချင်ရင် ဝိပဿနာအားထုတ်ရမယ်ဆိုတာ ယောဂီတွေမသေချာဘူးလား?

"သေချာပါတယ် ဘုရား"

ဝိပဿနာအားထုတ်တဲ့အခါကျတော့ရော ယောဂီတို့ တခြားကြည့်ရမှာလား၊ ခန္ဓာကြည့်ရမှာလား?

"ခန္ဓာကြည့်ရမှာပါ ဘုရား"

ခန္ဓာကြီး ဉာဏ်နဲ့ ကြည့်တဲ့အခါကျတော့ရော မဖြစ်မပျက်တဲ့အချိန်များရှိလား?

"မရှိပါဘူး ဘုရား"

ခန္ဓာကြီးကို ဉာဏ်နဲ့ကြည့်လို့ သတိလဲရှိနေမယ်။ ဝီရိယလည်းပြည့်စုံနေမယ် သမာဓိအားကလဲ ကောင်းနေမယ်ဆိုရင် ဒီခန္ဓာကြီးကို ဉာဏ်နဲ့ကြည့်လိုက်တိုင်း-ကြည့်လိုက်တိုင်း။

ဖြစ်လိုက်၊

ပျက်လိုက်၊

မွေးလိုက်၊

သေလိုက်။

ဩော်.... ဒါချည်းပဲ ဖြစ်နေတဲ့အခါကျတော့ ဒီခန္ဓာကိုလိုချင်တဲ့ တဏှာလာဦးမလား?

"မလာတော့ပါဘူး ဘုရား"

စွဲလမ်းတဲ့ ဥပါဒါန်ကော လာဦးမလား?

"မလာတော့ပါဘူး ဘုရား"

ပြုလုပ်တဲ့ကံတွေရော လာဦးမလား?

"မလာတော့ပါဘူး ဘုရား"

ယောဂီတို့ တဏှာ၊ ဥပါဒါန်၊ ကံမှမလာဘူးဆိုရင် ဘဝဆိုတဲ့ ဇာတိလေးတစ်ခု ရဦးမလား?

"မရတော့ပါဘူး ဘုရား"

ဩော်....ဘဝဆိုတဲ့ ဇာတိမရဘူးဆိုရင် ယောဂီတို့ အိုစရာလိုသေးလား?

"မလိုတော့ပါဘူး ဘုရား"

"နာစရာကောလိုသေးလား?

"မလိုတော့ပါဘူး ဘုရား"

အို့,နာ,သေ ကင်းတာ အခြားလား? နိဗ္ဗာန်လား?

"နိဗ္ဗာန်ပါ ဘုရား"

ဒီ.... နိဗ္ဗာန်ကို အလိုလိုရတာလား? အို့,နာ,သေ ကင်းလို့လား?

"အို့,နာ,သေကင်းလို့ပါ ဘုရား"

အို့, နာ, သေကလဲ အလိုလိုကင်းတာလား? ဘဝဇာတိချုပ်လို့လား?

"ဘဝဇာတိချုပ်လို့ပါ ဘုရား"

ဘဝဇာတိကလဲ အလိုလိုချုပ်တာလား? ခန္ဓာမှာ သမုဒယချုပ်မှလား?

"ခန္ဓာမှာ သမုဒယချုပ်မှပါ ဘုရား"

ဩော်.... သမုဒယကလဲ ယောဂီတို့ အလိုလိုချုပ်မှာလား? ခန္ဓာကြီးဉာဏ်နဲ့ ကြည့်မှလား?

"ခန္ဓာကြီးဉာဏ်နဲ့ ကြည့်မှပါ ဘုရား"

ခန္ဓာကြီးကို ဉာဏ်နဲ့ကြည့်တဲ့အလုပ်ဟာ တခြားလား? ဝိပဿနာ အလုပ် လား?

"ဝိပဿနာအလုပ်ပါ ဘုရား"

အေး.... ဝိပဿနာအလုပ်ကိုလုပ်မှ ခန္ဓာတို့ရဲ့ ဖြစ်ခြင်း၊ ပျက်ခြင်းဖြစ်တဲ့ နိဗ္ဗာန်ကိုရောက်မယ်။ ဖြစ်ခြင်း၊ ပျက်ခြင်းတို့ရဲ့ ဆုံးရာ ဒီနိဗ္ဗာန်ကို ရောက်မယ်ဆိုတာ မသေချာဘူးလား?

"သေချာပါတယ် ဘုရား"

အဲဒီတော့ နေ့လယ်ပိုင်းအနေနဲ့ ပဋိစ္စသမုပ္ပါဒ်တဲ့။ မနေ့က ပြောခဲ့ပြီးပြီနော်။ မနေ့ကတော့ ဦးဇင်းတို့ ပဋိစ္စသမုပ္ပါဒ်ရဲ့ အရသာကို ယောဂီတွေ မတွေ့ရသေးပါဘူး။ ပဋိစ္စသမုပ္ပါဒ်ရဲ့ အခြေခံကို မနေ့က ဦးဇင်းများတို့ ပြောခဲ့ပြီးပြီနော်။

အဲဒီတော့ ပဋိစ္စသမုပ္ပါဒ်ဆိုတော့ ပဋိစ္စက တစ်လုံး၊ သမုပ္ပါဒ်က တစ်လုံး။ စကားလေး ဘယ်နှစ်လုံးလဲ?

"နှစ်လုံးပါ ဘုရား"

အဲဒီတော့ ပဋိစ္စက အကြောင်းတဲ့၊ မြန်မာလိုတော့ ပဋိစ္စက ဘာတဲ့လဲ?

"အကြောင်းပါ ဘုရား"

သမုပ္ပါဒ်ဆိုတာက မြန်မာလို အကျိုးတဲ့၊ သမုပ္ပါဒ်က ဘာတဲ့လဲ?

"အကျိုးပါ ဘုရား"

အဲဒီ စကားလုံးလေးနှစ်လုံးကို မြန်မာပြန်လိုက်လို့ရှိရင် အကြောင်းနဲ့ အကျိုး။ ယောဂီအပေါင်း သူတော်ကောင်းတို့ ဘာနဲ့ ဘာနဲ့လဲ?

"အကြောင်းနဲ့ အကျိုးပါ ဘုရား"

အကြောင်းနဲ့ အကျိုး။ ဦးဇင်းတို့ ဗုဒ္ဓရဲ့ ဓမ္မသည် အကြောင်း အကျိုးဝါဒလို့ ဒီလိုပြောရင်ရတယ်။ ဘာဝါဒလို့ပြောမလဲ?

"အကြောင်းအကျိုးဝါဒပါ ဘုရား"

ဦးဇင်းတို့ ကမ္ဘာပေါ်မှာ ဘာသာကြီးတွေ လေးမျိုးရှိတယ်။ ထင်ရှားတဲ့ဘာသာတွေအနေနဲ့ ပြောလို့ရှိရင်တော့ ဗုဒ္ဓဘာသာရယ်၊ ခရစ်ယာန်ရယ်၊ ဟိန္ဒူရယ်၊ မူစလင်ရယ်။ ကမ္ဘာ့ဘာသာကြီး ဘယ်နှစ်မျိုးရှိလဲ ယောဂီတို့။

"လေးမျိုးပါ ဘုရား"

အဲဒီ လေးမျိုးထဲမှာ ခရစ်ယာန်ဘာသာဝင်ကို နည်းနည်းလေ့လာကြည့်ရင် ခရစ်ယာန်ဘာသာဝင်ဟာ ကမ္ဘာသူ ကမ္ဘာသား လောကသားအားလုံးကို သူက သက်ရှိသက်မဲ့ အရာအားလုံးကို ဖန်ဆင်းတယ်လို့ ထာဝရက ဒီလိုမပြောဘူးလား။

"ပြောပါတယ် ဘုရား"

ဒါဆိုရင် သူလဲဖန်ဆင်းရှင်ဝါဒနော်။ နောက်ပြီးတော့ ဦးဇင်းတို့ မူစလင်ဘာသာဝင်တွေ နည်းနည်းလေ့လာကြည့်တော့ ကမ္ဘာမှာရှိတဲ့ သက်ရှိသက်မဲ့အားလုံးကို အလ္လာရှင်မြတ်က ဖန်ဆင်းပြန်တယ်တဲ့။ သူလဲပဲ ဖန်ဆင်းရှင်ဝါဒ။ ယောဂီတို့ ပြော ဘာဝါဒလဲ?

"ဖန်ဆင်းရှင်ဝါဒပါ ဘုရား"

နောက် ဦးဇင်းတို့ ကမ္ဘာပေါ်မှာ သက်တမ်းအရှည်ဆုံးဖြစ်တဲ့ ဟိန္ဒူဘာသာ။

ဟိန္ဒူဘာသာကြီး လှမ်းကြည့်တဲ့အခါကျတော့လည်း ဟိန္ဒူဘာသာဝင်တွေကလဲ ကမ္ဘာသူ ကမ္ဘာသားရှိတဲ့ သက်ရှိသက်မဲ့ အားလုံးကို ဗြဟ္မာကြီးလေးမျိုးက ဖန်ဆင်းတယ်တဲ့။ ဘယ်သူက ဖန်ဆင်းလဲ?

"ဗြဟ္မာကြီး လေးဦးကပါ ဘုရား

အဲဒီတော့ ဦးဇင်းတို့ ဟိန္ဒူဘာသာကြီးကြည့်လိုက်တော့လဲ။ ဖန်ဆင်းရှင်ဝါဒ။

## အကြောင်းကောင်းရင် အကျိုးပေးကောင်းပါတယ်

ဗုဒ္ဓဝါဒ ဗုဒ္ဓရဲ့တရားကတော့ ပဋိစ္စသမုပ္ပါဒ်နဲ့ကြည့်ရင် ပဋိစ္စသည် အကြောင်း။ သမုပ္ပါဒ်သည် အကျိုး။ မြန်မာလိုပေါင်းလိုက်တဲ့အခါကျတော့ အကြောင်းနဲ့အကျိုး။ အဲဒီလို အကြောင်းနဲ့ အကျိုးနှစ်မျိုးရှိတဲ့ နေရာမှာ ဦးဇင်းတို့ ဗုဒ္ဓဘာသာဝင်အတော်များများ ဗုဒ္ဓရဲ့တရား။ ဗုဒ္ဓရဲ့ဓမ္မဟာ ရှင်းရှင်းလေးပါနော်။ ဘယ်လောက်တောင်ရှင်းလဲ ဆိုတော့ ဦးဇင်းတို့ ဗုဒ္ဓဘာသာဝင်တွေပဲဖြစ်ဖြစ်၊ တခြားဘာသာဝင်တွေပဲ ဖြစ်ဖြစ်၊ ကောင်းကျိုးရချင်သလား၊ ဆိုးကျိုးရချင်သလား?

"ကောင်းကျိုးရချင်ပါတယ် ဘုရား"

အားလုံးသော ဆွေတော်မျိုးတော်အပေါင်း ကောင်းကျိုးပဲရချင်တယ်ဆိုတာ မသေချာဘူးလား?

"သေချာပါတယ် ဘုရား"

အဲဒီတော့ ကောင်းကျိုးရချင်ရင် မြတ်စွာဘုရားက ကောင်းတာတွေကိုလုပ်။ ကောင်းကျိုးရချင်ရင် ဘာလုပ်မလဲ?

"ကောင်းတာတွေကို လုပ်ရမှာပါ ဘုရား"

**ကလျာဏကာရီ ကလျာဏံ၊ ပါပကာရီစ ပါပကံ။**

**ကလျာဏ ကာရီ**- ကောင်းတာတွေကိုပြုရင်၊ **ကလျာဏံ**- ကောင်းတဲ့အကျိုးတွေကို၊ **လဘန္တိ**- ရမယ်။

ဗုဒ္ဓရဲ့ဝါဒနော်။ ကောင်းတာတွေကိုပြုရင် ဘာအကျိုးရမလဲ?

"ကောင်းကျိုးရပါတယ် ဘုရား"

**ပါပ ကာရီစ ပါပကံ။**

**ပါပကာရီ**- မကောင်းတာတွေကို ပြုလုပ်တဲ့ပုဂ္ဂိုလ်ဟာ၊ **ပါပကံ**- မကောင်းတဲ့ အကျိုးတွေကို၊ **လဘန္တိ**- ရလိမ့်မယ်။

မကောင်းတာတွေကို ပြုလုပ်ရင် ဘာတွေရမလဲ?

"မကောင်းကျိုးရပါမယ် ဘုရား"

ယောဂီအပေါင်းသူတော်ကောင်းတို့ ပြန်စလိုက်တဲ့အခါကျတော့ ပဋိစ္စသမုပ္ပါဒ်ပါပဲ။ အကြောင်း အကျိုး။

ပဋိစ္စသမုပ္ပါဒ်ဆိုတဲ့ အကြောင်း အကျိုးဟာ တရားတော်မှာတွင် မဟုတ်၊ နေရာတိုင်း နေရာတိုင်း ရှိပါတယ်။ ယောဂီအပေါင်း သူတော်ကောင်းတို့ အိမ်မှာနေကြတဲ့ သားတွေ၊ သမီးတွေမရှိဘူးလား။

"ရှိပါတယ် ဘုရား"

သားတွေ၊ သမီးတွေ ကျောင်းနေကြတယ်။ စာမေးပွဲကို စာကြိုးစားထားတဲ့ သားတွေ၊ သမီးတွေဟာ အချိန်တန်အောင်စာရင်းထွက်တဲ့အခါကျတော့ မအောင်ဘူးလား။

"အောင်ပါတယ် ဘုရား"

စာကိုမကြိုးစားဘူး။ တစ်နှစ်ပတ်လုံး လည်ကာ၊ ပတ်ကာ စားကာ၊ သောက်ကာနဲ့ နေတဲ့ကျောင်းသား တစ်ယောက်ဟာ အချိန်တန်ကျတော့ စာမေးပွဲမရှုံးဘူးလား?

"ရှုံးပါတယ် ဘုရား"

အဲဒီမှာ အကြောင်းအကျိုး စပ်လိုက်လို့ရှိရင် စာမေးပွဲအောင်တဲ့ပုဂ္ဂိုလ်ဟာ စာကြိုးစားသောကြောင့်၊ စာကြိုးစားသော အကြောင်းကြောင့် စာမေးပွဲ မအောင်ဘူးလား?

"အောင်ပါတယ် ဘုရား"

စာကိုမလုပ်ဘဲနဲ့ ပေတေကပ်တပ်နေတဲ့အတွက်ကြောင့် စာမေးပွဲ မရှုံးဘူးလား?

"ရှုံးပါတယ် ဘုရား"

ထိုနည်းတူစွာပဲ နေရာတိုင်းမှာရှိတယ်နော်။ အလုပ်တစ်ခုကို တပည့်တော်လုပ်လိုက်တယ်။ ဟဲ့.... ပြီးပြီလားဆိုတော့ ပြီးပါပြီဘုရား၊ လုပ်တာကအကြောင်း ပြီးတာက ဘာတဲ့လဲ?

"အကျိုးပါ ဘုရား"

အကြောင်းနဲ့ အကျိုး။

ဒါကြောင့်မို့လို့ မြတ်စွာဘုရားရဲ့ဝါဒဟာ အကြောင်းနဲ့ အကျိုး။

ကောင်းတာလုပ်ရင် ကောင်းကျိုးရမယ်။ ကောင်းတာလုပ်ရင် ဘာအကျိုး ရမလဲ?

"ကောင်းကျိုးပါ ဘုရား"

မကောင်းတာလုပ်ရင် မကောင်းတဲ့အကျိုးရမယ်။ မကောင်းတာလုပ်ရင် ဘာအကျိုးရမလဲ?

"မကောင်းတဲ့အကျိုးရပါမယ် ဘုရား"

ယောဂီအပေါင်း သူတော်ကောင်းတို့ ဆိုကြည့်ပါလား?

**ကောင်းတာပြုက၊ ကောင်းကျိုးရ၊ ဘဝအဆင်ပြေ။**

**မကောင်းမှုကံ၊ ပြုသူမှန်၊ ဖန်ဖန်နစ်မွန်းမလေ။**

အဲဒါ ဦးဇင်းတို့ အစဦးစွာ ပဋိစ္စသမုပ္ပါဒ်ဆိုတာလေးနဲ့ ပတ်သတ်လို့ပြောတာနော်။ အဲဒီတော့ အကြမ်းဖျင်းလေး ဦးဇင်းတို့ မူလနှစ်ဖြာကို စကြရအောင်။ မူလနှစ်ဖြာဆိုတာ ဘာနဲ့ဘာလဲ?

"အဝိဇ္ဇာနဲ့ တဏှာပါ ဘုရား"

အဝိဇ္ဇာနဲ့ တဏှာ။ ဦးဇင်းတို့ မနေ့က အင်မတန်အခြေကျတဲ့ အကြောင်းအရာလေးကို ပြောခဲ့ပြီးပါပြီ။ ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီးရဲ့ ပဋိစ္စသမုပ္ပါဒ် စက်ဝိုင်းမှာ အကွက်အနေအားဖြင့် ဘယ်နှစ်ကွက်တဲ့လဲ?

"လေးကွက်ပါ ဘုရား"

လေးကွက်။ (၁)အကွက်၊ (၂)အကွက်၊ (၃)အကွက်၊ (၄)အကွက်။ ယောဂီတို့ရေ အကွက် ဘယ်နှစ်ကွက်လဲ?

"လေးအကွက်ပါ ဘုရား"

အဲဒီအကွက် (၄)ကွက်မှာ မူလနှစ်ဖြာကနေ အကြမ်းဖျင်းအားဖြင့် ဦးဇင်းတို့ ပြန်ပြီးသွားကြရအောင်။ မူလနှစ်ဖြာဆိုတာ- ဘာနဲ့ ဘာလဲ?

"အဝိဇ္ဇာနဲ့ တဏှာပါ ဘုရား"

အဲ....သစ္စာနှစ်ခုကို ပြောရအောင်။ သမုဒယသစ္စာ၊ ဒုက္ခသစ္စာ။ အဲဒါ သစ္စာနှစ်ခုနော်။

"မှန်ပါ ဘုရား"

ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီးရဲ့ စက်ဝိုင်းတွေကို လေ့လာကြပြီဆိုလို့ရှိရင် ဒီ မူလနှစ်ဖြာဆိုတဲ့ လက်ာကို စပြီးတော့ ကြည့်တိုင်း ကြည့်တိုင်း (၁)အကွက်က စကြည့်ရမယ်လို့ မပြောဘူးလား?

"ပြောပါတယ် ဘုရား"

အဲဒီတော့ သစ္စာနှစ်ခုကို ပြန်ပြောကြရအောင်။ သမုဒယသစ္စာ၊ ဒုက္ခသစ္စာ။ သစ္စာ ဘယ်နှစ်ခုလဲ?

"လေးခုပါ ဘုရား"

အဲဒီတော့ လေးခုဖြစ်နေတာရော။ ဒီသမုဒယနဲ့ ဒီသမုဒယပေါင်းတော့ တစ်ခုနေ၁်။ ဒီဒုက္ခနဲ့ ဒီဒုက္ခပေါင်းတော့ တစ်ခုမနေဘူးလား?

"နေပါတယ် ဘုရား"

အဲဒီတော့ သစ္စာနှစ်ခုပြီးတဲ့ အခါကျတော့ လေးခုအလ္လာ။ အလ္လာအားဖြင့် ဘယ်နှစ်လ္လာလဲ?

"လေးလ္လာပါ ဘုရား"

ကဲ... ဆိုကြရအောင်။

အတိတ်အကြောင်း တစ်လ္လာ၊ ပစ္စုပ္ပန်အကျိုး တစ်လ္လာ၊ ပစ္စုပ္ပန်အကြောင်း တစ်လ္လာ၊ အနာဂတ်အကျိုး တစ်လ္လာ။

အလ္လာအားဖြင့် ဘယ်နှစ်လ္လာလဲ?

"လေးလ္လာပါ ဘုရား"

အဲ... လေးလ္လာပြီးတဲ့အခါကျတော့ အင်္ဂါတစ်ဆယ့် နှစ်ပါး။ အင်္ဂါ ဘယ်နှစ်ပါးလဲ?

"တစ်ဆယ့်နှစ်ပါးပါ ဘုရား"

အင်္ဂါတစ်ဆယ့်နှစ်ပါး၊ (၁)အကွက်ကပဲ ပြန်ထောက်ကြရအောင်။

**အဝိဇ္ဇာ၊ သင်္ခါရ၊ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ၊ ဇာတိ၊ ဇရာမရဏ။**

အင်္ဂါအားဖြင့် ဘယ်နှစ်ပါးလဲ?

"တစ်ဆယ့်နှစ်ပါးပါ ဘုရား"

အင်္ဂါတစ်ဆယ့်နှစ်ပါး။ အင်္ဂါတစ်ဆယ့်နှစ်ပါးပြီးတော့ တရားကိုယ်များနှင့်-တဲ့။ အဲဒါ မနေ့က ကျန်ခဲ့တယ်။ ဟုတ်ရဲ့လား?

"မှန်ပါ ဘုရား"

နောက်ပြီးတဲ့အခါကျတော့ သုံးပါးအစပ်။

ယောဂီတို့ ဘာတဲ့လဲ?

"သုံးပါးအစပ်ပါ ဘုရား"

ကဲ... သုံးပါးအစပ်ကို စကြရအောင်။

**သင်္ခါရနှင့် ဝိညာဏ် တစ်စပ်။**

**ဝေဒနာနှင့် တဏှာ တစ်စပ်။**

**ကာမဘဝနှင့် ဇာတိ တစ်စပ်။**

အစပ်အားဖြင့် ဘယ်နှစ်စပ်လဲ?

"သုံးစပ်ပါ ဘုရား"

သုံးပါးအစပ်။ ဟုတ်ရဲ့လား?

"မှန်ပါ ဘုရား"

သုံးပါးအစပ်ပြီးတော့ နှစ်ရပ်မူလ။

နှစ်ရပ်မူလဆိုတာ မူလနှစ်ဖြာနဲ့ တူလား၊ ထူးရဲ့လား?

ဘာမှမထူးဘူး။ ဒါပေမယ့် နည်းနည်းလေးထူးချင်ရင် မူလနှစ်ဖြာက အဝိဇ္ဇာနှင့် တဏှာ။ ကဲ...ဦးဇင်းတို့ နှစ်ရပ်မူလကျတော့ တဏှာနဲ့ အဝိဇ္ဇာ။ ဒီလိုလေး မှတ်ခဲ့နော်။ နောက်တစ်ခါကျတော့ ဝဋ်သုံးဝနှင့် ဘာတဲ့လဲ?

"ဝဋ်သုံးဝနှင့်ပါ ဘုရား"

ဝဋ်သုံးဝနှင့်ဆိုတဲ့အခါကျတော့ ကိလေသာဝဋ်က သုံးပါး။ ကမ္မဝဋ်က နှစ်ပါး။ ဝိပါကဝဋ်က ရှစ်ပါး။ ကဲ...ယောဂီတွေ ပြောကြရအောင် ကိလေသဝဋ်သုံးပါးက အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်။ ကမ္မဝဋ်နှစ်ပါးက သင်္ခါရနှင့် ကမ္မဘဝ။

ဝိပါကဝဋ်ရှစ်ပါးက ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ ဇာတိ၊ ဇရာမရဏ၊ ဥပပတ္တိဘဝ။

အဲဒါကို တခြားခေါ်တာလား၊ ဝိပါကဝဋ်ရှစ်ပါးလို့ ခေါ်တာလား?

"ဝိပါကဝဋ်ရှစ်ပါးလို့ ခေါ်တာပါ ဘုရား"

ဝဋ်သုံးဝနှင့် ပြီးတဲ့အခါကျတော့ ကာလသုံးဖြာ-

ယောဂီအပေါင်း သူတော်ကောင်းတို့ ဘာတဲ့လဲ?

"ကာလသုံးဖြာပါ ဘုရား"

ကာလသုံးဖြာဆိုတာက (၁)အကွက်ကနေ ပြန်ကြည့်ကြစို့။

လွန်လေပြီးသော အတိတ်ကာလ။ ယခုဖြစ်ဆဲ ပစ္စုပ္ပန်ကာလ၊ နောင်ဖြစ်လတ္တံ့ အနာဂတ်ကာလ။ ကာလသုံးဖြာပြီးတော့ ခြင်းရာနှစ်ဆယ်။

ခြင်းရာက ဘယ်လောက်လဲ?

"နှစ်ဆယ်ပါ ဘုရား"

ခြင်းရာနှစ်ဆယ်ကို ကြည့်တော့လဲ (၁)အကွက်ကပဲ ပြန်ကြည့်မယ်။ အတိတ်အကြောင်း အခြင်းအရာငါးပါး၊ ပစ္စုပ္ပန် အကျိုးအခြင်းအရာ ငါးပါး၊ ပစ္စုပ္ပန်အကြောင်း အခြင်းအရာ ငါးပါး။ အနာဂတ်အကျိုး အခြင်းအရာ ငါးပါး။ ငါးလေးလီဆိုတော့...

"နှစ်ဆယ်ပါ ဘုရား"

အဲဒီတော့ ယောဂီအပေါင်း သူတော်ကောင်းတို့ အတိတ်အကြောင်း အခြင်းအရာ ငါးပါးက အဝိဇ္ဇာ၊ သင်္ခါရ၊ တဏှာ၊ ဥပါဒါန်၊ ဘဝ။ ပစ္စုပ္ပန်အကျိုးအခြင်းအရာ ငါးပါးက ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ။ ပစ္စုပ္ပန်အကြောင်း အခြင်းအရာ ငါးပါးက တဏှာ၊ ဥပါဒါန်၊ ဘဝ၊ အဝိဇ္ဇာ၊ သင်္ခါရ။ အဲဒါကို သူတော်ကောင်းတို့ တခြားခေါ်တာလား၊ ခြင်းရာ နှစ်ဆယ်လား?

"ခြင်းရာနှစ်ဆယ်ပါ ဘုရား"

ခြင်းရာ နှစ်ဆယ်တဲ့။ အခြင်းအရာအားဖြင့် ဘယ်လောက်လဲ?

"နှစ်ဆယ်ပါ ဘုရား"

နှစ်ဆယ်။ ခြင်းရာနှစ်ဆယ်ပြီးတဲ့အခါကျတော့ လင်္ကာက ဤရှစ်သွယ်ကို ယောဂီတို့ ဘာတဲ့လဲ?

"ဤရှစ်သွယ်ကိုပါ ဘုရား"

ဤရှစ်သွယ်ကိုကျတော့ အသွယ်အားဖြင့် ရှစ်သွယ်ရှိတယ်တဲ့။ အဲဒီ ရှစ်သွယ်ကို ပြန်ပြီးတော့ ဆိုကြည့်ရအောင်။

မူလနှစ်ဖြာက တစ်သွယ်။ သစ္စာနှစ်ခုက တစ်သွယ်။ လေးခုအလွှာက တစ်သွယ်။ အင်္ဂါတစ်ဆယ့်နှစ်ပါးက တစ်သွယ်။ သုံးပါးအစပ်က တစ်သွယ်။ ဝဋ်သုံးဝက တစ်သွယ်။ ကာလသုံးဖြာက တစ်သွယ်။ ခြင်းရာနှစ်ဆယ်က တစ်သွယ်။

ယောဂီတို့ အသွယ်အားဖြင့် ဘယ်နှစ်သွယ်လဲ?

"ရှစ်သွယ်ပါ ဘုရား"

အဲဒီရှစ်သွယ်ကို အလွယ်ကျက်မှတ် သိစေအပ်သည် သံသရာမှလွတ်ကြောင်းတည်း။ အလွယ်ကျက်မှတ်ဆိုတာ ယောဂီအပေါင်း သူတော်ကောင်းတို့ ဘာပြောတာလဲဆိုတော့ ဉာတပရိညာကိုပြောတယ်။ အလွယ်ကျက်မှတ်ဆိုတာ ဘာကိုပြောလဲ?

"ဉာတပရိညာကို ပြောတာပါ ဘုရား"

အဲ...သိစေအပ်သည်ဆိုတာ တိရဏပရိညာကိုပြောတယ်။ သိစေအပ်သည်ဆိုတာ...

"တိရဏပရိညာပါ ဘုရား"

ဩော်...သံသရာမှလွတ်ကြောင်းတည်းဆိုတာ ပဟာနပရိညာကိုပြောတယ်။ ပရိညာဘယ်နှစ်ပါးလဲ?

"သုံးပါးပါ ဘုရား"

အဲဒါလေးကို အကြမ်းဖျင်းလေးအားဖြင့် မှတ်ပြီးတော့ ဦးဇင်းတို့ မနေ့က ကျန်ရစ်ခဲ့တာက တရားကိုယ်များနှင့်တဲ့။

ယောဂီအပေါင်း သူတော်ကောင်းတို့ ဘာတဲ့လဲ?

"တရားကိုယ်များနှင့်ပါ ဘုရား"

တရားကိုယ်များနှင့် ဆိုတာ ဦးဇင်းတို့ ဒီပဋိစ္စသမုပ္ပါဒ်စက်ဝိုင်းကြီးတစ်ခုလုံးရဲ့ အရသာကို သိရှိနိုင်ဖို့ရန်အတွက် အဲဒီတရားကိုတွေ့ရဲ့ အဓိပ္ပာယ်ကို သိကိုသိရမယ်။

တရားကိုယ်များရဲ့ အဓိပ္ပာယ်ကိုမသိတဲ့ ယောဂီတို့ဟာ ပဋိစ္စသမုပ္ပါဒ်ရဲ့ အရသာကို မခံစားရဘူး။ အဲဒီတော့ ပဋိစ္စသမုပ္ပါဒ်စက်ဝိုင်းမှာ အကွက်အားဖြင့် ဘယ်နှစ်ကွက်လဲ?

"လေးကွက်ပါ ဘုရား"

လေးကွက်မှာ (၁)အကွက်မှာ အင်္ဂါအားဖြင့် ဘယ်နှစ်ခုရှိလဲ?

"နှစ်ခုရှိပါတယ် ဘုရား"

ဆိုကြည့်ရအောင်။ အဝိဇ္ဇာနဲ့ သင်္ခါရ။

အဝိဇ္ဇာ၊ သင်္ခါရဆိုတော့ အရှင်ဘုရား အဝိဇ္ဇာဆိုတာ ဘာတုန်းဆိုတော့ ဦးဇင်းတို့ လွယ်လွယ်လေးပြောကြစတမ်းဆိုရင် အဝိဇ္ဇာဆိုတာ မသိတာပဲ။ ယောဂီတို့ အဝိဇ္ဇာဆိုတာ ဘာလဲ?

"မသိတာပါ ဘုရား"

နည်းနည်းလေး အကြမ်းဖျင်းအားဖြင့် သွားမယ်နော်။ အဝိဇ္ဇာဆိုတာ တခြားလား၊ မသိတာလား။

"မသိတာပါ ဘုရား"

ဩော်... မသိတာ မသိတာ ဆိုတာလဲ ယောဂီတို့ မသိချင်းတွေ အမျိုးမျိုး ရှိတယ်။ အိမ်မှာ တီဗွီကြော်ငြာထဲမှာ ကြော်ငြာမင်းသားလေးတွေ၊ သမီးလေးတွေ တွေ့တော့ အသစ် အသစ်ဆိုတော့ဟာ- သိလား? မသိဘူးကွ။

အဲဒါလဲ ယောဂီအပေါင်း သူတော်ကောင်းတို့ အခြားလား၊ မသိတာပဲလား?

"မသိတာဘဲပါ ဘုရား"

အဲဒီ မသိတာကို အဝိဇ္ဇာလို့ပြောမလား။

မပြောဘူးတဲ့။ အဝိဇ္ဇာရဲ့ မသိတာက သစ္စာကို မသိတာ။

ယောဂီတို့ အဝိဇ္ဇာရဲ့ မသိတာက ဘာကိုမသိတာလဲ?

"သစ္စာကိုပါ ဘုရား"

အဲဒီတော့ ယောဂီတို့ ထပ်ပြီးတော့ မှတ်လိုက်ပါ။ အဝိဇ္ဇာဆိုတာ တခြားလား၊ မသိတာလား။

"မသိတာပါ ဘုရား"

ဘာကို မသိတာလဲဆိုရင် သစ္စာကိုမသိတာ။ ယောဂီတို့ ဘာကိုမသိတာလဲ?

"သစ္စာကိုမသိတာပါ ဘုရား"

သစ္စာကိုမသိတာ။ ဟုတ်ပြီလား?

"မှန်ပါဘုရား"

အဲဒီတော့ သင်္ခါရကပြုလုပ်တာ။ သင်္ခါရက ဘာတဲ့လဲ?

"ပြုလုပ်တာပါ ဘုရား"

ယောဂီတို့ အဲဒီ အဓိပ္ပာယ်လေးကို နားမလည်လို့ မရဘူးနော်။

"မှန်ပါ ဘုရား"

အဝိဇ္ဇာက မသိတာ၊ သင်္ခါရက ပြုလုပ်တာ၊ ယောဂီအပေါင်း သူတော်ကောင်းတို့ သင်္ခါရက ဘာလုပ်တာလဲ?

"ပြုလုပ်တာပါ ဘုရား"

ပြုလုပ်တဲ့ သင်္ခါရက သုံးမျိုးရှိတယ်။ ဘယ်နှစ်မျိုးလဲ?

"သုံးမျိုးပါ ဘုရား"

ကဲ...အားလုံးယောဂီတို့ လိုက်ဆိုစမ်း။

**ပုညာဘိ သင်္ခါရ၊ အပုညာဘိ သင်္ခါရ၊ အာနေဥ္စာဘိ သင်္ခါရ။**

ယောဂီအပေါင်း သူတော်ကောင်းတို့ ပြုလုပ်တဲ့ သင်္ခါရက ဘယ်နှစ်မျိုးရှိလဲ?

"သုံးမျိုးပါ ဘုရား"

ပုညာဘိ သင်္ခါရဆိုတာက ဘာလုပ်တာလဲဆိုတော့ ကုသိုလ်တွေကို ပြုလုပ်တာ။ ပုညာဘိသင်္ခါရက ဘာလဲ?

"ကုသိုလ်တွေကို လုပ်တာပါ ဘုရား"

အပုညာဘိ သင်္ခါရက လွယ်လွယ်ပြောတော့ အကုသိုလ်တွေလုပ်တာ။

အာနေဥ္စာဘိ သင်္ခါရက ယောဂီတို့ အိမ်မှာနေတဲ့အခါကျတော့ ပုတီးတွေစိတ်၊ မေတ္တာတွေမပို့ဘူးလား?

"ပို့ပါတယ် ဘုရား"

အဲဒီလို သမထအလုပ်တွေလုပ်တာဟာ ယောဂီအပေါင်း သူတော်ကောင်းတို့ အာနေဥ္စာဘိ သင်္ခါရလို့ ပြောတယ်။ ဘာသင်္ခါရလဲ?

"အာနေဥ္စာဘိ သင်္ခါရပါ ဘုရား"

အဲဒီတော့ ယောဂီအပေါင်း သူတော်ကောင်းတို့ သင်္ခါရဘယ်နှစ်မျိုးလဲ?

"သုံးမျိုးပါ ဘုရား"

အဲဒီတော့ အကြမ်းဖျင်းအားဖြင့် သိရမှာက ယောဂီရေ အဝိဇ္ဇာဆိုတာ မသိတာ။ သင်္ခါရဆိုတာက ပြုလုပ်တာ။

## ဝိညာဏ် နှစ်ပါး

ယောဂီရေ... သိပြီးတဲ့သူပါပဲ။ အကုန်ပြောနေတာနော်။ အဝိဇ္ဇာက မသိတာ၊ သင်္ခါရကပြုလုပ်တာ။ ပြန်ပြီးတော့ ပေါင်းလိုက်တဲ့အခါကျတော့ မသိလို့ လုပ်တယ်။ မသိလို့ ဘာဖြစ်လဲ?

"လုပ်ပါတယ် ဘုရား"

မသိလို့လုပ်တယ်ဆိုတော့ အကောင်းလုပ်တာလား၊ ရမ်းပြီးတော့လုပ်တာလား?

"ရမ်းပြီးတော့ လုပ်တာပါ ဘုရား"

အဲ...သူတော်ကောင်းတို့ ဒါလေးကို သဘောပေါက်ဖို့နော် မသိလို့ လုပ်တယ် ဆိုတော့ တည့်တည့်လုပ်တာလား၊ ရမ်းလုပ်တာလား။

"ရမ်းလုပ်တာပါ ဘုရား"

အဲ... အဲဒါလေးကို သဘောပေါက်။ အဝိဇ္ဇာက မသိတာ။ သင်္ခါရက ပြုလုပ်တာ။ ဝိညာဏ်တဲ့။ နံပါတ်(၃)။

(၂)ကွက် အကွက်အားဖြင့် ဘယ်နှစ်ကွက်ရောက်သွားပြီလဲ?

"(၂)အကွက်ပါ ဘုရား"

(၂)အကွက်မှာ ပဋိစ္စသမုပ္ပါဒ် အင်္ဂါအနေနဲ့ ပြောကြည့်ရအောင်။

**ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ။**

ဘယ်နှစ်ပါးလဲ?

"ငါးပါးပါ ဘုရား"

အဲဒီ ငါးပါး။ ဟုတ်ရဲ့လား?

"မှန်ပါ ဘုရား"

အဝိဇ္ဇာက မသိတာ။ အဝိဇ္ဇာက ဘာတဲ့လဲ?

"မသိတာပါ ဘုရား"

သင်္ခါရက ပြုလုပ်တာ။ သင်္ခါရက ဘာတဲ့လဲ?

"ပြုလုပ်တာပါ ဘုရား"

ဝိညာဏ်ကျတော့ သိတာတဲ့။ ဘဝတစ်ခုရတာ ဇာတိတစ်ခုရတာပါပဲ။

အဲဒီ ဝိညာဏ်ကျတော့ ယောဂီအပေါင်း သူတော်ကောင်းတို့ ပဋိသန္ဓေဝိညာဏ်ရယ်၊ ပဝတ္တိဝိညာဏ်ရယ်လို့။ ဝိညာဏ်နှစ်မျိုးရှိတယ်။

ဝိညာဏ် ဘယ်နှစ်မျိုးရှိလဲ?

"နှစ်မျိုးပါ ဘုရား"

တချို့ယောဂီတွေက အဲဒီမှာ ဝိညာဏ်လို့ဖတ်တယ်။ ဝိညာဉ်လို့မဖတ်ရဘူး။

ဦးဇင်းတို့ ပဋ္ဌာန်းတွေ ပဋ္ဌာန်းတွေမှာလဲ 'ဟေတုပြစ်စယော'မဟုတ်ဘူး။ 'ဟေတုပစ္စယော'။

ဦးဇင်းတို့ ယောဂီတွေ အလှူကောင်းမှုတွေ ပြုတဲ့အခါမှာ နိဗ္ဗာနဿ ပြစ်စယော ဟောတုမဆိုဘူးလား?

"ဆိုပါတယ် ဘုရား"

ပြစ်စယော မဟုတ်ဘူး။ ပစ္စယော။

ဒီမှာလဲပဲ ဦးဇင်းတို့ ဝိညာဉ်မဟုတ်ဘူး။ ဘယ်လိုဖတ်ရမလဲ? ဝိညာဏ်။ ဝိညာဏ်ဆိုတာ ဘဝလေးတစ် ခုကို ရလိုက်တာ။ ရတဲ့ အဲဒီ ပဋိသန္ဓေလေးဟာ ပဋိသန္ဓေဝိညာဏ်ရယ်။ ပဝတ္တိဝိညာဏ်ရယ်ဆိုပြီး ဝိညာဏ် ဘယ်နှစ်မျိုးရလဲ?

"နှစ်မျိုးပါ ဘုရား"

အဲ...နှစ်မျိုး။ အဲဒါလေးကို အကြမ်းဖျင်းမှတ်မယ်နော်။ အသေးစိတ် ဦးဇင်းတို့ပြောရင် ယောဂီတို့ သိပ်ပြီးတော့ ပဋိစ္စသမုပ္ပါဒ်အရသာကို မသိမှာစိုးလို့။

အဲဒီတော့ ဝိညာဏ်ပြီးတော့ ယောဂီတို့ ဘာဆက်လာလဲ?

နာမ်ရုပ်။ နာမ်က တစ်လုံး၊ ရုပ်က တစ်လုံး။ နာမ်ဆိုတာ အရှင်ဘုရား ဘာပြောလဲဆိုတော့

**နမ တီတိ နာမံ။**

သိတတ်တဲ့သဘောဟာ နာမ်ပဲ။

ရုပ်ကျတော့ အရှင်ဘုရား ဘာကိုပြောလဲဆိုတော့-

**ရုပ္ပတီတိ ရူပံ။**

ဖောက်ပြန်တဲ့ သဘောဟာ ရုပ်။

အဲဒီတော့ ရုပ်နဲ့ နာမ်။ နာမ်ဟာ သိတတ်တယ်။ ရုပ်က ဘာတဲ့လဲ? ဖောက်ပြန်တယ်။ လွယ်လွယ်လေးပြောတဲ့အခါကျတော့ ယောဂီအပေါင်း သူတော်ကောင်းတို့ လိုက်ဆိုစမ်း-

**သွားချင်တာက နာမ်၊ သွားတဲ့ဟာက ရုပ်။**

နေရာတစ်ခုကိုလေ ယောဂီတို့ ဒီဓမ္မာရုံကြီးကို လာတယ်မဟုတ်လား။ ဩော်-အချက်ပေးသံချောင်းလေးလဲ ခေါက်ရော အချက်ပေးကြေးစည်လဲခေါက်ရော ဟယ်... တို့အချိန်ကျပြီကွဲ့ လူးလိုမ့်နေလို့တော့ မဖြစ်ဘူး။ သွားမှဆိုတော့ တခြားလား၊ နာမ်လား။

"နာမ်ပါ ဘုရား"

နာမ်ကသာ သွားခိုင်းတာ၊ တကယ်သွားရတာက နာမ်က သွားရတာလား၊ ရုပ်က သွားရတာလား။

"ရုပ်ကသွားရတာပါ ဘုရား"

ဆိုကြည့်ရအောင်။

**သွားချင်တာက နာမ်၊ သွားတဲ့ဟန်က ရုပ်၊**

**သူမဟုတ် ငါမဟုတ်၊ သွားတာ နာမ်နဲ့ရုပ်။**

ထိုနည်းတူစွာပဲ ယောဂီအပေါင်း သူတော်ကောင်းတို့ အစားတစ်ခုကိုစားမယ်။

အို...ဆာလိုက်တာကွာ၊ စားချင်လိုက်တာ။ စားချင်တယ်ဆိုတာက နာမ်တရား။ စားလိုက်တာက ဘာတဲ့လဲ?

"ရုပ်တရားပါ ဘုရား"

ဩော်... စားခြင်းမှာ ရုပ်နဲ့ နာမ် မရှိဘူးလား?

"ရှိပါတယ် ဘုရား"

ဆိုကြည့်ရအောင်။

**စားချင်တာက နာမ်၊ စားတဲ့ဟန်က ရုပ်၊**

**သူမဟုတ် ငါမဟုတ်၊ စားတာ နာမ်နဲ့ ရုပ်။**

ထိုနည်းတူစွာပဲ အိပ်တာလဲပဲ နာမ်နဲ့ ရုပ်ပဲ။ အိပ်ချင်လိုက်တာကွာ။ နာမ်က ဖြစ်တယ်။ အိပ်ပစ်လိုက်ဟာ ရုပ်ကလိုက်လုပ်တာ။

ရုပ်နဲ့ နာမ်တရားဟာ ဘာနဲ့ ဘာလဲဆိုတော့ အလုပ်သမားနဲ့ အလုပ်ရှင်လိုပဲ။ အလုပ်ရှင်ဆိုတာ အခိုင်းသမားလေ။ အလုပ်သမားက မလုပ်ရဘူးလား။

"လုပ်ရပါတယ် ဘုရား"

အို...နာမ်တရားက အလုပ်ရှင်ကြီး။ မင်းသွားကွာ- သွားကွာ၊ မင်း- ဒီအလုပ် လုပ်ကွာဆိုတော့ သူကသာခိုင်းတာ တကယ်လုပ်ရတာက တခြားလား။ ရုပ်လား?

"ရုပ်ပါ ဘုရား"

ဩော်...ရုပ်ကခိုင်းခံရတာ။ ဒါကြောင့်မို့လို့...

**အိပ်ချင်တာက နာမ်၊ အိပ်တဲ့ဟန်က ရုပ်၊ ငိုက်ချင်တာ နာမ်။ ငိုက်နေတာ ရုပ်။**

တရားထိုင်ပြီးတော့ တစ်ခါတလေကျတော့ တရားကိုထိုင်နေ၌၊ တင်ပလ္လင်ခွေခါးလေးကိုဖြောင့်ဖြောင့်ထား၊ ဘယ်လက် လက်ဖဝါး၊ ညာဘက်လက်ဖဝါးလေးတင်၊ စိတ်ကို နှာသီးဖျားလေးမှာထားလိုက်။ စိတ်ကို ဘယ်မှာထားရမလဲ?

"နှာသီးဖျားလေးပေါ်မှာပါ ဘုရား"

နှာသီးဖျားလေးပေါ် ထားလိုက်။ ဝင်လေ ဝင်လေတိုင်းသိ၊ ထွက်လေ ထွက်လေတိုင်းသိ မမှတ်ဘူးလား?

"မှတ်ပါတယ် ဘုရား"

သတိရှိနေတုန်းတော့ ယောဂီတို့ရဲ့ ဒီခန္ဓာကိုယ်နဲ့ ယောဂီတို့ရဲ့ ဦးခေါင်းဟာ တည့်...မတည့်။

"တည့်ပါတယ် ဘုရား"

သတိလေးတွေဟာ ဒီနှာသီးဖျားကနေ ရွေ့သွားတာနဲ့ တပြိုင်နက် ယောဂီတို့ရဲ့ ထောင်ပြီးတော့ တည့်နေတဲ့ ခေါင်းလေးဟာ ပြုတ်ကျမသွားဘူးလား?

"ကျသွားပါတယ် ဘုရား"

အဲဒီတော့ ယောဂီအပေါင်း သူတော်ကောင်းတို့ အမိပ္ပာယ်က ဦးဇင်းတို့ ဗုဒ္ဓဘာသာဝင်တွေပဲဖြစ်ဖြစ်၊ တရားထိုင်တဲ့ ယောဂီတွေတော်တော်များများပဲဖြစ်ဖြစ် သူတို့ ငိုက်သွားလို့ရှိရင် ဒီခေါင်းက အောက်စိုက်သွားသလား။ အပေါ်တက်သွားသလား?

"အောက်စိုက်သွားပါတယ် ဘုရား"

အဲ...ဘာဖြစ်လို့ အောက်စိုက်တာလဲဆိုတော့ ယောဂီတို့ရေ ဦးဇင်းတို့ လေ့လာတာနော် ဟုတ်လား။ ဟာ- ယောဂီတွေက အပေါ်ထောင်ထောင်မတက်ဘဲ အောက်စိုက်ရတာလဲဆိုတော့ အောက်က ဒယ်အိုး လှမ်းကြည့်တာ၊ ဘာလှမ်းကြည့်တာလဲ?

အောက်က ဒယ်အိုးလှမ်းကြည့်တာ၊ အမယ်လေး... ဒယ်အိုးထဲမှာ အဖော်တွေကလည်း အများကြီး။ မင်းကွယ်...ဘုန်းကြီးရှေ့ တရားထိုင်သလိုလို၊ တရားနာသလိုလိုနဲ့ ဒီအတိုင်းနေမယ့်အစား မင်း ငါတို့နဲ့ ဒယ်အိုးထဲ...။

အဲဒါကြောင့်မို့လို့ ယောဂီအပေါင်း သူတော်ကောင်းတို့-

အိပ်ချင်တာက နာမ်၊ အိပ်တဲ့ဟန်က ရုပ်။

ငိုက်ချင်တာက နာမ်၊ ငိုက်တဲ့ဟန်က ရုပ်။

အဲဒါကြောင့်မို့လို့ နာမ်ရုပ်လေးကို သဘောပေါက်ပြီလား?

"ပေါက်ပါပြီ ဘုရား"

အေး.. ယောဂီတို့ ပြန်ပြောမယ်။

အဝိဇ္ဇာက မသိတာ။ သင်္ခါရက ပြုလုပ်တာ။ ဝိညာဏ်က ဘဝတစ်ခုကို ပြန်ရတယ်နော်။ နာမ်ရုပ်ကျတော့ သွားချင်တာက နာမ်၊ သွားတဲ့ဟန်က ရုပ်။ အလုပ်သမားနဲ့ အလုပ်ရှင်။

ဟော... သဠာယတနတဲ့။ ပြော... ဘာတဲ့လဲ?

"သဠာယတနပါ ဘုရား"

သဠာယတန ဆိုတာကတော့ ဆဠာယတနပဲ။

**ဆ** ဆိုတာက ခြောက်ခု။ **အာယတန** ဆိုဟာ ချဲ့တာ။

ချဲ့တယ်ဆိုတာ အရှင်ဘုရားရေ ခြောက်ခုသော တရားတွေသည် ဘုရားက ချဲတယ်တဲ့။ ဟာ... ဘာချဲ့ တာလဲဆိုတော့ သံသရာချဲ့တာ။

## ပဋိစ္စသမုပ္ပါဒ်အရသာ ခံစားပါ

ဒါဆိုလို့ရှိရင် သံသရာချဲ့စေသည် ဆိုတဲ့ အဲဒီခြောက်ပါးက အရှင်ဘုရား-ဘယ်သူတွေတုန်းလို့ မေးလို့ရှိရင် မိုးကုတ် အရသာမှာ နေ့တိုင်းဆိုထားပါတယ်။

**မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်။**

ယောဂီတို့ ဘယ်နှစ်ပါးလဲ?

"ခြောက်ပါးပါ ဘုရား"

အဲဒီ ခြောက်ပါးသောတရားတွေကို သဠာယတန၊ ဆအာယတန၊ ခြောက်ပါးသော ဘာချဲ့တာလဲ? သံသရာချဲ့တာ။ အရှင်ဘုရား မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်ဆိုတဲ့ အဲဒီခြောက်မျိုးဟာ ဘယ်လိုချဲ့တာလဲ? မမေးဘူးလား?

"မေးပါတယ် ဘုရား"

ယောဂီတို့ရဲ့ မျက်လုံးကလေးကလဲ သံသရာချဲ့တယ်။

ယောဂီအပေါင်း သူတော်ကောင်းတို့ရဲ့ ခန္ဓာမှာရှိနေတဲ့ ဒီ စက္ခုပသာဒလေး။ ဘာတဲ့လဲ?

"စက္ခုပသာဒပါ ဘုရား"

အဲဒီ စက္ခုပသာဒဆိုတဲ့ ဒီရုပ်ကလေးရယ် အပြင်က ရူပါရုံဆိုတဲ့အဆင်းရယ် မတိုက်ဘူးလား?

"တိုက်ပါတယ် ဘုရား"

စက္ခုပသာဒရယ် အပြင်က အဆင်းရယ် သွားပြီးတော့တိုက်လိုက်တဲ့အခါ ကျတော့ မြင်စိတ်ဆိုတာ မပေါ်ဘူးလား?

"ပေါ်ပါတယ် ဘုရား"

အဲဒီ မြင်စိတ်လေးပေါ်ပြီဆိုလို့ရှိရင် ဩော်...သူတို့တွေ့တဲ့ အရာအားလုံးဟာ သာယာစရာ နှစ်သက်စရာ။

ကိုယ်နဲ့အဆင်ပြေတဲ့သူများတွေ့ရင်တော့လေ အဲဒီမျက်စိလေးကို ဒီ သတိဆိုတဲ့ ဓမ္မဝိပဿနာလေး မဝင်လို့ရှိရင် တပ်မက်စရာရှိရင် လောဘ မဖြစ်ဘူးလား?

"ဖြစ်ပါတယ် ဘုရား"

ဩော်...လောဘဖြစ်ရင် လောဘနဲ့ သေ။ ပြိတ္တာဖြစ်။

လောဘနဲ့သေ ဘယ်သွားမှာလဲ?

"ပြိတ္တာပါ ဘုရား"

တခြားသွားတာလား၊ ဒီ သံသရာချဲ့တာလား?

"သံသရာချဲ့တာပါ ဘုရား"

ထိုနည်းတူစွာပဲ မျက်စိလေးရယ် အဆင်းလေးရယ် တိုက်တယ်။ အဲဒီတော့ မြင်စိတ်ကလေးပေါ်တယ်။ အဲဒီပေါ်တဲ့အာရုံတွေမှာ ယောဂီအပေါင်းသူတော်ကောင်းတို့ ဘာမှသတိမထား၊ ဝီရိယလည်းမစိုက်၊ ပညာနဲ့လည်း မရှုဘူးဆိုလို့ရှိရင် အဲဒီအချိန်မှာ ဒေါသဖြစ်လိမ့်မယ်။ ဘာဖြစ်လိမ့်မယ်လဲ?

"ဒေါသပါ ဘုရား"

ကိုယ်နဲ့ အဆင်မပြေတဲ့ လူတစ်ယောက်တွေ့လို့ရှိရင် သူက အရှေ့ကလာတယ်။ ကိုယ်က အနောက်ကလာတယ်။ လမ်းမှာတွေ့တာဟာ ဒီအကောင်နဲ့မှ ငါတွေ့ရလေခြင်းဆိုပြီးတော့ တံတွေးတွေ မထွေးဘူးလား?

"ထွေးပါတယ် ဘုရား"

အဲ...တကယ့်တွေ့တော့ တစ်ခါတည်း ဟိုဘက်လှည့် ဒီဘက်လှည့်ဖြစ်သွားတယ်။ တခြားလား၊ ဒေါသလား။

"ဒေါသပါ ဘုရား"

ဒေါသနဲ့သေ ငရဲပြည်။ ဒေါသနဲ့သေ ဘယ်သွားမှာလဲ?

"ငရဲပြည်ပါ ဘုရား"

တခြားဖြစ်တာလား? သံသရာချဲ့တာလား?

"သံသရာချဲ့တာပါ ဘုရား"

တစ်ခါတုန်းလေကျတော့ သူတော်ကောင်းတို့ ဦးဇင်းတို့ နေနေကြလိုက်တာ၊ လျှောင်း၊ ထိုင်၊ ရပ်၊ သွား ဣရိယာပုတ်လေးပါးနဲ့ နေကြတယ်၊ ကုသိုလ်ဆိုတာလဲ မသိ။ ကိုယ်လုပ်တာ အကုသိုလ်၊ အကုသိုလ်မှန်းတောင် မသိတဲ့။

ကုသိုလ်ဆိုတဲ့ ဓမ္မတရားနဲ့ ကင်းပြီးတော့ ဒီ ဓမ္မဆိုတဲ့ သူတော်ကောင်းတရား။ ဘာသတိမှမရှိဘဲ နေကြတဲ့ပုဂ္ဂိုလ် ကျတော့ မောဟဖြစ်နေတယ်။ ဘာဖြစ်နေတာလဲ?

"မောဟဖြစ်နေပါတယ် ဘုရား"

အဲဒီလို မောဟဖြစ်ပြီဆိုရင် မောဟနဲ့ ဘာဖြစ်မလဲ?

"တိရစ္ဆာန်ပါ ဘုရား"

အေး...တိရစ္ဆာန်ပဲ။

အေး...ယောဂီအပေါင်း သူတော်ကောင်းတို့ အဲဒီမှာ သံသရာချဲ့တာ။

ဒါကြောင့်မို့လို့ သဠာယတန ဆိုတာ ခြောက်ပါးသောတရား။ ခြောက်ပါးသော တရားကိုပြောစမ်း။

**မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်။**

ယောဂီတို့ ဘယ်နှစ်မျိုးလဲ?

"ခြောက်မျိုးပါ ဘုရား"

ဩော်- သဠာယတန ခြောက်ပါးဆိုတာ သိပြီးတော့ ဖဿက တွေ့ထိတယ်။ ဖဿက ဘာတဲ့လဲ?

"တွေ့ထိတာပါ ဘုရား"

ဖဿက တွေ့ထိတဲ့သဘောလေးပေါ့ဗျာ။ လောကဥပမာပြောရမယ်ဆိုရင် တော့ ဦးဇင်းက ပလ္လင်ပေါ်မှာထိုင်ပြီးတော့ ယောဂီတွေကို ချဉ်သီးတွေကို တစ်ဝကြီး ထိုင်စားပြ။ ထိုင်စားတဲ့အခါကျတော့ ချဉ်သီးစားတာကို မြင်တဲ့အခါကျတော့ ယောဂီ တို့က ဘာဖြစ်လဲ?

"သရေကျပါတယ် ဘုရား"

သရေကျတာ၊ ဇတ်ကြီးကျတာလို့ ပြောလို့လဲရတယ်။

အဲဒါ ယောဂီအပေါင်း သူတော်ကောင်းတို့က သူ့ဟာသူနေတာပဲ။

အဲဒီ သဘောလေးကို တခြားခေါ်တာလား၊ ဖဿ ခေါ်တာလား?

"ဖဿ ခေါ်တာပါ ဘုရား"

အဲ... ဖဿပြီးတဲ့အခါကျတော့ ဝေဒနာက ခံစားတာ၊ ဝေဒနာက ဘာတဲ့လဲ?

"ခံစားတာပါ ဘုရား"

ခံစားတဲ့ဝေဒနာက အကြမ်းဖျင်းအားဖြင့် သုံးမျိုး။

ဘယ်နှစ်မျိုးလဲ?

"သုံးမျိုးပါ ဘုရား"

**သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ ဥပေက္ခာဝေဒနာ။**

တစ်ယောက်နဲ့တစ်ယောက် တွေ့ကြပြီဆိုရင် ယောဂီအပေါင်း သူတော်ကောင်းတို့ မေးကြတာလေ။

သူငယ်ချင်း မင်း အဆင်ပြေလား?

အဆင်ပြေတာပေါ့ကွာဆိုတော့ သုခဝေဒနာ။

သူငယ်ချင်း မင်း အဆင်ပြေရဲ့လား?

ဟာ... ဒီနေ့ဘာလုပ်လုပ် အဆင်ကိုမပြေပါဘူးကွာ။ ဘာဝေဒနာလဲ?

"ဒုက္ခဝေဒနာပါ ဘုရား"

ဩော်... သူငယ်ချင်း မင်းအဆင်ပြေလား။ ကျန်းမာရေးကော ကောင်းလား။ ဩော်... မင်းမေးမှ ငါ သတိထားမိတယ်။ ကောင်းသလိုလို မကောင်းသလိုလိုကွဆိုတော့ ဥပေက္ခာဝေဒနာ။

ယောဂီတို့ ဘာဝေဒနာလဲ?

"ဥပေက္ခာဝေဒနာပါ ဘုရား"

အဲဒီ ဝေဒနာလေးဟာ ယောဂီတို့ နှလုံးအိမ်မှာရှိ မရှိ။

"ရှိပါတယ် ဘုရား"

ရှိတယ်တဲ့။ ဒါကြောင့်မို့လို့ နံပါတ်(၃)အကွက်ကလေးကို သွားကြရအောင်။ အကြမ်းဖျင်း ပောသွားမယ်နော်။

ဟောစရာ ပြောစရာတွေက အများကြီးရှိသေးတယ်။ အချိန်က (၇)ရက်ပဲ။ အဲဒီတော့ သူတော်ကောင်းတို့ (၃)အကွက်ကြည့်တဲ့အခါကျတော့-

**တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ။**

တဏှာ ဆိုတာကတော့ ရှင်းရှင်း လေးပါဗျာ။ လိုချင်တာ တဏှာ။ ယောဂီအပေါင်း သူတော်ကောင်းတို့ တဏှာဆိုတာ ဘာတဲ့လဲ?

"လိုချင်တာပါ ဘုရား"

တဏှာကလိုချင်တာ။

ဥပါဒါန်ကျတော့ စွဲလမ်းတာ။ ဥပါဒါန်က ဘာတဲ့လဲ?

"စွဲလမ်းတာပါ ဘုရား"

ဒါလဲ လွယ်လွယ်ကလေးပါပဲ။ ယောဂီတို့နေ့တိုင်း ကြားနေတယ်နော်။ သူငယ်ချင်းမင်း ဥပါဒါန်တွေမဖြစ်နဲ့... မပြောဘူးလား?

"ပြောပါတယ် ဘုရား"

ဥပါဒါန်တွေ ဖြစ်နေတယ်ဆိုတာ တခြားပြောတာလား၊ စွဲလမ်းတယ်လို့ပြောတာလား?

"စွဲလမ်းတယ်လို့ ပြောတာပါ ဘုရား"

အဲဒီတော့ သူတော်ကောင်းတို့ကို ပြောချင်တာက တဏှာ ဆိုတာ လိုချင်တာ။ လိုချင်တာက နေပြီးတော့ ပြင်းထန်လာပြီဆိုရင် စွဲလမ်းမှုဆိုတာ မဖြစ်ဘူးလား?

"ဖြစ်ပါတယ် ဘုရား"

အဲဒီတော့ တဏှာရော၊ ဥပါဒါန်ကော အရကောက်ရင်တော့ တဏှာကလဲ လောဘ။ ဥပါဒါန်ကလဲ လောဘပါပဲ။ ဒါပေမယ့် အဲဒီလိုဆိုရင် အရှင်ဘုရား- လောဘချင်း လောဘ ဘာဖြစ်လို့ထည့်ထားတာလဲဆိုရင် တဏှာက ယောဂီအပေါင်း သူတော်ကောင်းတို့ ရိုးရိုးလောဘ။ ဥပါဒါန်ကျတော့ ဝိသမလောဘကြီးဖြစ်သွားတယ်။

နည်းနည်းလိုချင်တာက တဏှာ။ နည်းနည်းလိုချင်တာက...

"တဏှာပါ ဘုရား"

များများကြီးလိုချင်တာက...

"ဥပါဒါန် ဘုရား"

အဲဒီတော့ တဏှာသဘော၊ ဥပါဒါန်သဘော သိပြီးတော့ ကမ္မဘဝ။ ဘာတဲ့လဲ?

"ကမ္မဘဝပါ ဘုရား"

ကမ္မဘဝဆိုတာက ပြုလုပ်တာပဲ။ သင်္ခါရနဲ့ အတူတူပဲ။

သင်္ခါရကို ဦးဇင်းတို့က ပြုလုပ်တယ်လို့မပြောဘူးလား?

"ပြောပါတယ် ဘုရား"

အဲဒီမှာပြောချင်တာက ဒီနေရာမှာလဲပြုလုပ်တာ။ ဟိုမှာလဲ ပြုလုပ်တာ။ အရှင်ဘုရား အဲဒါဆိုလို့ရှိရင် ဒီကမ္မဘဝကို အရှင်ဘုရား ဘာပြုလို့ ထည့်ထားတာလဲ? ဟုတ်ရဲ့လား?

"မှန်ပါ ဘုရား"

ပြုလုပ်ပုံချင်း မတူလို့ပေါ့။ (၁)အကွက်မှာ ပြုလုပ်တဲ့ သင်္ခါရသည် လွန်လေပြီးသော အတိတ်ကာလ။ ဟောဒီ (၃)အကွက်မှာပြုလုပ်တဲ့ သင်္ခါရကျတော့ ယခုဖြစ်ဆဲပစ္စုပ္ပန်ကာလ။ ယောဂီတို့ ကာလအနေအားဖြင့် တူလား။

"မတူပါဘူး ဘုရား"

သင်္ခါရကြည့်ပြန်တော့လဲ ပုညာဘိသင်္ခါရ၊ အပုညာဘိသင်္ခါရ၊ အာနေဉ္ဇာဘိသင်္ခါရ၊ ယောဂီတို့ သင်္ခါရ ဘယ်နှစ်မျိုးလဲ?

"သုံးမျိုးပါ ဘုရား"

ဟောဒီမှာကလဲ သုံးမျိုးပဲ။ ဒါဆိုတော့ အဲဒီ သုံးမျိုးနဲ့ တူသလားဆိုတော့ ဟော... မတူပြန်ဘူး။ ဒီက ကမ္မဘဝကျတော့...

**ကာယကံ၊ ဝစီကံ၊ မနောကံ**

ယောဂီတို့ ကံ ဘယ်နှစ်မျိုးလဲ?

"သုံးမျိုးပါ ဘုရား"

ကာယကံ ကိုယ်နဲ့လုပ်တယ်။ ယောဂီတို့ အလုပ်တစ်ခုလုပ်ရင် ဘယ်သူပဲလုပ်လုပ် အဲဒါ ကိုယ်နဲ့လုပ်တာပဲ။

နောက်တစ်ခါကျတော့ ဝစီကံတဲ့။ နှုတ်နဲ့ပြောတယ်။ မပြောဘူးလား။

"ပြောပါတယ် ဘုရား"

မနောကံကျတော့ စိတ်နဲ့ ကြံတယ်။

ကမ္ဘာပေါ်မှာ လူဦးရေဘယ်လောက်များများ ဘယ်လောက်ပဲ အလုပ်ရှုပ်တဲ့ လူသားတစ်ဦးပဲ ဖြစ်နေပါစေ အဲဒီအလုပ် သုံးမျိုးကလွဲရင် ဘာမှ ပိုမလုပ်နိုင်ဘူး။ ရှင်းရဲ့လား?

"ရှင်းပါတယ် ဘုရား"

ကမ္ဘာပေါ်မှာ သိပ်ပြီးတော့ အလုပ်ရှုပ်ပါတယ်ဆိုတဲ့ လူသားတွေမှန်သမျှ နံပါတ်(၁) ကာယကံကိုယ်နဲ့ လုပ်ရပါတယ်။ ဝစီကံနှုတ်နဲ့ ပြောရပါတယ်။ မနောကံ စိတ်နဲ့ ကြံရပါတယ်။ အဲဒီ သုံးမျိုးအပြင် သူဘာလုပ်နိုင် လဲ?

"ဘာမှမလုပ်နိုင်ပါဘူး ဘုရား"

ဘာမှမလုပ်နိုင်ဘူး။ ဒါကြောင့်မို့လို့ တဏှာဆိုတာ လိုချင်တာ၊ ဥပါဒါန်ဆိုတာ စွဲလမ်းတာ၊ ကမ္မဘဝဆိုတာ ပြုလုပ်တာ။ ဒီလိုမို့လား?

"မှန်ပါ ဘုရား"

အဲဒီတော့ သူတော်ကောင်းတို့ ဒါလေးပဲ ရှင်းပြီလား?

"ရှင်းပါပြီ ဘုရား"

ရှင်းပြီဆိုလို့ရှိရင် နံပါတ်(၄)အကွက်က ဘာတဲ့လဲ? ဇာတိ။

ဇာတိ ဆိုတာကတော့ ဘဝတစ်ခုရတာပဲ။ ဇာတိကို အရကောက်တော့ ခန္ဓာငါးပါး။ ဒီမှာ ဝိညာဏ်၊ သင်္ခါရကပြုလုပ်တော့ ဝိညာဏ်မရဘူးလား?

"ရပါတယ် ဘုရား"

ရလာတယ်။ ကမ္မဘဝကပြုလုပ်တော့ ဇာတိလေးတစ်ခုရလာတယ်။ ဒါပါပဲ။

အဲဒီတော့ ဇာတိ ရလာပြီးတဲ့အခါကျတော့ ယောဂီတို့ ဇရာ မရဏ။ ဇာတိ ဆိုတဲ့ တရား။ ဇာတိဆိုတဲ့တရားက ဦးဇင်းတို့၊ ယောဂီတို့ ဆိုင်လာတဲ့ခန္ဓာ ဘယ်နှစ်ပါးလဲ?

"ငါးပါးပါ ဘုရား"

အဲဒီခန္ဓာငါးပါးကို ဇာတိလို့ခေါ်တာ။ အဲဒီ ဇာတိတရားရလာရင် မအိုဘူးလား?

"အိုပါတယ် ဘုရား"

မနာဘူးလား?

"နာပါတယ် ဘုရား"

မသေဘူးလား?

"သေပါတယ် ဘုရား"

ဒါကြောင့်မို့လို့ ခန္ဓာဘယ်နှစ်ပါးလို့ ပြောလဲ?

"ငါးပါးပါ ဘုရား"

အင်္ဂါတစ်ဆယ့်နှစ်ပါးကို အကြမ်းဖျင်း အားဖြင့် သဘောပေါက်ပြီလား?

"ပေါက်ပါပြီ ဘုရား"

အဲဒါမှ သဘောမပေါက်ရင် ပဋိစ္စသမုပ္ပါဒ်အရသာကို ခံစားလို့မရပါဘူး။ ဒါကြောင့်မို့လို့ ယောဂီအပေါင်း သူတော်ကောင်းတို့ အဲဒီ အင်္ဂါတစ်ဆယ့် နှစ်ပါးရဲ့ အဓိပ္ပာယ်လေးကို အကြမ်းဖျင်းပြန်ပြောကြရအောင်။

## အင်္ဂါတစ်ဆယ့်နှစ်ပါး အစိပ္ပာယ်

အဝိဇ္ဇာက မသိတာ၊ သင်္ခါရက ပြုလုပ်တာ၊ ဝိညာဏ်က ရတာ။
သွားချင်တာက နာမ်၊ သွားတဲ့ဟန်က ရုပ်။
စားချင်တာက နာမ်၊ စားတဲ့ဟန်က ရုပ်။
သဠာယတန၊ ဆအာယတန၊
**ဆ** ဆိုတာ ခြောက်ခု၊ **အာယတန** ဆိုတာ ချဲ့တာ။
အဲဒီတော့ ချဲ့တတ်တဲ့တရားဟာ ဘယ်နှစ်မျိုးလဲ?
"ခြောက်မျိုးပါ ဘုရား"
ဆိုကြည့်ရအောင်...
မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်။ ဘယ်နှစ်မျိုးလဲ?
"ခြောက်မျိုးပါ ဘုရား"
ဖဿရဲ့ သဘောက တခြားလား၊ တွေ့ထိတာလား?
"တွေ့ထိတာပါ ဘုရား"
ဝေဒနာရဲ့ သဘောက တခြားလား၊ ခံစားတာလား?
"ခံစားတာပါ ဘုရား"
ခန္ဓာရဲ့ သဘောက တခြားလား၊ လိုချင်တာလား?
"လိုချင်တာပါ ဘုရား"
ဥပါဒါန်ရဲ့ သဘောက တခြားလား၊ စွဲလမ်းတာလား?
"စွဲလမ်းတာပါ ဘုရား"
ကမ္မဘဝရဲ့ သဘောက တခြားလား၊ ပြုလုပ်တာလား?
"ပြုလုပ်တာပါ ဘုရား"
ဇာတိရဲ့ သဘောက တခြားလား၊ ခန္ဓာရတာလား?
"ခန္ဓာရတာပါ ဘုရား"
ခန္ဓာရလာပြီးရင် ဇရာ မအိုဘူးလား?
"အိုပါတယ် ဘုရား"
မရဏ မသေဘူးလား?
"သေပါတယ် ဘုရား"
ဪ... ဒါ ဘဝနဲ့တွေ့တဲ့ ပဋိစ္စသမုပ္ပါဒ်။

ဒါဆိုရင် ယောဂီအပေါင်း သူတော်ကောင်းတို့ လက်ာချပေးလို့ရပြီ လိုက်ဆိုကြပါ။

**အဝိဇ္ဇာ ဘယ်မှာနေ၊ မိမိစိတ်မှာနေ။**

အဝိဇ္ဇာရဲ့ အဓိပ္ပာယ်ကို ယောဂီတို့ ပြောကြည့်စမ်းပါ။ အဝိဇ္ဇာက ဘာတဲ့လဲ?

"မသိတာပါ ဘုရား"

မသိတဲ့ အဝိဇ္ဇာ။ ဘာမသိတာလဲ?

သစ္စာမသိတာ။ မသိတဲ့ အဝိဇ္ဇာက သူများခန္ဓာမှာလား၊ ကိုယ့်ခန္ဓာမှာလား?

"ကိုယ့်ခန္ဓာမှာပါ ဘုရား"

ဒါကြောင့်မို့လို့ လိုက်ဆို။

**အဝိဇ္ဇာ ဘယ်မှာနေ၊ မိမိစိတ်မှာ နေ။**

**တစ်ခါတစ်လေ မိုက်မဲမှု၊ သင်္ခါရကို ပြု။**

**သင်္ခါရပြုတော့ ဝိညာဏ်တွယ်၊ နာမ်ရုပ်အိမ်ကိုဆွယ်။**

**အကြည်ခြောက်သွယ် မှန်တံခါး၊ ကောင်းစွာ တပ်ဆင်ထား၊**

**အာရုံခြောက်ပါး တွေ့ဆုံသော်၊ ဝိညာဏ်ခြောက်ပါး ဆိုင်ရာပေါ်၊**

**ပေါ်လာလေတဲ့ အာရုံများ၊ ကောင်းစွာ သူခံစား။**

**မှတ်သားမိတော့ လိုချင်ပြန်၊ ခံစားမိတော့ လိုချင်ပြန်၊ စွဲလမ်း ဥပါဒါန်**

**ဥပါဒါန်ကြောင့် ရလို့မှု၊ ကံတွေ ထပ်၍ပြု။**

**ကံပြုမိတော့ ဇာတိပေါ်၊ နာမ်ရုပ်အသစ် ခေါ်။**

**နာမ်ရုပ်ခေါ်တော့ အိုနာဆုံး၊ သေတော့ခေါင်းတစ်လုံး။**

ဒါ... ဘဝတစ်ခုရဲ့ ပဋိစ္စသမုပ္ပါဒ်ပါပဲ။ ပဋိစ္စသမုပ္ပါဒ်ဆိုတာ တခြားလား၊ အကြောင်း အကျိုးလား။

"အကြောင်းအကျိုးပါ ဘုရား"

အကြောင်းတွေကို ပြုလုပ်လိုက်၊ အကျိုးတွေရလိုက်။ ဒီလိုမနေဘူးလား။

"နေပါတယ် ဘုရား"

လွန်လေပြီးသော အတိတ်ကာလတဲ့။ (၁)အကွက်မှာ မတွေ့ဘူးလား။

"တွေ့ပါတယ် ဘုရား"

လွန်လေပြီးသော အတိတ်ကာလက အဝိဇ္ဇာ သင်္ခါရတွေခြံရံ။ ခြံရံပြီးတော့ သမုဒယတွေနဲ့လုပ်တော့ (၂)အကွက်မှာ ခန္ဓာငါးပါးမရဘူးလား။

"ရပါတယ် ဘုရား"

ရလာတဲ့ ခန္ဓာငါးပါးဟာ အကြောင်းလား၊ အကျိုးလား။

"အကျိုးပါ ဘုရား"

အကျိုးတရား ယောဂီတို့ ဘာတဲ့လဲ။

"အကျိုးတရားပါ ဘုရား"

အဝိဇ္ဇာ သင်္ခါရသည် အကြောင်း။

ခန္ဓာငါးပါးသည်...

"အကျိုးပါ ဘုရား"

အကြောင်းကြောင့် ဘာရလဲ?

"အကျိုးရပါတယ် ဘုရား"

(၃)အကွက်ကို ပြန်ပြီးတော့ကြည့် ဒီခန္ဓာငါးပါး ရလာတဲ့အခါကျတော့ ယောဂီအပေါင်း သူတော်ကောင်းတို့ ဒီဘဝမှာ အဖြစ်သင့်ဆုံးအလုပ်ကို ပြောပါလို့ ဆိုလို့ရှိရင် ဒီ ဝိပဿနာအလုပ်ပဲ။ ဝိပဿနာလမ်းစဉ်ကို လိုက်မှ မအို၊ မနာ၊ မသေတဲ့ နိဗ္ဗာန်ကိုရောက်မယ် ဆိုတာ မသေချာဘူးလား။

"သေချာပါတယ် ဘုရား"

အခုတော့ ဝိပဿနာလဲ မလုပ်ဘူး။ ခန္ဓာရဲ့ ဖြစ်ခြင်း၊ ပျက်ခြင်းကိုလဲ မမြင်ဘူး။ ဆိုလို့ရှိရင် ဒီ (၂)အကွက်ကနေ မသေဘူးလား။

"သေပါတယ် ဘုရား"

သေတဲ့အခါကျတော့ ရိုးရိုးတန်းတန်း မသေဘူး။ သေတော့မယ်ဆိုတဲ့ လူတစ်ယောက်ဟာ ကိုယ့်မှာဘာမှ ကုသိုလ်ကောင်းမှုလဲ မပြည့်စုံဘူး။ သတိပဋ္ဌာန် ဝိပဿနာတရားလဲ မရှိဘူး ဆိုလို့ရှိရင် ယောဂီအပေါင်း သူတော်ကောင်းတို့ ကောင်းကောင်းသေမလား? စွဲပြီးတော့ သေမှာလား။

"စွဲပြီးတော့သေမှာပါ ဘုရား"

ဩော်... သေတော့မယ်ဆိုတော့ လူတိုင်း လူတိုင်း ကိုယ့်ဘဝလေးကိုတော့ နှစ်သက်တာပဲ။ မနှစ်သက်ဘူးလား။

"နှစ်သက်ပါတယ် ဘုရား"

ကိုယ့်ဘဝလေးကို နှစ်သက်တာက တဏှာ၊ နှစ်သက်တာက ဘာလဲ။

"တဏှာပါ ဘုရား"

ဩော်...နှစ်သက်ပြီးတဲ့အခါကျတော့ ထပ်ပြီးတော့စွဲလမ်းတာက ဘာတဲ့လဲ။

"ဥပါဒါန်ပါ ဘုရား"

အဲဒါနဲ့ သေခါနီး သေခါနီးလဲကျရော ဩော်- ဒီလိုဘ၀မျိုး ဒီလိုမိသားစုလေး ဒီလိုအပေါင်းအသင်း သူငယ်ချင်း ဒီလိုရာသီဥတုလေးတွေနဲ့ နောက်ဘ၀ ဆုံတွေ့ လိုက်ချင်ရဲ့ ဆိုပြီးတော့ တခြားလား၊ ကမ္မဘ၀လား။

"ကမ္မဘ၀ပါ ဘုရား"

ဩော်- ကမ္မဘ၀လေး လုပ်တဲ့အခါကျတော့ ယောဂီအပေါင်း သူတော်ကောင်းတို့ နံပါတ်(၄) ဇာတိပြန် မရဘူးလား။

"ရပါတယ် ဘုရား"

ဩော်... (၁)အကွက်ကြောင့် (၂)အကွက်ရတယ်။ (၁)အကွက်ကြောင့် ဘာရလဲ။

"(၂)အကွက်ပါ ဘုရား"

ဩော်... (၂)အကွက်မှာ သူတော်ကောင်းတို့... သစ္စာဝိပဿနာတရားတွေ မလုပ်ပဲနဲ့ ခန္ဓာမချုပ်တဲ့အခါကျတော့ (၃)အကွက် မကူးဘူးလား? (၃) အကွက်က တဏှာ၊ ဥပါဒါန်၊ ကံ သမုဒယတွေအကြောင်းတွေ ထပ်လုပ်တော့ (၄)အကွက် ဇာတိ ဆိုတဲ့ ဒုက္ခသစ္စာတွေ ထပ်ရတယ်။ ယောဂီတို့ ရှင်းလား?

"ရှင်းပါတယ် ဘုရား"

အဝိဇ္ဇာ၊ သင်္ခါရတွေလုပ်လိုက်၊ ခန္ဓာငါးပါးတွေရလိုက် ဟုတ်လား။

"မှန်ပါ ဘုရား"

အဲဒီ ခန္ဓာငါးပါးကို ပြန်ပြီးတော့ တွယ်တာတပ်မက်တော့ ကမ္မဘ၀တွေလုပ် လုပ်တဲ့အခါကျတော့ ဇာတိဆိုတဲ့ ခန္ဓာငါးပါးရ။ ဒုက္ခသစ္စာ မရဘူးလား။

"ရပါတယ် ဘုရား"

နံပါတ်(၁) ကြည့်ပါလား? (၁)အကွက်က အဝိဇ္ဇာတဲ့။ (၁)အကွက်က ဘာတဲ့လဲ။

"အဝိဇ္ဇာပါ ဘုရား"

အဝိဇ္ဇာဆိုတာက ယောဂီတို့ တခြားလား၊ မသိတာလား။

"မသိတာပါ ဘုရား"

သင်္ခါရဆိုတာက တခြားလား၊ ပြုလုပ်တာလား။

"ပြုလုပ်တာပါ ဘုရား"

မသိလို့ ဘာလုပ်တာလဲ။

"ပြုလုပ်တာပါ ဘုရား"

မသိလို့ပြုလုပ်တာဆိုတော့ အကောင်းလုပ်တာလား? ရမ်းလုပ်တာလား?

"ရမ်းလုပ်တာပါ ဘုရား"

ရမ်းလုပ်တာဆိုတော့ ယောဂီအပေါင်း သူတော်ကောင်းတို့ ဩော်...ရလာတဲ့ အကျိုးကျတော့ကော အကောင်းရမလား? ဆိုးကျိုးရမလား?

"ဆိုးကျိုးပါ ဘုရား"

ဦးဇင်းတို့ ပြောနေကြတာ လောကမှာလူချမ်းသာကြီး... နတ်ချမ်းသာကြီး မပြောဘူးလား?

"ပြောပါတယ် ဘုရား"

ဒါပေမယ့် သစ္စာဉာဏ်အမြင်မရှိတဲ့ ပုဂ္ဂိုလ်တွေရဲ့ပြောစကား။ သစ္စာမျက်လုံးနဲ့ ကြည့်တဲ့အခါကျတော့ ဘုရားရှင်ကိုယ်တော်မြတ်က မင်းတို့ ငါတို့တစ်တွေရထားတဲ့ ခန္ဓာငါးပါး (၃၁)ဘုံမှာရှိတဲ့ ခန္ဓာမှန်သမျှ သစ္စာနဲ့ကြည့်တော့ ဘာဖြစ်တာလဲ?

"ဒုက္ခသစ္စာပါ ဘုရား"

လူ့ချမ်းသာဆိုတာ ရှာတွေ့သလား?

"မတွေ့ပါဘူး ဘုရား"

နတ်ချမ်းသာဆိုတာ ရှာတွေ့လား?

"မတွေ့ပါ ဘုရား"

ဗြဟ္မာချမ်းသာဆိုတာ ရှာတွေ့လား?

"မတွေ့ပါ ဘုရား"

မတွေ့ပါဘူး။ တခြားလား၊ ဒုက္ခသစ္စာလား?

"ဒုက္ခသစ္စာပါ ဘုရား"

ဒုက္ခသစ္စာကို ဒုက္ခသစ္စာလို့ မသိတာက တခြားလား၊ အဝိဇ္ဇာလား?

"အဝိဇ္ဇာပါ ဘုရား"

တချို့ကတော့ ပြောမှာပေါ့ တပည့်တော်က သိပါတယ်ဘုရား၊ ဘာသိတာလဲ ဆိုတော့ ဒုက္ခတဲ့။

ယောဂီအပေါင်း သူတော်ကောင်းတို့ ပြောနေကြတာပဲလေ။

လောကထဲမှာ သားသမီးတွေ မလိမ္မာတဲ့အခါကျတော့ မိဘတွေက အို မင်းတို့ နဲ့တော့ ငါ မပြောလိုက်ချင်ဘူး။ ဒုက္ခကွယ် မငြီးဘူးလား?

"ငြီးပါတယ် ဘုရား"

## ဒုက္ခသစ္စာကို အစစ်အမှန်သိပါစေ

အဲဒီလို ဒုက္ခ ဆိုတာက လောကဥပမာနဲ့ ပြောလို့ရှိရင် ခွေးသိ၊ ဝက်သိတဲ့။ ဘာသိ ဘာသိလေးလဲ?

"ခွေးသိ၊ ဝက်သိပါ ဘုရား"

ခွေးသိ ဝက်သိလေးဆိုတော့ နည်းနည်းရိုင်းတယ်လို့တော့ မထင်ပါနဲ့ ယောဂီတို့နော် လမ်းဘေးနား ဟိုအနား ဒီအနားသွားတဲ့အခါ ခွေးလေးတွေ မတွေ့ဘူးလား။

"တွေ့ပါတယ် ဘုရား"

ကိုယ်ကလဲ အမြင်ကပ်ပြီး ခွေးလေးကိုယ့်ကို ကိုက်မှာစိုးတယ်ဆိုတော့ ဘေးနားမှာရှိတဲ့ တစ်ခါတည်း အုတ်နီခဲကြီးတစ်လုံးကိုယူပြီးတော့ ခွေးကို အားကုန်လွှဲပစ်လိုက်တယ်။ မပစ်ဘူးလား။

"ပစ်ပါတယ် ဘုရား"

အဲဒီလို လွှဲပစ်လိုက်တော့ ခွေးရဲ့ခန္ဓာကိုယ်သွားထိလိုက်တော့ အဲဒီခွေးက-ဘယ်လိုအော်မလဲ။

"ကိန်... ကိန်လို့ အော်ပါတယ် ဘုရား"

အေး...မဆိုးဘူးနော်၊ ဒို့ပြင် ယောဂီတွေလဲ အော်သာအော် ဘာမှမဖြစ်ဘူး။ ခွေးလိုအော်ရုံနဲ့ ခွေးမဖြစ်နိုင်ဘူး။ ဟုတ်ရဲ့လား ယောဂီတို့။

"မှန်ပါ့ ဘုရား"

အဲဒီလိုအော်တဲ့ခွေးဟာ ခွေးမို့လို့သူ့ရဲ့သဘာဝ ကိန်...ကိန်...လို့အော်တာ ဒါပေမယ့် လူသာဆိုလို့ရှိရင် ဒီဥပမာပဲ ဦးဇင်းတို့ တောသူတောင်သားတွေဆိုလို့ရှိရင် ဒီအတိုင်းပဲ နွားတွေနဲ့ တရုန်းရုန်း ကျွဲတွေနဲ့ တရုန်းရုန်း မခိုင်းဘူးလား။

"ခိုင်းပါတယ် ဘုရား"

ဟော... သူတို့ အလိုမကျတဲ့အခါကျတော့ ရိုက်လိုက်တာ ဟုတ်လား။

"မှန်ပါ ဘုရား"

နွားဆိုတော့ ရိုက်လို့ရှိရင် တဗျစ်ဗျစ်နဲ့ ငြီးတာ အော်တာပဲရှိတယ်။ လူစကားနဲ့ ပြောလို့ရှိရင် ဒုက္ခ...ဒုက္ခလို့ ပြောတာ။

ယောဂီတို့ စဉ်းစားကြည့်လိုက်စမ်းပါ။ ဦးဇင်းတို့တစ်တွေ သိနေကြတဲ့ ဒုက္ခ... ဒုက္ခဆိုတာဟာလေ ခွေးသိ ဝက်သိလေးပါ။

တကယ်တော့ ဒုက္ခကို ဒုက္ခမှန်း သေသေချာချာသိသွားတဲ့ ပုဂ္ဂိုလ်များကျတော့ ဘုရားတွေ ရဟန္တာတွေဖြစ် ဖြစ်သွားကြပြီ။ ဒုက္ခသိတာ သစ္စာကိုသိတာ ဦးဇင်းတို့ ယောဂီတို့ အပေါ်ယံကြောလေး ရှပ်ပြီးတော့သိတာ။

အဲဒီတော့ ပြောချင်တာက ဦးဇင်းတို့ရထားတဲ့၊ သိထားတဲ့ ဒုက္ခလေးဟာ ပါးပါးလေးနော်။

ဒါကြောင့်မို့လို့ ဦးဇင်းတို့ ဘဝသံသရာမှာ အဲဒီလိုလည်နေတာ ဘာမသိလို့လဲ ဆိုတော့ ယောဂီ တို့ရေ သစ္စာကိုမသိလို့။

ဘာကိုမသိလို့လဲ?

"သစ္စာကိုမသိလို့ပါ ဘုရား"

သစ္စာကိုမသိတာ တခြားလား၊ အဝိဇ္ဇာလား?

"အဝိဇ္ဇာပါဘုရား"

**စတုန္နံ အရိယသစ္စာနံ၊ ယထာဘူတံ အဒဿနံ။**

ဒါ ဘုရားဟောတာလေ။

**စတုန္နံ**-လေးပါးကုန်သော၊ **အရိယ သစ္စာနံ**- အရိယသစ္စာတရားတွေကို၊ **အဒဿနံ**- ထိုးထိုးထွင်းထွင်း မသိကြတဲ့အတွက်ကြောင့်၊ **သန္ဓာဝိသံ**- သတ္တဝါတွေဟာ သံသရာလည်နေကြတယ်။ လူဖြစ်လိုက်၊ နတ်ဖြစ်လိုက်၊ ပြဟ္မာဖြစ်လိုက် ဖြစ်တဲ့ဘဝမှာ သံသရာတွေလည်။ ပဋိစ္စသမုပ္ပါဒ် အကြောင်းအကျိုးတွေ ဖြစ်နေကြရတာ တခြားမသိလို့လား၊ သစ္စာမသိလို့လား?

"သစ္စာမသိလို့ပါ ဘုရား"

ဒါကြောင့်မို့လို့ လင်္ကာဆရာတွေက ပြောတာ-

**ဘေးဖြစ်တာ လေးသစ္စာ၊ မမြင်ကန်းသောကြောင့်**
**ပင်ပန်းသူ လူတချို့မှာတော့ ပူလို့မဆုံး။**
**သနားလေသနော်- တရားကိုအရည်ဖျော်လို့**
**တစ်ခွန်းခေါ်- ဇွန်းကော်လို့ တိုက်ချင်ပါ့၊**
**မလိမ္မာ သူငါမိုက်ကယ်တို့**
**သံသရာသည်တစ်ဝိုက်မှာ မျောလိုက်ကြဦး။**

သံသရာတစ်ခွင်မှာ မျောမျောနေကြတာ တခြားမသိလို့လား၊ သစ္စာမသိလို့လား?

"သစ္စာမသိလို့ပါ ဘုရား"

ဦးဇင်းတို့ သာဓကလေးနဲ့ ပြောရမယ်ဆိုလို့ရှိရင် ဘုရားလက်ထက်တော် ကာလတုန်းက အလှမာန်ယစ်လောက်အောင်လဲပဲ သူရဲ့ ရုပ်ရည်ရူပကာယကလဲ အင်မတန်ချောမောလှတဲ့ မိဖုရားတစ်ယောက် ရှိတယ်လေ။

အားလုံးသော ယောဂီတွေ ကြားဘူးပါတယ်။

ခေမာမိဖုရား။

ခေမာမိဖုရားဆိုတာ အမျိုးသမီးတွေမှာပြည့်စုံရမယ့် အလှအင်္ဂါ။ ယောဂီတို့ရေ ဘယ်နှစ်မျိုးလို့ကြားဘူး သလဲ?

"ငါးမျိုးပါ ဘုရား"

အမယ်... ရှေ့က တကာကြီးကတောင် သိတယ်။ ငါးမျိုး...တဲ့။

ဟုတ်လား? နောက်က တကာမကြီးတွေက မသိဘူး။ ဘာတဲ့လဲ။

**ဆံသားရိုးရည်၊ ရွယ်ငါးထွေ၊**

**များလေကောင်းခြင်းမှတ်။**

**ကောင်းခြင်းငါးဝ စုံလင်မှ၊ မျိုးလှမိန်းမမြတ်။**

နောက်ပြီးတော့ သိပ်ချောမောလှပတဲ့ အမျိုသမီးဆိုတာက ကောင်းခြင်း ငါးဖြာ ရှိတယ်တဲ့။

ဆံပင်ရဲ့ကောင်းခြင်း၊ အသားရဲ့ကောင်းခြင်း၊ အရိုးရဲ့ကောင်းခြင်း၊ အရည်ရဲ့ ကောင်းခြင်း၊ အရိုးရဲ့ကောင်းခြင်း ဒီလိုရှိတာကိုးဗျ။ တစ်ခုစီပြောရင်တော့ ဖြစ်မှ မဖြစ်တော့ဘူး။ တရားကလဲ သိမ်းကာ နီးပြီကိုးဗျ။ ကောင်းခြင်း ဘယ်နှစ်မျိုးလဲ?

"ငါးမျိုးပါ ဘုရား"

ဆံပင်ရဲ့ ကောင်းခြင်းကျတော့ ဆံပင်ကောင်းတယ်ဆိုတဲ့ အမျိုသမီး။ အလှ စာရင်းထဲဝင်တာက သူ့ရဲ့ဆံပင်ကို ဒီကနေ ဖြီးတော့ အောက်ကိုချလိုက်တဲ့အခါမှာ ခြေဖမျက်ကို ထိရမယ်တဲ့။ ဘယ်ကိုထိရမလဲ?

"ခြေဖမျက်ပါ ဘုရား"

ခြေဖမျက်ကိုထိတဲ့ အဲဒီဆံပင်ကလဲ အောက်ကိုမကျဘဲ အပေါ်ကိုကော့တင် နေရမယ်တဲ့။ ဒီမှာ ဘယ်နှစ်ယောက်ပါလဲ?

"တစ်ယောက်မှမပါပါဘူး ဘုရား"

ခုနက ခေမာဆိုတဲ့ အဲဒီအမျိုးသမီး မိဖုရားက ကောင်းခြင်းငါးမျိုးနဲ့ ပြည့်စုံတယ်။ ကောင်းခြင်းဘယ်နှစ်မျိုးလဲ?

"ငါးမျိုးပါ ဘုရား"

သိပ်ချော- သိပ်လှတာပေါ့ သူ့ခေတ် သူ့အခါကနော်။ သူရဲ့လင်တော်မောင် ယောက်ျားဖြစ်သူက တိုင်းပြည်အုပ်ချုပ် ဘုရင်လုပ်တဲ့ ဗိမ္ဗိသာရ။ ပြော...ဘယ်သူလဲ?

"ဗိမ္ဗိသာရပါ ဘုရား"

ဗိမ္ဗိသာရ တိုင်းပြည်အုပ်ချုပ်တဲ့ မင်းဆိုတာကတော့ သိတဲ့အတိုင်း တိုင်းပြည်မှာ အချောဆုံး အလှဆုံးလေးတွေ မွေးထားတာ။

ဗိမ္ဗိသာရမင်းက အဲဒီ ခေမာမိဖုရားက သိပ်လှတဲ့အခါကျတော့ သူရဲ့အလှကို မာန်ယစ်တယ်တဲ့။ အလှကို ဘာဖြစ်လဲ?

"မာန်ယစ်ပါတယ် ဘုရား"

ဘုရားရှင်ကိုယ်တော်မြတ်က ကျောင်းတော်မှာ သီတင်းသုံးပါတယ်။ ဘုရားက ကျောင်းကနေပြီးတော့ သီတင်းသုံးပြီးတော့ သွားစေကြတယ်။ နေ့စဉ်နေ့တိုင်း တရားတွေဟောနေတာ ခေမာက ဘုရားကျောင်းမသွားဘူး။ သွားရဲ့လား?

"မသွားပါဘူး ဘုရား"

ဘာဖြစ်လို့ မသွားတာလဲဆိုတော့ အကြောင်းလေးရှိတယ်။ သူက အလှမာန်သိပ်ယစ်တာ- သူ့လောက်လှတာလဲ ဇမ္ဗူမှာမရှိဘူးလို့ သူကထင်နေတာ။ သူကြားဘူးတာက ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည် ဒီခန္ဓာကိုယ် ရုပ်နာမ်ခန္ဓာကြီးကို အနိစ္စလို့ပြောသည် ဒုက္ခလို့ပြောသည် အနတ္တလို့ပြောသည်။ အသုဘလို့ပြောသည်။

ခေမာမိဖုရားထင်ထားတာ ဒီခန္ဓာရုပ်တရားသည် အနိစ္စမဟုတ်ပါဘူး။ နိစ္စပါ။

ဒုက္ခမဟုတ်ပါဘူး။ သုခပါ။ အသုဘ မတင့်တယ်တာမဟုတ်ပါဘူး။ တင့်တယ်ပါတယ် ဆိုတော့- ဘုရားအယူအဆနဲ့ သူ့အယူအဆကတူသေးလား?

"မတူပါဘူး ဘုရား"

မတူတဲ့အခါကျတော့ ငါများ ဘုရားကျောင်းတော်သွားလို့ရှိရင် ဧကန်မုချ ဘုရား ငါ့ကို အပြစ်တွေပြောလိမ့်မယ်။ ခန္ဓာအပြစ်။

ခန္ဓာအပြစ်ကိုပြောမယ့် ပုဂ္ဂိုလ်နဲ့ ခန္ဓာကို ယုယတဲ့ပုဂ္ဂိုလ်ကျတော့ ဘယ်လိုမှ သဟဇာတမဖြစ်ဘူး။ မဖြစ်တဲ့အခါကျတော့ ဘုရားကျောင်းတော်မသွားဘူး။

သူ့ရဲ့လင်တော်မောင်ဖြစ်တဲ့ ဗိမ္ဗိသာရမင်းကတော့ ဆွေတော်မျိုးတော်တို့ ဘုရားကို သိပ်ပြီးတော့ ကြည်ညိုတာ။

တစ်နေ့ကို ကျောင်း(၃)ခေါက်သွားတယ်။ မနက်တစ်ခေါက်၊ နေ့လယ် တစ်ခေါက်၊ ညတစ်ခေါက်။ ဘယ်နှစ်ခေါက်လဲ?

"သုံးခေါက်ပါ ဘုရား"

ဘုရားရဲ့ တရားကို ညစဉ်သွားနာတာ။ အဲဒီအခါကျတော့-

**သဗ္ဗရသံ ဓမ္မရသံ ဇိနာတိ။**

ဆိုတဲ့အတိုင်း အရသာတကာ့ အရသာထဲမှာ တရားအရသာကို မှီတာရှိလား?

"မရှိပါဘူး ဘုရား"

## တရားအရသာ မျှဝေပါ

အဲဒီ တရားဆိုတဲ့ အရသာကို ခံစား စားသောက်ပြီးတော့ မှီဝဲနေရတဲ့ ဗိမ္ဗိသာရမင်းကြီး။

လောကမှာ ပြောတဲ့စကားလေးတစ်ခုရှိပါတယ်။ ယောဂီတို့ အစားကောင်း လေးများစားရလို့ရှိရင် ချစ်တဲ့သူကို သတိရတယ်တဲ့။

ယောဂီအပေါင်း သူတော်ကောင်းတို့က အခုအစားအသောက်လေးတွေ အခန်းထဲမှာ ကိုယ်ဘာသာကို စားတဲ့အခါ ပလ္လင်ပေါ်က ကိုယ်တော်ကိုများ သတိရ ဖူးလား?

အင်း...မရဘူး။ ခင်ဗျားတို့နဲ့ ရေစက်ကိုမပါဘူး။

အေး... အဲဒါ စကားလေးက အဲဒီလို ဦးဇင်းကကြားဘူးတာနော်။ အစား ကောင်းလေးများစားရရင် ချစ်တဲ့သူ သတိရတယ်တဲ့။ ထိုနည်းတူစွာပါပဲ မြတ်စွာ ဘုရားရဲ့ အရသာတကာ့ အရသာထဲမှာ တရားအရသာကို နေ့စဉ်သောက်သုံးနေတဲ့ ဗိမ္ဗိသာရမင်းကြီးက သူချစ်တဲ့ ခေမာမိဖုရား။ ဘယ်သူတဲ့လဲ?

"ခေမာမိဖုရားပါ ဘုရား"

သတိရတာပေါ့... ငါ ဒီတရားအရသာလေး ခံစားစေရသလို ငါ့မိဖုရားကြီး ခံစားစေချင်တာ။ ဟိုမိဖုရားကလဲ ကျောင်းကိုမသွားဘူးဆိုတော့ အေး... ငါ အကြံထုတ်ဦးမှပဲ ဆိုပြီးတော့ တိုင်းပြည်ထဲမှာရှိတဲ့ နန်းတွင်းထဲမှာရှိတဲ့ ကချေသည် တွေ၊ ဂီတသမားတွေကို အကုန်လုံးခေါ်ပြီးတဲ့အခါကျတော့ မင်းတို့ကွာ ဘုရားနဲ့

သံဃာတော်တွေသီတင်းသုံးတဲ့ ကျောင်းဘယ်လောက်များ သာယာတယ်ဆိုတဲ့ အကြောင်း ဘယ်လောက်တင့်တယ်တယ် ဆိုတဲ့အကြောင်း မင်းတို့ ဂီတအနုပညာ တွေနဲ့ ချယ်သ၊ ချယ်သပြီးတော့ ငါချစ်တဲ့ ခေမာမိဖုရားရဲ့ ရှေ့တော်မှောက်မှာသွားပြီး တော့ သီဆိုဖျော်ဖြေကြစေလို့ ဆိုပြီးတော့ အမိန့်တော် မချဘူးလား?

"ချပါတယ် ဘုရား"

အဲ... အမိန့်တော်ချလိုက်တဲ့ အခါကျတော့ ဂီတပညာရှင်တွေက သူတို့ တတ်ကျွမ်းတဲ့ ဂီတပညာနဲ့ ကျကျနန ဆွေတော်မျိုးတော်တွေ သီကုံးဖွဲ့လို့ ခေမာ မိဖုရားရဲ့ ရှေ့တော်မှောက်သို့ ဆွေတော်မျိုးတော်တွေ တေးသီချင်းနဲ့ ဘုရားရှင် ကိုယ်တော်မြတ်ရဲ့ ကျောင်းတော်ဘုရားနဲ့ သံဃာတော်တွေနေကဲ့ကျောင်း ဘယ် လောက် သာယာသလဲ ဆိုတာ အဲဒါလေးလေ ဆွေတော်မျိုးတော်ဒတွ သွားပြီးတော့ သီဆိုပြီးတော့ဖြေဖျော်နေတာ။

ဖျော်ဖြေနေတဲ့အခါကျတော့ ခေမာမိဖုရားက စဉ်းစားတယ်။

ဟာ...ငါ့အမြင်နဲ့ ငါ့အထင်နဲ့တော့ ဂီတသမားတွေ သီဆိုထားတာနဲ့တော့ တလွဲကြီးဖြစ်နေပြီ။ ငါထင်ထားတာက ဘုရားကျောင်းတော်ဟာ အင်မတန်ပျင်းစရာ ကောင်းလိမ့်မယ်။

အင်မတန်ခြောက်သွေ့လိမ့်မယ်လို့ ထင်တာ။ ဂီတသမားတွေ ဒီလောက် တောင် နှုတ်ထဲကနေ ဆိုပြီးတော့ သီနေမှတော့ ဘုရားကျောင်းတော်ဟာ သိပ်သာယာ လိမ့်မှာပဲလို့။ ငါ တစ်နေ့သောအခါကျတော့ ကျောင်းတော်ကိုသွားမယ်။ စိတ်ကလေး နည်းနည်းပါလာပြီနော်။

"မှန်ပါ ဘုရား"

ကျောင်းတော်ကို သွားမယ်ဆိုတာ ဒီအတိုင်းတော့ ငါသွားလို့မဖြစ်ဘူး။ ရမ်းသွားလို့မဖြစ်ဘူး။ အို...ငါ့ရဲ့ရုပ်အပြစ်ကိုပြောမယ် ဘုရားက ကျောင်းမှာရှိတယ်။ ဟုတ်လား?

"မှန်လှပါ ဘုရား"

ဘုရားကျောင်းမှာ မရှိတဲ့အချိန် မင်းတို့သွားလေ့လာစမ်း ဆိုပြီးတော့ အစေ အပါးတွေ သွားပြီးတော့ လေ့လာခိုင်းတဲ့ အခါကျတော့ ဘုရားက နေ့စဉ်နေ့တိုင်း ဆွမ်းခံကြွတယ်။ ဆွမ်းခံမကြွဘူးလား?

"ကြွပါတယ် ဘုရား"

ဆွမ်းခံကြွတဲ့အချိန် ဟုတ်ပြီပေါ့၊ ဘုရားက ကိုးနာရီခွဲ ဆွမ်းခံကြွတယ်ဆိုရင် ငါ ကိုးနာရီခွဲကျော်ကျော်လေးမှ ဘာဖြစ်လဲ? ကျောင်းသွားမယ်။ မပြောဘူးလား?

"ပြောပါတယ် ဘုရား"

အဲဒါနဲ့ နောက်တစ်နေ့ကျတဲ့အခါကျတော့ ဆွေတော်မျိုးတော်တွေ ဘုရားရှင်ကိုယ်တော်မြတ်က ကိုးနာရီခွဲလောက် ဆွမ်းခံကြွမယ်။ ခေမာမိဖုရားက နောက်ကနေ အခြွေရံသင်းပင်းတွေနဲ့ပေါ့ ဘုရားကျောင်းကိုသွားတာ။ လေ့လာရေးသွားတာ စိတ်ဝင်စားလို့ သွားတာမဟုတ်ဘူး။ အဲဒါ စခန်းတွေလဲ ဒီအတိုင်းပဲ။ ဘုရားကိုလဲ ဒီအတိုင်းပဲ။

လေ့လာရေးသွားတာ သွားတဲ့အခါကျတော့ ဘုရားရှင်ကိုယ်တော်မြတ်က အဲဒီ နံနက်စောစောပဲ သတ္တလောကကို လှမ်းကြည့်တာနော်။

ငါ ဘုရားရှင်ကိုယ်တော်မြတ်သည် ဒီကနေ့ ဘယ်ကဲ့သို့သော သတ္တဝါဝေနေယျတွေကို ခြေချုတ်ပြီးတော့ တရားဒေသနာတွေ ဟောရမလဲဆိုပြီးတော့- သတ္တလောကလှမ်းပြီးကြည့်ကဲ့အခါကျတော့ အလှမာန်ယစ်နေတဲ့ ခေမာမိဖုရား။ ဘယ်သူတဲ့လဲ?

"ခေမာမိဖုရားပါ ဘုရား"

ဟာ... ခေမာမိဖုရားတွေ့တဲ့အခါကျတော့...

ခေမာမိဖုရား အလှမာန်ယစ်နေတာ ငါ ခြေချုတ်ရမှာပါလား။ တော်ပြီ... ဒီနေ့တော့ ခေမာမိဖုရား ဘယ်အချိန်လာမလဲ? ကိုးနာရီခွဲ။ အံမာ- သူက ငါဆွမ်းခံကြွတဲ့အချိန်မှ ကွက်တိလာမှာ။ ဒီနေ့တော့ ငါဘုရား ဆွမ်းခံမကြွဘူး- အာနန္ဒာ။

ကဲ... ပြီးရော ဟုတ်ရဲ့လား။

ဘုရားကို သွားလိမ်လို့မရဘူး။ သူက **ပရစိတ္တ ဝိဇာနနဉာဏ်** သူများစိတ်အကုန်သိတာ။ မသိတာရှိရဲ့လား?

"မရှိပါဘူး ဘုရား"

အဲဒါ ငါဘုရားမကြွဘူး- အာနန္ဒာရေ ဆိုတော့ အာနန္ဒာက သပိတ်တွေ သင်္ကန်းတွေ အကုန်သိမ်းထားလိုက်ရတယ်။

အဲဒါနဲ့ ဆွေတော်မျိုးတော်တွေ ခေမာမိဖုရားက အခြွေအရံသင်းပင်းတွေနဲ့ သူရဲ့နန်းတော်ထဲကနေ ကိုးနာရီခွဲကျော် ကျော်လေးလဲရောက်ရော ကျောင်းတော်ကို ဝင်လိုက်တာ သူကဦးဆောင်ပြီးတော့ပေါ့နော်။ ဝင်လိုက်တဲ့အခါကျတော့ ဆွေတော်

မျိုးတော်တွေ ဘုရားရှင်ကိုယ်တော်မြတ်က သူ့ရဲ့ကျောင်းရဲ့ အဝင်ဝလေးနားမှာ ပလ္လင်လေးတစ်ခုကို အာနန္ဒာကို စီမံစေပြီးတော့ ဘုရားက အဲဒီမှာသီတင်းသုံး။

သီတင်းသုံးပြီးတော့ ဘုရားရှင်ကိုယ်တော်မြတ်က အထူးအဆန်းလေးတစ်ခုကို ဘုရားရှင်ကိုယ်တော်မြတ်ရဲ့ ရှေ့တော်မှောက်မှာ ခေမာမိဖုရားထက် အဆ အရာ အထောင် အသောင်းအသိန်းမက ချောမောလှပတဲ့ အမျိုးသမီးလေးတစ်ယောက် နိမ္မိတရုပ် ဖန်ဆင်းလိုက်တယ်။

အဲဒီလို ဖန်ဆင်းလိုက်တဲ့အခါကျတော့ ခေမာမိဖုရားကလည်း ကျောင်းကို ဝင်လာတယ်။ ဘုရား မရှိဘူးထင်တာကိုးနော်။

အဲဒါ တည့်တည့်လဲ ဝင်လဲရပ်ရော ဖြုန်းခနဲဆို ဘုရားကိုမတွေ့ဘူးလား။

"တွေ့ပါတယ် ဘုရား"

ဟာ...ဘုရားကိုတွေ့တော့ ခက်ပြီ ငါ ဘုရားမရှိဘူးလို့ထင်နေတာ ဘုရားက ဟိုမှာထိုင်နေတာ၊ ဒီအချိန်ကျမှ ငါ နောက်ပြန်လှည့်လို့လဲ အဆင်မပြေတော့ဘူး။ ဘုရားကျောင်း သွားမယ်ဆိုပြီးတော့ ငါ ပြောတာ။ အဲဒီတော့ ဒီအချိန်မှ ငါ လှည့်ပြန်လို့ရှိရင်လဲ သူများ ငါ့ကို ကဲ့ရဲ့လိမ့်မယ်ဆိုပြီးတော့ မထူးပါဘူးလေဆိုပြီး ဆွေတော်မျိုးတော်တွေ ဘုရားဘက် လှည့်လိုက်တော့ ဘုရားဖန်ဆင်းထား သူမထက်လှတဲ့ အမျိုးသမီးလေးတစ်ယောက်ကို သူ မတွေ့ဘူးလား။

"တွေ့ပါတယ် ဘုရား"

တွေ့လိုက်တဲ့အခါကျတော့ လောကသဘာဝပဲ ယောဂီတို့ရေ ဟုတ်လား။

"မှန်ပါ ဘုရား"

လောကမှာလေ လူတစ်ယောက်ဟာလေ ဘယ်လောက်ပဲ ကိုယ်ဟာကိုယ် လှတယ်ပဲပြောပြော ဟုတ်လား?။

"မှန်ပါ ဘုရား"

ကိုယ့်ထက်ချောတဲ့ လှတဲ့သူများမြင်လို့ရှိရင် မငေးရဘူးလား။

"ငေးရပါတယ် ဘုရား"

အခုယောဂီတို့ပဲ ကြည့်ပေါ့ အားလုံးဝိုင်းပြီးတော့ ပလ္လင်ပေါ်က ကိုယ်တော်ကို မငေးဘူးလား?

"ငေးပါတယ် ဘုရား"

အဲဒီလိုငေးရတဲ့ သဘောသဘာဝရှိတဲ့အခါကျတော့ ခေမာမိဖုရားလေးဟာလေ တစ်ခါတည်း ဘုရားဖန်ဆင်းထားတဲ့ နိမိတ္တအမျိုးသမီးလေးကို ကြည့်နေတာ။ အို...ကြည့်စမ်း ဒီလောက ဒီဇမ္ဗူမှာတော့ ငါ့ထက်ချော၊ ငါ့ထက်လှတဲ့သူတွေ မရှိဘူးလို့ ငါထင်ပါရဲ့။ အခုတော့ ကြည့်စမ်း။ ဒီအမျိုးသမီးလေးက ချောလိုက် လှလိုက်တာ။

ချောလိုက် လှလိုက်တာ ဆိုပြီးတော့ အချောအလှပိုင်ရှင်ဖြစ်တဲ့ ဘုရားရှင်ကိုယ်တော်မြတ် ဖန်ဆင်းထားတဲ့ နိမိတ္တရုပ်ကလေးကို သေသေချာချာ စူးစိုက်ပြီးတော့ ကြည့်တာ မျက်တောင်တောင် မခတ်ဘူးတဲ့။

အဲဒီလို ကြည့်နေတုန်း ဘုရားရှင်ကိုယ်တော်မြတ်ကလဲ ခေမာရဲ့အတွင်းစိတ်တွေကို ဘုရားက မသိနေဘူးလား။

"သိနေပါတယ် ဘုရား"

သိနေတဲ့အခါကျတော့ ခေမာသိပ်ပြီးတော့ အာရုံစူးစိုက်နေတဲ့အခါကျတော့ (၁၆)နှစ်၊ (၁၅)နှစ်ဆိုတဲ့ အမျိုးသမီး အရွယ်ကနေပြီးတော့ အိုတဲ့အရွယ် ဖန်ဆင်းလိုက်တယ်။ ဘယ်အရွယ်ဖန်ဆင်းလိုက်လဲ?

"အိုတဲ့အရွယ်ပါ ဘုရား"

အိုပြီဆိုရင် ယောဂီအပေါင်း သူတော်ကောင်းတို့ ကောင်းသေးလား?

"မကောင်းတော့ပါဘူး ဘုရား"

ခါးတွေက ကိုင်းတယ်လေဗျာ။ နားတွေက ထိုင်းလာပြီ၊ ဆံပင်တွေက ဖြူလာပြီ။ ကောင်းသေးလား?

"မကောင်းတော့ပါဘူး ဘုရား"

ဒါကြောင့်မို့ တချို့တောင်မှ ယောဂီတွေလေ တချို့တကာ တကာမတွေ ဆရာရယ်တဲ့ ဗေဒင်ဆရာဆီ သွားပြီးတော့ ကျွန်တော် ကျွန်မတို့ရဲ့ လက္ခဏာကြည့်စမ်းပါ။ အိုဇာတာလေး ကောင်းလား မကောင်းဘူးလားတဲ့။ တချို့မပြောဘူးလား။

"ပြောပါတယ် ဘုရား"

ယောဂီအပေါင်း သူတော်ကောင်းတို့ အိုမှကောင်းသေးလား။

"မကောင်းတော့ပါဘူး ဘုရား"

အဲဒါလေးကို မြတ်စွာဘုရားက လှမ်းပြီးတော့ သိလိုက်တဲ့အခါကျတော့ ခေမာကို တရားဟောပြီဗျို့။ ပလ္လင်တော်ပေါ်ကနေပြီးတော့-

**အာတုရံ အသုစိံ ပုတိံ၊ ပဿခေမေ သမုဿယံ-၊**

**ဥဂ္ဃရန္တိံ ပဃ္ဃရန္တိံ၊ ဗာလာနံ အဘိပတ္တိတံ။**

**ခေမေ**- ချစ်သမီး ခေမာ၊ **အာတုရံ**- နာကျင်တတ်သော၊ **အသုစိံ**- ဆင်ခြင်ခြင်းလဲမရှိသော။ ဦးဇင်းတို့ခန္ဓာ ယောဂီတို့ရဲ့ ခန္ဓာဟာ စင်ကြယ်ရဲ့လား?

"မစင်ကြယ်ပါ ဘုရား"

မစင်ကြယ်လို့ ရေချိုးရတာ။

**အာတုရံ**- နာကျင်တတ်သော၊ **အသုစိံ**- စင်ကြယ်ခြင်းလဲမရှိသော၊ **ပုတိံ**- အပုပ်အတိပြည့်သော၊ **ဥဂ္ဃရန္တံ**- အထက်ကလဲ ယိုစီးတယ်၊ **သမုဿယံ**- အောက်ကလဲ ပန်းပြီးတော့ထွက်တယ်၊ **ဣမံကာယံ**- သင်ချစ် သမီးခေမာရဲ့ ခန္ဓာကိုယ်မှာရှိတဲ့ ဒွါရ။ ခန္ဓာကိုယ်မှာရှိတဲ့ ဘာတဲ့လဲ?

"ဒွါရပါ ဘုရား"

ဒွါရဆိုတာခန္ဓာကိုယ်။ ဒွါရဆိုတာ မြန်မာလိုတော့ အပေါက်ပဲ။ လူတစ်ယောက်ရဲ့ ခန္ဓာကိုယ်မှာ အပေါက် ဘယ်နှစ်ပေါက်ရှိလဲ။

မျက်စိလေးက ဘယ်နှစ်ပေါက်လဲ?

"နှစ်ပေါက်ပါ ဘုရား"

မျက်စိပြီးတော့ ဘာတဲ့လဲ?

"နားပါ ဘုရား"

နားက ဘယ်နှစ်ပေါက်လဲ?

"နှစ်ပေါက်ပါ ဘုရား"

နှစ်ပေါက်၊ နှစ်ပေါက်ပေါင်းတော့ လေးပေါက်၊ မပေါက်ဘူးလား?

"မှန်ပါ ဘုရား"

အဲဒီ မျက်စိပြီးတော့ နား နှစ်ပေါက်ပြီးတဲ့အခါကျတော့ နှာခေါင်းလေးက ဘယ်နှစ်ပေါက်လဲ? နှစ်ပေါက်ပေါင်းတော့ ဟိုက လေးပေါက်နဲ့ပေါင်းတော့-

"ခြောက်ပေါက်ပါ ဘုရား"

ခြောက်ပေါက်။ နှာခေါင်းပြီးတော့ ပါးစပ်က ဘယ်နှစ်ပေါက်လဲ?

"တစ်ပေါက်ပါ ဘုရား"

အဲဒီတော့ ခြောက်ပေါက်နဲ့ တစ်ပေါက်နဲ့ပေါင်းတော့ ဘယ်နှစ်ပေါက်လဲ?

"ခုနစ်ပေါက်ပါ ဘုရား"

ခုနစ်ပေါက်နဲ့ ကျန်တဲ့နှစ်ပေါက်နဲ့ ရောလိုက်။
"ကိုးပေါက်ပါ ဘုရား"

## မနှစ်သက်စရာ ငါးခန္ဓာ

ယောဂီအပေါင်း သူတော်ကောင်းတို့ ဟိုခေမာကပြောနေပြီ ခေမာကို ဘုရားပြောနေပြီနော်။

**အာတုရံ**- နာကျင်တယ်၊ **အသုစိံ**- စင်ကြယ်ခြင်းမရှိတဲ့၊ **ပူတိံ**- အပုပ်တွေဖြစ်တဲ့၊ **ဥဂ္ဃရန္တံ**- အထက်ကလဲ ယိုစီးတယ်၊ **ပဂ္ဃရန္တံ**- အောက်ကလဲ ပန်းထွက်တယ်၊ **ဣမကာယံ**- သင်ခေမာမိဖုရားရဲ့ ခန္ဓာကိုယ်မှာရှိတဲ့ ကိုးပေါက်ဒွါရအမာဝက ကျလာတဲ့ အရာတွေကို၊ **ပဿ**- သေသေချာချာ ဉာဏ်နဲ့ ကြည့်စမ်းပါ။ ဘာနဲ့ကြည့်ခိုင်းလဲ။

"ဉာဏ်နဲ့ကြည့်ခိုင်းပါတယ် ဘုရား"

အို...ယောဂီတို့ ဉာဏ်နဲ့ကြည့်တယ်ဆိုတာ တခြားမဟုတ်ဘူး။ ဝိပဿနာကို ပြောတာ။ သာမန်မျက်စိနဲ့ကြည့်လို့ရှိရင်တော့ ယောဂီအပေါင်း သူတော်ကောင်းတို့ သေသေ ချာချာလေး ဖြီးလိမ်းတန်ဆာဆင်ပြီးတော့ အို- မှန်လေးနဲ့ ကြည့်လိုက်လို့ရှိရင် ကိုယ့် ကိုယ်ကို မင်းသမီးလို မင်းသားလိုထင်နေတာ။

အဲဒါ သာမန်မျက်စိနဲ့ကြည့်လို့ ဘုရားရှင်ကိုယ်တော်မြတ်က သာမန်နဲ့ ကြည့်ခိုင်းတာလား? ဉာဏ်နဲ့ ကြည့်ခိုင်းတာလား?

"ဉာဏ်နဲ့ ကြည့်ခိုင်းတာပါ ဘုရား"

ယောဂီတို့ရေ ဉာဏ်နဲ့ နည်းနည်းလေး ကြည့်လိုက်ပါဦး။ ယောဂီတို့ရဲ့ ခန္ဓာကိုယ်မှာ အပေါက်တွေလေ။

မျက်လုံးနှစ်ပေါက်က ထွက်တာဘာ။ မျက်ချေးတွေလေ။

နားနှစ်ပေါက်ကထွက်တာက။ တင့်တယ်တာရှိလား?

"မရှိပါ ဘုရား"

ယောဂီအပေါင်း သူတော်ကောင်းတို့... အဲဒီ မျက်ချေးတွေ နားဖာချေးတွေကို ထမင်းစားတဲ့အခါ ငါးပိရည်ထဲဖျော်စားတာတော့ကော တွေ့ဘူးလား?

ယောဂီတို့ သစ္စာကို ထင်အောင်ပြောတာ၊ ဒုက္ခသစ္စာကြီး ဟုတ်ရဲ့လား?

"မှန်ပါ ဘုရား"

ဟာ... ဒုက္ခသစ္စာဆိုတော့ အရှင်ဘုရား ဦးဇင်းတို့တပည့်တော်ကို ဦးဇင်းတို့ ယောဂီတော်တို့ ပိုင်ဆိုင်ထားတာ ဒုက္ခသစ္စာဆိုတာ ဘာလဲဆိုတော့-

ဒု- ဆိုတာ စက်ဆုပ်စရာ၊ ခ- ဆိုတာ အသုံးမကျတာ၊ **သစ္စာ**-ဆိုတာက အမှန်တရား။

ဘုရားရှင်ကိုယ်တော်မြတ်က ချစ်သား ချစ်သမီးတို့ မင်းတို့ ငါတို့ ပိုင်ဆိုင်ထားတဲ့ ဒီခန္ဓာငါးပါးဟာ ဒုက္ခသစ္စာကြီးတွေ စက်ဆုပ်စရာ၊ မနှစ်သက်စရာ အမှန်တရားကြီးပဲ။ အခုကြည့်လေ ခန္ဓာကိုယ်မှာထွက်ကျတဲ့အရာအားလုံး ဘာများတင့်တယ်လဲ? မျက်လုံးထဲကထွက်လာတယ်။ မျက်ချေး၊ နားထဲကထွက်လာတယ် နာဖာချေးတွေ ဟုတ်ရဲ့လား?

"မှန်ပါ ဘုရား"

နှာခေါင်းထဲကထွက်လာတာ ဘာတွေလဲ?

"နှပ်တွေပါ ဘုရား"

အေး... နို့ပြီးတော့ ပါးစပ်ထဲကထွက်လာတာ သရေတွေ။ အဲဒါတွေ အဲဒါတွေကို ဝမ်းစာများ ချန်ထားတာကောတွေ့ဘူးလား?

"မတွေ့ဘူးပါ ဘုရား"

မတွေ့ဘူးဘူး။ သေချာတယ် တခြားလား၊ မနှစ်သက်လို့လား?

"မနှစ်သက်လို့ပါ ဘုရား"

ဩော်... နှစ်သက်စရာကို မကောင်းဘူး။ ဒါက ခေမာကို မြတ်စွာဘုရားက တရားဟောတာ။ ချစ်သမီးခေမာ အဲဒီလို မတင့်တယ်တဲ့ သင့်ရဲ့ခန္ဓာကိုယ်ကို၊ **ပဿ**- သေသေချာချာ ဉာဏ်မျက်စိနဲ့ ကြည့်လိုက်စမ်းပါ။ ဘာမျက်စိနဲ့ ကြည့်ခိုင်းလဲ?

"ဉာဏ်မျက်စိနဲ့ပါ ဘုရား"

အဲဒီတော့ ခေမာမိဖုရားကို မြတ်စွာဘုရားက အပေါ်ကနေပြီးတော့ အသံတော်နဲ့ တရားဟောတာ။ ခေမာမိဖုရားက နားကနေ မြတ်စွာဘုရားရဲ့တရားကို နာတယ်။ နားကနေ ဘာလုပ်သလဲ? တရားနာတယ်။ ဉာဏ်ကနေ ခန္ဓာကိုယ်လှည့်တယ်တဲ့။ တခြားနဲ့ လှည့်တာလား? ဉာဏ်နဲ့ လှည့်တာလား?

"ဉာဏ်နဲ့ လှည့်တာပါ ဘုရား"

ဉာဏ်နဲ့လှည့်လိုက်တဲ့အခါကျတော့

ကြည့်စမ်း... ဘုရားပြောတဲ့ ငါ့ခန္ဓာကိုယ်။ ငါကတော့ အလှဆုံး အပဆုံး အတင့်တယ်ဆုံးထင်တာ တကယ်တော့ ကြည့်စမ်း-။ ငါ့ထက် အဆပေါင်း အထောင် ပေါင်း သောင်းသိန်းမက ချောမောလှပတဲ့ ဒီအမျိုး လေးတောင် အိုနာသေရသေး တယ်ဆိုရင် ငါလဲပဲ အိုဦးမယ်။ နာဦးမယ်။ သေဦးမယ်။ အဲဒါ ဉာဏ်စဉ်နဲ့ သူ ခန္ဓာကိုယ် ကို လှမ်းကြည့်တော့ ဟုတ်လိုက်တာပေါ့ ဟုတ်လိုက်တာ...ဟုတ်လိုက်တာ။

ငါ ခန္ဓာကိုယ်မှာ ဘာမှတင့်တယ်စရာမရှိပါလား။ ခန္ဓာကိုယ်သည် ဘုရားရှင် ကိုယ်တော်မြတ်ကြီးဟောကြားတဲ့ ဒုက္ခသစ္စာတရားကြီးပါလားလို့ ဆိုပြီးတော့ ခန္ဓာကြီးကို ဉာဏ်စိုက်လိုက်တဲ့အခါကျတော့ ဖြစ်ပျက်မြင်၊ ဖြစ်ပျက်မုန်း၊ ဖြစ်ပျက် ဆုံးပြီးတော့ ခေမာဆိုတဲ့မိဖုရားက တရားပွဲအပြီးမှာ သောတာပန်တည်ပါတယ်။ ယောဂီတို့ ဘာတည်သလဲ?

"သောတာပန်ပါ ဘုရား"

အေး... ဒါကြောင့်မို့လို့ ယောဂီအပေါင်း သူတော်ကောင်းတို့ အဲဒီ အစဉ် လေးကို ကြည့်ပြီးတော့ ကိုယ်ရရှိထားတဲ့ ခန္ဓာငါးပါးကို ဉာဏ်စဉ်ဝိပဿနာတရားကို အသုံးချ။ ကဲ...တရားစဉ်လေးပြန်သွားကြရအောင် ယောဂီအပေါင်း သူတော်ကောင်း တို့။ ဒါကြောင့်မို့ ပျော်ရတော့မယ်၊ ယောဂီတို့ခန္ဓာကြီး ဉာဏ်နဲ့ကြည့်တော့ မဖြစ် မပျက်တဲ့အချိန် ရှိလား။

"မရှိပါ ဘုရား"

အဲဒီတော့... ဖြစ်လိုက်...

"ပျက်လိုက်"

မွေးလိုက်...

"သေလိုက်"

သေလိုက်ဆိုတဲ့အခါကျတော့ ဒီခန္ဓာလိုချင်တဲ့ ယောဂီတို့ "တဏှာ"လာဦး မလား။

"မလာတော့ပါဘူး ဘုရား"

စွဲလမ်းတဲ့ ဥပါဒါန်တွေကော လာဦးမလား။

"မလာတော့ပါဘူး ဘုရား"

တဏှာ၊ ဥပါဒါန်၊ ကံမှ မလာတော့ဘူးဆိုရင် ယောဂီတို့ အိုစရာကော လိုသေးလား။

"မလိုတော့ပါဘူး ဘုရား"

နာစရာကောလိုသေးလား...

"မလိုတော့ပါဘူးဘုရား"

သေစရာကော လိုသေးလား...

"မလိုတော့ပါဘူး ဘုရား"

အို, နာ, သေ ကင်းတာ ယောဂီတို့ တခြားလား၊ နိဗ္ဗာန်လား။

"နိဗ္ဗာန်ပါ ဘုရား"

ဒီနိဗ္ဗာန်ကို အလိုလိုရတာလား၊ အို,နာ,သေ ကင်းလို့လား။

"အို,နာ,သေ ကင်းလို့ပါဘုရား"

ဩော်... အို,နာ,သေကလဲ ယောဂီတို့ရေ အလိုလို မ[illegible]ဘူးတဲ့။ ဇာတိချုပ်မှ။ ဇာတိဆိုတာ တခြားလား ဘဝလား။

"ဘဝပါ ဘုရား"

ခန္ဓာငါးပါးကို တခြားခေါ်တာလား၊ "ဇာတိ"ခေါ်တာလား။

"ဇာတိခေါ်တာပါ ဘုရား"

အဲဒီဇာတိလေးချုပ်မှ ယောဂီအပေါင်းသူတော်ကောင်းတို့ မသေချာဘူးလား။

"သေချာပါတယ်ဘုရား"

အဲ... ဇာတိချုပ်တယ်ဆိုတာလဲ ယောဂီတို့ တခြားမဟုတ်ပါဘူးတဲ့။ သမုဒယချုပ်မှ။ ယောဂီတို့ ဘာချုပ်မှလဲ။

"သမုဒယချုပ်မှပါ ဘုရား"

သမုဒယဆိုတာ ယောဂီအပေါင်း သူတော်ကောင်းတို့ ပဋိစ္စသမုပ္ပါဒ်ရဲ့ (၃)အကွက်မှာ တဏှာရယ်၊ ဥပါဒါန်ရယ်၊ ကံရယ်။ ဘယ်နှစ်မျိုးလဲ"

"သုံးမျိုးပါဘုရား"

ကိလေသာ တရားမှန်သမျှ တခြားလား၊ သမုဒယလား။

"သမုဒယပါဘုရား"

အဲဒီ သမုဒယဆိုတဲ့ ကိလေသာတွေ သေချင်ရင် ယောဂီတို့ ခန္ဓာကြီး ဘာနဲ့ ကြည့်ရမလဲ။

"ဉာဏ်နဲ့ကြည့်ရပါမယ် ဘုရား"

ဉာဏ်နဲ့ကြည့်ရမယ့်အလုပ်ဟာ တခြားအလုပ်လား၊ ဝိပဿနာအလုပ်လား။

"ဝိပဿနာအလုပ်ပါ ဘုရား"

အဲဒီတော့ ခန္ဓာကြီး ဉာဏ်နဲ့ကြည့်လိုက်တဲ့အခါမှာ သမာဓိလဲကောင်း၊ သတိလဲကောင်း၊ ဝီရိယလဲ ပြင်းပြနေမယ် ဆိုလို့ရှိရင် ကြည့်လိုက်တိုင်း၊ ကြည့်လိုက်တိုင်း ဒီခန္ဓာကြီးဟာ ဖြစ်လိုက်...

"ပျက်လိုက်"

မွေးလိုက်...

"သေလိုက်"

ဒါဆို ယောဂီတို့ ပြောကြည့်... ဖြစ်ပျက်က ဘာသစ္စာ။

**"ဒုက္ခသစ္စာ"**

ကြည့်... သိတဲ့ဉာဏ်က ဘာသစ္စာ။

**"မဂ္ဂသစ္စာ"**

သေတာက ဘာသစ္စာ။

**"သမုဒယသစ္စာ"**

နောင်ခန္ဓာ မလာတာက ဘာသစ္စာ။

**"နိရောဓသစ္စာ"**

ယောဂီတို့ သစ္စာ ဘယ်နှစ်ချက်ကိုက်...

"(၄)ချက်ပါ ဘုရား"

ကဲ... သစ္စာလေးချက် တစ်ပြိုင်နက် ကိုက်သောကြောင့် ယောဂီအပေါင်းသူတော်ကောင်းတို့သည် ကျင့်ကြံ၊ အားထုတ်အပ်သော ဝိပဿနာဉာဏ်သည် မဂ်ဖိုလ်နိဗ္ဗာန်ကို လျင်မြန်စွာ မျက်မှောက်ပြုနိုင်ပါစေသားလို့ ပတ္ထနာပြုရင်းနဲ့ အချိန်လဲစေ့သွားလို့ ဒီနေ့ တော်ကြစို့။ အားလုံး 'သာဓု'ခေါ်"

"သာဓု... သာဓု... သာဓု"

# လွယ်လွယ်လေးနဲ့ အပါယ်ဝေး တရားတော်

(သာသနာနှစ် ၂၅၅၃-ခု၊ ကောဇာသက္ကရာဇ် ၁၃၇၁-ခု၊ ဝါခေါင်လဆန်း (၁၂)ရက်၊ ၂-၈-၂၀၀၉ (တနင်္ဂနွေနေ့) ညနေပိုင်း၊ ရန်ကုန်မြို့၊ *သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်သစ်ရပ်ကွက်၊ သုဝဏ္ဏမြို့ဦးဘုရားအနီး စံရိပ်ငြိမ်ကျောင်းတိုက်တော်အတွင်း မိုးကုတ်ဝိပဿနာ "သစ္စာဓမ္မသဘင်"၌ ဟောကြားသည်။)*

အားလုံးသော ယောဂီအပေါင်း သူတော်ကောင်းတို့ . . . .

သင့်တင့်သော ကြိယာပုတ်မျှတသော အနေအထားအားဖြင့်ထိုင်ပြီးတော့ မြတ်ဗုဒ္ဓရဲ့ဓမ္မကို ကောင်းစွာပူဇော်နိုင်ကြပါပြီ။

## ဓမ္မသဘင် စတင်ပါပြီ

ယနေ့ နေ့လယ်ပိုင်းတရားအဖြစ် ဦးပဥ္စင်းတို့ ဟောကြားမည့်တရားနာမည်က ***"လွယ်လွယ်လေးနဲ့ အပါယ်ဝေး တရားတော်"***တဲ့။

ဘာတရားလဲ။

"လွယ်လွယ်လေးနဲ့ အပါယ်ဝေးပါ ဘုရား"

ယောဂီအပေါင်း သူတော်ကောင်းတို့ လွယ်လွယ်လေးကြိုက်လား၊ ခက်ခက်ကို ကြိုက်လား။

"လွယ်လွယ်လေးကို ကြိုက်ပါတယ်ဘုရား"

သိသွားပဲ။ အဲဒီတော့ တရားဆိုတာ ယောဂီအပေါင်း သူတော်ကောင်းတို့ တရားဆိုတာ နှစ်မျိုးရှိတယ်။ တစ်မျိုးက ဘာတုန်းဆိုတော့ ရိုးရိုးတရားတဲ့။ တစ်မျိုးက ဘာတဲ့။

"ရိုးရိုးတရားပါ ဘုရား"

တစ်မျိုးကျတော့ ရှုယ်တရားတဲ့၊ တစ်မျိုးကျတော့ ဘာတဲ့။

"ရှုယ်တရားပါ ဘုရား"

အဲဒီတော့ တရားဘယ်နှစ်မျိုးဖြစ်သွား။

"နှစ်မျိုးပါ ဘုရား"

ရန်ကုန်က ဦးဇင်းတို့ယောဂီ ဆရာတော်ဘုရားရဲ့ တပည့်ဒကာ၊ ဒကာမများ ဖြစ်ကြတဲ့ သူတော်ကောင်းတွေက တရားနာရင် ရိုးရိုးကြိုက်လား၊ ရှုယ်ကြိုက်လား။

"ရှုယ်ကြိုက်ပါတယ် ဘုရား"

ဦးဇင်းတို့ စခန်းတွေဝင်နေကြတာပဲ ယောဂီ သူတော်စင် သူတော်ကောင်းတွေလဲ တရားအားထုတ်နေကြတာပဲ။ ဘုန်းကြီးအခု ရရှိနေတာပဋိစ္စသမုပ္ပါဒ်စက်ဝိုင်းနဲ့ ကြည့်ရင် ဘယ်အကွက်မှာလဲ နှစ်အကွက်မှာ ယောဂီတို့ ဘယ်အကွက်မှာလဲ။

"(၂) အကွက်မှာပါ ဘုရား"

ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ ခန္ဓာဘယ်နှစ်မျိုးလဲ။

"ငါးမျိုးပါ ဘုရား"

ငါးမျိုးရထားတယ်နော် ခန္ဓာရရင်တော့ ယောဂီအပေါင်း သူတော်ကောင်းတို့ မအိုဘူးလား။

"အိုပါတယ် ဘုရား"

မနာဘူးလား။

"နာပါတယ် ဘုရား"

မသေဘူးလား။

"သေပါတယ် ဘုရား"

အဲဒီတော့ ယောဂီတို့လဲ သေရမှာပဲ ပလ္လင်ပေါ်က ကိုယ်တော်လဲသေရမှာပဲ။ မသေဘူးလား။

"သေပါတယ်ဘုရား"

အဲတော့ သေလို့ရှိရင် ရိုးရိုးလေး မေးပါရစေ ရိုးရိုးသေချင်လား၊ ရှုယ်သေချင်လား။

တချို့က ရှယ်သေချင်တာ ရှိသေးတယ်ထင်တယ်။ ဟင်...ရိုးရိုးသေတာက (၉၆)ပါးနဲ့ ရောဂါနဲ့သေတာ။

ရှယ်သေတာကတော့ သွားရင်းလာရင်း ကားတိုက်တာတို့၊ မော်တော်ဆိုင်ကယ်တိုက်သေတာ။ အဲဒီတော့ ရိုးရိုးသေချင်လား၊ ရှယ်သေချင်လား။

"ရိုးရိုးသေချင်ပါတယ် ဘုရား"

တရားကိုရော ရိုးရိုးနာချင်လား၊ ရှယ်နာချင်လား။

"ရိုးရိုးနာချင်တာပါ ဘုရား"

ကိုက်တာပေ့ါ၊ အဲတာ စည်းနဲ့ဝါးကိုက်တာနော်။

တရားနာမည်လေးက ဘာတဲ့လဲ။

"လွယ်လွယ်လေးနဲ့ အပါယ်ဝေးပါဘုရား"

လွယ်လွယ်လေးနဲ့... အခုမှပြောတယ်။ အခုမမေ့နဲ့လေ။

ရှေးတုန်းက အဖွားတုတ်ဆိုတဲ့ မယ်တော်ကြီးတစ်ယောက်ရှိတယ်။ အသက်က (၇၀)ကျော်ပြီ။ သိပ်ပြီးမေ့တတ်တာပဲ။

အဲဒါ သွားရင်း...သွားရင်းနဲ့ အမျိုးသမီးတစ်ယောက်က အဖွားတုတ်ကို တွေ့တော့ အဖွား၊ အဖွားဘယ်သွားမလို့လဲလို့ လမ်းတွေ့တော့ လှမ်းစကားပြောတယ်။

လှမ်းမေးတဲ့အခါကျတော့ အဖွားတုတ်က အမျိုးသမီးလေးတွေနောက်ကို လှည့်ပြီးတော့ အို...နင်တို့ကို ကျေးဇူးတင်လိုက်တာဟယ် ဆိုတော့ အမျိုးသမီးလေးတွေက အဖွားရယ်၊ အဖွားနာမည်လေးခေါ်တာ သမီးတို့ကို ဘာလို့ ကျေးဇူးတင်တာလဲ ဆိုတော့ ဟဲ့...ကျေးဇူးတင်ရမှာပေ့ါ၊ ငါ သွားရင်း လာရင်းနဲ့ ငါ့နာမည်မေ့နေတာ နင်တို့ခေါ်မှ ငါ့နာမည်ပြန်သတိရတယ်တဲ့။

သွားရင်း လာရင်းနဲ့ မမေ့တတ်ဘူးလား။

"မေ့တတ်ပါတယ် ဘုရား"

ဒါကြောင့်မို့လို့ တခြားမေ့ရင်မေ့ ခေါင်းစဉ်လေးတော့ မမေ့နဲ့ ဘာတရားလဲ။

"လွယ်လွယ်လေးနဲ့အပါယ်ဝေးပါ ဘုရား"

ယောဂီအပေါင်း သူတော်ကောင်းတို့ အခုစခန်းဝင်တယ်။ တရားအားထုတ်တယ်ဆိုတာ တရားမေ့တွေလေ့လာတယ် ဆိုတာ တခြားလိုချင်လို့လား၊ နိဗ္ဗာန်လား။

"နိဗ္ဗာန်လိုချင်လို့ပါ ဘုရား"

နိဗ္ဗာန်လိုချင်ရင်ကော တခြားအားထုတ်ရမှာလား၊ ဝိပဿနာလား။

"ဝိပဿနာပါ ဘုရား"

နိဗ္ဗာန်လိုချင်တဲ့ ယောဂီအပေါင်း သူတော်ကောင်းတို့ဟာ ဝိပဿနာမှလွဲရင် တခြားရှိလား။

"မရှိပါဘူး ဘုရား"

ဝိပဿနာအားထုတ်တဲ့အခါကျတော့ ယောဂီတို့ တခြားခန္ဓာကြည့်မှာလား၊ ကိုယ့်ခန္ဓာကြည့်မှာလား။

"ကိုယ့်ခန္ဓာကြည့်မှာပါ ဘုရား"

ခန္ဓာကြီးက ဘယ်နှစ်ပါးရှိလဲ။

"ငါးပါးရှိပါတယ် ဘုရား"

ကဲ... ပြောရအောင် ရူပက္ခန္ဓာ၊ ဝေဒနာက္ခန္ဓာ၊ သညက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ၊ ခန္ဓာဘယ်နှစ်ပါးလဲ။

"ငါးပါးပါ ဘုရား"

အဲဒီခန္ဓာကို ဉာဏ်နဲ့ကြည့်ရမယ်နော်၊ ဒီလို ခန္ဓာကြီးဉာဏ်နဲ့ ကြည့်တဲ့အခါကျတော့လဲ သူများခန္ဓာ ကြည့်မှာလား၊ ကိုယ့်ခန္ဓာကြည့်မှာလား။

"ကိုယ့်ခန္ဓာကြည့်မှာပါ ဘုရား"

ခွေးဟောင်တဲ့ခန္ဓာကြည့်မှာလား၊ ခွေးမဟောင်တဲ့ခန္ဓာ ကြည့်မှာလား။

"ခွေးမဟောင်တဲ့ခန္ဓာကြည့်မှာပါ ဘုရား"

အပြောကိုကြည့်ရမှာလား၊ သဘောကိုကြည့်ရမှာလား။

"သဘောကိုကြည့်ရမှာပါ ဘုရား"

အပြောဆိုတာက ပညတ်လေ၊ ဟုတ်ရဲ့လား။ ယောဂီတို့-

"ဟုတ်ပါတယ် ဘုရား"

ယောဂီအပေါင်း သူတော်ကောင်းတို့ ဒီပညတ်ကြီးရှုနေမှတော့ ဒီနိဗ္ဗာန်ရောက်ပါ့မလား။

"မရောက်ပါဘူး ဘုရား"

မနေ့က ညနေတုန်းက၊ ဒီကနေ့ မနက်တုန်းက ဦးဇင်းတို့ ပညတ်နဲ့ ပရမတ် မခွဲဘူးလား။

"ခွဲပါတယ် ဘုရား"

အဲဒီတော့... ယောဂီအပေါင်း သူတော်ကောင်းတို့ သဘောကိုရှုရမှာလား၊ အပြောကိုရှုရမှာလား။

"သဘောကိုရှုရမှာပါ ဘုရား"

သဘောဆိုတာက ပရမက်၊ အပြောဆိုတာ ပညတ်ရှင်းရဲ့လား။

"ရှင်းပါတယ် ဘုရား"

ပညတ်တွေကို ဘုရားတပည့်တော်တို့ ဒီကနေ့ထိုင်ပြီးတော့...ရှု၊ သေအောင် သာလုပ် ဒီနိဗ္ဗာန်ကိုမရဘူး၊ ရှင်းတယ်နော်။

"ရှင်းပါတယ် ဘုရား"

အဲဒီတော့... ပရမက်ကိုရှုမှ နိဗ္ဗာန်ရမယ်ဆိုတာ မသေချာဘူးလား၊

"သေချာပါတယ် ဘုရား"

အဲတော့ ပြန်ပြော... ဘာလိုချင်လို့ တရားအားထုတ်သလဲဆိုရင် နိဗ္ဗာန် ဘာလိုချင်လို့လဲ။

"နိဗ္ဗာန်ပါ ဘုရား"

နိဗ္ဗာန်လိုချင်ရင် တခြားကြည့်ရမှာလား၊ ခန္ဓာကြီးကြည့်ရမှာလား။

"ခန္ဓာကြည့်ရမှာပါ ဘုရား"

တရားအလုပ်လုပ်ရမှာလား။ ဝိပဿနာအလုပ် လုပ်ရမှာလား။

"ဝိပဿနာအလုပ် လုပ်ရမှာပါ ဘုရား"

ဝိပဿနာအလုပ် လုပ်ပြီးတော့ ခန္ဓာကြီး ဉာဏ်နဲ့ တိုက်တိုက်ပြီးတော့ ကြည့်လိုက်တိုင်း ကြည့်လိုက်တိုင်းမှာ ခန္ဓာကြီးမှာ မဖြစ်မပျက်တဲ့ အချိန်ရှိလား။

"မရှိပါဘူး ဘုရား"

မရှိဘူးနော်။ ဦးဇင်းတို့ရဲ့ ခန္ဓာကြီးက ဖြစ်ပြီးရင်ပျက်၊ မွေးပြီးရင်သေ၊ ဒါကြီးပဲ ကြည့်လိုက်တိုင်း ကြည့်လိုက်တိုင်း ဒါတွေပဲ မျက်စိထဲမြင်နေတဲ့အခါကျတော့ အဲဒီ ယောဂီပုဂ္ဂိုလ်မှာ ဒီခန္ဓာကို တွယ်တာတဲ့ တဏှာ လာဦးမလား။

"မလာတော့ပါဘူး ဘုရား"

ယောဂီတို့ တဏှာမှမလာရင် စွဲလမ်းတဲ့ ဥပါဒါန်လာဦးမလား။

"မလာတော့ပါဘူး ဘုရား"

စွဲလမ်းတဲ့ဥပါဒါန်မှ ဆက်မလာတော့ဘူးဆိုရင် ယောဂီအပေါင်း သူတော် ကောင်းတို့ အဲဒီခန္ဓာဖြစ်ကြောင်း ကံတွေရော ဆက်လုပ်ဦးမလား။

"မလုပ်တော့ပါဘူး ဘုရား"

မလုပ်တော့ဘူး။ ကံမှမလုပ်ရင် ဘဝဆိုတဲ့ ဇာတိတစ်ခုရဦးမလား။

"မရတော့ပါဘူး ဘုရား"

ဇာတိမှ မရဘူးဆိုရင် အိုစရာလိုသေးလား။

"မလိုတော့ပါဘူး ဘုရား"

နာစရာရော လိုသေးလား။

"မလိုတော့ပါဘူး ဘုရား"

သေစရာကော လိုသေးလား။

"မလိုတော့ပါဘူး ဘုရား"

ယောဂီတို့ အို,နာ,သေကင်းတာ တခြားလား၊ နိဗ္ဗာန်လား။

"နိဗ္ဗာန်ပါ ဘုရား"

နိဗ္ဗာန် အလိုလိုရမှာလား၊ အို,နာ,သေ ကင်းလို့လား။

"အို,နာ,သေ ကင်းလို့ပါ ဘုရား"

အို,နာ,သေကရော အလိုလိုကင်းတာလား။ ဘဝဇာတိချုပ်လို့လား။

"ဘဝဇာတိချုပ်လို့ပါ ဘုရား"

ဘဝဇာတိက အလိုလိုချုပ်မှာလား၊ သမုဒယချုပ်မှုလား။

"သမုဒယချုပ်မှုပါ ဘုရား"

ခန္ဓာမှာရှိတဲ့ သမုဒယကလဲ သူ့အလိုလိုချုပ်မှာလား၊ ခန္ဓာကြီး ဉာဏ်နဲ့ကြည့်မှုလား။

"ခန္ဓာကြီးဉာဏ်နဲ့ ကြည့်မှုပါ ဘုရား"

ဩော်... ခန္ဓာကြီး ဉာဏ်နဲ့ကြည့်တဲ့ အလုပ်ဟာ တခြားအလုပ်လား၊ ဝိပဿနာ အလုပ်လား။

"ဝိပဿနာအလုပ်ပါ ဘုရား"

ဝိပဿနာအလုပ်ကတော့ ဧကန်မုချ သံသရာကြီးက ထွက်မြောက်ကြောင်း တရားပဲ ယောဂီတို့။

ဝိပဿနာသည် ဒုက္ခအားလုံးတို့ရဲ့ ထွက်မြောက်ကြောင်းတရား၊ သံသရာ အားလုံးတို့ရဲ့ ထွက်မြောက်ကြောင်းတရားသည် တခြားလား၊ ဝိပဿနာလား။

"ဝိပဿနာတရားပါ ဘုရား"

## မွေးဖွားတယ်ဆိုတာ သေဖို့ဖြစ်လာတာ

ယောဂီတို့ကို ဒီကနေ့ ဦးဇင်းတို့ပြောချင်တာက ဒါဦးဇင်းတို့ရဲ့ အကြိုက်ပေါ့ နော်။ လူရယ်လို့ ဖြစ်လာကြပြီ။ ဘဝတစ်ခုရယ်လို့ ရလာကြပြီဆိုရင် ယောဂီတို့ ဒီဘဝကနေ ဦးဇင်းတို့နေကြပြီး အာယုက္ခယ အသက်တမ်းတွေ ကုန်ကြပြီဆိုရင် နောက်ဆုံး မသေရဘူးလား။ မသေတဲ့ပုဂ္ဂိုလ် လောကမှာရှိရဲ့လား။

"မရှိပါဘူး ဘုရား"

**နတ္ထိ ဇာတဿ အမရဏံ။**

**ဘိက္ခဝေ**- ချစ်သား ချစ်သမီးတို့၊ **ဇာတဿ**- မွေးဖွားလာတဲ့ပုဂ္ဂိုလ်ဟာ၊ **အမရဏံနာမ**- မသေတဲ့ပုဂ္ဂိုလ်ဆိုတာ၊ **နတ္ထိ**- မရှိဘူး။

ဘုရားက သံယုတ်ပါဠိတော်မှာ တိုက်ရိုက်ဟောတာနော်၊ မွေးဖွားလာတဲ့ သတ္တဝါတွေမှန်သမျှ မသေတဲ့ပုဂ္ဂိုလ် မရှိဘူး။

ဒါကြောင့်မို့လို့ ဦးဇင်းတို့ မွေးဖွားခြင်းဆိုတဲ့ ဇာတိကိုအခုမရထားဘူးလား၊ ရထားတော့ မွေးပြီးရင် ဦးဇင်းတို့ဘာဘဲကျန်တော့လဲ။ သေဖို့ပဲကျန်တော့တယ်။ မွေးပြီးရင် ဘာပဲကျန်တော့လဲ။ သေဖို့ပဲကျန်တော့တယ်။

အဲတော့ ဦးဇင်းတို့ပြောချင်တာက မနေရလို့ သေကြမယ်။

ဒီဘဝ ယောဂီတို့က ဝိပဿနာတရားအားထုတ်လို့ ဒီနိဗ္ဗာန်ကို တိုက်ရိုက် ရောက်သွားတယ်ဆိုရင် ဘာမှစကားပြော စရာမရှိတော့ဘူး။ ဟုတ်ရဲ့လား။ နိဗ္ဗာန် ဆိုတာ ဒုက္ခခပ်သိမ်းမငြိမ်းဘူးလား။ ဆင်းရဲခပ်သိမ်းမငြိမ်းဘူးလား။ ပူပန်ခပ်သိမ်းမ ငြိမ်းဘူးလား။ အဲ...အဲဒီငြိမ်းတဲ့နေရာ ရောက်သွားရင်တော့ ယောဂီတို့အတွက်တော့ အိုကေပဲ။

ဒါပေမယ့် ဒီကနေ့ ဘုရားတပည့်တော်တို့ ဝိပဿနာတရားကို သင်လဲသင်ယူ ပါတယ်ဘုရား။ ကျင့်လည်း ကျင့်ကြံပါ တယ်ဘုရား။ ဆရာသမားတွေထံ နည်းခံပြီး တော့လည်း အားထုတ်ပါတယ်ဘုရား။ ဒါပေမယ့်လေ ကိုယ့်မှာ ပါရမီဉာဏ်ဆိုတဲ့ ဟိုတုန်းက ထောက်ပံ့ခဲ့တဲ့ ပါရမီအထောက်အပံ့က နည်းတဲ့အခါကျတော့ ဒီဘဝတော့ ယောဂီအပေါင်း သူတော်ကောင်းတို့ မဂ်ဖိုလ်မရဘူး ဟုတ်ရဲ့လား။

"မှန်လှပါ ဘုရား"

မဂ်ဖိုလ်မရဘူးဆိုတဲ့ လူတစ်ယောက်မှာ အရေးကြီးဆုံးက ဘာလဲဆိုရင် ဒီဘဝ ကနေ သေသွားရင် မမြတ်သည့်တိုင်အောင် တို့ယောဂီအပေါင်း သူတော်ကောင်းတို့ ဒီဘဝကနေသေသွားရင် နိဗ္ဗာန်မရောက်တဲ့ ပုဂ္ဂိုလ်တွေမှန်သမျှ သံသရာဆိုတာ မရှိဘူး လား။ ဘဝဆိုတာ မရှိဘူးလား။

"ရှိပါတယ် ဘုရား"

အဲဒီလို သံသရာတွေ ဘဝတွေရှိရင် ဒီဘဝကနေသေရင် နောက်ဘဝတစ်ခု မှာ ရောက်ကြပြီဆိုရင် မမြတ်သည့်တိုင်အောင် ဘာဖြစ်ဖို့အရေးကြီးလဲ၊ မရှုံးဖို့ အရေးကြီးတယ်။

အဲဒီလို ဒီမှာလာကြတဲ့ ယောဂီ၊ အားထုတ်ကြတဲ့ယောဂီတွေ စီးပွားရေးသမားတွေလည်းပါမှာပါ။ ဈေးရောင်းဈေးဝယ် တွေလည်း မပါဘူးလား။

"ပါပါတယ် ဘုရား"

ပါလိမ့်မယ် ယောဂီတို့နော်။ အဲဒီတော့ ဈေးရောင်းတာပဲဖြစ်ဖြစ်၊ စီးပွားရေးလုပ်တာပဲဖြစ်ဖြစ်၊ မြတ်ချင်လို့လုပ်တာလား။ ရှုံးချင်လို့လုပ်တာလား။

"မြတ်ချင်လို့လုပ်တာပါ ဘုရား"

သွားပြီးတော့ မေးကြည့် ဆိုင်သမားတွေ၊ စီးပွားရေးသမားတွေအားလုံး မြတ်ချင်လို့လား၊ ရှုံးချင်လို့လားဆိုရင် အားလုံးတစ်ညီတည်းဖြေလိမ့်မယ်၊ ငါမြတ်ချင်လို့လုပ်တာ။

ဒါပေမယ့် စီးပွားရေးတွေက သူတော်ကောင်းတို့ လုပ်တိုင်းဖြစ်ရဲ့လား။ မဖြစ်လို့ရင် နောက်ဆုံး မမြတ်သည့်တိုင်အောင် ဘာအရေးကြီးလဲ၊ မရှုံးဖို့အရေးကြီးတယ်။ မမြတ်သည့်တိုင် ယောဂီတို့ ဘာအရေးကြီး၊ မရှုံးဖို့အရေးမကြီးဘူးလား ဗျာ။ အေး... ဒါကြောင့်မို့ ယောဂီအပေါင်း သူတော်ကောင်းတို့ ဦးဇင်းတို့ဘဝက ဇာတိရလာပြီ နောက်တော့ ဦးဇင်းတို့ သေကြဦးမှာ၊ မသေဘူးလား။

"သေမှာပါ ဘုရား"

သေလို့မှ ဒီဘဝနဲ့ နိဗ္ဗာန်ကိုသာ မကူးကြသေးဘူးဆိုရင် မမြတ်သည့်တိုင်အောင် ဘာအရေးကြီး...

"မရှုံးဖို့အရေးကြီးပါတယ် ဘုရား"

မရှုံးဖို့အရေးကြီးတယ်။ ဥပမာပြောပြမယ်နော်... ယောဂီအပေါင်း သူတော်ကောင်းတို့ လူ့ဘဝကနေ သေကြပြီနော်၊ အဲဒီလို သေတဲ့ယောဂီတစ်ယောက်က-ယောဂီအပေါင်း သူတော်ကောင်းတို့ ဒီဘဝကနေ သေပြီးတော့ ဂတိတွေလွဲသွားလို့ နော် ငရဲ၊ တိရိစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ရောက်မယ်။ ယောဂီအပေါင်း သူတော်ကောင်းတို့ရေ အဲဒါ ရှုံးသလား၊ မြတ်သလား။

"ရှုံးပါတယ် ဘုရား"

ရှုံးသွားပြီ၊ အပါယ်လေးပါး ရောက်သွားပြီဆိုရင် ဟုတ်ရဲ့လား။

"ဟုတ်ပါတယ် ဘုရား"

ဒီဘဝကနေ သေသွားတဲ့ လူတစ်ယောက်သည် ဒီဘဝကနေ သေပြီးတဲ့ တခြားမဲ့၌ နတ်ပြည်ကိုရောက်ပါသည်။ အဲဒါမြတ်သလား၊ ရှုံးသလား။

"မြတ်ပါတယ်ဘုရား"

အဲဒါဆို မြတ်သွားပြီ၊ အိုကေပဲ... အဲဒီလမ်းစဉ်လိုက် ဟုတ်ရဲ့လား။

"မှန်လှပါ ဘုရား"

ဒီဘဝကနေ ဒီလူတစ်ယောက်သည် သေသွားပါသည်။ အဲဒီသေသွားသည့် အခြားမဲ့၌ လူပဲပြန်ပြီးတော့ ဖြစ်ပါတယ်။ မြတ်သလား၊ ရှုံးသလား။ မြတ်လည်း မမြတ်ဘူးနော်၊ ရှုံးလည်း မရှုံးဘူးနော်။

ယောဂီတို့ ဘာတိုက်တာလဲ အရင်းတိုက်... အေး... အဲဒါ မမြတ်သည့်တိုင်အောင် မရှုံးဖို့ အရင်းတိုက်ဖို့ အရေးမကြီးဘူးလား။

တကယ်လို့ဗျာ ယောဂီအပေါင်း သူတော်ကောင်းတို့ သေသည့်၏အခြားမဲ့၌ ဂတိတစ်ခုခုသာလွဲသွားပြီ၊ ယောဂီအပေါင်း သူတော်ကောင်းတို့ တရားနာမည်က ဘာတဲ့လဲ. . . . လွယ်လွယ်လေးနဲ့ အပါယ်ဝေး... ဟုတ်ရဲ့လား။

"ဟုတ်ပါတယ် ဘုရား"

## ကုသိုလ်အကျိုး (၇)မျိုး

ယောဂီအပေါင်း သူတော်ကောင်းတို့ နားထောင်ကြည့်ပါလား။ ဘုရားဟောတာနော်...

**ယေသံ ပန ကုလာနံ တိဏ္ဏံ သရဏာနိ၊**

**ပဉ္စသီလာနိ ဧကံသလာကဘတ္တံ။**

**ဧကံပက္ခိကံ ဧကံဝဿဝါသိကံ၊**

**ဧကောအာဝါသော နိဗဒ္ဓပုညာနိ သန္တိ။**

ဒီလို ပါဠိနဲ့ရွတ်လိုက်တော့ ယောဂီတို့ နားလည်လား။

"နားမလည်ပါဘူး ဘုရား"

အဲတော့ ဦးဇင်းကလဲ လူပိန်း နားပေါက်အောင် ဟောတဲ့အခါကျတော့ အခက်ကြီးမဟောဘူး။

အဲဒီ ပါဠိကို မြတ်စွာဘုရားရှင်က ဘာအဓိကပြောလဲဆိုတော့- ချစ်သားတို့၊ ချစ်သမီးတို့... ငါ ဘုရားရှင်ကိုယ်တော်မြတ် အခုဟောပြမယ့် ကုသိုလ်(၇)မျိုး၊ ကုသိုလ် ဘယ်နှစ်မျိုးတဲ့လဲ။

"(၇)မျိုးပါ ဘုရား"

အဲဒီကုသိုလ်ခုနစ်မျိုးထဲမှာ တစ်မျိုးမျိုး ကုသိုလ်ကောင်းမှုကို ခိုင်ခံ့စွာပြုလုပ်ထားတဲ့ ပုဂ္ဂိုလ်ဟာ ဒီဘဝကနေ သေသည်၏ အခြားမဲ့၌ ဘယ်တော့မှ အပါယ်မသွားတော့ဘူး။

ယောဂီတို့ ယောဂီတို့ အပါယ်ဒုက္ခကစိတ်ချရဖို့ အရေးကြီးဆုံးပဲဗျ။

ဒီဘဝကနေ သေသွားပြီဆိုရင် ယောဂီအပေါင်း သူတော်ကောင်းတို့ အပါယ်ကျသွားပြီဆိုရင် မရှုံးဘူးလား။

"ရှုံးပါတယ် ဘုရား"

ယောဂီအပေါင်း သူတော်ကောင်းတို့ ည ည ဆုတောင်းနေတာပဲ ဩကာသ- ဩကာသ- ဆုတောင်းပြီးတဲ့အခါ ကျတော့ အပါယ်လေးပါး မပြောဘူးလား။

"ပြောပါတယ် ဘုရား"

ကပ်သုံးပါး မဆိုဘူးလား၊ အပါယ်က လေးမျိုးရှိတယ်။ ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသူရကာယ်၊ ဘယ်နှစ်မျိုးလဲ။

"လေးမျိုးပါ ဘုရား"

ကဲ... အားလုံးရဟာပဲ ဆိုကြည့် ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသူရကာယ်။ ယောဂီတို့ ဘယ်နှစ်မျိုးလဲ။ လေးမျိုး ဟုတ်ပြီလား။ အဲဒီလေးမျိုးထဲမှာ ဘယ်ငရဲကို ရောက်ချင်သလဲဆိုရင် ဘယ်ငရဲမှမလွယ်ဘူး။

ငရဲဆိုတာလဲ ယောဂီအပေါင်း သူတော်ကောင်းတို့ နိရယဆိုတဲ့ ပါဠိက လာတာ ငရဲဆိုတာ ငရဲသူ၊ ငရဲသားဆိုတာ ချမ်းသာဆိုတာ မြူ၍မှမရှိတဲ့ ခန္ဓာ၊ ယောဂီတို့ မဆင်းရဲဘူးလား။

"ဆင်းရဲပါတယ် ဘုရား"

ချမ်းသာဟူ၍ မြူ၍မှမရှိဘူး။ လူ့ဘဝ လူ့လောကမှာ ဆင်းရဲပါတယ်ဆိုတဲ့ လူတစ်ယောက်ဟာ ဦးဇင်းတို့ လူစကားနဲ့ပြောမယ်ဆိုရင်တော့ သူတောင်းစားတွေ အိမ်လဲမရှိဘူးလေ၊ ဟုတ်လား။

"ဟုတ်ပါတယ် ဘုရား"

လမ်းတကာ လှည့်လည်တောင်းစားလာပြီးတော့ အိမ်တစ်အိမ်အိမ်ရဲ့ရှေ့မှာ တောင်းစားနေရတဲ့ သူတောင်းစား၊ လူ့ဘဝမှာ မဆင်းရဲဘူးလား၊ ဒါပေမယ့် အဲဒီ အဆင်းရဲဆုံးဆိုတဲ့ သူတောင်းစားမှာတောင် ချမ်းသာဆိုတာ မရှိဘူးလား။

"ရှိပါတယ် ဘုရား"

ရှိတယ်...ရှိတယ်၊ ယောဂီအပေါင်း သူတော်ကောင်းတို့၊ ဦးဇင်းက စာသင်တဲ့ အခါကျတော့ မန္တလေး၊ မစိုးရိမ်တိုက်သစ်ကြီးမှာ စာသင်ခဲ့ရတယ်၊ ဦးဇင်းတို့ မွှာစရိယ

စာဝါတွေပြီးတော့ ဆရာဘုန်းကြီးတွေက နေ့ရာသီရောက်လို့ ကျောင်းပိတ်ပြီး ရွာကို ပြန်ခွင့်ပြုတဲ့အခါကျတော့ ဦးဇင်းတို့ရွာ မပြန်ဘဲနဲ့ မန်းတောင်ရိပ်ခိုပေါ့။

မန်းတောင်ရိပ်ခို ဆိုတဲ့အတိုင်းပဲ ယောဂီအပေါင်း သူတော်ကောင်းတို့ မန္တလေးတောင်ကို ဦးဇင်းတို့ အလည်သွားကြတာ၊ သူငယ်ချင်းတွေနဲ့ သွားကြတဲ့အခါကျတော့ ဟိုရောက်တော့ လမ်းဆုံလမ်းခွတစ်ခုမှာ ဆွေတော် မျိုးတော်တွေ လက်နှစ်ဖက်လဲ ပြတ်နေတယ်။ ဘာလဲပြတ်နေတယ်။

"လက်နှစ်ဖက် ပြတ်နေပါတယ် ဘုရား"

ခြေနှစ်ဖက်ကလဲ အောက်ပိုင်းက ပြတ်နေတယ်တဲ့။ အဲဒီ သူတောင်းစားကို သွားတွေ့တော့ အို...သနားလိုက်တာနော်။ အဲဒီ တောင်းစားတဲ့နေရာ လမ်းဆုံလမ်းခွရောက်ဖို့ သူ့ဟာသူ မသွားနိုင်ဘူး။ သူများက ချီပို့ရတယ်။

လောကမှာ အဆင်းအရဲဆုံး ဆိုတဲ့လူလို့ မပြောနိုင်ဘူးလား။

"ပြောနိုင်ပါတယ် ဘုရား"

အဲဒါ သနားလွန်းလို့ ဦးဇင်းက ငွေငါးရာတန်လေးတစ်ရွက်ကို သွားလှူပြီးတော့ အဲဒီသူတောင်းစားကို နည်းနည်းလေး သုတေသနပြုလိုက်တယ်။ အဲဒါ ယောဂီတို့အတွက်ပါ ဦးဇင်းအတွက်မဟုတ်ပါဘူး။

နည်းနည်းလေးသွားပြီးတော့ စကားနာလေး သွားထိုးလိုက်တယ်။ ဘယ်နှယ့် ဒကာကြီး၊ ဒကာကြီးဘဝက ခြေပြတ်၊ လက်ပြတ်၊ ဇနီးကလဲမရှိ၊ သမီးသားလဲ မရှိဘဲနဲ့ ဒီဘဝကို ဒကာကြီး ဆင်းရဲစရာတွေကြီးပဲ၊ စိတ်ညစ်စရာတွေကြီးပဲဆိုတော့ ဘာပြောတယ်မှတ်လဲ။ အရှင်ဘုရားတဲ့ တပည့်တော် ဇနီးမယား၊ သမီးသား မရှိဘူးဆိုတာ ဘယ်သူပြောတာလဲဘုရား။ အမျိုးသမီးမိန်းမမှ နှစ်ယောက်ဘုရား၊ မိန်းမမှ ဘာတဲ့လဲ။

"နှစ်ယောက်ပါ ဘုရား"

သားသမီးမှ သုံးယောက်ဘုရား၊ သားသမီးက ဘာတဲ့လဲ။

"သုံးယောက်ပါ ဘုရား"

သူကိုသနားစရာလို့ ထင်တာ၊ တကယ်တော့ ကိုယ့်ကိုယ်ကို ဖြစ်နေတာ။

## မသေချာတဲ့ဘဝမှာ သေချာအောင်လုပ်

ပြောချင်တာက ယောဂီအပေါင်း သူတော်ကောင်းတို့ လူ့ဘဝမှာအဆင်းရဲဆုံး ဆိုတဲ့ လူတစ်ယောက်တောင် ချမ်းသာဆိုတာ ရှိပါသေးတယ်။ ယောဂီအပေါင်း သူတော်ကောင်းတို့ အပါယ်လေးပါးထဲမှာရှိတဲ့ ငရဲဆိုတာ ဘာချမ်းသာမှမရှိဘူး။ အမြဲတမ်း အော်နေရတာ။

အဲဒီတော့ တပည့်တော်တို့ ငရဲမှာ မကျရောက်လို့ ဟိုဘက်ပြိတ္တာဘဝလေးများ သက်သာမလားဘုရား။ အမလေး... ပြိတ္တာဘဝလဲ မသက်သာဘူး။ ပြိတ္တာဆိုတာ ခန္ဓာကိုယ်ကြီးက အကြီးကြီးတွေပဲ ဟုတ်လား။ လောကဥပမာနဲ့ ပြောရရင် ပုတ်လုံးကြီးတွေ မြင်ဘူးလား။ အဲဒီပုတ်လုံးကြီးတွေလောက် ခန္ဓာကိုယ်ကြီးတွေက ကြီးတယ်။ သူတို့ရဲ့ ပါးစပ်ကလေးတွေက သေးသေးလေးတွေ။ ဘယ်လောက်တောင် သေးလဲဆိုတော့ ဦးဇင်းတို့လူတွေစားတဲ့ ထမင်းစေ့လေး သိတယ်နော်။

"သိပါတယ် ဘုရား"

အဲဒီထမင်းစေ့ကို ပြိတ္တာဘုံဘဝမှာ လူတို့ပါးဝပ်လို တစ်စိစိ မဆန့်လို့ ပြိတ္တာဘုံဘဝရဲ့ ပေါက်ဆိန်တွေနဲ့ တစ်ခြမ်းလောက် ခြမ်းပြီးတော့မှ တစ်ခြမ်း တစ်ခြမ်းစီ ထည့်လို့ရတာ။ ကြည့်စမ်း... ယောဂီတို့ ခန္ဓာကိုယ် အကြီးကြီးတွေ ဝပါ့မလား။

"မဝပါဘူး ဘုရား"

ပြိတ္တာဘုံဘဝဆိုတာ မရှိလို့ ငတ်တာမဟုတ်ဘူး။ ယောဂီတို့ ရှိရဲ့သားနဲ့ ငတ်တာ။

အဲဒါ ရှိရဲ့သားနဲ့ ငတ်တယ်ဆိုတာ ဥပမာတစ်ခုပြောပြမယ်။ ဦးဇင်းတို့ ဘုရားလက်ထက်တုန်းက မြတ်စွာဘုရားရဲ့တပည့် ရဟန်းသံဃာတွေ ညနေချမ်းကာလမှာ ဂင်္ဂါမြစ်ဆိပ်မှာ ရေဆင်းချိုးတယ်တဲ့၊ ဘာလုပ်လဲ။

"ရေဆင်းချိုးပါတယ် ဘုရား"

ရေဆင်းချိုးတဲ့အခါကျတော့ တစ်ခါတည်း သပိတ်တွေထမ်းပြီးတော့ ရေဆိပ်ကို ဂင်္ဂါမြစ်ကိုလာ၊ ကြွလာကျတဲ့ရဟန်း သံဃာတော်တွေ ကြွလာတဲ့အခါကျတော့ ပုတ်လုံးလောက်ရှိတဲ့ ပြိတ္တာကြီးတစ်ကောင်က အရှေ့ပြေးလိုက်၊ အနောက် ပြေးလိုက်၊ တောင်ဘက်ပြေးလိုက်၊ မြောက်ဘက်ပြေးလိုက် ဟုတ်လား။ သူပြေးတာ တခြားလား၊ ရေထဲမှာ ပြေးတာလား။ ဟာ... အဲဒါနဲ့ ဂင်္ဂါမြစ်မှာ လာပြီးရေချိုးကြတဲ့ သံဃာတော် အရှင်သူမြတ်တွေက လှမ်းမေးတယ်။ ဟေး... ဒကာကြီး ခင်ဗျားကဗျာ အရှေ့လဲပြေး၊ အနောက်လဲပြေး၊ တောင်လဲပြေး၊ မြောက်လဲပြေး ခင်ဗျား ဘာလုပ်နေတာတုန်း။

အဲဒါနဲ့ ပြိတ္တာကြီးက ဘာဖြေသလဲဆိုတော့ အရှင်ဘုရားတို့တဲ့ တပည့်တော် ရေဆာလို့ ရေရှာတာဘုရား။ ရေဆာလို့ ဘာရှာတာလဲ။

"ရေရှာတာပါ ဘုရား"

ရေကသူ့အောက်မှာ တွေ့ရဲ့လား။ အဲဒါနဲ့လေ အဲဒီပြိတ္တာကြီးကို ရဟန်းသံဃာတွေက သနားလို့ ကဲ ကဲ... လာ...လာ... ဒကာကြီး၊ ဒကာကြီး ရေသောက်

ချင်လား။ အာ...သောက်ချင်တာပေါ့ ဘုရား။ ဒကာကြီးရဲ့ပါးစပ်ကို အသာပဟထား ကျုပ်တို့သပိတ်နဲ့ အကုန်လောင်းထည့်မယ် ဟုတ်လား။

အဲဒါနဲ့ ရဟန်းသံဃာတော်တွေ လေးငါးဆယ်ပါး သပိတ်တစ်လုံးထဲရေထည့် လိုက်၊ ပြိတ္တာကြီးရဲ့ပါးစပ်ထဲကို ရေလောင်းထည့်လိုက်၊ လောင်းထည့်လိုက်နဲ့- နောက်ဆုံး သံဃာတော်တွေကသာ ပင်ပန်းသွားတယ် ပြိတ္တာကြီးဝတယ်လို့ မပြောတဲ့ အခါကျတော့ ရဟန်းသံဃာတော်တွေက မေးတယ်။

ဒကာကြီးရယ်... ကျုပ်တို့ ခင်ဗျားပါးစပ်ထဲကို လောင်းထည့်တာလဲပဲ။ အဲ့... သပိတ်အလုံးပေါင်း မနည်းတော့ပါဘူး။ ခင်ဗျားဝတယ်လို့ကို မပြောဘူး-။ အဲဒါနဲ့ ပြိတ္တာကြီးက ဘာပြောလဲဆိုတော့ အရှင်ဘုရားတို့တဲ့ အရှင်ဘုရားတို့လောင်းထည့်တဲ့ အလုံးပေါင်းများစွာရေတွေဟာ တပည့်တော် ဝဖို့မပြောနဲ့ အခုမှ တပည့်တော်ရဲ့ ဝမ်းထဲကို တစ်စက်နှစ်စက်ပဲ ကျသေးတယ်တဲ့။ ကဲ...ယောဂီတို့ ပြိတ္တာဖြစ်ရင်ကော လွယ်လား။

"မလွယ်ပါဘူး ဘုရား"

မလွယ်ပါဘူး... ပြိတ္တာဖြစ်ရင် မလွယ်တဲ့အတွက်ကြောင့် တပည့်တော်- တိရစ္ဆာန်ဘဝလေးကို စဉ်းစားရအောင် လွယ်ရဲ့လား။

"မလွယ်ပါဘူး ဘုရား"

အမလေး... တိရစ္ဆာန်လဲ ခွေးတွေ၊ ဝက်တွေ၊ ကြောင်တွေ ခိုင်းတော့လဲ အသားကုန် ဟုတ်လား။

"မှန်ပါ ဘုရား"

တိရစ္ဆာန်ဆိုတဲ့အတိုင်း **တိ-ဣစ္ဆာ**ပဲ။ **တိ**-ဆိုတာသုံးခု၊ **ဣစ္ဆာ**ဆိုတာ- အလိုရှိ တာ၊ တိရစ္ဆာန်မှာတာ။ သုံးခုပဲရှိတယ်။ ဘယ်နှစ်မျိုးသိလဲ။ နံပါတ်တစ် အိပ်မယ်၊ နံပါတ်နှစ် စားမယ်၊ နံပါတ်သုံး ကာမဂုဏ်မှီဝဲမယ်။ ဘယ်နှစ်မျိုးလဲ။

"သုံးမျိုးပါ ဘုရား"

ယောဂီတို့အိမ်မှာ ခွေးတွေ၊ ဝက်တွေ၊ ကြောင်တွေ မရှိဘူးလား။

"ရှိပါတယ် ဘုရား"

အဲဒီ တိရစ္ဆာန်တွေဟာ အဲဒီသုံးမျိုးမှလွဲရင် ဘာမှမသိဘူး။ ဟုတ်ရဲ့လား။

"မှန်ပါ ဘုရား"

ဦးဇင်းတို့ ဒကာကြီးတွေ၊ ဒကာမကြီးတွေ ကုသိုလ်အကုသိုလ် တိရစ္ဆာန်တွေ သိရဲ့လား။ ဓမ္မ၊ အဓမ္မဆိုတာ သိရဲ့လား။ဒါဆို ဒုက္ခခန်းသွားအားထုတ်ရအောင်လို့ တိရစ္ဆာန်တွေသိရဲ့လား။

"မသိပါဘူး ဘုရား"

အဲဒီလိုမှမသိတဲ့ ဘဝ၊ အိပ်ခြင်း၊ စားခြင်း၊ ကာမဂုဏ်မှီဝဲခြင်းဆိုတဲ့ အဲဒီ ဘုံဘဝမျိုးသာသိတဲ့ တိရစ္ဆာန်ဟာ အဲဒီဘဝမျိုးသာ ရောက်သွားပြီဆိုရင် ဦးဇင်းတို့ ဒီလိုအဆင့်အတန်းမြင့်တဲ့ လူ့ဘဝကိုပြန်ရဖို့လွယ်လား။

"မလွယ်ပါဘူး ဘုရား"

မလွယ်ဘူး ဟုတ်ရဲ့လား။

"မှန်ပါ့ ဘုရား"

ဒါကြောင့်မို့လို့ သိပ်အရေးကြီးလို့ ဦးဇင်းက ယောဂီတို့ကို ဒီတရားဟောတာ၊ ဟုတ်ရဲ့လား။

"ဟုတ်ပါတယ် ဘုရား"

ဦးဇင်းက အခုသစ္စာတရားတွေကိုပြလို့ ယောဂီအပေါင်း သူတော်ကောင်းတို့က တစ်ခါထဲလေ နိဗ္ဗာန်ကိုရောက်ကြပြီဆိုရင် အိုကေပေါ့။ သိပ်ဝမ်းသာစရာပဲ။

အဲဒီတော့... အဲဒီအခြေအနေမျိုးဆိုတာ ယောဂီတို့တော့ ဦးဇင်းတို့ဘဝမှာ စိတ်ချစရာ အကြောင်းအရာလေးတစ်ခုတော့ ခိုင်ခိုင်မာမာ မရှိသင့်ဘူးလား။

"ရှိသင့်ပါတယ် ဘုရား"

ဒါကြောင့်မို့လို့... **"လွယ်လွယ်လေးနဲ့ အပါယ်ဝေး"** ဘာတဲ့လဲ။

"လွယ်လွယ်လေးနဲ့ အပါယ်ဝေးပါ ဘုရား"

မြတ်စွာဘုရားက ဒါကိုပြောတာနော်။

"မှန်လှပါ ဘုရား"

**ယေသံ ပန ကုလာနံ တီဏိသရဏာနိ ပဋိသီလာနိ။**

ချစ်သားတို့တဲ့ ငါဘုရားရှင်ကိုယ်တော်မြတ် အခုဟောမယ့် တရား(၅)မျိုး၊ အဲဒီ (၇)မျိုးသော တရားတွေထဲမှာ တစ်မျိုးမျိုးသောတရားကို ခိုင်မြဲစွာပြုထားတဲ့ ပုဂ္ဂိုလ်ဟာ သေသည်၏အခြားမဲ့၌ ဘယ်သောမှ အပါယ်မကျနိုင်ဘူး။ ဘယ်လောက် အားရဖို့ကောင်းလဲနော်။ အဲဒီတော့ သေသည်၏အခြားမဲ့၌အပါယ်မကျစေတဲ့ ကုသိုလ်ဟာ ဘယ်နှစ်မျိုးလဲ။

"ခုနစ်မျိုးပါ ဘုရား"

ဒီအတိုင်းဆိုရင် ယောဂီတို့ သေချာတယ်။ သိပ်နားမလည်ဘူး။ လင်္ကာလေး ချပေးမယ်။

ဆိုကြရအောင်...

**တိသရဏ၊ ငါးသီလ၊ မဲချစာရေးတံ။**

**(၁၅)ရက်ဆွမ်း၊ ဝါသက်န်း၊ လှူဒါန်းသောက်ရေကန်။**

**ကျောင်းဗိမာန်စု၊ တစ်ခုခု၊ ပြုစုသောတာပန်။**

ယောဂီအပေါင်း သူတော်ကောင်းတို့ ခွက်ကလေးတွေ ဘယ်နှစ်လုံးတွေ့လဲ။

"ခုနစ်လုံးပါ ဘုရား"

အဲဒီခွက်ကလေးမတွေ့တဲ့ ဒကာကြီးတွေ ဒကာမကြီးတွေ ပါသေးလား။

"ပါ ပါတယ်ဘုရား"

အေး... ပါရင်တော့ မတတ်နိုင်ဘူး။ အသံလေးသာ ကြည်ညိုတော့။

ပလ္လင်ပေါ်ထိုင်နေတဲ့ ကိုယ်တော်လေးကိုရော မြင်ရရဲ့လား။

"ဝါးနေပါတယ် ဘုရား"

အဲ... ဝါးနေတယ်တဲ့ ပြဿနာပဲ။

မယ်တော်ကြီးတွေက ဝါးတယ်ဆိုတော့ သေပြီဆရာပဲ၊ ဟင်...ဟုတ်ရဲ့လား ယောဂီတို့။

"မှန်ပါ့ ဘုရား"

အဲဒီတော့ ယောဂီအပေါင်း သူတော်ကောင်းတို့ အားလုံးမှတ်ဖို့က ခွက်ကလေးက ခုနစ်လုံး။ အဲဒီ ခုနစ်လုံးသော ခွက်တွေမှာ တစ်မျိုးမျိုးသော တစ်ခုခုသော ကုသိုလ်တရားတွေကို ပြုထားကျတဲ့ပုဂ္ဂိုလ်ဟာ သေသည်၏ အခြားမဲ့၌ အပါယ် မကြောက်ရ တော့ဘူး။

ဒါဆိုလို့ရှိရင် အပါယ်မကြောက်ရတဲ့ ခုနစ်မျိုးကို ဟောပြပါတော့ဘုရား။ ယောဂီတို့ဘာသာ ယောဂီတို့ တောင်းပန်ပန် မတောင်းပန်ပန် အခုဟောတော့မယ် ဟုတ်ရဲ့လား။

"မှန်ပါ့ ဘုရား"

အဲဒီတော့ နံပါတ်(၁)က တိသရဏ၊ ယောဂီတို့ ဆိုဆို- တိသရဏဆိုတာက တိကသုံးခု၊ သရဏက သရဏဂုံ ဟုတ်ရဲ့လား။

"မှန်ပါ့ ဘုရား"

သရဏဂုံဆိုတာကတော့ လွယ်ပါပြီဗျာနော်၊ ယောဂီအပေါင်း သူတော်ကောင်း တို့ ခုနက သီလယူတဲ့အခါမှာ-

**ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ**

**ဓမ္မံ သရဏံ ဂစ္ဆာမိ**

**သံဃံ သရဏံ ဂစ္ဆာမိ** လို့မဆိုဘူးလား။

"ဆိုပါတယ် ဘုရား"

အေး... အဲဒီ သရဏဂုံနဲ့နေတယ်။ သရဏဂုံနဲ့ သေသွားတဲ့ ပုဂ္ဂိုလ်ဟာ ဒီဘဝကနေ သေပြီးတဲ့ အခြားမဲ့၌ ဘယ်တော့မှ အပါယ်မကျတော့ဘူး။ ဝမ်းသာစရာ သိပ်ကောင်းတာပဲ ဟုတ်ရဲ့လား။

"မှန်ပါ့ ဘုရား"

သရဏဂုံသုံးပါးကို ဆိုတယ်...ဆိုတယ်- ယောဂီအပေါင်း သူတော်ကောင်းတို့ လွယ်သလား၊ ခက်သလား။

"လွယ်ပါတယ် ဘုရား"

လွယ်လွယ်လေးပါ။ ဟုတ်ရဲ့လား။

"မှန်ပါ ဘုရား"

သေခါနီးတွေလဲဆိုနိုင်တာပဲ။ နောက်ဆုံး မဆိုနိုင်တော့ဘူး။ အိပ်ရာ ညောင်စောင်း လဲလျောင်းနေပြီဆိုတာနဲ့ တစ်ပြိုင် နက် သရဏဂုံတောင် ပါးစပ်က ထွက်မရွတ်နိုင်ဘူးဆိုရင် ဘာမှမပူနဲ့ စိတ်ထဲကနေ...

**ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ**

**ဓမ္မံ သရဏံ ဂစ္ဆာမိ**

**သံဃံ သရဏံ ဂစ္ဆာမိ** လို့ အာရုံပြုနေရတယ်။

အေး... အဲဒီကုသိုလ်တစ်မျိုးဟာ အပါယ်လွတ်ကြောင်းတရား ဟုတ်ရဲ့လား။

"မှန်ပါ့ ဘုရား"

နောက်တစ်ခါကျတော့ လိုက်ဆိုကြ...

တိသရဏ ငါးသီလ၊ ငါးသီလဆိုတာ ငါးပါးသီလကိုပြောတာ၊ ဒါတွေလဲ သိပြီးသားတွေပဲ။

ဒါပေမယ့် ဦးဇင်းတို့ ဗုဒ္ဓဘာသာတွေသဘောက လွယ်တယ်ထင်ရင် တန်ဖိုးမထားဘူး။ အဲဒါကြောင့်မို့ လွယ်တယ်ထင်လို့ရှိရင် တန်ဖိုးမထားတဲ့အရာလေးတွေပ... တော်တော်လေးခက်တာ။

ဒါကြောင့်မို့ ယောဂီအပေါင်း သူတော်ကောင်းတို့ ငါးပါးသီလတဲ့- ဟုတ်လား။ ငါးပါးသီလကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲကြတဲ့ အကြင် လူသားတစ်ယောက်ကလည်း သေတော့မယ်ဆိုရင်လေ အိပ်ရာညောင်စောင်း လဲလျောင်းနေပြီးတော့ အဲဒီမှာ- ငါတော့ ဒီတောင်ကနေပြီးတော့ မကျော်နိုင်တော့ဘူး။ ငါဒီဘဝမှာ ဘာကုသိုလ်တွေကို ခြေခြေမြစ်မြစ်လုပ်ခဲ့သလဲ ဒါနတော့ ကြီးကြီးကျယ်ကျယ်မလုပ်ခဲ့ဘူး။ အိုကေပဲ ငါ ငါးပါးသီလတော့မြဲပါတယ်။

ဘယ်သူ့အသက်မှ ငါမသတ်ဘူး။ ဘယ်သူ့ပစ္စည်းမှလဲ မခိုးပါဘူး၊ သူများသား သမီးလဲ ငါ မဖျက်ဆီးပါဘူး။ ဖျက်ဆီးဖို့ နေနေသာသာ ကြံတောင်မကြံခဲ့ဘူး။

အဲဒါလေးတွေကို ယောဂီအပေါင်း သူတော်ကောင်းတို့ သေခါနီး ဖြတ်ခနဲ အာရုံပြုပြီး သေကြည့်ဘယ်တော့မှ ဒယ်အိုး မသွားပါ။ ဘယ်ကိုမသွားဘူးလဲ။

"ဒယ်အိုး မသွားပါ ဘုရား"

ဒယ်အိုးဆိုတာ အိမ်ကကြော်တဲ့၊ လှော်တဲ့ ဒယ်အိုးမဟုတ်ပါဘူးဗျ နော်။ ယမမင်းက ပေက်ဆောင်အဖြစ်ပေးတဲ့ ဒယ်အိုး။ အမလေး... ပကတိပူတဲ့ ဒယ်အိုးက ပါးပါးလေးပဲရှိသေးတယ်။

အဲဒီတော့ အားရစရာကုသိုလ် ဘယ်နှစ်မျိုးရှိသွားပြီလဲ။ နှစ်မျိုးရှိသွားပြီ။ ယောဂီတို့ ဘယ်နှစ်မျိုးလဲ။

"နှစ်မျိုးပါ ဘုရား"

ကဲ... လိုက်ဆိုကြ...

**တိသရဏ၊ ငါးသီလ၊ မဲချစာရေးတံ။**

စာရေတံမဲ လှူတာပေါ့။ စာရေးတံမဲဆိုတာ ဘယ်လိုအချိန်အခါမျိုး လှူသလဲ ဆိုတော့... ဆိုကြပါစို့၊ စာရေးဆရာ အရှင်ဇဝန(ပဲခူး) သီတင်းသုံးတဲ့ ဒီစံရိပ်ငြိမ် ကျောင်းတိုက်တော် အတွင်းထဲမှာ သံဃာက (၂၀)လောက် သီတင်းသုံးတယ်။

အဲဒီ (၂၀)လောက် သီတင်းသုံးပေမယ့်လို့ ယောဂီအပေါင်း သူတော်ကောင်း တို့က ဝါဆိုသင်္ကန်း ငါ ကပ်ချင်လိုက်တာ၊ ဒါပေမယ့် ငါ့မှာတတ်နိုင်တာက သုံးစုံ လောက်ပဲ တတ်နိုင်တယ်။ ဘယ်နှစ်စုံလောက်ပဲ တတ်နိုင်တုန်း။

"သုံးစုံလောက်ပဲ တတ်နိုင်တယ် ဘုရား"

သံဃာက ဘယ်နှစ်ပါး ရှိတာလဲ။

"အပါး(၂၀)ပါ ဘုရား"

ဒါပေမယ့် သူ့မှာ တတ်နိုင်တာက သက်န်းလေးက ဘယ်နှစ်စုံလဲ။

"သုံးစုံပါ ဘုရား"

ဒါပေမယ့် ဘုရားတပည့်တော် လှူချင်တဲ့ သံဃာတော်အနေနဲ့ပြောရင် စံရိပ်ငြိမ်တစ်ကျောင်းလုံး တပည့်တော် လှူချင်ပါတယ်။

လှူချင်တာက တစ်ကျောင်းလုံး လှူချင်တယ်။ ကိုယ့်မှာ သုံးစုံပဲတတ်နိုင်တယ်။ ဒါဆိုလို့ရှိရင် တစ်ကျောင်းလုံးလှူနိုင်အောင် တပည့်တော် ဘယ်လိုလုပ်ရမလဲ။ ပရိသတ်ရေ လွယ်လွယ်လေး မဲကလေးချလိုက်။

မဲလိပ်ထဲ ယောဂီအပေါင်း သူတော်ကောင်းတို့ သံဃာ(၂၀) ရှိတယ်ဆိုရင် မဲပေါင်း (၂၀)။

မဲပေါင်း (၂၀)မှာ သက်န်းမဲလေးက သုံးမဲ၊ ကျန်တာတွေက ဘာတွေလဲ၊ ဗလာတော့ သိပ်မလုပ်နဲ့ ဝင်္ကလိုက်လိမ့်မယ်။

ဦးဇင်းကလေ အဲဒီမဲတွေနဲ့ တွေ့လို့ရှိရင် တစ်ခုမှ ကံကောင်းဖူးတယ်မရှိဘူး။ ဗလာတွေနဲ့ကြီးပဲ တွေ့တာ။

အဲဒါကြောင့်မို့လို့ ဦးဇင်းကျောင်းမှာက နောက်ပိုင်း ဦးဇင်း အခုကျောင်းလဲ မရှိပါဘူး။ ကန်လည်းမရှိပါဘူး။ ဘာမှမရှိပါဘူး။ ဟုတ်လား။ ရှိတာဆိုလို့ ခါးမှ ဝတ်ထားတဲ့ သက်န်းပဲရှိတယ်နော်။

အဲဒါပြောချင်တာက ယောဂီအပေါင်း သူတော်ကောင်းတို့ ကိုယ်များ ကျောင်းသာထိုင်လို့ရှိရင် ကိုယ်ကမဲနေရာမှာ ကံမကောင်းတက်တဲ့ အတွက်ကြောင့် စာရေးတံမဲတော့ လက်မခံနိုင်ဘူး။

အဲဒါ အဲဒါ... ယောဂီတို့ကို ဦးဇင်းက တင်ပြတာ ဟုတ်လား။

တပည့်တော်တို့ သံဃာက နှစ်ဆယ်ရှိနေပါတယ်။ နှစ်ဆယ်လုံးလို့ လှူချင်တယ်။ မဲဖောက်ပြီးတော့ လှူလိုက်၊ အဲဒါ တစ်ပါးကြွလာရင် အရှင်ဘုရား ကြည့်လိုက်ဦး ဘုရား။ ဗလာ ဟုတ်လား။ နောက်တစ်ပါး ကြွလာတယ်- ကြည့်လိုက်ဦး ဘုရား၊ ဗလာဟုတ်လား၊ နောက်ဆုံး ဆွေတော်မျိုးတော်တွေ အဲဒီအထဲက ယောဂီအပေါင်း သူတော်ကောင်းတို့ စိတ်ညွတ်လိုက်တာ ကတော့ အပါးနှစ်ဆယ်လုံးမလား။ ဒါပေမယ့် ရသွားတာက- သုံးစုံ။ အဲဒါ အကုန်လုံးလှူလိုက်တာနဲ့ အတူတူပဲ။ ဟုတ်ရဲ့လား။

"မှန်ပါ့ ဘုရား"

အဲဒီ စာရေးတံမဲလှူဒါန်းပါတယ်ဆိုတဲ့- အလှူ့ရှင်၊ အလှူ့မ၊ ဒကာ ဒကာမ တွေကလဲ သေတော့လေ- သေရာညောင်စောင်း လဲလျောင်းတယ်ဆိုလို့ရှိရင်

နောက်ဆုံးလေ ငါ့ဘဝမှာ ဘာတွေအမှတ်တရ လုပ်ခဲ့ဘူးသလဲဆိုရင် အို...ကြည့်စမ်း ငါ- စံရိပ်ငြိမ်ကျောင်းတိုက်တော်အတွင်းထဲမှာ စာရေးတံမဲတွေ ဖောက်ဖောက်ပြီးတော့ လှူခဲ့ဖူးတယ်။

အဲဒါလေး သတိရပြီး ဖြတ်ခနဲသေရင် သေတော့မယ်ဆိုရင် ဘယ်တော့မှ ဒယ်အိုးမသွားဘူး။ ယောဂီတို့ အားရစရာ မကောင်းဘူးလား။

"ကောင်းပါတယ် ဘုရား"

ကဲလိုက်ဆိုကြ....

**တိသရဏ၊ ငါးသီလ၊ မဲချစာရေးတံ။**

**ဆယ့်ငါးရက်ဆွမ်း...**

ယောဂီအပေါင်း သူတော်ကောင်းတို့ ဒါတွေက ထင်ရှားပါတယ်။ ဦးဇင်းတို့ အခုဟာက ဝါတွင်းကာလကြီး မဟုတ်လား။

ဝါတွင်းကာလဆိုတော့ ယောဂီအပေါင်း သူတော်ကောင်းတို့ လပြည့်တို့၊ လကွယ်တို့ ရှစ်ရက်ဥပုသ်တို့ ကျောင်းတွေ ကျောင်းတွေမှာ လိုက်ပြီးတော့ ဥပုသ် မစောင့်ဘူးလား။ အဲဒီလို ဥပုသ်စောင့်ကြတဲ့အခါကျတော့ ငါတို့တစ်တွေကို တရား ချီးမြှင့်ကြတဲ့ သံဃာတော်တွေ အဲဒီကျောင်းတိုက်ထဲနေကျတဲ့ သံဃာတော်တွေ ဆွမ်းဘောဇဉ် ပြည့်ပါစေခြင်းအကျိုးငှာ ဟုတ်လား။

"မှန်လှပါ ဘုရား"

လပြည့်ဆိုရင် ဆွမ်းတစ်အုပ်ဗျာ၊ လကွယ်ဆိုရင် ဆွမ်းတစ်အုပ်ဗျာ။

## သီလရှိအောင် အားထုတ်ပါ

ဦးဇင်းတို့ မြတ်စွာဘုရားဟောတဲ့က ပါဠိတော်မှာ တိုက်ရိုက်ရှိတယ်နော်။ လှူထားတဲ့ အလှူရှင်တွေ ဆွမ်းမတတ်နိုင်တော့လဲ ဟင်းတွေလှူဒါန်းကြတဲ့ ပုဂ္ဂိုလ် တွေမရှိဘူးလား။ အဲဒီလို လပြည့်တစ်အုပ်၊ လကွယ်တစ်အုပ် ပုံမှန်ပေါ့နော်။ လကွယ်-လပြည့်နေ့ (၈)ရက် ဥပုသ်နေ့ဆိုရင်လဲ ဆွမ်းလှူတယ်။ နောက်ရှစ်ရက်ဆိုလဲ ဆွမ်းလှူ တယ်။ အဲဒီလို လပြည့်လကွယ်၊ ပုံမှန်တိုင်း လှူတဲ့ ဆွမ်းဒါန။

အဲဒီ ဆွမ်းဒါနဆိုတဲ့ လှူဒါန်းလိုက်ရတဲ့ အလှူဒကာ ဒကာမ ဒီဘဝမှသေတော့ မယ်ဆိုရင် အဲဒါလေးသာ အာရုံပြုပေး ဘယ်တော့မှ အပါယ်မသွားဘူးတဲ့။ အဲ... ဒယ်အိုးမသွားတော့ဘူး။ ယောဂီတို့ အားရစရာ ကောင်းလိုက်တာ ဘယ်နှစ်ချက် ပြီးသွားပြီလဲ။

"လေးချက်ပါ ဘုရား"

လေးချက်ပြီးသွားပြီဆိုတော့ တရားက အဆုံးသတ်တော့မှာ သေချာတယ်။ ဝမ်းမြောက်တော့ ဟုတ်လား။

"မှန်ပါ ဘုရား"

အဲဒီတော့ ယောဂီအပေါင်း သူတော်ကောင်းတို့ လိုက်ဆိုကြည့်…

**တိသရဏ၊ ငါးသီလ၊ မဲချစာရေးတံ။**

**ဆယ့်ငါးရက်ဆွမ်း၊ ဝါသင်္ကန်း…**

ဝါသင်္ကန်းဆိုတာ ဝါဆိုသင်္ကန်း ဟုတ်ရဲ့လား။

"မှန်ပါ ဘုရား"

ထူးမြတ်တဲ့သင်္ကန်း သင်္ကန်းတွေထဲမှာ ကထိန်သင်္ကန်းလဲပါ ပါတယ်။ ဝါဆိုသင်္ကန်းလဲပါ ပါတယ်။

သံဃာတော် အရှင်မြတ်တွေ ဝါတွင်းသုံးလပတ်လုံး ဝါဆိုကြမယ်။ အဲဒီသံဃာတော် အရှင်သူမြတ်တွေ ဂုဏ်ကို အာရုံမှန်းလို့ သံဃာတော်တွေဆိုတာ သာသနာတော်မှာ ခေါင်းဆောင်ကြီးတွေနော်။

ဒီနေ့ ဦးဇင်းတို့ ဟောပြောနေတဲ့ တရားတွေဟာ ပရိယတ်လို့ခေါ်တယ်။ ဘာလို့ခေါ်လဲ။

"ပရိယတ်ပါ ဘုရား"

အဲဒီ ပဋိယတ်ဆိုတဲ့ သာသနာတော်ကြီးကို ဒီကနေ့ ဦးဇင်းတို့ သာသနာတော်တွင်းမှာရှိတဲ့ သံဃာတော်တွေက လက်ဆင့်ကမ်းနိုင်လို့ ဦးဇင်းတို့ ယောဂီတွေ နားလည်ကြရတာ။

ဒါကြောင့်မို့လို့ ယောဂီအပေါင်း သူတော်ကောင်းတို့အတွက် သံဃာတော်တွေက ကျေးဇူးမများဘူးလား။

"များပါတယ် ဘုရား"

နောက်ဆုံးလေ ကိုယ့်အိမ်ကြွလာတဲ့ ကိုရင်လေး။ နေ့စဉ် ကိုယ့်အိမ်ရှေ့ကို ကြွလာတဲ့ ကိုရင်လေးတွေ ခေါင်းမှာဒက်တွေ ပေါက်နေပါကယ်။ ရှေ့က ကိုရင်လေးတွေပဲ ကြည့်ပါလား။ ခေါင်းတွေက ဒက်တွေပေါက်နေတယ်။ အဲဒါ ကိုရင်လေးဆိုပေမယ့် ဆွေတော်မျိုးတော်တွေ လျှော့မတွက်နဲ့ အထင်မသေးလိုက်နဲ့။

မြတ်စွာဘုရားက ဟောထားတယ်။ ငယ်ပေမယ့် အထင်မသေးကောင်းတဲ့ အရာ ဘယ်နှစ်မျိုးလဲ။။

ရဟာယ်။ မသိတဲ့သူ တရားဟောရတာ အရမ်းဝမ်းသာတယ်။ ဒီမှာကြည့် ဘယ်နှစ်မျိုးလဲ။

"လေးမျိုးပါ ဘုရား"

ငယ်ငယ်ရွယ်ရွယ်နဲ့ ဆွေတော်မျိုးတော်တွေ အထင်မသေးကောင်းတဲ့ အရာ ဟာ မြွေ၊ ဘာတဲ့လဲ။

"မြွေပါ ဘုရား"

နောက်ပြီးတော့ ရဟန်း၊ နောက်ပြီးတော့ ဘာတဲ့လဲ။

"ရဟန်းပါ ဘုရား"

နောက်ပြီးတော့ မင်းသား၊ နောက်ပြီးတော့ မီးပွား၊ ဘယ်နှစ်မျိုးလဲ။

"လေးမျိုးပါ ဘုရား"

ဆိုကြည့်ပါ။

**ရဟန်းမင်းသား၊ မြွေမီးပွား၊ လေးပါးငယ်သောဟု။**

**မထီမဲ့မြင်၊ ပြုလုပ်လျှင်၊ မျက်မြင်ပျက်ကြောင်းရှု။**

မီးပွားလေး သေးသေးလေး ငယ်ငယ်လေးပဲ မထီမဲ့မြင်မလုပ်နဲ့။ အမှိုက်က စတော့...

"ပြာသာဒ်မီးလောင်ပါ ဘုရား"

အဲဒါနော်၊ မြွေကလေးသေးသေးလေး လမ်းမှာတွေ့ပါတယ်။ အဲဒီမြွေကလေး ဟာ ဒီကောင်လေးဟာ မထီမဲ့မြင် သွားမလုပ်နဲ့။ သေးပေမယ့် ကိုက်ရင် သေတတ်ပါ တယ်။ ထိုနည်းတူစွာဘဲ တိုင်းပြည်အုပ်ချုပ် မင်းလုပ်တဲ့ သူ့ရဲ့သားလေးက သေးသေး လေး၊ ဒါပေမယ်လို့ သူ့ရဲ့ဖခင်သေသွားရင် သူဟာ တိုင်းပြည်မှာ ဘာဖြစ် သွားမလဲ။

"မင်းဖြစ်မှာပါ ဘုရား"

မင်းဖြစ်လာမယ်။ ဒါကြောင့်မို့ အဲဒီကလေးလေး သေးသေးပေးဆိုပေမယ့် အထင်သွားပြီးတော့ မသေးနဲ့တဲ့။ သူ မင်းဖြစ်လာရင် ဒင်းကိုသတ်လို့ရတယ်။ ရှင်းရဲ့ လား။ နောက်တစ်ခါကျတော့ ယောဂီအပေါင်း သူတော်ကောင်းတို့အိမ်ရှေ့မှာ ကြွလာတဲ့သံဃာတော်တွေ ငယ်တယ်၊ ကိုရင်လေးတွေ ငယ်တယ်ဆိုပြီးတော့ အထင် မသေးနဲ့။ ဘာဖြစ်လို့လဲဆိုတော့ ဦးဇင်းတို့ လူတွေရဲ့သီလက ရှစ်ပါး။ နောက်ဆုံး ဆောက်တည်နိုင်တာ အမြင့်ဆုံးပြောဆိုရင် ကိုးပါးပဲ။

အဲဒီကိုရင်လေးတစ်ပါးရဲ့ ဒက်စားနေတဲ့ ကိုရင်လေးတစ်ပါးရဲ့ သီလဟာ တစ်ရာ့တစ်ဆယ့်နဲ့ကိုးပါး။

တစ်ရာတစ်ဆယ့်ကိုးပါး ဆိုတော့ ယောဂီအပေါင်း သူတော်ကောင်းတို့ရဲ့ သီလဟာ ကိုရင်လေးတွေနဲ့ ယှဉ်လိုက်လို့ရှိရင် အစွန်းထွက်ပဲ ရှိမနေဘူးလား။

တစ်ချို့က ကပ်ပြီးတော့ ပြောမယ်။ ကိုရင်လေးဒက်စားနေတာ အရှင်ဘုရားရဲ့ သေးသေးလေး အရှင်ဘုရားကသာ အမွှန်းတင်ပြီးတော့ တစ်ရာ တစ်ဆယ့်တစ်ပါးလို့ ပြောတယ်။ သူရောဆောက်တည်နိုင်လို့လား။ တစ်ချို့ကနော် အဲဒီလို သူရော ဆောက်တည်နိုင်လို့လားဆိုတော့ ကိုယ့်ကိုယ်ကိုလဲ ပြန်မေးကြည့်၊ ကိုးပါးရော မြဲလို့လား။

ဒါကြောင့်မို့လို့ ဦးဇင်းတို့ ပြောချင်တာက၊ အကြံပေးချင်တာကလေ ဒီကနေ့ သာသနာတော်မှာ ပရိယတ်ဂုဏ်ကို ထမ်းဆောင်နေကြတဲ့ ကိုရင်လေးတွေ၊ ရဟန်းငယ်လေးတွေ သံဃာတော်လေးတွေဟာ ဘာနဲ့တူသလဲဆိုတော့ လောကဥပမာနဲ့ပြောရင် ကုန်ကြမ်းနဲ့တူတယ်။

ဒီကနေ့ ဒကာ၊ ဒကာမတွေ ကြည်ညိုကြပါတယ်ဆိုတဲ့ အားထားလှပါတယ်ဆိုတဲ့ ကမ္ဘာကျော် ဆရာတော်ကြီးတွေ နိုင်ငံကျော်ဆရာတော်ကြီးတွေ မရှိဘူးလား။

"ရှိပါတယ် ဘုရား"

အဲဒီကမ္ဘာကျော်ကြီးတွေ နိုင်ငံကျော်ကြီးတွေဟာ ကုန်ချောနဲ့တူတယ်။ ဘာနဲ့တူလဲ။

"ကုန်ချောနဲ့တူပါတယ် ဘုရား"

ဒါပေမယ့် ယောဂီအပေါင်း သူတော်ကောင်းတို့ ကုန်ချောရယ်၊ ကုန်ကြမ်းရယ်လို့ နှစ်မျိုးရှိတဲ့အနက်မှာ ကုန်ချော၊ ကုန်ချောဆိုတာက ဘယ်ကဖြစ်ရ၊ ကုန်ကြမ်း မရှိပဲနဲ့ ကုန်ချောဆိုတာ ဖြစ်ပါ့မလား။

"မဖြစ်ပါဘူး ဘုရား"

ဒါပါပဲ... ဒါကြောင့်မို့ ကုန်ချောဆိုတဲ့ ကမ္ဘာကျော်ကြီးတွေ၊ နိုင်ငံကျော်ကြီးတွေကို ယောဂီတို့ ကြည်ညိုသလို၊ အားထားသလို ကုန်ကြမ်းဆိုတဲ့ ကိုရင်လေးတွေ၊ ဦးဇင်းလေးတွေကို မမေ့ကြပါနဲ့။ သာသနာတော်မှာ အရေးမကြီးဘူးလား။

"ကြီးပါတယ် ဘုရား"

အဲဒီတော့ သာသနာတော်မှာ သာသနာ့ဝန်ထမ်း ရှင်ရဟန်းတွေကို သာ့သနာ အလုပ်တွေကို လုပ်ဆောင်နေတဲ့ သံဃာတော် အရှင်သူမြတ်တွေကို သံဃာဂုဏ်ကို ရည်မှန်းပြီးတော့ ဝါတွင်းသုံးလ သီတင်းသုံးကြတဲ့ အဲဒီသံဃာတော်တွေကို ဝါဆို သင်္ကန်း။ ဝါဆိုသင်္ကန်းကို လှူဒါန်းဘူးတဲ့ အလှူရှင်တွေနော် ဒီမှာအမျှားကြီးပါလိမ့်မယ်။

အဲဒီ ဝါဆိုသင်္ကန်းဆိုတဲ့ ထူးမြတ်တဲ့ ကောင်းမှုပြုထားကြတဲ့ အလှူရှင် ဒကာ၊ ဒကာမတွေက ဒီဘဝသေတော့မယ် ကိုယ့်ကိုယ်ကိုကြည့်လိုက်ပေါ့။ ငါ...ဒီတောင်က မကျော်နိုင်တော့ဘူးဆိုရင် ဒီဟာလေးကို အာရုံပြု။

ငါ ဘယ်နေ့ ဘယ်ရက် ဘယ်ဝါဆိုမှာ သံဃာတော်အရှင်သူမြတ်တွေကို ဝါဆိုသင်္ကန်း ငါလှူဒါန်းလိုက်ပြီ၊ အဲဒါလေး အာရုံပြုပြီး သေရင် ဘယ်တော့မှ ဘယ်ကိုမသွားဘူးလဲ။

"ဒယ်အိုးမသွားပါဘူး ဘုရား"

အဲ... ဒယ်အိုး မသွားဘူးတဲ့ ယောဂီတို့ ဘယ်ကိုမသွားဘူးလဲ အဲဒါဆိုလို့ရှိရင် ဘယ်နှစ်မျိုးရှိသွားပြီလဲ။

"လေးမျိုးပါ ဘုရား"

ကဲ... လိုက်ဆိုကြ...

**တိသရဏ၊ ငါးသီလ၊ မဲချစာရေးတံ။**

**ဆယ့်ငါးရက်ဆွမ်း၊ ဝါသင်္ကန်း၊ လှူဒါန်းသောက်ရေကန်။**

လှူဒါန်းသောက်ရေကန် ဆိုတာ ကျောင်းတိုက်တစ်တိုက်ထဲမှာပဲ ဖြစ်ဖြစ်နော်၊ နောက်ပြီးတော့တဲ့ စာသင်ကျောင်းပဲဖြစ်ဖြစ်၊ ရေတွင်းတွေ လှူဒါန်းခဲ့ဖူးတဲ့ ပုဂ္ဂိုလ်တွေ၊ ရေကန်တွေ လှူဒါန်းခဲ့တဲ့ပုဂ္ဂိုလ်တွေ။

နောက်တစ်ခါကျတော့... ယောဂီအပေါင်း သူတော်ကောင်းတို့ ရေတွင်းတွေ ရေကန်တွေ မလှူပေမယ့် တချို့ကျတော့လေ ကိုယ်ရဲ့အိမ်ရှေ့မှာနော် သောက်ရေ အိုးစင်လေးတွေ တည်ပြီးတော့ အရပ်လေးမျက်နှာက လာကြတဲ့ပုဂ္ဂိုလ်တွေ။

မောမောပန်းပန်းနဲ့ ငါတည်ထားတဲ့ ဒီရေကို သောက်သုံးပြီးတော့ အေးချမ်းကြပါစေ၊ ကဲ...ပြော... ယောဂီအပေါင်း သူတော်ကောင်းတို့ အဲဒါလေးတွေ မတည်ထားတတ်ဘူးလား။ ဦးဇင်း ဖြတ်ကနဲသွားသတိရတာ သပိတ်အိုင် ဆရာတော်ကြီးကို နော်။ သပိတ်အိုင်ဆရာတော်ကြီးက နိုင်ငံခြားက ပြန်ကြွလာတယ်တဲ့။ ရောက်တဲ့အခါ ကျတော့ သပိတ်အိုင် ဆရာတော်ကြီးနောက်ကို နိုင်ငံခြားသား တိုးရစ်တွေ အများကြီး ပါလာတယ်။

ပါလာတဲ့အခါကြတော့... သပိတ်အိုင် ဆရာတော်ကြီးက စစ်ကိုင်းတောင် ဘယ်လောက်တောင် သာယာသလဲဆိုတာ လိုက်ပြီးတော့ ညနေချမ်းလေး လိုက်ပြတဲ့ အခါကျတော့ အဲဒီနိုင်ငံခြားသားတွေက ဘာသွားတွေ့လဲဆိုတော့ သောက်ရေအိုးစင် လေးတွေ တွေ့တယ်နော်။

သောက်ရေအိုးစင်လေးတွေ တွေ့တဲ့အခါကျတော့ နိုင်ငံခြားသားက မေးတယ်။ ဒါလေးတွေက ဘာလုပ်ထားတာလဲပေါ့နော်။ သူတို့နိုင်ငံမှာ မရှိဘူးလေ။ ဒါလေးတွေ ဘာလုပ်ထားတာလဲဆိုတော့ သပိတ်အိုင် ဆရာတော်ကြီးက ရှင်းပြတယ်။

ဒါ အရပ်လေးမျက်နှာက ဘယ်သူပဲလာသောက်သောက်၊ မောမော ပန်းပန်းနဲ့ လာသောက်ကြတဲ့ ပုဂ္ဂိုလ်တွေ အမောပြေပြီးတော့ ချမ်းသာပါစေ ရည်ရွယ်ချက်နဲ့ မြန်မာနိုင်ငံ ဒီနေရာတင်မဟုတ်ဘူးတဲ့။ နေရာတိုင်း နေရာတိုင်းလိုလို ဒီဟာလေးတွေ လုပ်ထားတက်ကြတယ်။ လှူကြတယ်လို့ မပြောဘူးလား။

"ပြောပါတယ်ဘုရား"

ပြောတဲ့အခါကျတော့ အဲဒီမှာတင် နိုင်ငံခြားသားတွေက သိပ်ချီးကျူးတာ၊ မြန်မာတွေ စိတ်ထားကောင်းလိုက်တာ။ ဒါပေမယ့် ပြဿနာက ဘယ်သွားတတ်သလဲဆိုတော့ အဲဒီသောက်ရေအိုး စင်လေးတွေမှာ ဦးဇင်းတို့ ရေခပ်ပြီးတော့ သောက်တဲ့ သောက်ရေခွက်ကလေးတွေ မရှိဘူးလား။

"ရှိပါတယ် ဘုရား"

အဲဒီသောက်ရေခွက်လေးတွေကို ကြိုးတွေနဲ့ ချည် ချည်ထားကြတာ၊ ကြိုးတွေနဲ့ ချည်ထားတဲ့အခါကျတော့ နိုင်ငံခြားသားက စစ်စစ်ပေါက်ပေါက် မေးတယ်။ ဒီကြိုးနဲ့ချည်ထားတဲ့ ခွက်လေးတွေကကော ဘာလုပ်တာလဲတဲ့။

ဘာလုပ်တာလဲဆိုတော့- ယောဂီတို့သိပါတယ်။ ဘာဖြစ်လို့-အဲဒီလိုချည်ထားတာလဲ။ အဲဒါနဲ့ သပိတ်အိုင်ဆရာတော်ကြီးက ဒါလေးကတော့ အဖြေခက်သွားတယ်။ ခိုးမှာစိုးလို့ ဒါချည်ထားတယ်ဆိုလို့ရှိရင် ခုနကချီးကျူးတာ အခု ပြန်ရှုတ်ချတော့မှာလေ။

အဲဒါ... သပိတ်အိုင် ဆရာတော်ဘုရားကြီးက ဖြတ်ထိုးဉာဏ်နဲ့ ဘယ်လိုဖြေလိုက်ရသလဲဆိုတော့ အဲဒါကြိုးချည်ထားတာ တခြားကြောင့် မဟုတ်ဘူးကွာ၊ ဒီတောင်မှာရှိတဲ့ မျောက်တွေက တအားဆော့တာကွ။ ဒါကြောင့် မျောက်တွေ ဆော့မှာစိုးလို့ ကြိုးချည်တာလို့ ဖြေလိုက်ရတယ်။

အေး... ဒီလိုသောက်ရေအိုးစင် တည်ပြီး လှူဒါန်းကြတဲ့ ဒကာ၊ ဒကာမတွေကလဲ ဒီဘဝကနေသေ အဲဒါလေးအာရုံပြုသေ ဘယ်တော့မှ အပါယ်မလားဘူး။ ဘယ်နှစ်မျိုးရှိသွားပြီလဲ။ ခြောက်မျိုးရှိသွားပြီ။ လိုက်ဆို။

**တိသရဏ ငါးသီလ၊ မဲချစာရေးတံ။**

**ဆယ့်ငါးရက်ဆွမ်း၊ ဝါသကန်း၊ လှူဒါန်းသောက်ရေကန်။**

**ကျောင်းဗိမာန်စု၊ တစ်ခုခု၊ ပြုစုသောတာပန်။**

ကျောင်းဗိမာန်တဲ့... ဟုတ်ရဲ့လား။ ဘုရားနဲ့ သံဃာတော်အရှင်သူမြတ်တွေ လှူဒါန်း၊ ဘုရားရှင်ကိုယ်တော်မြတ်နဲ့ သံဃာတော် အရှင်သူမြတ်တွေ သီတင်းသုံးတဲ့ ဝိဟာရဒါန၊ ဘာဒါနလဲ။

"ဝိဟာရဒါနပါ ဘုရား"

ဝိဟာရသံဃိကဒါနဆိုတဲ့ သံဃာတော် အရှင်သူမြတ်တွေ သီတင်းသုံးတဲ့ ကျောင်းကြီးတွေ။ ဒီနေ့ဆိုလို့ရှိရင် ဒါ ဦးဇင်းတို့ ဖြတ်ကနဲသတိရတာပါ။ ဦးဇင်းတို့ အခုဟောနေတာက သိမ်ကျောင်းကြီးပေါ်မှာနော်။

"မှန်လှပါ ဘုရား"

ဆရာတော်ဘုရားက ဒီသိမ်ကျောင်းကြီးကို နှစ်ထပ်ကျောင်း၊ သုံးထပ်ကျောင်း ဆိုပြီးတော့ ဆောက်မလို့။ အဲဒီကျောင်းကို လှူဒါန်းထားကြတဲ့ ပုဂ္ဂိုလ်ဟာလဲ ဒီဘဝ သေသည်၏အခြားမဲ့၌ ဘာတဲ့လဲ။ ဘယ်တော့မှ ဒယ်အိုးမသွားဘူး။

နောက်တစ်ခု သတိရလို့ ထပ်ဆင့်ပြီးတော့ ပြောချင်သေးတာက ကျောင်းက သိမ်ကျောင်းကြီးဖြစ်နေတယ်။ ဘာကျောင်းကြီးဖြစ်လဲ။

"သိမ်ကျောင်းပါ ဘုရား"

အဲဒီတော့ ယောဂီအပေါင်း သူတော်ကောင်းတို့အရေးကြီးတယ်။အကျိုး ကျေးဇူး ကြီးတာလေးကို ပြောရရင် လိုက်ဆို...

**သင်္ကန်းမှာကထိန်၊**

**ကျောင်းမှာသိမ်၊**

**ဘုရားမှာစိန်။**

အကျိုးကျေးဇူးကြီးတာတွေလေ...ဘုရားတစ်ဆူ တစ်ဆူမှာ စိန်ဖူးတော်တွေ ဟုတ်လား။ လှူဒါန်းတဲ့ အလှူရှင်တွေ ကျေးဇူးများသလို သင်္ကန်းထဲမှာလဲ- ကထိန စီဝရတဲ့ တစ်နှစ်မှာ တစ်ကြိမ်ပဲခင်းခွင့်ရတဲ့ သင်္ကန်းဟာ အမြတ်ဆုံးပဲ။

ထိုနည်းတူစွာပဲ ကျောင်းတွေ ကျောင်းတွေထဲမှာလဲ ဆွေတော်မျိုးတော်တွေ ကျောင်းတစ်ကျောင်းမှာ ကျောင်းတွေ အများကြီး ရှိပါတယ်။ ဒီနေ့... စံရိပ်ငြိမ် ကျောင်းတိုက်တော်အတွင်းမှာ ဟိုမှာဆွမ်းစားကျောင်းတို့၊ ဟိုနောက်က မီးဖိုဆောင်တို့၊ သံဃာနေဆောင်တို့ မရှိဘူးလား။

"ရှိပါတယ် ဘုရား"

နောက်ပြီးတော့ ဦးဇင်းတို့ အခုနေတဲ့ သိမ်ကျောင်းကော မရှိဘူးလား။

"ရှိပါတယ် ဘုရား"

ကျောင်းတွေအများကြီး- အများကြီးထဲမှာ- အကျိုးကြီးဆုံးသောကျောင်းကို ပြောစမ်းဆိုရင်- ဒီကနေ့ ယောဂီတို့ နေကျတဲ့- ဦးဇင်းတို့နေကြတဲ့ ဤသိမ်ကျောင်းပဲ။

အရှင်ဘုရား... ဘာဖြစ်လို့ သိမ်ကျောင်းသည် သာသနာတော်မှာ အရေးကြီးတာလဲဆိုတော့ သိမ်သည်တဲ့- ရှေး...ရှေးဆရာတော်ဘုရားကြီးတွေက သိမ်သည် မိဘနှင့်တူတယ်။ မိဘကနေ သားသမီးတွေကို မမွေးရဘူးလား။

"မွေးရပါတယ် ဘုရား"

သားသမီး- သားသမီးဆိုတာ တခြားကဖြစ်တာလား။ မိဘကဖြစ်တာလား။

"မိဘကဖြစ်တာပါ ဘုရား"

ထိုနည်းတူစွာပဲ ယောဂီအပေါင်း သူတော်ကောင်းတို့ ဦးဇင်းတို့ သာသနာတော်ထဲမှာလည်း ကုန်ကြမ်းသံဃာတော်တွေကော၊ ကုန်ချောသံဃာတော်တွေကော ဒီနေ့ ကမ္ဘာကျော်ပါတယ်ဆိုတဲ့ နိုင်ငံကျော်ဆရာတော်ကြီးတွေ အားလုံး ဘယ်ကနေစပြီးတော့ ရဟန်းဖြစ်ရလဲဆိုရင် သိမ်ထဲကဖြစ်ရတာ။

တကယ်လို့များ သိမ်သာ ဦးဇင်းတို့ သာသနာတော်မှာမရှိဘူး၊ ကွယ်ပျောက်သွားပြီ ဆိုလို့ရှိရင်တော့ ဦးဇင်းတို့ သာသာနာတော်မှာ ရဟန်းရယ်၊ ဘုန်းကြီးရယ်၊ ဆရာတော်ရယ်၊ နိုင်ငံကျော်ရယ်ဆိုတာ ဘယ်တော့မှ မဖြစ်နိုင်ဘူး။

ဒါကြောင့်မို့လို့... သားသမီးသည် မိဘကဖြစ်ရသလို၊ သာသနာတော်ထဲမှာ နေထိုင်သီတင်းသုံးကြတဲ့ သာသနာအလုပ် လုပ်ဆောင်ကြတဲ့ သံဃာတော်တွေမှန်သမျှ သိမ်ထဲကပဲဖြစ်ရသည်။

သိမ်မရှိရင် ရဟန်းဖြစ်နိုင်လား ?

"မဖြစ်နိုင်ပါဘူး ဘုရား"

ရဟန်းမှ မဖြစ်လို့ရှိရင် ယောဂီတို့ရှေ့မှာထိုင်နေတဲ့ ကိုရင်လေးတွေ ဖြစ်စရာအကြောင်းကို မရှိဘူး။ အဲဒီကိုရင်လေးတစ်ပါး ဖြစ်ဖို့ရန်အတွက် ယောဂီအပေါင်းသူတော်ကောင်းတို့က ဘယ်လောက်ဒီဂရီတွေ အဆင့်အတန်းတွေ မြင့်မြင့်နဲ့ ကိုရင်ဝတ်ပေးမယ် ရလား။

"မရပါဘူး ဘုရား"

ဥပနိဿယ ပေးနိုင်တာ၊ သရဏံပေးနိုင်တာ ဥပဇ္ဈာယ်ယူနိုင်တာ ဆွေတော်မျိုးတော်တွေ ရဟန်းတွေ သံဃာတော်တွေ။

ဒီသာသနာတော်မှာ သိမ်သာမရှိရင်၊ ရဟန်းမရှိနိုင်ဘူး၊ ရဟန်းမရှိရင် ကိုရင်မဖြစ်နိုင်ဘူး ရဟန်းရယ်၊ ကိုရင်ရယ် ဆိုတဲ့ ဒီသာသနာတော်မှာ ဒီပုဂ္ဂိုလ်ထူးတွေ နှစ်ပါးကွယ်ပျောက်သွားပြီဆိုရင် သာသနာလဲ ဘာဖြစ်လဲ။

"ကွယ်ပျောက်သွားပါပြီ ဘုရား"

ဒါကြောင့်မို့လို့ အလှူတွေ၊ ကျောင်းတွေထဲမှာလဲ သိမ်ကျောင်းဆိုတဲ့အလှူဟာ အမြတ်ဆုံးလို့ ဒီလိုဒီလို- ရှေးရှေးဆရာတော်တွေ ဘုရားအစရှိတဲ့ သူတော်ကောင်းတွေဟာ ဟောခဲ့တာပါဗျာ။

## အပါယ်ဘေးက လွတ်ပါစေ

ယောဂီအပေါင်း သူတော်ကောင်းတို့ တရားဟောတဲ့ တရားတွေထဲမှာ လွယ်လွယ်လေးနဲ့ ဘာတဲ့လဲ... အပါယ်ဝေးတဲ့၊ ဟုတ်လား။

"မှန်လှပါ ဘုရား"

ကုသိုလ် ဘယ်နှစ်မျိုးတဲ့လဲ. . . .

"ခုနစ်မျိုးပါ ဘုရား"

အဲဒီ ခုနစ်မျိုးထဲမှာ ဦးဇင်းတို့ မြန်မာလူမျိုးတွေက ဈေးဆစ်တတ်တယ်။ ဟုတ်လား။

"မှန်လှပါ ဘုရား"

တချို့က ဘယ်လိုဆစ်သလဲဆိုတော့ အရှင်ဘုရား- တပည့်တော် ကျောင်းကြီးတစ်ကျောင်း၊ တပည့်တော် မလှူနိုင်ဘူး ဘုရား- ဟုတ်လား။

"မှန်လှပါ ဘုရား"

ရတယ်... ကိစ္စမရှိဘူးနော် ဟုတ်လား။ တပည့်တော်- သံဃာတော် အရှင်သူမြတ်တွေ ဝါဆိုသင်္ကန်းကပ်ဖို့လဲ ဝါဆိုသင်္ကန်း တစ်စုံလေးတောင် မလှူနိုင်ပါဘူး ဘုရား-။

ငါးပါးသီလကျတော့လဲ တပည့်တော်မြဖို့က မလွယ်ပြန်ဘူးဘုရား။ ရပါတယ် ဈေးလျှော့တာ အကုန်ပြန်လျှော့ပေးတယ်နော်၊ ဟုတ်ရဲ့လား။ ရေတွင်းတွေ၊ ရေကန်တွေ တပည့်တော် အဲဒါတွေလဲ မတက်နိုင်ဘူးဘုရား။ စာရေးတံမဲတွေကိုလဲ တပည့်တော်တို့ မတက်နိုင်ပြန်ဘူးဘုရား။ ရတယ်ကိစ္စမရှိဘူး။ အဲဒီလောက်ထိသွားဦး။

နောက်ဆုံး ဦးဇင်းတို့ ယောဂီများကို ပြောချင်တာက သရဏဂုံ၊ ဘာတဲ့လဲ။

"သရဏဂုံပါ ဘုရား"

သရဏဂုံတော့မရတဲ့ ဗုဒ္ဓဘာသာတွေရှိလား။

"မရှိပါဘူး ဘုရား"

မရှိပါဘူး... ယောဂီတွေမွေးလာထဲက အဖေတွေ အမေတွေက သား သမီး ဆိုကွယ့်...

**ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ**

**ဓမ္မံ သရဏံ ဂစ္ဆာမိ**

**သံဃံ သရဏံ ဂစ္ဆာမိ**

ယောဂီအပေါင်း သူတော်ကောင်းတွေကော မရဘူးလား။

"ရပါတယ် ဘုရား"

ဦးဇင်းတို့ရဲ့ မယ်တော်ကြီးတွေ အိမ်မှာထမင်းချက်ရတယ်- ဟုတ်တယ် မဟုတ်လား။ ထမင်းချက်ပြီဆိုရင် ထမင်းရေခန်း ချက်ရင်တော့ မပြောတတ်ဘူး၊ ရေနဲ့ချက်ရင် ထမင်းကိုမွှေရတယ်၊ မမွှေဘူးလား။

"မွှေရပါတယ် ဘုရား"

ဟာ... ဘမင်းအိုးကဆူလာပြီ အို...နပ်သလား၊ မနပ်သလား၊ နည်းနည်း လေးတော့ ကြည့်ဦးမယ်၊ ငှဲ့ရတော့မယ်။

ထမင်းအိုးကို ဒီလက်လေးနဲ့ဖွင့်လိုက်တဲ့အချိန်မှာ **'ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ'** အကောင်းဆုံးကတော့ သတိလေးနဲ့လှမ်းတာ ယူတာ အကောင်းဆုံးပေါ့။ အခြားလား၊ ဝိပဿနာနဲ့လား။

"ဝိပဿနာနဲ့ပါ ဘုရား"

ဒါပေမယ့် အဲဒီဉာဏ်ကိုမဝင်နိုင်လို့ရှိရင် ပြောနေတာနော်။ **'ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ'** ဟုတ်ရဲ့လား။

"မှန်လှပါ ဘုရား"

သြော်...ဟိုကနည်းနည်းအဆင်ပြေပြီ ငှဲ့လို့လဲရပြီဆိုရင် တစ်ခါထဲ ထမင်းအိုး လေးကိုငှဲ့နေတာ ငှဲ့နေရင်းနဲ့ ပါးစပ်က **'ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ'**- **'ဓမ္မံ သရဏံ ဂစ္ဆာမိ'**- **သံဃံ သရဏံ ဂစ္ဆာမိ'**- သရဏဂုံလဲရွတ် သတိကလဲထားပေါ့။ အပူ လောင်ရင် ကျုပ်နဲ့မဆိုင်ဘူး။

သွားရင်းလာရင်း ယောဂီအပေါင်း သူတော်ကောင်းတို့ သွားတယ်၊ လာတယ် သူငယ်ချင်းတွေနဲ့ စကားပြောသွားလာတဲ့ အခါကျရော ဒါလေး မဆိုနိုင်ဘူးလား။

"ဆိုနိုင်ပါတယ် ဘုရား"

ဆိုနိုင်ပါတယ်... ဒါကြောင့်မို့လို့ လွယ်လွယ်လေးနဲ့ အပါယ်ဝေးတဲ့ နောက်ဆုံး တစ်နေ့ မွေးပြီးရင်သေကြမှာပါ ဟုတ်ရဲ့လား။ နောက်ဆုံး ငါသေတော့မယ်၊ ဒီတောင်က မကျော်နိုင်တော့ဘူး။ ဒီနှစ်လုံး သုံးလုံးလေးတောင်မှ ငါ့ပါးစပ်ကလေး နှုတ်ထွက်ပြီး တော့ မရွတ်နိုင်တော့ဘူး။

အဲဒီအချိန်မျိုးရောက်လာလို့ရှိရင် ယောဂီအပေါင်း သူတော်ကောင်းတို့က စိတ်ထဲကနေပြီးတော့ **'ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ'** ငါသည်- တလောကလုံးမှာ နှိုင်းတုစရာ ဘာမှရှိတော်မမူတဲ့ ဘုရားရှင် ကိုယ်တော်မြတ်ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ရာဟူ၍ ကိုးကွယ်ဆည်းကပ်ပါ၏။

**'ဓမ္မံ သရဏံ ဂစ္ဆာမိ'** ငါသည် ဘုရားရှင်ကိုယ်တော်မြတ် ဟောကြားတော်မူတဲ့ တရားတွေကို ငါသည် ကိုးကွယ်ဆည်းကပ်ပါ၏။

**'သံဃံ သရဏံ ဂစ္ဆာမိ'** ဘုရားရှင် ကိုယ်တော်မြတ်ရဲ့ တရားဆိုတဲ့ ဓမ္မတွေကို အကျင့်အားဖြင့် လည်းကောင်း၊ ပရိယတ်အားဖြင့် လည်းကောင်း အားထုတ်တော်မူကြတဲ့ သံဃာတော် အရှင်သူမြတ်တွေကို ငါသည် **သရဏံ**-ကိုးကွယ်ရာဟူ၍၊ **ဂစ္ဆာမိ**- ဆည်းကပ်ပါ၏။

မဆိုနိုင်သည့်တိုင်အောင် စိတ်ထဲကနော်။

"မှန်လှပါ ဘုရား"

အေး...အဲဒါလေးကို ယောဂီအပေါင်း သူတော်ကောင်းတို့ ကန်တော့ပြီးတော့ ဒီဘဝ ဒီမျှ ဒီဇာတ်နဲ့ နိဂုံးချုပ်လို့ ဖြတ်ခနဲသာ သေသွား။ အပါယ်ကို သွားပါ့မလား။

"မသွားပါဘူး ဘုရား"

အပါယ်မှ မသွားတော့ဘူးဆိုလို့ရှိရင် ယောဂီအပေါင်း သူတော်ကောင်းတို့ရဲ့ မမြတ်သည့်တိုင်အောင် မရှုံးတော့ဘူး ဟုတ်ရဲ့လား။

"မှန်လှပါ ဘုရား"

ဒါကြောင့်မို့လို့... ဦးဇင်းရဲ့တရားက ဒီမှာတင် နိဋ္ဌိတံပါပြီ။

တရားနာမည်က ဘာတဲ့လဲ။

"လွယ်လွယ်လေးနဲ့ အပယ်ပေးပါ ဘုရား"

အဲဒီတော့ တရားစဉ်လေးနဲ့ သိမ်းကြရအောင်။

ဒီနေ့ တရားဝင် တရားအားထုတ်တာ တခြားလိုချင်လို့လား၊ နိဗ္ဗာန်လား။

"နိဗ္ဗာန်လိုချင်လို့ပါ ဘုရား"

နိဗ္ဗာန်လိုချင်ရင် တခြားအားထုတ်ရမှာလား၊ ဝိပဿနာလား။

"ဝိပဿနာပါ ဘုရား"

ဩော်... ဝိပဿနာအားထုတ်တော့ တခြားကြည့်ရမှာလား၊ ခန္ဓာကြည့်ရမှာလား။

"ခန္ဓာကြည့်ရမှာပါ ဘုရား"

ခန္ဓာကြီး ဉာဏ်နဲ့ကြည့်တော့ ယောဂီတို့ မဖြစ်မပျက်တဲ့ အချိန်ရှိလား။

"မရှိပါဘူး ဘုရား"

ဖြစ်လိုက် ပျက်လိုက်၊ မွေးလိုက်၊ သေလိုက်၊ ဩော်... ခန္ဓာကြီးကြည့်လိုက်၊ ကြည့်လိုက်တိုင်း... ဒါကြီးပဲမြင်နေတဲ့ အခါကြတော့ ယောဂီအပေါင်း သူတော်ကောင်းတို့ အဲဒီခန္ဓာကြီးလိုချင်တဲ့ တဏှာ လာဦးမလား။

"မလာတော့ပါဘူး ဘုရား"

စွဲလမ်းတဲ့ ဉပါဒါန်တွေရော လာဦးမလား။

"မလာတော့ပါဘူး ဘုရား"

ပြုလုပ်တဲ့ကံတွေရော လာဦးမလား။

"မလာတော့ပါဘူး ဘုရား"

ယောဂီအပေါင်း သူတော်ကောင်းတို့ရဲ့ တဏှာ, ဉပါဒါန်, ကံဆိုတဲ့ ခန္ဓာဖြစ်ကြောင်းတွေမှ မလုပ်တော့ဘူးဆိုရင် ဘဝဆိုတဲ့ ဇာတိလာဦးမလား။

"မလာတော့ပါဘူး ဘုရား"

ဒါဆိုရင် ယောဂီအပေါင်း သူတော်ကောင်းတို့ အိုစရာလိုသေးလား။

"မလိုတော့ပါဘူး ဘုရား"

နာစရာကော လိုသေးလား။

"မလိုတော့ပါဘူး ဘုရား"

ယောဂီအပေါင်း သူတော်ကောင်းတို့ သေစရာကော လိုသေးလား။

"မလိုတော့ပါဘူး ဘုရား"

အို့,နာ,သေ ကင်းတာတခြားလား နိဗ္ဗာန်လား။

"နိဗ္ဗာန်ပါ ဘုရား"

ဒီနိဗ္ဗာန်ကို အလိုလိုရောက်တာလား၊ အို၊ နာ၊ သေကင်းလို့လား။

"အို,နာ,သေ ကင်းလို့ပါ ဘုရား"

ဩော်... အို,နာ,သေကလဲ အလိုလိုကင်းတာလား၊ ဘဝဇာတိချုပ်လို့လား။

"ဘဝဇာတိချုပ်လို့ပါ ဘုရား"

ဘဝဇာတိကလဲ ယောဂီအပေါင်း သူတော်ကောင်းတို့ သူ့အလိုလိုချုပ်မှာလား၊ ခန္ဓာကြီးကို ဉာဏ်နဲ့ကြည့်မှလား။

"ခန္ဓာကြီးကို ဉာဏ်နဲ့ကြည့်မှပါ ဘုရား"

ဩော်... ခန္ဓာကြီးကို ဉာဏ်နဲ့ကြည့်တဲ့အချိန် ယောဂီတို့ရေ မဖြစ်မပျက်တဲ့ အချိန်ရှိလား။

"မရှိပါဘူး ဘုရား"

ဖြစ်လိုက်ပျက်လိုက်၊ မွေးလိုက်၊ သေလိုက်၊ ဟော ယောဂီတို့ရေ ပြောကြည့်၊ ဖြစ်ပျက်က ဘာသစ္စာ။

**"ဒုက္ခသစ္စာ"**

သိတဲ့ဉာဏ်က ဘာသစ္စာ။

**"မဂ္ဂသစ္စာ"**

သေတာက ဘာသစ္စာ။

**"သမုဒယသစ္စာ"**

နောင်ခန္ဓာ မလာတာက ဘာသစ္စာ၊

**"နိရောဓသစ္စာ"**

သစ္စာ ဘယ်နှစ်ချက်ကိုက်။

"လေးချက်ကိုက်ပါတယ် ဘုရား"

ကဲ... သစ္စာလေးချက် တစ်ပြိုင်နက်ကိုက်သောကြောင့် ယောဂီအပေါင်း သူတော်ကောင်းတို့သည် ယခု အားထုတ်အပ်တဲ့ ဝိပဿနာဉာဏ်သည် မဂ်ဖိုလ် နိဗ္ဗာန်သို့ လျင်မြန်စွာ မျက်မှောက်ပြုနိုင်ပါစေသားလို့ ပတ္ထနာပြုရင်းနဲ့ အချိန်လဲစေ့လို့ ဒီနေ့ တော်ကြဦးစို့။

"သာဓု...သာဓု...သာဓု"

# အရှင်ဇဝန (ပဲခူး)

# သာရေးနာရေး

## တရားတော်များ

အတွဲ(၂)



ဒု တိ ယ အ ကြိမ်

# ဘာအရေးကြီးဆုံးလဲ တရားတော်

*(သာသနာနှစ် ၂၅၅၃-ခု၊ ကောဇာသက္ကရာဇ် ၁၃၇၁-ခု၊ ဝါခေါင်လဆန်း (၁၃)ရက်၊ ၃-၈- ၂၀၀၉ (တနင်္လာနေ့) နံနက်ပိုင်း၊ ရန်ကုန်မြို့၊ သယ်န်းကျွန်းမြို့နယ်၊ ရန်ကုန်သစ်ရပ်ကွက်၊ သုဝဏ္ဏမြို့ဦးဘုရားအနီး စံရိပ်ငြိမ်ကျောင်းတိုက်တော်အတွင်း မိုးကုတ်ဝိပဿနာ "သစ္စာဓမ္မသဘင်"၌ ဟောကြားသည်။)*

အားလုံးသော ယောဂီအပေါင်း သူတော်ကောင်းတို့...

သင့်တင့်သော ဣရိယာပုတ်မျှတသော အနေအထားအားဖြင့်ထိုင်ပြီးတော့ မြတ်ဗုဒ္ဓရဲ့ဓမ္မကို ကောင်းစွာပူဇော်နိုင်ကြပါပြီ။

**ဓမ္မသဘင်စတင်ပါပြီ**

ယနေ့နံနက်ပိုင်း တရားအဖြစ် ဦးပဥ္စင်းများတို့ ဟောကြားမည့်တရား နာမည်က ***"ဘာအရေးကြီးဆုံးလဲ တရားတော်"***တဲ့။

ယောဂီတို့ ဘာတရားလဲ။

"ဘာအရေးကြီးဆုံးလဲ တရားတော်ပါ ဘုရား"

ယောဂီအပေါင်းသူတော်ကောင်းတို့ နံနက်ခင်းကျေးဇူးပြုမယ့်တရားက "ဘာအရေးကြီးဆုံးလဲ" တဲ့။ အဲဒီတရားကိုဦးဇင်းတို့ရဲ့ မြတ်ဗုဒ္ဓက ဘယ်မှာဟောလဲဆိုတော့၊ သာဝတ္ထိ မြို့တဲ့။ ယောဂီတို့ ဘာမြို့လဲ။

"သာဝတ္ထိမြို့ပါဘုရား"

သာဝတ္ထိမြို့မှာတဲ့ ယောဂီတို့ ဘုရားရှင်ကိုယ်တော်မြတ်နဲ့ သံဃာတော်တွေ သီတင်းသုံးဘို့ရန်အတွက် ငါးဆယ်နဲ့လေးကုဋေ အကုန်အကျခံပြီးတော့ ကျောင်းဒကာ အနာထပိဏ်က ဆောက်လုပ်ထားတဲ့ သာဝတ္ထိ ပြည်ဇေတဝန်ကျောင်းဆိုတာ မရှိဘူးလား။

"ရှိပါတယ်ဘုရား"

အဲဒီမှာ မြတ်စွာဘုရား သီတင်းသုံးစဉ်ပေါ့နော်။

"မှန်ပါ့ဘုရား"

အဲဒါကို ပါဠိတော်မှာ...

**"ဧကံ သမယံ ဘဂဝါ သာဝတ္ထိယံ၊ ဝိဟရတိ ဇေတဝနေ၊ အနာထပိဏ္ဍိကဿ အာရာမေ"**

**ဧကံ**- တစ်ပါးသော၊ **သမယံ**- အခါ၌၊ **ဘဂဝါ**- ဘုန်းခြောက်ပါးသခင် ဘုရားရှင်သည်၊ **အနာထပိဏ္ဍိကဿ**- ကျောင်းဒကာ အနာထပိဏ်သူဌေး၏၊ **အာရာမေ**- အလွန့်အလွန်မွေ့လျော်ဖွယ်ကောင်းတဲ့၊ **ဇေတဝနေ**- ဇေတဝန်ဆိုတဲ့ ရွှေကျောင်းတော်မှာ၊ **ဝိဟရတိ**- ဣရိယာပထ မျှတရွှင်ပြုံး သီတင်းသုံးတော်မူခဲ့ပါသတည်း။

အတိုချုပ်မှတ်တဲ့အခါကြတော့ ဘုရား ဇေတဝန်ကျောင်းမှာ သီတင်းသုံးတယ် ပေါ့နော်။ ဒါပါဠိတော်လေးလဲကြားရအောင် ယောဂီတွေကို ရွတ်ပြတာ။ဟုတ်လား။

"မှန်ပါ့ဘုရား"

အဲဒီတော့သိစေချင်တာက ညချမ်းရောက်တော့ သာဝတ္ထိမြို့ ဇေတဝန် ကျောင်းမှာ တရားတွေဟောတော့။ အဲဒီနေရာမှာ ရဟန်းသံဃာတော်တွေရော လူပုဂ္ဂိုလ်တွေရော ဘိက္ခုနီသံဃာတော်တွေရော အားလုံး မရှိနေဘူးလား။

"ရှိနေပါတယ် ဘုရား"

အဲဒီလိုရှိနေတဲ့ အချိန်အခါမှာ ဘုရားရှင်ကိုယ်တော်မြတ်က တရားဓမ္မတွေ ဟောတယ်။ ဘာတရားတွေ ဟောသလဲဆိုတော့ နိဗ္ဗာန်ရောက်ကြောင်းတရားတွေ။ ဘာတရားတွေလဲ။

"နိဗ္ဗာန်ရောက်ကြောင်းတရားတွေပါ ဘုရား"

နိဗ္ဗာန်ရောက်ကြောင်းတရားတွေကို မြတ်စွာဘုရားဟောတဲ့ အခါကြတော့ တရားပွဲက ပြီးပြီဆိုပါတော့ဗျာနော်။ တရားပွဲကပြီးဆုံးသွားတဲ့အခါကျတော့ မြတ်စွာဘုရားရဲ့ ဓမ္မတွေကို နာကြားနေတဲ့ ရဟန်းသံဃာတော်တွေထဲမှာ "ဘာတိယ"ဆိုတဲ့ ရဟန်း။ ဘွဲ့လေးပြောရအောင်။

"ဘာတိယ ပါဘုရား"

ဘာတိယဆိုတဲ့ ကိုယ်တော်ကနေပြီးတော့ မြတ်စွာဘုရား တရားဆုံးတော့ လက်ကန်တော့လေးတင်ပြီးတော့ ဘုရားကိုလက်အုပ်ချီလျှောက်တာ။

"ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား. . . အရှင်ဘုရားခုနက ဟောကြားတဲ့ နိဗ္ဗာန်ရောက်ကြောင်းတရား၊ ဘာတရားလဲ။

"နိဗ္ဗာန်ရောက်ကြောင်းတရားပါဘုရား"

အရှင်ဘုရားဟောတာ နိဗ္ဗာန်ရဲ့ချီးမွမ်းခန်းတွေ၊ နိဗ္ဗာန်ရဲ့ ငြိမ်းအေးပုံတွေ၊ တပည့်တော် သိပ်သဘောကျတယ်ဘုရားတဲ့။ အဲဒီနိဗ္ဗာန်ကို တပည့်တော် ဘယ်လိုသွားရမလဲတဲ့။ နိဗ္ဗာန်ရောက်ကြောင်း တပည့်တော်ကို တိုတိုသာဟောပါ။

တရားတိုတိုတောင်းတာလား၊ အရှည်ကြီး တောင်းတာလား။

"တိုတိုတောင်းတာပါဘုရား"

**နိဗ္ဗာန်သွားလမ်း**

နိဗ္ဗာန်ကိုတော့ မရောက်ချင်ဘူးလား။

"ရောက်ချင်ပါတယ် ဘုရား"

တိုတိုလေးနဲ့ ရောက်သွားရင်ကော မကောင်းဘူးလား။

"ကောင်းပါတယ်ဘုရား"

ယောဂီတွေရယ်၊ စခန်းပွဲ (၇)ရက်ပြီးလို့ရှိရင် ဦးဇင်းနောက်သာ လိုက်ခဲ့ကြ။ ဦးဇင်းတို့ ဧရာဝတီတိုင်း၊ ဟင်္သာတမြို့နယ်မှာ နိဗ္ဗာန်ရွာဆိုတာရှိတယ်။ အဲဒီကို ပို့ပေးမယ်။ အဲဒါ ဒါရိုက်ရောက်တာပဲ။ ဒီလောက်တိုချင် နေမှတော့ ယောဂီတွေ အဲဒီလို လုပ်မှရမယ်။

အဲဒါ "ဘုန်းတော်ကြီးမြတ်တော်မူသော မြတ်စွာဘုရား... တပည့်တော် အရှင်ဘုရားဟောဖော်ညွှန်ပြဆိုဆုံးမတဲ့ ဓမ္မတွေ နိဗ္ဗာန်တွေကို လိုချင်တယ်။ အဲဒီတော့ နိဗ္ဗာန်ရကြောင်း ဓမ္မတွေကို တပည့်တော်ကို ညွှန်ပြပါဘုရား" လို့ မတောင်းဘူးလား။

"တောင်းပါတယ်ဘုရား"

တိုတိုလေး ညွှန်ပြပါဆိုတော့ ဘုရားကလဲ-

**တသ္မာတိဟ ဗာဟိယ အာဒိမေဝ၊ ဝိသောဓေဟိ သီလဝိသုဒ္ဓိစ ဒိဋ္ဌိစ ဥဇုကာ စတ္တာရော သတိပဋ္ဌာနာ။**

ဒါပါဋ္ဌိတော်ကြီးဆိုတော့ ယောဂီအပေါင်းသူတော်ကောင်းတို့ နားမလည်ဘူး ပေါ့နော်။

ဦးဇင်းတို့နားလည်အောင် လူပြိန်းနားပေါက် ပြောရလို့ရှိရင် "ချစ်သား ဗာဟိယ- ငါဘုရားညွှန်ပြတဲ့ နိဗ္ဗာန်ကို ရချင်တယ်ဆိုရင် နံပါတ်(၁) သီလကိုစင်ကြယ်အောင်လုပ်၊ နံပါတ်(၁)က ဘာလုပ်ရမလဲ။

"သီလကိုစင်ကြယ်အောင်လုပ်ရပါမယ် ဘုရား"

သီလဟာ သိပ်အရေးကြီးတယ်ယောဂီတို့။ နိဗ္ဗာန်ရဖို့ အားထုတ်ချင်ကြတဲ့ ယောဂီတွေအတက် နံပါတ်(၁) ဘာအရေးကြီးဆုံးလဲပြောဆို ဘာပြောမလဲ။

"သီလပါဘုရား"

သီလအရေးကြီးတယ်။ အရေးမကြီးဘူးလား။

"ကြီးပါတယ်ဘုရား"

နိဗ္ဗာန်ကို သွားဖို့အတွက် လှေကားထစက သုံးထစ်ပဲရှိတယ်။

"သီလ၊ သမာဓိ၊ ပညာ"

ယောဂီတို့ ဘယ်နှစ်မျိုးလဲ။

"သုံးမျိုးပါဘုရား"

အဲဒီ သုံးမျိုးထဲမှာ သီလလှေကားကို ကျော်ပြီးတော့ တတ်လို့မရဘူး။ တပည့် တော်ကတော့ နိဗ္ဗာန် တိုတိုလေးရချင်တယ် ဘုရား၊ သီလတော့ တပည့်တော်ပေါ့လို့ မလုပ်တော့ဘူးဘုရား၊ သမာဓိ ကျော်တက်မယ်ရလား။

"မရပါဘုရား"

**"မဏ္ဍုကသ ဂမန်ဝိယ သီလ ပူရဏာဒိနိ အရဟတ္တပဋိဝေဓော နာမနတ္ထိ"**

အဓိပ္ပာယ်ကတော့ ဘားခုန်သလို ခုန်ကျော်ပြီးတော့ မင်းတို့ နိဗ္ဗာန်ကိုသွားလို့မရဘူး။ ဘားဆိုတာ သွားလို့ရှိရင် လိမ့်လိမ့် လိမ့်လိမ့်နဲ့သွားတာလား၊ ခုန်ကျော်သွားတာလား။

"ခုန်သွားတာပါ ဘုရား"

ထိုနည်းတူစွာပဲ သီလတော့ ငါမလုပ်တော့ဘူးဟေ့ နိဗ္ဗာန်မြန်မြန်ရောက် အောင် သမာဓိပဲကျင့်တော့မယ်၊ သီလ ထားခဲ့ဆိုတော့ ရလား။

"မရပါဘုရား"

အဲ. . . ဖားခုန်သလို မြတ်စွာဘုရားရဲ့သာသနာတော်မှာ နိဗ္ဗာန်ကို အဲဒီလို ဖြတ်လမ်းက မသွားနဲ့ မရဘူး။

ဒါကြောင့်မို့လို့ "ချစ်သားဘာတိယ၊ နိဗ္ဗာန်ကို ရချင် ရောက်ချင်တယ်ဆိုရင် သီလဝိသုဒ္ဓိ သီလစင်ကြယ်အောင်လုပ်၊ နံပါတ်(၁)နော်။ နောက်နံပါတ်(၂)က ဘာလဲ ဆိုတော့။ ဒိဋ္ဌိက ဥဇုကာ- ဒိဋ္ဌိကိုဖြုတ်။ ဘာကိုဖြုတ်လဲ။

"ဒိဋ္ဌိကိုဖြုတ်ပါ ဘုရား"

နိဗ္ဗာန်ကို ရောက်ချင် ရချင်ကြတဲ့ ယောဂီအပေါင်းသူတော်ကောင်းတို့ တိုတိုနဲ့ လိုရင်းပြောတာနော်။ မြတ်စွာဘုရား ဒီသုတ္တန်မှာ တိုတိုနဲ့လိုရင်းပြောတာ။ ချစ်သား မင်း တိုတိုဆိုတော့ ငါဘုရားလဲ တိုတိုပဲပြောမယ်ကွာ နိဗ္ဗာန်ရချင်တယ်ဆိုရင် နံပါတ်(၁) သီလကို စင်ကြယ်အောင်လုပ်။ နံပါတ်(၂) အယူမှား အမှတ်မှားခေါ်တဲ့ ဒိဋ္ဌိကိုဖြုတ်။

အဲဒီတော့ နံပါတ်(၃) အရှင်ဘုရား ဘာလုပ်ရအုံးမလဲဆိုရင်၊ စတ္တာရောမေ သတိပဋ္ဌာနာ. . . တဲ့၊ သတိပဋ္ဌာန်လေးပါး တစ်ပါးပါးကိုပွားလိုက်တဲ့၊ သတိပဋ္ဌာန်က ဘယ်နှစ်ပါးရှိလဲ။

"လေးပါးပါ ဘုရား"

ယောဂီအပေါင်းသူတော်ကောင်းတို့ သတိပဋ္ဌာန်လေးပါး။ ကာယာနုပဿနာ သတိပဋ္ဌာန်၊ ဝေဒနာနုပဿနာ သတိပဋ္ဌာန်၊ စိတ္တာနုပဿနာ သတိပဋ္ဌာန်၊ ဓမ္မာ နုပဿနာ သတိပဋ္ဌာန်။ သတိပဋ္ဌာန် ဘယ်နှစ်မျိုးလဲ။

"လေးမျိုးပါဘုရား"

အရှင်ဘုရားသတိပဋ္ဌာန်လေးမျိုးတောင်ရှိတာ ဘယ်ဟာပွားမလဲ။ ကြိုက်တာ ပွား။ ကိုယ်နဲ့ ကိုက်ရာကိုက်ရာ ဝေဒနာကြိုက်တဲ့ပုဂ္ဂိုလ်က ဝေဒနာနုပဿနာ၊ ဟုတ်ရဲ့ လား။ စိတ်ကိုကြိုက်တဲ့ပုဂ္ဂိုလ်က စိတ္တာနုပဿနာ၊ ဓမ္မကိုကြိုက်တဲ့ပုဂ္ဂိုလ်က ဓမ္မာ နုပဿနာ၊ ရုပ်ကိုကြိုက်တဲ့ပုဂ္ဂိုလ်က ဘာတဲ့လဲ. . . ကာယာနုပဿနာသတိပဋ္ဌာန် အားထုတ်။

ဘယ်နည်းနဲ့ပဲ အားထုတ်ထုတ်ပေါ့။ လောကီဥပမာနည်းနဲ့ပြောရရင် ယောဂီ အပေါင်း သူတော်ကောင်းတို့က အခု ရန်ကုန်မြို့တော်ကြီးမှာ မနေဘူးလား။

"နေပါတယ်ဘုရား"

ရန်ကုန်မြို့ရဲ့ အထင်ရှားဆုံးသော ဘုရားစေတီကြီးကိုပြောပါဆို ဘယ်ဘုရား ပြောမလဲ။

"ရွှေတိဂုံဘုရားပါ ဘုရား"

ဩော်... ရွှေတိဂုံဘုရားကိုပြောမယ်၊ ဒါ ဟုတ်တာ ကွက်တိပဲ။ ရွှေတိဂုံစေတီကြီးကို သွားတဲ့အခါ သွားရောက်ပြီးဖူးတဲ့ အခါမှာ ရွှေတိဂုံဘုရားမှာ မုခ်ဝအားဖြင့် ဘယ်နှစ်မုခ် ရှိမလဲ။

"လေးမုခ်ပါ ဘုရား"

လေးခုရှိတယ်။ အရှေ့၊ အနောက်၊ တောင်၊ မြောက် မရှိဘူးလား။

"ရှိပါတယ်ဘုရား"

အဲဒီတော့ ယောဂီတို့က ရွှေတိဂုံကို တက်ဖူးမယ်ဆိုတော့ ရွှေတိဂုံဘုရားကို ရောက်ဖို့ရန်အတွက် အရှေ့မုခ်ကလာရင်ကော မရောက်ဘူးလား။

"ရောက်ပါတယ် ဘုရား"

အနောက်မုခ်၊ တောင်မုခ်၊ မြောက်မုခ်က လာရင်ရော မရောက်ဘူးလား။

"ရောက်ပါတယ်ဘုရား"

ဘယ်မုခ်ကနေသွားသွား နောက်ဆုံးတော့ ရွှေတိဂုံဘုရားကိုရောက်တာပဲ။ ထိုနည်းတူစွာပဲ ဘုရားရှင်ကိုယ်တော်မြတ်က သတ္တဝါတွေရဲ့ စရိုက်ကိုကြည့်ပြီးတော့ သတိပဋ္ဌာန်လေးမျိုးကို ဟောပါတယ်။ ဒါပေမယ့် အဲဒီလေးမျိုးထဲမှာ ဝေဒနာကြိုက်တဲ့ ယောဂီအပေါင်းသူတော်ကောင်းတို့က ဝေဒနာနုပဿနာလေးကို အားထုတ်။ ဘယ်ကို ရောက်မှာလဲ။

"နိဗ္ဗာန်ကိုပါ ဘုရား"

စိတ်ကို ကြိုက်တယ်ဆိုတဲ့ ယောဂီအပေါင်း သူတော်ကောင်းတို့က စိတ္တာနုပဿနာရှု။ ဘယ်ရောက်မလဲ။

"နိဗ္ဗာန်ပါဘုရား"

ဓမ္မကို ကြိုက်ပါတယ်ဆိုတဲ့ ယောဂီအပေါင်း သူတော်ကောင်းတို့က ဓမ္မာနုပဿနာကိုရှု။ ဘယ်ရောက်မလဲ။

"နိဗ္ဗာန်ပါ ဘုရား"

ဒါကြောင့်မို့လို့ ယောဂီအပေါင်းသူတော်ကောင်းတို့ ဘာတိယက မြတ်စွာဘုရားကို တရား တိုတိုကျဉ်းကျဉ်း လိုရင်းဟောပါတဲ့၊ နိဗ္ဗာန်ရောက်ချင်လို့။ အဲဒီလို တောင်းတော့ မြတ်စွာဘုရားက နိဗ္ဗာန်ရောက်ကြောင်း နည်းလမ်းလေး ဘယ်နှစ်မျိုး ပြောပြလဲ။

"လေးမျိုးပါဘုရား"

ဘာဖြစ်လို့ လေးမျိုးရမလဲ။ ဒီမှာ ချထားတဲ့ ခွက်ကလေး ဘယ်နှစ်လုံးလဲ၊ သုံးမျိုး...သုံးလုံး ဘယ်နှစ်လုံးလဲ။

"သုံးလုံးပါ ဘုရား"

သတိပဋ္ဌာန် လေးပါးထဲသွား စိတ်မရောက်နဲ့၊ သတိပဋ္ဌာန် လေးပါးက နောက်ဆုံးမှလုပ်ရမှာ သူ့ရှေ့မှာ အများကြီးရှိသေးတယ်။

နံပါတ်(၁) သီလကို အရင်လုပ်။

နံပါတ်(၂) သတိကို အရင်ဖြုတ်။

အဲဒါတွေအရင်လုပ်ပြီးတော့မှ နံပါတ်(၃) သတိပဋ္ဌာန်လေးပါး တစ်ပါးပါးပွားတဲ့။ သတိပဋ္ဌာန်လေးပါးကို ဒါရိုက်ပွားပြီးတော့ ဒိဋ္ဌိလဲမဖြုတ်ဘူး၊ ယောဂီအပေါင်းသူတော်ကောင်းတို့ သီလလဲမစင်ကြယ်ဘူး ဆိုလို့ရှိရင် ဒီနိဗ္ဗာန်ရပ့်မလား။

"မရပါဘူးဘုရား"

အို... သေချာပေါက် ယုံကြည်လိုက်။ လုံးဝကိုမရနိုင်ဘူး။ သီလမှ မရှိရင် သမာဓိမဖြစ်ဘူး၊ သမာဓိမှမဖြစ်ရင် ပညာမဖြစ်ဘူး၊ ပညာမဖြစ်တဲ့အတွက် နိဗ္ဗာန်ကိုရစရာ အကြောင်းရှိလား။

"မရှိပါဘုရား"

ဒါ သီလကို ဦးတည်ပြောတာ။

**အရေးကြီးတာကိုအရင်လုပ်ပါ**

အရှင်ဘုရား ဒိဋ္ဌိဖြုတ်တာကရော ဘယ်လောက်အရေးကြီးလဲ။ တရားရဲ့ နာမည်ကိုတည်းက "ဘာအရေးကြီးဆုံးလဲ"။

အရှင်ဘုရား ဒီ ဒိဋ္ဌိဆိုတဲ့ အလုပ်ဟာ တပည့်တော်တို့ တရားအားထုတ်တဲ့ ယောဂီတွေအတွက် ဘယ်လောက်အရေးကြီးသလဲ ပြောပြစမ်းပါ၊ ဦးဇင်းက ပြောပြမှာ မဟုတ်ဘူး ကိုယ်စားလှယ်ပဲ၊ ဘုရားလဲဟောခဲ့တယ်။ ဆရာတော်ကြီးလဲ ပြောခဲ့တယ်။

သီလကို ဦးဇင်းတို့ ပြောစရာမရှိဘူးလေ။ ယောဂီအပေါင်းသူတော်ကောင်းတို့ ယူကတည်းက သီလက ဘယ်နှစ်ပါး ယူထားသလဲ။

"ရှစ်ပါးပါဘုရား"

ရှစ်ပါး ယူထားတာ၊ အဲဒီ ရှစ်ပါးကို ယောဂီတို့ တစ်ခုချင်း တစ်ခုချင်း မြန်မာပြန် နားမလည်ဘူးလား။

"နားလည်ပါတယ်ဘုရား"

နားလည်ရင် ကိုယ့်ဟာကိုစောင့်ရှောက်ရုံပဲ၊ သီလနဲ့ပတ်သက်လို့ ဦးဇင်းတို့ဘာမှလုပ်ပေးလို့မရဘူး။ အဲဒီတော့ နံပါတ်(၂) အရေးကြီးတာက ဘာလဲ။ ဒိဋ္ဌိပဲ။

အဲဒီတော့ ဒိဋ္ဌိဟာ ဘယ်လောက်အရေးကြီးသလဲဆိုတော့-

ချစ်သားတို့တဲ့ "ရင်ဝလှံစူး၊ ဦးခေါင်း မီးလောင်၊" ဘယ်နှစ်မျိုးလဲ။

"နှစ်မျိုးပါဘုရား"

ချစ်သားတို့ ရင်ဝလှံစူးတဲ့၊ ရင်ဝမှာအဆိပ်လူးထားတဲ့မြား စူးနေတယ် မဟုတ်လား။ အဲဒီ စူးနေတဲ့ အဆိပ်လူးထားတဲ့မြားက ယောဂီအပေါင်း သူတော်ကောင်းတို့ မနှုတ်လိုက်လို့ရှိရင် တော်ကြာ မသေဘူးလား။

"သေပါတယ် ဘုရား"

ဒါပေမယ့် မြတ်စွာဘုရားက ဒီမှာဘာပြောလဲ ဆိုတော့လေ၊ "ရင်ဝလှံစူး၊ ဦးခေါင်း မီးလောင်" ရင်ဝမှာစူးနေတဲ့မြားကို မနှုတ်ပေးနဲ့ဦးတဲ့။ ရင်ဝမှာစူးနေတဲ့မြားကို ဘာမလုပ်နဲ့ဦးတဲ့လဲ။

"မနှုတ်နဲ့ဦးပါဘုရား"

မနှုတ်နဲ့ဦး မနှုတ်နဲ့ဦးတဲ့။ ဒါဆိုရင် ဘာအရင်လုပ်ရမလဲဆိုတော့ ဒိဋ္ဌိကို အရင်ဖြုတ်။ ဘာကိုအရင်ဖြုတ်။

"ဒိဋ္ဌိကိုအရင်ဖြုတ်ပါ ဘုရား"

ဘာဖြစ်လို့လဲဆိုတော့ ရင်ဝမှာစူးနေတဲ့မြားသည်၊ ဒီဘဝ ဒီခဏ ဒီနေရာလေးသာသေမှာ။ ဒါပေမယ့် ဒိဋ္ဌိတန်းလန်းနဲ့ သေတယ်ဆိုတဲ့ ယောဂီအပေါင်း သူတော်ကောင်းတို့ဟာ ဘဝပေါင်းများစွာသေမှာ။ အရေးမကြီးဘူးလား။

"အရေးကြီးပါတယ် ဘုရား"

အရေးကြီးလွန်းလို့ မြတ်စွာဘုရားကနောက်တစ်ခါ ဥပမာပြောတယ်၊ ရင်ဝလှံစူး၊ ဦးခေါင်းမီးလောင်။

ချစ်သားတို့ မင်းတို့ရဲ့ဦးခေါင်းကို မီးလောင်နေပြီ၊ လောင်နေတဲ့ ဦးခေါင်းကို မီးလောင်နေပြီ၊ မီးကိုမသတ်ရင် ဒီလူသေဖို့ပဲ ကျန်တော့တယ်။

ဒါပေမယ့် ဦးခေါင်း မီးလောင်နေတယ်၊ လောင်နေတဲ့ ဦးခေါင်းက မီးကို မငြိမ်းနဲ့ဦးတဲ့၊ ဟာ...ဒါဆိုရင် ဘာအရင်လုပ် ဒိဋ္ဌိကိုအရင်ဖြုတ်။ ယောဂီအပေါင်း သူတော်ကောင်းတို့ ဘာအရင်ဖြုတ်ရမလဲ။

"ဒိဋ္ဌိပါဘုရား"

ဦးခေါင်းမှာလောင်နေတဲ့မီးကို မသတ်လို့ရှိရင် ဒီဘဝ ဒီမျှနဲ့ပဲ သေရလိမ့်မယ်။ ဒိဋ္ဌိကိုမဖြုတ်လို့ရှိရင် ဘဝါဘဝတိုင်း သေရလိမ့်မယ်၊ ဘဝတွေများစွာသေရလိမ့်မယ်။ ဒါကြောင့်မို့လို့ ဒိဋ္ဌိဟာ အရေးမကြီးဘူးလား။

"ကြီးပါတယ်ဘုရား"

ဒါ ဘုရားက ဒီဥပမာလေးနဲ့ ပြောပြတာဗျနော်။ ဦးဇင်းတို့ရဲ့ ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီးက ဘာမိန့်သလဲဆိုတော့ ဦးဇင်းတို့ ဓမ္မက္ခန္ဓာတွေကို အကျဉ်းချုံးတော့ လေးမျိုးပဲရှိတယ်။ ဒါန သီလ သမထ ဝိပဿနာ...ဟုတ်ရဲ့လား။

မြတ်စွာဘုရား လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်း ပါရမီတွေဖြည့်လို့ လေးဆယ့်ငါးဝါသော ကာလပတ်လုံး တရားတွေ ဟောပါတယ်။ သုတ္တန် အဘိဓမ္မာ ဝိနည်း မများဘူးလား။ အဲဒီများတဲ့တရားတွေ အကျဉ်းချုံးရင် အဲဒီလေးမျိုးပဲရှိတယ်နော်။

"မှန်ပါ့ဘုရား"

ဒါနရယ် သီလရယ်၊ သမထရယ်၊ ဝိပဿနာရယ်၊ ဘယ်နှစ်မျိုးလဲ။

"လေးမျိုးပါဘုရား"

အဲဒါ ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီးက ဘာမေးလဲဆိုတော့၊ မင်းတို့ ဒါနကိုနောက်ထား။ ဘာကို နောက်ထားရမလဲ။

"ဒါနကိုပါ ဘုရား"

သီလကိုနောက်ထား။ ဘာကိုနောက်ထားရမလဲ။

"သီလကိုပါ ဘုရား"

သမထကို နောက်ထား၊ ဘာကိုနောက်ထားရမလဲ။

"သမထကိုပါ ဘုရား"

ဝိပဿနာကို နောက်ထား။ ဘာကိုနောက်ထားရမလဲ။

"ဝိပဿနာကိုပါ ဘုရား"

ဒါဆိုလို့ရှိရင် တရားတွေက ကုန်နေပြီဘုရား၊ ဗုဒ္ဓရဲ့တရားတွေက လေးမျိုးပဲရှိတယ်။ အဲဒီလေးမျိုးကို အကုန်လုံး နောက်ထားရမယ်ဆိုရင် ဘာအရင်ဆုံး လုပ်ရမလဲဆိုတော့၊ ဒိဋ္ဌိကိုအရင်ဖြုတ်၊ ဘာကိုအရင်ဖြုတ်ရမလဲ။

"ဒိဋ္ဌိကိုပါဘုရား"

ယောဂီအပေါင်းသူတော်ကောင်းတို့ လိုက်ဆို...

**ဒိဋ္ဌိမဖြုတ် ဒါနလုပ်၊ ဒုက္ခတွေ့ရမည်။**

ဟုတ်တယ်ဗျ… ယောဂီတို့ရဲ့နေ၁်၊ ဒါနတွေတော့က ကြီးကျယ်စွာ ပိုက်ဆံရှိတိုင်း လုပ်နေကြတာပဲ၊ ဒါပေမယ့် လောကရဲ့ ဒါနတွေကိုကြည့်ရင် ယောဂီတို့ ဒါနနဲ့ ပကာသန ဘယ်ဟာပိုများသလဲ။

"ပကာသနကများပါတယ် ဘုရား"

ပကာသနကများနေတယ်၊ အဲဒါလောကသစ္စာတရားနဲ့ပြောရင် လူတွေ နားမခံနိုင်ဘူး။ လူတော်တော်များများ ကမ္ဘည်းပေါ်တဲ့နေရာလေးမှာမှ လှူချင်တယ်။

ဒါနနဲ့ ပကာသနဆိုတာ ဦးဇင်းတို့ ရွှေတုန်းက ရှင်ပြုပွဲကြီးတစ်ခု ရှင်ပြုပွဲ တရားပွဲပင့်လို့သွား၊ ကြွတဲ့ အခါကြတော့ အဲဒီရှင်ပြုပွဲကြီးမှာ ဆွေတော်မျိုးတော်တွေ ရှင်အပါးက (၁၀၀)လောက် ရှိတယ်။ ရှင်အပါးက ဘယ်လောက်လဲ။

"တစ်ရာပါ ဘုရား"

အဲဒီ တစ်ရာလောက်ရှိတဲ့ ရှင်အပါးမှာတဲ့ ရှင်တစ်ပါးကို မြင်းတစ်ကောင် တစ်ကောင်။

မြင်းတစ်ကောင်တစ်ကောင်ကို ငှားရတာ တစ်သောင်းခွဲလောက် ရှိတယ်၊ ရှင်ပြုပွဲက သိပ်ကြီးကျယ်တော့ ဆိုင်းတွေကလဲ စိန်စတင်းတို့ ဘာတို့နဲ့ ဒီလိုနေ၁်။

အဲဒီလိုကြီးကျယ်ပြီးတော့လှူကြတဲ့ အဲဒီရှင်ပြုပွဲကြီးမှာ ဘုန်းကြီးတစ်ပါး တစ်ပါး လှူတာကြတော့ ငါးထောင်တဲ့။

ဘုန်းကြီးတွေရဲ့ဈေးက အဲဒီရှင်ပြုပွဲမှာတန်ဘိုးဖြတ်ရင် မြင်းတစ်ကောင် လောက်တောင် တန်ဘိုးမရှိဘူး။ ဒါနနဲ့ ပကာသနကို ပြောတာပါ။ လုပ်ချင်တာထက် လုပ်သင့်တာကိုလုပ်ရမယ်။

ယောဂီအပေါင်းသူတော်ကောင်းတို့ ဒါနနေရာမှာ တကယ်လုပ်သင့်တာက တကယ်တမ်း ရှင်ပြုပွဲတစ်ခုကို ဦးဇင်းတို့ ချုံကြည့် လိုက်ရင်၊ ရှင်ပြုပါတယ်ဆိုတဲ့ ကိုရင်လေးတစ်ပါးက နံပါတ်(၁) ခေါင်းရိတ်ရမယ်။

နံပါတ်(၂)ကျတော့ ခေါင်းတုံးပြီးတဲ့ အဲဒီ ရှင်လောင်းလေးကို သင်္ကန်းဝတ် ပေးလိုက်။

နံပါတ်(၃)ဘာလုပ်ဦးမလဲ၊ သရဏဂုံကို ပီပီသသချပေး။

သာသနာမှာ ပကာသနမပါဘဲ ရှင်ပြုရင် အဲဒီ သုံးမျိုးနဲ့ပြီးတယ်၊ ဆွေတော် မျိုးတော်တွေက အိမ်မှာမတတ်နိုင်လို့ တပည့်တော် ဆွမ်းတောင်မလှူနိုင်ဘူးဆိုလဲ ရတယ်ပြဿနာမရှိဘူး။ အဲဒီအင်္ဂါသုံးပါးပြည့်စုံရင် ကိုရင် ဖြစ်တယ်ဗျ။

ဒါကြောင့် လင်္ကာဆရာတွေက. . .

**လောကဇာတ်ခုံ၊ ဤလူ့ဘုံ၌၊ မျိုးစုံကပြ၊ မာန်မာနနှင့်၊ ငါကရာဇာ၊ ငါကသူဌေး၊ ငါပဂေးဟု၊ ငါသွေးတတ်ကြွ၊ လူဗာလတို့၊ များလှဖြာဖြာ၊ အဝိဇ္ဇာနှင့်၊ တဏှာဘီလူး၊ အမှောင်ပူး၍၊ ကျူးကျူးကျော်ကျော်၊ ဂုဏ်ကိုဖော်လျက်၊ မော်မော်မောက်မောက်၊ ငါတစ်ယောက်သာ၊ မိုးအောက်တစ်လွှား၊ ရွှေကိုယ်လားဟု၊ ထင်မှားမလွဲ၊ သို့စဉ်စွဲလဲ၊ ဇာတ်မွဲပြီးက၊ ပြည်ဖုံးချသော်၊ သုဘရာဇာ၊ မြေအောက်မှာပင်၊ ဘာသာလူမျိုး၊ ချိန်မတိုးဘဲ၊ ပုပ်သိုးခန္ဓာ၊ မြုပ်ရရှာသည်၊ ဘယ်မှာငါဟု၊ ရှိမည်နည်း. . .။**

ငါပဲသူပဲ၊ ဟုတ်ရဲ့လား။ ယောကျာ်းပဲ မိန်းမပဲ၊ ငါပိုက်ဆံရှိတယ်၊ ငါရုပ်ရည်ချောတယ်လို့ ဘယ်ဘာသာ ဘယ်လူမျိုးတွေ ဘာတွေပဲ ကြုံးဝါးကြုံးဝါးနေ ဘယ်ဘာသာ ဘယ်လူမျိုးပဲဖြစ်ဖြစ် တစ်နေ့တော့ အားလုံးပဲ သုဘရာဇာရဲ့ခြေအောက်အကုန် ရောက်ကြရတာပဲ။

အဲဒီတော့ ဆရာတော်ဘုရားကြီးက ဒါလေးသတိပေးတာ၊ အရေးကြီးလို့လား၊ အရေးမကြီးလို့လား။

"အရေးကြီးလို့ပါ ဘုရား"

ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီးက မင်းတို့ ဒါန သီလ သမထ ဝိပဿနာ နောက်ထားကွ- ဘာအရင်ဖြတ်ရမလဲ။

"ဒိဋ္ဌိပါဘုရား"

အဲ- ဒိဋ္ဌိအရင်ဖြတ်ဆိုတော့ ဦးဇင်းတို့ရဲ့ ဒီနေ့ ဘုရားတပည့်တော်တို့ တရားအားထုတ်တဲ့ယောဂီတွေအတွက် ဘာအရေး ကြီးဆုံးလဲဘုရာ့ ပြောပြပါဆိုရင် ဒိဋ္ဌိဖြုတ်ဖို့အရေးကြီးဆုံးပါပဲ။

အဲဒီတော့ ဒိဋ္ဌိဖြုတ်ဖို့ အရေးကြီးတယ်ဆိုတော့ ဒိဋ္ဌိက ဦးဇင်းတို့ အဘိဓမ္မာစာပေမှာ (၆၂)ပါးရှိတောင် ရှိတယ်။

ခြောက်ဆယ့်နှစ်ပါးဆိုတော့ မျက်လုံး မပြူးသွားနဲ့။ ဟာ. . . တပည့်တော်တို့ (၆၂)ပါးတောင် သင်ရလို့ရှိရင်တော့ စခန်းပွဲတော့ မလွယ်ဟော့ဘူး။

တစ်လကနေ တစ်နှစ်ဖြစ်သွားမယ်၊ ဒါပေမယ့် ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီးက အလုပ်သမားတွေအတွက် သုံးမျိုးလောက် ဖြုတ်လို့ရှိရင် လုံလောက်ပါပြီတဲ့။ ဘယ်နှစ်မျိုးလောက်လဲ။

"သုံးမျိုးလောက်ပါ ဘုရား"

အဲ... သုံးမျိုးဆိုတော့ အဲဒီ သုံးမျိုးလေးကို လိုက်ဆိုပါ။

**သဿတဒိဋ္ဌိ-**

**ဉစ္ဆေဒဒိဋ္ဌိ-**

**သက္ကာယဒိဋ္ဌိ-**

ယောဂီတို့ဒိဋ္ဌိ ဘယ်နှစ်မျိုးလဲ။

"သုံးမျိုးပါဘုရား"

အဲဒီ သုံးမျိုးဟာ ယောဂီတို့ကို အဟန့်အတား၊ နိဗ္ဗာန်သွားဖို့ ဆူးညောင့်ခလုတ်ကြီး။ အဲဒီဒိဋ္ဌိသုံးမျိုးကို ဦးဇင်းတို့ ဒီမနက် အသိဉာဏ်အနေနဲ့ ရှေးဦးစွာ ကျေးဇူးပြုမယ်။

## ဒိဋ္ဌိတို့ရဲ့သဘောအစိပ္ပာယ်

ကျေးဇူးပြုမယ်ဆိုတော့ အဲဒီ ဒိဋ္ဌိရဲ့ သဘောလေးတွေကို အရင်ပြောကြမယ်နော်။ ဒိဋ္ဌိရဲ့သဘောက နံပါတ်(၁)သဿတ ဒိဋ္ဌိ၊ နံပါတ်(၂)ဉစ္ဆေဒဒိဋ္ဌိ၊ နံပါတ်(၃)သက္ကာယဒိဋ္ဌိ။

ယောဂီအပေါင်းသူတော်ကောင်းတို့ ဒီအတိုင်းမနေနဲ့ ပြောရအောင်. . .

နံပါတ်(၁) သဿတဒိဋ္ဌိ၊ ဉစ္ဆေဒဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိ။ ဘယ်နှစ်မျိုးလဲ။

"သုံးမျိုးပါ ဘုရား"

အဲဒီတော့ အရှင်ဘုရား သဿတဒိဋ္ဌိက ဘာသဘောရှိလဲ။

**ယထာဂါမတော နိက္ခမ္မ၊ အညံဂါမံ ပဝိသတိ၊**

**ဧဝမေဝစ သောဇီဝေါ အညံကာယံ ပဝိသတိ။**

စာက အဲဒီလိုဆိုတာနော်။ စာကလည်း ဦးဇင်းတို့ လွတ်လို့မရဘူး ယောဂီတို့နော်။ တချို့ကတော့ပြောတယ် မိုးကုတ် ဝိပဿနာကွာတဲ့။ ပါဠိတွေ သိပ်မလိုပါဘူးတဲ့ ဟုတ်လား။ ပါဠိတွေသိပ်မလိုပါဘူး၊ မြန်မာပြန်သက်သက်လို့ တချို့ပြောတာပဲ။ ဒါကတော့ သူတို့ရဲ့အယူအဆကို ဦးဇင်းတို့ဘာမှငြင်းစရာ ပြောစရာလဲ မလိုပါဘူးနော်။ ဒါဦးဇင်းတို့ အယူအဆတစ်ခုကို ပြောရလို့ရှိရင်တော့ ဘာလေးပြောချင်လဲဆိုတော့ ဦးဇင်းတို့ရဲ့ ဆရာဖြစ်တဲ့ ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီးဟာ သူ့ခေတ် သူ့အခါတုန်းက အဘိဓမ္မာမှာ သိပ်ကြီးကျယ်တဲ့ ပညာရှင်ကြီးဖြစ်လို့ နိုင်ငံတော်ကကို "အဂ္ဂမဟာပဏ္ဍိတ" ဆိုတဲ့ ဘွဲ့ကို မကပ်ထားဘူးလား။

"ကပ်ထားပါတယ်ဘုရား"

ဒါ ပညာအရာမှာ ကြီးတာကိုပြောတာ အကျင့်စရဏ ပဋိပတ်အနေနဲ့လဲပဲ တစ်နိုင်ငံလုံးလိုလိုက ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီးကို ရဟန္တာတစ်ဆူအနေနဲ့ မသမုတ်ထားဘူးလား။

"သမုတ်ထားပါတယ်ဘုရား"

အဲဒီတော့ ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီးကို ပရိယတ်ပဲကြည့်ကြည့်၊ ပဋိပတ်ပဲကြည့်ကြည့်၊ စွယ်စုံကြီးဖြစ်မနေဘူးလား။

"ဖြစ်နေပါတယ်ဘုရား"

အဲဒီလို ပရိယတ်အနေနဲ့လည်း စွယ်စုံ၊ ပဋိပတ်အနေနဲ့လည်း ကိလေသာတွေအားလုံး ကုန်ခန်းထားတဲ့ ရဟန္တာကြီးတစ်ပါး ဖြစ်တဲ့အတွက်ကြောင့် သူ ဘာတွေပဲပြောပြော ယောဂီအပေါင်းသူတော်ကောင်းတို့နဲ့ ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီးနဲ့ အခုထိုင်ပြီးတော့ စကားပြောရင် ဒကာ ဒကာမတွေကနေ လောကီကိစ္စ၊ သားရေးသမီးရေးကိစ္စ ပြောရင်ပြောမယ်။

ဆရာတော်ကြီးက နိဗ္ဗာန်နဲ့ပတ်သက်တဲ့ စကားမှလွဲရင် သားရေးသမီးရေးစီးပွားရေးကိစ္စပြောဦး မလား။

"မပြောတော့ပါဘုရား"

မပြောတော့ဘူးဆိုတဲ့ အဲဒီ ရဟန္တာတစ်ဆူမှာ ယောဂီအပေါင်းသူတော်ကောင်းတို့ သူပြောသမျှစကားဟာ ပါဠိပါပါ မပါပါ၊ အကုန်လုံးဟာ တရားတွေချည်းပဲ။ ဒါပေမယ့် ဦးဇင်းတို့က ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီးရဲ့ ဂုဏ်ရည်တွေနဲ့ နှိုင်းစာရင် ဦးဇင်းတို့က ခြေဖဝါးလေးတောင်မမီဘူး။

အဲဒီလို ဘာမှမဟုတ်တဲ့ ကိုယ်တော်တစ်ပါးက ဆရာတော်ဘုရားရဲ့ နည်းနာနိဿယကိုယူပြီးတော့ ပြတဲ့နေရာမှာ အထောက်အထားဆိုတာ လိုအပ်တယ်။

အဲဒါ အထောက်အထားဆိုတာလဲ တခြားမဟုတ်ဘူး၊ ဘုရားရဲ့ပါဠိတော်တွေပဲ။ ဒီပါဠိတော်တွေ ဥပမာပြောကြစို့၊ သဿတဒိဋ္ဌိနော်၊ သဿတဒိဋ္ဌိ မြန်မာလိုပြော လွယ်လွယ်လေး၊ ခိုင်တယ် မြဲတယ် ယူဆထားတာ သဿတဒိဋ္ဌိပဲ။

အဲဒါကို ဟိုမှာ ပါဠိတော်ထဲမှာက

**"ယထာဂါမတော နိက္ခမ္မ၊ အညံဂါမံ ပဝိသတိ"**

ဒါလေးထောက်ပြီးတော့ ပြောလိုက်တဲ့အခါကြတော့ လူပြိန်းအတွက် ဘာမှပြောစရာမလိုဘူး၊ ဟို...ပညာရှိပါဠိတွေတတ်ကျွမ်းတဲ့ ပုဂ္ဂိုလ်တွေက သြော်...

ဒီကိုယ်တော်လေး၊ ဒီ ပါဠိထောက်ပြီးတော့ ဒီသဿတဒိဋ္ဌိဟာ ခိုင်တယ် မြဲတယ်လို့ သူပြောတာပဲဆို၊ ဘာလာငြင်းစရာလိုသေးလဲ။

"မလိုတော့ပါဘုရား"

ဒါကြောင့်မိုလို့ ဦးဇင်းတို့ ဘာမှမဟုတ်သေးတဲ့ ကိုယ်တော်က ဆရာတော် ဘုရားကြီးရဲ့နည်း၊ ဘုရားရှင်ကိုယ်တော် မြတ်ကြီးရဲ့နည်းတွေကို ဟောရပြောရတဲ့ အခါမှာ ပါဠိဆိုတဲ့မြတ်စွာဘုရားရဲ့ပါဠိတော် အထောက်အထားတွေကို ကိုးကား ပြီးတော့ ဟောရပါသည်။

ဒါ ဦးဇင်းတို့ကြိုက်တဲ့အယူအဆကို ပြောတာပါ၊ မကြိုက်ရင်လဲကိုယ့်ဟာကိုယ် ပယ်ရုံပဲ၊ ဟုတ်ရဲ့လား ယောဂီတို့။

"မှန်ပါ့ဘုရား"

ရှင်းရှင်းလေးပြောရရင်တော့ ခိုင်တယ်မြဲတယ်လို့ ယူဆထားတာပါ။

ငါ့ခန္ဓာကိုယ်သည် ခိုင်တယ်မြဲတယ်၊ ကမ္ဘာလောကကြီး ခိုင်တယ်မြဲတယ်၊ ငါ့ရဲ့ခန္ဓာကိုယ်မှာရှိတဲ့ အတ္တတွေ ဇီဝတွေဟာ ခိုင်တယ် မြဲတယ်။ တချို့မယူဘူးလား။

"ယူပါတယ် ဘုရား"

ယူတယ်- အချို့ သေသာသေသွားတာ ရုပ်ခန္ဓာကြီးက သေသွားတာတဲ့၊ အသက်တွေ ဝိညာဉ်တွေက မသေဘူးတဲ့။ တခြားအယူလား၊ သဿတဒိဋ္ဌိလား။

"သဿတဒိဋ္ဌိပါ ဘုရား"

နောက်တစ်ခါကြတော့သဿတဒိဋ္ဌိပြီးတော့၊ ဥစ္ဆေဒဒိဋ္ဌိ သဘောလေးတွေကို ပြောတာနော်၊ နံပါတ်(၂) ဥစ္ဆေဒဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိရဲ့ သဘောက ဘာလဲဆိုတော့...

ဒါက ပါဠိတော်နော် မြန်မာလိုပြောတဲ့အခါကြတော့ ဥစ္ဆေဒဒိဋ္ဌိဆိုတာက ဒီဘဝပြီးရင်ပြီးပြီတဲ့ ပြတ်သွားပြီ၊ နောင်ဆိုတာ မဖြစ်တော့ဘူး။

အဲဒီတော့ သဿတဒိဋ္ဌိက ခိုင်တယ်မြဲတယ်လို့ ယူဆထားတယ်၊ ဥစ္ဆေဒဒိဋ္ဌိက အခုသေပြီးရင် နောက် ဘာမှကို မဖြစ်တော့ဘူး၊ ဘုန်းကြီးတို့ ယောဂီအပေါင်း သူတော်ကောင်းတို့ လောက ဥပမာအနေနဲ့ပြောကြစို့။ အချို့လူတွေ လူငယ်တွေ မရှိဘူးလား။

"ရှိပါတယ် ဘုရား"

လုပ်သာလုပ်ပါကွာတဲ့ သေရင်မြေကြီး၊ အဲဒါ ဥစ္ဆေဒဒိဋ္ဌိသမားတွေပဲ။ သေရင် ပြတ်တာပဲ မြေကြီးပဲကွ၊ ဘာကိုမှဖြစ်စရာမရှိတော့ဘူး မယူဘူးလား။

"ယူပါတယ်ဘုရား"

အဲဒါ ဥစ္စေဒဒိဋ္ဌိသမားတွေ၊ ဟုတ်ရဲ့လား။

"မှန်ပါ့ဘုရား"

နံပါတ်(၃)ကျတော့ သက္ကာယဒိဋ္ဌိ၊ ဘာဒိဋ္ဌိလဲ။

"သက္ကာယဒိဋ္ဌိပါဘုရား"

သက္ကာယဒိဋ္ဌိသဘောကို မနေ့က ဦးဇင်းတို့ နည်းနည်းပြောလိုက်ပြီနော်။ "ဘန္တေ ကတမော သက္ကာယော၊ သက္ကာယဆိုတာ ဘာလဲဆိုတော့ ခန္ဓာငါးပါးကို သက္ကာယ လို့ခေါ်တာ။ ခန္ဓာငါးပါးကို ဘာခေါ်လဲ။

"သက္ကာယပါဘုရား"

အဲဒီခန္ဓာငါးပါးဆိုတဲ့ သက္ကာယကိုပဲ ငါ၊ သူတစ်ပါး၊ ယောက်ျားမိန်းမ၊ ဦးဦး ဒေါ်ဒေါ်၊ ကိုကို မမ မခေါ်ဘူးလား။

"ခေါ်ပါတယ်ဘုရား"

အမေလို့ခေါ်ပါသည် အဖေလို့ခေါ်ပါသည် ယောက်ျားလို့ခေါ်ပါသည် မိန်းမ လို့ ခေါ်ပါသည် အိမ်လို့ခေါ်ပါသည် ကျောင်းလို့ခေါ်ပါသည် အေး...အဲဒီလို ခေါ်ပြီး တော့ အမှတ်မှား အယူမှားနေတဲ့ အယူက အခြားလား၊ သက္ကာယဒိဋ္ဌိလား။

"သက္ကာယဒိဋ္ဌိပါဘုရား"

သက္ကာယဒိဋ္ဌိ. . . ဒါဆိုလို့ရှိရင် သဘောတရားအနေနဲ့ မသိသွားဘူးလား။

"သိသွားပါတယ်ဘုရား"

သဿတဒိဋ္ဌိက ခိုင်တယ်မြဲတယ်၊ ဥစ္စေဒဒိဋ္ဌိကျတော့ ခန္ဓာငါးပါး ရုပ်နာမ် တရားကို ငါပဲသူတစ်ပါးပဲ ယောက်ျား မိန်းမပဲလို့ မယူဆဘူးလား။

"ယူဆပါတယ် ဘုရား"

ယူဆတယ်ယောဂီတို့ ဒါက သဘောတရားလေးတွေပြောတာ အရှင်ဘုရား အဲဒီဒိဋ္ဌိတွေကို ဘယ်လိုဖြုတ်မလဲ ဟုတ်ရဲ့လား။

တရားအားထုတ်တဲ့ အခါကျတော့ ဦးဇင်းတို့က သင်ပေးတယ်လေ။ တင် ပျဉ်ခွေကာ ထိုင်နေပါ ခါးကိုဖြောင့်ဖြောင့်ထား။ ခါးလေးကို ဖြောင့်ဖြောင့်ထား ပြီးတော့ ဘယ်ဘက်လက်ဖဝါးလေးပေါ် ညာဘက် လက်ဖဝါးလေးတင် လက်မလက် ချင်း ထိမထားဘူးလား။ လက်မလက်ကလေးချင်း ထိပြီးတော့ ယောဂီတို့ရဲ့စိတ်ကို ဘယ်မှာထားမလဲ။

"နှာသီးဖျားမှာပါ ဘုရား"

ယောဂီအပေါင်း သူတော်ကောင်းတို စိတ်ကလေးကိုဘယ်မှာထားမလဲ။

"နှာသီးဖျားမှာပါ ဘုရား"

နှာသီးဖျားလေးမှာထားတဲ့ အခါကျတော့ နှာသီးဖျားလေးမှာဝင်တဲ့လေ ထွက်တဲ့လေအသက်ရှုတဲ့ လူတွေမှန်သမျှ မတည်ရှိဘူးလား။

"တည်ရှိပါတယ်ဘုရား"

ဝင်လေဝင်လာတယ် ဝင်လေကုန်လာရင်ဘာအစားထိုးလဲ။

"ထွက်လေပါဘုရား"

ယောဂီအပေါင်း သူတော်ကောင်းတို့ တကယ်လို့ ဝင်လေက ဝင်သွားပြီး ဝင်လေ ကုန်သွားလို့ ထွက်လေပြန်မထွက်တော့ဘူးဆိုရင် ဒီလူ ဘာဖြစ်သွားသလဲ။

"သေသွားပါပြီဘုရား"

အေး...သေသွားပြီ ထွက်လေထွက်သွားပြီ ဝင်လေပြန်မဝင်ဘူးဆိုရင် ဒီလူ ဘာဖြစ်သွားပြီလဲ။ သေသွားပြီ။

အဲဒီတော့ အဲဒီ ဝင်လေထွက်လေကို ကြည့်နော် ဝင်တဲ့လေဝင်လာပြီ နှာသီးဖျားလေးကတိုးဝင်လာတယ် ဝင်လေ ကုန်သွား တော့ ထွက်လေလဲ အစားထိုးတယ် အစားမထိုးဘူးလား။

"ထိုးပါတယ်ဘုရား"

အဲဒီတော့ဝင်လေလေးဝင်သွားပြီ ဝင်လေလေး ကုန်သွားတော့ ဘာလေး အစားထိုးလဲ။

"ထွက်လေလေးပါ ဘုရား"

ထွက်လေလေးအစားထိုးတယ်ဆိုတော့ ထွက်လေလေးအစား ထိုးလာတဲ့ အခါမှာ ဝင်လေလေးဟာ ဘာဖြစ်သွားလဲ။

"ပျက်သွားပါတယ် ဘုရား"

ပျက်သွားပါတယ် ပျောက်သွားပါတယ် ပါဠိလိုပြောကြစို့။ အနိစ္စရောက် သွားပါတယ်။ အဲဒီလို ဝင်တဲ့လေ ထွက်တဲ့လေဟာ ဝင်လေဝင်လာပြီ ထွက်လေ ပြန်ထွက်တဲ့အခါမှာ ဝင်လေလေးပျက် သွားတယ်လို့သိရင် ခိုင်တယ်၊ မြဲတယ်လို့ ယူဆထားတဲ့ သဿတဒိဋ္ဌိ ဘာဖြစ်ပြီလဲ။

"ပြုတ်သွားပါတယ် ဘုရား"

ပြုတ်သွားတယ် ဒါ အသိဉာဏ်နဲ့ပြောတာ။ ဝင်လေ, ထွက်လေလေးကိုပဲ ကပ်ပြီးတော့ပြောနေတာ လွယ်အောင်လို့။

နောက်တစ်ခါ ဝင်လေလေးက အစားထိုးတယ် အဲဒီလိုဝင်လေလေးကုန်သွားတဲ့အခါ ဘာလေးအစားထိုးလဲ။

"ထွက်လေပါဘုရား"

ထွက်လေလေးဟာ အစားထိုးတယ် အဲဒီလို ဝင်လေလေး ဝင်သွားပြီးတော့ နောက်ဘာမှမဖြစ်တော့ဘူးဆိုလို့ ရှိရင်တော့ ဥစ္ဆေဒဒိဋ္ဌိ သမားတွေနဲ့အကိုက်ပဲ အခုတော့ ဝင်လေလေး ဝင်သွားပြီး ဝင်လေလေး ကုန်သွားတော့ ထွက်လေလေးက ပြန်အစားမထိုးဘူးလား။

"ထိုးပါတယ် ဘုရား"

အစားထိုးတယ် အစားထိုးတယ်လို့ သိနေလို့ရှိရင် အဲဒီ အသိဉာဏ်လေး ရလိုက်တဲ့ အခါကျတော့ သေရင် ဘာမှမဖြစ်တော့ဘူး။ ရုပ်တရားနာမ်တရားတွေဟာ တစ်ခါတည်း ပြုတ်ပြုတ် ပြုတ်ပြုတ် ပျက်ပျက်သွားတာပဲလို့ ယူဆထားတဲ့ ဥစ္ဆေဒဒိဋ္ဌိ မသေသွားဘူးလား။

"သေသွားပါတယ် ဘုရား"

သူတော်ကောင်းတို့ ခန္ဓာရဲ့အပျက်ကလေးကို မြင်လို့ရှိရင် သဿတဒိဋ္ဌိသေ။ သဿတဒိဋ္ဌိကခိုင်တယ် မြဲတယ်လို့ ယူဆထားတာကိုး အခုဟာ ပျက်တာကို သိတော့ သူ မသေဘူးလား။

"သေပါတယ် ဘုရား"

အဲဒီတော့ ဥစ္ဆေဒဒိဋ္ဌိကြီးကတစ်ခါတည်း မခိုင်လည်း မခိုင်ဘူး မမြဲလည်း မမြဲဘူး ဒီရွာကနေသေပြီးတော့ နောက်ဘာမှ မဖြစ်တော့ဘူးလို့ မယူဘူးလား။

"ယူပါတယ်ဘုရား"

အခုယောဂီ အပေါင်းသူတော်ကောင်းတို့ ဝင်လေပြီးတော့ ထွက်လေ အစားမထိုးဘူးလား။

"ထိုးပါတယ်ဘုရား"

အဲဒီ အစားထိုးတာလေးကို သိလိုက်တဲ့အခါကျတော့ တခြားသေတာလား၊ ဥစ္ဆေဒဒိဋ္ဌိသေတာလား။

"ဥစ္ဆေဒဒိဋ္ဌိသေတာပါ ဘုရား"

အေး...ဒါက ဝင်လေထွက်လေလေးကိုပဲ နည်းနည်းပြောတာ။

ယောဂီအပေါင်း သူတော်ကောင်းတို့ တရားတွေ စထိုင်လိုက်ပါပြီ၊ စထိုင်လိုက်တဲ့အခါကျတော့ ဝေဒနာနဲ့ပြောရင် ထိုင်လို့ကောင်းပါတယ် ဘုရားဆိုတော့ "သုခဝေဒနာ"၊ ယောဂီတို့ ဘာဝေဒနာလဲ။

"သုခဝေဒနာပါ ဘုရား"

သုခဝေဒနာ သုခဝေဒနာလေးကနေပြီးတော့ မိနစ်(၄၀)၊ (၅၀)လဲကျရော၊ ယောဂီအပေါင်းသူတော်ကောင်းတို့ ခန္ဓာကိုယ်မှာ ညောင်းခြင်း၊ ညာခြင်း၊ ကိုက်ခြင်း၊ ခဲခြင်းတွေမရှိဘူးလား။

"ရှိပါတယ်ဘုရား"

ညောင်းခြင်း၊ ညာခြင်း၊ ကိုက်ခြင်း၊ ခဲခြင်းဆိုတဲ့ ဝေဒနာတွေမှန်သမျှ တခြားလား၊ ဒုက္ခဝေဒနာလား။

"ဒုက္ခဝေဒနာပါဘုရား"

ကြည့်လေ သုခဝေဒနာလေးလဲ ကုန်လဲသွားရော၊ ဒုက္ခဝေဒနာလေး အစားမထိုးဘူးလား။

"ထိုးပါတယ်ဘုရား"

ဒုက္ခဝေဒနာလေး အစားထိုးတဲ့အခါကြတော့ သုခဝေဒနာလေးက မပျောက်သွားဘူးလား။

"ပျောက်သွားပါတယ်ဘုရား"

ပျောက်သွားတယ်၊ ပျတ်သွားတယ်၊ အနိစ္စရောက်သွားတယ်လို့သိရင်၊ ဘာသေလဲ။ သဿတဒိဋ္ဌိသေတယ်၊ ဟုတ်ရဲ့လား။

"မှန်ပါ့ဘုရား"

သူကမြဲတယ်လို့ယူဆထားတာကိုး ဟုတ်ရဲ့လား။

"မှန်ပါ့ဘုရား"

အဲဒီတော့ သုခဝေဒနာလေးနဲ့ ထိုင်ပါတယ်၊ ကြာလာတဲ့အခါကြတော့ ဒုက္ခဝေဒနာလေးလဲဖြစ်။ ဥပေက္ခာ ဝေဒနာလေးကလဲ ကြည့်၊ ကြည့်တဲ့အခါကြတော့ တစ်ခါတလေလဲ ဥပေက္ခာဝေဒနာ မဖြစ်ဘူးလား။

"ဖြစ်ပါတယ်ဘုရား"

အဲဒီလို ဝေဒနာလေးတွေ တစ်ခုနဲ့တစ်ခုအစားထိုးတယ်၊ အစားထိုးတာလေးကို သိရင် တခြားသေတာလား၊ ဉစ္ဆေဒဒိဋ္ဌိသေတာလား။

"ဥစ္ဆေဒဒိဋ္ဌိသေတာပါဘုရား"

အသိနဲ့သေတာနော်၊ ဒါဆိုလို့ရှိရင် ယောဂီအပေါင်းသူတော်ကောင်းတို့ အချိန်လေးကိုငဲ့ပြီးတော့ သဿတဒိဋ္ဌိနဲ့ ဥစ္ဆေဒဒိဋ္ဌိသဘောလေးကို ဒီလောက်နဲ့ထား။ ဦးဇင်းတို့ နောက်ဆုံးဒိဋ္ဌိက... သက္ကာယဒိဋ္ဌိ၊ ယောဂီတို့ ဘာဒိဋ္ဌိလဲ။

"သက္ကာယဒိဋ္ဌိပါ ဘုရား"

သက္ကာယဒိဋ္ဌိ ဆိုတာက ခန္ဓာငါးပါး ရုပ်နာမ်တရားကို "ငါ၊ သူတစ်ပါး၊ ယောကျ်ား မိန်းမ၊ ဦးဦး ဒေါ်ဒေါ်၊ ကိုကို မမ" မနေ့က ပြောပြီးပြီနော်။

ဦးဇင်းတို့ ယောဂီအပေါင်း သူတော်ကောင်းတို့ ကျောင်းလို့ခေါ်တယ်၊ အိမ်လို့ ခေါ်တယ်၊ ကားလို့ခေါ်တယ်။

ကားလို့ခေါ်တဲ့အရာကြီးကိုလဲ ယောဂီအပေါင်းသူတော်ကောင်းတို့ မောင်းတတ်သောကြောင့် ကား၊ ဒီလိုဖြေလို့မရဘူး။ အဲဒီကားကြီးကို တစ်ခုစီဖြုတ်ကြည့် ဘီးတွေကိုလဲဖြုတ်ကြည့်၊ မီးသီးကိုဖြုတ်ကြည့်၊ စတီယာတိုင်ကြီးကိုလဲ ဖြုတ်ကြည့် အိမ်ကြီးကိုလဲဖြုတ်ကြည့်၊ တစ်ခုစီဖြုတ်ပြီးတဲ့ အခါကြတော့ ဘီးကိုလက်ကလေး တို့ပြီးတော့ "ကားလို့ခေါ်တာ မင်းလားကွ" ဆိုရင် သူကဘယ်လိုဖြေမလဲ. . .

"မဟုတ်ဘူးလို့ဖြေမှာပါ ဘုရား"

မဟုတ်ဘူး ယောဂီအပေါင်းသူတော်ကောင်းတို့ ကားဆိုတာ ဘီးဟုတ်ရဲ့ လား။

"မဟုတ်ပါဘုရား"

မဟုတ်ဘူး ဒါဆိုလို့ရှိရင်၊ မင်း မဟုတ်ဘူးဆိုရင် မီးသီးလေးသွားမေးကြည့် တော့ကော ကားလားဆိုတော့ မဟုတ်ပြန်ဘူး။ ဒါဆိုရင် စတီယာတိုင်လေး သွားမေး ကြည့်တော့လဲ မဟုတ်ဘူး။ နောက်ပြီးတော့ ခန္ဓာကိုယ်ကြီးတစ်ခုလုံး သွားမေးကြည့်လဲ ကားဆိုတာ တွေ့လား။

"မတွေ့ပါဘုရား"

အကုန်လုံးသာ တစ်စစီဖြုတ်ပြီးတော့ မေးသာမေးကြည့်၊ စက်ပစ္စည်းကိရိယာ တွေရော ကားဆိုတာနောက်ဆုံး မရှိပါဘူး။

ဒါဆိုတော့ ရှိရင် အရှင်ဘုရား၊ မရှိဘဲနဲ့ တပည့်တော်တို့ အဖေ အမေ ဦးဦး ဒေါ်ဒေါ် ကိုကို မမလို့ ဘာဖြစ်လို့ခေါ်နေကြတာတုန်း။

အဲဒီလိုဘာဖြစ်လို့ခေါ်နေကြတာတုံး၊ အရှင်ဘုရားကရော ဘာဖြစ်လို့ခွင့်ပြု ထားရလဲဆိုတော့ အခေါ်အဝေါ်လွယ်စေခြင်းအကျိုးငှာ အခုယောဂီတွေထဲမှာ အများကြီးပါပဲ။ အဲဒီ ယောဂီအများကြီးထဲမှာ ဦးဇင်းက ယောဂီတို့ကိုမနက်တိုင်း မနက်တိုင်း ဦးဆောင်ပြီးတော့ဆိုတယ် ဒါ ဦးဇင်းနောက်ပါလာတဲ့ ပုသိမ်က ယောဂီ။

အဲဒီ ယောဂီခေါင်းဆောင်ဖြစ်တဲ့ နာမည်က ဦးအေးချိုပေါ့နော်။ အဲဒီတော့ ယောဂီတွေအားလုံးတွေထဲမှာ ဦးဇင်းက ဦးအေးချိုကိုပဲ ခေါ်ချင်တယ်။

အလုပ်ကိစ္စက ဦးဇင်းမှာပေါ်လာပြီ ဦးအေးချိုနဲ့ပတ်သက်တဲ့အကြောင်းအရာ ဦးဇင်းမှာပေါ်လာပြီ၊ ပေါ်လာတဲ့ အခါကြတော့ ဦးဇင်းက ဦးအေးချိုကို ခေါ်ချင်တဲ့ အခါကျတော့ ဦးဇင်းက ဦးအေးချိုလို့ နာမည်ဒြပ်ကြီးနဲ့ ထပ်မခေါ်ပဲနဲ့ "ဟေ့ ယောဂီ လာဦး" ဒါမှမဟုတ်ရင် "ဟေ့ ခန္ဓာငါးပါး လာဦး"၊ ခေါ်ချင်တာ ဘယ်သူ့ကိုပဲ ခေါ်ချင်တာလဲ။

"ဦးအေးချိုပါ ဘုရား"

ဦးအေးချိုကိုပဲခေါ်ချင်တာ ဒါပေမယ့် ဦးဇင်းကမခေါ်တတ်ဘူးလေ၊ ဟေ့... "ခန္ဓာငါးပါးတွေလာပါဦး"ဆိုတဲ့အခါကြတော့ ယောဂီအကုန်လုံး ထမလာဘူးလား။

"ထလာပါတယ်ဘုရား"

အဲဒါဆိုရင် ပြဿနာဖြစ်ရော. . . ဟုတ်ရဲ့လား။

"မှန်ပါ့ဘုရား"

ထိုနည်းတူစွာပဲ အိမ်မှာမိသာစုတွေလဲအများကြီး သားတွေသမီးတွေ မြေးတွေ မြစ်တွေ မယ်တော်ကြီးတွေ မြေးလေးတစ်ယောက်ကိုခေါ်တာကို "ဟေ့မြေးလေး လာဦး"လို့ မခေါ်ပဲနဲ့ 'ဟေ့ ခန္ဓာငါးပါးလာဦး"ဆိုတော့ အကုန်လုံးစုလာရင်ပြဿနာပဲ။

အဲဒီလိုအခေါ်အဝေါ်လွဲစေခြင်းအကျိုးငှာဆိုပြီးတော့ ဘာလုပ်ရသလဲ. . . အမည်လေးတွေ ထပ်ပေးရတယ်။

တကယ်တန်းကြည့်တဲ့အခါကြတော့ သက္ကာယဒိဋ္ဌိဆိုတဲ့ ခန္ဓာငါးပါးရုပ်နာမ် တရားတွေကို ကြည့်လိုက်တဲ့အခါကြတော့ တကယ်မရှိတာက ပညတ်တရား၊ တကယ် မရှိတာက ဘာတဲ့လဲ။

"ပညတ်တရားပါဘုရား"

နောက် ငါ သူတစ်ပါး ယောက်ျား မိန်းမ ဦးဦး ဒေါ်ဒေါ် ကိုကို မမဆိုတာ တကယ်ရှိရဲ့လား။

"မရှိပါဘုရား"

မရှိဘူ မရှိတာကို အရှိလုပ်နေတာ။ ဒါဆိုရင် အသိဉာဏ်လေးနဲ့ သက္ကာယဒိဋ္ဌိ မကွာသွားဘူးလား။

"ကွာသွားပါတယ်ဘုရား"

ကွာသွားပြီဆိုရင် နောက်ဆိုရင် "ငါ" လုပ်ဦးမလား။

"မလုပ်ပါဘုရား"

## အပြောနဲ့ အရော

အေး... မလုပ်တော့ဘူးဆိုပြီးတော့နော်။ ရှေးက ယောဂီ အဖွားကြီး တစ်ယောက်လိုတော့ မလုပ်နဲ့။

ရှေးက ယောဂီတရားစခန်း ဝင်ပြီးတော့ ပြန်သွားတဲ့ ယောဂီအဖွားကြီး တစ်ယောက် အိမ်ပြန်ရောက်တဲ့အခါကြတော့ ညနေစောင်းလေးလဲဖြစ်ရော အိမ်က သမီးတွေ သားတွေ မြေးတွေက "အဖွား-အဖွား ထမင်းစားပြီးပြီလား"၊ မေးတဲ့အခါ ကျတော့ တရားစခန်းဝင်သွားတဲ့အဖွားက စဉ်းစားတယ် "ခက်ပြီ ငါ မစားရသေးဘူးလို့ ပြောလို့ရှိရင်လဲ ဆရာတော်ဘုရားက ငါ့ကို ငါငါ မလုပ်နဲ့၊ ဒိဋ္ဌိခွာထား... ငါ မစားရ သေးဘူး ဆိုလို့ရှိရင် အဲဒါ ဒိဋ္ဌိဖြစ်နေအုံးမယ်။

အဲဒါ ဘယ်လိုဖြေရမလဲလို့ သူစဉ်းစားနေတာတဲ့၊ စဉ်းစားနေတော့ စဉ်းစား လို့မရဘူး ဟိုကထပ်ထပ်မေးသေး တယ်။ "အဖွား ထမင်းစားပြီးပီလား မေးတာ မကြားဘူးလား"၊ တစ်ခွန်းကနေနှစ်ခွန်း၊ နှစ်ခွန်းကနေ သုံးခွန်း မေးတဲ့အခါကြတော့ အဖွားက ဒိဋ္ဌိလဲလွတ်အောင်လို့ ဘယ်လိုဖြေလဲဆိုတော့ "ကျွန်မ မစားရသေးပါ ဘူးရှင်" တဲ့။

အမယ်လေး "ကျွန်မ မစားရသေးပါဘူး" ဆိုတော့ကော ဒိဋ္ဌိကလွတ်ရဲ့လား။

"မလွတ်ပါဘုရား"

ဒါက အဖွား ယောဂီတွေကို ပြောတာ။

ဟိုတုန်းက ဘုန်းကြီးတစ်ပါးရှိသေးတယ်။ ပလ္လင်ပေါ်မှာ ကျုပ်လိုပဲ ကျကျနန တရားဟောတာပေါ့ဗျာ၊ ဟန်ကျပန်ကျပေါ့နော်။ တရားဟောတဲ့အခါကြတော့ အဲဒီ ဒိဋ္ဌိအကြောင်းတွေဟောတာ။

တရားပွဲကြီးတစ်ခု ရှင်ပြုပွဲကြီးကအကြီးကြီးပဲ၊ နောက်မှာသံဃာတော်တွေလဲ အများကြီးဘဲ။

တရားတွေဟောတာ ခင်ဗျားတို့ ဘာအရေးကြီးဆုံးလဲ ဒိဋ္ဌိအရေးကြီးတယ်။ ငါ သူတစ်ပါး ယောကျ်ား မိန်းမ ဦးဦး ဒေါ်ဒေါ် ကိုကို မမလို့ ဘယ်ပစ္စည်းဘယ်အရာ ဘယ်သားသမီးတွေမှမှ မင်းတို့မစွဲကြနဲ့ အစွဲဆိုတာမကောင်းဘူး။

အဲဒီလိုဟောပြီးတဲ့အခါကြတော့ ရေစက်တွေချ၊ ပြီးတဲ့အခါကျတော့ ပြန်ကြရောပေါ့။

ပြန်ကျတဲ့အခါကြတော့ သံဃာတွေလဲ အကုန်ထပြန်သွားပြီ၊ ဓမ္မကထိကလဲ အကုန်ထပြန်ပြီ၊ အဲဒီမှာ ဘာဖြစ်သလဲဆိုတော့ ထီးတစ်ချောင်းက ဓမ္မကထိက မေ့ကျန်ခဲ့တယ်။

ဓမ္မကထိကရဲ့ ထီးတစ်ချောင်းကျန်ရစ်ခဲ့တဲ့အခါကျတော့ အလှူရှင်တွေရော ကျန်တဲ့ပရိတ်သတ်တွေရော ဒါဘယ် ဘုန်းကြီးထီးမှန်း မသိဘူး။ ဘုန်းကြီးတွေက အများကြီးကိုး။

အဲဒါနဲ့တခါတည်း ဒကာဒကာမတွေကလဲ "အရှင်ဘုရားတို့ အရှင်ဘုရားတို့ ထီးတစ်ချောင်းကျန်ခဲ့ပါတယ်ဘုရား။ ဒီထီးဟာဘယ်သူ့ထီးလဲဘုရား ပြောပါဘုရား၊ နောက်ကနေလိုက်ပေးတာ။

နောက်ကနေလိုက်ပြောတဲ့အခါကြတော့ ဓမ္မကထိကက သူ့ထီးပြန်ကြည့်တော့ မရှိဘူး။ မရှိတဲ့အခါကြတော့ "ဟာ ငါ့ထီးကျန်ရစ်ခဲ့ပြီ"။ ဒီတော့ ခတ်တော့တာပဲ ငါက ခုနက သူတို့ကို ငါထီး ငါ့ဥစ္စာ... ငါ သူတစ်ပါး ယောကျ်ားမိန်းမလို့ စွဲပြီးတော့ မပြောနဲ့လို့ ငါဆုံးမခဲ့တယ်။ အခုတော့ ဒကာ ဒကာမတွေကမေးတယ်၊ ဒါဘယ်သူ့ထီးလဲ "ငါ့ ထီးပါကွ"လို့ပြောလိုက်ရင်လဲပဲ ငါဒိဋ္ဌိဖြစ်နေအုံးမယ်၊ သူများကိုဟောပြီး ငါကိုယ်တိုင်ဖြစ်နေရင်တော့ သင့်တော်ရဲ့လား။

"မသင့်တော်ပါဘုရား"

မသင့်တော်ဘူး ဆိုတဲ့အခါကျတော့ ဟယ်... အဲဒါနဲ့ပဲ ဒကာတွေကလဲ မေး၊ သူကလဲ နာမ်စားပြောလိုက်တယ်တဲ့။

ဒကာတွေကလဲ အရှင်ဘုရားတို့ တပည့်တော်မေးနေတယ်ဘုရား၊ ထီးတစ်ချောင်းကျန်ရစ်ခဲ့တယ် ဒါ ဘယ်သူ့ထီးလဲ ပြောပါ။ အဲဒါနဲ့ ဓမ္မကထိက,က ဘာပြောလဲဆိုတော့... "အီကို့ထီး အီကို့ထီး"တဲ့။ ယောဂီတို့ ဟုတ်ရဲ့လား။

"မှန်ပါ့ဘုရား"

အဲဒါ ဒိဋ္ဌိပျောက်အောင်ပြောတာတဲ့။

အဲဒါကြောင့်မို့လို့ ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီးက အဲဒီလို ဒုက္ခတွေရောက်မှာစိုးလို့ ဘာတဲ့လဲ... "ပြောတော့ပြော မရောကြစေနဲ့ကွယ်"တဲ့။

ပြောပါတဲ့၊ အမေ အမေလို့ခေါ်ပါ၊ အဖေ အဖေလို့ခေါ်ပါ၊ ငါ သူတစ်ပါး ယောက်ျား မိန်းမလို့လဲပြောကြစမ်းပါ တကယ်တကယ်တော့ အသိနဲ့ရှိရမှာကတော့ မရောမိစေဖို့ကတော့ ရုပ်နဲ့နာမ်။

ဆိုကြည့်ပါဦး။

**သွားချင်တာက နာမ်၊ သွားတဲ့ဟန်ကရုပ်၊**

**သူမဟုတ် ငါမဟုတ်၊ အဲဒါ နာမ်နဲ့ရုပ်။**

အဲ...ဒါဆိုရင် ယောဂီအပေါင်းသူတော်ကောင်းတို့ ဒိဋ္ဌိသုံးမျိုးကို အသိလေးနဲ့တော့ မပြုတ်သွားဘူးလား။

"ပြုတ်သွားပါတယ်ဘုရား"

ဒါဦးဇင်းတွေရဲ့ တရားဟောတဲ့ဘုန်းကြီးတွေရဲ့ တာဝန်ပါပဲ။ ယောဂီအပေါင်းသူတော်ကောင်းတို့ တရားစဉ်လေးသွားကြရအောင် အချိန်လဲပြည့်ပြီ။ ဘာလိုချင်လို့ တရားအားထုတ်လဲ. . .

"နိဗ္ဗာန်လိုချင်လို့ပါဘုရား"

နိဗ္ဗာန်လိုချင်လို့ တရားအားထုတ်ရင် ယောဂီအပေါင်းသူတော်ကောင်းတို့ တခြားလုပ်ရမှာလား ဝိပဿနာပဲလား။

"ဝိပဿနာပါဘုရား"

ဝိပဿနာလုပ်တော့ ယောဂီအပေါင်းသူတော်ကောင်းတို့ တခြားကြည့်ရမှာလား၊ ခန္ဓာလား...

"ခန္ဓာပါဘုရား"

ခန္ဓာက ဘယ်နှစ်ပါးရှိလဲ။

"ငါးပါးပါဘုရား"

အဲဒီတော့ တရားအားထုတ်ပြီဆိုရင် သူများခန္ဓာကြည့်ရမှာလား၊ ကိုယ့်ခန္ဓာကြည့်ရမှာလား။

"ကိုယ့်ခန္ဓာကြည့်ရမှာပါဘုရား"

အဲ... ကိုယ့်ခန္ဓာကြည့်တဲ့အခါကြတော့လဲ ခွေးဟောင်တဲ့ခန္ဓာ ကြည့်ရမှာလား၊ ခွေးမဟောင်တဲ့ခန္ဓာ ကြည့်ရမှာလား။

"ခွေးမဟောင်တဲ့ခန္ဓာ ကြည့်ရမှာပါဘုရား"

အဲဒီတော့ သဘောခန္ဓာကိုကြည့်ရမှာလား၊ အပြောခန္ဓာကိုကြည့်ရမှာလား။

"သဘောခန္ဓာကိုကြည့်ရမှာပါဘုရား"

အေး... သဘောခန္ဓာကိုကြည့်ရမယ်။

အဲဒီလို ဉာဏ်နဲ့ကြည့်လိုက်တိုင်း ခန္ဓာဟာ မဖြစ်မပျက်တဲ့အချိန်ရှိရဲ့လား။

"မရှိပါဘုရား"

ဖြစ်လိုက်၊

ပျက်လိုက်၊

မွေးလိုက်၊

သေလိုက်။

ဖြစ်လိုက်၊ ပျက်လိုက်၊ မွေးလိုက်၊ သေလိုက်ဆိုတော့ ဒီခန္ဓာကြီး လိုချင်တဲ့ တဏှာ လာဦးမလား။

"မလာတော့ပါဘုရား"

စွဲလန်းတဲ့ဥပါဒါန်ကော လာဦးမလား။

"မလာတော့ပါဘုရား"

ပြုလုပ်တဲ့ ကံတွေကောလာဦးမလား။

"မလာတော့ပါဘုရား"

တဏှာ ဥပါဒါန် ကံမှမလာဘူးဆိုရင် ဘဝ, ဇာတိရဦးမလား။

"မရတော့ပါဘူးဘုရား"

အိုစရာလိုသေးလား။

"မလိုတော့ပါဘုရား"

နာစရာလိုသေးလား။

"မလိုတော့ပါဘုရား"

သေစရာလိုသေးလား။

"မလိုတော့ပါဘုရား"

အို,နာ,သေကင်းတာ တခြားလား၊ နိဗ္ဗာန်လား။

"နိဗ္ဗာန်ပါဘုရား"

ဒီနိဗ္ဗာန်အလိုလိုရတာလား၊ အို,နာ,သေကင်းလို့လား။ ။

"အို,နာ,သေ ကင်းလို့ဘုရား"

အို,နာ,သေ ကလဲ အလိုလိုကင်းတာလား၊ ဘဝ ဇာတိချုပ်လို့လား။

"ဘဝ ဇာတိချုပ်လို့ပါဘုရား"

ဘဝဇာတိကလဲ အလိုလိုချုပ်တာလား၊ သမုဒယချုပ်လို့လား။

"သမုဒယချုပ်လို့ပါဘုရား"

သမုဒယကလဲ သူ့အလိုလိုချုပ်မှာလား၊ ခန္ဓာကြီးဉာဏ်နဲ့ ကြည့်မှုလား။

"ခန္ဓာကြီးဉာဏ်နဲ့ကြည့်မှုပါဘုရား"

ခန္ဓာကြီး ဉာဏ်နဲ့ကြည့်တဲ့အလုပ်ဟာ တခြားအလုပ်လား၊ ဝိပဿနာ အလုပ်လား။

"ဝိပဿနာအလုပ်ပါဘုရား"

ဝိပဿနာဉာဏ်မျက်စိနဲ့ ခန္ဓာကြီး ကြည့်တဲ့အခါမှာ မဖြစ်မပျက်တဲ့အချိန် ရှိလား။

"မရှိပါဘုရား"

ဖြစ်လိုက်။ ပျက်လိုက်၊ မွေးလိုက်၊ သေလိုက်

ဖြစ်ပျက်က ဘာသစ္စာ။

**"ဒုက္ခသစ္စာ"**

သိတဲ့ဉာဏ်က ဘာသစ္စာ။

**"မဂ္ဂသစ္စာ"**

သေတာက ဘာသစ္စာ။

**"သမုဒယသစ္စာ"**

နောင်ခန္ဓာမလာတာက ဘာသစ္စာ။


**"နိရောဓသစ္စာ"**

ယောဂီတို့ သစ္စာဘယ်နှစ်ချက်ကိုက်။

"လေးချက်ကိုက်ပါတယ်ဘုရား"

ကိုင်း... သစ္စာလေးချက် တပြိုင်တည်းကိုက်သောကြောင့် ယောဂီအပေါင်း သူတော်ကောင်းတို့တို့သည် မိမိတို့အား ထုတ်အပ်တဲ့ ဝိပဿနာဉာဏ်သည် နိဗ္ဗာန်သို့ လျင်မြန်စွာ မျက်မှောက်ပြုစေကြောင်း ပတ္ထနာပြုရင်းနဲ့ ကဲ... ဒီနေ့ အချိန်စေ့လို့ တော်ကြဦးစို့။

"သာဓု... သာဓု... သာဓု"



# အရှင်ဇဝန (ပဲခူး)

## ဂမ္ဘီရ ဓမ္မဒေသနာ တရားတော်များ

အတွဲ(၁)

တ တိ ယ အ ကြိမ်

# တရားကိုသာ အားကိုးပါ တရားတော်

*(သာသနာနှစ် ၂၅၅၃-ခု၊ ကောဇာသက္ကရာဇ် ၁၃၇၁-ခု၊ ဝါခေါင်လဆန်း (၁၃)ရက်၊ ၃-၈-၂၀၀၉ ( တနင်္လာနေ့) နေ့လယ်ပိုင်း ရန်ကုန်မြို့၊ သယ်န်းကျွန်း မြို့နယ်၊ ရန်ကုန်သစ်ရပ်ကွက်၊ သုဝဏ္ဏမြို့ဦးဘုရားအနီး စံရိပ်ငြိမ်ကျောင်းတိုက်တော် အတွင်း မိုးကုတ်ဝိပဿနာ "သစ္စာဓမ္မသဘင်"၌ ဟောကြားသည်။)*

အားလုံးသော ယောဂီအပေါင်း သူတော်ကောင်းတို့....

သင့်တင့်သော က္ကရိယာပုတ် မျှတသော အနေအထားအားဖြင့်ထိုင်ပြီးတော့ မြတ်ဗုဒ္ဓရဲ့ဓမ္မတို ကောင်းစွာပူဇော်နိုင်ကြပါပြီ။

**ဓမ္မသဘင်စတင်ပါပြီ**

ဒီကနေ့ နာယူကြရမယ့် တရားရဲကအမည်က **တရားကိုသာ အားကိုးပါ-**တဲ့။

ယောဂီတို့ ဘာတဲ့လဲ။

"တရားကိုသာ အားကိုးပါတရားတော်ပါဘုရား"

အဲဒီတော့ တရားစဉ်လေး သွားကြရအောင်။ အခုလို တရားဝင် တရားအားထုတ် တယ်ဆိုတာ တခြားလိုချင် လို့လား နိဗ္ဗာန်လား။

"နိဗ္ဗာန်ပါဘုရား"

နိဗ္ဗာန်လိုချင်ရင်တော့ ဘုရားက တခြားလုပ်တဲ့လား၊ ဝိပဿနာလုပ်တဲ့လား။

"ဝိပဿနာပါဘုရား"

ဝိပဿနာအားထုတ်တဲ့အခါကျတော့ကော တခြားကြည့်ရမှာလား၊ ခန္ဓာကြည့်ရမှာလား။

"ခန္ဓာကြည့်ရမှာပါဘုရား"

ခန္ဓာကြီးက ဘယ်နှစ်ပါးရှိလဲ။

"ငါးပါးပါဘုရား"

သူများခန္ဓာကြည့်ရမှာလား၊ ကိုယ့်ခန္ဓာကြည့်ရမှာလား။

"ကိုယ့်ခန္ဓာကြည့်ရမှာပါဘုရား"

ကိုယ့်ခန္ဓာကြည့်တဲ့အခါကျတော့လည်း ခွေးဟောင်တဲ့ခန္ဓာ ကြည့်ရမှာလား၊ ခွေးမဟောင်တဲ့ခန္ဓာကြည့်ရမှာလာ။

"ခွေးမဟောင်တဲ့ခန္ဓာကြည့်ရမှာပါဘုရား"

အဲဒီတော့ ခွေးမဟောင်တဲ့ခန္ဓာကို ကြည့်တဲ့အခါကျတော့လည်း သဘောခန္ဓာကြည့်ရမှာလား၊ အပြောခန္ဓာကြည့်ရ မှာလား။

"သဘောခန္ဓာကြည့်ရမှာပါဘုရား"

သဘောဆိုတာ အခြားလား၊ ပရမတ်လား။

"ပရမတ်ပါဘုရား"

အပြောဆိုတာ အခြားလား၊ ပညတ်လား။

"ပညတ်ပါဘုရား"

ပညတ်ချည်းသာ ထိုင်ရှုမယ်ဆိုရင်တော့ နိဗ္ဗာန်မရောက်ဘူးဆိုတာ မသေချာဘူးလား။

"သေချာပါတယ်ဘုရား"

ကုသိုလ်တော့ရတယ်၊ နိဗ္ဗာန်တော့ဘာဖြစ်လဲ။

"မရပါဘုရား"

ဒါကြောင့်မို့လို့ ကုသိုလ်လည်း တပည့်တော်တို့ ရချင်ပါတယ်၊ နိဗ္ဗာန်လည်း ရချင်ပါရဲ့ဘုရား ဆိုလို့ရှိရင်တော့ ပရမတ်ကို ရှုရမယ်။ ဘာကိုရှုရမလဲ။

"ပရမတ်ကိုပါဘုရား"

ပရမတ်ဆိုတာ တခြားလား၊ သဘောပဲလား။

"သဘောပါဘုရား"

သဘောခန္ဓာတွေကို ဉာဏ်နဲ့တိုက်ကြည့်လိုက်တဲ့အခါကျတော့ မဖြစ်မပျက်တဲ့ အချိန် ရှိလား။

"မရှိပါဘုရား"

ခန္ဓာကြီးဟာ ဖြစ်ပြီးရင်ပျက်၊ မွေးပြီးရင်

"သေပါဘုရား"

ခန္ဓာကြီးကို ဉာဏ်နဲ့ တိုက်ကြည့်လိုက်တိုင်း၊ တိုက်ကြည့်လိုက်တိုင်းမှာ

ဖြစ်လိုက်၊

ပျက်လိုက်၊

မွေးလိုက်၊

သေလိုက်- ဆိုတော့ ဒါချည်းပဲ မြင်နေရတဲ့အခါကျတော့ ဒီခန္ဓာကို လိုချင်တဲ့ တဏှာ လာဦးမလား။

"မလာတော့ ပါဘူးဘုရား"

စွဲလန်းတဲ့ဥပါဒါန်ကော လာဦးမလား။

"မလာတော့ပါဘူးဘုရား"

ပြုလုပ်တဲ့ကံတွေကော လာဦးမလား။

"မလာတော့ပါဘူးဘုရား"

တဏှာ၊ ဥပါဒါန်၊ ကံတွေမှ မလာတော့ဘူးဆိုရင် ဘဝ, ဇာတိ ဆိုတာကော ရဦးမလား။

"မရတော့ပါဘူးဘုရား"

ဘဝ, ဇာတိမှ မရဘူးဆိုရင် အိုစရာလိုသေးလား။

"မလိုတော့ပါဘူးဘုရား"

နာစရာလိုသေးလား။

"မလိုတော့ပါဘူးဘုရား"

သေစရာကော လိုသေးလား။

"မလိုတော့ပါဘူးဘုရား"

အိုခြင်း, နာခြင်း, သေခြင်းကင်းတာ တခြားလား၊ နိဗ္ဗာန်လား။

"နိဗ္ဗာန်ပါဘုရား"

ဒီနိဗ္ဗာန်ကို အလိုလိုရတာလား၊ အိုနာသေကင်းလို့လား။

"အိုနာသေကင်းလို့ပါဘုရား"

အိုနာသေကလည်း သူ့အလိုလိုကင်းမှာလား၊ ဇာတိချုပ်မှလား။

"ဇာတိချုပ်မှပါဘုရား"

ဘဝ, ဇာတိဆိုတာကလည်း အလိုလိုချုပ်တာလား၊ သမုဒယချုပ်လို့လား။

"သမုဒယချုပ်လို့ပါဘုရား"

ယောဂီတို့၊ ဦးဇင်းတို့ရဲ့ နှလုံးအိမ်ရှိတဲ့ သမုဒယကလည်း သူ့အလိုလိုချုပ်မှာလား၊ ခန္ဓာကြီးကို ဉာဏ်နဲ့ကြည့်မှလား။

"ခန္ဓာကြီးဉာဏ်နဲ့ကြည့်မှပါဘုရား"

ခန္ဓာကြီးကို ဉာဏ်နဲ့ကြည့်တဲ့အလုပ်သည် အခြားအလုပ်လား၊ ဝိပဿနာအလုပ်လား။

"ဝိပဿနာအလုပ်ပါဘုရား"

ဒါကြောင့်မို့ ဝိပဿနာကိုလုပ်မှပဲ ဒုက္ခခပ်သိမ်း၊ ဆင်းရဲခပ်သိမ်း၊ ပူပန်ခပ်သိမ်းတို့ရဲ့ ငြိမ်းရာဖြစ်တဲ့ နိဗ္ဗာန်ကို ရောက်မယ်ဆိုတာ မသေချာဘူးလား။

"သေချာပါတယ်ဘုရား"

ဒါကြောင့်မို့လို့ ဦးဇင်းတို့ရဲ့ မြတ်ဗုဒ္ဓက သတ္တဝါဝေနေယျတွေကို ဝိပဿနာတရား အားထုတ်စေချင်လို့ တိုက်တွန်းတာ။

**"ဈာယထ ဘိက္ခဝေ မာပမာဒတ္ထ၊ ပစ္ဆာ ဝိပ္ပဋိသာရိနော"**။

**ဘိက္ခဝေ**- ချစ်သား ချစ်သမီးတို့၊ **ဈာယထ**- ဝိပဿနာတရားအားထုတ်ကြ။ ဘာလုပ်ခိုင်းတာလဲ။

"ဝိပဿနာ အားထုတ်ခိုင်းတာပါဘုရား"

သူများကလုပ်ခိုင်းတာလား၊ ဘုရားက အလုပ်ခိုင်းတာလား။

"ဘုရားကပါဘုရား"

ဘာဖြစ်လို့ တရားတွေ အားထုတ်ခိုင်းတာလဲဆိုတော့ မြတ်စွာဘုရားက နောက်မှာ အကြောင်းပြချက်လေးနဲ့ ဟောတယ်နော်။

**ဘိက္ခဝေ**- ချစ်သား ချစ်သမီးတို့၊ **ဈာယထ**- ဝိပဿနာတရားအားထုတ်ကြစမ်းပါ။ **မာပမာဒတ္ထ**- မမေ့ကြနဲ့တဲ့။ ဘုရား သတိပေးနေတာနော်။

ဘာဖြစ်လို့ အားထုတ်ရသလဲ၊ ဘာဖြစ်လို့မမေ့ရသလဲဆိုတော့-

**ပစ္ဆာ ဝိပ္ပဋိသာရိနော**- အရွယ်တွေလွန်၊ အချိန်တွေကုန်။ သေခါနီးကျမှ နောင်တရမှာစိုးလို့ ဟုတ်ရဲ့လား။

သေခါနီးကျမှ တရားမရှိရင် သေရမှာ မကြောက်ဘူးလား။

"ကြောက်ပါတယ် ဘုရား"

အဲဒီလိုဖြစ်မှာစိုးလို့ မြတ်စွာဘုရားက ချစ်သား ချစ်သမီးတို့ ဝိပဿနာတရား အားထုတ်ကြဆိုတဲ့ အဲဒီစကားလေးတစ်ခွန်းကို မြတ်ဗုဒ္ဓရဲ့ ပိဋကတ်သုံးပုံမှာ (၁၇၉၂) ကြိမ်။ ယောဂီတို့ ပြန်ပြေကြည့်ရအောင်...

တစ်ထောင့်ခုနစ်ရာကိုးဆယ်နဲ့နှစ်ကြိမ်။

တရားအားထုတ်ပါ၊ တရားအားထုတ်ပါဆိုတဲ့ စကားကို မြတ်စွာဘုရား (၁၇၉၂)ကြိမ်တောင် မိန့်ခဲ့တာ။ အရေးကြီးလို့လား၊ အရေးမကြီးလို့လား။

"အရေးကြီးလို့ပါဘုရား"

## ကောင်းတာကိုပဲပြုလုပ်ပါ

**"အဒ္ဒေဇ္ဈံ ဝစနာ ဗုဒ္ဓါ။ အမောဃ ဝစနာ ဗုဒ္ဓါ"**

**ဗုဒ္ဓါ**- ဘုရားရှင်တို့သည်၊ **အဒ္ဒေဇ္ဈံ ဝစနာ**- စကားကို နှစ်ခွန်းမပြောဘူး။

**"အမောဃ ဝစနာ ဗုဒ္ဓါ"**။ **ဗုဒ္ဓါ**- ဘုရားရှင်တို့သည်၊ **အမောဃ ဝစနာ**- အချည်းနှီး အကျိုးမဲ့ဖြစ်တဲ့ စကားတွေကို မပြောဘူး။

အဲဒီလို နှစ်ခွန်းသောစကားတွေကို ပြောတော်မမူတဲ့ မြတ်စွာဘုရားတောင်မှ ဒီစကားလေးတစ်ခွန်းကို ယောဂီအပေါင်း သူတော်ကောင်းတို့ (၁၇၉၂)ကြိမ်တိုင်တိုင် အရေးကြီးလို့ပြောခဲ့တာနော် ဟုတ်ရဲ့လား။

**"ဈာယထ ဘိက္ခဝေ မာပမာဒတ္ထ"**

ချစ်သားတို့ ဝိပဿနာတရားအလုပ်လုပ်ကြ။ **မာပမာဒတ္ထ**- သားရေး သမီးရေး စီးပွားရေးတွေနဲ့ မမေ့ကြနဲ့။ ဘာဖြစ်လို့လဲဆိုရင် **ပစ္ဆာဝိပ္ပဋိသာရိနော**- မင်းတို့ အချိန်တွေ နှောင်းသွားတဲ့အခါမှာ နောင်တရလိမ့်မယ်။

ဒါလေးကတော့ ဦးဇင်းတို့ ယောဂီတို့နဲ့ အနီးအဝေး စည်းဝေးညီညာ ရောက်ရှိလာကြတဲ့ သူတော်ကောင်းတွေကို ဘုရားစကားနဲ့ တရားအားထုတ်ပါလို့ တိုက်တွန်းပေးတာပါ။

ဦးဇင်းတို့ မြတ်စွာဘုရားက ဘယ်လောက်အထိ အမိန့်ရှိသလဲဆိုတော့ သတ္တဝါဝေနေယျတွေကို သူကိုယ်တိုင် အဲဒီလို တိုက်တွန်းတာတင်မကဘူး။

ဦးဇင်းတို့ ရဟန်းတော်တွေကိုလည်း ဘယ်လောက်အထိ မိန့်လဲဆိုတော့-

ချစ်သားတို့- မင်းတို့တစ်တွေဟာ ညီအစ်ကိုမောင်နှမ။ မင်းတို့ရဲ့ ပစ္စည်းလေးဖြာ ဒကာ, ဒကာမတွေကို မင်းတို့တစ်တွေ ချစ်ခင်တယ်၊ သနားတယ်၊ ကြင်နာကြတယ်၊ သံယောဇဉ်ရှိကြတယ်ဆိုရင် ဒီဝိပဿနာတရား အားထုတ်ဖြစ်အောင် မင်းတို့ တိုက်တွန်းကြစမ်းပါ-တဲ့ ဟုတ်ရဲ့လား။

အရေးကြီးလို့လား၊ အရေးမကြီးလို့လား။

"အရေးကြီးလို့ပါဘုရား"

ဒါကြောင့်မို့လို့ ဦးဇင်းတို့ရှေ့မှောက် ရောက်ရှိလာကြတဲ့၊ ဗုဒ္ဓမြတ်စွာ သာသနာတော်ကို စောင့်ရှောက်တော်မူကြတဲ့ ဒကာ, ဒကာမတွေကို ဦးဇင်းတို့က ဘုရားကိုယ်စား တိုက်တွန်းပေးတာ၊ တရားအားထုတ်ပါလို့။

အခုအချိန် တရားအားမထုတ်ခဲ့ဘူး။ နောင်သောအချိန်မှ အချိန်တွေနှောင်းရင် ယောဂီတို့ နောင်တရလိမ့်မယ်။ အဲဒီတော့ ဒါ ရှေ့ပြေးအနေနဲ့ တိုက်တွန်းတာနော်။

အဲဒီတော့ ယောဂီတို့ ဦးဇင်းတို့ နေ့လယ်ပိုင်းအနေနဲ့ ကျရောက်တာက အခြားလား၊ ပဋိစ္စသမုပ္ပါဒ်လား။

"ပဋိစ္စသမုပ္ပါဒ်ပါဘုရား"

ပဋိစ္စသမုပ္ပါဒ်ဆိုတာတော့ တခြားလား၊ အကြောင်းအကျိုးလား။

"အကြောင်း အကျိုးပါဘုရား"

အကြောင်းကြောင့် ဘာဖြစ်လဲ။

"အကျိုးဖြစ်ပါတယ်ဘုရား"

အဲဒီတော့ ကောင်းတာလုပ်ရင် ယောဂီတို့ ဘာအကျိုးရမလဲ။

"ကောင်းတဲ့အကျိုးရပါတယ်ဘုရား"

ကောင်းတာတွေလုပ်ရင် ကောင်းကျိုးရမယ်။ သေချာတယ်နော်။ မကောင်းတာလုပ်ရင်ကော ဘာအကျိုးရမလဲ။

"မကောင်းကျိုးရမှာပါဘုရား"

ငရုတ်သီးလေးတစ်တောင့်ကို ဘယ်ဘာသာဝင်၊ ဘယ်လူမျိုးတွေပဲဖြစ်ဖြစ် စားကြည့်ရင် စပ်မှာလား၊ ချိုမှာလား။

"စပ်မှာပါဘုရား"

ထိုနည်းတူစွာပဲ ထန်းလျက်ခဲလေးတစ်ခဲကို ဘယ်ဘာသာ ဘယ်လူမျိုး ဘယ်ပုဂ္ဂိုလ်ပဲဖြစ်ဖြစ် စားကြည့်၊ စပ်မှာလား၊ ချိုမှာလား။

"ချိုမှာပါဘုရား"

ထိုနည်းတူစွာပဲ ကုသိုလ်နဲ့အကုသိုလ်ဆိုတဲ့ သဘောသဘာဝ ကောင်းတဲ့တရား၊ မကောင်းတဲ့တရား။ ကောင်းတဲ့တရားကို ကျင့်ကြံအားထုတ်ကြတဲ့ ပုဂ္ဂိုလ်တွေမှန်သမျှလည်းပဲ ကောင်းကျိုးရမှာပဲ ဟုတ်ရဲ့လား။

မကောင်းတာတွေလုပ်တဲ့ ပုဂ္ဂိုလ်မှန်သမျှလည်း လူပဲဖြစ်ဖြစ်၊ ဘုန်းကြီးပဲဖြစ်ဖြစ်၊ တိုင်းပြည်အုပ်ချုပ် မင်းလုပ်တဲ့ ပုဂ္ဂိုလ်ပဲဖြစ်ဖြစ် ဘာရမှာလဲ။

"မကောင်းကျိုးပဲ ရမှာပါဘုရား"

ဒါကြောင့်မို့လို့ ကောင်းတာပြုရင် ကောင်းကျိုးရမယ်၊ မကောင်းတာပြုရင် မကောင်းကျိုးရမယ်။ ဒါလေးကို အရင်ဦးစွာ သိထားဖို့ ဟုတ်ရဲ့လား။

ဆိုကြည့်- ဆိုကြည့်။

**"ဟောတဲ့တရား၊ ဟောတရား၊**

**ဟောကြားရုံမျှသာ"**

တရားဟောတဲ့ ဓမ္မကထိကကိုယ်တော်ကလည်း၊ တရားပြနေတဲ့ ဓမ္မကထိကကိုယ်တော်ကလည်း သူဟောတဲ့တရားကို ဟောတဲ့အဆင့်မှာပဲထား။ မကျင့်ကြံဘူး-တဲ့ ဟုတ်လား။ တရားကတခြား၊ ကိုယ်တော်ကတခြားဆိုရင် တခြားသွားမှာလား၊ ဒယ်အိုးပဲလား။

"ဒယ်အိုးပါဘုရား"

သေချာတယ်။ တရားဆိုတာ မျက်နှာလိုက်သလား။

"မလိုက်ပါဘုရား"

ဒါကြောင့်မို့လို့ ဟောတဲ့ပုဂ္ဂိုလ်ကလည်း သူဟောတဲ့ အဲဒီအကျင့်ကို ကျင့်ဖို့တာဝန်က မရှိဘူးလား။

"ရှိပါတယ်ဘုရား"

ဆိုကြည့်- ဆိုကြည့်။

**"ဟောတဲ့တရား၊ ဟောတရား၊ ဟောကြားရုံမျှသာ။**

**နာတဲ့တရား၊ နာတရား၊ နာကြားရုံမျှသာ။"**

တရားကို နာကြပါတယ်ဆိုတဲ့ ယောဂီတွေ၊ တရားတွေကို လေ့လာကြပါတဲ့ ယောဂီတွေ၊ ပရိသတ်တွေကလည်း အဲဒီတရားတွေကို နာတဲ့အဆင့်၊ သိတဲ့အဆင့်မှာပဲ ထားတယ်။ မကျင့်ကြံပြန်ဘူး။

အဲဒီလို သိတဲ့အဆင့်မှာပဲထားပြီးတော့ မကျင့်ပြန်လို့ရှိရင်လာည်း သေသည်၏ အခြားမဲ့၌ ဒယ်အိုးပါပဲ။ ဟုတ်ရဲ့လား ယောဂီတို့။

ဒါကြောင့်မို့ သိပြီးရင်တော့ ဘာလုပ်ကြရမလဲ။

"ကျင့်ရမှာပါဘုရား"

ကျင့်ရမယ်တဲ့။ ဒါ လူထဲကလူပဲ။ ဘုန်းကြီးတစ်ပါးထဲက ဘုန်းကြီးတစ်ပါးပဲ။

သွားရင်းဟန်လွဲ ဦးဇင်းတို့တစ်တွေဟာ တစ်ယောက်နဲ့တစ်ယောက် သတိပေးကြတာ။ တရားဟောတယ်၊ တရားပြတယ်ဆိုတာ ဦးဇင်းတို့ ဒီလိုပဲ သဘောထားတယ်။

တစ်ယောက်နဲ့တစ်ယောက် မှားတာလေးတွေရှိရင် အပြစ်မတင်ဘဲ ပြုပြင်ကြ၊ မကောင်းဘူးလားလို့။

"ကောင်းပါ့ ဘုရား"

ဒါကြောင့်မို့လို့ ဦးဇင်းတို့ တရားဟောတယ်၊ တရားပြတယ်ဆိုတာ ဆရာလုပ်တယ်လို့ မမှတ်နဲ့၊ ပြုပြင်တာ။

ပြုပြင်တယ် ဆိုတာလည်းပဲ အပြစ်သဘောနဲ့ ပြုပြင်တာမဟုတ်ဘူး။ အပြုသဘောနဲ့။ ဘာသဘောနဲ့လဲ။

"အပြုသဘောနဲ့ပါဘုရား"

အဲဒီတော့ ယောဂီတို့ ပြောကြပြီ။ ကောင်းတာလုပ် ဘာအကျိုး။

"ကောင်းကျိုးရပါတယ်ဘုရား"

မကောင်းတာလုပ် ဘာအကျိုးရ။

"မကောင်းကျိုးပါဘုရား"

အဲ- တခြားလား၊ အကြောင်းအကျိုးသဘောလား။

"အကြောင်းအကျိုးပါဘုရား"

ဆိုကြည့်ပါဦး။

**ကောင်းတာပြုက၊ ကောင်းကျိုးရ၊ ဘဝအဆင်ပြေ။**

**မကောင်းမှုကံ၊ ပြုသူမှန်၊ ဖန်ဖန်နစ်မွန်းမလေ။**

မနေ့က ယောဂီတို့ကို အင်္ဂါ (၁၂)ပါး အကြမ်းဖျင်းအားဖြင့် မပြောသွားဘူလား။

"ပြောသွားပါတယ်ဘုရား"

ကဲ- ယောဂီတွေ နည်းနည်းလေးပြန်ပြီးတော့ လှည့်ကြရအောင်။ ထုံးစံအတိုင်းပေါ့။ ပဋိစ္စသမုပ္ပါဒ်ကိုဗျနော်။

ကဲ- ယောဂီတွေ ကိုယ့်ဟာနဲ့ကိုယ် ပြောကြစမ်း။

မူလနှစ်ဖြာဆိုတာ ဘာနဲ့ဘာ။

"အဝိဇ္ဇာနဲ့ တဏှာပါဘုရား"

သစ္စာနှစ်ခုဆိုတာ သမုဒယသစ္စာ၊ ဒုက္ခသစ္စာ။ သမုဒယသစ္စာ၊ ဒုက္ခသစ္စာ၊

ယောဂီတို့ စက်ဝိုင်းကိုကြည့်ပြီးတော့ ဖြေတာလား၊ ကိုယ့်ဟာကိုယ် မျက်စိမှိတ်ပြောတာလား။

"စက်ဝိုင်းကိုပါဘုရား"

စက်ဝိုင်းကိုကြည့်ပြီးဖြေတာဆိုတော့ ဒါ သိပ်သဘောမကျဘူးနော်။ မျက်လုံးလေးမှိတ်ပြီးတော့။ ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီးရဲ့ တပည့်သာဝကတွေဟာ ဒီမိုးကုတ်စက်ဝိုင်းကြီးကို မျက်လုံးနဲ့ မျက်နှာလေးနဲ့ အဲဒီစက်ဝိုင်းလေးနဲ့ကပ်ပြီးနေရမယ်။

ဩော်- ငါတို့ရဲ့ ခန္ဓာသံသရာအစဉ်ကြီးဟာ ဒါကြီးပါလား၊ ပိတ်ကားကြီးနဲ့ပြထားသလိုပေမယ့် အဲဒါ ခန္ဓာဖြစ်စဉ်ကြီး တွေချည်းပဲ။

ဒါကြောင့်မို့လို့ ဘယ်အချိန်ဆိုခိုင်းခိုင်း။ ဒိုင်း-ဒိုင်း-ဒိုင်း- ဒီလိုဖြစ်နေရမယ်။

အဲ- ယောဂီတို့ ယောဂီအသစ်တွေတော့ မပြောပါဘူးနော်။ အဲ- ကြည့်-ကြည့်ကြပေါ့။ ကဲ- ယောဂီအပေါင်းတို့ ဆိုကြစမ်းပါဦး သစ္စာနှစ်ခု။

သမုဒယသစ္စာ, ဒုက္ခသစ္စာ။ သမုဒယသစ္စာ, ဒုက္ခသစ္စာ။

လေးခုအလွှာ။ အတိတ်အကြောင်းတစ်လွှာ၊ ပစ္စုပ္ပန်အကျိုးတစ်လွှာ၊ ပစ္စုပ္ပန်အကြောင်းတစ်လွှာ၊ အနာဂတ်အကျိုးတစ်လွှာ။

ယောဂီအပေါင်း သူတော်ကောင်းတို့ ကြည့်တိုင်းကြည့်တိုင်းမှာ စက်ဝိုင်းအနေနဲ့ပြောရင် အကွက်အားဖြင့် (၄)ကွက် မရှိဘူးလား။

"ရှိပါတယ်ဘုရား"

ဦးဇင်းတို့ အဲဒီအလွှာ အလွှာလေးတွေကိုကြည့်တော့ (၁)အကွက်က စမကြည့်ရဘူးလား။

"ကြည့်ရပါတယ်ဘုရား"

လေးခုအလွှာပြီးတော့ အင်္ဂါတစ်ဆယ့်နှစ်ပါး။ ကဲ- ဆို။

အဝိဇ္ဇာ, သင်္ခါရ, ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ, တဏှာ, ဥပါဒါန်, ကမ္မဘဝ, ဇာတိ, ဇရာမရဏ။

"အင်္ဂါတစ်ဆယ့်နှစ်ပါး၊ တရားကိုယ်များနှင့်" ထားခဲ့နော်။ သုံးပါးအစပ်တဲ့။ ယောဂီတို့ စပ်ကြစမ်း။

သင်္ခါရနှင့် ဝိညာဏ် တစ်စပ်၊ ဝေဒနာနှင့်တဏှာ တစ်စပ်၊ ကမ္မဘဝနှင့်ဇာတိ တစ်စပ်။ အားလုံးရလား။ အသစ်တွေကော ရလား။

အမြဲတမ်း ထောက်ပြနေရရင် ပင်ပန်းတာပေါ့။ ဟုတ်ရဲ့လား ယောဂီတို့။ အဲဒီ ယောဂီတို့ရဲ့ မျက်လုံးလေးနဲ့ အဲဒီစက်ဝိုင်းလေးနဲ့ အမြဲတမ်း ကပ်နေအောင်ကြိုးစား။

အဲဒီတော့ အစပ်အားဖြင့် ဘယ်နှစ်စပ်ဖြစ်သွားပြီလဲ။

"သုံးစပ်ပါဘုရား"

သုံးပါးအစပ်ပြီးတော့ နှစ်ရပ်မူလ။ နှစ်ရပ်မူလဆိုတာ ဘာနဲ့ဘာ။

တဏှာနဲ့ အဝိဇ္ဇာ။

မူလနှစ်ဖြာက "အဝိဇ္ဇာနဲ့ တဏှာ"။ နှစ်ရပ်မူလကျတော့ "တဏှာနဲ့ အဝိဇ္ဇာ"။ တရားကိုယ်ချင်းကတော့ ဘာမှမထူးပါဘူး။ အတူတူပဲ။ ထူးခြားချင်လို့ ပြောင်းပြန် ပြန်လိုက်တာ။

အရှင်ဘုရားက ဘာလို့မထူးတာလဲဆိုတော့ မထူးလို့။ ဦးဇင်းတို့ ဤရှစ်သွယ်ကို ရေးတဲ့အခါမှာ "နှစ်ရပ်မူလ"ကို ရေးလား။

"မရေးပါဘုရား"

မူလနှစ်ဖြာ ရေးပြီးတဲ့အတွက်ကြောင့် နှစ်ရပ်မူကို ထူးမနေတဲ့အတွက်ကြောင့် မရေးတော့ဘူး။အဲဒီတော့ နှစ်ရပ်မူလပြီးတော့ "ဝဋ္ဋသုံးဝနှင့်" ဆို။

ကိလေသာဝဋ္ဋ (၃)ပါး၊ ကမ္မဝဋ္ဋ (၂)ပါး၊ ဝိပါကဝဋ္ဋ (၈)ပါး။ ဟိုးထိပ်ဆုံးမှာ တွေ့လား။ ကဲ- ဆိုကြည့်။

ကိလေသာဝဋ္ဋ(၃)ပါးက အဝိဇ္ဇာ, တဏှာ, ဥပါဒါန်။ ကမ္မဝဋ္ဋ(၂)ပါးက သင်္ခါရနှင့် ကမ္မဘဝ။ ယောဂီတွေ အကုန်လုံးရတယ်နော်။

ဝိပါကဝဋ္ဋ (၈)ပါးက ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ, ဇာတိ, ဇရာမရဏ, ဥပပတ္တိဘဝ။

အခြားလား၊ ဝိပါကဝဋ္ဋ (၈)ပါး။ ဝိပါကလို့ ဦးဇင်းတို့ ဝဋ္ဋသုံးဝနှင့် ကာလ သုံးဖြာတဲ့။ ကာလက ဘယ်နှစ်ဖြာလဲ။

"သုံးဖြာပါဘုရား"

ဟော- (၁)အကွက်က ပြန်ကြည့်ပါဦး။ လွန်လေပြီးသောအတိတ်ကာလ၊ ယခုဖြစ်ဆဲ ပစ္စုပ္ပန်ကာလ၊ နောင်ဖြစ်လတ္တံ့ အနာဂတ်ကာလ။

ကာလဘယ်နှစ်ဖြာလဲ။

"သုံးဖြာပါဘုရား"

ကာလသုံးဖြာပြီးတော့ ခြင်းရာအားဖြင့် ဘယ်လောက်လဲ။

"၂၀-ပါဘုရား"

နံပါတ်(၁)အကွက်က စကြပါစို့။

အတိတ်အကြောင်းအခြင်းအရာ (၅)ပါး၊ ပစ္စုပ္ပန်အကျိုးအခြင်းအရာ (၅)ပါး။ ပစ္စုပ္ပန်အကြောင်းအခြင်းအရာ (၅)ပါး။ အနာဂတ်အကျိုးအခြင်းအရာ (၅)ပါး။

ယောဂီတို့ ငါးလေးလီဘယ်လောက်လဲ။

"၂၀-ပါဘုရား"

အဲဒီ(၂၀)ကို အခြားခေါ်တာလား၊ အခြင်းအရာ(၂၀) ခေါ်တာလား။

"အခြင်းအရာပါဘုရား"

အဲ- အတိတ်အကြောင်းအခြင်းအရာ (၅)ပါးက အဝိဇ္ဇာ, သင်္ခါရ, တဏှာ, ဥပါဒါန်, ဘဝ၊ ဘယ်နှစ်ပါးလဲ။

"ငါးပါးပါ ဘုရား)

အဲ- ပစ္စုပ္ပန်အကျိုးအခြင်းအရာ (၅)ပါးက ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ။

ပစ္စုပ္ပန်အကြောင်းအခြင်းအရာ (၅)ပါးက တဏှာ, ဥပါဒါန်, ဘဝ, အဝိဇ္ဇာ, သင်္ခါရ။

အနာဂတ်အကျိုးအခြင်းအရာ (၅)ပါးက ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ။

နှစ်ဆယ်ပြီးတဲ့အခါကျတော့ "ဤရှစ်သွယ်ကို"တဲ့။ အသွယ်အားဖြင့် ဘယ်နှစ်သွယ်လဲ။

"ရှစ်သွယ်ပါ ဘုရား"

အဲဒီရှစ်သွယ်ကို ယောဂီတို့ရေ ရေတွက်ကြရအောင်။

မူလနှစ်ဖြာက တစ်သွယ်၊ သစ္စာနှစ်ခုက တစ်သွယ်၊ လေးခုအလှာက တစ်သွယ်၊ အင်္ဂါတစ်ဆယ့်နှစ်ပါးက တစ်သွယ်၊ သုံးပါးအစပ်က တစ်သွယ်၊ ဝဋ်သုံးဝက တစ်သွယ်၊ ကာလသုံးဖြာက တစ်သွယ်၊ ခြင်းရာနှစ်ဆယ်က တစ်သွယ်။

ယောဂီတို့ အသွယ်အားဖြင့် ဘယ်နှစ်သွယ်လဲ။

"ရှစ်သွယ်ပါဘုရား"

ဤရှစ်သွယ်ကို၊ အလွတ်ကျက်မှတ်၊ သိစေအပ်သည်၊ သံသရာမှလွတ်ကြောင်း တည်း။ သံသရာမှလွတ်တာ တခြားလား၊ နိဗ္ဗာန်လား။

"နိဗ္ဗာန်ပါဘုရား"

အဲဒီ နိဗ္ဗာန်ကိုသွားချင်ကြတဲ့ ပဋိစ္စသမုပ္ပါဒ်ကို နားလည်အောင် ကြိုးစားတဲ့။ ဆရာတော်ကြီး ဒါပြောတာ ဟုတ်ရဲ့လား။ ဆရာတော်ကြီးကလည်း သူ့အလိုကျ ပြောတာ မဟုတ်ဘူး။ ဘုရားပါဠိတော် ထောက်ပြောတာ။

**ယော**- အကြင်ပုဂ္ဂိုလ်သည်၊ **ပဋိစ္စသမုပ္ပါဒံ**- ပဋိစ္စသမုပ္ပါဒ်ကို၊ **နပဿတိ**- မမြင်ဘူး၊ **သော**- ထိုပဋိစ္စသမုပ္ပါဒ်ကို မမြင်တဲ့ပုဂ္ဂိုလ်သည်၊ **ဓမ္မံ**- ဓမ္မကို၊ **နပဿတိ**- မမြင်ဘူး။ ဘုရားဟောတာနော်။မြန်မာလို တိုက်ရိုက်ပြန်တဲ့အခါကျတော့ ပဋိစ္စသမုပ္ပါဒ် ကိုမမြင်ရင် တရားကို မမြင်ဘူး။ ရှင်းရဲ့လား။

ဒီတော့ အဲဒါလေးကို ပြောင်းပြန်ပြန်လိုက်ရင် ပဋိစ္စသမုပ္ပါဒ်ကိုမြင်မှ ယောဂီတို့ ရေ- ဘာမြင်မလဲ။

"တရားကို မြင်မှာပါဘုရား"

ဒါကြောင့်မို့လို့ သိပ်အရေးကြီးပါတယ်။ ဟုတ်ရဲ့လား။ နည်းနည်း မနေ့က အင်္ဂါတစ်ဆယ့်နှစ်ပါးကို အကြမ်းလေး မပြောဘူးလား။

"ပြောပါတယ် ဘုရား"

အဲဒီတော့ နည်းနည်းလေး ဦးဇင်းတို့ ထပ်ပြီးတော့ နှုးလိုက်ရင် မကောင်းဘူး လား။

"ကောင်းပါတယ်ဘုရား"

နှုးမှလည်း ဖြစ်မှာဗျ။ အဲဒါမှ ကြေမှာ။ အဲဒီတော့ မနေ့က ဦးဇင်းတို့ အဝိဇ္ဇာကို ဘာပြောလဲ၊ အဝိဇ္ဇာက ဘာတဲ့လဲ။

"မသိတာပါဘုရား"

**ခန္ဓာပဋိစ္စသမုပ္ပါဒ်**

ကဲ- ယောဂီတို့ လင်္ကာလေး တစ်ခေါက်တိုင်ပေးဦးမယ်၊ လိုက်ဆို။

**အဝိဇ္ဇာဘယ်မှာနေ၊ မိမိစိတ်မှာနေ၊**
**တစ်ခါတလေမိုက်မဲမှု၊ သင်္ခါရကိုပြု၊**
**သင်္ခါရပြုတော့ ဝိညာဏ်တွယ်၊ နာမ်ရုပ်အိမ်ကိုဆွယ်**

**အကြည်ခြောက်သွယ်မှန်တံခါး ကောင်းစွာတပ်ဆင်ထား**
**အာရုံခြောက်ပါးတွေ့ဆုံသော် ဝိညာဏ်ခြောက်ပါး ဆိုင်ရာပေါ်**
**ပေါ်လာလေတဲ့အာရုံများ ကောင်းစွာသူခံစား**
**ခံစားမိတော့လိုချင်ပြန်၊ စွဲလည်းဥပါဒါန်**
**ဥပါဒါန်ကြောင့်ရလိုမှု၊ ကံတွေထပ်၍ပြု**
**ကံပြုမိတော့ ဇာတိပေါ် နာမ်ရုပ်အသစ်ခေါ်၏**
**နာမ်ရုပ်ခေါ်တော့ အိုနာဆုံး သေတော့ခေါင်းတစ်လုံး**

အဲဒါ တခြားလား၊ ခန္ဓာပဋိစ္စသမုပ္ပါဒ်လား။

"ခန္ဓာပဋိစ္စသမုပ္ပါဒ်ပါဘုရား"

အဲဒီတော့ အင်္ဂါတစ်ဆယ့်နှစ်ပါးကို နည်းနည်းလေး ပြန်နွှေးတဲ့အခါကျတော့ ယောဂီတို့ အဝိဇ္ဇာဆိုတာ တခြားလား၊ မသိတာလား။

"မသိတာပါဘုရား"

မသိတဲ့အဝိဇ္ဇာက တခြားလား၊ သစ္စာကိုမသိတာလား။

"သစ္စာကိုမသိတာပါဘုရား"

အဲ- သစ္စာကိုမသိတာ။ မနေ့က ဒီအဆင့်အထိပဲ သွားလိုက်တယ်။ ဟုတ်လား။

အဲဒီတော့ သစ္စာဆိုတာ ဘယ်နှစ်ပါးလဲ။ လေးပါး။

ယောဂီတို့ လက်လေးထောင်ပြတာမြင်လား။

"မြင်ပါတယ်ဘုရား"

အားလုံးသိပြီးပြီလား။ ဆိုကြည့်။

ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ။

အဝိဇ္ဇာရဲ့ မသိတာက တခြားမသိတာလား၊ သစ္စာမသိတာလား။

"သစ္စာမသိတာပါဘုရား"

တစ်ယောက်နဲ့တစ်ယောက် မသိတာလဲ မသိတာပဲနော်။ ဒါပေမယ့် အဲဒီ မသိခြင်းမျိုးကို အဝိဇ္ဇာလို့ခေါ်တာလား။

"မခေါ်ပါဘူးဘုရား"

အေးကွာ- တစ်ယောက်ကလာပြီးတော့ မင်း ဒီခွက်လေးကို ခွက်လေးကြည့် စမ်းကွ၊ မင်း ဒါဘာထည့်တဲ့ခွက်၊ ငါမသိဘူးကွ မပြောဘူးလား။

"ပြောပါတယ်ဘုရား"

ဒါပေမယ့် အဲဒီမသိတာကို ဦးဇင်းတို့ အဝိဇ္ဇာလို့ပြောမလားဆိုတော့ မပြော ဘူးနော်။ ဝိဇ္ဇာရဲ့မသိတာက တခြားလား၊ သစ္စာမသိတာလား။

"သစ္စာမသိတာပါဘုရား"

သစ္စာမသိတဲ့အခါကျတော့ သစ္စာက လေးပါး။ သစ္စာက ဘယ်နှစ်ပါးလဲ။

"လေးပါးပါဘုရား"

ကဲ- အဝိဇ္ဇာပြီးတော့ 'သင်္ခါရ'။ သင်္ခါရဆိုတာ မနေ့က ပြောပြီးပြီ။ ပြုပြင်တဲ့ သဘော။ ပြုလုပ်တဲ့သဘော။

အဲဒီတော့ ယောဂီအပေါင်းတို့ ပြုလုပ်တဲ့သင်္ခါရကို မနေ့က ဘယ်နှစ်မျိုးပြောလဲ။

"သုံးမျိုးပါဘုရား"

ကဲ- ဆိုကြည့်။

ပုညာဘိသင်္ခါရ, အပုညာဘိသင်္ခါရ, အာနေဥ္စာဘိသင်္ခါရ။

ပုညာဘိသင်္ခါရက ကုသိုလ်တွေလုပ်တယ်။ ကုသိုလ်တွေလုပ်တဲ့အတွက်ကြောင့် ဘဝါဘဝမှာ ဘာတွေအကျိုးပေးမလဲ။ လူ့ဘဝ, နတ်ဘဝ။

အပုညာဘိသင်္ခါရက အကုသိုလ်တွေလုပ်တယ်။ အကုသိုလ်ဆိုတဲ့ မကောင်းမှု တွေ လုပ်မှတော့ ကောင်းတဲ့ သုဂတိကို သွားပါ့မလား။

"မသွားတော့ပါဘုရား"

ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသူရကာယ်။ အပါယ်ဘယ်နှစ်ဘုံလဲ။

"လေးဘုံပါဘုရား"

အကုသိုလ်လုပ်တဲ့သူတွေအတွက် နေရာက သူ့ဟာသူအဆင်သင့်။

အဲဒီတော့ နောက်ဆုံးကျတော့ အာနေဥ္စာဘိသင်္ခါရ။ ဘာသင်္ခါရလဲ။

"အာနေဥ္စာဘိသင်္ခါရပါဘုရား"

အာနေဥ္စာဘိသင်္ခါရ ဆိုတာ မေတ္တာပို့တယ်၊ ပုတီးစိပ်တယ်။ သမထအလုပ်ကို လုပ်တာ။ သမထရဲ့အဆင့်အမြင့်ဆုံးသော ဘုံကိုပြောပါဆိုရင် ဗြဟ္မာတွေရဲ့ဘုံပါပဲ။ ဘာဘုံလဲ၊

"ဗြဟ္မာဘုံပါဘုရား"

အဲဒီတော့ အဝိဇ္ဇာက တခြားလား၊ မသိတာလား။

"မသိတာပါဘုရား"

မသိတာက တခြားမသိတာလား၊ သစ္စာမသိတာလား။

"သစ္စာမသိတာပါဘုရား"

သစ္စာက ဘယ်နှစ်ပါးရှိလဲ။

"လေးပါးပါဘုရား"

သင်္ခါရက တခြားလား၊ ပြုလုပ်တာလား။

"ပြုလုပ်တာပါဘုရား"

ပြုလုပ်တဲ့သင်္ခါရက ဘယ်နှစ်မျိုးလဲ။

"သုံးမျိုးပါဘုရား"

ဝိညာဏ်တဲ့ ဟုတ်လား။ အဝိဇ္ဇာပြီးတော့ သင်္ခါရ၊ သင်္ခါရပြီးတော့ ဝိညာဏ်။

ဝိညာဏ်ကလည်း မနေ့က အကြမ်းဖျင်းလေး ပြောခဲ့ပါတယ်။ ပဋိသန္ဓေဝိညာဏ်၊ ပဝတ္တိဝိညာဏ်။ ဝိညာဏ်ဘယ်နှစ်မျိုးလဲ။

"နှစ်မျိုးပါဘုရား"

ပဋိသန္ဓေဝိညာဏ်ဆိုတာက အမိဝမ်းတွင်းမှာတည်စဉ်ကာလတုန်းက ဖြစ်တာ။ ပဝတ္တိဝိညာဏ်ဆိုတာက အခုထင်ရှားဖြစ်နေတဲ့အခါမှာဖြစ်တာ။ အဲဒီ ပဝတ္တိဝိညာဏ်က ဘယ်နှစ်ပါးရှိလဲဆိုတော့ ယောဂီတွေ ဆိုကြည့်စမ်း။

စက္ခုဝိညာဏ်၊ သောတဝိညာဏ်၊ ဃာနဝိညာဏ်၊ ဇိဝှါဝိညာဏ်၊ ကာယဝိညာဏ်၊ မနောဝိညာဏ်။ ဝိညာဏ်ဘယ်နှစ်မျိုးလဲ။

"ခြောက်မျိုးပါဘုရား"

ပျင်းစရာကြီးလို့မထင်နဲ့နော်။ စက္ခုဝိညာဏ်၊ သောတဝိညာဏ်၊ ဃာနဝိညာဏ်၊ ဇိဝှါဝိညာဏ်၊ ကာယဝိညာဏ်၊ မနောဝိညာဏ်။

အဲဒီတော့ ဝိညာဏပစ္စယာ နာမရူပံဆိုတော့ ဒီဘက်က နာမ်နဲ့ရုပ်။ ဝိညာဏ်ကြောင့် ဘာဖြစ်လဲ။ နာမ်နဲ့ရုပ်ဆိုတော့ မနေ့က ပြောခဲ့ပြီးပြီ။

နာမ်ဆိုတာ **"နာမတီတိ နာမံ"** သိတတ်လို့ နာမ်။ ဘာဖြစ်လို့ နာမ်လို့ခေါ်။

"သိတတ်လို့ပါဘုရား"

အဲ- ရုပ်ကျတော့ **"ရုပ္ပတီတိရူပံ"** ဖောက်ပြန်လို့ ရုပ်။ ဖောက်ပြန်တဲ့အတွက်ကြောင့် ဘာလို့ခေါ်တာလဲ။

"ရုပ်ပါဘုရား"

ကဲ- ဆိုကြည့်။

**သွားချင်တာက နာမ်၊ သွားတဲ့ဟန်က ရုပ်၊**

**စားချင်တာက နာမ်၊ စားတဲ့ဟန်က ရုပ်၊**

**အိပ်ချင်တာက နာမ်၊ အိပ်တဲ့ဟန်က ရုပ်၊**

**ထိုင်ချင်တာက နာမ်၊ ထိုင်နေတာက ရုပ်၊**

**သူမဟုတ် ငါမဟုတ်၊ ထိုင်တာနာမ်နဲ့ရုပ်။**

အဲဒီတော့ နာမ်ရုပ်ပြီးတဲ့အခါကျတော့ ဒီဘက်က သဠာယတန၊ ဆအာယတန- ခြောက်ပါးသောတရား။ ခြောက်ပါးဆိုတော့ ဒါလည်း မနေ့ကပြောခဲ့ပြီးပြီ။ ဆိုကြည့်။

မျက်စိ, နား, နှာ, လျှာ, ကိုယ်, စိတ်။

အဲဒီတော့ သဠာယတန ပြီးတဲ့အခါကျတော့ “ဖဿ”။

“ဖဿ”ကျတော့ ယောဂီတို့ တခြားလား၊ တွေ့ထိတဲ့သဘောလား။

“တွေ့ထိတဲ့သဘောပါဘုရား”

တွေ့ထိတဲ့သဘောဆိုတဲ့ အဲဒီ ဖဿကလည်း ဘယ်နှစ်ပါးရှိလဲဆိုတော့ လိုက်ဆိုစမ်း။

စက္ခုသမ္ဖဿ၊ သောတသမ္ဖဿ၊ ဃာနသမ္ဖဿ၊ ဇိဝှါသမ္ဖဿ၊ ကာယသမ္ဖဿ၊ မနောသမ္ဖဿ။ ဘယ်နှစ်မျိုးလဲ။

“ခြောက်မျိုးပါဘုရား”

မျက်လုံးလေးနဲ့ တွေ့ထိတာ ဟုတ်လား။ နားလေးနဲ့တွေ့ထိတာ သောတသမ္ဖဿ။ ဃာနသမ္ဖဿ။ ဇိဝှါသမ္ဖဿ၊ လျှာလေးနဲ့ တွေ့ထိတာ။ မနောသမ္ဖဿ၊ စိတ်လေးနဲ့တွေ့ထိတာ။ ဆိုကြည့်ရအောင်။

ဖဿခြောက်မျိုးပြီးတော့ ဖဿပစ္စယာ ဘာလာလဲ။

“ဝေဒနာပါဘုရား”

ဝေဒနာဆိုတာက ခံစားတဲ့သဘော။ ခံစားတဲ့ဝေဒနာကို မနေ့က အကြမ်းဖျင်းအားဖြင့် သုံးမျိုးမပြောဘူးလား။

“ပြောပါတယ်ဘုရား”

ဆိုကြည့်။

သုခဝေဒနာ, ဒုက္ခဝေဒနာ, ဥပေက္ခာဝေဒနာ။ ဘယ်နှစ်မျိုးလဲ။

“သုံးမျိုးပါဘုရား”

ဒါက ဦးဇင်းတို့ အကြမ်းဖျင်းအားဖြင့်ပြောတာ။ တကယ်တော့ ခံစားတဲ့ သဘောက ခုန ဖဿသဘောလိုပဲ။ ဖဿက ဖြစ်တယ်ဆိုလို့ရှိရင် မခံစားဘူးလား။

“ခံစားပါတယ်ဘုရား”

ကြားတယ်ဆိုရင် မခံစားဘူးလား။

"ခံစားပါတယ်ဘုရား"

ဟော- ဖဿခြောက်မျိုးရှိသလို ဝေဒနာကလည်း ခြောက်မျိုးသွားတာပဲ။

ဆိုကြည့်။

စက္ခုသမ္ဖဿဇာဝေဒနာ။ သောတသမ္ဖဿဇာဝေဒနာ၊ ဃာနသမ္ဖဿဇာ ဝေဒနာ၊ ဇိဝှါသမ္ဖဿဇာဝေဒနာ၊ ကာယသမ္ဖဿဇာဝေဒနာ၊ မနောသမ္ဖဿဇာ ဝေဒနာ။ ဘယ်နှစ်မျိုးလဲ။

"ခြောက်မျိုးပါဘုရား"

ဒါပေမယ့် သိလွယ် မြင်လွယ်အောင်လို့ ဦးဇင်းတို့က ဘယ်နှစ်မျိုးထုတ်ပြထားလဲ။ သုံးမျိုး။ အလုပ်သမားအနေနဲ့ အဲဒီလို သုံးမျိုးလောက်သိရင် အဆင်ပြေတယ်။

အဲဒီတော့ ဝေဒနာအားဖြင့် ပြောမယ်ဆိုရင် အကြမ်းဖျင်းအားဖြင့် ပြောရင် သုံးမျိုး။

ဝေဒနာပစ္စယာ။ ဒီဘက်က ဘာသွားလဲ။

"တဏှာပါဘုရား"

တဏှာဆိုတာက မနေ့က ဦးဇင်းတို့ ပြောပြီးသား။ လ။

"တဏှာပါဘုရား"

အဲ- လိုချင်တဲ့ တဏှာကို လိုက်ဆို။

ကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘဝတဏှာ၊ တဏှာဘယ်နှစ်မျိုးလဲ။

"သုံးမျိုးပါဘုရား"

အဲဒီတော့ တဏှာက လိုချင်တာရ၊ အဲဒီလိုချင်တာလေးကို သရုပ်ခွဲလိုက်လို့ ရှိရင် အဲဒီသုံးမျိုးထွက်လာတယ်။

ကာမအာရုံ ကာမဂုဏ်တွေကို တွယ်တာတာ၊ နှစ်သက်တာ ကာမတဏှာ။ အာရုံငါးပါး ကာမဂုဏ်တရားတွေကို နှစ်သက်တာ၊ တွယ်တာတာ၊ တခြားလား၊ ကာမတဏှာလား။

"ကာမတဏှာပါ ဘုရား"

နောက်တစ်ခါကျတော့ ဘဝတဏှာ။ ဘာတဏှာလဲ။

"ဘဝတဏှာပါဘုရား"

ဘဝတဏှာဆိုတာက တခြားမဟုတ်ဘူး။ လူပဲဖြစ်ဖြစ်၊ ဘယ်သတ္တဝါပဲဖြစ်ဖြစ်၊ ဘယ်ပုဂ္ဂိုလ်ပဲဖြစ်ဖြစ် ကိုယ်ရရှိထားတဲ့ ကိုယ့်ရဲ့ဘဝလေးကို မတွယ်တာဘူးလား။

"တွယ်တာပါတယ်ဘုရား"

မလိုချင်ဘူးလား။

"လိုချင်ပါတယ်ဘုရား"

အဲဒါက ဘဝတဏှာ။ ကိုယ်ရထားတဲ့ ဘဝလေးကို တွယ်တာတာ။ နောက်ဆုံးလေ သွားရင်းလာရင်း ခလုတ်တိုက်တာတောင်မှ မစွဲဘူးလား။

ခလုတ်တိုက်တာတောင်မှ ဟာ- ခလုတ်လေးတိုက်ပြီး သွေးလေးထွက်သွားပြီဆို စုပ်တသပ်သပ်မဖြစ်ဘူးလား။

"ဖြစ်ပါတယ်ဘုရား"

တခြားလား၊ ဘဝတဏှာလား။

"ဘဝတဏှာပါဘုရား"

အေး- ဟုတ်ရဲ့လား။ ကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘဝတဏှာ။ ဝိဘဝတဏှာဆိုတာကတော့ ဝိ-ဆိုတာက မရှိတာ၊ ဘဝ-ဆိုတာ ဘဝပါပဲ။ ဘဝမရှိတာကိုပဲ တွယ်တာတပ်မက်တဲ့လူတွေလည်း တစ်စားရှိတယ်။ အဲဒါကို ဝိဘဝတဏှာလို့ ခေါ်တယ်။ ဘာတဏှာလို့ခေါ်လဲ။

"ဝိဘဝတဏှာပါဘုရား"

ဒါကြောင့်မို့လို့ တဏှာနဲ့ကြည့်လို့ရှိရင် ဦးဇင်းတို့ တဏှာဘယ်နှစ်မျိုးဖြစ်သွားသလဲ။

"သုံးမျိုးပါဘုရား"

တဏှာပစ္စယာ။ ဒီဘက်က ဘာသွားလဲ။

"ဥပါဒါန်ပါဘုရား"

ဥပါဒါန်ကျတော့လည်း ယောဂီတို့ ဆိုကြည့်ပါဦး။

ကာမုပါဒါန်၊ ဒိဋ္ဌုပါဒါန်၊ သီလဗ္ဗတုပါဒါန်၊ အတ္တဝါဒုပါဒါန်။

ဥပါဒါန် ဘယ်နှစ်မျိုးဖြစ်သွား။

"လေးမျိုးပါဘုရား"

မြန်မာလိုပြောလိုက်ရတော့ မနေ့က တဏှာက လိုချင်တယ်။ ဥပါဒါန်က စွဲလန်းတယ်။ မပြောဘူးလား။

"ပြောပါတယ် ဘုရား"

စွဲလန်းတဲ့ဥပါဒါန်က အရှင်ဘုရား ဘယ်နှစ်မျိုးပြလဲဆိုတော့ အခုထုတ်ပြပြီ၊

ကာမုပါဒါန်- ကာမအာရုံ ကာမဂုဏ်တွေကို စွဲလန်းတာ။

ဒိဋ္ဌုပါဒါန်ဆိုတာကတော့ (၆၂)ပါးသော ဒိဋ္ဌိတွေကိုစွဲတာ။

ကာမုပါဒါန်၊ ဒိဋ္ဌုပါဒါန်ပြီးတော့ နောက်တစ်ခုကျတော့ သီလဗ္ဗတုပါဒါန်။

သီလဗ္ဗတုပါဒါန် ဆိုတာက ဘာပြောတာလဲဆိုတော့ တချို့တချို့ အမူအကျင့်လေးတွေ ရှိတယ်လေ။ ခွေးလိုကျင့်မှု၊ နွားလိုကျင့်မှု။

တချို့ တချို့ ခွေးလိုကျင့်ရင် နိဗ္ဗာန်ရောက်တယ်၊ မဂ်ဖိုလ်ရောက်တယ်။ မကြားဖူးဘူးလား။

"ကြားဖူးပါတယ်ဘုရား"

**အကျင့်မှားရင် လမ်းမှားကိုသွားတာပဲ**

ဘုရားလက်ထက်တော်တုန်းကလေ သေနိယနဲ့ ပုဏ္ဏ။ ဘယ်သူနဲ့ ဘယ်သူလဲ။

"သေနိယနဲ့ ပုဏ္ဏပါဘုရား"

အဲ- ယောဂီအသစ်တွေအတွက် နည်းနည်းပြောဦးမယ်နော်။

သီလဗ္ဗတုပါဒါန်ကို ပြောတာ။ သူတို့ဟာသူတို့တော့ အမှန်လို့ထင်တာ။ ဒါပေမယ့် အမှားမဖြစ်နေဘူးလား။

"ဖြစ်နေပါတယ်ဘုရား"

သေနိယနဲ့ ပုဏ္ဏဆိုတာ ဘုရားလက်ထက်မှာလေ သေနိယကျတော့ ခွေးလိုကျင့်တယ်တဲ့။ သေနိယက ဘယ်လိုကျင့်လဲ။

"ခွေးလိုပါဘုရား"

သူတို့ရဲ့ရည်မှန်းချက်ကတော့ နိဗ္ဗာန်ပဲ။ ဘယ်ကိုရောက်ချင်လို့လဲ။

"နိဗ္ဗာန်ပါဘုရား"

သူတို့ရဲ့ရည်မှန်းချက်၊ သူတို့ရဲ့မျှော်မှန်းချက်ကတော့ အကောင်းဆုံးပဲ။ ဒါပေမယ့် သူတို့ရဲ့ လုပ်ဆောင်ချက်၊ သူတို့ရဲ့အကျင့်က မှားနေတာနော်။

သေနိယက နိဗ္ဗာန်ရောက်ချင်လို့၊ ဒုက္ခခပ်သိမ်းချုပ်ငြိမ်းချင်လို့ ဘယ်လိုကျင့်လဲဆိုတော့ ခွေးလိုကျင့်တာ။ ခွေးလိုကျင့်တဲ့ပုဂ္ဂိုလ်က ခွေးလိုပဲ လေးဘက်ထောက်လေးသွားတာ၊ စားတော့လည်း အဲဒီလိုပဲစားတယ်။

အဲဒီတော့ စကားတော့လည်းပဲ လူလိုမပြောတော့ဘူး။ ခွေးလိုပဲဟောင်တယ်။ သူ့ရည်ရွယ်ချက်က တခြားလား၊ နိဗ္ဗာန်လား။

"နိဗ္ဗာန်ပါဘုရား"

ဒါပေမယ့် သူ့ကျင့်စဉ်က မမှားနေဘူးလား။

"မှားနေပါတယ်ဘုရား"

ကဲ- ထားလိုက်ပါတော့။ သေနိယ ခွေးလိုကျင့်တယ်။ ပုဏ္ဏကကျတော့ နွားလိုကျင့်တယ်။ သေနိယက ဘယ်လိုကျင့်လဲ။

"ခွေးလိုပါဘုရား"

သေနိယက ခွေးလိုကျင့်တယ်။ ပုဏ္ဏက နွားလိုကျင့်တယ်။ သူတို့နှစ်ယောက်က သူငယ်ချင်းတွေ။ အင်မတန်ရင်းနှီးတာ။

နွားလိုကျင့်တယ်ဆိုတဲ့ ပုဏ္ဏကလည်းပဲ ဒီလိုလေးမနေဘူးတဲ့။ နွားလိုပဲ လေးဘက်ထောက်နေတယ်။ စားတဲ့အခါကျတော့လည်း သူများလို ထမင်းမစားဘူး။ မြက်ပဲစားတယ်။ သူလိုချင်တာက တခြားလား၊ နိဗ္ဗာန်လား။

"နိဗ္ဗာန်ပါဘုရား"

လုပ်ဆောင်ချက်က တည့်ရဲ့လား။

"မတည့်ပါဘုရား"

မတည့်ဘူးတဲ့။ သေနိယက ခွေးလိုကျင့်တယ်။ ပုဏ္ဏ,က နွားလိုကျင့်တယ်။ အဲဒီအချိန်မှာ တစ်နေ့သောအချိန်မှာ ဘုရားရှင်ကိုယ်တော်မြတ်က သေနိယနဲ့ ပုဏ္ဏတို့ရှိတဲ့ နေရာကို ရောက်လာတယ်။ ရောက်လာတဲ့အခါကျတော့ ဘုရားရှင်ကိုယ်တော်မြတ်ကို သေနိယကနေပြီးတော့ တွေ့တယ်။ ပုဏ္ဏ,ကလည်း ဘုရားတွေ့တယ်နော်။

တွေ့တဲ့အခါကျတော့ သေနိယနဲ့ ပုဏ္ဏ၊ သူတို့လိုချင်တဲ့ နိဗ္ဗာန်ကိုရောက်ဖို့၊ ဒုက္ခခပ်သိမ်းချုပ်ငြိမ်းတဲ့ နိဗ္ဗာန်ကိုရောက်ဖို့ ဒီအကျင့်တွေဟာ မှားသလား မှန်သလား ဆိုတာ ဘုရားကို လျှောက်ချင်တာနော်။

လျှောက်ချင်တဲ့အခါကျတော့ အဲဒါ ဘုရားကို တောင်းပန်တယ်။

"မြတ်စွာဘုရား- တပည့်တော်ရဲ့သူငယ်ချင်းဖြစ်တဲ့ ပုဏ္ဏ,က နွားလိုကျင့်တယ်ဘုရား။ တပည့်တော်စိတ်ထင်တော့ တပည့်တော် ပုဏ္ဏ၊ နွားလိုကျင့်တာတော့ သိပ်အခြေအနေမကောင်းဘူးထင်တယ်၊ သူလိုချင်တာက နိဗ္ဗာန်လို့ပြောပြီးတော့ နွားလိုကျင့်တော့ အဆင်ကိုမပြေဘူးလို့ထင်တယ်၊ အရှင်ဘုရား- ဒါ မှားသလား၊ မှန်သလား တပည့်တော်ကို ပြောပြပါ၊ နွားလိုကျင့်တဲ့ပုဂ္ဂိုလ်ဟာ သေသည်၏အခြားမဲ့၌ ဘယ်ရောက်နိုင်သလဲ" မမေးဘူးလား။

"မေးပါတယ်ဘုရား"

ကြည့်စမ်း- မေးတဲ့ပုဂ္ဂိုလ်က ဘယ်လိုကျင့်နေတာလဲ။

"ခွေးလိုပါဘုရား"

ခွေးလိုကျင့်နေတဲ့အကောင်က နွားလိုကျင့်နေတဲ့အကောင်ကို သွားမေးတာ။ သူ့အယူအဆ ခွေးလိုကျင့်နေတာက မှန်တယ်လို့မထင်ဘူးလား။

"ထင်နေပါတယ်ဘုရား"

ဒါပေမယ့် တကယ်တမ်းတော့ မှန်ရဲ့လား။

"မမှန်ပါဘုရား"

အား- ဒါနဲ့ပဲ မြတ်စွာဘုရားက-

ဟေ့- သေနိယ၊ မမေးနဲ့ကွာ။ မပစ်ပယ်ဘူးလား။

"ပစ်ပယ်ပါတယ်ဘုရား"

ဒါနဲ့ ပုဏ္ဏကလည်းပဲ အားကျမခံ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား တပည့်တော်ကတော့ နွားလိုကျင့်ပါတယ်ဘုရား၊ တပည့်တော်သူငယ်ချင်း သေနိယ ဆိုတဲ့ အကောင်ကတော့ ခွေးလိုကျင့်တဲ့အကောင်။ တပည့်တော်အထင်တော့ ခွေးလို ကျင့်တာက တယ်မဟန်ဘူးဘုရား၊ နိဗ္ဗာန်လည်း ရောက်မှာမဟုတ်ဘူး၊ ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းမှုလည်း ရှိမှာမဟုတ်ဘူး၊ အရှင်ဘုရား တပည့်တော်သူငယ်ချင်း သေနိယ သေလို့ရှိရင် ဘယ်ရောက်မှာလဲ မမေးပြန်ဘူးလား။

"မေးပါတယ်ဘုရား"

မေးတဲ့အခါကျတော့ ဘုရားက ဒါလည်း ပယ်ချလိုက်တာ။

မမေးနဲ့၊ မသိချင်စမ်းပါနဲ့ဆိုတဲ့ အရာကိုမှ လူတွေက ပိုပိုသိချင်တာ။ အဲဒါနဲ့ သေနိယနဲ့ ပုဏ္ဏကက မြတ်စွာဘုရားကို တစ်ကြိမ်လျှောက်တယ်။

မြတ်စွာဘုရား အမိန့်ရှိပါဘုရား။ နောက်တစ်ကြိမ် ပစ်ပယ်ဝာယ်။ နောက် တစ်ကြိမ် ထပ်လျှောက်တယ်။ သုံးကြိမ်မြောက်ကျတော့ ဘုရားတို့ရဲ့ ဓမ္မတာအရ မပြောချင်လည်း ဘာဖြစ်လဲ။

"ပြောရပါတယ်ဘုရား"

ပြောရမယ်။ မဟောချင်လည်း ဟောရမယ်။

ကဲကွယ်- သေနိယတို့ ပုဏ္ဏကတို့ မင်းတို့ သိချင်တယ်ဆိုလို့ရှိရင်လည်း နားထောင် ကွယ့်တဲ့။ ဟေ့ကောင် သေနိယ၊ မင်းသူငယ်ချင်း ပုဏ္ဏကက နွားလိုကျင့်တဲ့အကောင်"

နွားလိုပဲသွားတယ်၊ နွားလိုပဲစားတယ်၊ နွားလိုပဲ အိပ်တယ်။ နွားလိုပဲနေတဲ့ အကောင်က သေသည်၏အခြားမဲ့၌ နွားပဲဖြစ်မှာပဲ။

ဘုရားပြောပြီ။ မပြောဘူးလို့ သူအတန်တန်မတားမြစ်ဘူးလား။

"တားမြစ်ပါတယ်ဘုရား"

ဒါပေမယ့် မပြောဘဲ မနေနိုင်ဘူး။ သုံးကြိမ်တောင် တောင်းပန်တော့ အခု ဘုရားပြောနေပြီ။

ဟော့- နွားလိုကျင့်တဲ့ပုဂ္ဂိုလ်ဟာ သေသည်၏အခြားမဲ့၌ နွားပဲဖြစ်မယ်။ တစ်ခါ တလေ အဲဒီ နွားလိုကျင့်တဲ့အယူအဆက မှန်ပါတယ်လို့ ထပ်ပြီးတော့ယူရင်လည်း မိစ္ဆာဒိဋ္ဌိတဲ့။ ယောဂီတို့ ဘာတဲ့လဲ။

"မိစ္ဆာဒိဋ္ဌိပါဘုရား"

ကဲ- အဲဒီ မိစ္ဆာဒိဋ္ဌိအယူနဲ့ သေသွားပြန်လို့ရှိရင်လည်း ဟို- ဒယ်အိုးရောက်ဦး မယ်။ ဘယ်ကိုရောက်ဦးမှာလဲ။

"ဒယ်အိုးပါဘုရား"

အဲဒါ သေနိနယကို ပြောနေတာနော်။ သေနိယကို ပြောပြီးတဲ့အခါကျတော့ ပုဏ္ဏအလှည့်ပေါ့။

ဟော့ကောင် ပုဏ္ဏ၊ မင်းလည်း နားထောင်၊ မင်းကောင်သူငယ်ချင်းဖြစ်တဲ့ သေနိယက ခွေးလိုကျင့်တဲ့အကောင်၊ ခွေးလိုပဲသွားတယ်၊ ခွေးလိုပဲစားတယ်၊ ခွေးလိုပဲ ဟောင်တယ်၊ ခွေးလိုပဲနေတဲ့အကောင်။ သေလို့ရှိရင် ခွေးပဲဖြစ်မယ်။ သေရင်ဘာဖြစ် မှာလဲ။

"ခွေးပါဘုရား"

"ဟာ- သေရင် ခွေးပဲဖြစ်မယ်ကွ၊ အဲဒီခွေးလိုကျင့်တဲ့အကျင့်ဟာ မှန်ပါတယ်လို့ ယူဆပြန်တော့လည်း အဲဒါ မိစ္ဆာဒိဋ္ဌိပဲ။ ဘာဒိဋ္ဌိလဲ။

"မိစ္ဆာဒိဋ္ဌိပါဘုရား"

အဲဒီမိစ္ဆာဒိဋ္ဌိယူပြီး သေသွားရင် သွားကွ ဒယ်အိုး။ လွယ်ရဲ့လား။

"မလွယ်ပါဘုရား"

အဲဒါနဲ့ပဲလေ သေနိယနဲ့ ပုဏ္ဏ၊ အဲဒီဘုရားရှေ့မှာ ချုံးပွဲချပြီးတော့ငိုတာ။ ငို လည်းပဲ ငိုလောက်တယ် ပရိသတ်တို့ရေ။ မျှော်လင့်တာက ဒုက္ခခပ်သိမ်းချုပ်ငြိမ်းတဲ့ တခြားလား၊ နိဗ္ဗာန်လား။

"နိဗ္ဗာန်ပါဘုရား"

ရည်မှန်းချက်၊ မျှော်မှန်းချက်ကတော့ နိဗ္ဗာန်ပါပဲ။ သို့ပင်သို့ငြားသော်လည်း သေနိယနဲ့ ပုဏ္ဏတို့ရဲ့လုပ်ရပ်က မှန်ရဲ့လား။

"မမှန်ပါဘုရား"

သူတို့ အပြင်းအထန်ကျင့်တာပဲ။ လောကအနေနဲ့ ခွေးလိုကျင့်၊ နွားလိုကျင့်တဲ့ အကျင့်ဟာ လွယ်မယ်လို့ထင်သလား။

"မလွယ်ပါဘူးဘုရား"

မလွယ်ဘူးဗျ။ ခွေးလိုကျင့်တဲ့ပုဂ္ဂိုလ်က ခွေးလိုပဲသွားတယ်၊ ခွေးလိုပဲစားတယ်၊ အိပ်တော့လည်း ခွေးလိုပဲအိပ်တယ်၊ စကားပြောတော့လည်း လူလိုမပြောဘူး၊ ခွေးလို ပဲဟောင်တယ်။

အဲဒီမှာ ချုံးပွဲချ ငိုတဲ့အခါကျတော့ မြတ်စွာဘုရားက နှစ်သိမ့်တယ်။

ဟော့ကောင်- သေနိယနဲ့ ပုဏ္ဏ၊ ဒါကြောင့်မို့လို့ မင်းတို့ကို ငါပြောတာပဲ၊ ငါဘုရား ကို မမေးနဲ့ မမေးနဲ့လို့။ ငါ သုံးကြိမ်တိုင်တိုင် တားမြစ်တယ်၊ ဘယ်နှစ်ကြိမ်တိုင်တိုင်။

"သုံးကြိမ်တိုင်တိုင်ပါဘုရား"

အဲဒီလောက်တားမြစ်ပါရဲ့သားနဲ့ မင်းတို့မေးတာကိုးကွာတဲ့။ မြတ်စွာဘုရားက ဒါလေးပြောလိုက်တော့ သေနိယနဲ့ ပုဏ္ဏ,က-

မြတ်စွာဘုရား တပည့်တော်တို့ကို ကယ်တော်မူပါ။ ဘာတဲ့လဲ။

"ကယ်တော်မူပါဘုရား"

ဟဲ့- သေနိယနဲ့ ပုဏ္ဏ- ငါဘုရားက မကယ်နိုင်ဘူးတဲ့။ ရှင်းရှင်းလေးပြောတာ။

သေနိယနဲ့ ပုဏ္ဏ ဘုရားကို မကယ်ခိုင်းဘူးလား။

"ကယ်ခိုင်းပါတယ်ဘုရား"

ဒါပေမယ့် ဘုရားက ဘယ်လိုပြန်ပြောလဲ။

"မကယ်နိုင်ဘူးတဲ့ဘုရား"

ဟာ... အရှင်ဘုရားမှ မကယ်နိုင်ဘူးဆိုရင် တပည့်တော်တို့ကတော့ ရင်လဲ ပက်လက်ဖြစ်ပြီဘုရားတဲ့။ ဒီလိုတော့မလုပ်ပါနဲ့ ကယ်နိုင်ရင် ကယ်နိုင်ကြောင်း လေးပြောပါဆိုတော့-

ငါဘုရား မကယ်နိုင်ပေမယ့် တရားက ကယ်နိုင်တယ်။ ဘာကကယ်နိုင်သလဲ

"တရားကပါဘုရား"

ဘုရားကတော့ မကယ်နိုင်ဘူး၊ သူ နည်းပဲညွှန်ပြတာ။ ဟုတ်ရဲ့လား။

## အားကိုးမမှားပါစေနဲ့

တကယ်တမ်းသာ ဘုရားကယ်တယ်။ ဘုရားက ဒီနိဗ္ဗာန်ကို တိုက်ရိုက်ပေးနိုင်တယ်ဆိုရင် ဘုရားရဲ့သားတော် ရာဟုလာ အမွေမတောင်းဘူးလား။

"တောင်းပါတယ်ဘုရား"

အမွေတောင်းတဲ့အခါကျတော့ မြတ်စွာဘုရားက သားတော်ရာဟုလာကို ကျောင်းခေါ်ပြီးတော့ "ချစ်သား ရာဟုလာ- မင်းအမွေလိုချင်လား၊ လိုချင်တာပေါ့ ဘုရား။ အဲဒီတော့ လောကီအာမိကအမွေတွေဟာ သောကတွေ ဗျာပါဒတွေ မများဘူးလား။

"များပါတယ်ဘုရား"

အဲဒီတော့- ချစ်သားရာဟုလာ၊ ငါဘုရားရှင်ကိုယ်တော်မြတ်သည် လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်းတိုင်တိုင် ရှာဖွေထားလို့မှ ရလာတဲ့ သစ္စာတရားကို မင်းကို ပေးရမယ်"

အဲဒီတော့ ဘာလုပ်သလဲဆိုတဲ့အခါကျတော့ ရှင်သာရိပုတ္တရာ၊ ရှင်မဟာမောဂ္ဂလာန် ခေါ်ပြီးတော့ အဲ...ရှင်မဟာကဿပခေါ်ပြီးတော့ တစ်ပါးက ရာဟုလာကို ခေါင်းရိတ်ပေးလိုက်ကွ၊ တစ်ပါးက ဘာတဲ့လဲ ကိုရင်ဝတ်ပေးလိုက်ကွလို့ဆိုတော့ သားတော်ရာဟုလာလေး ကိုရင်မဖြစ်ဘူးလား။

"ဖြစ်ပါတယ်ဘုရား"

ဖြစ်တဲ့အခါကျတော့ ရာဟုလာရေ- မင်းကတော့ ငါ့ကိုတောင်းပြီ ရော့ကွယ့်လို့ဆိုပြီးတော့ နိဗ္ဗာန်ကို ပေးရဲ့လား။

"မပေးပါဘူးရား"

မပေးပါဘူး။ မပေးလို့ မြတ်စွာဘုရားက သူ့သားတော် ရာဟုလာကို အနားခေါ်ပြီး ချစ်သားရာဟုလာ-လာခဲ့၊ မင်းက ငါဘုရားကို အမွေတောင်းတယ်၊ အဲဒီတော့ ငါအမွေပေးမယ်၊ မင်း နာတော့"ဆိုပြီး တရားကိုပဲဟောတာ။ ဟုတ်ရဲ့လား။

တရားကိုပဲ ဟောတဲ့အတွက်ကြောင့် ဦးဇင်းတို့ရဲ့သာသနာမှာ ရာဟုလောဝါဒသုတ္တန်ဆိုတာ ပေါ်ခဲ့တာ။

ချစ်သားရာဟုလာ ငါဘုရားရှင်ကိုယ်တော်မြတ် သံသရာဒုက္ခ ဆင်းရဲဒုက္ခအားလုံး ချုပ်ငြိမ်းရာဖြစ်တဲ့ နိဗ္ဗာန်ကို။ ဘာကိုလဲ။

"နိဗ္ဗာန်ကိုပါဘုရား"

အဲဒီနိဗ္ဗာန်ကို သွားဖို့ရန်အတွက် ဒီမဂ္ဂင်ဆိုတဲ့ ဝိပဿနာအကျင့်ကို ငါဘုရားကျင့်ရတယ်၊ မင်းလည်း ကျင့်ပေတော့ကွာတဲ့။ မညွန်ဘူးလား။

"ညွှန်ပါတယ်ဘုရား"

ညွှန်ပဲညွှန်တယ်၊ တိုက်ရိုက်ပေးနိုင်လား။

"မပေးနိုင်ပါဘုရား"

ဦးဇင်းတို့ ယောဂီတို့မပြောနဲ့ သူ့သားအရင်းတောင် ဘုရားမပေးခဲ့ဘူး၊ ရှင်းရဲ့လား။ ဒါကြောင့်မို့လို့ မြတ်စွာဘုရားက **"အတ္တာဟိ အတ္တနော နာထော"** "ချစ်သားတို့" တဲ့။ သူများတွေကို အားမကိုးကြနဲ့၊ ကိုယ့်ကိုကိုယ်ပဲအားကိုး။

ဘယ်သူ့ကို အားကိုးရမှာလဲ။

"ကိုယ့်ကိုကိုယ်ပါဘုရား"

သားတွေ သမီးတွေ အားကိုးလို့ရလား။

"မရပါဘုရား"

ဒီအချိန်မှာ တိုလီမုစ္စလေးတွေ အားကိုးလို့ရတယ်ဆိုပေမယ့် ကိုယ့်ကိုကိုယ် သိပ်အထင်မကြီးနဲ့ ဟုတ်ရဲ့လား။

နောက်ဆုံး သေရာညောင်စောင်း လဲလျောင်းပြီဆိုလို့ရှိရင် အဲဒီပုဂ္ဂိုလ်လေ အိုနေပြီ၊ နောက်ဆုံး သေတော့မယ်လေ။ ဒီရောဂါဝေဒနာနဲ့ သေတော့မယ်၊ ဒီတောင်က ငါ မကျော်နိုင်တော့ဘူး၊ ဒီတောင်က ငါမကျော်နိုင်တော့ဘူး သားတို့ သမီးတို့၊ ချကယ်ပါဦးကွယ့်ဆိုတော့ ကယ်လို့ရလား။

"မရပါဘုရား"

ဟာ... သားတွေ သမီးတွေကလည်း မရတဲ့အခါကျတော့ အမေရယ်၊ အဖေရယ်၊ အဘွားရယ်၊ ကျွန်တော် ကျွန်မတို့ ဆရာဝန်ပြေးခေါ် လိုက်ဦးမယ်။ အေး- အေး- ခေါ်" ဟုတ်ရဲ့လား။

အဲဒါနဲ့ ဆရာဝန်သွားခေါ်တယ်။ တတ်နိုင်တာကိုး။ သိပ်ချမ်းသာတာကိုး။ အဲဒါနဲ့ ဆရာဝန်ခေါ်ပြီးတော့ အနားရောက်လာတယ်။ ရောက်လာတဲ့အခါကျတော့ ဆရာဝန်က ဟိုစမ်းဒီစမ်းနဲ့ မစမ်းကြည့်ဘူးလား။

"စမ်းကြည့်ပါတယ် ဘုရား"

အဲ... စမ်းကြည့်လိုက်တဲ့အခါကျတော့ သေလောက်မယ့်ဝေဒနာမှန်း ဆရာဝန်ကသိတော့ သူလည်း တတ်နိုင်သေးလား။

"မတတ်နိုင်ပါဘူးဘုရား"

မတတ်နိုင်တဲ့အခါကျတော့ ဆရာဝန်က မင်းတို့မိသားစုတွေ လာဦး...လာဦး၊ စိတ်ကို ခိုင်ခိုင်ထားနော် မပြောဘူးလား။

"ပြောပါတယ်ဘုရား"

သူကောတတ်နိုင်သေးလား။

"မတတ်နိုင်ပါဘူးဘုရား"

စိတ်ကိုတော့ ခိုင်ခိုင်ထားကွယ်တဲ့။ မင်းတို့အဖေ မင်းတို့အမေ မင်းတို့ရဲ့ အဘိုး အဘွားတော့ ဒီတောင်ကနေ မကျော်နိုင်တော့ဘူးတဲ့။

အဲဒီအချိန်မှာ ဘယ်သူမှအားကိုးလို့ မရတော့ဘူး။ တခြားအားကိုးရမှာလား၊ တရားလား။

"တရားပါဘုရား"

တရားကို အားကိုးမှ ရတော့မယ်။ ဒါကြောင့်မို့လို့-

**မီးဘေးရေဘေး ပြည်ပျက်ဘေးက**
**ဆယ်ရေးတစ်ရေး ကယ်နိုင်သေး၏။**
**အိုဘေးနာဘေး သေခြင်းဘေးဟု**
**ဤဘေးသုံးပါး လွန်ကြီးမားကား**
**သားနှင့်အမိ ဖြစ်တုံဘိလည်း**
**မျက်စိအောက်တွင် ရင်ခွင်တင်လျက်**
**သက်သက်ရေးပိုင် မကယ်နိုင်ဘူး**
**လက်မှိုင်ချကာ နေရရှာ၏။ ။**

လောကမှာ မီးဘေးတို့ ရေဘေးတို့ ပြည်ပျက်တဲ့ဘေးတို့ဆိုတာ မရှိဘူးလား။

"ရှိပါတယ်ဘုရား"

အဲဒီဘေးတွေဟာ ဆယ်ရေးတစ်ရေး ကယ်နိုင်သေးတယ်တဲ့။

အိုတဲ့ဘေး၊ နာတဲ့ဘေး၊ သေတဲ့ဘေး ဆိုတာကတော့ ဘယ်သူ ဘယ်တစ်ဦး တစ်ယောက်ကမျှ မကာကွယ်နိုင်ဘူး။ ကာကွယ်နိုင်ရဲ့လား။

"မကာကွယ်နိုင်ပါဘုရား"

ယောဂီတို့ ဦးဇင်းတို့လို သာမန်ပုဂ္ဂိုလ်မပြောနဲ့ အနန္တတန်ခိုးရှင်ဖြစ်တဲ့ ဘုရားရှင် ကိုယ်တော်မြတ်တောင် နောက်ဆုံးဘဝဖြစ်ရသေးလဲ။

"ပရိနိဗ္ဗာန်ပြုရပါသေးတယ်ဘုရား"

ဒါကြောင့်မို့လို့ မြတ်စွာဘုရားက **ဇာတံ**- မွေးဖွားလာတဲ့ပုဂ္ဂိုလ်အား၊ **အမရဏံ**- နည်းနည်းမှ မသေတဲ့ပုဂ္ဂိုလ်ဆိုတာ၊ **နတ္ထိ**- မရှိပါဘူး။

အားကိုးစရာ တပည့်တော်တို့ အားကိုးပါရစေ။ တပည့်တော်ကို ကယ်တော်မူပါဘုရား လို့ဆိုပြီးတော့ လာပြောကြတဲ့ သေနိယနဲ့ ပုဏ္ဏကို မြတ်စွာဘုရားက အဲဒီမှာ တရားဟောတယ်ဗျ။

တရားကဘာလဲဆိုတော့ တိုတိုကျဉ်းကျဉ်း လိုရင်းပြောရင် ကံ (၄)မျိုးကို ဟောတာ။ ကံဘယ်နှစ်မျိုးလဲ။

"လေးမျိုးပါဘုရား"

အချိန်က ပြည့်တော့မယ်။ တိုတိုလေးပြောမယ်နော်။ ကဲ- လိုက်ဆိုကြ၊ အားရပါးရ။

**အဖြူကံ၊ အမည်းကံ၊ အဖြူအမည်းရောတဲ့ကံ၊**

**အဖြူအမည်းမရောတဲ့ကံ။** ကံဘယ်နှစ်မျိုးလဲ။

"လေးမျိုးပါဘုရား"

သေနိယနဲ့ပုဏ္ဏတို့- ငါဘုရားတော့ မကယ်နိုင်ဘူးကွယ့်၊ မင်းတို့ကို ကယ်နိုင်တဲ့တရား ငါဟောမယ်၊ နားထောင်ကြဆိုတော့ အဲဒီမှာ မြတ်စွာဘုရား ဒီ ကံ (၄)မျိုး ဟောတာ။

အဖြူကံဆိုတာ ဘာလဲဆိုတော့ သုစရိုက်(၁၀)ပါးကိုပြောတာ။

သုစရိုက်(၁၀)ပါးဆိုတာ အဖြူကံ။ ရှင်းရှင်းပြောရင် ကောင်းမှုကုသိုလ်ပေါ့ဗျာ။ အဖြူကံဟာ ဘာအကျိုးပေးသလဲလို့ဆိုရင် အဖြူအကျိုးပဲပေးတယ်။

အဖြူကံဆိုတဲ့ ကောင်းမှုကုသိုလ်ကို ပြုတဲ့ပုဂ္ဂိုလ်ဟာ ကောင်းကျိုးတွေ မပေးဘူးလား။

သုစရိုက်(၁၀)ပါးကို အကျယ်ချဲ့တော့ မပြောတော့ပါဘူး။ ရှည်မှာစိုးလို့နော်။ နောက်တစ်ခါကျတော့ "အမည်းကံ"တဲ့။

အမည်းကံ ဆိုတာကတော့ ဒုစရိုက် (၁၀)ပါး။ မကောင်းတာတွေပေါ့။ မကောင်းတဲ့ ဒုစရိုက်ဆိုတဲ့ အမည်းကံတွေလုပ်ရင် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဆိုတဲ့ အပါယ်လေးဘုံ။ ဒယ်အိုးမသွားဘူးလား။

"သွားပါတယ်ဘုရား"

နောက်နံပါတ် (၃)ကျတော့ အဖြူအမည်းရောတဲ့ကံတဲ့။ ဘာကံလဲ။

"အဖြူအမည်းရောတဲ့ ကံပါဘုရား"

အဖြူအမည်းရောတဲ့ကံက ဘာလဲဆိုတော့ ကုသိုလ်နဲ့ အကုသိုလ်ကိုပြောတာ။ ဘာနဲ့ဘာရောလဲ။

"ကုသိုလ်နဲ့ အကုသိုလ် ရောတာပါဘုရား"

ကုသိုလ်နဲ့ အကုသိုလ် ဘယ်လိုရောပါသလဲ။ လောကဥပမာအားဖြင့်ပြောမယ်။ ရှေးတုန်းက ပုဏ္ဏားကြီးတစ်ယောက် မြတ်စွာဘုရားကို လျှောက်တယ်။

"အရှင်ဘုရား- အရှင်ဘုရားတို့ရဲ့ သာသနာမှာ ကုသလိုလ်လို့လည်းပြောတယ်၊ အကုသိုလ်လို့လည်း ပြောတယ်"

"အရှင်ဘုရား တပည့်တော် သိချင်တာက ကုသိုလ်ဆိုတာ ဘယ်တရားလဲ၊ အကုသိုလ်ဆိုတာ ဘယ်တရားလဲ"။ ပုဏ္ဏားကြီးက မမေးဘူးလား။

"မေးပါတယ်ဘုရား"

မေးတဲ့အခါကျတော့ မြတ်စွာဘကရားက ဖြေတယ်။

"ပုဏ္ဏားကြီးတဲ့- လောဘ, ဒေါသ, မောဟ မပါတဲ့အလုပ်သည် ကုသိုလ်"။

ယောဂီတို့ သေသေချာချာပြန်နားထောင်နော်။ အရေးကြီးလို့...အရေးကြီးလို့။

လောဘ, ဒေါသ, မောဟ မပါတဲ့အလုပ်သည် ဘာလဲ။

"ကုသိုလ်ပါဘုရား"

နောက်တစ်ခါ တစ်ခွန်းထပ်ပြောမယ်။ လောဘ, ဒေါသ, မောဟ ပါတဲ့အလုပ်သည် အကုသိုလ်။

အဲဒီတော့ ဒါလေးဖြေလိုက်တာ။ အဲဒီအဖြေလေးကို ထောက်ပြီးတော့ ယောဂီတို့ရဲ့ဘဝ၊ ဦးဇင်းတို့ရဲ့ဘဝတွေ ပြန်တွက်ကြည့်လိုက်စမ်း။ နေ့စဉ် နေ့စဉ် ကိုယ့်ရဲ့အိမ်မှာ ဘုရားဆွမ်းတော်တွေ မကပ်ဘူးလား။

"ကပ်ပါတယ်ဘုရား"

သောက်တော်ရေ ရေချမ်းတွေ၊ ဆီမီးတွေ မလှူဘူးလား။

"လှူပါတယ်ဘုရား"

လှူတော့လှူတယ်၊ ကောင်းမှုတော့လုပ်တယ်၊ သောက်ရေတွေကပ်တယ်၊ ဆီမီးတွေကပ်တယ်၊ ဆွမ်းတွေကပ်တယ်ဆိုတာ ယောဂီတို့ ပြောကြည့်စမ်း။ ကုသိုလ်လား အကုသိုလ်လား။

"ကုသိုလ်ပါဘုရား"

ကုသိုလ်တရားပဲ။ အဲဒါ ကုသိုလ်ပဲ။ ဧကန်မုချ အဲဒါအဖြူတရားတွေပဲ။

ဒါပေမယ့် ဆွမ်းတော်ကပ်၊ ပန်းတော်ကပ်၊ သောက်တော်ရေကပ်ပြီးတော့ ဒီအတိုင်းမနေပါဘူး။ နေရဲ့လား။

"မနေပါဘုရား"

အရှင်ဘုရား- တပည့်တော် ဒီကုသိုလ်ကောင်းမှုကြောင့် ဖြစ်လေရာဘဝ တိုင်းမှာ လူစည်းစိမ် အကြိမ်ကြိမ်၊ နတ်စည်းစိမ် အကြိမ်ကြိမ် ဟုတ်လား။

ငှက်ဖြစ်တောင် တစ်ကိုင်းတည်းပါဘုရား၊ ဆင်ဖြစ်တောင် တစ်ကျွန်းတည်းပါ ဘုရား၊ မတောင်းဘူးလား။

"တောင်းပါတယ်ဘုရား"

တောင်းတယ်။ ဒီလင် ဒီမယား ဒီသားသမီး ဒီမိသားစုတွေနဲ့ တပည့်တော်တို့ ဆုံပါရစေဘုရားလို့ ဆုတောင်းလိုက်တာ။ တောင်းတယ်ဆိုကတည်းက ယောဂီတို့ စဉ်းစားကြည့်၊ လိုချင်လို့တောင်းတာလား၊ မလိုချင်လို့ တောင်းတာလား။

"လိုချင်လို့ပါဘုရား"

လိုချင်လို့တောင်းတယ်ဆိုရင် အခြားလား၊ လောဘလား။

"လောဘပါဘုရား"

လောဘဆိုတာ ကုသိုလ်လား၊ အကုသိုလ်လား။

"အကုသိုလ်ပါဘုရား"

အကုသိုလ်တရား။ ခုနက ဆွမ်းတော်ကပ်တော့ ကုသိုလ်၊ အခု လိုချင်လို့ တောင်းတဲ့အခါကျတော့ အကုသိုလ်။ ကုသိုလ်နဲ့ အကုသိုလ် မရောဘူးလား။

"ရောပါတယ်ဘုရား"

အရှင်ဘုရား- ကုသိုလ်နဲ့ အကုသိုလ်ရောရင် တပည့်တော်တို့ ဘယ်လိုအကျိုး များ ရမလဲဆိုတော့ တချို့အိမ်မှာ အလှမွေးတဲ့ ခွေးလေးတွေမြင်လား။

"မြင်ပါတယ်ဘုရား"

အဲဒီလိုအကောင်လေးတွေ ဖြစ်မှာ။

ကုသိုလ်တွေ၊ အကုသိုလ်တွေ ရောလို့ရှိရင်လေ အကုသိုလ်ကြောင့် ခွေးဖြစ် တယ်၊ ကြောင်ဖြစ်တယ်၊ ဒါပေမယ့် ကုသိုလ်လေး ဖက်လိုက်တဲ့အတွက်ကြောင့် သူက ခွေးလေခွေးခွင့်တော့မဖြစ်ဘူး။ ဆီဒိုးနားတို့ ဘာတို့ တက်ရတဲ့ခွေးမျိုးပေါ့။ မာစီဒီးတို့ ဘာတို့ စီးရတဲ့ခွေးမျိုးပေါ့။ ဟုတ်ရဲ့လား။

ကျုပ်တို့ဆိုလို့ရှိရင် ဟိုမှာ ဂျစ်ကားအစုတ်ပဲရှိတယ်။ အဲဒီခွေးတွေက မာစီဒီး စီးတာ ဟုတ်ရဲ့လား။ အဲဒါ ဘာအကျိုးလဲဆိုတော့ ကုသိုလ်အကျိုး။ ခွေးဖြစ်ရတာက အကုသိုလ်အကျိုး။ အဖြူနဲ့ အမည်း ရောလို့ရှိရင် အဲဒီအကျိုးပဲရမှာ။

အဲဒီတော့ ကံသုံးမျိုးဖြစ်သွားပြီ။ နောက်ဆုံးတစ်မျိုးက အဖြူအမည်း မရောတဲ့ ကံ။ အရှင်ဘုရားရယ် အဖြူအမည်း မရောတဲ့ကံက ဘာတုန်းဘုရားလို့ဆိုလို့ရှိရင်တော့ “ဝိပဿနာ”ပါပဲ။

အဖြူအမည်းမရောတဲ့ကံက ဘာတဲ့လဲ။

“ဝိပဿနာပါဘုရား”

အဖြူ အမည်း မရောဘူးဆိုတော့ ကောင်းကျိုးတွေလည်း လူခန္ဓာ နတ်ခန္ဓာတွေလည်း ပေးစရာလိုလား။

“မလိုပါဘုရား”

ဟော- အမည်းမရောတဲ့အတွက်ကြောင့် ယောဂီအပေါင်း သူတော်ကောင်းတို့ ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသူရကာယ် ရောက်ရစရာလိုသေးလား။

“မလိုတော့ပါဘူးဘုရား”

အဖြူအမည်း မရောတဲ့ကံဆိုတဲ့ အကျင့်ကတော့ ဘယ်လိုအကျိုးများကို ရမလဲ ဆိုတော့ နိဗ္ဗာန်ကိုရမယ်။ ဘာကိုရမလဲ။

“နိဗ္ဗာန်ပါဘုရား”

ဒုက္ခခပ်သိမ်းချုပ်ငြိမ်းရာ၊ ဆင်းရဲခပ်သိမ်းချုပ်ငြိမ်းရာ၊ ပူပန်ခပ်သိမ်းချုပ်ငြိမ်းရာ ဖြစ်တဲ့ နိဗ္ဗာန်ကို အဖြူ အမည်း မရောတဲ့ကံက ပေးလိမ့်မယ်။

အဲဒီ ကံ(၄)မျိုးကို သေနိယနဲ့ ပုဏ္ဏကို မြတ်စွာဘုရားက ပြောတော့။ သေနိယ တို့- မင်းတို့က ကယ်ပါဆိုပေမယ့် ငါဘုရားက မကယ်နိုင်ဘူးကွယ့်၊ ဒါပေမယ့် ငါဘုရားရှင်ကိုယ်တော်မြတ် ဟောကြားတဲ့တရားတွေကို မင်းတို့ ကျင့်ကြံကြ၊ အားထုတ်ကြမယ်ဆိုရင်တော့ တရားက မင်းတို့ကို ကယ်လိမ့်မယ်ကွယ်ဆိုပြီးတော့ မဟော ဘူးလား။

“ဟောပါတယ်ဘုရား”

ကံ (၄)မျိုးကို ဟောတယ်တဲ့။ အဲဒီတော့ ဒီလောက်နဲ့ပဲ ကျေနပ်နော်။

တရားဝင် တရားအားထုတ်တယ်ဆိုတာ တခြားလိုချင်လို့လား၊ နိဗ္ဗာန်လိုချင် လို့လား။

“နိဗ္ဗာန်လိုချင်လို့ပါဘုရား”

နိဗ္ဗာန်ဆိုတာ သံယောဇဉ်ရှိလား၊ မရှိဘူးလား။

“မရှိပါဘူးဘုရား”

အဲဒီ သံယောဇဉ်မရှိတဲ့ နိဗ္ဗာန်၊ သံယောဇဉ်တွေ ကင်းကွာသွားတဲ့ နိဗ္ဗာန်ကို ရချင်ကြတယ်၊ ရောက်ချင်ကြတယ်ဆိုတဲ့ ယောဂီအပေါင်း သူတော်ကောင်းတို့က တခြားလုပ်ရမှာလား၊ ဝိပဿနာလုပ်ရမှာလား။

"ဝိပဿနာလုပ်ရမှာပါဘုရား"

ဝိပဿနာဆိုတာ တခြားလား၊ သတိပဋ္ဌာန် လေးမျိုးလား။

"သတိပဋ္ဌာန်လေးမျိုးပါဘုရား"

အဲဒီ သတိပဋ္ဌာန်လေးမျိုး ဝိပဿနာတရားကို အားထုတ်ရင်ကော တခြား ကြည့်ရမှာလား၊ ခန္ဓာကြည့်ရမှာလား။

"ခန္ဓာကြည့်ရမှာပါ ဘုရား"

ခန္ဓာကြီး ဉာဏ်နဲ့ကြည့်တော့ ယောဂီတို့ မဖြစ်မပျက်တဲ့ အချိန်ရှိလား။

"မရှိပါဘူး ဘုရား"

ဖြစ်လိုက် ပျက်လိုက်၊ မွေးလိုက်၊ သေလိုက်၊ ဩော်... ခန္ဓာကြီးကြည့်လိုက်၊ ကြည့်လိုက်တိုင်း... ဒါကြီးပဲမြင်နေတဲ့အခါကြတော့ အဲဒီခန္ဓာကြီးလိုချင်တဲ့ တဏှာ လာဦးမလား။

"မလာတော့ပါဘူး ဘုရား"

စွဲလမ်းတဲ့ ဥပါဒါန်တွေရော လာဦးမလား။

"မလာတော့ပါဘူး ဘုရား"

ပြုလုပ်တဲ့ကံတွေရော လာဦးမလား။

"မလာတော့ပါဘူး ဘုရား"

တဏှာ, ဥပါဒါန်, ကံဆိုတဲ့ ခန္ဓာ ဖြစ်ကြောင်းတွေမှ မလာတော့ဘူးဆိုရင် ဘဝဆိုတဲ့ ဇာတိလာဦးမလား။

"မလာတော့ပါဘူး ဘုရား"

ဒါဆိုရင် ယောဂီအပေါင်း သူတော်ကောင်းတို့ အိုစရာလိုသေးလား။

"မလိုတော့ပါဘူး ဘုရား"

နာစရာကော လိုသေးလား။

"မလိုတော့ပါဘူး ဘုရား"

ယောဂီအပေါင်း သူတော်ကောင်းတို့ သေစရာကော လိုသေးလား။

"မလိုတော့ပါဘူး ဘုရား"

အို,နာ,သေ ကင်းတာတခြားလား နိဗ္ဗာန်လား။

"နိဗ္ဗာန်ပါ ဘုရား"

ဒီနိဗ္ဗာန်ကို အလိုလိုရောက်တာလား၊ အို၊ နာ၊ သေကင်းလို့လား။

"အို,နာ,သေ ကင်းလို့ပါ ဘုရား"

သြော်... အို,နာ,သေကလဲ အလိုလိုကင်းတာလား၊ ဘဝဇာတိချုပ်လို့လား။

"ဘဝဇာတိချုပ်လို့ပါ ဘုရား"

ဘဝဇာတိကလဲ ယောဂီအပေါင်း သူတော်ကောင်းတို့ သူ့အလိုလိုချုပ်မှာလား၊ ခန္ဓာကြီးကို ဉာဏ်နဲ့ကြည့်မှလား။

"ခန္ဓာကြီးကို ဉာဏ်နဲ့ကြည့်မှပါ ဘုရား"

သြော်... ခန္ဓာကြီးကို ဉာဏ်နဲ့ကြည့်တဲ့အချိန် ယောဂီတို့ရေ မဖြစ်မပျက်တဲ့ အချိန်ရှိလား။

"မရှိပါဘူး ဘုရား"

ဖြစ်လိုက်ပျက်လိုက်၊ မွေးလိုက်၊ သေလိုက်၊ ဟော ယောဂီတို့ရေ ပြောကြည့်၊ ဖြစ်ပျက်က ဘာသစ္စာ။

**"ဒုက္ခသစ္စာ"**

သိတဲ့ဉာဏ်က ဘာသစ္စာ။

**"မဂ္ဂသစ္စာ"**

သေတာက ဘာသစ္စာ။

**"သမုဒယသစ္စာ"**

နောင်ခန္ဓာ မလာတာက ဘာသစ္စာ၊

**"နိရောဓသစ္စာ"**

သစ္စာ ဘယ်နှစ်ချက်ကိုက်။

"လေးချက်ကိုက်ပါတယ် ဘုရား"

ကဲ... သစ္စာလေးချက် တစ်ပြိုင်နက်ကိုက်သောကြောင့် ယောဂီအပေါင်း သူတော်ကောင်းတို့သည် ယခု အားထုတ်အပ်တဲ့ ဝိပဿနာဉာဏ်သည် မဂ် ဖိုလ် နိဗ္ဗာန်သို့ လျင်မြန်စွာ မျက်မှောက်ပြုနိုင်ပါစေသားလို့ ပတ္ထနာပြုရင်းနဲ့ အချိန်လဲစေ့လို့ ဒီနေ့ တော်ကြဦးစို့။

"သာဓု...သာဓု...သာဓု"

# စိတ်ကိုဆုံးမပါ တရားတော်

*(သာသနာနှစ် ၂၅၅၃-ခု၊ ကောဇာသက္ကရာဇ် ၁၃၇၁-ခု၊ ဝါခေါင်လဆန်း (၁၃)ရက်၊ ၃-၈-၂၀၀၉ (တနင်္လာနေ့) ညနေပိုင်း၊ ရန်ကုန်မြို့၊ သယ်န်းကျွန်းမြို့နယ်၊ ရန်ကုန်သစ်ရပ်ကွက်၊ သုဝဏ္ဏာမြို့ဦးဘုရားအနီး စံရိပ်ငြိမ်ကျောင်းတိုက်တော်အတွင်း မိုးကုတ်ဝိပဿနာ "သစ္စာဓမ္မသဘင်"၌ ဟောကြားသည်။)*

အားလုံးသော ယောဂီအပေါင်း သူတော်ကောင်းတို့...

သင့်တင့်သော ဣရိယာပုတ်မျှတသော အနေအထားအားဖြင့်ထိုင်ပြီးတော့ မြတ်ဗုဒ္ဓရဲ့ဓမ္မကို ကောင်းစွာပူဇော်နိုင်ကြပါပြီ။

## ဓမ္မသဘင် စတင်ပါပြီ

ယနေ့ညနေပိုင်း ညတရားအဖြစ် ဦးပဥ္စင်း များတို့ ဟောကြားမည့် တရား နာမည်က ***"စိတ်ကိုဆုံးမပါ"*** တဲ့။

ယောဂီတို့ ဘာတရားလဲ။

"စိတ်ကိုဆုံးမပါ တရားတော်ပါ ဘုရား"

တရားလေးနာမည်က ရိုးရိုးလေးပါနော်။ ယောဂီအပေါင်း သူတော်ကောင်းတို့ ကြားဖူးလိမ့်မယ်။ လူ့စိတ်တစ်လုံး အခက်ဆုံး...တဲ့။

ယောဂီအပေါင်း သူတော်ကောင်းတို့ စိတ်က အများကြီးရှိတာလား၊ တစ်ခု တည်းလား။

"တစ်လုံးတည်းပါ ဘုရား"

ကဲ...ကဲ...ထားတော့။ တရားစဉ်လေး သွားရအောင်နော်၊ ယောဂီအပေါင်း သူတော်ကောင်းတို့ တရားဝင်၊ တရားအားထုတ်တာ အခြားလိုချင်လို့လား၊ နိဗ္ဗာန်လား။

"နိဗ္ဗာန်ပါ ဘုရား"

နိဗ္ဗာန်လိုချင်ရင် တခြားအားထုတ်ရမှာလား၊ ဝိပဿနာလား။

"ဝိပဿနာပါ ဘုရား"

ဝိပဿနာအားထုတ်တော့ ယောဂီအပေါင်း သူတော်ကောင်းတို့ တခြားကြည့်ရမှာလား၊ ခန္ဓာကြည့်ရမှာလား။

"ခန္ဓာကြည့်ရမှာပါ ဘုရား"

ခန္ဓာကြီး ကြည့်တဲ့အခါကျတော့လည်း သူများခန္ဓာကြည့်မှာလား၊ ကိုယ့်ခန္ဓာကြည့်မှာလား။

"ကိုယ့်ခန္ဓာကြည့်ရမှာပါ ဘုရား"

ကိုယ့်ခန္ဓာကြီးကို ကြည့်တဲ့အခါကျတော့လည်း ယောဂီအပေါင်း သူတော်ကောင်းတို့ သဘောကိုကြည့်မှာလား၊ အပြောကိုကြည့်မှာလား။

"သဘောကိုကြည့်မှာပါ ဘုရား"

ပညတ်ကို ကြည့်မှာလား၊ ပရမတ်ကိုကြည့်မှာလား။

"ပရမတ်ကိုကြည့်မှာပါ ဘုရား"

ပရမတ်ကိုကြည့်မှ နိဗ္ဗာန်ကိုရောက်မယ်ဆိုတာ ယောဂီတို့မသေချာဘူးလား။

"သေချာပါတယ် ဘုရား"

"အဲဒီတော့ ခန္ဓာကြီး ဉာဏ်နဲ့တိုက်ကြည့်တိုင်း၊ တိုက်ကြည့်တိုင်း ခန္ဓာကြီးဟာ မဖြစ်မပျက်တဲ့အချိန်များ ရှိလို့လား"

"မရှိပါဘူး ဘုရား"

ဖြစ်လိုက်၊ ပျက်လိုက်. . . .

"မွေးလိုက်၊ သေလိုက်"

ဖြစ်လိုက်၊ ပျက်လိုက်၊ မွေးလိုက်၊ သေလိုက်ဆိုတော့ ဒါတွေချည်း မြင်နေရတဲ့ ဒီဉာဏ်စိတ်ဟာ ကြာလာတဲ့အခါကျတော့ ဒီခန္ဓာကို လိုချင်တဲ့တဏှာလေး လာဦးမလား။

"မလာတော့ပါဘူး ဘုရား"

စွဲလမ်းတဲ့ ဥပါဒါန်လေးရော လာဦးမလား။

"မလာတော့ပါဘူး ဘုရား"

ပြုလုပ်တဲ့ကံတွေကော လာဦးမလား။

"မလာတော့ပါဘူး ဘုရား"

ယောဂီအပေါင်း သူတော်ကောင်းတို့ တဏှာ၊ ဥပါဒါန်၊ ကံလို့ခေါ်တဲ့ ခန္ဓာရဲ့ ဖြစ်ကြောင်းတွေမှ မလုပ်တော့ဘူးဆိုရင် ခန္ဓာတစ်ခုလို့ခေါ်တဲ့ ဇာတိကိုရောရဦးမလား။

"မရတော့ပါဘူး ဘုရား"

ဒါဆိုရင် ယောဂီအပေါင်းသူတော်ကောင်းတို့ အိုစရာလိုသေးလား။

"မလိုတော့ပါဘူး ဘုရား"

နာစရာလိုသေးလား. . . .

"မလိုတော့ပါဘူး ဘုရား"

သေစရာလိုသေးလား. . . .

"မလိုတော့ပါဘူး ဘုရား"

အိုခြင်း၊ နာခြင်း၊ သေခြင်းကင်းတာ အခြားလား၊ နိဗ္ဗာန်လား။

"နိဗ္ဗာန်ပါ ဘုရား"

ဒီနိဗ္ဗာန်ကို အလိုလိုရတာလား၊ အို၊ နာ၊ သေ ကင်းလို့လား။

"အို၊ နာ၊ သေကင်းလို့ပါ ဘုရား"

အို၊ နာ၊ သေကလဲ အလိုလိုကင်းတာလား၊ ဘဝ၊ ဇာတိချုပ်လို့လား။

"ဘဝ၊ ဇာတိချုပ်လို့ပါ ဘုရား"

ဘဝ၊ ဇာတိကလဲသူ့အလိုလိုချုပ်မှာလား၊ ယောဂီတို့ရဲ့သန္တာန်မှာ သမုဒယ ချုပ်မှုလား။

"သမုဒယချုပ်မှုပါ ဘုရား"

ယောဂီတို့ အဲဒီ သမုဒယဆိုတာဟာ ပဋိစ္စသမုပ္ပါဒ်စက်ဝိုင်းမှာ နံပါတ်(၃) အကွက်မှာ တဏှာ၊ ဥပါဒါန်၊ ကံမဖြစ်ဘူးလား၊ အဲဒီ တဏှာ၊ ဥပါဒါန်၊ ကံလို့ခေါ်တဲ့ သမုဒယကလဲ အလိုလိုချုပ်မှာလား၊ ခန္ဓာကြီးဉာဏ်နဲ့ကြည့်မှုလား။

"ခန္ဓာကြီး ဉာဏ်နဲ့ကြည့်မှုပါ ဘုရား"

ခန္ဓာကြီး ဉာဏ်နဲ့ကြည့်တဲ့အလုပ်ဟာ တခြားအလုပ်လား၊ ဝိပဿနာအလုပ် လား။

"ဝိပဿနာအလုပ်ပါ ဘုရား"

ဒါကြောင့်မို့လို့ ဝိပဿနာအလုပ်ကိုလုပ်မှ ဒုက္ခခပ်သိမ်း၊ ဆင်းရဲခပ်သိမ်း၊ ပူပန်ခပ်သိမ်းတို့ရဲ့ ငြိမ်းရာဖြစ်တဲ့ နိဗ္ဗာန်ကို ရောက်ကြမယ်ဆိုတာ ယောဂီအပေါင်း သူတော်ကောင်းတို့ မသေချာဘူးလား။

"သေချာပါတယ် ဘုရား"

## စိတ်ကိုဆုံးမ ချမ်းသာရ

အဲဒီတော့ ယောဂီအပေါင်း သူတော်ကောင်းတို့ ဦးပဥ္ဇင်းတို့ ကျေးဇူးပြုမယ့် တရားရဲ့နာမည်က ဘာတဲ့လဲ။

"***စိတ်ကိုဆုံးမပါ*** ပါဘုရား"

ဦးဇင်းက... ဦးဇင်းတို့ အသက်အားဖြင့် (၁၇)နှစ်နဲ့ (၆)လလောက်မှာပေါ့။ (၁၈)နှစ်ပြည့်ခါနီးမှာ ဦးဇင်းတို့ ပထမကြီးပြီးတော့ စာချတန်းဆိုတဲ့ ဓမ္မာစရိယစာဝါတွေကို ဦးဇင်းများတို့ မန္တလေးမှာ လိုက်မယ်ဆိုပြီးတော့ မန္တလေးမစိုးရိမ် တိုက်သစ်ကို ဦးဇင်းများတို့ ကိုရင်ဘဝ၊ ကိုရင်ကြီးဘဝနဲ့ပဲ ပြောင်းခဲ့တာ။ ပြောင်းခဲ့တဲ့အခါကျတော့ မစိုးရိမ်တိုက်သစ်မှာ ဦးဇင်းတို့ စာသင်တော့၊ မစိုးရိမ်သံဃာတော်အရှင်သူမြတ်တွေ သောက်သုံးဖို့ရန်၊ ဘုဉ်းပေးဖို့ရန်အတွက်ဆိုပြီးတော့၊ မန္တလေးမြို့ထဲက အလှူရှင်တွေက နေပြီးတော့ ဆွမ်းတော်မျိုးတော်တွေ သောက်ရေအိုးစင်လေး တစ်အိုးလာလှူထား။

ဘာလေးလာလှူထားလဲ. . . .

"သောက်ရေအိုးစင်လေးပါ ဘုရား"

အေး- သောက်ရေအိုးစင်လာလှူထားတဲ့ အခါကျတော့ အဲဒီ သောက်ရေအိုးစင်ရဲ့အပေါ်မှာ သူကသောက်ရေအိုး စင်တင် မဟုတ်ဘူး၊ မှန်လေးတစ်ချပ်ပါ လှူတယ်။ ယောဂီအပေါင်း သူတော်ကောင်းတို့ မှန်ဆိုတာ အခြားလား၊ ကြည့်ဖို့လား။

"ကြည့်ဖို့ပါ ဘုရား"

အေး... ကြည့်ဖို့ဆိုပြီးတော့ အဲဒါမှန်လေးတစ်ချပ်ပါ လှူထား။ ဒါပေမယ့် သတိပေးတဲ့စကားလေးလို့ ဒီလိုပြောရင်လဲ ရပါတယ်။ အဲဒီ မှန်တစ်ချပ်ရဲ့အပေါ်မှာ အင်္ဂလိပ်စာတန်းလေးတစ်တန်းပါ ထိုးပြီးတော့လှူထားတာ။

အင်္ဂလိပ်စာတန်းကလေးက ဘာလဲဆိုတော့...

"Beauty by the body. Also the mind "အဓိပ္ပာယ်လေးကတော့ ရုပ်ကိုချည်းပဲ မပြင်နဲ့ဟေ့၊ စိတ်လည်းပြင်ပါ။ ယောဂီအပေါင်း သူတော်ကောင်းတို့ ရုပ်ကိုပဲ မပြင်နဲ့ ဘာလေးလည်း ပြင်ပါ။

"စိတ်ကိုလည်းပြင်ပါဘုရား"

ယောဂီအပေါင်း သူတော်ကောင်းတို့ အိမ်မှာ မှန်တွေကြည့်ဖူးကြလိမ့်မယ်။ အဲဒီ မှန်ကြည့်တဲ့သူအတော်များများဟာ ရုပ်ပြင်တာလား၊ စိတ်ပြင်တာလား။

"ရုပ်ပြင်တာပါ ဘုရား"

ဒါကြောင့်မို့လို့ ဟိုက ဆုံးမသလိုလို ဘာလိုလိုနဲ့ရေးထားတာ- ရုပ်ချည်းပဲ မပြင်နဲ့၊ အေး အဲဒီစကားလေးကို ဦးပဥ္ဇင်းက တော်တော်ကြိုက်တာ- ဟုတ်ရဲ့လား။

"မှန်လှပါ ဘုရား"

လူ့စိတ်တစ်လုံး အခက်ဆုံးတဲ့၊ ဩော်... ယောဂီတို့ ထိန်းဖို့လွယ်ရဲ့လား။

"မလွယ်ပါဘူး ဘုရား"

ဦးပဥ္ဇင်းတို့လောကမှာ လူတစ်ယောက်လှတယ်-လှတယ်ဆိုတာဟာ လောကမှာ ဆွေတော်မျိုးတော်တွေ အလှနှစ်မျိုးရှိတယ်။ အလှ ဘယ်နှစ်မျိုးရှိလဲ။

"နှစ်မျိုးပါ ဘုရား"

ယောဂီအပေါင်း သူတော်ကောင်းတို့ ရှင်းရှင်းလင်းလင်း ပြောကြစို့ဗျာ၊ တရားဟောတယ်၊ တရားနာတယ်ဆိုတာ ဘာလုပ်တာလဲဆိုတော့ ဦးပဥ္ဇင်းတို့အလှတွေ ပြင်ကြတာ။ အလှပြင်တဲ့အခါကျတော့ လူတစ်ယောက်ရဲ့ဘဝမှာ အလှဘယ်နှစ်မျိုးလဲဆိုရင် ရုပ်လှနဲ့စိတ်လှ။ ရုပ်လှတာနဲ့ စိတ်လှတာ- ယောဂီတွေ ဖြေကြည့်စမ်း၊ ဘယ်အလှဟာပိုကောင်းလဲ။

"စိတ်အလှက ပိုကောင်းပါတယ် ဘုရား"

စိတ်အလှက ပိုကောင်းတယ် ဟုတ်လား၊ အဲဒီတော့ ရုပ်လှတာရယ်၊ စိတ်လှတာရယ်၊ အဲဒီနှစ်ယောက် ယှဉ်လာပြီဆိုရင် ယောဂီတို့ရေ- တစ်ယောက်ယောက်တော့ ရွေးစမ်းပါဆိုရင် ဘယ်သူ့ကိုရွေးမလဲ။

"စိတ်လှတာကို ရွေးမှာပါ ဘုရား"

အဲ...ယောဂီတို့ကတော့ စိတ်လှတာပဲရွေးမယ်၊ အေး-သဘောထားပါတော့။ ယောဂီတွေပြောသလိုပဲ တစ်ယောက်က စိတ်အရမ်းလှတာ ဟုတ်လား၊ ဒါပေမယ့်... နဖူးကတော့ဘုကြီးနဲ့ -နဖူးက ဘာနဲ့တုန်း။

"ဘုကြီးနဲ့ပါ ဘုရား"

နားရွက်ကလည်း ပြတ်နေတယ်၊ လက်ကလည်း တစ်ဘက်ပြတ်နေတယ်၊ ဒါပေမယ့် စိတ်တော့အရမ်းလှတာပဲ။ ဒါပေမယ့်-ဟိုတစ်ယောက်ကျတော့ ရုပ်ကျတော့ သိပ်လှတယ်။ ဒါပေမယ့်- စိတ်ကျတော့ အရမ်းပုတ်တယ်။

လူဘယ်နှစ်ယောက်လဲ ယောဂီတို့. . . .

"နှစ်ယောက်ပါ ဘုရား"

အဲဒီလို ရုပ်လှတာနဲ့ စိတ်လှတာ- နှစ်ယောက်မှာ မင်းဘဝရဲ့ ကြင်ဖော်အဖြစ်၊ လက်တွဲဖော်အဖြစ်တစ်ယောက် ယောက်တော့ရွေးစမ်းပါဆိုရင်- ယောဂီတို့ ဘယ်သူ့ကို ရွေးမလဲ။

ဟော... အင်တင်တင်ဖြစ်ကုန်ပြီ၊ ဟုတ်ရဲ့လား- စိတ်လှတာကိုပဲ ရွေးမယ်ဆိုရင်၊ ယောဂီတွေ ဘုကြီးနဲ့တွေ့ဦးမယ်။ ဟုတ်ရဲ့လား- နားရွက်ကလဲ တစ်ဖက်ပြတ်မယ်၊ ယူမှာလားလို့- ပြောချင်တာကလေ၊ ယောဂီတို့ဘဝမှာ ရုပ်လှရုံ၊ စိတ်လှရုံနဲ့ အလှဟာပြည့်စုံရဲ့လား။

"မပြည့်စုံပါဘူး ဘုရား"

မပြည့်စုံဘူး။ ယောဂီအပေါင်း သူတော်ကောင်းတို့ရဲ့ ရုပ်လဲလှ၊ စိတ်လဲလှမှ။ ဒီလိုမဟုတ်လား။ လောကမှာ ဆွေတော်မျိုးတော်တွေ၊ ယောဂီအပေါင်း သူတော်ကောင်းတို့ အဲဒီအလှနှစ်မျိုးကို ပြန်ပြီးတော့ချဲ့ရင် လောကမှာ အလှရှိတဲ့ပုဂ္ဂိုလ်ဟာ (၄)မျိုး ဖြစ်သွားတယ်။

အဲဒီလေးမျိုးက လောကထဲလိုက်ကြည့်လိုက်စမ်းပါ။ တချို့က ရုပ်သာလှတယ်။ စိတ်မလှဘူး။ စိတ်မလှတဲ့ ပုဂ္ဂိုလ်ဟာ ဘာနဲ့တူသလဲဆိုရင် ကျီးအာသီးနဲ့တူတယ်။ ယောဂီအပေါင်း သူတော်ကောင်းတို့ ကျီးအာသီးမှည့် မြင်ဘူးလား။

"မြင်ဘူးပါတယ် ဘုရား"

ဟိုး- အဝေးကနေကြည့်၊ အနီးကနေကြည့်- သိပ်လှတာပဲ။ ဒါပေမယ့် အထဲထဲကတော့ ပုတ်တယ်ဗျ။

တချို့ကျတော့ ယောဂီအပေါင်း သူတော်ကောင်းတို့ စိတ်တော့လှပါတယ်။ ရုပ်ကတော့ မလှဘူး။ ဒါမျိုးလဲ ရှိတယ်။

အဲဒီတော့ စိတ်ပဲလှတယ်၊ ရုပ်မလှတဲ့ ပုဂ္ဂိုလ်ဟာ ဘာနဲ့တူသလဲဆိုတော့ ဩဇာသီးနဲ့တူတယ်။ ယောဂီတို့ ဘာအသီးနဲ့တူလဲ။

"ဩဇာသီးနဲ့ပါ ဘုရား"

ဩဇာသီးဆိုတာ ယောဂီတို့ မြို့မှာသိပ်ပေါတာပဲလေ။ အပေါ်ကနေ ကိုင်ကြည့်ရင် ကြမ်းထော်ထော်ကြီး မနေဘူးလား။

"နေပါတယ် ဘုရား"

ဒါပေမယ့် အတွင်းထဲကို ခွဲကြည့်လိုက်တော့ ဩဇာသီးရဲ့ အရောင်က ဖြူဖြူလေး။ စားလို့လဲ မကောင်းဘူးလား။

"ကောင်းပါတယ် ဘုရား"

အေး... ပြောရင်းနဲ့တောင်မှ သားရည်ကျသလိုဖြစ်နေပြီ။ အဲဒီတော့ တချို့ တချို့သော လောကကြီးမှာရှိကြတဲ့ ပုဂ္ဂိုလ်တွေဟာ ရုပ်လဲမလှဘူး၊ စိတ်လဲမလှဘူး၊ ရုပ်လဲမလှ၊ စိတ်လဲမလှတဲ့ ပုဂ္ဂိုလ်ဟာ ဘာနဲ့တူသလဲ ဆိုတော့ ပဒိုင်းသီးနဲ့တူတယ်။

ပဒိုင်းသီးဆိုတာ ဆွေတော် မျိုးတော်တွေနော် ပဒိုင်းသီးရဲ့ သတ္တိဘာမှ မကောင်းဘူး။ ဆုပ်ရင်လဲစူးတယ်တဲ့။ နမ်းရင်လဲ ဘာဖြစ်လဲ မူးတယ်တဲ့-။ စားရင်လဲ ရူးတယ်တဲ့။ ပဒိုင်းသီးရဲ့ သတ္တိကောင်းလား။

"မကောင်းပါဘူး ဘုရား"

"ဘာမှမကောင်းဘူးနော်- ဒါကြောင့်မို့လို့ ရှေးပညာရှိ သူတော်ကောင်းတွေက ပဒိုင်းသီးကို ဦးပဉ္စင်းတို့ ကာမအာရုံ၊ ကာမဂုဏ်နဲ့ နှိုင်းပြီးတော့ပြောထားတယ်နော်။

***ငါးဖြာအာရုံ၊ ကာမဂုဏ်ရယ်၊ ပဒိုင်းသီးနဲ့တူလှတယ်။***

***ဆုပ်ရင်လဲစူးတတ်တယ်။ နမ်းရင်လဲ မူးတတ်တယ်။***

***စားရင်လဲ ရူးတတ်တယ်၊ ဒုက္ခပေးတာ အသွယ်သွယ်၊***

သတိထား တရားရှာသင့်တယ်။ ဘာရှာသင့်လဲ...

"တရားရှာသင့်ပါတယ် ဘုရား"

အဲဒီတော့ ငါးဖြာအာရုံ ကာမဂုဏ်ဆိုတာ ယောဂီအပေါင်း သူတော်ကောင်းတို့ ပဒိုင်းသီးနဲ့တူပါသတဲ့ဗျာ။ အဲဒီတော့ လောကထဲကြည့် ကြည့်လိုက်လို့ရှိရင် နောက်တစ်ယောက်ကျတော့ ရုပ်လဲပဲလှတယ်။ စိတ်လဲပဲလှတယ်။ ရုပ်လဲလှ စိတ်လဲလှတဲ့ ပုဂ္ဂိုလ်ကျတော့ ဘာနဲ့တူသလဲဆိုတော့ ပန်းသီးလေးနဲ့တူတယ်။ ယောဂီတို့ ဘာနဲ့တူသလဲ။

"ပန်းသီးလေးနဲ့တူပါတယ် ဘုရား"

ပန်းသီးဆိုတာက ယောဂီအပေါင်း သူတော်ကောင်းတို့ အဝေးကနေကြည့်ရင် ဩော်... အဲဒီပန်းသီးလေးကို ခွဲကြည့်လိုက်တော့လည်း အထဲကအဖြူရောင်လေး၊ စားတော့ကော အဆင်မပြေဘူးလား။

"ပြေပါတယ် ဘုရား"

ဒါကြောင့်မို့လို့ ရုပ်လဲလှ၊ စိတ်လဲလှတဲ့ ပုဂ္ဂိုလ်ဟာ ဘာသီးလေးနဲ့တူ။

"ပန်းသီးလေးနဲ့တူပါတယ် ဘုရား"

အဲဒီတော့ ယောဂီအပေါင်း သူတော်ကောင်းတို့ အသီးဟာ ဘယ်နှစ်မျိုးလဲ။

"သုံးမျိုးပါ ဘုရား"

လူက ဘယ်နှစ်မျိုးလဲ။

"လေးမျိုးပါ ဘုရား"

နည်းနည်းလေးခန့်မှန်းကြည့်ပါလား။ ပလ္လင်ပေါ်ကကိုယ်တော် အသီး လေးမျိုး၊ ဘယ်အသီးနဲ့တူ။

"ပန်းသီးနဲ့တူပါတယ် ဘုရား"

နောက်ပြီး သကြားလုံး ကျွေးမယ်နော်။

## အပြစ်ကင်းသော အလှ (၆)မျိုး

ယောဂီအပေါင်း သူတော်ကောင်းတို့ ဟုတ်ရင်လဲဟုတ်မယ်။ လောကမှာ လူတစ်ယောက်ဟာ လှတယ်ဆိုတာ အပြစ်(၆)ပါးကင်းရင် ဘာဖြစ်သလဲ။ အလှ စာရင်းထဲ ဝင်တယ်။ အပြစ်ဘယ်နှစ်ပါးလဲ။

"ခြောက်ပါးပါ ဘုရား"

ယောဂီအပေါင်း သူတော်ကောင်းတို့ မှတ်ထားနော်၊ အပြစ်(၆)ပါးကင်းရင် အဲဒီလူဟာ အလှစာရင်းထဲဝင်တယ်။

အပြစ်(၆)ပါးက ဘာလဲဆိုတော့၊ ပုလွန်းတဲ့ပုဂ္ဂိုလ်၊ ဘာဖြစ်လဲ။

ဩော်...တချို့ ပုလွန်းတဲ့ပုဂ္ဂိုလ်မတွေ့ဘူးလား။ အဲ...တချို့ကပြောကြတယ် တစ်ယောက်နဲ့တစ်ယောက်'မင်းအရပ်ကလည်း ပုလိုက်တာ ခွေးပစ်တဲ့တုတ် ကျနေ တာပဲ'။ အဲဒီတော့- ပုလွန်းတဲ့ ပုဂ္ဂိုလ်ဟာလဲ ယောဂီအပေါင်း သူတော်ကောင်းတို့ မှတ်ထားကြပါ။ အလှစာရင်းထဲ မဝင်ဘူး။

တချို့က ရှည်လွန်းတဲ့ပုဂ္ဂိုလ်တဲ့- ဘယ်လိုပုဂ္ဂိုလ်လဲ။

"ရှည်လွန်းတဲ့ ပုဂ္ဂိုလ်ပါဘုရား"

ဩော်… တချို့ရှည်လိုက်တာ အရပ်ကြီးတွေ မိုးပေါ်ထောင်ကြည့်ရတယ်။ အဲဒီလို လူတွေကျတော့လဲ ဘာတဲ့လဲ- အလှစာရင်းထဲမဝင်ဘူးဟဲ့။ ဘယ်နှစ်မျိုး ရှိသွားပြီလဲ။

"နှစ်မျိုးပါ ဘုရား"

နောက်တစ်ခါကျတော့ မည်းလွန်းတဲ့ပုဂ္ဂိုလ်။ ဘယ်လိုပုဂ္ဂိုလ်လဲ။

"မည်းလွန်းတဲ့ ပုဂ္ဂိုလ်ပါဘုရား"

အသားမည်းလိုက်တာ- မီးသွေးကတောင် အဘခေါ်ရတယ်။

အဲဒါမျိုး ပုဂ္ဂိုလ်တွေလဲ လောကမှာမရှိဘူးလား။

"ရှိပါတယ် ဘုရား"

ဦးဇင်းတို့ မန္တလေးနေတုန်းက ဒကာကြီးတစ်ယောက် သူ့နာမည်က'ဦးကာက' တဲ့။ ကာကဆိုတာ အသားမည်းတာကို ပြောတာ။ ကာကဆိုတာ ပါဠိစကား။ မြန်မာလိုတော့'ကျီး'လို့ခေါ်တာ။ ကျီးဆိုတာ အမည်းလား၊ အဖြူလား။

"အမည်းပါ ဘုရား"

အို-ခန္ဓာကိုယ်က တစ်ခုလုံးမည်းနေတဲ့အတွက်ကြောင့် သူ့ကို လူတွေက (ကိုကျီး)၊ (ကိုကျီး)လို့ခေါ်တာ။ မည်းလို့ မည်းလို့ခေါ်တာ ပြဿနာမရှိဘူး။

ဒါပေမယ့် ခက်တာက ပြဿနာက ဦးကာကက မွေးတဲ့သမီးလေးကျတော့ စဉ်းစားကြည့်။ ယောဂီတို့ အမည်းကမွေးလာတော့ သမီးကျတော့လဲ မည်းမှာလား၊ ဖြူမှာလား။

"မည်းမှာပါ ဘုရား"

မည်းမှာပဲလေ။ ဟုတ်လား။ သမီးကလဲ အမည်းလေးပဲမွေးလာတယ်။ အဲဒီ အမည်းလေး သမီးကိုကျတော့ ဦးကာကက ဘယ်လိုနာမည်ပေးလဲဆိုတော့ 'မေပုလဲ' တဲ့။ မေပုလဲဆိုတာ ပုလဲဆိုတာ ဖြူသလား၊ မည်းသလား။

"ဖြူပါတယ် ဘုရား"

အို-သူ့သမီးက မည်းလိုက်တာ အို-မီးသွေးကျနေတာပဲ။ နာမည်ပေးထား တော့ မေပုလဲဆိုတော့ အဲဒါလူတွေက ပြောကြတယ်။ ဦးကာကရယ် ဘယ်လိုလုပ်တာ လဲ။ ခင်ဗျားသမီး နာမည်။

ဟာ- ဘာဖြစ်လို့လဲကွ-။ အသားကမည်း နာမည်ကမေပုလဲဆိုတော့ အဲဒီဟာ မဖြစ်နိုင်ပါဘူးပေါ့လေ။ အဲဒါပြန်ပြီးတော့ ဖြေရှင်းတယ်။ အဲဒီလိုမဟုတ်ပါဘူးကွာ-တဲ့။

ငါရဲ့သမီးကို ငါ နာမည်နဲ့ဒြပ်နဲ့လိုက်အောင်လုပ်ထားတာပဲ။ ဟာ ဘယ်လိုလုပ်ကာလဲ ဦးကာကဆိုတော့ ဦးကာက ဖြေရှင်းတယ်။ 'မေပုလဲ'ဆိုတော့ 'မည်းပလေ'ပေါ့တဲ့။

ဒါ သူ့ဟာသူ ဖြစ်သွားတာပဲနော်။ ဒါကြောင့်မို့လို့ အသားမည်းလွန်းတဲ့ ပုဂ္ဂိုလ်ဟာ လောကမှာအလှစာရင်းထဲ ဝင်ရဲ့လား။

"မဝင်ပါဘူး ဘုရား"

မဝင်ဘူး၊ ဘယ်နှစ်မျိုးရှိသွားပြီလဲ။

"သုံးမျိုးပါ ဘုရား"

နောက်တစ်ခါ ဖြူလွန်းတဲ့ပုဂ္ဂိုလ် ဟုတ်ရဲ့လား။ တချို့က အသားဖြူရင်ကောင်းတယ်လို့ပြောတာပဲ။ ဖြူဆွတ်နေရင်တော့ အဲဒါ သိပ်မကောင်းတော့ဘူး။

အသားတွေ ဖြူလွန်းအားကြီးရင်လဲ ယောဂီအပေါင်း သူတော်ကောင်းတွေ အလှစာရင်းထဲမဝင်တော့ဘူး။ နောက်တစ်ခါကျတော့ ယောဂီအပေါင်း သူတော်ကောင်းတို့ ပိန်လွန်းတဲ့သူ၊ ဘယ်လိုပုဂ္ဂိုလ်လဲ။

"ပိန်လွန်းတဲ့သူပါ ဘုရား"

အဲ ပိန်လွန်းတဲ့ပုဂ္ဂိုလ်ကျတော့လည်း ယောဂီအပေါင်း သူတော်ကောင်းတို့ တချို့ကတော့ပြောတာပဲ။ 'မော်ဒယ်'တဲ့။ ဟုတ်လား၊ ဒါပေမယ့် သူဟာနဲ့သူ ဒယ်-ဒယ်- မဒယ်ဒယ်၊ ပိန်လွန်းအားကြီးလို့ဖြစ်ရင် ဘာဖြစ်လဲ။ အလှစာရင်းထဲမဝင်တော့ဘူး။ ဘယ်နှစ်မျိုးရှိသွားလဲ။

"ငါးမျိုးပါ ဘုရား"

ငါးမျိုး၊ နောက်တစ်ယောက်ကျတော့ ဘယ်လိုပုဂ္ဂိုလ်လဲဆိုတော့ ဝလွန်းတဲ့ပုဂ္ဂိုလ်။ ဘယ်လိုပုဂ္ဂိုလ်မျိုးလဲ။

"ဝလွန်းတဲ့ ပုဂ္ဂိုလ်ပါ ဘုရား"

ဝလွန်းတဲ့ပုဂ္ဂိုလ်ကလဲ အလှစာရင်းထဲမဝင်တော့ဘူး။

ဒါကြောင့်မို့လို့ စာရေးဆရာမောင်လှမျိုးက ပြောတဲ့စကားလေး ရှိတယ်။ လှတာက ချက်စားလို့မရဘူးတဲ့။ ဝတာကမှ ဖက်ထားလို့ရတယ်တဲ့။ အဲဒါ ကျုပ်နဲ့မဆိုင်ဘူး။ စာရေးဆရာမောင်လှမျိုး (ချင်းချောင်းခြံ) ပြောတာ။

ဒါကြောင့်မို့လို့ အဲဒီအလှစာရင်းထဲနဲ့ အပြစ်(၆)ပါးနဲ့ ကြည့်လို့ရှိရင် ပလ္လင်ပေါ်က ကိုယ်တော် အပြစ်(၆)ပါးလုံး မစင်ဘူးလား။

"စင်ပါတယ် ဘုရား"

အင်း- သကြားလုံးဝယ်ပေးမယ်။ တော်တော်ကြာ...ဟုတ်ရဲ့လား။

"ဟုတ်ပါတယ် ဘုရား"

အဲဒီတော့ ယောဂီအပေါင်း သူတော်ကောင်းတို့ စိတ်ကိုပြင်ကြစို့။ မြတ်စွာဘုရားက စိတ်ကိုဆုံးမဖို့ စိတ်ကိုပြင်ဖို့နော်။ ဒီတရားက ဦးပဥ္စင်းတို့လုပ်ကြံဟောတာ မဟုတ်ပါဘူး။ ဘုရားစကား ပါနော်။

**စိတ္တံ ရက္ခထမေဓာဝီ၊**

**စိတ္တံ ဒန္တံ သုခါဝဟံ။**

**ဘိက္ခဝေ**-ချစ်သား ချစ်သမီးတို့၊ **စိတ္တံ**- သင်တို့ရဲ့စိတ်ကို၊ **ရက္ခထ**- ဆုံးမကြစမ်းပါ၊ ဘုရားဟောနေတာနော်၊ ချစ်သားတို့တဲ့ စိတ်ကိုဆုံးမပါ။

ဒါပေမယ့် စိတ်ဆိုတာ အများကြီးလား၊ တစ်လုံးတည်းလား။

"တစ်လုံးတည်းပါ ဘုရား"

အဲဒီတစ်လုံးတည်းသော စိတ်ကိုတောင်မှ ယောဂီအပေါင်း သူတော်ကောင်းတို့ ဆုံးမဖို့လွယ်ရဲ့လား။

"မလွယ်ပါဘူး ဘုရား"

ယောဂီအပေါင်း သူတော်ကောင်းတို့ဆိုရင် ကိုယ်တွေ့ပဲလေ။ အခုတရားတွေ ထိုင်နေတယ်။

ဘယ်ဘက်လက်ဖဝါးပေါ် ညာဘက်လက်ဖဝါးလေးတင်တယ်။ စိတ်ကို နှာသီးဖျားမှာထားပါ။ ထားတော့ထားတာပဲ၊ ဒီစိတ်ကလေ တော်ကြာ တစ်ခါ အိမ်ရောက်သွားလိုက်၊ တော်ကြာ သူငယ်ချင်းတွေဆီရောက်သွားလိုက်၊ တော်ကြာ အလုပ်အကိုင်တွေဆီ ရောက်သွားလိုက်။ ဒီလိုမနေဘူးလားလို့။

"နေပါတယ် ဘုရား"

အဲဒီတော့ စိတ်ဟာ တစ်လုံးတည်းဆိုပေမယ့် အဲဒါ အဖမ်းရတာ မခက်ဘူးလား။ ဆိုကြည့်ပါဦး၊ ဆိုကြည့်ပါဦး-

*အရေးမလှ၊ တွေးသမျှ၊ ဆွေးရတာလဲ ဒီစိတ်ပဲ။*

*အကန်းအသွင်၊ အရမ်းနှင်၊ ကြမ်းချင်တာလဲ ဒီစိတ်ပဲ။*

*ချစ်စရာကောင်း၊ မုန်းဖို့ကောင်း၊ ပြောင်းနေတာလဲ ဒီစိတ်ပဲ။*

*ဒါနသီလ သမထ၊ ပြုချင်တာလဲ ဒီစိတ်ပဲ။*

*နိဗ္ဗာန် မဂ်ဖိုလ်၊ ရက်တိုတို၊ ရောက်ချင်တာလဲ ဒီစိတ်ပဲ။*

ယောဂီတို့ စိတ်တစ်လုံးနဲ့ ရှုပ်နေတာနော်။ ဒါကြောင့်မို့လို့ မြတ်စွာဘုရားက-

**စိတ္တံ ရက္ခေထ မေဓာဝီ။**

ချစ်သားတို့တဲ့ စိတ်ကို ဆုံးမကြစမ်းပါ။

**စိတ္တံ ဒန္တံ သုခါဝဟံ။**

**စိတ္တံ**-သင်တို့ရဲ့စိတ်ကို၊ **ဒန္တံ**-ယဉ်ကျေးသွားအောင်၊ လိမ္မာသွားအောင်ဆုံးမနိုင်တဲ့ ပုဂ္ဂိုလ်ဟာ၊ **သုခါဝဟံ**-တဲ့ ယောဂီတို့ ဒီကိုကြည့်စမ်း၊ ချစ်သား ချစ်သမီးတို့ မင်းတို့ရဲ့ စိတ်ကလေးတစ်လုံးကို ဆုံးမလိုက်တာနဲ့ တစ်ပြိုင်နက်၊ **သုခါဝဟံ**-လူ့ချမ်းသာ၊ ပြဟ္မာချမ်းသာ၊ နတ်ချမ်းသာ။ ချမ်းသာ ဘယ်နှစ်မျိုးလဲ။

"လေးမျိုးပါ ဘုရား"

ဒီစိတ်ကလေးတစ်လုံးကို ဆုံးမလိုက်တာနဲ့ တစ်ပြိုင်နက် အဲဒီ ချမ်းသာခြင်းလေးမျိုးကို အကုန်ရတယ်။ သိပ်တန်ဖိုးရှိပါတယ်။

ယနေ့လူငယ်တွေ ဒုက္ခတွေရောက်နေကြတယ်။ လောင်းကစားတွေ လုပ်နေကြတယ်၊ ဘာကို မဆုံးမနိုင်၊ စိတ်ကိုမဆုံးမနိုင် ဟုတ်ရဲ့လား။

"ဟုတ်ပါတယ် ဘုရား"

အရက်သေစာတွေ သောက်စားနေကြတယ်၊ ခိုက်ရန်တွေ ဖြစ်ပွားနေကြတယ်။ စိတ်ကိုမဆုံးမနိုင်လို့ ဟိုး... နိုင်ငံတော်ကနေပြီးတော့ အပြစ်ပေးထားတဲ့ အကျဉ်းထောင်ထဲက လူတွေ၊ အချုပ်ခန်းထဲက လူတွေ သွားကြည့်၊ ဘာမဆုံးမနိုင်လို့လဲ။

"စိတ်ကိုမဆုံးမနိုင်လို့ပါ ဘုရား"

စိတ်ကို မဆုံးမနိုင်တဲ့အတွက်ကြောင့် ဒုက္ခတွေ တရစပ်မဖြစ်ဘူးလား။

ဒါကြောင့်မို့လို့ ဦးဇင်းတို့ ကျေးဇူးတော်ရှင် ဆရာတော် ဦးဥတ္တမသာရ ရေးစပ်တဲ့ ကဗျာလေးရှိတယ်နော်... ဆိုကြည့်ပါလား ယောဂီတို့...

*လူပြည်နတ်ပြည်၊ ပြဟ္မာပြည်၊ ကျင်လည်စိတ်ကြောင့်သာ။*

*အပါယ်လေးပါး၊ ကျသူများ၊ မှတ်သားစိတ်ကြောင့်သာ။*

*နိဗ္ဗာန်သာခေါင်၊ ဘေးမဲ့သောင်၊ စိတ်ဆောင်ရောက်မည်သာ။*

**စိတ္တံ ရက္ခေထ မေဓာဝီ**- ချစ်သား၊ ချစ်သမီးတို့ စိတ်ကိုဆုံးမကြစမ်းပါ။

**စိတ္တံ ဒန္တံ သုခါဝဟံ**- စိတ်ကလေးတစ်လုံးကို ဆုံးမနိုင်တဲ့ ပုဂ္ဂိုလ်ဟာ၊ **သုခါဝဟံ**- လူချမ်းသာ၊ နတ်ချမ်းသာ၊ ပြဟ္မာ ချမ်းသာ၊ နိဗ္ဗာန်ချမ်းသာ။

ယောဂီတို့ရေ ချမ်းသာခြင်း ဘယ်နှစ်မျိုးလဲ။

"လေးမျိုးပါ ဘုရား"

စိတ်ကလေးတစ်လုံးကို ဆုံးမလိုက်တာနဲ့ ချမ်းသာခြင်း လေးမျိုးဖြစ်တယ်။ အဲဒီလေးမျိုးကိုလဲ ပြန်ပြီးတော့ ခြုံကြည့်ရင် လူချမ်းသာ၊ နတ်ချမ်းသာ၊ ဗြဟ္မာချမ်းသာ ဆိုတာ အဲဒါ လောကီချမ်းသာပဲ။ စိတ်ကလေးတစ်လုံးကို ဆုံးမလိုက်တာနဲ့ လောကီ ချမ်းသာတွေ အားလုံးမရနိုင်ဘူးလား။

"ရနိုင်ပါတယ် ဘုရား"

နိဗ္ဗာန်ဆိုတာက လောကုတ္တရာချမ်းသာ၊ နိဗ္ဗာန်ဆိုတာက ဘာချမ်းသာ။

"လောကုတ္တရာချမ်းသာပါ ဘုရား"

အဲဒီတော့ စိတ်ကလေးတစ်လုံးကို ဆုံးမလိုက်တာနဲ့ တစ်ပြိုင်နက် လောကီ ချမ်းသာ၊ လောကုတ္တရာချမ်းသာ အားလုံး ပြည့်စုံပါတယ်။

ဒါကြောင့်မို့လို့လေ... တရားမနာချင်တဲ့ စိတ်ကလေးကို တရားနာချင် အောင် ဆုံးမဖို့မလိုဘူးလား။

"လိုပါတယ် ဘုရား"

တရားမထိုင်ချင်တဲ့ စိတ်ကလေးကို တရားထိုင်ချင်အောင် ဆုံးမတာ ကိုယ့် အတွက်ပဲ။ ဒါကြောင့်မို့လို့ မြတ်စွာဘုရားက...

**စိတ္တံ**- စိတ်ကလေးတစ်လုံးကို ဆုံးမနိုင်တာနဲ့ တစ်ပြိုင်နက်၊ **သုခါဝဟံ**- လူချမ်းသာ၊ နတ်ချမ်းသာ၊ ဗြဟ္မာချမ်းသာ၊ နိဗ္ဗာန်ချမ်းသာ၊ ချမ်းသာတွေအားလုံး ဆွေတော်မျိုးတော်တွေ မရနိုင်ဘူးလား။

"ရနိုင်ပါတယ် ဘုရား"

ဒါကြောင့်မို့လို့ ယောဂီတို့ရေ. . . စိတ်ကို ဆုံးမဖို့ သိပ်အရေးကြီးပါတယ် နော်။

## အေးချမ်းသာယာ သာသနာ

ဦးဇင်းတို့မြတ်စွာဘုရားရှင် လက်ထက်တော်ကာလက ဘုရားရှင်ကိုယ်တော်မြတ် သာဝတ္ထိပြည်မွန်၊ ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးတော်မူပါတယ်။

ဇေတဝန်ကျောင်းဆိုတာ ယောဂီအပေါင်း သူတော်ကောင်းတို့... ကျောင်း ဒကာအနာထပိဏ်သူဌေးက ငါးဆယ့်လေး ကုဋေ အကုန်ကျခံပြီးတော့ လှူထားတာ။ အဲဒါကို ပါဠိတော်မှာ...

**ဧကံ သမယံ ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ၊**

**ဇေတဝနေ အနာထပိဏ္ဍိကဿ အာရာမေ။**

**ဧကံ**-တစ်ပါးသော၊ **သမယံ**-အခါ၌၊ **ဘဂဝါ**-ဘုရားရှင်ကိုယ်တော်မြတ်သည်၊ **အနာထပိဏ္ဍိကဿ**-ကျောင်းဒကာ အနာထပိဏ်သူဌေး၊ **အာရာမ အာရာမေ**- အလွန့်အလွန်မွေ့လျော်ဖွယ်ကောင်းတဲ့၊ **ဇေတဝနေ**-ဇေတဝန်ဆိုတဲ့ ရွှေကျောင်းတော်မှာ၊ **မဟတာဘိက္ခု သံဃေန**- များပြားတဲ့ ရဟန်းသံဃာတော်တို့နှင့်၊ **သဒ္ဓိ**-အတူတကွ၊ **ဝိဟရတိ**- ဣရိယာပထ မျှတရွှင်ပြုံး သီတင်းသုံးတော်မူခဲ့ပါပေသတည်း ဆိုရင် သာဓုခေါ်မှာစိုးလို့နော်၊ သတည်းမချတော့ဘူး။

အကျဉ်းချုံးလိုက်လို့ရှိရင် မနက်ကလိုပဲမှတ်ပါ။ သာဝတ္ထိပြည် ဇေတဝန်ကျောင်း သီတင်းသုံးတယ်ပေါ့။

မြတ်စွာဘုရား ဇေတဝန်ကျောင်းမှာ သီတင်းသုံးတော်စဉ်ကာလက ဆွေတော်မျိုးတော်တွေရေ သာဝတ္ထိမြို့ထဲက အမျိုးသားလေးတစ်ယောက် သူရဲ့နာမည်ကို **'အနုပုဗ္ဗ'**လို့ ခေါ်တယ်။

အနုပုဗ္ဗဆိုတဲ့ အမျိုးသားလေးက လူ့လောက၊ လူ့ပတ်ဝန်းကျင်၊ လူ့အသိုင်းအဝိုင်းမှာ နေပေမယ့်လို့ လူ့ကာမဂုဏ်ကို သူ အထင်မကြီးဘူး။

အဲဒီလို အထင်မကြီးတဲ့ အခါကျတော့ နေ့စဉ် နေ့စဉ် ဆွမ်းခံကြွတဲ့ ကိုယ်တော်လေးတစ်ပါး၊ အဲဒီကိုယ်တော်လေးကိုလေ သေသေချာချာ ဆွမ်းတွေ ဘာတွေလောင်းပြီးတော့ ငါတော့လေ... သံသရာ လွတ်မြောက်ရာ လွတ်မြောက်ကြောင်း၊ ဒုက္ခတွေလွတ်မြောက်ရာ လွတ်မြောက်ကြောင်းဖြစ်တဲ့ နိဗ္ဗာန်ကို သွားဖို့ရန်အတွက် လမ်းခရီးကို ငါ့အိမ် ဆွမ်းခံကြွတဲ့ ကိုယ်တော်လေးတစ်ပါးကို မေးဦးမှ။

အဲဒါနဲ့ ဆွေတော်မျိုးတော်တွေရေ... အနုပုဗ္ဗ သူဌေးသားနော်၊ အနုပုဗ္ဗ သူဌေးသားလေးက ဆွမ်းခံကြွလာတဲ့ ကိုယ်တော်လေးတစ်ပါး ဆွမ်းတွေလောင်း၊ ဆွမ်းတွေလောင်းပြီးတော့ **'ဧကမန္တံ နိသီဒိ'** ပေါ့လေ၊ အပြစ်ခြောက်ပါး ကင်းလွတ်တဲ့ နေရာမှာ ထိုင်လို့ သူဌေးသားလေးက ရဟန်းတော်ကို မေးတယ်။

အရှင်ဘုရား ဆင်းရဲခပ်သိမ်းတို့၊ ပူပန်ခပ်သိမ်းတို့၊ ဒုက္ခခပ်သိမ်းတို့ ချုပ်ငြိမ်းတဲ့... ယောဂီတို့ရေ ဘာတဲ့လဲ။

"နိဗ္ဗာန်ပါ ဘုရား"

နိဗ္ဗာန်နော်... အဲဒီနိဗ္ဗာန်ကို တပည့်တော်ရောက်ချင်လို့ဘုရား၊ တပည့်တော် နိဗ္ဗာန်ရောက်အောင် ဘယ်လိုကောင်းမှုတွေ လုပ်ရမလဲ၊ ဒါလေး တပည့်တော်ကို

အမိန့်ရှိပါ။ လျှောက်တဲ့အခါကျတော့ ကိုယ်တော်လေးက ဘာမိန့်သလဲဆိုရင်. . . .

ဒါဆိုရင် အနုပုဗ္ဗ အမျိုးသားရေ- မင်း ဒုက္ခခပ်သိမ်း၊ ဆင်းရဲခပ်သိမ်း၊ ပူပန်ခပ်သိမ်းတို့ ငြိမ်းချင်တယ်ဆိုလို့ရှိရင်- နံပါတ်တစ်အနေနဲ့ မင်းဘာလုပ်ရမလဲဆိုလို့ရှိရင် ဒါနကိုပြုပါ။

ရဟန်းတော်လေးက သူသိထားတဲ့ အတိုင်းပေ့ါဗျာ... နော်၊ ဒါနကိုပြုပါဆိုတဲ့ အခါကျတော့ဟာ... အနုပုဗ္ဗဆိုတဲ့ သူဌေးသားလေး ဒါနတွေပြုတာ မနက်တစ်ခေါက် ကျောင်းကိုသွားတယ်။ နေ့လယ်တစ်ခေါက် ကျောင်းကိုသွားတယ်။ ညနေတစ်ခေါက် ကျောင်းကိုသွားတယ်။ သွား...သွားပြီးတော့ ဒါနကောင်းမှုတွေလုပ်တာ၊ အဲဒီလို လုပ် လုပ်ပါများတဲ့ အခါကျတော့ နောက်ပိုင်း တဖြည်းဖြည်းနဲ့ ဒါနကောင်းမှုထက် ကြီးကျယ်တာ ဘာများရှိဦးမလဲ။

သူဌေးသား စဉ်းစားတယ်။ စဉ်းစားရင်းနဲ့ ကိုယ်တော် နောက်တစ်ခေါက်၊ နောက်တစ်လ ကြွလာတဲ့အခါကြတော့...

'အရှင်ဘုရား ဒုက္ခခပ်သိမ်း၊ ဆင်းရဲခပ်သိမ်း၊ ပူပန်ခပ်သိမ်း ငြိမ်းရာဖြစ်တဲ့ ကုသိုလ်ကောင်းမှုလေး ထပ်ညွှန်းပါဦးဘုရား' ဆိုတော့ ဟိုကိုယ်တော်က ဒါဆိုလို့ရှိရင် မင်း သရဏဂုံ ဆောက်တည်၊ ဘာကိုဆောက်တည်လဲ။

"သရဏဂုံဆောက်တည်ပါ ဘုရား"

ပထမဦးဆုံး ဆောက်တည် ခိုင်းဟာက တခြားလား၊ ဒါနလား။

"ဒါနပါ ဘုရား"

ဒါနဆိုတာ သံသရာလွတ်မြောက်ရာ လွတ်မြောက်ကြောင်း အထောက်အပံ့ထဲ မပါဘူးလား။

"ပါပါတယ် ဘုရား"

ဆိုကြည့်ပါလား...

***ဒါနမပါ၊ သံသရာ၊ မျက်နှာငယ်တတ်သည်။***

***ဒါနတန်ခိုး၊ စည်းစိမ်တိုး၊ ဖြိုးဖြိုးလျှံ၍ကြွယ်။***

ဒါနရှိမှ ခေါင်ကနေရမယ်။ ဒါနမရှိရင် မျက်နှာငယ်ရတယ်။ တကယ်လို့ လူ့ဘဝ လူ့လောကမှာ ယောဂီအပေါင်း သူတော်ကောင်းတို့ ကိုယ့်အသိုင်း အဝိုင်းနဲ့ နေကြတယ်။ သူ့အသိုင်းအဝိုင်းနဲ့ နေကြတယ်။ ဒီလိုမို့လား သူ့ပတ်ဝန်းကျင်နဲ့ ကိုယ့်ပတ်ဝန်းကျင် ယှဉ်လာလို့ရှိရင် ကိုယ့်ပတ်ဝန်းကျင် အနိုင်ရချင်တယ်။ သူ့အသိုင်း

အဝိုင်းနဲ့ ကိုယ့်အသိုင်းအဝိုင်း ယှဉ်လာကြပြီဆိုရင် ကိုယ့်အသိုင်းအဝိုင်းပဲ အနိုင်ရချင်တယ်ဆိုလို့ရှိရင် ဘာကိုလုပ်ရမလဲ၊ ဒါနကိုလုပ်။ ဆိုကြည့်ပါလား...

**အလှူဒါန၊ ပြုကြကိုယ်တိုင်၊**

**လူချင်းနတ်ချင်း၊ ဘဝချင်းယှဉ်ပြိုင်၊**

**အောက်ကျနောက်ကျ၊ မရောက်ရပါနိုင်၊**

**ချမ်းသာခြင်း၊ ပြိုင်ရင်း ကိုယ်ကနိုင်။**

သူများနဲ့ပြိုင် အလှချင်းပြိုင်၊ ရုပ်ရည်ချင်းပြိုင်၊ မစ္စည်းဥစ္စာချင်းပြိုင်၊ ရာထူးတွေပြိုင်၊ ဘာနဲ့ပြိုင်ပြိုင် အနိုင်ရချင်တယ် ဆိုရင် ဒါနကိုသာပြုပါ။

အဲဒီတော့ ယနေ့ ချမ်းသာနေတာ၊ ကြွယ်ဝနေတာ အဆင့်အတန်းမြင့်မြင့်လေးနေရတယ်ဆိုတာ ဒါနကျေးဇူးကြောင့်ပဲဗျာ။

အဲဒါနဲ့ ဒါနပြုပါဆိုတော့ ဒါနနဲ့ မရောင့်ရဲတာနဲ့ သူဌေးသားလေးက ဆက်လျှောက်တယ်။ အရှင်ဘုရား... သံသရာ လွတ်မြောက်ကြောင်း တပည့်တော် ဘာကုသိုလ် လုပ်ရဦးမလဲဆိုတော့ 'သရဏဂုံ' ဘာတဲ့လဲ။

"သရဏဂုံပါ ဘုရား"

**ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ။**

အဲဒီ သရဏဂုံကုသိုလ်ကလဲ သေးသေး လေး၊ ပါးပါးလေး၊ လွယ်လွယ်လေးဆိုပြီးတော့ ကုသိုလ်က မများဘူးလား။

"များပါတယ် ဘုရား"

သိပ်ပြီးတော့ ကြီးကျယ်တာ၊ ဗုဒ္ဓဘာသာဝင်တွေရဲ့ အသက်သည် သရဏဂုံ။ ကိုရင်လေးတစ်ပါးရဲ့ အသက်သည် သရဏဂုံ။

ကိုရင်လေး ရှင်ပြုပြီ။ ရှင်လောင်းဘဝ သင်္ကန်း ပရိက္ခရာတွေတော့ ပြည့်စုံပါတယ်။ ဆရာဥပဇ္ဈာယ်လဲ ရှိပါတယ်။ ဒါပေမယ့်လို့ အဲဒီ ကိုရင်ဝတ်မယ်ဆိုတဲ့ ရှင်သာမဏေလောင်းလေးက သရဏဂုံကို မပီသဘူးဆိုရင် ဘယ်တော့မှ ကိုရင် မဖြစ်ဘူး။

ဒါကြောင့်မို့လို့ ယောဂီအပေါင်း သူတော်ကောင်းတွေ ဦးဇင်းတို့တတွေမှာလဲပဲ ဗုဒ္ဓဘာသာဝင်တော့ ဖြစ်လာတယ်နော်။ ဦးဇင်းတို့ အမေကလဲ ဗုဒ္ဓဘာသာ၊ အဖေကလဲ ဗုဒ္ဓဘာသာဆိုတော့- အဲဒီအဖေ၊ အမေ ဗုဒ္ဓဘာသာတွေကမွေးတဲ့ သားတွေ၊ သမီးတွေကလဲ မိရိုးဖလာ ဗုဒ္ဓဘာသာတွေ မဖြစ်လာဘူးလား။

"ဖြစ်လာပါတယ် ဘုရား"

ဒါပေမယ့် အဲဒီကလေးဟာ အသက်(၂၀)လောက်အထိ၊ အသက်(၃၀) လောက်အထိ-

**ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ။**

ဒါမှ မရွတ်ဘူးဆိုရင် အဲဒါ မိရိုးဖလာပဲ၊ တကယ့် ဗုဒ္ဓဘာသာမဖြစ်ဘူး။ ဒါကြောင့်မို့လို့လေ သရဏဂုံကိုပဲ 'အနုပုဗ္ဗ' သူဌေးလေးက ပွားများနေတာ။ အဲဒီလို ပွားများရင်း ပွားများရင်းနဲ့ ယောဂီအပေါင်း သူတော်ကောင်းတို့ သူ့စိတ်က သိပ်မကျေနပ်နိုင်ဘူးတဲ့။

မကျေနပ်ပြန်တဲ့ အခါကျတော့... 'အရှင်ဘုရား ဒုက္ခခပ်သိမ်း၊ ဆင်းရဲခပ်သိမ်း၊ ပူပန်ခပ်သိမ်းတို့ရဲ့ငြိမ်းရာဖြစ်တဲ့နည်းလေးများရှိရင် တပည့်တော်ကို ထပ်ပေးပါဦး ဘုရား'

ဆိုတော့ ကိုယ်တော်က ထပ်ပြောတယ်။ ဒါဆိုရင် မင်း ငါးပါးသီလ လုံအောင် လုပ်ကွာ။ ငါးပါးသီလဆိုတာဟာလဲ နိဗ္ဗာန်ရဲ့ လမ်းအစပဲ။

ဦးဇင်းတို့ ခဏခဏ ပြောပါတယ်။ နိဗ္ဗာန်ကို သွားဖို့ရန်အတွက် ယောဂီတွေ လမ်းကြောင်းဘယ်နှစ်မျိုးလဲ။

"သုံးမျိုးပါ ဘုရား"

သီလရယ်၊ သမာဓိရယ်၊ ပညာရယ်။ တပည့်တော်တွေ နိဗ္ဗာန်ကို မြန်မြန် ရောက်ချင်လို့ သီလကိုကျော်ပစ်မယ်၊ သမာဓိတက်မယ် ရရဲ့လား။

"မရပါဘူး ဘုရား"

ဒါကြောင့်မို့လို့ သီလဆိုတဲ့ လှေကားထစ်ကိုတင် ကူးပြီးတော့ ကျော်ပြီးတော့ တက်လို့မရဘူး။ ပါဠိတော်ထဲကလဲ. . . .

မင်းတို့ကွာ ငါဘုရားပြောပြော၊ ငါဘုရား ဟောဟောနေတဲ့ ဒီနိဗ္ဗာန်ကို မင်းတို့ ဘားခုန်ကျော်သလို ကျော်လို့မရဘူး။

အဲဒီတော့ ယောဂီအပေါင်း သူတော်ကောင်းတို့ သီလနဲ့ မင်း ပြည့်စုံအောင် လုပ်ကွာတဲ့။ ငါးပါးသီလ ဆိုတော့ အဲဒီ ငါးပါးသီလကိုလဲ 'အနုပုဗ္ဗ'က မကျိုးမပေါက်အောင် စောင့်ရှောက်တာပဲ။

ငါးပါးသီလတော့ ယောဂီတို့ ဆင်းရဲခပ်သိမ်း ချုပ်ငြိမ်းချင်တယ်ဆိုရင် အားလုံးဟာ ဘာလဲ၊ စကားလေးတစ်ခုရှိပါတယ်။ ကိုယ်မကြိုက်တာ မလုပ်နဲ့။

အဲဒီတော့ ကိုယ်မကြိုက်တာ မလုပ်နဲ့ဆိုတော့ တစ်ခါပြောင်းပြန် ပြန်ပြော ကြည့်တော့ ကိုယ်ကြိုက်တာ ကိုယ်လုပ်ပေါ့။

ငါးပါးသီလကို ပြောနေတာ ကိုယ့်အသက်ကို သူများသတ်တာ ယောဂီတို့ ကြိုက်လား။

"မကြိုက်ပါဘူး ဘုရား"

မကြိုက်ရင် မလုပ်နဲ့လေ။ ကိုယ့်ကို သူများလိမ်တာ၊ ကိုယ့်ကို လာပြီးတော့ ညာတာကို ကြိုက်လား။

"မကြိုက်ပါဘူး ဘုရား"

ကိုယ့်ကိုလေ သူများက သစ္စာရှိရှိနဲ့ပေါင်းတာ၊ သစ္စာရှိရှိနဲ့ချစ်တာ။ သစ္စာရှိရှိနဲ့ ကိုယ့်ကိုခင်တာကို ကိုယ်မလိုလားဘူးလား။

"လိုလားပါတယ် ဘုရား"

ဒါဆိုလို့ရှိရင် ဘယ်သူတစ်ဦးတစ်ယောက်ကိုမှ သစ္စာမပျက်ပါစေနဲ့။ ကိုယ်ကြိုက်တာ ကိုယ်လုပ်တာ တရားပါပဲ။ ကိုယ်မကြိုက်တာ ကိုယ်မလုပ်တာလဲ တရားပါပဲတဲ့။

အဲဒီတော့... အရှင်ဘုရား၊ ဘုရားတပည့်တော်ကတော့ အရှင်ဘုရားပြောတဲ့အတိုင်း ဒါနကိုလဲပြုပြီးပါပြီ။ သရဏဂုံကိုလဲ ဆောက်တည်ပြီးပါပြီ။ ငါးပါးသီလကိုလဲ တပည့်တော်လုပ်ပြီးပါပြီ။ နောက် တပည့်တော် ဘာဆက်လုပ်ရဦးမလဲဆိုတော့ ကိုယ်တော်လေးက ဆက်ပြောတယ်။ ဒါဆိုလို့ရှိရင် မင်း ဆယ်ပါးသီလ စောင့်ထိန်းကွာတဲ့။

ဆယ်ပါးသီလဆိုတော့ တဖြည်းဖြည်းတော့ နေ့လွဲ ညစာတွေကောပါလို့ တဖြည်းဖြည်း တဖြည်းဖြည်း ရဟန်းတော်လေးက ကျုံ့ကျုံ့လာတာ။

အဲဒါနဲ့ ဆယ်ပါးသီလကိုလဲ သူပြည့်စုံအောင် လုပ်ပါတယ်။ စောင့်ရှောက်ပါတယ်။ ဒါပေမယ့် မကျေနပ်သေးဘူးတဲ့။ ဒီအနုပုဗ္ဗဆိုတဲ့ သူဌေးလေးကလေ မကျေနပ်သေးတဲ့အခါကျတော့ နောက်တစ်နေ့ ကြွလာတဲ့ ကိုယ်တော်ကလေးကို...

'အရှင်ဘုရား- တပည့်တော်သည် ဒါနကိုပြုပါတယ်။ သရဏဂုံ ဆောက်တည်ပါတယ်။ ငါးပါးသီလ ဆောက်တည်ပါတယ်၊ ဆယ်ပါးသီလ ဆောက်တည်ပါတယ်။ ဒါပေမယ့်လို့ မကျေနပ်သေးဘူး ဘုရား။ ဒါဆိုလို့ရှိရင် သံသရာထွက်မြောက်ရာ ထွက်မြောက်ကြောင်း နည်းကောင်းရှိရင် တပည့်တော်ကို ပေးဦးဘုရား'. . . . တောင်းချည်းပဲ တောင်းခဲ့တာ။

အဲဒီ သူဌေးသားလေးက ဆက်ဆက်တောင်းရင်း လျှာရှည်နေလို့ တရားက ရှည်တာ၊ တကယ်လို့သာ သူက တိုတို ကြိုက်ရင် တရားက တိုနေရော။

ဒါကြောင့်မို့လို့ တရားတွေများရှည်လို့ရှိရင် ဦးပဥ္စင်း အပြစ်မတင်နဲ့ အဲဒီသူဌေးသားလေး သွားအပြစ်တင်။ အခုတစ်ခါ ထပ်ပြီးတော့ တောင်းတယ်။ လေးမျိုးတောင် ပေးထားပြီးပြီ၊ ဘယ်နှစ်မျိုးလဲ။

"လေးမျိုးပါ ဘုရား"

အရှင်ဘုရား သံသရာလွတ်မြောက်ရာ လွတ်မြောက်ကြောင်းဖြစ်တဲ့ နိဗ္ဗာန်ရောက်ကြောင်း တပည့်တော်ကို နည်းကောင်းလေးရှိရင် ထပ်ပေးပါ။

တောင်းတဲ့အခါကျတော့ ဒီတစ်ခါတော့ ကိုယ်တော်လေးက အပြတ်ပြောလိုက်တယ်။ 'ဒါလောက်တောင် မင်း နိဗ္ဗာန်ကို လိုချင်တယ်။ ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းချင်တယ်ဆိုရင် ကိုယ့်လူရေ မင်း ဘုန်းကြီးဝတ်လိုက်တော့။

တကယ်ပြောတာ ယောဂီတို့... အဲဒီအတိုင်းပြောတာ ဟိုကိုယ်တော်ကနော်။ အဲဒီတော့ ယောဂီတွေလဲ ဒုက္ခခပ်သိမ်း မငြိမ်းချင်ဘူးလား။

"ငြိမ်းချင်ပါတယ် ဘုရား"

ငြိမ်းချင်တယ်ဆိုရင် အကြံပေးပါတယ်။ အဲဒီ ကိုယ်တော်ပြောတဲ့အတိုင်း ဘာလုပ်လိုက်လဲ။

"ဘုန်းကြီးဝတ်ပါတယ် ဘုရား"

သီလရှင်ဝတ်လိုက်၊ မယ်တော်ကြီးတွေနော်၊ ဒကာကြီးတွေက ဘုန်းကြီးတွေဝတ်လိုက် မကောင်းဘူးလား။

"ကောင်းပါတယ် ဘုရား"

တိုက်ရိုက်သာ နိဗ္ဗာန်ရောက်ချင်ရင် ဘာမှမပူနဲ့။ ကျုပ်နဲ့ တရားစခန်းပြီးရင် ဆရာတော်ကို ခွင့်တောင်းပြီးတော့လိုက်ခဲ့။ ဟသ်ာတမှာ 'နိဗ္ဗာန်ရွာ' ဆိုတာရှိတယ်။

အဲဒီ နိဗ္ဗာန်ရွာ၊ တန်းပြီးပို့ပေးရင် မကောင်းဘူးလား။

"ကောင်းပါတယ် ဘုရား"

အဲဒါ...အဲဒါ ဟိုမှာကြည့်စမ်း... အနုပုဗ္ဗသူဌေးသားကလေးကို ပြောနေတာ။ ကိုယ်တော်က မင်းဒီလောက်တောင် နိဗ္ဗာန်ကို လိုချင်တယ်ဆိုရင် ဘာလုပ်ပစ်လိုက်လဲ။

"ဘုန်းကြီး ဝတ်ပစ်လိုက်ပါ ဘုရား"

ဘုန်းကြီး ဝတ်ပစ်လိုက်ကွာတဲ့။ ဟိုကိုယ်တော်ကလဲ ဆရာ့စကားကို အသေအချာ နားထောင်တဲ့ကိုယ်တော်၊ ဒီသူဌေးသားလေးကလဲ ဆရာ့စကားကို လွန်နား

ထောင်တဲ့ သူဌေးသားလေး ဆိုတဲ့အခါကျတော့ ဆရာဖြစ်တဲ့ ပုဂ္ဂိုလ်က ဘုန်းကြီးဝတ် လိုက်ဆိုတော့လဲ တကယ့်ကိုဝတ်တာ။

ယောဂီတွေ ယောင်ပြီးတော့ မဝတ်နဲ့နော်...ဟုတ်ရဲ့လား၊ ဝတ်မိမှာစိုးလို့။

အဲဒါ ဘုန်းကြီးဘဝရောက်မှ 'ကိုးလို့ကန့်လန့်'၊ သီလရှင်ဘဝရောက်မှ- 'ကိုးလို့ ကန့်လန့်' ဖြစ်နေဦးမယ်နော်။ အဲဒါနဲ့ အနုပုဗ္ဗဆိုတဲ့ သူဌေးသားလေး လူ့ဘဝ ကာမ ဂုဏ်၊အာရုံတွေကနေ စွန့်ခွာပြီးတော့ **'အနာဂါရိယံ ပဗ္ဗဇ္ဇံ'**တဲ့။ ကြည့်စမ်း... အိမ်ရာ မထောင်တဲ့ ရဟန်းဘဝ ရောက်လာတယ်၊ ဘယ်ဘဝ ရောက်လာလဲ။

"ရဟန်းဘဝပါ ဘုရား"

အဲဒီတော့ ဘုန်းကြီးဘဝရောက်လာတော့ နာမည်လေးတစ်မျိုးပေါ့ဗျာ 'အနုပုဗ္ဗ ရဟန်း'။ အဲ...အနုပုဗ္ဗရဟန်းလေး သာသနာထဲ ရောက်လာတော့ သူ့ကို သာသနာထဲ ရောက်လာတဲ့ပုဂ္ဂိုလ်ကို ပရိယတ်တွေ၊ ပဋိပတ်တွေ အခြေချဖို့ဆိုပြီးတော့ ဆရာက သုံးဦးတဲ့။

## အပ်ဖျားပေါ်က မုန်ညင်းဆီ

မြတ်စွာဘုရားရဲ့ တရားတွေကို အကျဉ်းချုံးလိုက်တော့- သုတ္တန်, အဘိဓမ္မာ, ဝိနည်း ယောဂီတွေ ဘယ်နှစ်မျိုးလဲ။

"သုံးမျိုးပါ ဘုရား"

ဓမ္မက္ခန္ဓာနဲ့ တွက်တော့ (၈၄၀၀၀)၊ အများကြီးပဲနော်၊ အဲဒီတရားတွေကို ပြန်နည်းနည်းချုံးတော့ သုတ္တန်၊ အဘိဓမ္မာ၊ ဝိနည်း ဆိုပြီးတော့ ဒီသုံးမျိုးရှိတယ်။ ရှိတဲ့အခါကျတော့ သာသနာထဲဝင်လာတဲ့ အဲဒီ အနုပုဗ္ဗ သူဌေးသားလေးကို သုတ္တန် ဆရာကြီးကလဲ တစ်ခါတည်း သူ့ကိုသင်ပေးလိုက်တာ၊ သုတ္တန်တွေ အများကြီးပေါ့ နော်။ မင်း ဒီသုတ္တန်ကိုကြည့်ကွ၊ ဒါကိုကျက်ကွ၊ မင်း... ဒါလေးကျက်မှ မင်း သံသရာ ဝဋ်ဆင်းရဲက လွတ်မြောက်တဲ့နိဗ္ဗာန်ကို ရောက်မယ်ကွ။

အဲ...သုတ္တန်ဆရာက စာဝါပြီးတဲ့ အခါကျတော့ အဘိဓမ္မာ ဆရာကလဲ အဘိဓမ္မာ နည်းတွေနဲ့ သင်ပေးပြီးတော့ မင်း ဒီလိုတော့မနေနဲ့ကွာ- ဒီလိုတော့နေ။ ဒီလိုသာနေလို့ရှိရင် မင်းအပြစ်ရှိမယ်ကွ... ဆိုပြီးတော့ အဘိဓမ္မာနည်းတွေနဲ့ သူကလဲ ဆုံးမပြန်တယ်။ နောက်တစ်ခါကျတော့ အဘိဓမ္မာနည်းတွေ ပြီးတဲ့အခါကျတော့ ဝိနည်းဆရာ 'ဟေ့ကောင်- ရဟန်းဘဝဆိုတာ အပ်ဖျားပေါ်မှာတင်ထားတဲ့ မုံညင်းစေ့

လေးလိုပဲ၊ အပ်ဖျားပေါ်တင်ထားတဲ့ မုန်ညင်းစေ့လေးက ပြင်ပက လေနုလေးတွေ တိုက်ရင် မလဲနိုင်ဘူးလား။

"လဲနိုင်ပါတယ် ဘုရား"

ဒါကြောင့်မို့လို့ ဘုန်းကြီးဘဝကို ယောဂီတို့ရေ- သေးသေးလေး မထင်ပါနဲ့။ ဝိနည်းဆရာကလဲ အများကြီးသင်ပေးတယ်။ သုတ္တန်ဆရာကလဲ အများကြီး သင်ပေးတယ်။ အဘိဓမ္မာဆရာကလဲ အများကြီးသင်ပေးတယ်။ သင်ပေးတဲ့အခါကျတော့ မြတ်ဗုဒ္ဓရဲ့အဆုံးအမတွေချည်းပဲ။ မြတ်ဗုဒ္ဓရဲ့ အဆုံးအမတွေကို ဟိုဘက်က သင်လိုက် ဒီဘက်က သင်လိုက်။ သိက္ခာပုဒ်တွေက တဖြည်းဖြည်း တဖြည်းဖြည်း မများလာဘူးလား။

"များလာပါတယ် ဘုရား"

များလာတဲ့အခါကျတော့ ကိုယ်တော် တဖြည်းဖြည်း စိတ်ညစ်လာတယ်။ စိတ်ညစ်တဲ့အခါကျတော့ ထုံးစံအတိုင်း မပျော်တော့ဘူးဗျို့။

မပျော်ရင်တော့ ဘာလုပ်ရမှာလဲ။ လူထွက်တော့မယ်...တဲ့။

ကဲ...အနုပုဗ္ဗနော်။ သံသရာဝဋ္ဋဒုက္ခကြီးကနေ လွတ်မြောက်ချင်လို့ သာသနာ့ဘောင်ထဲ ငါ ဝင်ခဲ့ပါတယ်။ ဒါပေမယ့်လေ... ဒီကိုယ်တော်တွေ ငါ့ကို ဆုံးမတာ ကြည့်စမ်း။ သိက္ခာပုဒ်တွေကလဲ သုတ္တန်ဆရာက တစ်မျိုး၊ အဘိဓမ္မာ ဆရာကလဲ တစ်မျိုး၊ ဝိနည်းဆရာကတစ်မျိုး၊ တကယ်လို့သာ ငါ ဘုန်းကြီးဘဝနဲ့ မနေဘဲနဲ့ လူ့ဘုံလူ့လောကနဲ့ နေလိုက်လို့ရှိရင် အမယ်လေး... ငါးပါးသီလမြဲလို့ရှိရင် သေချာတယ် 'နတ်ပြည်'။

နတ်ပြည်မှာ နတ်သားလေးသွားဖြစ်ရင် တစ်ဖက်ကို ငါးရာ၊ စိတ်ကူးတာ စိတ်ကူးတာ၊ ရတာ မရတာကတော့ သူ့ကဏ္ဍာပေါ့။

အေးအေးဆေးဆေးလေး ဖြစ်ဦးမယ်တဲ့၊ အခုတော့...အခုတော့...သံသရာ ဝဋ္ဋဒုက္ခက လွတ်ချင်လို့၊ ဆင်းရဲခပ်သိမ်း လွတ်ချင်လို့၊ ဘုန်းကြီးဝတ်ခါမှ အဆုံးအမတွေ၊ သိက္ခာပုဒ်တွေကလဲများလိုက်တာ။ တော်ပြီ...တော်ပြီ။ အဲဒီလို-ယောဂီအပေါင်း သူတော်ကောင်းတို့ သူရဲ့သီတင်းသုံးဖော်ဖြစ်တဲ့ ဥပဇ္ဈာယ်ဆရာတွေဖြစ်တဲ့ သုတ္တန်၊ အဘိဓမ္မာ၊ ဝိနည်းဆိုတဲ့ ဆရာတွေကိုလဲ ရိုသေသမှုနဲ့ လူထွက်မယ်လို့ မလျှောက်ရဲဘူးတဲ့။

သီတင်းသုံးဖော် သံဃာတော် အရှင်မြတ်တွေကိုလဲ မလျှောက်ရဲတဲ့ အနုပုဗ္ဗ ကိုယ်တော်လေး ဆွေတွေမျိုးတော်တွေ တဖြည်းဖြည်း တဖြည်းဖြည်းနဲ့ ဘုန်းကြီးဘဝနဲ့

မပျော်တဲ့အခါကျတော့ အစားတွေလဲ ကောင်းကောင်းမစားတော့ဘူး၊ အိပ်တော့လဲ ကောင်းကောင်းမအိပ်တော့ဘူး၊ တွေးပြီပေါ့ဗျာ။

ခန္ဓာကိုယ်ပေါ်မှာ မချိုးကျလာဘူးလား။

"ချိုးကျပါတယ် ဘုရား"

ဟာ... ချိုးကျလာတဲ့အခါကျတော့ ဘေးကကိုယ်တော်တွေက မေးတယ်။

ကိုယ်တော် ဘာဖြစ်နေတာလဲ၊ ဆွမ်းလဲ ပုံမှန်မစားပါလား၊ ခေါင်းမြီးခြုံပြီးတော့ အိပ်နေပါလား၊ ကိုယ်တော် ဘာလုပ် နေတာလဲ။

ဟာ...တပည့်တော် တရားမှတ်နေတာ၊ ခပ်တည်တည်နဲ့။

အဲဒီတော့ ယောဂီအပေါင်း သူတော်ကောင်းတို့ ခန္ဓာကြီးက ချိုးကျနေတော့၊ ကိုယ်တော် ဘာဖြစ်နေတာလဲ၊ ဒီအကြောင်းလေး ပြောပြပါဆိုတော့ အနုပုဗ္ဗဆိုတဲ့ ရဟန်းလေးက ပြောပြတယ်။

'အရှင်ဘုရားတို့-တပည့်တော် မပျော်တော့ဘူးဘုရား၊ လူထွက်ချင်တယ်"

ဟာ... အရှင်ဘုရားပဲ သံသရာ ထွက်မြောက်ချင်တယ်ဆိုပြီးတော့ ရဟန်းဝတ်လာတာ၊ ဘုန်းကြီးဝတ်လာတယ်။ အခုထွက်တော့မယ်ဆိုတော့ ဘာအကြောင်းများကြောင့် ထွက်ချင်တာလဲ။

တော်ပြီ... သိက္ခာပုဒ်တွေကလည်း များတယ် အရှင်ဘုရား။ ဝိနည်းဆရာကလည်း တပည့်တော်ကို ဆုံးမတယ်။ ရဟန်းဘဝဆိုတာ အပ်ဖျားပေါ်တင်ထားတဲ့ ဘာလေးလဲ။

"မုန်ညင်းစေ့လေးပါ ဘုရား"

အရှင်ဘုရား အတိုက်တောင် မခံဘူးဆိုတော့ မဖြစ်တော့ဘူး။ လူထွက်တော့မယ် ဘုရား၊ ဒါကြောင့်မို့လို့ လူထွက်ချင်လို့ အရှင်ဘုရားတို့ကို တပည့်တော်လဲ မလျှောက်ရဲ၊ ဥပဇ္ဈာယ် ဆရာတွေလဲ မလျှောက်ရဲတဲ့အခါကျတော့ တပည့်တော်ရဲ့ ခန္ဓာကိုယ်တွေ ပိန်ချုံးပြီးတော့ ဒီလိုနေရပါတယ် ဘုရားလို့ဆိုတော့ အဲဒါနဲ့ ဆရာတွေက ကြံတာပေါ့။

ဥပဇ္ဈာယ်ဆရာတွေကလဲ ကိုယ်တော်ကလူထွက်တော့မယ်၊ ခက်ပြီ၊ သိက္ခာပုဒ်တွေကလဲ ဒီအတိုင်းဆို သင်ပြီးသားတွေဖြစ်နေပြီ။ အဲဒီတော့ သိက္ခာပုဒ်တွေကို ပြန်လျှော့လို့ကလဲ သူတို့ဟာ သူတို့ လျှော့လို့ရော ဖြစ်ပါ့မလား။

"မဖြစ်ပါဘူး ဘုရား"

အဲ...မဖြစ်တဲ့အခါကျတော့ ဟေး ဟေး... ကိုယ်တော် လူထွက်ချင်တယ် ဆိုလို့ရှိရင်လဲ မထွက်ပါနဲ့လို့တော့ တို့မပြောပါဘူးကွယ်၊ ထွက်ချင်သပ့် ဆိုရင်လဲ ထွက်ပေါ့။ ဒါပေမယ့် အကြံပေးချင်တာက မင်း လူမထွက်မီ ငါတို့နဲ့ လိုက်ခဲ့ကွာ၊ သုတ္တန်၊ အဘိဓမ္မာ၊ ဝိနည်းဆရာ ဘယ်နှစ်ဦးလဲ။

"သုံးဦးပါ ဘုရား"

အဲဒီသုံးဦးက ဆွေတော်မျိုးတော်တွေ အဲဒီကိုယ်တော်လေးကို လက်ဆွဲပြီး တော့ ဘုရားထံခေါ်သွား။ ဘုရားထံ ခေါ်သွားတဲ့အခါကျတော့ ဘုရားရှင်ကိုယ်တော် မြတ်က လှမ်းမေးတယ်။

"ချစ်သားတို့ အလိုမတူဘဲနဲ့ ငါဘုရားထံ ဒီအနုပုဗ္ဗဆိုတဲ့ ရဟန်းလေးကို ဘာကြောင့်ခေါ်လာတာလဲ"

ဘုရားက ဆွေတော်မျိုးတော်တွေ အကုန်လုံးသိပါတယ်။

***သဗ္ဗံ ဇာနာတီတိ သဗ္ဗညူ။***

**သဗ္ဗံ**-အလုံးစုံသောတရားတွေကို၊ **ဇာနာတိ**-သိတော်မူတတ်တယ်၊ **တသ္မာ**-ထို့ကြောင့်၊ **သောဘဂဝါ**- ယောဂီအပေါင်းသူတော်ကောင်းတို့ရဲ့ ဘုရားရှင်၊ ဦးဇင်းတို့ရဲ့ ဘုရားရှင်ကိုယ်တော်မြတ်သည်၊ **သဗ္ဗညူ**-သဗ္ဗညူလို့ခေါ်တယ်။ ဘုရား မသိတာ ဘာမှမရှိ။

အခုလဲပဲ ဒီကိုယ်တော်လေးကို ဘာကြောင့်ခေါ်လာရသလဲ ဆိုတာ ဘုရား သိပါတယ်၊ သိပေမယ့် ဘေးကပရိသတ်တွေ အမြင်ရှင်းချင်လို့ ဟဲ့-ချစ်သားတို့ အလို မတူဘဲ ဒီကိုယ်တော်လေး ငါဘုရားထံဘာပြုလို့ ဒီကို မင်းတို့ခေါ်လာတာလဲလို့ မေးတဲ့ အခါကျတော့...

မြတ်စွာဘုရား... ဒီကိုယ်တော်ပေါ့ သံသရာဝဋ္ဋဒုက္ခတွေက လွတ်ငြိမ်းချင်လို့ ဆိုပြီးတော့ ဘုန်းကြီးဝတ်လာတယ်။ ဒီရောက်တော့လဲ တပည့်တော်တို့ကပဲ တပည့် တော်တို့ လုပ်တဲ့အတိုင်းပေါ့ဘုရား။ ဒါက သုတ္တန်၊ ဒါက အဘိဓမ္မာဆရာ၊ ဒါက ဝိနည်း ဆရာ။ တပည့်တော်တို့ တာဝန်အရ သင်ပေးတာ။ အခုတော့ဘုရား သူက သိက္ခာပုဒ်တွေများလို့ မကျင့်နိုင်တော့ဘူး ဆိုပြီးတော့- လူထွက်တော့မယ်လို့ ပြောနေ တယ်တဲ့ ဘုရား၊ အဲဒါကို တပည့်တော်တို့လဲ မတတ်နိုင်လို့ ဘုရားရှင်ထံ ခေါ်လာ ဘာပါ"

အဲဒီတော့ မြတ်စွာဘုရားက မေးတယ်။

"ချစ်သား မင်းရဲ့ဆရာသမားတွေဖြစ်တဲ့ သုတ္တန်၊ အဘိဓမ္မာ၊ ဝိနည်းဆရာတွေက သိက္ခာပုဒ်တွေ အများကြီး သင်ပေးလို့ မင်း လူထွက်ချင်တယ်ဆိုတာ ဟုတ်ရဲ့လားကွာ"

ဆိုတော့ ချစ်စရာကောင်းတာက ရှေးတုန်းက ဘုရားလက်ထက်တုန်းက လူတွေ၊ ဘုရားလက်ထက်တော်တုန်းက ရဟန်းတော်တွေဟာ အပြစ်မကျူးလွန်ဘူးတော့ မဟုတ်ဘူး။ ပုထုဇဉ်တွေရဲ့ သဘာဝ ကျူးလွန်ကြတာပဲ။

ဒါပေမယ့် ဘုရားအစရှိတဲ့ သူတော်ကောင်းတွေဟာ မင်း ဒီအပြစ်ကျူးလွန်လား- ဟေ့ဆိုရင် ဟုတ်ရင် ဟုတ်တယ်ပဲ။ ဘယ်တော့မှ မုသာဝါဒကို မသုံးဘူး၊ ဒီလိုဟာလေးတွေ သိပ်ကောင်းတာနော်၊ ယောဂီအပေါင်း သူတော်ကောင်းတို့။

အဲဒါ...အဲဒါလေးကို ဘုရားရှင်ကိုယ်တော်မြတ်က မေးတဲ့အခါကျတော့...

"ဟုတ်ပါတယ် မြတ်စွာဘုရား...တပည့်တော် သံသရာဝဋ္ဋဒုက္ခ လွတ်ငြိမ်းချင်တဲ့အတွက်ကြောင့် သာသနာ့ဝန်ထမ်းဆိုတဲ့ ရှင်ရဟန်းပြုခဲ့ပါတယ်။ ဒါပေမယ့် ဒီအထဲထဲ ရောက်လာခဲ့တဲ့အခါကျတော့ တပည့်တော်ကိုသင်ပေးတဲ့ သိက္ခာပုဒ်တွေက အများကြီးပဲ။ ဟိုဘက်မှာထိုင်နေတဲ့ ကိုယ်တော်၊ အဲဒါ ဝိနည်းဆရာဘုရား။ အမယ်... သူကနော်၊ အဲဒီ ဝိနည်းဆရာက တပည့်တော်ကို ပြောတာရှိသေးတယ်ဘုရား၊ ရဟန်းဘဝဆိုတာ အပ်ဖျားပေါ်တင်ထားတဲ့ ဘာလေးနဲ့တူ..."

"မုန်ညင်းစေ့လေးနဲ့ တူပါတယ် ဘုရား"

အဲ... အဲဒါကတော့ စာထဲမပါဘူး၊ ကျုပ်ဟာ ကျုပ် ထည့်ပြောတာနော်။ စာနဲ့လာငြိမှာစိုးလို့၊ စာနဲ့လာငြိရင် ကျုပ်ခံရပြီသာမှတ်။ အဲ... စာနဲ့ ပေနဲ့တော့ လာမညှိနဲ့၊ အဲဒါ ကိုယ်တော်လေးက ဘုရားကိုလျှောက်တယ်။

"ဟိုဘက်မှာဘုရား. . . . အဲဒါ ဝိနည်းကိုယ်တော်ပါ ဘုရား၊ တပည့်တော်ကို သူပြောတာက ရဟန်းဘဝဆိုတာ ဟိုအပ်ဖျားပေါ်က မုန်ညင်းစေ့လေးလိုပဲတဲ့။ အထိအခိုက်၊ အတိမ်းအစောင်းကို မခံဘူးတဲ့" အဲဒီလောက်ဆိုတော့ တပည့်တော် မနေနိုင်တော့ဘူး ဘုရား၊ ထွက်တော့မှာပါ။ ဆိုတဲ့အခါကျတော့ မြတ်စွာဘုရားက မေးတယ်။

"ချစ်သား... မင်း သိက္ခာပုဒ်တွေများလို့ လူထွက်ချင်တယ်ဆိုရင် မင်းတစ်ပါးတည်းအတွက် သိက္ခာပုဒ်တစ်ပုဒ်ပဲ ငါဘုရား ပညတ်မယ်ဆိုရင်ကော မင်း လူမထွက်ဘဲ နေနိုင်မလား" လို့ မေးတဲ့အခါကျတော့...

"မြတ်စွာဘုရား တပည့်တော်ကို ဒီသာသနာထဲမှာ နေမယ်ဆိုရင် မြတ်စွာဘုရားက သိက္ခာပုဒ် တစ်ပုဒ်တည်း ကျင့်ရမှာလား ဘုရား"

"အေး. . . . ဟုတ်တယ် ချစ်သား"

"ကိုင်း. . . . ဒါဆိုရင်တော့ အိုကေပဲဘုရား"

ခင်ဗျားတို့စာထဲမှာ အိုကေ သွားပြီးတော့မရှာနဲ့ ဟုတ်ပြီလား၊ အေဘီစီလဲ မရှိဘူး။

အိုကေပဲ ဘုရား၊ ဒါဆိုရင်တော့ တစ်ပုဒ်တည်း ဆိုလို့ရှိရင်တော့ တပည့်တော် လူမထွက်တော့ဘူး၊ အရှင်ဘုရား ပညတ်တဲ့အရာက ဘယ်လိုအပုဒ်တဲ့လဲ။ လှမ်းမေး တော့ ပျော်လာပြီကိုးဗျနော်။ အဲဒါနဲ့ ဦးဇင်းတို့ရဲ့ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင် ကိုယ်တော်မြတ်က...

## စိတ်ကို ဆုံးမ တရားရေ

**စိတ္တံ ရက္ခေထ မေဓာဝီ၊ စိတ္တံ ဒန္တံ သုခါဝဟံ။**

**ဘိက္ခဝေ**- ချစ်သား၊ ချစ်သမီးတို့၊ **စိတ္တံ ရက္ခေထ မေဓာဝီ**- သင်ချစ်သားရဲ့ နှလုံးအိမ်မှာ ရှိတဲ့ စိတ်ကလေးတစ်လုံး၊ ယောဂီတို့ ဘာလေးတစ်လုံးလဲ။

"စိတ်ကလေးတစ်လုံးပါ ဘုရား"

အဲဒီစိတ်ကလေးတစ်လုံးကိုသာ သင်ချစ်သား စောင့်ရှောက်လိုက်ပါတော့၊ ဘာလေးတစ်လုံးကို စောင့်ရှောက်ခိုင်းတာလဲ။အဲဒါ ငါဘုရား မင်းအတွက် သီးခြား ပညတ်တာတဲ့။ဆိုပြီးတော့ အဲဒါ မြတ်စွာဘုရားက ဒီတရားလေးကို ဟောတာနော်။

**စိတ္တံ ရက္ခေထ မေဓာဝီ၊ စိတ္တံ ဒန္တံ သုခါဝဟံ။**

**ဘိက္ခဝေ**- ချစ်သား ချစ်သမီးတို့၊ **စိတ္တံ**- သင်တို့ရဲ့စိတ်ကို၊ **ရက္ခေထ**- ဆုံးမကြစမ်းပါ၊ ဘာကိုဆုံးမခိုင်းလဲ။

"စိတ်ကိုပါ ဘုရား"

**စိတ္တံ ဒန္တံ** - စိတ်ကလေးတစ်လုံးကို ဆုံးမနိုင်တဲ့ ပုဂ္ဂိုလ်ဟာ၊ **သုခါဝဟံ**- လူချမ်းသာ၊ နတ်ချမ်းသာ၊ ဗြဟ္မာ ချမ်းသာ၊ နိဗ္ဗာန်ချမ်းသာ။ အို...လောကီချမ်းသာ၊ လောကုတ္တရာချမ်းသာ၊ ချမ်းသာတွေအားလုံးကို အကုန်လုံးရစေတယ်ဟေ့တဲ့ ဘာတဲ့လဲ။

"စိတ်ကလေးတစ်လုံးပါ ဘုရား"

အဲဒါနဲ့ပဲ မြတ်စွာဘုရားရေ... ဒါဆိုရင်တော့ တပည့်တော် ဒီစိတ်ကလေး တစ်လုံးထဲထိန်းရမယ်၊ ဒီသိက္ခာပုဒ်လေး တစ်ပုဒ်ထဲ ဆိုရင်တော့ အိုကေပဲ ဘုရား။ တပည့်တော် လူမထွက်တော့ဘူးဘုရား ဆိုပြီးတော့ အဲဒါ ဘုရားဆီကနေ ထပြီး ပြန်သွားတာနော်၊ ပြန်သွားတဲ့အခါကျတော့ အဲဒီ 'အနုပုဗ္ဗ'ဆိုတဲ့ ကိုယ်တော်လေးက သွားရင်းနဲ့ စဉ်းစားတယ်။

"ဩော်...ကြည့်စမ်း ဘုရားဟောတဲ့တရား မှန်လိုက်တာ၊ ငါရဲ့ဆရာဘုန်းကြီး တွေ သုတ္တန်၊ အဘိဓမ္မာ၊ ဝိနည်းတွေ သိက္ခာပုဒ်တွေ ဘယ်လောက်ပဲ ပညတ် ပညတ်"

သိက္ခာပုဒ်တွေ ဘယ်လောက်ပဲများများ တကယ်တော့ ထိန်းရတာတွေ အချုပ်က ဘာလေးနဲ့ထိန်းရ။

"စိတ်နဲ့ပါ ဘုရား"

စိတ်ကလေးနဲ့ပဲ ထိန်းရတာ၊ စိတ်တစ်ခုလေးကို ငါ လုံခြုံအောင်ထိန်းရင် ယောဂီအပေါင်း သူတော်ကောင်းတို့ ကျန်တဲ့ဟာတွေ ထိန်းစရာလိုသေးလား။

"မလိုတော့ပါဘူး ဘုရား"

ရှင်းရှင်းပြောလို့ရှိရင် အိမ်အတွင်းကနေပြီးတော့ အိမ်အပြင်တောင်မှ မထွက်တဲ့ ကိုယ့်သားသမီးကို...ဟော့... ငါ့သား၊ ငါ့သမီး မင်းတို့ ရုပ်ရှင်ရုံတွေမသွားနဲ့နော်။ လောင်းကစားတွေ မလုပ်နဲ့လို့ပြောရင် ပြောဖို့လိုသေးလား။

"မလိုတော့ပါဘူး ဘုရား"

ထိုနည်းတူစွာပဲ စိတ်ကလေးတစ်လုံးကို ပိုင်အောင်နိုင်အောင် ထိန်းသိမ်းချုပ်လိုက်တာနဲ့ တစ်ပြိုင်နက် ဘုရားရှင်မြတ်နဲ့ ဓမ္မက္ခန္ဓာပေါင်း (၈၄၀၀၀) ဘယ်လောက်ပဲ များများတဲ့။ ဒါလေး တစ်လုံးကို ထိန်းလိုက်တာနဲ့ တစ်ပြိုင်နက်၊ ချမ်းသာကြီးလေးမျိုး၊

လူချမ်းသာ၊ နတ်ချမ်းသာ၊ ဗြဟ္မာချမ်းသာ၊ နိဗ္ဗာန်ချမ်းသာ၊ ချမ်းသာ ဘယ်နှစ်မျိုးလဲ။

"လေးမျိုးပါ ဘုရား"

အဲဒီ ချမ်းသာလေးမျိုးကို အကုန်လုံးရစေတယ်။ ယောဂီအပေါင်း သူတော်ကောင်းတို့လဲ နေ့စဉ် ဝိပဿနာတွေ အားမထုတ်ဘူးလား။

"အားထုတ်ပါတယ် ဘုရား"

အားထုတ်တဲ့ အခါကျတော့ စိတ္တာနုပဿနာမှာ လေကိုထုတ်သောစိတ်၊ လေကို သွင်းသောစိတ်၊ မရှိဘူးလား။

"ရှိပါတယ် ဘုရား"

မြင်စိတ်၊ ကြားစိတ်၊ နံစိတ်၊ စားစိတ်၊ ယားနာကောင်းစိတ် မရှိဘူးလား။

"ရှိပါတယ် ဘုရား"

အဲဒါ အပြင်ညှော်သည်လား၊ အတွင်းညှော်သည်လား။

"အတွင်းညှော်သည်ပါ ဘုရား"

ဘာလို့အတွင်း ညှော်သည်ရမလဲ၊ အပြင် ညှော်သည်၊ ဘယ်နှစ်ယောက်လဲ။

"နှစ်ယောက်ပါ ဘုရား"

အဲဒါကြောင့်မို့လို့ မိုးကုတ်ဆရာတော်တွေ အဆိုခိုင်းတာ ယောဂီတို့ရဲ့နော်။

မြင်စိတ်၊ ကြားစိတ်၊ နံစိတ်၊ စားစိတ်၊ ယားနာကောင်းစိတ်၊ အပြင်ဧည့်သည် (၅)ယောက်။ ဘယ်နှစ်ယောက်လဲ. . . .

"ငါးယောက်ပါ ဘုရား"

လောဘစိတ်၊ ဒေါသစိတ်၊ မောဟစိတ်၊ အလောဘစိတ်၊ အဒေါသစိတ်၊ တွေးတောစိတ်၊ အတွင်းဧည့်သည် ဘယ်နှစ်ယောက်လဲ။

"ခြောက်ယောက်ပါ ဘုရား"

အဲဒီတော့ ယောဂီအပေါင်း သူတော်ကောင်းတို့ ဘယ်စိတ်တွေပဲ ပေါ်လာပေါ်လာ ဟုတ်ရဲ့လား၊ ဘာတွေပဲ ပေါ်လာပေါ်လာ စိတ်ကလေးတစ်လုံးကို ဆုံးမလိုက်တာနဲ့ တစ်ပြိုင်နက် ဘယ်အာရုံလောကဓံတရားတွေပဲ ပေါ်လာပေါ်လာ စိတ်ကို ဆုံးမလိုက်တာနဲ့ တစ်ပြိုင်နက် ယောဂီတို့မျှော်မှန်းတဲ့ နိဗ္ဗာန်ကို မရနိုင်ဘူးလား။

"ရနိုင်ပါတယ် ဘုရား"

အေး. . . . ဒါကြောင့်မို့လို့ ဦးဇင်းတို့ ကနေ့ဟောတဲ့တရားဟာ တခြားလား၊ စိတ်ပဲလား။

"စိတ်ပါ ဘုရား"

စိတ်ကိုဆုံးမပါတဲ့။ ဒါဆိုလို့ရှိရင် အချိန်ကလဲစေ့ပြီမို့ ဒီတင်ပဲ နိဂုံးတံမယ်နော်၊ ကဲ. . .လင်္ကာလေးလိုက်ဆို. . .

***လူ့ပြည်နတ်ပြည်၊ ဗြဟ္မာပြည်၊ ကျင်လည်စိတ်ကြောင့်သာ။***

**အပါယ်လေးပါး ကျသူများ၊ မှတ်သားစိတ်ကြောင့်သာ။**

***နိဗ္ဗာန်သာခေါင်၊ ဘေးမဲ့သောင်၊ စိတ်ဆောင်ရောက်မည်သာ။ ။***

အဲဒီတော့ ယောဂီအပေါင်း သူတော်ကောင်းတို့ လိုချင်တာက တခြားလား နိဗ္ဗာန်လား။

"နိဗ္ဗာန်ပါ ဘုရား"

အဲဒီ နိဗ္ဗာန်ကို လိုချင်တပ်မက်တယ်ဆိုရင် စိတ်ကို အလိုမလိုက်ရဘူး ကိုယ်ရဲ့ ရည်မှန်းချက်က. . . .

**သံသာရ ဝဋ္ဋ ဒုက္ခတော မောစနတ္ထာယ ဝိပဿနာ ကမ္မဋ္ဌာနံ ဒေထ။**

သံသရာ ဝဋ်ဆင်းရဲမှ လွတ်မြောက်ဖို့ရန်အတွက် တပည့်တော်ကို ဝိပဿနာ ကမ္မဋ္ဌာန်းပေးပါ ဘုရား။ အဲဒီလိုတောင်းဆိုရင် ကိုယ့်ကို တောင်းတထားတဲ့အတိုင်း စိတ်ကို မဆုံးမရဘူးလား။

"ဆုံးမရပါတယ် ဘုရား"

တရားမနာချင်တဲ့ စိတ်လေးကို တရားနာချင်အောင်ဆုံးမ ဟုတ်ပြီနော်။ တရားအားမထုတ်ချင်တဲ့ စိတ်လေးကို တရားအားထုတ်ချင်အောင် ဆုံးမ၊ ကုသိုလ်နဲ့ အကုသိုလ်ဆိုတာ အစုန်နဲ့အဆန်။

အဆန်ဆိုတာက မခက်ဘူးလား။

"ခက်ပါတယ် ဘုရား"

အစုန်ဆိုတာက မလွယ်ဘူးလား။

"လွယ်ပါတယ် ဘုရား"

ကုသိုလ်တရားဆိုတာ အဆန်တရားပါ၊ ဆန်ပြီးတော့ တက်ရတာခက်ခဲတယ်၊ ဘုရားရှိခိုးရမှာ ပျင်းတာပဲ၊ တရားအားထုတ်ရမှာ ပျင်းတာပဲ။ တရားနာရမှာမို့ ပျင်းတာပဲ။

**ဒုက္ခသ အနန္တရဲ့ သုခံ။**

အဲဒီ ဒုက္ခလေးတွေရဲ့ ဟိုဘက်မှာ ချမ်းသာရှိတယ်။

အဲဒီတော့ အစုန်တရားကတော့ လွယ် လွယ်လေး၊ ဘာမှမလုပ်ဘဲ ဒီအတိုင်းနေလဲ အကုသိုလ်က သူ့ဟာသူဖြစ်နေတာပဲ။ ဒါကြောင့်မို့လို့ 'စိတ်ကိုဆုံးမပါ'။

အဲဒီတော့ နိဗ္ဗာန်လိုချင်တဲ့ ပုဂ္ဂိုလ်၊ အခြားဆုံးမရမှာလား၊ စိတ်ကိုဆုံးမရမှာလား။

"စိတ်ကိုဆုံးမရမှာပါ ဘုရား"

ဩော်...စိတ်ကိုဆုံးမပြီးတော့ ဝိပဿနာတရားတွေအားထုတ်။

အဲဒီလို အားထုတ်လိုက်တဲ့ အခါကျတော့လဲ ဘုရားအစရှိတဲ့ သူတော်ကောင်းတွေက တခြားကြည့်ရမှာလား ခန္ဓာကြည့်ရမှာလား။

"ခန္ဓာပါ ဘုရား"

ခန္ဓာကြီး ဉာဏ်နဲ့ကြည့်၊ မဖြစ်မပျက်တဲ့အချိန်ကော ရှိရဲ့လား။

"မရှိပါဘူး ဘုရား"

ဖြစ်လိုက်. . . .

"ပျက်လိုက်"

မွေးလိုက်. . . .

"သေလိုက်"

ဖြစ်လိုက်၊ ပျက်လိုက်၊ မွေးလိုက်၊ သေလိုက်ဆိုတော့ ယောဂီအပေါင်း သူတော်ကောင်းတို့ အဲဒီခန္ဓာလိုချင်တဲ့ တဏှာ လာဦးမလား။

"မလာတော့ပါဘူး ဘုရား"

လိုချင်တယ် လိုချင်တယ်ဆိုတာ ယောဂီအပေါင်း သူတော်ကောင်းတို့ ခန္ဓာကိုယ် မုန်းလို့လား- ချစ်လို့လား။

"ချစ်လို့ပါ ဘုရား"

တကယ်လို့သာ မုန်းခဲ့တယ်ဆိုလို့ရင် ယောဂီအပေါင်း သူတော်ကောင်းတို့ ချစ်ခင်တဲ့တဏှာ လာဦးမလား။

"မလာတော့ပါဘူး ဘုရား"

စွဲလမ်းတဲ့ ဥပါဒါန်ကော လာဦးမလား။

"မလာတော့ပါဘူး ဘုရား"

ပြုလုပ်တဲ့ ကံတွေကော လာဦးမလား။

"မလာတော့ပါဘူး ဘုရား"

ယောဂီတို့ တဏှာ၊ ဥပါဒါန်၊ ကံမှ မလာတော့ဘူးဆိုရင် ဘဝဆိုတဲ့ ဇာတိလေး ရဦးမလား။

"မရပါဘူး ဘုရား"

ဒါဆိုရင် အိုစရာ လိုသေးလား။

"မလိုတော့ပါဘူး ဘုရား"

နာစရာကော လိုသေးလား။ သေစရာကော လိုသေးလား

"မလိုတော့ပါဘူး ဘုရား"

ယောဂီတို့ 'အို နာ သေ' ကင်းတာ၊ တခြားလား၊ နိဗ္ဗာန်လား။

"နိဗ္ဗာန်ပါ ဘုရား"

ဒီနိဗ္ဗာန်ကို အလိုလိုရတာလား၊ 'အိုနာသေ' ကင်းလို့လား။

"အိုနာသေ ကင်းလို့ပါ ဘုရား"

အိုနာသေ အလိုလိုကင်းတာလား၊ ဘဝ၊ ဇာတိ ချုပ်လို့လား။

"ဘဝ၊ ဇာတိချုပ်လို့ပါ ဘုရား"

ဩော်...ယောဂီတို့ ဘဝ၊ ဇာတိကလဲ အလိုလိုမချုပ်ပါဘူး၊ တဏှာ၊ ဥပါဒါန်၊ ကံလို့ခေါ်တဲ့ 'သမုဒယ'သေမှ- 'သမုဒယ'ဆိုတာ တခြားလား၊ သံယောဇဉ်လား။

"သံယောဇဉ်ပါ ဘုရား"

အဲဒီ သံယောဇဉ်ဆိုတဲ့ 'သမုဒယကြီး' လောဘ၊ ဒေါသစတဲ့ ကိလေသာတရားကြီးကလဲ အလိုလိုသေမှာလား ခန္ဓာကြီး ဉာဏ်နဲ့ကြည့်မှလား။

ခန္ဓာကြီး ဉာဏ်နဲ့ကြည့်တဲ့အလုပ်ဟာ အခြားအလုပ်လား ဝိပဿနာအလုပ်လား။

"ဝိပဿနာပါ ဘုရား"

ဝိပဿနာဆိုတဲ့ ဉာဏ်တရားတွေနဲ့ ခန္ဓာကြီးကို လှမ်းပြီးကြည့်လိုက်တဲ့အခါ ခန္ဓာကြီးမှာ မဖြစ်မပျက်တဲ့အချိန်ရှိလား။

"မရှိပါဘူး ဘုရား"

ဖြစ်လိုက်...

"ပျက်လိုက်"

မွေးလိုက်...

"သေလိုက်"

ဖြစ်ပျက်က ဘာသစ္စာ...

**"ဒုက္ခသစ္စာ"**

ကြည့်... သိတဲ့ဉာဏ်က ဘာသစ္စာ...

**"မဂ္ဂသစ္စာ"**

သေတာက ဘာသစ္စာ...

**"သမုဒယသစ္စာ"**

နောင်ခန္ဓာမလာတာက ဘာသစ္စာ...

**"နိရောဓ သစ္စာ"**

ယောဂီတို့ရေ သစ္စာဘယ်နှစ်ချက်ကိုက်...

"လေးချက်ကိုက်ပါတယ် ဘုရား"

ကဲ... သစ္စာလေးချက် တစ်ပြိုင်နက်တည်း ကိုက်သောကြောင့် ယောဂီအပေါင်း သူတော်ကောင်းတို့သည် မိမိတို့ အားထုတ်အပ်တဲ့ ဝိပဿနာဉာဏ်သည် 'နိဗ္ဗာန်ကို လျင်မြန်စွာ မျက်မှောက်ပြုပါစေ' လို့ ပတ္ထနာပြုရင်းနဲ့ အချိန်လည်းစေ့လို့ ဒီနေ့ တော်ကြဦးစို့...။

"သာဓု...သာဓု...သာဓု"

# သံယောဇဉ်ဖြတ်နည်း နိဿရည်း တရားတော်

*(သာသနာနှစ် ၂၅၅၃-ခု၊ ကောဇာသက္ကရာဇ် ၁၃၇၁-ခု၊ ဝါခေါင်လဆန်း ၁၄ ရက်၊ ၄-၈-၂၀၀၉ (အင်္ဂါနေ့) နံနက်ပိုင်း၊ ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်သစ်ရပ်ကွက်၊ သုဝဏ္ဏမြို့ဦးဘုရားအနီး စံရိပ်ငြိမ်ကျောင်းတိုက်တော်အတွင်း မိုးကုတ်ဝိပဿနာ "သစ္စာဓမ္မသဘင်"၌ ဟောကြားသည်။)*

အားလုံးသော ယောဂီအပေါင်း သူတော်ကောင်းတို့...

သင့်တင့်သော ဣရိယာပုတ်မျှတသော အနေအထားအားဖြင့်ဟိုင်ပြီးတော့ မြတ်ဗုဒ္ဓရဲ့ဓမ္မကို ကောင်းစွာပူဇော်နိုင်ကြပါပြီ။

**ဓမ္မသဘင်စတင်ပါပြီ**

ဒီနေ့နံနက်ခင်းမှာ ဟောကြားမည့် ဓမ္မရဲ့ နာမ၊ တရားရဲ့အမည်ကတော့ **"သံယောဇဉ်ဖြတ်နည်း နိဿရည်း"** တဲ့။

ကဲ... ယောဂီအပေါင်း သူတော်ကောင်းတို့ နည်းနည်းလေး လိုက်ဆိုဦး။

**တင်ပျဉ်ခွေကာ ထိုင်နေပါ၊**
**ခါးမှာ ဖြောင့်ဖြောင့်ထား။**
**မလှုပ်ကြွနေ ငြိမ်ငြိမ်နေ၊**
**စိတ်တွေ မလွင့်ပါး။**
**မျက်စိမှိတ်ကာ ခေါင်းဟည့်ပါ၊**
**စိတ်ကို နှာသီးဖြားမှာထား။**

တရားအားထုတ်ကြတော့မယ်ဆိုရင် ဒီလက်ာလေး၊ နည်းလေးဟာ အခြေခံ အကျဆုံးပါပဲ။

တင်ပျဉ်ခွေမယ်၊ ခါးလေးကို ဖြောင့်ဖြောင့်ထားမယ်၊ ဘယ်ဘက်လက်ဖဝါးပေါ် ညာဘက် လက်ဖဝါးလေးတင်ပြီးတော့ လက်မချင်းထိလို့ စိတ်ကို ဘယ်မှာထားရမလဲ ဆိုရင် နှာသီးဖျားလေးမှာထား။ ဘယ်မှာထားမလဲ။

"နှာသီးဖျားလေးမှာဘုရား"

နှာသီးဖျားလေးထားပြီးတော့ အရှင်ဘုရားရေ... တပည့်တော်တို့ ဝိပဿနာ အခြေခံ စလုပ်တော့မယ်ဆိုတော့ ဘာဆက်လုပ်ရဦးမလဲ ယောဂီတို့ရေ၊ ဆက်ဆိုပါဦး။

အတိတ်ကိုလည်း မပြန်နဲ့၊ အနာဂတ်ကိုလည်း မကြည့်နဲ့၊ ပစ္စုပ္ပန်တည့်တည့်။

စိတ်လေးကို နှာသီးဖျားမှာ ထားပြီးတာနဲ့ တစ်ပြိုင်နက် အတိတ်ကို မပြန် ပါနဲ့။ အတိတ်အကြောင်းကို မစဉ်းစားနဲ့ပေါ့။

အတိတ်မှာ ဖြစ်ခဲ့ပြီးတဲ့၊ ပျက်ခဲ့ပြီးတဲ့ အကြောင်းအရာတွေ ဘာမှ မစဉ်းစား နဲ့တော့။ အဲဒီတော့ အနာဂတ်ကိုလည်း မကြံနဲ့တဲ့။ အနာဂတ်မှာ ဘာဖြစ်မလဲ၊ အဲဒါ တွေကိုလည်း ကြံပြီးတော့ မလုပ်ရဘူး၊ မကြံရဘူး။ ဒါဆိုလို့ရှိရင် အတိတ်ရယ်၊ အနာဂတ်ရယ် ဖယ်ထားလိုက်လို့ရှိရင် ကာလအနေနဲ့ ပစ္စုပ္ပန်ကာလလေး တစ်ချက်ပဲ ကျန်တော့တယ်။

အဲဒီတော့ ဦးဇင်းတို့ တရားစဉ်လေးကို သွားကြရအောင်။ အခု တရားဝင် တရားအားထုတ်ကြတဲ့ ယောဂီအပေါင်း သူတော်ကောင်းတို့ တခြားလိုချင်လို့လား၊ နိဗ္ဗာန်လိုချင်လား။

"နိဗ္ဗာန်လိုချင်လို့ပါဘုရား"

ဩော်... နိဗ္ဗာန်လိုချင်တယ်ဆိုရင် တခြားအားထုတ်ရမှာလား၊ ဝိပဿနာ လား။

"ဝိပဿနာပါဘုရား"

ဝိပဿနာလုပ်တဲ့အခါကျတော့ တခြားကြည့်ရမှာလား၊ ခန္ဓာကြည့်ရမှာလား။

"ခန္ဓာကြည့်ရမှာပါဘုရား"

ခန္ဓာကြည့်တဲ့အခါကျတော့ ခန္ဓာက ဘယ်နှစ်ပါးတုန်း။

"ငါးပါးပါဘုရား"

ခန္ဓာငါးပါးကို ဉာဏ်နဲ့ မကြည့်ရဘူးလား။

"ကြည့်ရပါမယ်ဘုရား"

ခန္ဓာငါးပါးကို ဉာဏ်နဲ့ကြည့်တဲ့အခါကျတော့ သူများခန္ဓာကြည့်ရမှာလား၊ ကိုယ့်ခန္ဓာကြည့်ရမှာလား။

"ကိုယ့်ခန္ဓာပါဘုရား"

ကိုယ့်ခန္ဓာကြီး ကြည့်တဲ့အခါကျတော့လဲ ခန္ဓာက သဘောခန္ဓာရယ်၊ အပြော ခန္ဓာရယ် ဒီလိုမရှိဘူးလား။

"ရှိပါတယ်ဘုရား"

အဲ... မောင်မောင်၊ ကိုကို၊ ဦးဦး၊ ဒေါ်ဒေါ် စသည်ဖြင့် နာမည်လေးတွေ မပြောဘူးလား။

"ပြောပါတယ်ဘုရား"

အဲဒါ အပြောခန္ဓာပဲ။

သဘောခန္ဓာ ဆိုတာက မျက်လုံးနဲ့ ရှာဖွေလိုကော မြင်ရရဲ့လား။

"မမြင်ရပါဘူးဘုရား"

မမြင်ရဘူး။ ဉာဏ်မျက်စိနဲ့ကြည့်မှ။ ဘာမျက်စိနဲ့ ကြည့်ရမှာလဲ။

"ဉာဏ်မျက်စိနဲ့ပါဘုရား"

အဲဒီတော့ ဉာဏ်လေးနဲ့ ခန္ဓာကို ကြည့်လိုက်တယ်။ မဖြစ်၊ မပျက်တဲ့အချိန် ကော ရှိရဲ့လား။

"မရှိပါဘုရား"

အမြဲတမ်း ဖြစ်လိုက်၊ ပျက်လိုက်၊ မွေးလိုက်၊ သေလိုက်။

ဒီခန္ဓာကြီး ဖြစ်လိုက်၊ ပျက်လိုက်၊ မွေးလိုက်၊ သေလိုက်ဆိုတော့ တစ်ဖန် လိုချင်တဲ့ တဏှာ လာဦးမလား။

"မလာတော့ပါဘူးဘုရား"

စွဲလန်းတဲ့ ဉပါဒါန်တွေကော လာဦးမလား။

"မလာတော့ပါဘူးဘုရား"

ပြုလုပ်တဲ့ ကံတွေကော လာဦးမလား။

"မလာတော့ပါဘူးဘုရား"

တဏှာ၊ ဉပါဒါန်၊ ကံတို့မှ မလာတော့ဘူးဆိုရင် ဘဝဆိုတဲ့ ဇာတိ ရဦးမလား။

“မရတော့ပါဘူးဘုရား”

ဇာတိမှ မရဘူးဆိုရင် အိုစရာကော လိုသေးလား။

“မလိုတော့ပါဘူးဘုရား”

နာစရာကော လိုသေးလား။

“မလိုတော့ပါဘူးဘုရား”

သေစရာကော လိုသေးလား။

“မလိုတော့ပါဘူးဘုရား”

အို၊ နာ၊ သေကင်းတာ တခြားလား၊ နိဗ္ဗာန်လား။

“နိဗ္ဗာန်ပါဘုရား”

နိဗ္ဗာန် အလိုလိုရတာလား၊ အို၊ နာ၊ သေ ကင်းလို့လား။

“အို၊ နာ၊ သေကင်းလို့ပါဘုရား”

အို၊ နာ၊ သေကလည်း သူ့အလိုလို ကင်းမှာလား၊ ဘဝဇာတိချုပ်မှလား။

“ဘဝဇာတိချုပ်မှပါဘုရား”

ဘဝဇာတိကလည်း သူ့အလိုလိုချုပ်မှာလား၊ ခန္ဓာကြီးမှာ သမုဒယချုပ်မှလား။

“သမုဒယချုပ်မှဘုရား”

ခန္ဓာကြီး သမုဒယချုပ်ဖို့ဆိုတာလဲ တခြားနဲ့ကြည့်ရမှာလား၊ ခန္ဓာကြီးကို ဉာဏ်နဲ့ကြည့်ရမှာလား။

“ဉာဏ်နဲ့ကြည့်ရမှာပါဘုရား”

ခန္ဓာကြီးကို ဉာဏ်နဲ့ကြည့်တော့ မဖြစ်၊ မပျက်တဲ့အချိန်များ ရှိလား။

“မရှိပါဘုရား”

အဲ... ဒါကြောင့်မို့လို့ ဒုက္ခအပေါင်း၊ ဆင်းရဲအပေါင်း၊ ပူပန်မှုအပေါင်းတွေ ချုပ်ငြိမ်းရာဖြစ်တဲ့ နိဗ္ဗာန်ကို ရောက်ချင်ကြ၊ ရချင်ကြတဲ့သူတွေဟာ ဝိပဿနာတရားကို အားထုတ်ရမယ်ဆိုတာ မသေချာဘူးလား။

“သေချာပါတယ်ဘုရား”

အေး... အဲဒါကြောင့်မို့လို့ ဒီနေ့မနက်ခင်းမှာ ဦးဇင်းတို့ ကျေးဇူးဆပ်မယ့် တရားက “သံယောဇဉ်ဖြတ်နည်း နိဿရည်း”တဲ့။ ဘာတရားတဲ့လဲ။

“သံယောဇဉ်ဖြတ်နည်း နိဿရည်းပါဘုရား”

## ဝေဒနာရှုနည်း

သံယောဇဉ်ဖြတ်နည်း နိဿရည်းကို မဟောမိမှာ ဦးဇင်းတို့ ယောဂီအပေါင်း သူတော်ကောင်းတွေ နေ့စဉ်နဲ့အမျှ တရားတွေအားထုတ်လာတာ ဒီနေ့နံပါဆိုရင် (၄)ရက်မြောက်ပြီ။ အကြိမ်ပေါင်းလည်း မနည်းတော့ဘူး။

ခုနက ဦးဇင်းတို့ သင်ပေးတဲ့အတိုင်း စိတ်လေးကို နှာသီးဖျားမှာထား။ အတိတ်ကိုလည်း မပြန်တော့ဘူး။ အနာဂတ်ကိုလည်း မကြံတော့ဘူး။ စိတ်ကို နှာသီးလေးမှာပဲ ထားလိုက်တဲ့အခါကျတော့ တရစပ်ရှုနေတဲ့ ဝင်လေ ဝင်လေတိုင်းသိ၊ ထွက်လေ ထွက်လေတိုင်းသိ။

ဒါက ဝင်လေ၊ ထွက်လေဆိုတဲ့ အာနာပါနကိုရှုတဲ့ ယောဂီတွေကိုပြောတာ။ ဂဏနနည်းအားဖြင့် ရှုကြတဲ့ ယောဂီတွေကျတော့လည်း ဝင်လေ၊ ထွက်လေ တစ်၊ ဝင်လေ၊ ထွက်လေ နှစ်။ ဝင်လေ၊ ထွက်လေ သုံး။ ဒီလိုနော်။

အဲဒီလို ရှုမှတ်နေတဲ့ ယောဂီအပေါင်း သူတော်ကောင်း မိနစ်အားဖြင့် (၃၀) ကျော် (၃၀)။ (၄၀) ကျော်လာပြီဆိုရင် ဝေဒနာတွေ ပေါ်မလာဘူးလား။

"ပေါ်ပါတယ်ဘုရား"

ခန္ဓာကို ဘုရားက ဉာဏ်နဲ့ကြည့်တော့ တခြားပြောတာလား၊ ဒုက္ခ သစ္စာ ပြောတာလား။

"ဒုက္ခသစ္စာပါဘုရား"

ဒုက္ခသစ္စာ ဆိုတဲ့အတိုင်း ခန္ဓာရဲ့ ဒုက္ခတွေကို သူ့ဟာသူ တစ်စစီထုတ်ပြတာ၊ ကိုယ်က ရှာစရာလိုလား၊ သူ့ဟာသူ ပြတာလား။

"သူ့ဟာသူပြတာပါဘုရား"

အဲဒီတော့ အခု မိနစ် (၄၀)လောက် ယောဂီတို့ တရားထိုင်ပြီဆိုရင် ဝေဒနာတွေ စ,ပေါ်လာပြီနော်။

အဲဒီလို ပေါ်လာပြီဆိုလို့ရှိရင် မြတ်စွာဘုရားနဲ့ ဘုရားအစရှိတဲ့ သူတော်ကောင်းတွေက ဘာမိန့်သလဲဆိုရင်...

ဝေဒနာပေါ်ပြီဆိုရင် အဲဒီဝေဒနာကို ခွာပြီး ရှုပါတဲ့။ ဘယ်လိုရှုရမလဲ။

"ခွာပြီးရှုရပါမယ်ဘုရား"

ဝေဒနာကို ခွာရှုကြ၊ ကျော်ရှုကြကွ ဆိုပြီးတော့ ကျေးဇူးရှင် မိုးကုတ်ဆရာတော်ဘုရားကြီးက မမိန့်ဘူးလား။

"မိန့်ပါတယ်ဘုရား"

အဲဒီတော့ ဝေဒနာပေါ်လာရင် အဲဒီ ဝေဒနာ ငါ့မှာပေါ်လာတယ် ဆိုကြပါစို့။ ယောဂီတို့ တရားအားထုတ်တဲ့အခါမှာ မိနစ် (၃၀)ကျော် (၄၀)လောက်ဆိုလို့ရှိရင် ခါးတွေက ကိုက်လာတယ်၊ ဒူးဆစ်တွေက ကိုက်လာတယ်။ ဟိုနား သည်နားက ယားယံတဲ့သဘောတွေ ဖြစ်တယ်။ တခြားလား၊ ဝေဒနာလား။

"ဝေဒနာပါဘုရား"

အဲဒီဝေဒနာမျိုး နည်းနည်းလေးပေါ်တာလား၊ အများကြီးပေါ်တာလား။

"အများကြီးပေါ်တာပါဘုရား"

အများကြီးပေါ်တယ်နော် ယောဂီတို့။ အမှတ်ရလို့ ဖျတ်ခနဲပါ။

ဦးဇင်းတို့ ဘုန်းကြီးများဖြစ်ကြတဲ့ မန္တလေး မိုးကုတ်အဖွဲ့ချုပ်က ဆရာတော် ဦးကဿပက အမိန့်ရှိဖူးတယ်။

တရားအားထုတ်တဲ့နေရာမှာ ဝေဒနာပေါ်တာ၊ အချို့ကျတော့ ဝေဒနာလေးက ပါးပါးလေးပဲလာတယ်၊ တချို့ကတော့ အလယ်အလတ်ပဲလာတယ်၊ တချို့ကတော့ ဝေဒနာကို ပြင်းပြင်းကြီးလာတယ်။

အဲဒီလိုဆိုရင် ဆရာတော့က မင်းတို့မှတ်ထားကွ။ ဝေဒနာကြီးတဲ့ပုဂ္ဂိုလ်ဟာ အကုသိုလ်တွေ များလို့တဲ့။ မှတ်သားစရာကောင်းတယ်နော်။ ကိုယ့်ကိုယ်ကို သတိထား။

အဲဒီတော့ ဝေဒနာက ကြီးလာတယ်ဆိုလို့ရှိရင် အဲဒီ မကောင်းမှုတွေ ချေဖျက်တဲ့ ဒီအလုပ်ကို များများလုပ်ရမယ်ဆိုတဲ့စိတ်လေး ပေါ်ဖို့မကောင်းဖူးလား။

"ကောင်းပါတယ်ဘုရား"

အဲ... ဒါလေးလုပ်ဖို့ပါ၊ လျှော့ဖို့ မဟုတ်ပါဘူး။

အဲဒီတော့ ဝေဒနာပေါ်လို့ရှိရင် သီလက္ခန္ဓိကာသစ်မှာ ဒါလေးသွားတွေ့တယ်။ ဝေဒနာခွာနည်း သုံးနည်းတဲ့။ ဘယ်နှစ်နည်းလဲ။

"သုံးနည်းပါဘုရား"

အဲဒီတော့ ဝေဒနာပေါ်လာရင် ဝေဒနာကို ခွာရမယ်၊ ဝေဒနာကို ကျော်ရမယ်တဲ့။ တရားအားထုတ်တဲ့ ယောဂီအပေါင်း သူတော်ကောင်းတို့ ဒီဝေဒနာမပေါ်ဘဲ မနေဘူးနော်။

အဲဒီတော့ ဝေဒနာပေါ်လာရင် ဝေဒနာခွာနည်း၊ ဝေဒနာကျော်နည်းကို အစပိုင်းမှာ ဦးဇင်းတို့ ဘယ်နှစ်မျိုးပြောလဲ။

"သုံးမျိုးပါဘုရား"

အဲဒီသုံးမျိုး မှတ်ထားနော်။

ကမ္မဋ္ဌာန်းမှာ မူလကမ္မဋ္ဌာန်း၊ ကြားထိုးကမ္မဋ္ဌာန်းတဲ့။ ကမ္မဋ္ဌာန်း ဘယ်နှစ်မျိုးလဲ။

"နှစ်မျိုးပါဘုရား"

ဒါဆို အရှင်ဘုရား မူလကမ္မဋ္ဌာန်းဆိုတာ ဘယ်လိုကမ္မဋ္ဌာန်းမျိုးကို ခေါ်တာလဲဆိုတော့ စပြီးတော့ အားထုတ်ကတည်းက ဝင်လေ ဝင်လေတိုင်းသိ၊ ထွက်လေ ထွက်လေတိုင်းသိ။ ဒီလိုမဟုတ်ဘူးလား။

အဲဒီ ဝင်လေ ဝင်လေတိုင်းသိ၊ ထွက်လေ ထွက်လေတိုင်းသိလို့ မှတ်နေတဲ့ ကမ္မဋ္ဌာန်းက မူလကမ္မဋ္ဌာန်း။

အဲဒီတော့ မူလကမ္မဋ္ဌာန်းလို့ မှတ်နေတုန်း ယောဂီမှာ ဟာ... မိနစ် (၃၀) ကျော် (၄၀)လောက်လည်း ဖြစ်လာရော ခါးလေးတွေက ကိုက်လိုက်တာ၊ ဒူးဆစ်လေးတွေက ညောင်းလိုက်တာ၊ ဟိုနေရာ ဒီနေရာတွေက ယားယံလိုက်တာ၊ မပေါ်လာဖူးလား။

"ပေါ်လာပါတယ်ဘုရား"

အဲဒီ ပေါ်လာတဲ့ ဝေဒနာ အစရှိသည်တို့ကို 'ကြားထိုးကမ္မဋ္ဌာန်း'လို့ မှတ်စမ်းပါ။ ဘာကမ္မဋ္ဌာန်း။

"ကြားထိုးကမ္မဋ္ဌာန်းပါဘုရား"

ဒါဆိုတော့ အစအဆုံး မှတ်ရမှာ ဝေဒနာ သုံးမျိုး။ မူလကမ္မဋ္ဌာန်း၊ ကြားထိုးကမ္မဋ္ဌာန်း ဆိုပြီးတော့ ကမ္မဋ္ဌာန်း ဘယ်နှစ်မျိုးလဲ။

"နှစ်မျိုးပါဘုရား"

မှတ်မိပြီနော်။

အဲဒီတော့ တရားအားထုတ်ကြတဲ့ ယောဂီအပေါင်း သူတော်ကောင်းတွေ ဝေဒနာတွေ ပေါ်ပြီဘုရား အဲဒီဝေဒနာကို တပည့်တော်များ ကျော်မယ်။ ဝေဒနာကို တပည့်တော်များ ဘယ်လိုခွာမလဲ ဆိုလို့ရှိရင်...

နံပါတ်(၁)- အဲဒီဝေဒနာကို ဂရုမစိုက်နဲ့။ ဥပမာပြောကြပါစို့... ခါးလေးတွေမှာ ကိုက်နေတယ်၊ အဲဒီ ကိုက်နေတဲ့ ဝေဒနာကို ဂရုမစိုက်နဲ့။ ဥပေက္ခာပြုပြီးတော့ မူလကမ္မဋ္ဌာန်းဆိုတဲ့ ဝင်လေသိ၊ ထွက်လေသိ၊ ဟုတ်တယ်မို့လား။

အဲဒီ အာနာပါန ကမ္မဋ္ဌာန်းကိုပဲ ကြိုးစားပြီးတော့ ရှု။ ဝေဒနာက ခါးမှာပေါ်တယ်၊ ဒူးဆစ်မှာပေါ်တယ်။ သူတို့ကို ဥပေက္ခာပြုထားလိုက်။ ဂရုမစိုက်နဲ့။

တစ်ဦးတစ်ယောက်က ကိုယ့်ကို ဂရုစိုက်တယ်ဆိုတာ ကိုယ်ကနေ သူ့ကို ဂရုစိုက်လို့၊ ဟုတ်ရဲ့လား။ သူ့ကို ကိုယ်က ဂရုမစိုက်ပါများလို့ရှိရင် သူက ကိုယ့်ကို ပြန်ပြီးတော့ ဂရုစိုက်ပါ့မလား။

"မစိုက်ပါဘုရား"

အဲ... အဲဒီသဘော ယောဂီတို့။

အဲဒီတော့ ပထမအနေနဲ့ ဘာလုပ်ရမလဲ။ ဝေဒနာပေါ်။ ခါးမှာပေါ်၊ ဒူးဆစ်မှာပေါ်။ ပေါ်ချင်တာပေါ် ဘာမှဂရုမစိုက်နဲ့။ မိမိတို့ ရှုနေကျအတိုင်း မူလကမ္မဋ္ဌာန်း ဝင်လေသိ၊ ထွက်လေသိ ဒါပဲ တရစပ်ရှု။

စိတ်ဆိုတာ နှစ်ခုပြိုင်ပြီးတော့ မဖြစ်ဘူး။ ဦးဇင်းတို့၊ ယောဂီတို့ရဲ့ နှလုံးအိမ်မှာ ကုသိုလ်နဲ့ အကုသိုလ်။ ကုသိုလ်ရှိရင် အကုသိုလ်က ပြေးရတယ်။ အကုသိုလ်ဖြစ်လာပြီဆိုရင် ကုသိုလ်က ပြေးရတယ်။

စိတ်က တစ်စိတ်တည်း နေတာ။

**"ဧက စိတ္တ သမ္ပယုတ္တာ"** - တစ်စိတ်နဲ့ အသက်ရှင်တာ။ ယောဂီတို့ရဲ့ နှလုံးအိမ်မှာ လောဘစိတ် ဖြစ်ပြီဆိုရင် ဒေါသစိတ်ဟာ ပြေးရတယ်။ ဒေါသစိတ်ဖြစ်ပြီဆိုရင် မောဟစိတ်က ပြေးရတယ်။

တစ်စိတ်တည်းနဲ့ အသက်ရှင်တာ။

အဲဒီလိုပဲ ဟိုမှာ နာကျင်ကိုက်ခဲနေတာကို ဂရုမစိုက်ဘဲနဲ့ ဝေဒနာ ဝင်လေ ဝင်လေတိုင်း သိ။ ထွက်လေ ထွက်လေတိုင်း သိ။ ဒါပဲ ကြိုးစားပြီးတော့ ရှုနေရင် အဲဒီ ဝေဒနာတွေဟာ သူ့ကို ဂရုမစိုက်တဲ့အခါကျတော့ နောက်ဆုံး သူဘာသာသူ အလိုအလျောက် မပျောက်သွားဘူးလား။

"ပျောက်သွားပါတယ်ဘုရား"

အဲဒါ နံပါတ်(၁)လို့ မှတ်။

နံပါတ် (၂)ကျတော့ ဝေဒနာလေး ပေါ်လာပြီဆိုရင် အဲဒီ ပေါ်လာတဲ့ ဝေဒနာကို ဒီအခါလည်း ဂရုမစိုက်နဲ့ ဟုတ်လား။ ဒါဆိုရင် တပည့်တော် ဘယ်သူ့သွားပြီး ဂရုစိုက်ရမှာလဲဆိုရင်...

ဘဝမှာလေ။ လူတစ်ဦးတစ်ယောက်မှာ ကျေနပ်စရာလေး တစ်ခုခုပေါ့၊ ပီတိဖြစ်စရာလေး တစ်ခုခု ယောဂီတို့မှာ ရှိခဲ့ဖူးမယ်နော်။

"ရှိခဲ့ပါတယ်ဘုရား"

သီလနဲ့ ပတ်သက်ပြီးတော့လေ။

အဲဒီ သီလနဲ့ပတ်သက်ပြီး ဖြစ်ခဲ့တာတွေ ဝေဒနာပေါ်လာပြီ၊ ခါးကကိုက်၊ နားကထိုင်း၊ အဲဒီလိုပေါ့။ ဟိုနေရာ ဒီနေရာ ယားယံမှုတွေ ဖြစ်လာပြီဆိုရင် ကိုယ်စောင့်ရှောက်ခဲ့တဲ့ သီလ၊ အဲဒီ သီလလေးကို ပြန်ပြီးတော့ ဆင်ခြင်လိုက်။

အခု တရားဝင်၊ တရားအားထုတ်တယ်ဆိုရင် (၈)ပါးသီလ ယူမထားဖူးလား။

"ယူထားပါတယ်ဘုရား"

ဒါလေးတွေဟာ ယောဂီတို့အတွက် ဝမ်းမြောက်စရာ အကောင်းဆုံးပေါ့။ အိမ်မှာနေတယ်ဆိုရင် (၅)ပါးသီလတောင် အနိုင်နိုင်လေ။ အခု ရှစ်ပါးသီလကြီး ဆောက်တည်ထားတာ။

ငါ ရှစ်ပါးသီလတွေ ဆောက်တည်နေတယ်။ အဲဒီ သီလတွေကို ငါဆောက်တည်ပြီးတော့ မကျိုးမပေါက်၊ မပျောက်များအောင် ငါ စောင့်ရှောက်ခဲ့ပါတယ်။

ဝေဒနာတွေ ဘယ်နေရာမှာ ဘာတွေပဲပေါ်ပေါ် ယောဂီအပေါင်း သူတော်ကောင်းတို့ရဲ့ စိတ်နှလုံးက (အဲဒါလေး) သီလလေးကို ဆင်ခြင်ပြီးတော့ အမှတ်ရနေလိုက်လို့ရှိရင် ဟိုဝေဒနာတွေက သူ့ကို ဂရုမစိုက်ပါများတဲ့အခါကျတော့ တဖြည်းဖြည်း ထွက်မပြေးဘူးလား။

"ပြေးပါတယ်ဘုရား"

အေး... ဒါ ဝေဒနာခွာနည်း နံပါတ်(၂)။

ဟော... နောက်ဆုံးတစ်နည်း။ ဝေဒနာခွာနည်း နံပါတ်(၃)။

နံပါတ်(၃)က တပည့်တော်တို့ ဘယ်လို ဝေဒနာခွာမလဲဆိုတော့ ဒီတစ်ခါတော့ ဝေဒနာကို တိုက်ရိုက်ပစ်မှာ။

ဒါ ယောဂီတို့ ဦးဇင်းတို့ နေ့လယ်ပိုင်းတွေမှာ၊ မနက်ပိုင်းတွေမှာ သတိပေးတဲ့ အတိုင်းပါပဲ။

ယောဂီတို့ သတိထား၊ ဝီရိယစိုက်၊ ပညာနဲ့ရှု မပြောဘူးလား။

"ပြောပါတယ်ဘုရား"

အဲဒီလို လာလာပြောတဲ့ ကိုယ်တော်ကိုလည်း ရန်သူကြီးလို့ မထင်ပါနဲ့။ ယောဂီတို့ကို တခြားရောက်စေချင်လို့လား၊ နိဗ္ဗာန်လား။

"နိဗ္ဗာန်ပါဘုရား"

ရန်သူလို့ ထင်လို့ရှိရင်တော့ ဘယ်ကိုသွားမှာလဲ။

"ဒယ်အိုး၊ အဝီစိပါဘုရား"

အဝီစိမဟုတ်ဘူး၊ ဒယ်အိုး။ အဲ... ယောဂီတို့ ဘယ်သွားမှာလဲ။

"ဒယ်အိုးပါဘုရား"

အဲဒါလေး နည်းနည်းသဘောပေါက်ဦး။

သတိထားကြ၊ ဝီရိယစိုက်၊ ပညာနဲ့ရှု။ နောက်ကနေ သတိမပေးဘူးလား။

"ပေးပါတယ်ဘုရား"

ဝေဒနာပေါ်လာပြီဆိုရင် မူလကမ္မဋ္ဌာန်းဆိုတဲ့ ဝင်လေသိ၊ ထွက်လေသိကို ခဏလေးဖြုတ်ပြီးတော့ ပေါ်တဲ့ ဝေဒနာကို သေသေချာချာ ဉာဏ်နဲ့စိုက်ကြည့်လိုက်။

ပေါ်တဲ့ဝေဒနာကိုချည်း သေသေချာချာ ဉာဏ်နဲ့စိုက်ကြည့်လိုက်တော့ ဝေဒနာဆိုတာ အမြဲတမ်း၊ တရစပ်တည်း တိုးချည်းပဲလဲ မသွားဘူး၊ လျှော့ချည်းပဲလဲ မသွားဘူး။

ဝေဒနာရဲ့သဘောလေးက တစ်ခါတလေကျတော့ ယောဂီတို့ကို မေးကြည့်မယ်။ ဝေဒနာသက်သာလား၊ တိုးလာလား မပြောဖူးလား။

"ပြောပါတယ်ဘုရား"

ဝေဒနာသက်သာလားဆိုတော့ အခုတော့ သက်သာတယ်ဘုရား။ မပြောဖူးလား။

"ပြောပါတယ်ဘုရား"

အဲဒီမှာပဲ ဦးဇင်းတို့ ဖြစ်ပျက်ရှုလို့ရတယ်လေ။ ဝေဒနာလေးကို သေသေချာချာ စိုက်ပြီးတော့ကြည့်လိုက်တဲ့အခါကျတော့ အဲဒီဝေဒနာလေးဟာ တဖြည်းတဖြည်းနဲ့ တိုးလာတဲ့အခါ စိုက်သာကြည့်လိုက်စမ်းပါနော်။ ဝေဒနာကို တိုးလာ-တိုးလာ-တိုးလာ။ သူ ဘယ်လောက်ထိ တိုးမလဲနော်။

အဲဒီလို တိုးလာတဲ့ဝေဒနာဟာ အတိုးနိုင်တဲ့အဆုံးတော့ ဘာဖြစ်လဲ။ ပျော့သွားလိမ့်မယ်။ မတိုးနိုင်တဲ့အဆုံး ဘာဖြစ်မလဲ။

"ပျော့သွားပါတယ်ဘုရား"

အဲဒီလို ပျော့သွားတဲအခါကျတော့ ခုနက တိုးတဲ့သဘော မပျက်ဘူးလား။

"ပျက်ပါတယ်ဘုရား"

ပျက်သွားတယ်၊ ပျောက်သွားတယ်။ အနိစ္စရောက်သွားတယ်။ ဒါ... နော်။

အဲဒီတော့ တစ်ခါတလေကျတော့ ဝေဒနာက လျှော့သွားတယ်၊ ပျော့သွားတယ်ဆိုရင်လည်း သူ့ကို လျှော့မတွက်နဲ့။ ပြန်ပြီးတော့ တိုးနိုင်သေးတယ်။

တစ်ခါတလေကျတော့ ဝေဒနာဟာ အမျိုးမျိုး အစားစားပဲ။ ခုနကတော့ ခါးမှာလေ။ ဝေဒနာက တိုးလိုက်၊ ဆုတ်လိုက်နဲ့။ ဟော... ခုတော့ ခါးကပျောက်ပြီး ဒူးဆစ်ရောက်သွားပြန်ပြီ။ ဒီလိုလဲ မရှိဘူးလား။

"ရှိပါတယ်ဘုရား"

အဲဒီတော့ ဦးဇင်းတို့ ယောဂီတစ်ဦးက လျှောက်ဖူးတယ်။

အရှင်ဘုရားကပြောတယ်တဲ့... ဝေဒနာပေါ်၊ ပေါ်တဲ့ဝေဒနာကို သေသေချာချာ ဉာဏ်နဲ့စိုက်ကြည့်ပြီးတော့ ဝေဒနာရဲ့ အပျက်လေးကို မြင်အောင်ကြည့်လို့။ ဒါပေမယ့် တပည့်တော်မှာ ဝေဒနာတွေက တစ်ကိုယ်လုံး ပေါ်နေတာတဲ့။ ဘယ်ဘက်ခြေထောက်မှာလဲ ပေါ်တယ်။ ညာဘက်ခြေထောက်မှာလဲ ပေါ်တယ်။ ခါးမှာလဲ ပေါ်တယ်။

အို... နောက်ပြောတာကလဲ ကိုက်လိုက်တာဆိုပြီးတော့ နားထင်ကြောလေးကလဲ ကိုက်လိုက်တာဆိုပြီးတော့ တစ်ကိုယ်လုံးနီးပါး မပေါ်ဘူးလား။

"ပေါ်ပါတယ်ဘုရား"

ပေါ်လဲ သိပ်ပြဿနာမရှိဘူး။ ဘာဖြစ်လို့လဲဆိုတော့ ခန္ဓာကိုယ်တစ်ခုလုံးမှာ ပေါ်နေတဲ့ ဝေဒနာအားလုံးကို ယောဂီတို့ သတိထားကြည့်။ ဘယ်ဝေဒနာက အစူးရှဆုံးလဲ၊ အပြင်းဆုံးလဲ။

ဝေဒနာတွေကတော့ တစ်ကိုယ်လုံးပေါ်နေပါတယ်။ ဒါပေမယ့် အဲဒီ ပေါ်နေတဲ့ ဝေဒနာတွေထဲမှာ ခါးကပေါ်လာတဲ့ ဝေဒနာဟာ အကြီးကျယ်ဆုံးဝေဒနာဖြစ်နေတယ်။ အဲဒါဆိုရင် ခါးမှာပေါ်တဲ့ ဝေဒနာကို ဉာဏ်လေးနဲ့ သေသေချာချာစိုက်ကြည့်။ သာမန်မျက်စိနဲ့ ကြည့်လို့ရရဲ့လား။

"မရပါဘုရား"

တခြားမို့လို့လား၊ သဘောမို့လို့လား။

"သဘောမို့လို့ပါဘုရား"

အမယ်လေး... ပညတ်ကြီးရှုလို့ကတော့ နိဗ္ဗာန်မရဘူးဆိုတာ မသေချာဘူးလား။

"သေချာပါတယ်"

အဲဒီတော့ ဝေဒနာပေါ်။ အဲဒီ ဝေဒနာကို သေသေချာချာ ပြန်ကြည့်ပြီးတော့ ဝေဒနာရဲ့ အချက်ကို မြင်အောင်ကြည့်တဲ့ ဝေဒနာခွာနည်းက ဘယ်နှစ်နည်း ရှိသွားပြီလဲ။

"သုံးနည်းပါဘုရား"

ဒါဆိုတော့ ဝေဒနာပေါ်လာပြီဆိုရင် ငါတို့တစ်တွေ ဝေဒနာခွာရတော့မယ်။

နံပါတ်(၁) ဝေဒနာကို ဂရုမစိုက်ဘဲနဲ့ မူလကမ္မဋ္ဌာန်းကို ပြန်ရှု။

နံပါတ်(၂)ကျတော့ ဝေဒနာကို ဂရုမစိုက်ဘဲ မိမိတို့ စောင့်ထိန်းခဲ့တဲ့ သီလကို ပြန်ရှု။

နံပါတ်(၃)ကျတော့ အဲဒီ ဝေဒနာကို ဂရုစိုက်သာကြည့်။ သူက တိုက်ရိုက်ကြည့်တာ။ ရန်သူကို တိုက်ရိုက်ရင်ဆိုင်ပစ်တဲ့နည်း။

အဲဒါ သေသေချာချာ ကြည့်လိုက်တဲ့အခါကျတော့ ဝေဒနာ တိုးတဲ့သဘော၊ လျော့တဲ့သဘော၊ တိုးလာရင် လျော့တဲ့သဘောဟာ ပျောက်သွားတယ်၊ ပျက်သွားတယ်၊ အနိစ္စရောက်သွားတယ်။ ဝေဒနာ လျော့လာတယ်ဆိုရင် တိုးတဲ့သဘောသည် ပျောက်သွားတယ်၊ လျော့သွားတယ်၊ အနိစ္စရောက်သွားတယ်။ သေသေချာချာတော့ ကြည့်ရမယ်နော်။

သမာဓိလည်း ရှိရတယ်။ သတိကလည်း အားကောင်းရတယ်။

အဲဒီတော့ ဒါလေး... ဒါလေး သိပ်အရေးကြီးတယ်။ ဝေဒနာခွာနည်း ဘယ်နှစ်နည်းလဲ။

**"သုံးနည်းပါဘုရား"**

အဲဒါ ဝေဒနာလေးတွေ ရောက်လာပြီဆိုလို့ရှိရင် အဲဒီ ဝေဒနာလေးတွေကို ခွာနိုင်အောင်လို့ သက်သာရာ သက်သာကြောင်းအနေနဲ့ ဒီမနက် လက်ဆောင်ပေးတာ။

## သံယောဇဉ်ဆိုတာ ဒုက္ခမျိုးစေ့

အဲဒီတော့ ယောဂီအပေါင်း သူတော်ကောင်းတို့ကို ဒီမနက် ဦးဇင်းတို့ ဟောချင်တဲ့တရားရဲ့ နာမည်လေးက...

**"သံယောဇဉ်ဖြတ်နည်း နိဿရည်း"**တဲ့။ သံယောဇဉ်ဆိုတာ ကြောက်စရာကောင်းလို့။

သံယောဇဉ်နည်းရင် နည်းသည့်အားလျော်စွာ သုခဖြစ်ကယ်။ သံယောဇဉ်များရင် များသည့်အားလျော်စွာ ဒုက္ခဖြစ်တယ်။ သံယောဇဉ် မရှိရင်တော့ အဲဒီလူဟာ ဒုက္ခအားလုံး ငြိမ်းသွားတာပဲ။

ငယ်ငယ်တုန်းက လင်္ကာလေးတစ်ပုဒ် ရဖူးတယ် ယောဂီတို့။

**အချစ်တစ်ခု ဖြစ်ပေါ်မှုကြောင့်**

**တစ်ခုဒုက္ခ ပူဆွေးရ၏။**

**ချစ်မှုတစ်ရာ ဖြစ်ပေါ်ချေသော်**

**တစ်ရာဒုက္ခ ပူဆွေးရ၏။**

**ချစ်မှုလုံးဝ မရှိပါက**

**ဒုက္ခပူဆွေး လုံးဝအေး၏။**

သံယောဇဉ်ဆိုတဲ့ ချစ်ခြင်းတရား ကြောက်စရာမကောင်းဘူးလား။

"ကောင်းပါတယ်ဘုရား"

သံယောဇဉ်တွေ ချည်နှောင် တုပ်နှောင်ခံရတဲ့ လူတွေ၊ နတ်တွေ သတ္တဝါတွေဟာ အဲဒီ သံယောဇဉ်နှောင်ကြိုးကနေပြီးတော့ ရုန်းမထွက်နိုင်သေးသမျှကာလ ပတ်လုံး ဒုက္ခသစ္စာနဲ့ တွေ့ဦးမှာ။

ဘဝတစ်ခုကိုရလိုက်၊ သံယောဇဉ်တွေ မဖြတ်နိုင်လိုက်၊ ဒုက္ခတစ်ခုကို တွေ့လိုက်။

ဒါကြောင့်မို့လို့ အထူးသဖြင့် ဦးဇင်းတို့ တရားဝင် တရားအားထုတ်ကြတဲ့ ယောဂီတွေဟာ ဦးဇင်းရဲ့ ခမည်းတော်အရွယ်တွေ၊ မယ်တော်အရွယ်တွေဆိုတော့ သံယောဇဉ်လေးတွေ အများကြီးဖြစ်တတ်တယ်။

အိမ်မှာရှိတဲ့ သားတွေ၊ သမီးတွေ၊ မြေးတွေ၊ မြစ်တွေ ဟုတ်လား။ ကိုယ်ကတော့ ဘာမှမလုပ်နိုင်ဘူးနော်။ သူတို့ကိုလည်း ဘာမှလုပ်ပေးနိုင်တဲ့ အနေအထားမှာ မရှိတော့ဘူး။ ကိုယ့်ခန္ဓာကိုယ်ဟာ ဇရာဆိုတဲ့ အိုခြင်းသဘောတရား မရောက်လာဖူးလား။

"ရောက်လာပါပြီဘုရား"

ကိုယ်ကတော့ မလုပ်ပေးနိုင်တော့ဘူး။ ဒါပေမယ့်လို့လေ... ကိုယ်က လုပ်မပေးနိုင်တော့ပေမယ့် သူတို့ကို သွားသွားပူနေမိတာ။ အဲဒါ တခြားလား၊ သံယောဇဉ်လား။

"သံယောဇဉ်ပါဘုရား"

တချို့ယောဂီတွေ မယ်တော်ကြီးတွေဆိုလို့ရှိရင် အိမ်မှာ သားတွေ၊ သမီးတွေကိုသာ ထားခဲ့ရတယ်။ စိတ်မချဘူး။

တစ်ခါတလေ အဝေးကြီးမှာ၊ တောင်ကြီးတို့၊ မန္တလေးတို့။ ဟော... တချို့ကျတော့လဲ ကိုယ့်သားတွေ၊ သမီးတွေက ဟိုး... နိုင်ငံရပ်ခြားမှာ ရှိမှာပေါ့။

အဲဒီလို... အဲဒီလို။ အဝေးကြီးမှာနေတဲ့ သားတွေ၊ သမီးတွေကိုလည်း ဒီကနေပြီးတော့ သံယောဇဉ် လှမ်းလှမ်းဖြစ်ပြီးတော့ ဒုက္ခမရောက်ဖူးလား။

"ရောက်ပါတယ်ဘုရား"

သံယောဇဉ်ဖြစ်ရင်တော့ သံယောဇဉ်ဆိုတာ ဒုက္ခမျိုးစေ့ပဲ။

ဒါကြောင့်မို့လို့ မြတ်စွာဘုရားက သံယောဇဉ်ဖြတ်ဖို့ဆိုပြီးတော့ ပေးခဲ့တာ၊ ဒါလေးကို ဦးဇင်းတို့က တင်ပြမှာနော်။

အဲဒီတော့ တင်ပြတဲ့အခါကျတော့ ဦးဇင်းတို့ရဲ့ မြတ်ဗုဒ္ဓက အခါတစ်ပါးမှာ ဘယ်မှာ သီတင်းသုံးလဲဆိုတော့ ဝေသာလီပြည်တဲ့။ ဘာပြည်လဲ။

"ဝေသာလီပြည်ပါဘုရား"

ဝေသာလီပြည်မှာ ပုဏ္ဏားကြီးတစ်ယောက်ရှိတယ်။ သူ့ရဲ့နာမည်က ဝစ္ဆဂေါတ္တတဲ့။ ပုဏ္ဏားဆိုတာ မျှားသောအားဖြင့် အသားမည်းလိမ့်မယ်ထင်တယ်နော်။

မြတ်စွာဘုရားရှင်ကိုယ်တော်မြတ် ဝေသာလီပြည်မှာ သီတင်းသုံးစဉ်အခါ အဲဒီပုဏ္ဏားက မြတ်စွာဘုရားထံ ရောက်လာပြီးတော့ သူကမေးတာ။ မမေးခင်ကတည်းက ဘုရားရဲ့သတင်းက တစ်လောကလုံးကို ကျော်ကြားနေတာကိုး။ ဘုရားဆိုတာ အတုရှိရဲ့လား။

"မရှိပါဘုရား"

**သဗ္ဗံ ဇနာတီတိ သဗ္ဗညူ**- အလုံးစုံကိုသိတဲ့ ဘုရား။

အဲဒီတော့ ပုဏ္ဏားကြီးက ဘုရားရှင်ဆီရောက်လာပြီး...

"ရှင်ကြီး ဂေါတမ... အရှင်ကြီးဂေါတမလို့ လောကလူသားတွေ ပြောနေကြတယ် ဘုရား"

ဒါနဲ့ မြတ်စွာဘုရားက...

"ဟဲ့... ဝစ္ဆဂေါတ္တ ဘာတွေပြောနေတာလဲ"

"အရှင်ဘုရား... အရှင်ဘုရားတို့ရဲ့ ဂုဏ်သတင်းတွေကတော့ သိပ်ကြီးကျယ်ပါတယ်"

လျောင်း၊ ထိုင်၊ ရပ်၊ သွား ဆိုတဲ့ ဣရိယာပုထ် လေးပါး။ ဘယ်နှစ်ပါးလဲ။

"လေးပါးပါဘုရား"

အရှင်ဘုရားက လျောင်းတဲ့အခါမှာလဲ သိနေတယ်၊ ထိုင်တဲ့အခါမှာလဲ သိနေတယ်၊ ရပ်တဲ့အခါမှာလဲ သိနေတယ်၊ အိပ်တဲ့အခါမှာလဲ သိနေတယ်။

အရှင်ဘုရားကလေ လျောင်း၊ ထိုင်၊ ရပ်၊ သွား ဣရိယာပုထ် လေးပါးမှာ နေရာတိုင်း နေရာတိုင်း၊ အချိန်တိုင်း အချိန်တိုင်း အရှင်ဘုရားက သိနေတဲ့ပုဂ္ဂိုလ်ကြီး။ အကုန်လုံးကို အချိန်တိုင်း အချိန်တိုင်း အရှင်ဘုရားက သိနေတော့ လူတွေက ပြောပြောနေကြတယ်။

အဲဒါ အဟုတ်အမှန်ဂုဏ်တွေကို ပြောတာလား၊ ဒါမှမဟုတ်ရင် လူတွေပြောတဲ့ စကားဟာ မမှန်ဘူးလားဆိုတာ တပည့်တော် သိချင်တယ်၊ အဲဒါလေး ပြောပြပေးပါ။

အဲဒီတော့ မြတ်စွာဘုရားက ဘာမေးသလဲဆိုတော့...

ဟဲ့... ဝစ္ဆဂေါတ္တပုဏ္ဏား၊ အဲဒါက သူတို့ ငါဘုရားရှင်ကို ချီးမြှောက်သလိုလိုနဲ့ ရှုတ်ချနေကြတာ။ လျောင်း၊ ထိုင်၊ ရပ်၊ သွား ဣရိယာပုထ် အချိန်တိုင်း ငါဘယ်သိမလဲကွ။

ဒါဆိုလို့ရှိရင် အချိန်တိုင်း အရှင်ဘုရား မသိဘူးဆိုရင် ဘယ်အချိန်မှာ သိသလဲဘုရား။

ငါဘုရားရှင်ကိုယ်တော်မြတ် ဆင်ခြင်မှ သိတယ်။ ဘာမှသိလဲ။

"ဆင်ခြင်မှ သိပါတယ်ဘုရား"

တရားတွေ၊ ဓမ္မတွေကို ဘာလုပ်မှသိတာလဲ ယောဂီတို့။

"ဆင်ခြင်မှပါဘုရား"

ဒါ သိပ်အရေးကြီးတာပဲ။ အဲဒီတော့ တရားဓမ္မတွေကို သင်ယူပြီးတော့ ဒီအတိုင်းထားရင်၊ ပစ်ထားသလိုရှိရင် ယောဂီတို့ သိပါ့မလား။

"မသိပါဘူးဘုရား"

ပစ်ထားရမှာလား၊ ဆင်ခြင်ရမှာလား။

"ဆင်ခြင်ရမှာပါဘုရား"

အခု မြတ်စွာဘုရား သူကိုယ်တိုင် ထုတ်ပြောနေပြီ။ လျောင်း၊ ထိုင်၊ ရပ်၊ သွား ဣရိယာပုထ် လေးပါး။ အချိန်တိုင်း သိတယ်ဆိုတာ ငါ့ကို ချီးမွမ်းသလိုလိုနဲ့ ကဲ့ရဲ့နေကြတာပါကွာတဲ့။ ဒါပေမယ့် ငါအချိန်တိုင်း မသိပါဘူးတဲ့၊ ဆင်ခြင်မှ သိတာပါတဲ့။

ဆင်ခြင်မှ သိတယ်ဆိုတဲ့အခါကျတော့ ဝဇ္ဇဂေါတ္တပုဏ္ဏားကြီးက ထပ်ပြီးတော့ အတွန့်တက်လိုက်တယ်။

အရှင်ဘုရား အချိန်တိုင်းမသိဘူး၊ ဆင်ခြင်မှသိတယ်၊ မဆင်ခြင်ရင် မသိဘူး ဆိုတော့ အရှင်ဘုရားရဲ့ဘွဲ့တော်ကို အမည်လေးတစ်မျိုးပြောင်းပြီးတော့ ခေါ်ရင် အရှင်ဘုရား ကြိုက်မှာလားတဲ့။

ဟဲ့... ဝဇ္ဇဂေါတ္တ၊ မင်း ဘယ်လိုခေါ်ချင်လဲ။

အရှင်ဘုရားကို တပည့်တော် သိ၊ မသိကိုယ်တော်ကြီးလို့ ခေါ်ချင်တယ်တဲ့။ ဘာကိုယ်တော်ကြီးလဲ။

"သိ၊ မသိကိုယ်တော်ကြီးပါဘုရား"

ဆင်ခြင်မှ သိတယ်၊ မဆင်ခြင်ရင် မသိဘူးဆိုတော့ အရှင်ဘုရားကို တပည့်တော် သိ၊ မသိကိုယ်တော်ကြီးလို့ခေါ်ရင် သဘောကျမှာလား။

မြတ်စွာဘုရားက လောကစကားနဲ့ ပြောရရင်တဲ့...

ပုဏ္ဏားကြီး၊ မင်း တော်တော် ကပ်သီးကပ်သပ် လုပ်တာပဲ။ ငါဘုရားကို မင်း ခေါ်ချင်ရင် သိ၊ မသိကိုယ်တော်ကြီးလို့တော့ မခေါ်နဲ့။ တေဝိဇ္ဇပုဂ္ဂိုလ်လို့ခေါ်။

## သံယောဇဉ်ဖြတ်မှ နိဗ္ဗာန်ရ

**တေ**-ဆိုတာ **သုံးပါး**၊ **ဝိဇ္ဇ**-ဆိုတာ **ဝိဇ္ဇာ**ပါ။ ဝိဇ္ဇာသုံးပါးဆိုတာ ယောဂီတွေ လိုက်ဆိုကြ။

**ပု**၊ **ဒိ**၊ **အာ** ဘယ်နှစ်လုံးလဲ။

"သုံးလုံးပါဘုရား"

တချို့တချို့ ကုသိုလ်ကောင်းမှုတွေပြုပြီးတော့ သူတော်ကောင်းတို့ ဆုတောင်းတာ မရှိဘူးလား။

"ရှိပါတယ်ဘုရား"

တပည့်တော်တို့သည် ဤကုသိုလ်ကောင်းမှုကြောင့် ပု၊ ဒိ၊ အာနှင့် ပြည့်စုံ ရပါလို၏လို့ ဆုတောင်းကြတယ်။

ပု-ဆိုတာက ပုဗ္ဗေနိဝါသ နုဿတိဉာဏ်။

ဒိ-ဆိုတာက ဒိဗ္ဗစက္ခုဉာဏ်။

အာ-ဆိုတာက အာသဝက္ခယဉာဏ်။

အဲဒီ ဝိဇ္ဇာသုံးပါးနှင့် ပြည့်စုံတဲ့ပုဂ္ဂိုလ်ကြီး။ တေဝိဇ္ဇပုဂ္ဂိုလ်ကြီးလို့ ငါ့ကို ခေါ်ချင်ရင်တော့ ခေါ်ကွာ။

သိ၊ မသိကိုယ်တော်ကြီးလို့တော့ မင်း ငါကိုမခေါ်နဲ့။

**ပုဗ္ဗေနိဝါသ နုဿတိဉာဏ်**- ရှေးဘဝက ဘာတွေဖြစ်ခဲ့လဲ ဘုရားအကုန်သိတယ်၊ ဆင်ခြင်မှ သိတာနော်။

**ဒိဗ္ဗစက္ခုဉာဏ်**- လူသာမန်တွေ မမြင်နိုင်တဲ့ အရာတွေကို နတ်ရဲ့မျက်စိကဲ့သို့ အဲဒီဉာဏ်ကို ဘုရားရထားတာ။

**အာသဝက္ခယဉာဏ်**- ကာမာသဝ၊ ဘဝါသဝ၊ ဒိဋ္ဌာသဝ၊ အဝိဇ္ဇာသဝ အာသဝေါ တရား လေးပါး ကုန်ခန်းခြင်းဆိုတဲ့ဉာဏ်၊ အဲဒီ ဉာဏ်စဉ်ကိုလည်း ဘုရားက ရထားတာ။ ဒါကြောင့်မို့လို့ မင်း ငါ့ကို သိ၊ မသိကိုယ်တော်ကြီးလို့ မခေါ်ပါနဲ့ကွာ။ ပုဒ်၊ အာနဲ့ ပြည့်စုံတဲ့ပုဂ္ဂိုလ်ကြီး တေဝိဇ္ဇပုဂ္ဂိုလ်လို့ ခေါ်ချင်ခေါ်ပါတဲ့။

အဲဒီလိုပြောတဲ့အခါကျတော့လည်း ဝစ္ဆဂေါတ္တဆိုတဲ့ ပုဏ္ဏားကြီးက သဘောကျသွားတယ်။

ဟုတ်ပြီဘုရား။ အရှင်ဘုရားခေါ်ဆိုရင် တပည့်တော် ဒီအတိုင်းပဲ ခေါ်ပါ့မယ်။ ဒါပေမယ့် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား- အရှင်ဘုရားကို တပည့်တော် မေးစရာရှိပါတယ်၊ လျှောက်ထားစရာရှိပါတယ်ဘုရားတဲ့။

ဘာလျှောက်ထားချင်သလဲဆိုတော့ မြတ်စွာဘုရားက ခွင့်ပြုတဲ့အခါ ပုဏ္ဏားကြီးက မေးတယ်၊ လျှောက်ထားတယ်။

ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ လူတစ်ယောက်ဟာ လူ့သံယောဇဉ်ကို မစွန့်ဘဲနဲ့ လူ့ပြည်၊ နတ်ပြည်၊ ဗြဟ္မာ့ပြည်ကို ရောက်နိုင်သလား ဘုရားတဲ့။

အဲဒီမေးခွန်းမေးတော့ မြတ်စွာဘုရားက ပုဏ္ဏားကြီး ရောက်နိုင်ပါတယ်။ အဲဒီတော့ လူ့သံယောဇဉ်ကို မစွန့်ဘဲနဲ့ လူ့ကာမဂုဏ်အာရုံ၊ ကာမဂုဏ်အာရုံကို မစွန့်ဘဲနဲ့ နတ်ပြည်ကို မရောက်နိုင်ဘူးလား။ ဗြဟ္မာ့ပြည်ကိုကော မရောက်နိုင်ဘူးလား။

ဒါတော့ ရောက်နိုင်တယ် ပုဏ္ဏားကြီး။ အဲဒါနဲ့ ပုဏ္ဏားကြီးက နောက်တစ်ဆင့်ထပ်တက်တယ်။ ဒါဆိုရင် မြတ်စွာဘုရား လူတစ်ယောက်ဟာ လူ့သံယောဇဉ်ကို မစွန့်ဘဲနဲ့ အရှင်ဘုရားတို့ပြောပြောနေတဲ့ အမြင့်ဆုံးဖြစ်တဲ့ နိဗ္ဗာန်ကို ရောက်နိုင်ပါသလား။ လူ့သံယောဇဉ် မစွန့်ဘဲနဲ့ လူဟာ နိဗ္ဗာန်ရောက်နိုင်သလားဘုရားဆိုတော့-

ဒီတစ်ခါတော့ မြတ်စွာဘုရားက ခေါင်းခါတယ်။

ဟော့... ပုဏ္ဏားကြီး၊ ဒါတော့ မရောက်နိုင်ဘူးကွာတဲ့။ အဲဒီတော့ လောက စကားလေးနဲ့ ပြောရင်တော့ အရှင်ဘုရား တပည့်တော်တို့က နိဗ္ဗာန်လိုချင်လို့ တရား အားထုတ်ပါတယ်၊ လူ့သံယောဇဉ်မှ မစွန့်ဘဲနဲ့ တပည့်တော်တို့ နိဗ္ဗာန်မရောက်နိုင် ဘူးဆိုတော့ အရှင်ဘုရားရေ- တပည့်တော်တို့ ဒီဘဝမရောက်နိုင်တော့ဘူး၊ ဒီလိုတော့ မတွက်နဲ့။ လူ့သံယောဇဉ်ဆိုတာ အိမ်မှာရှိနေတဲ့ တိုက်တွေ၊ ကားတွေ၊ ခြံတွေ အကုန် စွန့်ပစ်ရမယ်လို့ ဒီလိုမပြောဘူး။

လူ့... သံယောဇဉ် စကားလေးနှစ်မျိုး မှတ်ပါ။

လူရယ်၊ သံယောဇဉ်ရယ် ဘယ်နှစ်မျိုးလဲ။

"နှစ်မျိုးပါဘုရား"

ယခု ဦးဇင်းပြတဲ့ ခွက်ကလေးတွေကိုကြည့်။ ဒါက လူ၊ ဒီအမည်းလေးတွေက သံယောဇဉ်။ သံယောဇဉ်ဆိုတော့ ညစ်နွမ်းတဲ့ တရားလေးတွေပေါ့။

လူရယ်၊ သံယောဇဉ်ရယ် နှစ်ခုခွဲပြီးတဲ့အခါကျတော့ အရှင်းဆုံးကြည့်ရင်တော့ ပဋိစ္စသမုပ္ပါဒ်ရဲ့ (၂)အကွက်ကို ကြည့်လိုက်။

ပဋိစ္စသမုပ္ပါဒ်ရဲ့ (၂)အကွက်မှာ ခန္ဓာငါးပါး မရှိဘူးလား။

"ရှိပါတယ်ဘုရား"

ဆိုကြည့်စမ်း။

ဝိညာဉ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ။ ယောဂီတို့ ခန္ဓာ ဘယ် နှစ်မျိုးလဲ။

"ငါးမျိုးပါဘုရား"

အဲဒီ ခန္ဓာငါးပါးကို အားလုံးမှတ်ပါဦး။ လူလို့ မှတ်ပါ။ ယောဂီတို့ ခန္ဓာငါးပါးကို ဘာလို့မှတ်ရမလဲ။

"လူလို့မှတ်ရပါမယ်ဘုရား"

လူလို့မှတ်၊ ဟုတ်ပြီလား။ အဲဒီတော့ နံပါတ်(၃)အကွက်ကို ကြည့်လိုက်စမ်း။ အင်္ဂါအားဖြင့် ဘယ်နှစ်ပါးတွေ့လဲ။

"သုံးပါးပါ ဘုရား"

တဏှာ၊ ဉပါဒါန်၊ ကံ သုံးပါးနော်။ အဲဒီ တဏှာ၊ ဉပါဒါန်၊ ကံဆိုတဲ့ နံပါတ် (၃)အကွက်မှာ သစ္စာနဲ့ကြည့်လိုက်တော့ သမုဒယသစ္စာ တွေ့မနေဘူးလား။

"တွေ့နေပါတယ်ဘုရား"

အဲဒီ သမုဒယသစ္စာဆိုတဲ့ နံပါတ်(၃)အကွက်က တဏှာ၊ ဉပါဒါန်၊ ကံကို သံယောဇဉ်လို့ ခေါ်တယ်။ ရှင်းရှင်းလေးပြောရင် နံပါတ်(၂)အကွက်က လူ၊ နံပါတ်(၃) အကွက်က သံယောဇဉ်။ လူနဲ့ သံယောဇဉ်။ ရှင်းပြီးလား။

သံယောဇဉ်ဆိုတာ အိမ်က ယာတွေအကုန်လုံး ဖျက်ပြီးတော့ စွန့်မှ နိဗ္ဗာန် ရောက်မယ်လို့ ထင်နေမှာစိုးလို့။

အဲဒီတော့ လူနဲ့ သံယောဇဉ်ဆိုတော့ ခန္ဓာငါးပါးသည် လူပါ။ တဏှာ၊ ဉပါဒါန်၊ ကံလို့ဆိုတဲ့ သမုဒယသစ္စာသည် သံယောဇဉ်ပါ။ အဲဒီတော့ လူ့သံယောဇဉ်ကို ဘယ်လို စွန့်မလဲ။ အဲဒီလိုဆိုလို့ရှိရင် သူတော်ကောင်းတို့ လွယ်ပါတယ်။ (၂)အကွက်ကနေ (၃)အကွက်ကို မကူးစေနဲ့။

ဝိညာဉ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ။ အဲဒီခန္ဓာငါးမျိုး ဝေဒနာ လေးကနေ၊ ခံစားမှုလေးကနေ အပြတ်ဖြတ်။ ဝေဒနာကနေ ခံစားမှုတွေ လွန်ကဲပြီး တော့ အမယ်လေး... တဏှာ လိုချင်တဲ့စိတ်လေး ပေါ်လာပြီဆိုရင်တော့ (၃)အကွက် မကူးဘူးလား။ အဲဒါဆိုရင် သံယောဇဉ်ဖြစ်ပြီဆိုရင် သံသရာဆုံးတော့မလား။ သံသရာ မှ မဆုံးရင် သူတော်ကောင်းတို့ ဒီနိဗ္ဗာန်ကို ရောက်ပါ့မလား။

ဒါကြောင့်မို့လို့ လူရယ်၊ လူ့သံယောဇဉ်ရယ်ဆိုတော့ သံယောဇဉ်ကို ဘယ်လို စွန့်မလဲ။ (၂)အကွက်ကနေ (၃)အကွက် မကူးစေနဲ့။

ယောဂီတို့၊ ဦးဇင်းတို့တစ်တွေ နိဗ္ဗာန်ကိုရောက်ချင်တယ်ဆိုလို့ရှိရင် ဒီ(၂) အကွက်မှာပဲ အလုပ်လုပ်ကြရမယ်။ (၂)အကွက်နေပြီးတော့ ဒီဘဝ သေကြတဲ့အခါမှာ (၃)အကွက်သာ ကူးပြီဆိုရင်တော့ နိဗ္ဗာန်ကိုရောက်ပါ့မလား။

"မရောက်ပါဘုရား"

မရောက်ဘူးနော်၊ ဒါလေးမှတ်။ အဲဒီတော့ ယောဂီတွေကို ဦးဇင်းတို့က ထပ်ပြီး တော့ သင်ပေးစရာရှိတာက ဘာလဲ။ တပည့်တော်တို့ အဲဒီလို လူကနေ သံယောဇဉ် မကူးအောင် သံယောဇဉ်ဖြတ်နည်း နိဿရည်းပေါ့။

## သံယောဇဉ်ဖြတ်နည်း

တပည့်တော်တို့ အဲဒီလို သံယောဇဉ်တွေပြတ်သွားအောင်၊ သံယောဇဉ်တွေ ဖြတ်ဖို့အတွက် ဘာလုပ်ရမလဲဘုရား။ ဘယ်လို ကျင့်စဉ်တွေကို ကျင့်ရမလဲဘုရား ဆိုတော့ လွယ်ပါတယ်ဗျာ။ ခန္ဓာက ဘယ်နှစ်ပါးလဲ။

"ငါးပါးပါဘုရား"

အဲဒီခန္ဓာငါးပါးကို သတိပဋ္ဌာန် လေးမျိုးနဲ့ ရှုရမယ်။ ဒါ သံယောဇဉ်ဖြတ်တဲ့ နည်းနော်။ သံယောဇဉ်ဖြတ်တဲ့နည်းဟာ တပည့်တော်တို့ ခန္ဓာငါးပါးကို သတိပဋ္ဌာန် လေးပါးနဲ့ ဘယ်လိုရှုရမလဲဆိုတော့ ခန္ဓာငါးပါးကို အပုံအားဖြင့် လေးပုံပုံ။ ကဲ... ဦးဇင်းပုံပြမယ် လိုက်ဆို။

ရူပက္ခန္ဓာက တစ်ပုံ။

ဝေဒနက္ခန္ဓာ တစ်ပုံ။

သညက္ခန္ဓာ သင်္ခါရက္ခန္ဓာက တစ်ပုံ။

ဝိညာဏက္ခန္ဓာက တစ်ပုံ။

အပုံအားဖြင့် လေးပုံနော်။ အဲဒီလေးပုံ ပုံပြီးတဲ့အခါကျတော့ ယောဂီတို့က အဲဒီလေးပုံထဲက တစ်ပုံစီကို သတိပဋ္ဌာန်နဲ့ ရှုရမယ်။ အဲဒီတော့ သတိပဋ္ဌာန် ဘယ် နှစ်ပါးလဲ။

"လေးပါးပါဘုရား"

အဲဒီလေးပါးကို သင်ပေးထားပါတယ်။ ကာယာနုပဿနာ သတိပဋ္ဌာန်၊ ဝေဒနာ နုပဿနာသတိပဋ္ဌာန်၊ စိတ္တာနုပဿနာသတိပဋ္ဌာန်၊ ဓမ္မာနုပဿနာသတိပဋ္ဌာန်။ ဟုတ်ရဲ့လား။

အဲဒီလို သူတော်ကောင်းတို့က ရုပ်ကိုတော့ တပည့်တော်တို့ ကြိုက်တယ် ဘုရား။ တစ်မျိုးတည်းရှုရမှာနော်။ ရုပ်ကြိုက် ရုပ်ရှု ဝေဒနာကြိုက် ဝေဒနာရှု။ တစ်မျိုးပဲ ရှုရမှာ။

တချို့က တပည့်တော်တို့ ရုပ်လည်း မကြိုက်ဘူး၊ ဝေဒနာလည်း မကြိုက်ဘူး ဘုရားဆိုရင်တော့၊ ရတယ်။ စိတ်ကြိုက်ရင် စိတ်ပဲရှု။ ရှုရင်တော့ တခြားနဲ့ ရှုရမှာလား၊ သတိပဋ္ဌာန်နဲ့ ရှုရမှာလား။

"သတိပဋ္ဌာန်နဲ့ရှုရမှာပါဘုရား"

အဲဒီတော့ တပည့်တော်တို့ကတော့ ရူပက္ခန္ဓာ ရုပ်ကိုပဲကြိုက်ပါတယ်ဆိုရင် တော့ သူတော်ကောင်းတို့ ကာယာနုပဿနာ သတိပဋ္ဌာန်ရှု။ အဲဒီတော့ တပည့်တော် တို့ကတော့ ရုပ်မကြိုက်ဘူးဘုရား၊ ဝေဒနာကြိုက်တယ်ဆိုလို့ရှိရင် သံယောဇဉ်ဖြတ်မယ် ဆိုရင် ဝေဒနာနုပဿနာရှု။

တပည့်တော်တို့ကတော့ စိတ်ပဲကြိုက်ပါတယ်ဘုရား ဆိုလို့ရှိရင်တော့ စိတ္တာ နုပဿနာ သတိပဋ္ဌာန်ရှု။

တပည့်တော်တို့က ရုပ်လည်း မကြိုက်ဘူး၊ ဝေဒနာလည်း မကြိုက်ဘူး၊ စိတ်လည်း မကြိုက်ဘူးဘုရား ဓမ္မကိုပဲကြိုက်ပါတယ်ဆိုရင် သညာက္ခန္ဓာနဲ့ သင်္ခါရက္ခန္ဓာကို ဓမ္မာနုပဿနာနဲ့ရှု။ အဲဒါ သံယောဇဉ်ဖြတ်နည်းပါပဲ။

အဲဒီလို- အဲဒီလို သူတော်ကောင်းတို့ ခန္ဓာငါးပါးကို သတိပဋ္ဌာန်လေးမျိုးနဲ့ ရှုလို့ရှိရင် ယောဂီတို့ နှလုံးအိမ်မှာရှိနေတဲ့ သံယောဇဉ်တွေ ပြတ်သွားလိမ့်မယ်။ ဒါကြောင့်မို့လို့ ဒီကနေ့ ဦးဇင်းများတို့ သူတော်ကောင်းတို့ကို ကျေးဇူးပြုတဲ့တရားသည် သံယောဇဉ်ဖြတ်နည်း နိဿရည်းတဲ့။ အားလုံး ပြည့်စုံသွားပြီးနော်။ အဲဒီတော့ တပည့်တော်တို့ ကြောက်လှပါပြီဆိုတဲ့ သံယောဇဉ်တွေကို ဘယ်လိုဖြတ်ရမလဲဆိုရင် သတိပဋ္ဌာန်လေးပါးနဲ့ ခန္ဓာငါးပါးနဲ့ ကြည့်ရှုပြီးတော့ ဒီလိုဖြတ်ရမယ်။ အားလုံးရှင်းတယ်နော်။

"ရှင်းပါတယ်ဘုရား"

ရှင်းပြီဆိုရင် အချိန်လည်း စေ့ခါနီးလို့ တရားစဉ်လေးကို ကြည့်ကြရအောင်။ တရားဝင် တရားအားထုတ်တယ်ဆိုတာ တခြားလိုချင်လို့လား၊ နိဗ္ဗာန်လိုချင်လို့လား။

"နိဗ္ဗာန်လိုချင်လို့ပါဘုရား"

နိဗ္ဗာန်ဆိုတာ သံယောဇဉ်ရှိလား၊ မရှိဘူးလား။

"မရှိပါဘူးဘုရား"

အဲဒီ သံယောဇဉ်မရှိတဲ့ နိဗ္ဗာန်၊ သံယောဇဉ်တွေ ကင်းကွာသွားတဲ့ နိဗ္ဗာန်ကို ရချင်ကြတယ်၊ ရောက်ချင်ကြတယ်ဆိုတဲ့ ယောဂီအပေါင်း သူတော်ကောင်းတို့က တခြားလုပ်ရမှာလား၊ ဝိပဿနာလုပ်ရမှာလား။

"ဝိပဿနာလုပ်ရမှာပါဘုရား"

ဝိပဿနာဆိုတာ တခြားလား၊ သတိပဋ္ဌာန် လေးမျိုးလား။

"သတိပဋ္ဌာန်လေးမျိုးပါဘုရား"

အဲဒီ သတိပဋ္ဌာန်လေးမျိုး ဝိပဿနာတရားကို အားထုတ်ရင်ကော တခြားကြည့်ရမှာလား၊ ခန္ဓာကြည့်ရမှာလား။

"ခန္ဓာကြည့်ရမှာပါ ဘုရား"

ခန္ဓာကြီး ဉာဏ်နဲ့ကြည့်တော့ ယောဂီတို့ မဖြစ်မပျက်တဲ့ အချိန်ရှိလား။

"မရှိပါဘူး ဘုရား"

ဖြစ်လိုက် ပျက်လိုက်၊ မွေးလိုက်၊ သေလိုက်၊ ဩော်... ခန္ဓာကြီးကြည့်လိုက်၊ ကြည့်လိုက်တိုင်း... ဒါကြီးပဲမြင်နေတဲ့အခါကြတော့ အဲဒီခန္ဓာကြီးလိုချင်တဲ့ တဏှာ လာဦးမလား။

"မလာတော့ပါဘူး ဘုရား"

စွဲလမ်းတဲ့ ဥပါဒါန်တွေရော လာဦးမလား။

"မလာတော့ပါဘူး ဘုရား"

ပြုလုပ်တဲ့ကံတွေရော လာဦးမလား။

"မလာတော့ပါဘူး ဘုရား"

တဏှာ, ဥပါဒါန်, ကံဆိုတဲ့ ခန္ဓာ ဖြစ်ကြောင်းတွေမှ မလာတော့ဘူးဆိုရင် ဘဝဆိုတဲ့ ဇာတိလာဦးမလား။

"မလာတော့ပါဘူး ဘုရား"

ဒါဆိုရင် ယောဂီအပေါင်း သူတော်ကောင်းတို့ အိုစရာလိုသေးလား။

"မလိုတော့ပါဘူး ဘုရား"

နာစရာကော လိုသေးလား။

"မလိုတော့ပါဘူး ဘုရား"

ယောဂီအပေါင်း သူတော်ကောင်းတို့ သေစရာကော လိုသေးလား။

"မလိုတော့ပါဘူး ဘုရား"

အို,နာ,သေ ကင်းတာတခြားလား နိဗ္ဗာန်လား။

"နိဗ္ဗာန်ပါ ဘုရား"

ဒီနိဗ္ဗာန်ကို အလိုလိုရောက်တာလား၊ အို၊ နာ၊ သေကင်းလို့လား။

"အို,နာ,သေ ကင်းလို့ပါ ဘုရား"

ဩော်... အို,နာ,သေကလဲ အလိုလိုကင်းတာလား၊ ဘဝဇာတိချုပ်လို့လား။

"ဘဝဇာတိချုပ်လို့ပါ ဘုရား"

ဘဝဇာတိကလဲ ယောဂီအပေါင်း သူတော်ကောင်းတို့ သူ့အလိုလိုချုပ်မှာလား၊ ခန္ဓာကြီးကို ဉာဏ်နဲ့ကြည့်မှလား။

"ခန္ဓာကြီးကို ဉာဏ်နဲ့ကြည့်မှပါ ဘုရား"

ဩော်... ခန္ဓာကြီးကို ဉာဏ်နဲ့ကြည့်တဲ့အချိန် ယောဂီတို့ရေ မဖြစ်မပျက်တဲ့ အချိန်ရှိလား။

"မရှိပါဘူး ဘုရား"

ဖြစ်လိုက်ပျက်လိုက်၊ မွေးလိုက်၊ သေလိုက်၊ ဟော ယောဂီတို့ရေ ပြောကြည့်၊ ဖြစ်ပျက်က ဘာသစ္စာ။

**"ဒုက္ခသစ္စာ"**

သိတဲ့ဉာဏ်က ဘာသစ္စာ။

**"မဂ္ဂသစ္စာ"**

သေတာက ဘာသစ္စာ။

**"သမုဒယသစ္စာ"**

နောင်ခန္ဓာ မလာတာက ဘာသစ္စာ၊

**"နိရောဓသစ္စာ"**

သစ္စာ ဘယ်နှစ်ချက်ကိုက်။

"လေးချက်ကိုက်ပါတယ် ဘုရား"

ကဲ... သစ္စာလေးချက် တစ်ပြိုင်နက်ကိုက်သောကြောင့် ယောဂီအပေါင်း သူတော်ကောင်းတို့သည် ယခု အားထုတ်အပ်တဲ့ ဝိပဿနာဉာဏ်သည် မဂ် ဖိုလ် နိဗ္ဗာန်သို့ လျင်မြန်စွာ မျက်မှောက်ပြုနိုင်ပါစေသားလို့ ပတ္ထနာပြုရင်းနဲ့ အချိန်လဲစေ့လို့ ဒီနေ့ တော်ကြဦးစို့။

"သာဓု...သာဓု...သာဓု"



# အရှင်ဇဝန (ပဲခူး)

## ဂမ္ဘီရ ဓမ္မဒေသနာ တရားတော်များ

အတွဲ (၂)

တ တိ ယ အ ကြိမ်

# အလုပ်နှစ်မျိုး တရားတော်

*(သာသနာနှစ် ၂၅၅၃-ခု၊ ကောဇာသက္ကရာဇ် ၁၃၇၁-ခု၊ ဝါခေါင်လဆန်း ၁၄ ရက်၊ ၄-၈-၂၀၀၉ (အင်္ဂါနေ့) နေ့လယ်ပိုင်း ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်သစ်ရပ်ကွက်၊ သုဝဏ္ဏာမြို့ဦးဘုရားအနီး စံရိပ်ငြိမ်ကျောင်းတိုက်တော်အတွင်း မိုးကုတ်ဝိပဿနာ "သစ္စာဓမ္မသဘင်"၌ ဟောကြားသည်။)*

အားလုံးသော ယောဂီအပေါင်း သူတော်ကောင်းတို့...

သင့်တင့်သော ဣရိယာပုတ်မျှတသော အနေအထားအားဖြင့်ထိုင်ပြီးတော့ မြတ်ဗုဒ္ဓရဲ့ဓမ္မကို ကောင်းစွာပူဇော်နိုင်ကြပါပြီ။

## ဓမ္မသဘင်စတင်ပါပြီ

ဒီနေ့ ဦးဇင်းတို့ဟောမယ့် တရားက နေ့လယ်ခင်း ပဋ္ဌိစ္စသမုပ္ပါဒ်နှင့် ပတ်သက်တဲ့ **အလုပ်နှစ်မျိုးတရားတော်** ဖြစ်ပါတယ်။

အဲဒီတော့ အခုလို တရားဝင် တရားအားထုတ်တယ်ဆိုတာ တခြားလိုချင်လို့လား၊ နိဗ္ဗာန်လိုချင်လို့လား။

"နိဗ္ဗာန်လိုချင်လို့ပါဘုရား"

ဪ... နိဗ္ဗာန်လိုချင်တယ်ဆိုရင် တခြားအလုပ်ကို လုပ်ရမှာလား၊ ဝိပဿနာ လုပ်ရမှာလား။

"ဝိပဿနာလုပ်ရမှာပါဘုရား"

ဝိပဿနာအလုပ်ကို လုပ်တဲ့အခါကျတော့ တခြားကြည့်ရမှာလား၊ ခန္ဓာကြည့်ရမှာလား။

"ခန္ဓာကြည့်ရမှာပါဘုရား"

ခန္ဓာက ဘယ်နှစ်ပါးတုန်း။

"ငါးပါးပါဘုရား"

ခန္ဓာကြည့်တဲ့အခါကျတော့ သဘောကြည့်ရမှာလား၊ အပြောကြည့်ရမှာလား။

"သဘောကြည့်ရမှာပါဘုရား"

သဘောက ပရမတ်၊ အပြောက ပညတ်။

**"ပညတ္တိ ဌပေတွာ၊ အနိစ္စာဒိ၊ အာကာရေန၊ ဝိဝိဓံ ပဿတီတိ ဝိပဿနာ"**လို့ ပညာရှိသူတော်ကောင်းတွေက မိန့်မှာခဲ့တဲ့အတိုင်း တရားဓမ္မဆိုတဲ့ ဝိပဿနာအလုပ်ကို လုပ်ကြတဲ့ ယောဂီဟာ ပညတ်ကိုခွာပြီးတော့ ပရမတ်ကို ရှုပါ။ ဘာကို ခွာရမှာလဲ။

"ပညတ်ကိုပါဘုရား"

ပညတ်ကို ခွာပြီးတော့ တခြားရှုရမှာလား၊ ပရမတ်ရှုရမှာလား။

"ပရမတ်ရှုရမှာပါဘုရား"

ပရမတ်ဆိုတာ တခြားလား၊ သဘောလား။

"သဘောပါဘုရား"

ဩော်... သဘောဆိုတော့ ဦးဇင်းတို့၊ ယောဂီတို့ လက်နဲ့ကိုင်ပြလို့ကောရလား။

"မရပါဘုရား"

ယောဂီတို့သန္တာန်မှာ သဘောဆိုတဲ့ ပရမတ်တွေ ရှိနေပါတယ်။ ဖောက်ပြန်တဲ့သဘော၊ ခံစားတဲ့သဘော၊ မှတ်သားတဲ့သဘောလေးတွေ မရှိဘူးလား။

"ရှိပါတယ်ဘုရား"

ဖောက်ပြန်တဲ့သဘောကတော့ သေသေချာချာရှိတယ်။ လက်ကလေးနဲ့ ကိုင်ပြပါဆိုတော့ ရလား။

"မရပါဘူးဘုရား"

ဒါပေမယ့် ကိုင်ပြလို့မရတဲ့ ပရမတ်သဘော သဘာဝလေးတွေကို တခြားနဲ့ကြည့်ရမှာလား၊ ဉာဏ်နဲ့ကြည့်ရမှာလား။

"ဉာဏ်နဲ့ကြည့်ရမှာပါဘုရား"

ကိုယ်တွယ်လို့မှ မရတဲ့အခါကျတော့ သာမန်မျက်စိနဲ့လည်း ကြည့်လို့မရဘူး။ အဲဒီတော့ ယောဂီတို့ တခြားနဲ့ကြည့်ရမှာလား၊ သဘောနဲ့ကြည့်ရမှာလား။

"သဘောနဲ့ပါဘုရား"

အဲဒီလို ဉာဏ်နဲ့ကြည့်တဲ့အခါကျတော့ ဒီခန္ဓာကြီးဟာ မဖြစ်တဲ့အချိန်ရှိလား။

"မရှိပါဘုရား"

ဖြစ်လိုက်၊

ပျက်လိုက်၊

မွေးလိုက်၊

သေလိုက်။

ဆိုတော့ ဒီခန္ဓာ လိုချင်တဲ့တဏှာ လာဦးမလား။

"မလာတော့ပါဘူးဘုရား"

စွဲလမ်းတဲ့ ဉပါဒါန် လာဦးမလား။

"မလာတော့ပါဘူးဘုရား"

ပြုလုပ်တဲ့ ကံတွေ လာဦးမလား။

"မလာတော့ပါဘူး ဘုရား"

တဏှာ၊ ဉပါဒါန်၊ ကံမှ မလာဘူးဆိုရင် ခန္ဓာဖြစ်ကြောင်းဖြစ်တဲ့ တဏှာ၊ ဉပါဒါန်၊ မနက်ကပြောပြီးပြီ၊ သံယောဇဉ်။

မနက်က ဦးဇင်းတို့ဟောတဲ့ "သံယောဇဉ်ဖြတ်နည်း နိဿရည်း"။ သံယောဇဉ်ကို ဖြတ်ရမယ်တဲ့။ သံယောဇဉ်မဖြတ်ရင် နိဗ္ဗာန်ရောက်ပါ့မလား။

"မရောက်ပါဘူးဘုရား"

အဲဒီ သံယောဇဉ်ဖြတ်လိုက်မှတော့ ဘဝဆိုတဲ့ ဇာတိတွေ လာဦးမလား။

"မလာတော့ပါဘူးဘုရား"

အိုစရာ လိုသေးလား။

"မလိုတော့ပါဘူးဘုရား"

နာစရာလိုသေးလား။

"မလိုတော့ပါဘူးဘုရား"

သေစရာလိုသေးလား။

"မလိုတော့ပါဘူးဘုရား"

အို, နာ, သေကင်းတာ တခြားလား၊ နိဗ္ဗာန်လား။

"နိဗ္ဗာန်ပါဘုရား"

အဲဒီ နိဗ္ဗာန် အလိုလိုရောက်တာလား၊ အို, နာ, သေကင်းလို့လား။

"အို, နာ, သေ ကင်းလို့ပါဘုရား"

အို, နာ, သေက အလိုလိုမကင်းဘူး။ ယောဂီတို့ရဲ့ နှလုံးအိမ်မှာရှိတဲ့ သမုဒယ သံယောဇဉ် တွေပြတ်မှ။

သမုဒယ သံယောဇဉ်ကလည်း သူ့အလိုလိုပြတ်မှာလား၊ ခန္ဓာကြီး ဉာဏ်နဲ့ ကြည့်မှလား။

"ခန္ဓာကြီး ဉာဏ်နဲ့ကြည့်မှပါဘုရား"

ခန္ဓာကြီး ဉာဏ်နဲ့ကြည့်တဲ့အလုပ်သည် တခြားလား၊ ဝိပဿနာလား။

"ဝိပဿနာပါဘုရား"

## လမ်းဆုံးကိုရှာပါ

နေ့လယ်ပိုင်း ပဋ္ဌိစ္စသမုပ္ပါဒ်ကို ဦးဇင်းတို့ မပြောပြမီမှာ အရင်ဦးစွာ ဦးဇင်း ပြောချင်တဲ့ စကားလေးနှစ်ခု၊ အမည်လေး နှစ်မျိုးပေါ့နော်။

တစ်မျိုးက လောကီအလုပ်။ နောက်တစ်မျိုးက လောကုတ္တရာအလုပ်။

အလုပ်တွေ ဘယ်လောက်ရှုပ်ရှုပ်၊ ကမ္ဘာပေါ်မှာ လူဦးရေ ဘယ်လောက် များများ၊ ဒီအလုပ်နှစ်မျိုးမှ လွဲလို့ရှိရင် ဘာမှ ပိုပြီးတော့မလုပ်နိုင်ဘူး။ ရှင်းရဲ့လား။

ဝိပဿနာအမြင်ဆိုတဲ့ လောကုတ္တရာအမြင်မရှိတဲ့လူတွေ မှန်သမျှ လောကီ အလုပ်တွေချည်းပဲ တောက်လျှောက်လုပ်နေတာ။ အဲဒီတော့ ဝိပဿနာအမြင်၊ ဓမ္မ အမြင်ရှိတဲ့ပုဂ္ဂိုလ်၊ လောကီအမြင်လည်း ရှိတဲ့ပုဂ္ဂိုလ်ကျတော့ အလုပ် နှစ်မျိုးစလုံး လုပ်သွားတယ်။ ဥပမာ- ယောဂီတို့လို။

အဲဒီတော့ ယောဂီတို့ကို သိစေချင်တာက လောကီအလုပ်၊ လောကုတ္တရာ အလုပ်ဆိုပြီးတော့ အလုပ် ဘယ်နှစ်မျိုးလဲ။

"နှစ်မျိုးပါဘုရား"

အဲဒီနှစ်မျိုးထဲမှာ ထပ်ပြီးတော့ မှတ်ဖို့က လောကီအလုပ်သည် လမ်းဆုံးမရှိတဲ့ အလုပ်။ လောကီအလုပ်ကို လုပ်နေတဲ့ ယောဂီတွေမှန်သမျှ၊ လောကီအလုပ်ကို လုပ်နေတဲ့ လူသားတွေမှန်သမျှ သူ့တို့အတွက်မှာ လမ်းဆုံးမရှိဘူး။

နောက်တစ်ခါထပ်ပြီးတော့ မှတ်မယ်။ လောကုတ္တရာအလုပ်သည် လမ်းဆုံး ရှိတဲ့ အလုပ်။ လောကုတ္တရာအလုပ်သည် ဘာအလုပ်လဲ။

"လမ်းဆုံးရှိတဲ့အလုပ်ပါဘုရား"

ဟာ... အရှင်ဘုရား ဒီ လောကုတ္တရာအလုပ်ကို လမ်းဆုံးရှိတဲ့အလုပ်လို့ အရှင်ဘုရား ဘာကြောင့်ပြောတာလဲဆိုရင် ယောဂီတို့ ဒီတရားတွေကို ခန္ဓာကို ကြည့်ပြီးတော့ အားမထုတ်ဘူးလား။

"အားထုတ်ပါတယ်ဘုရား"

အားထုတ်တဲ့အခါကျတော့ ခန္ဓာကို ဉာဏ်နဲ့တိုက်၊ ဖြစ်ပျက်တွေ မြင်ပြီးတော့၊ ဖြစ်ပျက်တွေ မုန်း။ ဖြစ်ပျက်တွေ ဆုံးတဲ့အခါကျတော့ ပထမမဂ် သောတာပန်။ ဘာတဲ့လဲ။

"သောတာပန်ပါဘုရား"

သောတာပန်တည်ပြီးသွားတဲ့ ယောဂီတို့ဟာ...

**ဒိဋ္ဌိ ဝိစိကိစ္ဆာ ပဟာနေန ပဟိနာ ပါယဂမနော သတ္တက္ခတ္တုပရမော၊**

**သောတာပန္နော နာမဟောတိ။**

ဒါ အဘိဓမ္မာနော်။ အဲဒါ အဓိပ္ပာယ်လေး ပြောကြစို့ဆိုတော့- သောတာပန် ဖြစ်သွားပြီဆိုတဲ့ ယောဂီတစ်ဦးဟာ **သတ္တက္ခတ္တုပရမော**-တဲ့။ ဘဝ ခုနစ်ဘဝပဲ နေရမယ်။ ဒါ အများဆုံးပြောတာ။

**ပဟိနာ ပါယဂမနော**-လို့ ပြောတဲ့အတွက်ကြောင့် သောတာပန် ဖြစ်သွားပြီးတဲ့ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ဟာ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ် ဆိုတဲ့ အပါယ်လေးဘုံကို သွားစရာမလိုဘူး။ အဲဒီတော့ လူ့ပြည်၊ နတ်ပြည်ဆိုတဲ့ ကောင်းတဲ့ ဘဝတွေမှာ ဘယ်နှစ်ဘဝတဲ့လဲ။

"ခုနစ်ဘဝပါဘုရား"

သောတာပန်ဖြစ်သွားတဲ့ ပုဂ္ဂိုလ်ဟာ လမ်းဆုံးအနေနဲ့ ခုနစ်ဘဝပဲ နေရမယ်။ သေသေချာချာ သိပြီနော်။

အဲဒီ ခုနစ်ဘဝသာ ပြီးသွားလို့ရှိရင် အရှင်ဘုရား ဘယ်ရောက်မှာလဲဆိုတော့ နိဗ္ဗာန်ဆိုတာ မျက်မှောက်ပြုမယ်။ ရှင်းရဲ့လား ယောဂီတို့။

ဒါက လောကုတ္တရာအလုပ်ကို လုပ်ကြတဲ့သူတွေအတွက် ပထမဦးဆုံးအနေနဲ့ ပြောတာ။ နောက်တစ်ခါကျတော့ ဖြစ်ပျက်မြင်၊ ဖြစ်ပျက်မုန်း၊ ဖြစ်ပျက်ဆုံးပြီးတော့ သကဒါဂါမ် တည်သွားတဲ့ ယောဂီကျတော့ သကိဒေဝ- ဒီလူ့ဘုံ လူ့ဘဝ လူ့လောကကို တစ်ကြိမ်တည်း ပြန်လာတော့မယ်တဲ့။ လမ်းဆုံးမရှိဖူးလား။

"ရှိပါတယ်ဘုရား"

လူဖြစ်ရင် ဖြစ်မယ်၊ နတ်ဖြစ်ရင် ဖြစ်မယ်။ အဲဒီ ဖြစ်ပြီးတဲ့နောက်ပိုင်းမှာ ယောဂီတွေ တခြားသွားမှာလား၊ နိဗ္ဗာန်သွားမှာလား။

"နိဗ္ဗာန်ပါဘုရား"

သွားပြီ။ သူက လမ်းဆုံးပဲရှိတယ်နော်။ နောက်တစ်ခါကျတော့ နံပါတ်(၃) အနာဂါမ်ဖြစ်သွားတဲ့ ယောဂီကျတော့...

**အနာဂန္တွာ ဣတ္ထတ္တံ**-တဲ့။ အနာဂါမ်ဖြစ်သွားပြီဆိုရင် ဒီဘဝကနေ သေသွားတာနဲ့ အဲဒီ အနာဂါမ်ဟာ လူ့ဘုံတောင် ပြန်မလာတော့ဘူးတဲ့။

ဟို... ဗြဟ္မာ့ပြည်ကပဲ နိဗ္ဗာန်ကူးသွားတာ။ လမ်းဆုံးမရှိဘူးလား။

"ရှိပါတယ်ဘုရား"

ဒါ အနာဂါမ် တတိယအဆင့်ပဲရှိတယ်။

နောက် စတုတ္ထအဆင့်အနေနဲ့ ရဟန္တာကြီးဖြစ်သွားပြီဆိုလို့ရှိရင် ယောဂီတို့ ရှေ့ဆက်စရာ လမ်းရှိသေးလား။

"မရှိတော့ပါဘူးဘုရား"

အဲဒီတော့ လောကုတ္တရာဆိုတဲ့ အလုပ်ဟာ လမ်းဆုံးရှိတဲ့အလုပ်၊ ဟုတ်ရဲ့လား။

နေ့စဉ်နဲ့အမျှ သွားလာလှုပ်ရှားပြီးတော့ ကျင်လည်နေရတဲ့ သားရေး၊ သမီးရေး၊ စီးပွားရေး၊ လူမှုရေး... အဲဒီအရေးတွေအားလုံးဟာ တခြားကိစ္စလား၊ လောကီကိစ္စလား။

"လောကီကိစ္စပါဘုရား"

လောကီကိစ္စမှန်သမျှ လမ်းဆုံးရှိရဲ့လား။

"မရှိပါဘုရား"

ပဋိစ္စသမုပ္ပါဒ် စက်ဝိုင်းကြီးကိုကြည့်။ ကြည့်တဲ့အခါကျတော့ နံပါတ်(၁) လွန်လေပြီးသော အတိတ်ကာလ။ (၁)အကွက်က ဘာတဲ့လဲ။

"လွန်လေပြီးသော အတိတ်ကာလပါဘုရား"

လွန်လေပြီးသော အတိတ်ကာလက ငါတို့ ဘာတွေလုပ်ခဲ့သလဲ။ သမုဒယတွေ။ ဘာတွေလုပ်။

"သမုဒယတွေ လုပ်ပါတယ်ဘုရား

အဝိဇ္ဇာ သင်္ခါရ ခြံရံပြီးတော့ သမုဒယတွေလုပ်တော့ နံပါတ်(၂)အကွက်မှာ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ။ ခန္ဓာ ဘယ်နှစ်မျိုးလဲ။

"ငါးမျိုးပါဘုရား"

ခန္ဓာငါးမျိုး ပြန်မရဘူးလား။

"ရပါတယ်ဘုရား"

အဲဒီ ရလာတဲ့ခန္ဓာဟာ သစ္စာနဲ့ကြည့်တော့ တခြားလား၊ ဒုက္ခသစ္စာလား။

"ဒုက္ခသစ္စာပါဘုရား"

ဟိုအတိတ်ဘဝကာလဆီက ဦးဇင်းတို့ ယောဂီတို့တစ်တွေ သားရေး၊ သမီးရေး၊ စီးပွားရေးဆိုတဲ့ လောကီအလုပ်တွေ လုပ်ခဲ့တဲ့အတွက်ကြောင့် နံပါတ်(၂)အကွက်မှာ အဲဒီ လောကီကိစ္စရဲ့ အကြောင်းကြောင့် အကျိုးတွေ ခန္ဓာငါးပါး ပြန်မရဘူးလား။

"ရပါတယ်ဘုရား"

ရတဲ့ ခန္ဓာငါးပါး သစ္စာနဲ့ကြည့် ဒုက္ခသစ္စာ။ အဲဒါ (၂)အကွက်က ရလာတဲ့ ခန္ဓာငါးပါးကို လောကုတ္တရာအတွက် လမ်းဆုံးရှိတဲ့အလုပ်ကို မလုပ်ဘဲနဲ့ လောကီကိစ္စတွေပဲ ပြန်လုပ်နေကြည့်၊ နံပါတ်(၃)အကွက်ကို မကူးဖူးလား။

"ကူးပါတယ်ဘုရား"

ကူးမှာ... ကူးမှာ။ မဆုံးဘူး။ နံပါတ်(၃)အကွက် တဏှာ၊ ဥပါဒါန်၊ ကံဆိုတဲ့ အရာတွေ ပြန်ပြီးတော့သယ်ဦးမယ်ဆိုရင် နံပါတ်(၄)အကွက် မကူးဘူးလား။

"ကူးပါတယ်ဘုရား"

ဇာတိ၊ ဇရာ၊ မရဏ ဟုတ်ရဲ့လား။ နံပါတ်(၃)အကွက် ကူးလာတော့ တဏှာ၊ ဥပါဒါန်၊ ကံတွေ ခြံရံပြီးတော့ သမုဒယသစ္စာတွေပဲ ပြန်လုပ်။ လောကီကိစ္စတွေကိုးဗျ။

လောကီကိစ္စတွေ လုပ်တာမှန်သမျှ သမုဒယသစ္စာတွေချည်းပဲ။ သမုဒယသစ္စာနဲ့ လုပ်မှတော့ အကြောင်း။ ဒုက္ခသစ္စာသည် ဘာတဲ့လဲ။

"အကျိုးပါဘုရား"

ယောဂီတွေ ပြန်ပြော။ သမုဒယသစ္စာသည် အကြောင်း၊ ဒုက္ခသစ္စာသည် အကျိုး။ ပေါင်းလိုက်တော့ အကြောင်းနဲ့ အကျိုး။

ဒါ ပဋိစ္စသမုပ္ပါဒ်ပဲ။ အဲဒါ ပြောချင်တာက အလုပ်နှစ်မျိုးရှိတယ်။ လောကီအလုပ်၊ လောကုတ္တရာအလုပ်။

လောကုတ္တရာအလုပ်သည် လမ်းဆုံးရှိတဲ့အလုပ်။ လောကီအလုပ်ကျတော့ လမ်းဆုံးမရှိဘူး။

အဝိဇ္ဇာ၊ သင်္ခါရတွေခြံရံပြီးတော့ သမုဒယသစ္စာတွေ လုပ်လာ။ နံပါတ်(၂) အကွက် ခန္ဓာငါးပါး ပြန်ရတော့ ဒုက္ခသစ္စာပဲ ပြန်ရတယ်နော်။

နံပါတ်(၂)မှာ လောကုတ္တရာအလုပ်တွေ မလုပ်ဘဲ လောကီအလုပ်တွေ ဆက်လုပ်ရင် နံပါတ်(၃)အကွက်ကို ကူးမယ်။ တဏှာ၊ ဥပါဒါန်၊ ကံ သမုဒယသစ္စာတွေနဲ့ ပြန်လုပ်မယ်။ နံပါတ်(၄)အကွက်မှာ ဇာတိ၊ ဇရာ၊ မရဏဆိုတဲ့ ဒုက္ခသစ္စာ ပြန်ရမယ်။

လောကီအလုပ်ကိုလုပ်တဲ့ လူမှန်သမျှဟာ သမုဒယသစ္စာနဲ့ လုပ်လိုက်၊ ဒုက္ခသစ္စာ ပြန်ရလိုက်။ နောက်တစ်ခါ သမုဒယတွေနဲ့ ထပ်လုပ်လိုက် ဒုက္ခသစ္စာတွေ ပြန်ရလိုက်နဲ့ လမ်းဆုံးရဲ့လား။

"မဆုံးပါဘူးဘုရား"

အို... ဘယ်လောက်တောင် ဦးဇင်းတို့ လုပ်ခဲ့ကြသလဲဆိုတော့ ဘုရားကလေ-

## ဘဝသံသရာ ချမ်းသာရှာ

**အနမတဂ္ဂေါ ယံ ဘိက္ခဝေ သံသာရော။**

**ဘိက္ခဝေ**- ချစ်သား ချစ်သမီးတို့၊ **အယံ သံသာရော**- ဤသံသရာကြီးသည်၊ **အနမ တဂ္ဂေါ**-တဲ့။ ဉာဏ်ဖြင့် အစဉ်လျှောက်၍ကြည့်သော်လည်း မသိနိုင်တဲ့ အပိုင်းအခြားတွေ ရှိတယ်။

သာမန်မျက်စိနဲ့မပြောနဲ့၊ သံသရာ ဘယ်လောက်ရှည်သလဲဆိုတာ ဉာဏ်မျက်စိနဲ့ကြည့်တာတောင်မှ မသိနိုင်တဲ့ အပိုင်းအခြားရှိတယ်တဲ့။ ဘယ်လောက်ရှည်သလဲဆိုတာ တိုင်းတာလို့ရရဲ့လား။

"မရပါဘူးဘုရား"

အို... အဲဒီလောက်ထိ ဦးဇင်းတို့ လောကီကိစ္စတွေ လုပ်ခဲ့လို့ လည်ခဲ့တာများ။ လည်တယ်ဆိုတာ ယောဂီတို့ တခြားလား၊ ပဋိစ္စသမုပ္ပါဒ်လား။

"ပဋိစ္စသမုပ္ပါဒ်ပါဘုရား"

ဒါကြောင့်မို့လို့ လောကီအလုပ်နဲ့ လောကုတ္တရာအလုပ်။ လောကီတန်ဖိုးနဲ့ လောကုတ္တရာတန်ဖိုးဟာ ကြီးကျယ်စွာ မကွာခြားဘူးလား။

"ကွာခြားပါတယ်ဘုရား"

ကဲ... လင်္ကာလေးချပေးမယ်၊ ဆိုကြည့်။

**လောကီဥစ္စာ  ရတနာ၊**

**မှတ်ပါ  ဘုံပိုင်ပစ္စည်းတည်း။**

ယောဂီတို့ ကိုယ်ပိုင်ဆိုင်ထားတဲ့ ပစ္စည်းဥစ္စာ တချို့ကတော့ ငါပိုင်တယ်ကြီးပဲ တွက်နေမှာ။

သိပ်ပြီးတော့ သံဝေဂရစရာ ကောင်းတာက ဦးဇင်းတို့ ယခုလက်ရှိနေတဲ့ ဧရာဝတီတိုင်း၊ လပွတ္တာမြို့နယ် ပြင်စလူရွာဆိုတာ တကယ်ကြီးကျယ်တဲ့ ရွာကြီးတွေဗျ။

ဟာ... ကားတွေတဝီဝီ။ အဲဒီလိုနေကြတဲ့နေရာနော်။ အဲဒီလိုနေကြတဲ့အခါမှာ သူတို့စိတ်ထင်တော့ ဒါ ငါပိုင်တယ်၊ ငါ့ဥစ္စာတွေလို့ ထင်မှာပဲနော်။

ဒါပေမယ့် မထင်မှတ်တဲ့ ကံကြမ္မာ မုန်တိုင်း၊ ဘာမုန်တိုင်းလဲ။

"နာဂစ်မုန်တိုင်းပါဘုရား"

ဒါ တစ်နိုင်ငံလုံး သိနေတာပဲ။ အဲဒီမုန်တိုင်းကြီး တိုက်လိုက်တဲ့အခါကျတော့ ငါပိုင်ပါတယ်၊ ငါ့ဥစ္စာလို့ထင်ထားတဲ့ အရာတွေအားလုံးဟာ ကျန်ကြသေးရဲ့လား။

"မကျန်တော့ပါဘုရား"

အို... ပစ္စည်းတွေမပြောနဲ့၊ တချို့ လူတောင်မှ မကျန်ဘူး။ အိမ်မှာ ခြောက်ယောက်ရှိတယ်ဆို တစ်ယောက်မှ မကျန်ဘူး၊ ဟုတ်ရဲ့လား။

အိမ်လည်းကုန်၊ ပစ္စည်းဥစ္စာတွေလဲကုန်။ ရတနာတွေလည်း ကုန်တယ်။

အဲဒီတော့ ယောဂီတို့ လောကီဥစ္စာ ပစ္စည်းရတနာမှတ်သမျှ ကိုယ်ပိုင်လား၊ ဘုံဆိုင်လား။

"ဘုံဆိုင်ပါဘုရား"

ဘုံဆိုင်မို့လို့ပေါ့။ ကိုယ်ပိုင်ဥစ္စာသာဆိုလို့ရှိရင် ကိုယ့်အနားက တစ်ဖဝါးမှ ဘယ်ခွာမလဲဗျ။ ဒါကြောင့်မို့လို့...

**ဘဝဤကိုယ်  မင်းဟုဆိုလည်း**

**နေကိုပုံပြ  လလိုပုံထား**

**မှတ်တုံငြားလော့။**

**နေကထွက်ဝင်  ပေါ်ချုပ်ထင်၏**

**လလျှင်  ပြည့်ကွယ်  ကြီး၍ငယ်ခဲ့**

**ထိုနှယ်မလွဲ  လူခပင်းတို့**

**အမြဲချမ်းသာ  မရှိစွာရှင့်။**

**အာဏာတန်ခိုး အမျိုးစည်းစိမ်**
**ဘုန်းဂုဏ်သိန်လည်း တစ်တိမ်ပေါ်ငုပ်**
**ဖြစ်ချုပ်တတ်စွာ ဓမ္မတာတည်း။**
**ခေါက်ရှာငှက်ပျံ ခင်ဘုတ်ပျံနှင့်**
**ဘုတ်ပျံ ရှုးပျံ လောကဓံဟု**
**ထုံးစံတရား ဤရှစ်ပါးကား**
**ပိုင်းခြားလူမှာ မမြဲစွာတည်း။**

မြဲရဲ့လား။

"မမြဲပါဘုရား"

မမြဲဘူးဆိုတာ တခြားလား၊ ဘုံဘိုင်ပစ္စည်းမို့လို့လား။

"ဘုံပိုင်ပစ္စည်းမို့လို့ပါဘုရား"

**လောကီဥစ္စာ ရတနာ၊**
**မှတ်ပါ ဘုံပိုင်ပစ္စည်းတည်း။**
**လောကုတ္တရာ ရတနာ၊**
**မှတ်ပါ ကိုယ်ပိုင်ပစ္စည်းတည်း။**

ယောဂီတို့ အခု တရားအားထုတ်ထားတဲ့ ကုသိုလ်တွေ၊ လှူဒါန်းထားတဲ့ ကုသိုလ်တွေ၊ ပွားများထားတဲ့ ကုသိုလ်တွေ၊ အဲဒါတွေကတော့ ကိုယ်ပိုင်ပဲ။

ယောဂီတို့ရေ... ဒီဘဝကနေသေရင် အဲဒီ ကိုယ်ပိုင်ကုသိုလ်တွေက ကိုယ့်နောက်လိုက်ပြီးတော့ ချမ်းသာသုခတွေပေးမှာ။ လိုက်ဆိုကြည့်။

**နေ့မှာကားမြှောက် ညမှာပျောက်၊**
**လှန့်ခြောက်ဖွယ်ရာ လောကီပါ။**

လောကီဥစ္စာ ရတနာတွေရှိတဲ့ပုဂ္ဂိုလ်က ဝတ်စားဆင်ယင်လို့ သွားကြလာကြ၊ စားကြသောက်ကြ၊ ဒီလိုကိုးဗျ။ ဒါပေမယ့် ညညကျတော့ ချောက်တယ်ဗျ။

ဘာချောက်တာလဲဆိုတော့ သူခိုး ခိုးဦးမှာလား၊ ဓားပြ တိုက်ဦးမှာလား၊ တချို့ဆိုလို့ရှိရင် နေ့မှာ အဝတ်တန်ဆာတွေနဲ့ အပြည့်အစုံ။ ညသွားရင် မဝတ်ရဲတော့ဘူး။ ညကျတော့ မချောက်ဘူးလား။

"ချောက်ပါတယ်ဘုရား"

**နေ့မှာလဲပျော် ညလည်းပျော်၊**

**နှစ်ဖော်ချမ်းသာ လောကုတ္တရာ။**

နေ့မှာလည်းပဲ ပျော်ရတဲ့တရား၊ ညမှာလည်းပဲ ပျော်ရတဲ့တရားသည် ယောဂီတို့ တခြားလား၊ လောကုတ္တရာလား။

"လောကုတ္တရာပါဘုရား"

ဒါကြောင့်မို့လို့ လောကီနဲ့ လောကုတ္တရာ၊ ဒီအလုပ်နှစ်ခုဟာ အများကြီး တန်ဖိုးချင်းကွာတယ်။ နောက်တစ်ခါဆိုကြည့်၊

**တစ်ဘဝအကျိုး သယ်ဆောင်ပိုး၊**

**အကျိုးနည်းစွာ လောကီပါ။**

ပိုင်ဆိုင်သမျှသော လောကီပစ္စည်းဥစ္စာတွေမှန်သမျှ တစ်ဘဝတန်ဖိုးပဲ။ အဲဒီ တစ်ဘဝတန်ဖိုးကို ထာဝရတန်ဖိုးအဖြစ် ပြောင်းချင်ရင်တော့ ဓမ္မလေးတွေပြုလိုက်။

ခန္ဓာကိုယ်ကြီးကို ညာတာမနေဘဲနဲ့ သီလတွေ ဆောက်တည်လိုက်။ ဘာဝနာ တွေ အားထုတ်လိုက်။ မကောင်းဘူးလား။

"ကောင်းပါတယ်ဘုရား"

**ဘဝများမြောင် ချမ်းသာဆောင်၊**

**မြင့်ခေါင်လှစွာ လောကုတ္တရာ။**

အဲဒီ လောကီအလုပ်နဲ့ လောကုတ္တရာအလုပ်ရဲ့ တန်ဖိုးချင်း ဦးဇင်းတို့ ရှေးဦးစွာ ဖော်ပြတာ ယောဂီတို့။

အဲဒီတော့ ပဋိစ္စသမုပ္ပါဒ်လေးအကြောင်း နည်းနည်းပြန်လှည့်တော့ ပဋိစ္စ သမုပ္ပါဒ်ဆိုတာ တခြားလား၊ အကြောင်းအကျိုးလား။

"အကြောင်းအကျိုးပါဘုရား"

အကြောင်းကြောင့် ဘာဖြစ်လဲ။

"အကျိုးဖြစ်ပါတယ်ဘုရား"

အဲဒီတော့ အကြောင်းကောင်းရင် ဘာကောင်းမလဲ။

"အကျိုးကောင်းမှာပါဘုရား"

အဲ... အကျိုးကောင်းချင်ရင် ယောဂီတို့ ဘာကောင်းအောင်လုပ်။

"အကြောင်းကောင်းအောင် လုပ်ရမှာပါဘုရား"

ပဋိစ္စသမုပ္ပါဒ်ကြီးသာ ကြည့်နေလိုက်နော်။ ကြည့်နေရတာ ပျင်းစရာကြီး။ ပျင်းကော မပျင်းဘူးလား။

“မပျင်းပါဘူးဘုရား”

အင်း… မပျင်းဘူးဆိုတော့ မဆိုးဘူးဗျနော်။ ပန်းသီးဝယ်ကျွေးမယ်။ အဲဒီတော့ ပဋိစ္စသမုပ္ပါဒ်ကြည့်လိုက်တော့ အကြောင်းနဲ့အကျိုး။ မနေ့က ယောဂီတို့ကို အင်္ဂါတစ်ဆယ့်နှစ်ပါး ဦးဇင်း မရှင်းဘူးလား။

“ရှင်းပါတယ်ဘုရား”

အင်္ဂါတစ်ဆယ့်နှစ်ပါးကို ယောဂီတို့ မူလနှစ်ဖြာ ပြန်မစတော့ဘူးဗျာ။ ပျင်းစရာကြီး ဟုတ်ရဲ့လား။

“မပျင်းပါဘူးဘုရား”

အင်း… တော်သေးတာပေါ့ မပျင်းရင်။ အဲဒီတော့ ယောဂီတို့ အင်္ဂါတစ်ဆယ့်နှစ်ပါး နည်းနည်းလေးတော့ ပြန်ပြောင်းလိုက်ဦး။

## ဘဝဘဏ္ဍာ လွတ်ရာရှာ

အဝိဇ္ဇာဆိုတာ တခြားလေး၊ မသိတာလား။

“မသိတာပါဘုရား”

မသိတဲ့ အဝိဇ္ဇာက ယောဂီတို့ တခြားမသိတာလား၊ သစ္စာ မသိတာလား။

“သစ္စာ မသိတာပါဘုရား”

ဩော်… သစ္စာက ဘယ်နှစ်ပါးလဲ။

“လေးပါးပါဘုရား”

ကဲ… ပြောကြည့်ရအောင်။

ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ။

အဝိဇ္ဇာက မသိတာ။ သင်္ခါရက ပြုလုပ်တာ။ ယောဂီတို့ (၂)အကွက်ကြည့်နော်။ ဦးဇင်းကို မကြည့်နဲ့။

အဲဒီတော့ ပြုလုပ်တဲ့ သင်္ခါရက ဘယ်နှစ်မျိုးလဲ။

“သုံးမျိုးပါဘုရား”

ကဲ… ပြောကြည့်ရအောင်။

ပုညာဘိသင်္ခါရ၊ အပုညာဘိသင်္ခါရ၊ အာနေဉ္ဇာဘိသင်္ခါရ။

သင်္ခါရပစ္စယာ ဝိညာဏ။ ဟော... ဘယ်အကွက် ရောက်သွားပြီလဲ။

"(၂)အကွက်ပါဘုရား"

အဲဒီ ဝိညာဏံဆိုတဲ့ ဝိညာဏ်လေးဟာ ပဋိသန္ဓေဝိညာဏ်၊ ပဝတ္တိဝိညာဏ်။ ဝိညာဏ် ဘယ်နှစ်မျိုးလဲ။

"နှစ်မျိုးပါဘုရား"

အဲဒီ နှစ်မျိုးထဲမှာ ပဋိသန္ဓေဝိညာဏ်ကိုထားလို့ ပဝတ္တိဝိညာဏ်က (၆)မျိုး ရှိတယ်။ ဘယ်နှစ်မျိုးလဲ။

"(၆)မျိုးပါဘုရား"

ဆိုကြည့်။

စက္ခုဝိညာဏ်၊ သောတဝိညာဏ်၊ ဃာနဝိညာဏ်၊ ဇိဝှါဝိညာဏ်၊ ကာယ ဝိညာဏ်၊ မနောဝိညာဏ်။

အဲဒီတော့ **ဝိညာဏပစ္စယံ နာမရူပံ**။ ဒါ ပြောပြီးသားတွေနော်။

နာမရူပံ ဆိုတာ နာမ-က နာမ်၊ ရူပံ-က ရုပ်။

သွားချင်တာက ဘာတဲ့လဲ။

"နာမ်ပါဘုရား"

သွားတဲ့ဟန်က ရုပ်။ သူမဟုတ်၊ ငါမဟုတ်၊ သွားတာ နာမ်နဲ့ ရုပ်။ ကမ္ဘာ လောကကြီး ချုံကြည့်ရင် နာမ်နဲ့ရုပ်မှအပ ဘာမှမရှိဘူး။ ရှိရဲ့လား။

"မရှိပါဘူးဘုရား"

အဲဒီတော့ ကိုကို၊ မမ၊ အမိ၊ အဖ၊ ဘုန်းကြီးကျောင်းတို့ ကားတို့ဆိုတာ လောက အခေါ်အဝေါ်နဲ့သာ ပညတ်တာ။ တစ်စစီဖြုတ်ကြည့်တဲ့အခါကျတော့ တကယ်ရှိရဲ့ လား။

"မရှိပါဘူးဘုရား"

တကယ်ရှိတာက တခြားလား၊ နာမ်နဲ့ရုပ်လား။

"နာမ်နဲ့ရုပ်ပါဘုရား"

**"နာမရူပ ပစ္စယာ သဠာယတနံ"**

သဠာယတနံ ဆိုတော့ သ-ဆိုတာက 'ဆ' ခြောက်ခု။ အာယတန-ဆိုတာက ချဲ့တယ်။ (၆)ပါးသောတရားသည် ချဲ့ပါတယ်။ တခြားချဲ့တာလား၊ သံသရာလား။

"သံသရာပါဘုရား"

ယောဂီတို့ အခု ဘယ်ကိုကြည့်နေတာလဲ။

"စက်ဝိုင်းကိုပါဘုရား"

ပဋ္ဌိစ္စသမုပ္ပါဒ် စက်ဝိုင်းကြီးကို ဦးဇင်းက ထောက်ထောက်ပြမှ ပဋ္ဌိစ္စသမုပ္ပါဒ်လို့ မခေါ်နဲ့။

တချို့ ဘာမှမသိဘူး။ မီးလေးနဲ့ ထောက်ပြတဲ့အခါကျတော့ 'အရှင်ဘုရား ပဋ္ဌိစ္စသမုပ္ပါဒ်လည်း တစ်ခါမှ မထောက်ပါလား' တုတ်နဲ့ထောက်မှ သူက ထောက်တယ် ထင်တာကိုးဗျ။

မီးနဲ့ထောက်လည်း အတူတူပဲ။ အခု တုတ်နဲ့ မထောက်တော့ဘူး။ မီးနဲ့လည်း မထောက်တော့ဘူး။ ကိုယ်က အဆင့်မြှင့်ပစ်လိုက်တာ။

ကိုယ့်ယောဂီတွေ ပဋ္ဌိစ္စသမုပ္ပါဒ်စက်ဝိုင်းနဲ့ မျက်စိနဲ့ ကပ်သွားပြီမဟုတ်လား။ အဲဒီတော့ ကြည့်မနေတော့ဘူး။ ယောဂီတို့ ကြည့်ချင်ကြည့်၊ မကြည့်ချင်နေ။ ကျုပ်က တော့ မကြည့်တော့ဘူး။

အဲဒီတော့ **နာမရူပ ပစ္စယာ သဠာယတနံ။** ခြောက်ပါးသောတရား။

မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်။ ဘယ်နှစ်မျိုးလဲ။

"ခြောက်မျိုးပါဘုရား"

အဲဒီ ခြောက်ပါးသောတရားတွေဟာ သူများဆီမှာရှိတာလား၊ ကိုယ့်ဆီမှာ ရှိတာလား။

"ကိုယ့်ဆီမှာရှိတာပါဘုရား"

ကိုယ့်ဟာကိုယ် မြင်အောင်ပြန်ကြည့်။ ချိန်ကိုက်ကြည့် ယောဂီတို့။ ဘာဖြစ်လို့လဲဆိုတော့ တစ်သံသရာလုံးမှာ ဦးဇင်းတို့ လက်ညှိုးတွေက သူများကိုထိုးထားတာ။

အဲဒီတော့ ဒီနေ့ ဗုဒ္ဓရဲ့ ဓမ္မနဲ့ တွေ့တုန်းအခိုက်မှာ ကိုယ့်လက်ညှိုးလေးနဲ့ ဘယ်သူ့ကိုပြန်ထိုး။

"ကိုယ့်ကိုယ်ကိုယ် ပြန်ထိုးပါဘုရား"

အကျင့်လေးလုပ် ဟုတ်လား။ သဠာယတန ဆိုတဲ့ သံသရာချဲ့တတ်တဲ့ တရား မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ် ဟုတ်လား။

**သဠာယတန ပစ္စယာ ဖဿော။**

ဖဿ ဆိုတာ တွေ့ထိတာ။ တွေ့ထိတဲ့ ဖဿက ခြောက်ပါး။ ဘယ်နှစ်ပါးလဲ။

"ခြောက်ပါးပါဘုရား"

ကဲ... ဆိုကြည့်။

စက္ခုသမ္ဖဿ၊ သောတသမ္ဖဿ၊ ဃာနသမ္ဖဿ၊ ဇိဝှါသမ္ဖဿ၊ ကာယသမ္ဖဿ၊ မနောသမ္ဖဿ။

ဖဿပစ္စယာ ဝေဒနာ။ ဖဿကြောင့် ဝေဒနာဖြစ်တယ်။ ဝေဒနာဆိုတာ တခြားလား၊ ခံစားတာလား။

"ခံစားတာပါဘုရား"

ခံစားမှု ဝေဒနာဟာ အကျဉ်းအားဖြင့် (၃)မျိုး။ အကျယ်အားဖြင့် (၆)မျိုး။ (၆)မျိုးကို အသာထားလို့ (၃)မျိုးပဲ ပြောကြရအောင်။

သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ ဥပေက္ခာဝေဒနာ။ အဲဒီတော့ ဝေဒနာပစ္စယာ ဘာသွားမှာလဲ။

"တဏှာပါဘုရား"

တဏှာဆိုတဲ့အခါကျတော့ ပဋိစ္စသမုပ္ပါဒ်စက်ဝိုင်းမှာ အကွက်အားဖြင့် ဘယ်ရောက်သွားပြီလဲ။

"(၄)အကွက်ပါဘုရား"

(၄)အကွက်မဟုတ်ဘူးဗျာတို့။ (၃)အကွက်။

တဏှာဆိုတော့ တခြားလား၊ လိုချင်တာလား။

"လိုချင်တာပါဘုရား"

လိုချင်တယ်ဆိုတဲ့ အဲဒီတဏှာသဘောတရားလေးဟာ ဘယ်နှစ်မျိုးရှိလဲ။

ကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘဝတဏှာ၊ ဘယ်နှစ်မျိုးလဲ။

"သုံးမျိုးပါဘုရား"

ကာမတဏှာ-ဆိုတာ လောကီအာရုံ ကာမဂုဏ်တွေကို လိုချင်တာ ဘဝတဏှာ။ ဘဝတဏှာ-ဆိုတာ ကိုယ့်ရှိတဲ့ ကိုယ့်ရဲ့ဘဝလေးကို တွယ်တာတာ။ လိုချင်တာ ဘဝတဏှာ။

လူတိုင်းလူတိုင်း ကိုယ့်ဘဝလေးနဲ့တော့ ကိုယ်မပျော်ဘူးလား။ ဟိုတစ်နေ့က ပြောခဲ့ပြီးပြီ ဟုတ်လား။ သူတောင်းစားလည်း သူ့ဘဝလေးနဲ့ သူမပျော်ဘူးလား။

တချို့ဆိုရင်လည်း ပြောကြတာပဲနော်။ ဦးဇင်းတို့ ဘုန်းကြီးတွေကို စိတ်မချတဲ့ မယ်တော်ကြီးတွေက ခဏခဏပြောတာ ရှိသေးတယ်။ "အရှင်ဘုရားတို့ မထွက်ကြနဲ့၊ မထွက်ကြနဲ့"၊ လူ့ဘဝဆိုတာ မကောင်းဘူးဘုရား မပြောဘူးလား။

"ပြောပါတယ်ဘုရား"

ဒါပေမယ့် ခက်တာက သူတို့ကပြောပြီးတော့ ဘာဖြစ်လို့ သူတို့ လူ့ဘဝမှာ နေကြတာလဲ၊ ဟုတ်ရဲ့လား။

အဲဒါ ဘဝတဏှာလေးကို ပြောတာပါ။ ပျော်ရွှင်စရာဆိုတာ သူ့ဘဝနဲ့သူ၊ သူ့ဟာနဲ့သူ အမြဲတမ်း ရှိမနေဘူးလား။

"ရှိနေပါတယ်ဘုရား"

ဟိုတုန်းက ကျောင်းသား မောင်တက်တိုးဆိုတာရှိတယ်။ သူက ဘုန်းကြီးနဲ့ တစ်ရွာလုံးကို ဆွမ်းခံထွက်တာ ချဉ်ပေါင်ဟင်းတွေ၊ ငါးပိတွေ ဒါပဲလောင်းတယ်တဲ့။ ရွာဆုံးခါနီးကျမှ အိမ်တစ်အိမ်ကနေ ကြည်ညိုပြီးတော့ ဝက်သားဟင်းကို လောင်းလိုက်တာ။

ကျောင်းပြန်ရောက်တော့ ဟင်းတွေက တစ်ခါတည်းပော့ ပြည့်နေတာပဲပော့။ ဒါပေမယ့် အကောင်းဆုံးက ဘာခွက်လေးလဲ။

"ဝက်သားခွက်လေးပါဘုရား"

ဝက်သားတစ်ခွက်လေးဆိုတော့ ဘုန်းကြီးက သေသေချာချာကြည့်တယ်။ အဲဒါနဲ့ စားတဲ့အခါကျတော့ ဟိုဘက်ကြည့်၊ ဒီဘက်ကြည့် ကြည့်ပြီးတဲ့အခါကျတော့ အကောင်းဆုံးဆိုတဲ့ ဝက်သားခွက်လေးကို တစ်ခါတည်း ဆရာတော်ကယူ၊ ရှေ့မှာ ထားပြီးတော့ ဆင်ခြင်တာ၊ ဘာလုပ်တာလဲ။

"ဆင်ခြင်တာပါဘုရား"

ကျောင်းသား မောင်တက်တိုးက ဘေးနားကနေကြည့်ပြီး 'သြော်... ဒုက္ခ-ဒုက္ခ'တဲ့ ငြီးတယ်။

စားရတာလဲ ဒုက္ခ၊ စွန့်ရတာလဲ ဒုက္ခ၊ ဒီလိုဖြစ်လိမ့်မယ်နော်။ စားပြီးရင် ဒီအတိုင်း နေလို့ရလား၊ စွန့်ရသေးတယ်နော်။ အမယ်လေး... အဲဒါ ပဋိစ္စသမုပ္ပါဒ်ပါပဲ။

စားပြီးရင်စွန့်၊ စွန့်ပြီးတော့လည်း ဒီအတိုင်းသွားတော့မှာလားဆိုတော့ မဟုတ်ဘူး၊ စားရတာပဲ။ တခြားလား၊ လည်တာလား။

"လည်တာပါဘုရား"

အဲဒါကို ဟိုဆရာတော်ကြီးက အဲဒါ ရှုနေတာ။ ဝက်သားခွက်ကြီး ကိုင်ပြီးတော့ ဒုက္ခ... ဒုက္ခ... ဒုက္ခဆိုတော့ ဘေးက မောင်တက်တိုးက တောက်ခေါက်တယ်။

"တောက်... ဒီလို ဒုက္ခမျိုး တက်တိုးတို့ ခံစားလိုက်ချင်ရဲ့"

မယ်တော်ကြီးတွေ လူ့ဘဝမှာ ဒုက္ခလို့ မပြောပါနဲ့။ အဲဒီတော့ ဘယ်ဘဝမှာပဲ ဖြစ်ဖြစ် ကိုယ့်ဘဝလေးကို ကိုယ်တွယ်တာတပ်မက်ပါတယ်ဆိုတဲ့ ဘဝတဏှာ မရှိဖူးလား။

"ရှိပါတယ်ဘုရား"

ဘဝတဏှာတွေ အမျိုးမျိုးပဲနော်။ ပြောဦးမယ် တစ်ခု၊ လျှာရှည်တယ် မထင်နဲ့နော်။

ဟိုတုန်းက သိကြားမင်းကြီးတစ်ယောက်တဲ့၊ တစ်နေ့သောအခါကျတော့ သူ့ရဲ့ ပဏ္ဍုကမ္ဗလာ မြကျောက်ဖြာက ပူပြင်းလာလို့ လှမ်းကြည့်လိုက်တဲ့အခါကျတော့ ငါ့သက်တမ်းကုန်၊ ငါသေတော့မယ်တဲ့။

သိကြားမင်း သက်တမ်းကုန်တော့မယ်ဆိုတော့ ငါသေသွားလို့ရှိရင် ဘယ်ဘဝ ရောက်မလဲလို့ ဒိဗ္ဗစက္ခုနဲ့ ကြည့်လိုက်တော့ အာ... လား-လား၊ အိမ်သာကျင်းထဲမှာ လောက်ကြီးဖြစ်မှာ။ ဘာဖြစ်မှာတဲ့လဲ။

"လောက်ကြီးဖြစ်မှာပါဘုရား"

လောက်ကြီးဖြစ်မယ်ဆိုတဲ့အခါကျတော့ သိကြား လန့်သွားတယ်။ ငါ လောက်ကြီးဖြစ်လို့တော့ မဖြစ်ဘူး။ လောက်ဘဝကနေ သေသွားလို့ရှိရင် ဘာဖြစ်ဦးမှာလဲလို့ ဒိဗ္ဗစက္ခုနဲ့ လှမ်းကြည့်ပြန်တယ်။

အဲဒီတော့ လောက်ကနေကျော်ပြီးတော့ ဟိုဘဝကို ကြည့်လိုက်တဲ့အခါကျတော့ တိုင်းပြည်အုပ်ချုပ်ရမယ့် ဘုရင်တဲ့။ ဘာတဲ့တုန်း။

"ဘုရင်ပါဘုရား"

ဘုရင်ဆိုတော့ မဆိုးဘူး။ မိဖုရားတွေအများကြီးနဲ့၊ လောကစည်းစိမ်တွေ အများကြီးနဲ့နေရမယ် ဟုတ်လား။

နောက်ဘဝတော့ အခြေအနေမကောင်းဘူး။ အိမ်သာကျင်းထဲမှာ။ အဲဒီတော့ နောက်ဘဝကို အသက်အတိုနိုင်ဆုံး တိုအောင်တော့ ငါအကြံအဖန်လုပ်ဦးမှပဲဆိုပြီး သိကြားမင်း လူ့ပြည်ဆင်းတာ။ ဘယ်ကိုဆင်းတာလဲ။

"လူ့ပြည်ပါဘုရား"

လူ့ပြည်ဆင်းတဲ့အခါကျတော့ လူ့ပြည်မှာ အကြမ်းဆုံးဆိုတဲ့ လူသတ်သမားကြီးခေါ်။ လာခဲ့... မင်း၊ ငါက သိကြားကွ၊ တခြားမဟုတ်ဘူး။ မကြာခင် နတ်သက်ကြွေ

တော့မယ်။ ငါသေလို့ရှိရင် ဒီအိမ်သာကျင်းထဲမှာ၊ အိမ်သာကျင်းကို သူက သေသေချာချာ ပြထားတယ်။

အဲဒီအိမ်သာကျင်းထဲမှာ ငါလောက်ဖြစ်လိမ့်မယ်။ အဲဒီအခါကျရင် မင်း အဲဒီလောက်ကိုတွေ့တာနဲ့တစ်ပြိုင်နက် ချက်ချင်းသတ်ပစ်လိုက်။

အဲဒီကနေသေရင် ငါ တိုင်းပြည်အုပ်ချုပ် ဘုရင်လုပ်မယ်။ ဘုရင်ဖြစ်လို့ရှိရင် မင်း ငါ့ဆီလာခဲ့။ မင်းကို ငါ စစ်သူကြီးရာထူးပေးမယ် ဟုတ်ရဲ့လား။

အဲဒီရာထူးကို ဘာလို့ပေးတာလဲဆိုတော့ သူ့လောက်ဘဝ လာသတ်လို့။ အဲဒါနဲ့ပဲ ဆိုကြပါစို့ကွာ။ စုတေပြီးတဲ့အခါကျတော့ အိမ်သာကျင်းထဲဘာဖြစ်။

"လောက်ဖြစ်ပါတယ်ဘုရား"

လောက်ဖြစ်သွားတဲ့အခါကျတော့ လာပြီဗျို့၊ လူသတ်သမားကြီး။ အား... လူသတ်သမားတော့မဟုတ်ဘူး။ သူက လောက်သတ်သမားဖြစ်မယ်။ ဆောရီး... ဆောရီး။ တစ်ခါတလေကျတော့ အဲဒီလို မှားတယ်နော်။

လာတဲ့အခါကျတော့ တစ်ခါတည်း လောက်တွေက အများကြီး။ အဲဒါနဲ့ သူက သိကြားမင်းလောက်ကြီးကိုကြည့်တာ ဟာ... မတွေ့ဘူး။

အဲဒါနဲ့ အလို... သိကြားမင်းကဖြစ်တဲ့လောက်ကြီး၊ လာခဲ့ဦး၊ တက်ခဲ့ဦးဆိုတဲ့ အခါကျတော့ လောက်တွေထဲမှာ သိကြားကဖြစ်တဲ့လောက်ဆိုတော့ အကောင်က ကြီးလိမ့်မယ်။

ဟာ... လောက်ကောင်ကြီးဟာ တစ်ခါတည်း လွှားလွှား လွှားလွှားနဲ့ တက်လာတာ။ ဟာ... ခင်ဗျား ဘာလာလုပ်တာလဲ။ ငါ့ကို မင်းက လာသတ်ဆိုလို့ မင်းကို ငါလာသတ်တာ။ အခု မင်းသေတော့ကွာဆိုပြီးတော့ ဟိုက ရွယ်တာ၊ ရွယ်တဲ့အခါကျတော့... ဟာ... မလုပ်ပါနဲ့ဗျာ ဟုတ်ရဲ့လား။

နဂိုတုန်းက ကျုပ်ထင်တာ မစင်ဆိုတာ သိပ်ရွံစရာကောင်းမယ်လို့ ထင်တာ၊ အခုတော့ ကြည့်စမ်း၊ ခင်ဗျားကြည့်စမ်း၊ ကျုပ်မှာ စားစရာတွေမှ ပေါလို့။ အဖော်အမွန်တွေကလည်း အများကြီးပဲ။ ဟိုမှာမှ ကန့်သတ်ချက်ရှိသေးတယ်။ ဒီမှာ ဘာမှ ကန့်သတ်ချက်မရှိဘူးဗျာ။ ပြောတာ... ပြောတာ။

အဲဒါ စာထဲမပါဘူးနော် ယောဂီတို့။ ကျုပ်ကို စာနဲ့လိုက်မတိုက်နဲ့နော် ဟုတ်လား။

ခင်ဗျားလည်း ကြုံတုန်းဆုံတုန်း မပြန်ပါနဲ့ဦး။ ခင်ဗျားကို စားစရာလေးနဲ့ ညှော့ခံပါရစေဆိုတော့ လောက်သတ်သမားကြီးက မလုပ်ပါနဲ့ဗျာ ပြန်ပါရစေ၊ ပြန်ပါရစေတဲ့။

ပြောချင်တာက ယောဂီအပေါင်း သူတော်ကောင်းတို့ ဘဝတဏှာကိုပြောတာ။ ကိုယ်ရောက်တဲ့ဘဝ၊ ကိုယ်ရတဲ့ဘဝလေးကိုတော့ မပျော်ဘူးလား။

"ပျော်ပါတယ်ဘုရား"

အဲဒါ တွယ်တာနေတာ၊ တပ်မက်နေတာကို ဘဝတဏှာ။ တဏှာပစ္စယာ ဥပါဒါန်ကလည်း (၄)မျိုးတောင်ရှိတယ်။

**ကာမုပါဒါန်၊ ဒိဋ္ဌုပါဒါန်၊ သီလဗ္ဗတုပါဒါန်၊ အတ္တဝါဒုပါဒါန်။**

မနေ့က ဦးဇင်းတို့ အဲဒီဥပါဒါန်မှာ ချုပ်သွားတာ ဟုတ်ရဲ့လား။

## ဒုစရိုက်ရှောင် သုစရိုက်ဆောင်

ဥပါဒါန်မှာ သီလဗ္ဗဥပါဒါန်၊ ခွေးအကျင့်၊ ဝက်အကျင့်လေ။ မနေ့က သေနနဲ့ ပုဏ္ဏ မပြောဘူးလား။ အဲဒီမှာပဲ ပြတ်သွားလို့ အခု ပြန်ဆက်ရတာ။ ပဋိစ္စသမုပ္ပါဒ်ဆိုတာ ပြန်လို့မရဘူး ဟုတ်ရဲ့လား။

အဲဒီတော့ ဥပါဒါနပစ္စယာ၊ ဟိုဘက်ဘာသွားမလဲ။

"ကမ္မဘဝပါဘုရား"

ကမ္မဘဝဆိုတာ အလုပ်။ ကံဆိုတာ ဘာတဲ့လဲ။

"အလုပ်ပါဘုရား"

အဲဒီအလုပ်က ကာယကံ၊ ဝစီကံ၊ မနောကံ။ ဘယ်နှစ်မျိုးလဲ။

"သုံးမျိုးပါဘုရား"

ဒါက အကျဉ်းလေး၊ ပါးပါးလေးပြောတာ။ အရှင်ဘုရား နည်းနည်းလေးချဲ့လို့ ရဦးမလားဆိုတော့... ရတာပေါ့။ ကာယကံက သုံးမျိုးတောင်ရှိတယ်။ ကဲ... လိုက်ဆိုကြည့်ကြ။

**သက်သတ် ခိုးမှု ကာမေသု။**

**သုံးခု ကာယကံ။**

သူများအသက်ကိုသတ်တာ ကာယကံ၊ ခိုးတာကလဲ ကာယကံ၊ သူတစ်ပါးအိမ်ရာကို ဖျက်ဆီးတာလည်း ကာယကံပဲ။ တခြားနဲ့လုပ်တာလား၊ ကာယကံနဲ့လုပ်တာလား။

"ကာယကံနဲ့ပါဘုရား"

ကာယကံသုံးပါး ပြီးသွားပြီနော်။ ကဲ... ဝစီကံ လိုက်ဆိုကြဦး။

**လှည့်စားရန်တိုက်၊ မိုက်မိုက်ကန်းကန်း**

**နှုတ်ကြမ်းလေခြင်း ပြိန်ဖျင်းစကား**

**ဤလေးပါး၊ မှတ်သား ဝစီကံ။**

ဝစီကံလည်း အပြစ်ဖြစ်စရာ (၄)မျိုးရှိတယ်။ လှည့်စားတယ်ဆိုတာ မုသာဝါဒပဲ။ လိမ်ညာတာကိုပြောတာ ဟုတ်ရဲ့လား။

ရန်တိုက်တယ်ဆိုတာ ကုန်းချောတာ၊ ပိသုဏဝါစာ၊ တစ်ယောက်နဲ့တစ်ယောက်၊ တစ်ဖွဲ့နဲ့တစ်ဖွဲ့ မတည့်အောင်တိုက်တာ။

နောက်ပြီးတော့ ဖရုသဝါစာ။ ကြမ်းကြမ်းတမ်းတမ်းပြောတာ။ ဆဲတာ ဆိုတာတို့ အဲဒါ ဖရုသဝါစာခေါ်တယ်။

နောက်တစ်ခါကျတော့ သမ္ပပ္ပလာပဝါစာဆိုတာ ပြိန်ဖျင်းတဲ့စကားတွေ ပြောတာ။ အရေမရ၊ အဖတ်မရ။ သူ့အကြောင်းပြော၊ ကိုယ့်အကြောင်းပြော။ ဒီလိုနော်။

ဝစီကံ ဘယ်နှစ်မျိုးလဲ။

"လေးမျိုးပါဘုရား"

ကဲ... ဆိုကြည့်။

**သူ့ဥစ္စာကို၊ မတရားလိုမူ**

**ဖောက်ပြန်သေကြော၊ ပျက်စေလိုငြား**

**အယူမှား၊ မှတ်သား မနောကံ။**

ဒါ ကျေးဇူးတော်ရှင် မဟာဂန္ဓာရုံဆရာတော်ဘုရားကြီး ဆိုထားတာ။ ဦးဇင်းရဲ့ ဉာဏ် မဟုတ်ဘူး။ ဦးဇင်းက ကျက်ပြီးတော့ ယောဂီတို့ကို တင်ပြတာ။

သူ့ဥစ္စာကို မတရားလိုမူတဲ့။ အဘိဇ္ဈာလို့ခေါ်တယ်။ သူတစ်ပါးဥစ္စာကို ကိုယ့်ဥစ္စာဖြစ်ချင်တာ။

နောက်တစ်ခါ ဖောက်ပြန်သေကြော ပျက်စေလိုငြား။ သူတစ်ပါးပစ္စည်းဥစ္စာ ပျက်သွားမှ၊ သူတစ်ပါးတွေ ချမ်းသာတာကို ဆင်းရဲသွားအောင် ပျက်စီးစေချင်တာ။ ဒေါသ။ တရားကိုယ်ကောက်တော့လေ အဘိဇ္ဈာ။ အဲဒါကို ဗျာပါဒလို့ခေါ်တယ်။

နောက်တစ်ခါကျတော့ ဖောက်ပြန်သေကြော ပျက်စီးလိုငြား အယူမှား။ အယူမှား ဆိုတာ မိစ္ဆာဒိဋ္ဌိ အဲဒီသုံးမျိုးကျတော့ မနောကံ။

အဲဒီကံ သုံးပါးကို ပြန်ပေါင်းလိုက်လို့ရှိရင် ကာယကံနဲ့ပတ်သက်တဲ့အမှုက (၃)မျိုး၊ ဝစီကံနဲ့ပတ်သက်တာက (၄)မျိုး၊ သုံးနဲ့လေး ပေါင်းတော့ ဘယ်လောက်လဲ။

"ခုနစ်ပါဘုရား"

ဟော... မနောကံက အဘိဇ္ဈာရယ်၊ ဗျာပါဒ၊ မိစ္ဆာဒိဋ္ဌိ။ အဲဒီသုံးမျိုး ပေါင်းလိုက်။ အဲဒီသုံးနဲ့ ဟို ခုနစ်နဲ့ ပေါင်းလိုက်တော့ ဘယ်လောက်လဲ။

"ဆယ်မျိုးပါဘုရား"

အဲဒါကို အားလုံးကြားဖူးတဲ့စကားနဲ့ပြောရရင် ဒုစရိုက် (၁၀)ပါးလို့ ခေါ်တယ်။ ယောဂီတို့ ဘာဆယ်ပါးလဲ။

"ဒုစရိုက်ဆယ်ပါးပါဘုရား"

ဒုစရိုက် (၁၀)ပါးကို ပြောင်းပြန်လှန်လိုက်ရင် သုစရိုက် (၁၀)ပါးဖြစ်တယ် ယောဂီတို့။ မှတ်မှတ်ရရလေး ဆိုကြည့်ရအောင်။

**သက်သတ်ခိုးမှု၊ ကာမေသု၊ သုံးခု ကာယကံ။**
**လှည့်စား ရန်တိုက်၊ မိုက်မိုက်ကန်းကန်း၊**
**နှုတ်ကြမ်းလေးခြင်း၊ ပြိန်ဖျင်းစကား**
**ဤလေးပါး မှတ်သား ဝစီကံ။**
**သူ့ဥစ္စာကို မတရားလိုမှု၊**
**ဖောက်ပြန်သေကျေ၊ ပျက်စေလိုခြင်း**
**အယူမှား၊ မှတ်သား မနောကံ။**

အဲဒီတော့ ကာယကံ (၃)ပါး၊ ဝစီကံ (၄)ပါး၊ မနောကံ (၃)ပါး။ အားလုံးပေါင်းတော့ (၁၀)ပါး။ အဲဒါကို ဒုစရိုက် (၁၀)ပါး။ သုစရိုက် (၁၀)ပါးကို သိချင်ပါတယ်ဆိုရင် အဲဒီ ဒုစရိုက် (၁၀)ပါးကို ပြောင်းပြန်လှန်လိုက်။

တဏှာပစ္စယာ ဥပါဒါန်၊ ဥပါဒါနပစ္စယာ ကမ္မဘဝ၊ ကမ္မဘဝပစ္စယာ... နံပါတ် (၄)အကွက် ရောက်လာပြီ၊ ဟုတ်ရဲ့လား။

ကမ္မဘဝပစ္စယာ ဟိုဘက်အကွက်မှာ ဇာတိ။ ဇာတိဆိုတာ တခြားလား၊ ပဋိသန္ဓေလား။

"ပဋိသန္ဓေပါဘုရား"

ပဋိသန္ဓေလေးတစ်ခုရတာကို ဇာတိခေါ်တယ်။ အဲဒီ ဇာတိကို နည်းနည်းလေး ချဲ့ရင် ဂဗ္ဘသေယျက ပဋိသန္ဓေ၊ သံသေဒဇ ပဋိသန္ဓေ၊ အဏ္ဍဇ ပဋိသန္ဓေ၊ ဩပပါတိက ပဋိသန္ဓေ။ ပဋိသန္ဓေ ဘယ်နှစ်မျိုးလဲ။

"လေးမျိုးပါဘုရား"

ဂဗ္ဘသေယျက ဇလာဗုဇ ပဋိသန္ဓေဆိုတာ အမိဝမ်းထဲကနေ ဖြစ်ပေါ်ပြီးတော့ မွေးတဲ့ သတ္တဝါတွေ။

နောက်တစ်ခါကျတော့ အဏ္ဍဇ ပဋိသန္ဓေကျတော့ ဥခွံကနေဖြစ်တာ။ ဥပမာ-ကြက်တို့၊ ငှက်တို့လေ။

အဲ... နောက်တစ်ခါကျတော့ သံသေဒဇ ပဋိသန္ဓေဆိုတာ ရေမှော်တို့နော်။ အညစ်အကြေးကနေ ဖြစ်ရတာ။ ပိုးလောက်လန်းတွေပေါ့။ ဘယ်နှစ်မျိုးရှိသွားပြီလဲ။

"သုံးမျိုးပါဘုရား"

နောက်တစ်မျိုး ဩပပါတိက ပဋိသန္ဓေက ဘယ်လိုလဲဆိုတော့ ဘဝတစ်ခုကနေ ဘဝတစ်ခုကို ဘွားခနဲပေါ်တာ။ ဒီဘဝကနေ ဦးဇင်းတို့ ဘွားခနဲပေါ်တာဆိုတော့ အထင်အရှားပြောရရင် နတ်တွေကို ပြောရမယ်။ ဦးဇင်းတို့ လောကပြောကြတာ ရှိသေးတယ်။ ကိုးလလွယ်၊ ဆယ်လဖွားတဲ့။

အဲဒါ ယောဂီတို့ ကျုံပျော်မှာ ဦးဇင်းမေးတာ အမိဝမ်းထဲမှာ ဘယ်လောက်လဲ ဆိုတော့ (၁၁)လလွယ်၊ (၈)လဖွားတဲ့။ အဲ... ထူးထူးဆန်းဆန်း အဲဒီမှာ ကြားခဲ့ဖူးတာ။ ကိုယ့်ဟာကိုယ် ကြိုက်သလိုမှတ်။ အဲဒါ ကိုယ်ခန္ဓာမဟုတ်ဘူး။ ကိုယ်လည်း မသိဘူး။ ဦးဇင်းတို့ကြားဖူးတာတော့ ကိုးလလွယ်ပဲ။

အဲဒီတော့ ဒီဘဝကနေပြီးတော့ စုတိတယ်ဆိုတာ သေတယ်ပေါ့။ သေတော့ မယ်ဆိုလို့ရှိရင် နတ်ဖြစ်မယ့်ပုဂ္ဂိုလ်က နတ်ဖြစ်မယ်ဆိုလို့ရှိရင် တစ်ခါတည်း နတ်ပြည်မှာ ဘွားခနဲပေါ်တာ။ (၁၆)နှစ်အရွယ်လေး။ အဲဒီလို ပဋိသန္ဓေမျိုးကို ဩပပါတိက ပဋိသန္ဓေခေါ်တာ။

ဟော... ဇာတိပစ္စယာ ဟိုဘက်မှာ ဇရာ။ ဇာတိက သစ္စာနဲ့ကြည့်တော့ ဘာသစ္စာ။

"ဒုက္ခသစ္စာပါဘုရား"

ဇရာဆိုတာကတော့ ဇာတိဆိုတဲ့ ဘဝလေးတစ်ခုရရင် ဘာပဲဖြစ်ဖြစ် အိုကြမှာပဲ။ မအိုဖူးလား။

"အိုမှာပါဘုရား"

အိုပြီးတော့ နာမယ်။ နာပြီးတော့ မရဏ- သေမယ်။ မရဏက ဘာတဲ့လဲ။

"သေမှာပါဘုရား"

ယောဂီတို့ သေတဲ့ မရဏက အဲဒီမှာ (၄)မျိုးဖြစ်သွားပြန်ပြီ။ ဘယ်နှစ်မျိုးလဲ။

"လေးမျိုးပါဘုရား"

ကမ္မက္ခယ၊ အာယုက္ခယ၊ ဉဘယက္ခယ၊ ဉပစ္ဆေဒက။

အာယုက္ခယတဲ့၊ အသက်တမ်းကုန်လို့ သေရတာ။ အဲဒါ တစ်မျိုးနော်။ လူတွေရဲ့ သက်တမ်းက (၇၅)နှစ်မို့လား။ (၇၅)နှစ်မှာ သေတယ်ဆိုလို့ရှိရင် အဲဒါ သက်တမ်း ကုန်လို့ သေတာ။

နောက်တစ်ခါကျတော့ အသက်တမ်းကတော့ မကုန်သေးဘူး။ ကမ္မက္ခယ- ကံကုန်လို့ သေသွားတာ။ ဒါလည်း သိပ်ရှိတာပဲ။ တချို့ မယ်တော်ကြီးတွေ၊ ဒကာကြီး တွေ မွေးနေ့ပွဲတွေ မလုပ်ဘူးလား။ မွေးနေ့ပွဲဆိုတာ ဘာလုပ်တာလဲမေးရင် ကံဆက် တာပဲဗျ ဟုတ်ရဲ့လား။ ဘုရားရဲ့ ပါဠိတော်ထဲမှာရှိတယ်။

## ကုသိုလ်ဆက်ပါ

**ယဒါ ပုညက္ခယော ဟောတိ တဒါ ဝိပစ္စတိ။**

**ယဒါ**- အကြင်အခါ၌၊ **သတ္တာ**- သတ္တဝါတွေဟာ၊ **ပုညက္ခယော**- ကောင်းမှုတွေ ကုန်ကြပြီ၊ **တဒါ**- ကောင်းမှုတွေ ကုန်ကြတဲ့ သတ္တဝါတွေဟာ၊ **ဝိပစ္စတိ**- ဖရိုဖရဲ ပြိုကွဲ ပျက်စီးရတယ်။ အဲဒါ ဘုရားရဲ့ ပါဠိတော်အစစ်ပဲ။

အဓိပ္ပာယ်က ဘာပြောတာလဲဆိုတော့ ဒီသတ္တဝါတစ်ယောက်ဟာ ကုသိုလ်ကံ တွေ ကုန်သွားရင် ပျက်စီးပြီ ဟုတ်လား။

အဲဒါ ယောဂီတို့လည်း ကိုယ့်ဘဝထဲပြန်ထည့်ပြီး စဉ်းစားကြည့်လိုက်။ တချို့ လူတွေပြောတော့ တပည့်တော် မနှစ်က ဒီအလုပ်ပဲ လုပ်တာဘုရား။ အဆင်ပြေ လိုက်တာ။ ဘက်ပေါင်းစုံက ပြည့်စုံတယ်။ ဒီနှစ်ကတော့ဘုရား တပည့်တော် ဘယ်လို လုပ်လုပ် အဆင်မပြေဘူးဘုရား။

အဲဒါဆိုရင် ကံတွေ နည်းလာပြီ။ လူ့ဘဝက အညွန့်တလူလူ နေကြထိုင်ကြတာ။ ဦးဇင်းတို့ ဘုန်းကြီးဘဝမှာလည်း ရှိကြတာပဲ။ စာသင်သားတွေပဲဖြစ်ဖြစ် ကျောင်းထိုင်

တွေပဲဖြစ်ဖြစ် တချို့ဆရာတော်ကြီးတွေကောင်မှ ဟို အရွယ် ငါးဆယ်ခြောက်ဆယ် လောက်မှာ လူထွက်သွားကြတာ မကြားဖူးဘူးလား။

"ကြားဖူးပါတယ်ဘုရား"

နေထိုက်တဲ့ကုသိုလ်တွေ သူ့မှာမရှိတော့ဘူး။ မရှိရင် ဘယ်တော့မှ မနေနိုင်ဘူး။ ဟုတ်ရဲ့လား။

အဲဒီတော့ ဘုန်းကြီးဘဝကို သာမန်လေးမကြည့်နဲ့။ လူရယ်၊ နတ်ရယ်၊ ဗြဟ္မာရယ် အကုန်လုံး ဦးခိုက်ရတာ။ လူ့ဘုံ လူ့လောကမှာ အကြီးကျယ်ဆုံးသော ပုဂ္ဂိုလ်ဟာ တိုင်းပြည်အုပ်ချုပ် မင်းလုပ်တဲ့ပုဂ္ဂိုလ်။ သူ့ဟာသူ ဘာကောင်ကြီးဖြစ်ဖြစ် ဘုန်းကြီးရှေ့ရောက်ရင် ဘုန်းကြီးကို ဘယ်လုပ်ရမှာလဲ။

"ရှိခိုးရမှာပါဘုရား"

အဲဒါ လူမင်း ဟုတ်လား။ နတ်တွေရဲ့မင်းကို ပြောပါဆိုလို့ရှိရင် သိကြားမင်းပေါ့။ အဲဒီ သိကြားမင်းလည်း ဒီကိုယ်တော်တွေကို ကန်တော့နေရပါတယ်။ ဟုတ်လား။

သိကြားမင်းတောင်မှ ကန်တော့ရတယ်ဆိုရင် သိကြားမင်းရဲ့ အဆွယ်အပွား နတ်လေးတွေက ထိုင်ပြီးတော့ကြည့်နေလို့ မရဘူးဆိုတဲ့သဘော၊ ဟုတ်ရဲ့လား။

သိကြားမင်းတင်ပါလားဆိုတော့ မဟုတ်သေးဘူး။ (၃၁)ဘုံရဲ့ အမြင့်ဆုံး ဗြဟ္မာကြီးတွေကလည်း ရဟန်းသံဃာတွေကို ဘာလုပ်ရလဲ။

"ကန်တော့ရပါတယ်ဘုရား"

ဒါကြောင့်မို့လို့ (၃၁)ဘုံရဲ့ အကန်တော့ခံရတဲ့ ဘဝမျိုးက တော်တော်တန်တန် ပါရမီမပါလို့ရှိရင် နေကို မနေနိုင်ဘူး။ ရှင်းရဲ့လား ယောဂီတို့။

ဘုရားရှင်လက်ထက်တုန်းက စိတ္တဟတ္ထ ဆိုတဲ့ ဒကာကြီးရှိတယ်။ သူဟာ တစ်နေ့ကျတော့ ပေါက်တူးကြီးနဲ့ အလုပ်ကပြန်လာတယ်။ အဲဒီအချိန်မှာပဲ ရဟန်းတစ်ပါးကလည်း ဆွမ်းခံက ပြန်ကြွအလာ၊ ဩော်... သပိတ်ရဲ့အဖုံးပေါ်မှာ စားစရာတွေပေါ့နော်။ ဒါ မြို့ထဲကနေ လောင်းလှူလိုက်တာ။ ဖွင့်ကြည့်လိုက်တဲ့အခါကျတော့လည်း ဆွမ်းတွေ၊ ဟင်းတွေ အပြည့်ပဲတဲ့။

စိတ္တဟတ္ထက ကျောင်းထဲကို ဝင်လာတဲ့အခါကျတော့ ရဟန်းရဲ့ သပိတ်အဖုံးပေါ်ကြည့်တာ။ ဟာ... အများကြီးပဲ။ အရှင်ဘုရား သပိတ်ကောရှိသေးလား။ ရဟန်းတော်က ဖွင့်ပြတယ်။ ရှိတာပေါ့ ဒကာရဲ့။ သပိတ်ထဲမှာလဲအပြည့်။ သပိတ်ပေါ်လဲ

အပြည့်။ အရှင်ဘုရားတို့ဘုရား ဒီလို ကောင်းပေ့ညွန့်ပေ့ဆိုတဲ့ အစားအစာတွေကို ဒီလိုပဲ နေ့တိုင်းရသလား။

ရတာပေါ့ ဒကာရဲ့။ ပရိယတ် ပဋိပတ်ကို အားထုတ်ကြတဲ့ ရဟန်းသံဃာတော်တွေအတွက် ဗုဒ္ဓဘာသာ ဒကာ၊ ဒကာမတွေက လောင်းလှူလို့ ဒါတွေရလာတာ ဒကာလို့ မရှင်းပြဘူးလား။

"ရှင်းပြပါတယ်ဘုရား"

ရှင်းပြတဲ့အခါကျတော့ စိတ္တဟတ္ထက လွယ်လွယ်လေးတွေးတာ ဟုတ်လား။

ကြည့်စမ်းဗျာ၊ ငါတို့မှာ မနက်မိုးလင်းကစပြီးတော့ ညနေ မိုးချုပ်တဲ့အထိ တစ်နေကုန်လုပ်ရတာ။ နဖူးပေါ် ကချွေး ခြေမကျအောင်လုပ်ရတာ။ ဒါလောက် ပင်ပင်ပန်းပန်း လုပ်ရတာတောင်မှ သူတို့စားရတဲ့ ဟင်းလို အများကြီးမဟုတ်ဘူး။ တစ်ဝက်လောက်တောင် မစားရဘူး။ ဟိုမှာ ငါးပိရည်လေးနဲ့ ဟင်းဆိုလည်း တစ်မျိုးလေးနဲ့ ဟုတ်လား။

"မှန်ပါ့ဘုရား"

တော်ပြီ။ ဒီလိုပင်ပန်းတဲ့အလုပ်တွေတော့ ငါမလုပ်တော့ဘူး။ ဘုန်းကြီးဝတ်မယ်။ အဲဒါ အစားကြောင့် ဝတ်တာခေါ်တယ်။ ဟုတ်ရဲ့လား။

ဘုန်းကြီးဝတ်မယ်။ ဘုန်းကြီးဝတ်တော့မယ်နဲ့ အဲ... သူ့စိတ်ထဲမှာ အစားစားချင်လို့ ဘုန်းကြီးဝတ်တာကိုး။ ဟုတ်လား။

ဝတ်လာတဲ့အခါကျတော့ ထုံးစံအတိုင်း သပိတ်ကလေးနဲ့ ဆွမ်းခံ၊ ဒကာ ဒကာမတွေက ကြည်ညိုတော့ လောင်းလိုက်တာပေါ့။ မစားဘူးလား။

"စားပါတယ်ဘုရား"

အို... စားပြီး ကောင်းပေ့ညွန့်ပေ့၊ ကောင်းလိုက်တာ... ကောင်းလိုက်တာဆိုပြီးတော့ စား။ စားပြီးတော့ အိပ်။ အိပ်ပြီးတဲ့အခါကျတော့ နောက်တစ်နေ့ ဆွမ်းခံထွက်။ ဆွမ်းခံထွက်ပြီး ပြန်စား။ ပြန်စားပြီးတော့ အိပ်။ ဟုတ်ရဲ့လား။

ဘာဝိပဿနာ ဘာတရားမှ မလုပ်ဘူး။ စားလိုက်၊ ဆွမ်းခံထွက်လိုက်၊ အိပ်လိုက်နဲ့။ အဲဒါ စိတ္တဟတ္ထရဲ့ ပဋိစ္စသမုပ္ပါဒ်ခေါ်တယ်။ ဟုတ်ရဲ့လား။

ယောဂီတို့ ဒါတွေချည်းပဲ လည်နေတဲ့အခါကျတော့ ဩော်... တစ်လလောက် လည်းကြာရော စိတ္တဟတ္ထ စဉ်းစားတယ်။ ခက်တာပဲ ဘုန်းကြီးဘဝ။ စားလိုက်၊

ဆွမ်းခံလိုက်၊ အိပ်လိုက်။ တယ်လဲ မဟန်တော့ဘူး။ ဒါကြီးပဲ လည်နေတာ။ ပျင်းစရာတော်တော်ကောင်းနေပြီ။ လူထွက်ဦးမှ၊ ဟုတ်လား။

- လူထွက်တဲ့အခါကျတော့ အိမ်မှာက ဇနီးမယားက အဆင်သင့်ရှိတာကိုးဗျ ဟုတ်ရဲ့လား။ လူထွက်တဲ့အခါကျတော့ သားတွေ၊ မယားတွေနဲ့ တပျော်တပါးနေ။ နောက်စီးပွားရေးက အခြေအနေမကောင်းတဲ့အခါကျတော့ ဘုန်းကြီးဘဝလေး ပြန်သတိရ။ ပြန်ဝတ်ဦးမှ ဟုတ်ရဲ့လား။

အမယ်လေး... စိတ္တဟတ္ထ ထွက်လိုက်၊ ဝတ်လိုက်နဲ့ ခုနစ်ကြိမ်တောင်တဲ့။ နောက်ဆုံး ခုနစ်ကြိမ်မြောက်မှာတော့ သူတကယ်မြဲမှာ ဟုတ်လား။

အဲ... တစ်ခါ ခုနစ်ကြိမ်မြောက် သူပြန်စည်းမယ့်နေ့မှာ အလုပ်က ပင်ပင် ပန်းပန်း ပြန်လာ၊ အိမ်ကအမျိုးသမီးကလည်း အိမ်ခန်းထဲမှာ တခေါခေါနဲ့ အိပ်နေ တယ်တဲ့။

အမျိုးသမီးက ဘယ်လိုအိပ်နေသလဲဆိုတော့ အမျိုးသမီးက ကိုယ်ဝန်ကြီးနဲ့ ဆိုတော့ ဗိုက်ကြီးကလည်း ပူပူကြီးနေမှာပေ့ါ။

ကိုယ်ဝန်ဆောင်အမျိုးသမီးတွေကို အဲ... တည့်တည့်ကြည့်လို့ရှိရင် ထဆင်ထူး နဲ့တူတယ်။

အိပ်လိုက်လို့ရှိရင် ဥရင်ကောက်လေးနဲ့ တူတယ်။ ကဲ... ထားပါတော့။ ကိုယ့် ဟာကိုယ် စဉ်းစားကြည့်ပါနော်။ သွားရေတွေဘာတွေလဲ ကျနေတယ်။ 'ဩော်... စက်ဆုပ်ဖွယ်ရာပါလား' နှာခေါင်းက အသံတွေ၊ ပါးစပ်ကအသံတွေလည်း ထွက်။ ဒီလောက် အသံတွေထွက်နေတဲ့ စက်ဆုပ်စရာ။

ဟော... စိတ္တဟတ္ထ တွေးလာပြီနော်။

**နေ့စဉ်ပင် ကိုးဒွါရ၊ ယိုစီးကျ အပုပ်တွေ၊ သင့်ခန္ဓာ၊ သည်အထုပ်ဟာ၊ စက်ဆုပ်စရာပေ၊ တွေးကြည့်လေ၊ အသေနဲ့တယ်မထူး၊ အသုဘတခြား၊ ဘယ် မရှာနဲ့၊ ကိုယ်ခန္ဓာသက်သေပြတယ်၊ သုံးမကျဘူး။**

**သုံးမကျတဲ့ခန္ဓာကိုယ် များသူငါ လွန်စုံမက်တယ် မှားချက်ကနာ။**

**အမှန်မှာ ရှစ်ဖြာကွဲ့ နာမ်ရုပ်တရား ဥပါဒ် ဋီဘင်ရယ်နဲ့ မြဲနေ့စဉ် ဖြစ်တည် ပျက်တာမို့ နှစ်သက်ဖွယ် ဘာမရှိတယ် တွေးမိရဲ့လား။**

အဲဒါ ကျေးဇူးတော်ရှင် မစိုးရိမ်ဆရာတော်ဘုရားက စပ်သွားတာ။ ကိုယ့်ရဲ့ ခန္ဓာ အနှစ်မရှိပါဘူး။ စိတ္တဟတ္ထကတော့ ဟိုမှာ တွေ့သွားပြီ။ တွေ့သွားတဲ့အခါကျ တော့ တော်ပြီတဲ့။

ဒီ လူ့ဘုံလူ့ဘဝ ကာမဂုဏ်အာရုံတွေကို စွန့်ပြီးတော့ ငါ သာသနာ့ဝန်ထမ်း ရှင်ရဟန်း ဒီတစ်ခါတော့ တကယ်လုပ်တော့မယ်။ ဘယ်နှစ်ကြိမ်ရှိသွားပြီလဲ။

"ခုနစ်ကြိမ်ပါဘုရား"

ကျန်တဲ့ ခြောက်ကြိမ်က သာသနာမှာ ညာစားခဲ့တာ။ ဟုတ်ရဲ့လား။

ဒီတစ်ခါတော့ တကယ်လုပ်တော့မယ်၊ သံသရာလွန်မြောက်ကြောင်း နိဗ္ဗာန် ကို ဆိုပြီးတော့ တစ်ခါတည်း ပြန်ထွက်သွားတယ်။ ထွက်သွားတဲ့အခါကျတော့ အမျိုးသမီးရဲ့ အမေဖြစ်သူက အဲဒီမြင်ကွင်းကို မြင်လိုက်တယ် ဟုတ်လား။

အဲဒီမြင်ကွင်းကြီးကို မြင်လိုက်တဲ့အခါကျတော့ ချက်ချင်းဆိုသလို သူ့သမီး အခြေအနေကို သွားကြည့်လိုက်တော့ သမီးက ကိုယ်မှာ ဝတ်လစ်စလစ်ကြီး၊ ပူစီ ဖောင်းကြီးနဲ့။

ဒီလို အရင်းခံပြီး မြင်တဲ့အခါကျတော့ သမီးကို နှိုးတယ်။ အို... သမီး နင် တောက်တဲ့တောက်တဲ့နဲ့ ဒီလိုချည်းနေရသလား။ နင့်ယောကျ်ား စိတ္တဟတ္တတော့ ကျောင်းသွားပြီ။

အမေ ဘာသွားလုပ်တာလဲ။ ဘုန်းကြီးသွားဝတ်တာ။ အမေကလည်း ဒါပဲ ထူးထူးဆန်းဆန်းပြောနေတယ်။ သူထွက်လိုက်ဝင်လိုက်လုပ်တာလဲ (၆)ခါ။ အခုအခါဆို (၇)ခါရှိပြီ။ အမေ ပူမနေပါနဲ့။ နောက်တစ်ခါ သူပြန်လာပါလိမ့်မယ်။

အဲဒါနဲ့ အမေဖြစ်သူကပြောတယ်။ ဒီတစ်ခါသွားတာတော့ ဟိုတစ်ခါလို မတူ ဘူးတဲ့ ယောဂီတို့။ ထားလိုက်တော့။ အဲဒီအကြောင်းလေး ပြောတာနော်။

ဘုန်းကြီးဘဝ မလွယ်ဘူးဆိုတဲ့အကြောင်း ပြောတာနော်။ ဒါကြောင့်မို့လို့မို့ အာယုက္ခယဆိုတဲ့ အသက်တမ်းကုန်လို့ရှိရင်လည်း ဘဝတွေ သေနိုင်တယ်။ ကမ္မက္ခယ ဆိုတဲ့ ကံတွေကုန်လို့ရှိရင်လည်း သတ္တဝါတွေ သေနိုင်တယ်။

ဉဘယက္ခယ-ဆိုတာ အသက်တမ်းကော၊ ကံစွမ်းကော နှစ်မျိုးစလုံး သေတာ။ အဲဒီလို သေခြင်းမျိုးလည်းရှိတယ်။

နောက်တစ်ခါကျတော့ ဉပစ္ဆေဒကကံ- ဆိုတာ ဦးဇင်းတို့ သာမန်သေတာ မဟုတ် ဘူး။ အသက်ကုန်လို့လည်း မဟုတ်ဘူး။ ကံကုန်လို့လည်း မဟုတ်ဘူး။ သူ့ဟာသူ သွားရင်းလာရင်း ကားတိုက်လို့သေတယ်။ မော်တော်ဆိုင်ကယ်မှောက်လို့ သေတယ်။ မတွေ့ဖူးဘူးလား။

"တွေ့ဖူးပါတယ်ဘုရား"

အဲဒါကို ဥပစ္ဆေဒနဲ့ သေတယ်ဆိုပြီးတော့ သေခြင်းအားဖြင့် ဘယ်နှစ်မျိုးလဲ။

"လေးမျိုးပါဘုရား"

ဒါဆိုရင် ဦးဇင်းတို့ ဘာတဲ့လဲ။ ပဋိစ္စသမုပ္ပါဒ်အင်္ဂါ (၁၂)ပါးမှာ အဓိပ္ပာယ် ရှင်းပြီး သွားပြီ။ ဒါထက်ဆက်ရင်လည်း ရပါတယ်။ ယောဂီတို့အတွက်တော့ ဒီလောက်ဆို လုံလောက်ပါပြီ ဟုတ်ရဲ့လား။

ကဲ... လိုက်ဆိုကြ။

အဝိဇ္ဇာနှင့် သင်္ခါရကြောင့်။ ခန္ဓာငါးပါးဖြစ်သည်။

ခန္ဓာငါးပါးကြောင့် တဏှာ ဥပါဒါန် ကံ။

တဏှာ ဥပါဒါန် ကံကြောင့် ခန္ဓာငါးပါး ပြန်ရသည်။

ပဋိစ္စသမုပ္ပါဒ် လည်မနေဘူးလား။

"လည်နေပါတယ်ဘုရား"

အေး... ဒါလေးပါပဲ ယောဂီတို့ ဟုတ်လား။

အချိန်ကလည်းစေ့ပြီမို့ တရားဝင် တရားအားထုတ်တယ်ဆိုတာ တခြားလိုချင်လို့လား၊ နိဗ္ဗာန်လိုချင်လို့လား။

"နိဗ္ဗာန်လိုချင်လို့ပါဘုရား"

နိဗ္ဗာန်ဆိုတာ သံယောဇဉ်ရှိလား၊ မရှိဘူးလား။

"မရှိပါဘူးဘုရား"

အဲဒီ သံယောဇဉ်မရှိတဲ့ နိဗ္ဗာန်၊ သံယောဇဉ်တွေ ကင်းကွာသွားတဲ့ နိဗ္ဗာန်ကို ရချင်ကြတယ်၊ ရောက်ချင်ကြတယ်ဆိုတဲ့ ယောဂီအပေါင်း သူတော်ကောင်းတို့က တခြားလုပ်ရမှာလား၊ ဝိပဿနာလုပ်ရမှာလား။

"ဝိပဿနာလုပ်ရမှာပါဘုရား"

ဝိပဿနာဆိုတာ တခြားလား၊ သတိပဋ္ဌာန် လေးမျိုးလား။

"သတိပဋ္ဌာန်လေးမျိုးပါဘုရား"

အဲဒီ သတိပဋ္ဌာန်လေးမျိုး ဝိပဿနာတရားကို အားထုတ်ရင်ကော တခြားကြည့်ရမှာလား၊ ခန္ဓာကြည့်ရမှာလား။

"ခန္ဓာကြည့်ရမှာပါ ဘုရား"

ခန္ဓာကြီး ဉာဏ်နဲ့ကြည့်တော့ ယောဂီတို့ မဖြစ်မပျက်တဲ့ အချိန်ရှိလား။

"မရှိပါဘူး ဘုရား"

ဖြစ်လိုက် ပျက်လိုက်၊ မွေးလိုက်၊ သေလိုက်၊ ဩော်... ခန္ဓာကြီးကြည့်လိုက်၊ ကြည့်လိုက်တိုင်း... ဒါကြီးပဲမြင်နေတဲ့အခါကြတော့ အဲဒီခန္ဓာကြီးလိုချင်တဲ့ တဏှာ လာဦးမလား။

"မလာတော့ပါဘူး ဘုရား"

စွဲလမ်းတဲ့ ဥပါဒါန်တွေရော လာဦးမလား။

"မလာတော့ပါဘူး ဘုရား"

ပြုလုပ်တဲ့ကံတွေရော လာဦးမလား။

"မလာတော့ပါဘူး ဘုရား"

တဏှာ, ဥပါဒါန်, ကံဆိုတဲ့ ခန္ဓာ ဖြစ်ကြောင်းတွေမှ မလာတော့ဘူးဆိုရင် ဘဝဆိုတဲ့ ဇာတိလာဦးမလား။

"မလာတော့ပါဘူး ဘုရား"

ဒါဆိုရင် ယောဂီအပေါင်း သူတော်ကောင်းတို့ အိုစရာလိုသေးလား။

"မလိုတော့ပါဘူး ဘုရား"

နာစရာကော လိုသေးလား။

"မလိုတော့ပါဘူး ဘုရား"

ယောဂီအပေါင်း သူတော်ကောင်းတို့ သေစရာကော လိုသေးလား။

"မလိုတော့ပါဘူး ဘုရား"

အို,နာ,သေ ကင်းတာတခြားလား နိဗ္ဗာန်လား။

"နိဗ္ဗာန်ပါ ဘုရား"

ဒီနိဗ္ဗာန်ကို အလိုလိုရောက်တာလား၊ အို၊ နာ၊ သေကင်းလို့လား။

"အို,နာ,သေ ကင်းလို့ပါ ဘုရား"

ဩော်... အို,နာ,သေကလဲ အလိုလိုကင်းတာလား၊ ဘဝဇာတိချုပ်လို့လား။

"ဘဝဇာတိချုပ်လို့ပါ ဘုရား"

ဘဝဇာတိကလဲ ယောဂီအပေါင်း သူတော်ကောင်းတို့ သူ့အလိုလိုချုပ်မှာလား၊ ခန္ဓာကြီးကို ဉာဏ်နဲ့ကြည့်မှလား။

"ခန္ဓာကြီးကို ဉာဏ်နဲ့ကြည့်မှပါ ဘုရား"

ဩော်… ခန္ဓာကြီးကို ဉာဏ်နဲ့ကြည့်တဲ့အချိန် ယောဂီတို့ရေ မဖြစ်မပျက်တဲ့ အချိန်ရှိလား။

"မရှိပါဘူး ဘုရား"

ဖြစ်လိုက်ပျက်လိုက်၊ မွေးလိုက်၊ သေလိုက်၊ ဟော ယောဂီတို့ရေ ပြောကြည့်၊ ဖြစ်ပျက်က ဘာသစ္စာ။

**"ဒုက္ခသစ္စာ"**

သိတဲ့ဉာဏ်က ဘာသစ္စာ။

**"မဂ္ဂသစ္စာ"**

သေတာက ဘာသစ္စာ။

**"သမုဒယသစ္စာ"**

နောင်ခန္ဓာ မလာတာက ဘာသစ္စာ၊

**"နိရောဓသစ္စာ"**

သစ္စာ ဘယ်နှစ်ချက်ကိုက်။

"လေးချက်ကိုက်ပါတယ် ဘုရား"

ကဲ… သစ္စာလေးချက် တစ်ပြိုင်နက်ကိုက်သောကြောင့် ယောဂီအပေါင်း သူတော်ကောင်းတို့သည် ယခု အားထုတ်အပ်တဲ့ ဝိပဿနာဉာဏ်သည် မဂ် ဖိုလ် နိဗ္ဗာန်သို့ လျင်မြန်စွာ မျက်မှောက်ပြုနိုင်ပါစေသားလို့ ပတ္ထနာပြုရင်းနဲ့ အချိန်လဲစေ့လို့ ဒီနေ့ တော်ကြဦးစို့။

"သာဓု…သာဓု…သာဓု"

# တစ်ပွင့်ပန်လည်း လှပါတယ် တရားတော်

*(သာသနာနှစ် ၂၅၅၃-ခု၊ ကောဇာသက္ကရာဇ် ၁၃၇၁-ခု၊ ဝါခေါင်လဆန်း ၁၄ ရက်၊ ၄-၈-၂၀၀၉ (အင်္ဂါနေ့) ညနေပိုင်း၊ ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်သစ်ရပ်ကွက်၊ သုဝဏ္ဏမြို့ဦးဘုရားအနီး စံရိပ်ငြိမ်ကျောင်းတိုက်တော်အတွင်း မိုးကုတ်ဝိပဿနာ "သစ္စာဓမ္မသဘင်"၌ ဟောကြားသည်။)*

အားလုံးသော ယောဂီအပေါင်း သူတော်ကောင်းတို့...

သင့်တင့်သော ဣရိယာပုတ်မျှတသော အနေအထားအားဖြင့်ထိုင်ပြီးတော့ မြတ်ဗုဒ္ဓရဲ့ဓမ္မကို ကောင်းစွာပူဇော်နိုင်ကြပါပြီ။

## ဓမ္မသဘင်စတင်ပါပြီ

ဒီနေ့ညနေပိုင်းမှာ ဟောကြားမည့် ဓမ္မရဲ့ နာမ၊ တရားရဲ့အမည်ကတော့

**"တစ်ပွင့်ပန်လည်း လှပါတယ်"** တဲ့။

လောကမှာ ပန်းတွေ ပန်းတွေကို ပန်ဆင်ကြတဲ့ အမျိုးသမီးတွေ အများကြီး ပန်ဆင်ကြတယ်။ သည်လိုလဲရှိတယ်နော်။ တစ်ခါတလေကျတော့လဲ တစ်ပွင့် နှစ်ပွင့်ပဲ ပန်တာလဲ မရှိဘူးလား။

"ရှိပါတယ်ဘုရား"

ဒါကတော့ လောကအနေနဲ့ပြောတာပါ။

ဦးဇင်းတို့ ဒီနေ့ တစ်ပွင့်ပန်လည်းလှုပါတယ်ဆိုတာ ပန်စေချင်တာက ဓမ္မပန်းပါ။ ဘာပန်းလဲ။

"ဓမ္မပန်းပါဘုရား"

အများကြီးပန်စရာမလိုဘူးတဲ့။ တစ်ပွင့်တည်းပန်လဲ ဘာဖြစ်လဲ။

"လှုပါတယ်ဘုရား"

လှုတယ်တဲ့။ ရန်ကုန်က ယောဂီတွေက ပိုသိပါတယ်။ အဲဒီတော့ ဒီတရားလေးကို ဦးဇင်းတို့ ဒီနေ့ညနေ ညတရားအဖြစ် ဦးဇင်းတို့ ကျေးဇူးပြုမှာဖြစ်တယ်။

အဲဒီတော့ ဓမ္မစဉ်လေး သွားကြရအောင် ယောဂီတို့။ တရားဝင် တရားအားထုတ်တယ်ဆိုတာ တခြားလိုချင်လို့လား၊ နိဗ္ဗာန်လိုချင်လို့လား။

"နိဗ္ဗာန်လိုချင်လို့ပါဘုရား"

သြော်- နိဗ္ဗာန်ကို လိုချင်ကြ၊ နိဗ္ဗာန်ကို ရောက်ချင်ကြတဲ့ ယောဂီအပေါင်းသူတော်ကောင်းတို့ဟာ တခြားလုပ်ရ မှာလား၊ ဝိပဿနာပဲလား။

"ဝိပဿနာပါဘုရား"

ဝိပဿနာကို လုပ်တဲ့အခါကျတော့ တခြားကြည့်ရမှာလား၊ ခန္ဓာကြည့်ရမှာလား။

"ခန္ဓာကြည့်ရမှာပါဘုရား"

ခန္ဓာကြီးကို ဉာဏ်နဲ့ကြည့်တော့ မဖြစ်မပျက်တဲ့အချိန်များရှိလား။

"မရှိပါဘုရား"

ဖြစ်လိုက်၊ ပျက်လိုက်၊ မွေးလိုက်၊ သေလိုက်။

ကြည့်လိုက်တိုင်း ဒါပဲမြင်နေရတဲ့အခါကျတော့ ဒီခန္ဓာကို လိုချင်တဲ့တဏှာလာဦးမလား။

"မလာတော့ပါဘူးဘုရား"

စွဲလမ်းတဲ့ ဥပါဒါန်တွေကော လာဦးမလား။

"မလာတော့ပါဘူးဘုရား"

ပြုလုပ်တဲ့ ကံတွေကော လာဦးမလား။

"မလာတော့ပါဘူးဘုရား"

တဏှာ၊ ဥပါဒါန်၊ ကံမှ မလာဘူးဆိုရင် ဘဝဆိုတဲ့ဇာတိလေး ရဦးမလား။

"မရတော့ပါဘုရား"

ဘဝမှ မရဘူးဆိုရင် အိုစရာ လိုသေးလား။

"မလိုတော့ပါဘူးဘုရား"

နာစရာကော လိုသေးလား။

"မလိုတော့ပါဘုရား"

သေစရာကော လိုသေးလား။

"မလိုတော့ပါဘုရား"

ယောဂီတို့ အို, နာ, သေ ကင်းတာ တခြားလား နိဗ္ဗာန်လား။

"နိဗ္ဗာန်ပါဘုရား"

ဒီနိဗ္ဗာန် အလိုလိုရတာလား၊ အို,နာ,သေကင်းလို့ ရတာလား။

"အို,နာ,သေ ကင်းလို့ပါဘုရား"

အို,နာ,သေကလည်း အလိုလိုကင်းတာလား၊ ဘဝဇာတိချုပ်လို့လား။

"ဘဝဇာတိချုပ်လို့ပါဘုရား"

ဘဝဇာတိကလည်း သူ့အလိုလိုချုပ်မှာလား၊ ယောဂီတို့ရဲ့ နှလုံးအိမ်မှာရှိတဲ့ သမုဒယချုပ်မှလား။

"သမုဒယချုပ်မှပါဘုရား"

သမုဒယကလည်း အလိုလိုချုပ်မှာလား၊ ခန္ဓာကြီး ဉာဏ်နဲ့ကြည့်မှလား။

"ခန္ဓာကြီး ဉာဏ်နဲ့ကြည့်မှပါဘုရား"

အေး- ခန္ဓာကြီးကို ဉာဏ်နဲ့ကြည့်မှ ဒုက္ခခပ်သိမ်း၊ ဆင်းရဲခပ်သိမ်း၊ ပူပန်ခပ်သိမ်းတို့ ချုပ်ငြိမ်းရာဖြစ်တဲ့ နိဗ္ဗာန်ကို ရကြ၊ ရောက်ကြမယ်ဆိုတာ မသေချာဘူးလား။

"သေချာပါတယ်ဘုရား"

အေး- ဒါက ဦးဇင်းတို့ ဓမ္မစဉ်လေးကိုပြောပြတာ။ တရားနာမည်က ဘာတဲ့လဲ။

"တစ်ပွင့်ပန်လည်း လှပါတယ်ဘုရား"

အဲဒီတော့ ဦးဇင်းတို့ ဒဿနလေးတစ်ခု ပြောချင်ပါတယ်၊ တရားတွေကို အများကြီးသိပြီးတော့ နည်းနည်းလေးကျင့်တဲ့ ပုဂ္ဂိုလ်နဲ့စာရင် တရားကို နည်းနည်းလေးသိပြီးတော့ အများကြီးကျင့်တဲ့ပုဂ္ဂိုလ်က ပိုတန်ဖိုးရှိတယ်။

အေး- အဲဒီ ဒဿနလေးကို နည်းနည်းလေး သဘောပေါက်ထား ယောဂီတို့။

အဲဒီတော့ ဒီကနေ့ တရားနာကြတယ်၊ တရားထိုင်ကြတယ်၊ တရားအားထုတ်

## တစ်ပွင့်ပန်းရဲ့အလှ

ဦးဇင်းတို့ မြတ်စွာဘုရားရှင်လက်ထက်တော်တုန်းက အင်္ဂုလိမာလဆိုတာ ကြားဖူးလား။

"ကြားဖူးပါတယ်ဘုရား"

လူတွေရဲ့ လက်ညှိုးကို ထောင်နဲ့ချီအောင် လိုချင်လို့ လူတွေကို ထောင်နဲ့ချီ သတ်ခဲ့တာ၊ လူမိုက်ကြီးနော်။

တခြားမသိလို့လား၊ တရားမသိလို့လား။

"တရားမသိလို့ပါဘုရား"

နောက်ဆုံးတော့ အဲဒီတရားမသိခဲ့ပါဘူးဆိုတဲ့ အင်္ဂုလိမာလ။ အဟိံသက ပေါ့နော်။

ဘုရားရှင်ကိုယ်တော်မြတ်နဲ့ တွေ့တဲ့အခါကျတော့ ဘုရားရှင်ကိုယ်တော်မြတ်က အင်္ဂုလိမာလကြီးကို တရားတွေဟောတယ်၊ ဟောတဲ့တရားကွေတော့ ဒီမှာမပြောနိုင် တော့ဘူးနော်၊ တရားဒေသနာတွေကို ဟောတဲ့အခါကျတော့ တရားသိသွားတဲ့ အင်္ဂုလိမာလ၊ ဘုရားကိုလျှောက်တဲ့စကားလေး ပြောချင်လို့နော်။

"**ဘန္တေ**- ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်၊ **နရာ**- လူတွေဟာ၊ **ဓမ္မာ အသုတ္တာ**- ဓမ္မကို နာကြားခြင်းမရှိတဲ့အတွက်၊ **ကလျာဏပါပကံ**- ကောင်းမှုနဲ့ မကောင်းမှု ထိုနှစ်မျိုးလေးကိုတောင်၊ **နဝိဇာနန္တိ**- မသိနိုင်ကြပါဘူးဘုရား။

နဂိုတုန်းက တရားတွေ မသိတော့ လူတွေသတ်၊ လက်ညှိုးတွေယူခဲ့။

အခုတော့ တရားတွေသိသွားတဲ့အခါကျတော့ ဘုရားကို လျှောက်နေတာ။

"မြတ်စွာဘုရား- လူတွေဟာ တရားမနာတဲ့အတွက် ကုသိုလ်နဲ့ အကုသိုလ်လေး ကိုတောင် မသိဘူးတဲ့။

ကုသိုလ်ရယ် အကုသိုလ်ရယ်၊ ကောင်းမှုရယ် မကောင်းမှုရယ်လို့ သိတာဟာ တခြားလား၊ တရားနာလို့လား။

"တရားနာလို့ပါဘုရား"

တရားနာတော့ ယောဂီအပေါင်း သူတော်ကောင်းတွေ တရားမရှိဘူးလား။

"ရှိပါတယ်ဘုရား"

ဟိုတစ်နေ့ကပဲ ပြောပြီးပြီ၊ တရားရှိဖို့ တရားနာရမယ်။ တရားလေးသိဖို့ တရားအားထုတ်ရမယ်။ တရားရှိဖို့အတွက် ဘာအားထုတ်ရမလဲ။

"တရားအားထုတ်ရပါမယ်ဘုရား"

တရားမရှိတဲ့အခါကျတော့ ဘာဖြစ်သလဲဆိုတော့ ပူပန်ရတယ်၊ ဦးဇင်းတို့ "မရှိတောင့်တ ရှိကြောင့်ကြ" ဟုတ်ရဲ့လား။

တရားမရှိတဲ့ပုဂ္ဂိုလ်တွေဟာ မရှိတော့လည်းပဲ မရှိလို့ ပူရပြန်တယ်၊ ရှိတော့လည်းပဲ အဲဒီရှိပြီးသား ဥစ္စာတွေကို ရန်သူမျိုးငါးပါးဆိုတဲ့ ရန်သူတွေနဲ့ တခြားတခြားသော အရာတွေက လိုက်လာပြီးတော့ နှိပ်စက်မှာစိုးလို့ အဲဒီ ပစ္စည်းဥစ္စာလေးကို ပျောက်သွားမှာ၊ ပျက်စီးသွားမှာစိုးလို့ဆိုပြီးတော့ မကြောင့်ကြရဘူးလား။

"ကြောင့်ကြရပါတယ်ဘုရား"

တခြားလား၊ တရားမရှိလို့လား။

"တရားမရှိလို့ပါဘုရား"

လင်္ကာလေးချပေးမယ်၊ ဆိုကြည့်ပါလား။

**မရှိတော့လည်း တောင့်တပူ၊**
**ရှိပြန်တော့လည်း ကြောင့်ကြပူ၊**
**မရှိလည်းပူ ရှိလည်းပူ၊**
**အထက်မီး အောက်မီး မုန့်နဲ့တူတဲ့လူ။**

ကဲ- ရန်ကုန်ကလူတွေ အထက်မီးအောက်မီး မုန့်လေးမြင်ဖူးလား။ မမြင်ဖူးရင် ပုသိမ်လိုက်ခဲ့ ပြမယ်။

အထက်မီးအောက်မီးမုန့်များဗျာ အထက်ကလည်းမီးနဲ့၊ အောက်ကလည်းမီးနဲ့ မပူဘူးလား။

"ပူပါတယ်ဘုရား"

ပူတယ်။ ထိုနည်းတူစွာပဲ ဓမ္မကို မသိ၊ တရားမရှိတဲ့ပုဂ္ဂိုလ်ဟာ အဲဒီ အထက်မီးအောက်မီးမုန့်လိုပဲ မရှိတော့လည်း တောင့်တရတယ်၊ ရှိတော့လည်း မကြောင့်ကြရဖူးလား။

"ကြောင့်ကြရပါတယ်ဘုရား"

ဒါကြောင့်မို့လို့ တရားသိဖို့မလိုဘူးလား။

"လိုပါတယ်ဘုရား"

ယောဂီအပေါင်း သူတော်ကောင်းတို့ ဆိုကြည့်ပါလား။

**မရှိတော့လည်း ကြောင့်ကြမပူ။**

**ရှိပြန်တော့လည်း ကြောင့်ကြမပူ၊**

**မရှိလည်းမပူ ရှိလည်းမပူ၊**

**စမ်းရေစင်နဲ့တူတဲ့လူ။**

ဒါက တရားသိတဲ့လူတွေကို ပြောတာနော်။

တရားဓမ္မဆိုတဲ့ အသိလေးရှိတဲ့ပုဂ္ဂိုလ်ဟာ ကိုယ့်မှာ ငွေ၊ ဂုဏ်၊ ရာထူးဆိုတဲ့ ခနပစ္စည်းတွေ မရှိပေမယ်လို့ ကိုယ်မှာ တရားအသိလေးပဲ ရှိနေတဲ့အခါကျတော့ အပူလေးတွေ မသက်သာဘူးလား။

"သက်သာပါတယ်ဘုရား"

တစ်ခါတလေကျတော့ လူတွေက ပစ္စည်းဥစ္စာ ရာထူးဂုဏ်သိန် ဒြပ်တွေ သိပ်ရှိတာ၊ ဒါပေမယ့် လောကဓံရဲ့ အကျအရ အဲဒီရှိတဲ့ပစ္စည်းတွေဟာ တစ်နေ့ကျတော့ ပြန်ကျသွားပြီ၊ အဲဒီကျတော့ တရားမရှိတဲ့ ပုဂ္ဂိုလ်တွေ ပူပြီဗျ။

တရားရှိတဲ့ပုဂ္ဂိုလ်တွေကတော့ "ဩော်- ဒါတွေဟာ သင်္ခါရတရားတွေ" ဖြစ်ပြီးရင် ဘာဖြစ်မလဲ။ ပျက်ရမယ်။ မွေးပြီးရင် ဘာဖြစ်မလဲ။ သေရပါမယ်။

အဲဒီအသိလေးရှိဖို့။ တရားရှိတဲ့လူနဲ့ တရားမရှိတဲ့လူ၊ တရားသိတဲ့လူနဲ့ တရားမသိတဲ့လူ အကွာကြီးပဲ။

ဦးဇင်း နွေရာသီတုန်းက ပုသိမ်ရဲ့အနောက်ပိုင်း ကမ်းမာနီဆိုတဲ့ရွာမှာ သွားတရားဟောတဲ့အခါကျတော့ အဲဒီ ရွာလေးက အသက် (၆၀) (၇၀) (၈၀)လောက်ရှိတဲ့ အဘိုး အဘွားတွေက ပြောတယ်။

"ဆရာတော်လေး- တပည့်တော်တို့ ဒီအသက် ဒီအရွယ်ရှိပြီ၊ ဒီအရပ် ဒီရွာမှာ တရားပွဲဆိုလို့ တစ်ခါမှမဖြစ်ဖူးဘူး"တဲ့။

ကြည့်စမ်း။ အဲဒီလိုနေရာမှာ ဦးဇင်းကိုပင့်လို့ သွားဟောတဲ့အခါကျတော့ ညနေ (၆)နာရီလောက်အထိ ဘာစက်အသံမှ မကြားဘူး။

အမှန်မှာတော့ တရားပွဲရဲ့ထုံးစံအတိုင်း တရားဟောဓမ္မကထိက ဘယ်ဆရာတော်ဘုရားက ကြွပါမယ်၊ တရားတွေ ဟောပါမယ်လို့ တရားနာပရိသတ်တွေကို မဖိတ်ဖူးလား။

"ဖိတ်ပါတယ်ဘုရား"

အခု ဖိတ်တဲ့အသံကိုလည်း ကျုပ်က မကြားရတဲ့အခါကျတော့ ဂေါပကလူကြီး တွေ မေးကြည့်တယ်။

"ဟေ့ ဒကာကြီးတို့- အခု (၆)နာရီပဲပြည့်နေပြီ၊ ခင်ဗျားတို့ ဖိတ်မန္တကပြုတဲ့ အသံလေးတောင် မကြားရပါလား" ဆိုတော့-

"ဆရာတော်လေး- တပည့်တော်တို့ရွာမှာ တစ်ခါမှလည်း မလုပ်ဖူးဘူး"တဲ့။ အခု ကြေညာဖို့ ဒကာတောင်မှ မရှိဘူးတဲ့။ မရှိဘူးဆိုတဲ့အခါကျတော့ ခင်ဗျားတို့ မရှိလို့တော့မဖြစ်ဘူး၊ ဒါ တရားပွဲရဲ့ထုံးစံ၊ ဒီလိုကြေညာမှပဲလာမှာ၊ ဇာတ်ပွဲတွေ ရုပ်ရှင်ပွဲ တွေဆိုတာကတော့ ကြေညာစရာလိုရဲ့လား။

"မလိုပါဘူးဘုရား"

"အဲဒါ လုပ်ကြဦးဗျာ" ဆိုတဲ့အခါကျတော့ အမယ်- အဲဒီမှာ လူစွမ်းကောင်း တစ်ယောက် ထွက်လာတယ်။

ဆရာတော်လေး- တပည့်တော်လုပ်လို့ရမလားတဲ့။ တစ်ခါမှတော့ မလုပ်ဖူးဘူး တဲ့နော်။

"ရပါတယ် ဒကာကြီးရယ်၊ မရှိတဲ့နေရာမှာ ဒကာကြီး အဲဒီလို လုပ်မယ်ဆိုတာကို ကျေးဇူးတင်ပါတယ်၊ လုပ်သာလုပ်ပါ"။

အဲဒါနဲ့ပဲ စက်တွေ ဘာတွေ ဆင်ပေါ့ဗျာ၊ ည (၆)နာရီခွဲလောက်ကျတော့ ဟိုက စတော့တာပဲ။ အဲဒီလုပ်မယ်ဆိုတဲ့ ဒကာ။ စကတည်းက သူက ဘာတည်သလဲ ဆိုတော့-

"အားလုံးသော တရားနာပရိသတ်တို့- ဒီနေ့ ဒီညမှာဖြင့် ကန်ကြီးထောင့်မြို့ သီရိမင်္ဂလာရာမကျောင်းတိုက်မှ ရွှေကန်ဆရာတော်လေးက ကျွန်တော်တို့ရပ်ရွာမှာ လာပြီးတော့ တရားဟောပါမည်။ အဲဒီတော့ ရပ်ရွာထဲမှာရှိကြတဲ့ လူမှန်သမျှ လာပြီး တော့ တရားနာကြပါခင်ဗျာ"တဲ့။ ကဲ-ကြည့်စမ်း၊ လူမှန်သမျှ လာပြီးတော့ တရားနာကြ ပါဆိုတော့ တရားလာပြီးတော့ မနာတဲ့လူကျတော့ ဘာဖြစ်သွား။

"တိရစ္ဆာန် ဖြစ်သွားပါတယ်ဘုရား"

အဲ- တိရစ္ဆာန်တွေဖြစ်သွားတယ်နော်။ အဲဒါ ဦးဇင်းတို့ ဒီအနားမှာလည်း ဒီအတိုင်းအော်ရမယ့်သဘောရှိတယ်။

အဲဒါတွင်မကသေးဘူး၊ လူမှန်သမျှ တရားနာလာကြပါခင်ဗျာတဲ့။ တရားလာနာလို့ရှိရင်လည်း ကိုယ်စီကိုယ်စီ လက်ထဲက တရားနာခလေး ယူလာကြပါတဲ့။ ကဲ-ယောဂီတွေ ဘာခလေးလဲ။

“တရားနာခလေးပါဘုရား”

ဓမ္မပူဇာဆိုတဲ့ အသိလေးတောင် သူ့မှာမရှိဘူး။ တခြားမသိလို့လား၊ တရားမသိလို့လား။

“တရားမသိလို့ပါဘုရား”

[illegible] - ဒါကြောင့်ပို့လို့ တရားမသိရင် ခက်တာပေါ့။ အဲဒီတော့ တရားသိဖို့ရန်အတွက် တရားနာရမယ်။ တရားရှိဖို့ရန်အတွက် တရားအားထုတ်ရမယ်။ မသေချာဖူးလား။

“သေချာပါတယ်ဘုရား”

အဲဒီတော့ ယောဂီတို့ ဒါ ရှေ့ပိုင်းအနေနဲ့ပြောတာပါ၊ ရှည်သွားလိမ့်မယ်နော်။ တရားလေးကို ဆက်ကြဦးစို့။

## မမေ့ပါနဲ့

အဲဒီတရားလေးကို မြတ်စွာဘုရားဟာ ဘယ်မှာဟောလဲဆိုတော့ သာဝတ္ထိမြို့ ဇေတဝန်ကျောင်း ထုံးစံအတိုင်းပေါ့ဗျာ။ ဘုရားက သာဝတ္ထိပြည် ဇေတဝန်ကျောင်းမှာ ဝါပေါင်း (၂၀)ကျော် သီတင်းသုံးတာကိုးဗျာ။

ဒါကြောင့်မို့လို့ ဝတ္ထုကြောင်း တစ်ခု တစ်ခုဟာလည်း အဲဒီမှာပဲ ဖြစ်တာများတယ်။

သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်မှာ ဘုရားရှင်ကိုယ်တော်မြတ် သီတင်းသုံးစဉ်ကာလ အဲဒီတော့ ဘုရားရှင်ကိုယ်တော်မြတ်ထံကို ဘယ်သူရောက်လာလဲဆိုတော့ တိုင်းပြည်အုပ်ချုပ် ဘုရင်လုပ်တဲ့ ကောသလမင်း။

ကောသလမင်းဆိုတာ ကြားဖူးတယ်မဟုတ်လား။ သိပ်ပြီးတော့ အစားကြီးတာလေ၊ ဆန်တစ်စိတ်နဲ့ ဆိတ်တစ်ကောင်တဲ့။ ကုန်အောင်ချက် သူအကုန်စားတာ။

ယခု တရားဝင်တဲ့ယောဂီတွေမှာ အဲဒီယောဂီမျိုးသာ နှစ်ယောက်, သုံးယောက်လောက်ပါရင် စံရိပ်ငြိမ်ကျောင်းဆရာတော် “သေပြီဆရာပဲ”။

ဆန်တစ်စိတ်နဲ့ ဆိတ်တစ်ကောင်ဆိုတော့ လွယ်ပါ့မလား။

"မလွယ်ပါဘုရား"

နောက်စခန်းဆိုလို့ရှိရင်တော့ အဲဒီယောဂီကို သေသေချာချာမှတ်ပြီးတော့ ဟို-အဲဒီ ယောဂီလာတာနဲ့ တော်ပြီ တော်ပြီ စာရင်းပိတ်ပြီ။ ဆရာတော်က ဒီအတိုင်းလုပ်မှာ သေချာတယ် ဟုတ်လား။

ဆန်တစ်စိတ်နဲ့ ဆိတ်တစ်ကောင်ကို ကုန်အောင်စားတာ။ တစ်နေ့တော့ အဲဒီ ကောသလမင်း ဘုရားရှင်ကိုယ်တော်မြတ်ထံ ရောက်လာတဲ့အခါကျတော့ သူက စားစားပြီးချင်း ထုံးစံအတိုင်းပေါ့ဗျာ။ စားပြီးလို့ရှိရင် ထမင်းဆိပ်တက်ပြီးတော့ မအိပ်ချင်ဖူးလား။

"အိပ်ချင်ပါတယ်ဘုရား"

အိပ်ချင်တဲ့အခါကျတော့ တရားသာနာရမှာ၊ တရားကို ရှည်ရှည်မကြိုက်ဘူး။ ဒါနဲ့ပဲ ဘုရားရှင်ကိုယ်တော်မြတ်ကို ကောသလဘုရင်က လျှောက်တယ်။

"**ဘန္တေ**- ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်၊ **မယံ**- တပည့်တော်တို့ တိုင်းပြည်အုပ်ချုပ် ဘုရင်လုပ်နေတဲ့ မင်းတွေဟာ၊ **ဗဟုကိစ္စ**- ကိစ္စတွေက အလွန်များတယ်ဘုရား၊ **ဗဟုကရဏီယံ**- ပြုဖွယ်တွေကလည်း အလွန်များတယ်ဘုရား၊ **တသ္မာ**- ထို့ကြောင့်၊ **သံခိတ္တေန**- အကျဉ်းအားဖြင့်၊ **မမံ**- ဓမ္မကို၊ **ဒေသေတု**- ဟောတော်မူပါ ဘုရား"လို့ မလျှောက်ဘူးလား။

"လျှောက်ပါတယ်ဘုရား"

တရားတိုတိုဟောပါ ဆိုတဲ့အခါကျတော့ မြတ်ဗုဒ္ဓကလည်း သူ့ကို အကိုလာတောင်းတဲ့ပုဂ္ဂိုလ်ကို ဘယ်တော့မှ ရှည်ရှည်မဟောဘူး။ ဒါကြောင့်မို့လို့ မြတ်စွာဘုရားကလည်း တိုတိုလေးတောင်းတော့-

"**အပ္ပမာဒေန မဟာရာဇ သမ္ပာဒေထ**" တဲ့။

ဒါလေးပဲ ဟောပြီးတော့ ဘုရား ဘာမှဆက်မပြောဘူး။ မပြောတဲ့အခါကျတော့ ကောသလဘုရင်မင်းမြတ်က သူ့ကို တရားဟောလို့ ဟောမှန်းတောင် သူမသိဘူးတဲ့ ယောဂီတို့။

အဲဒီတော့ ဒုတိယမ္ပိ ထပ်လျှောက်တယ်။

"ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်၊ တပည့်တော် တရားဟောဖို့ လျှောက်ထားတယ်၊ ဟောတော့ဘုရား"

မြတ်စွာဘုရားကလည်း "အပ္ပမာဒေန မဟာရာဇ သမ္ပာဒေထ"။ ဒါလေးပြောပြီး

တော့ ဘာမှမဆက်တော့ဘူး။ ဒုတိယမွိလည်း သူ့ကို တရားဟောလိုက်မှန်း မသိပြန်ဘူး။

အဲဒါနဲ့ပဲ ကောသလက တတိယမွိ ထပ်လျှောက်တယ်။ "မြတ်စွာဘုရား ဟောတော့ဘုရား"။ အဲဒီတော့မှ ဘုရားရှင်က "အပ္ပမာဒေန မဟာရာဇ သမ္ပာဒေထ"။

"**မဟာရာဇ**- သမုတိနတ် အိုမင်းမြတ်၊ **အပ္ပမာဒေန**- မမေ့မလျော့ မပေါ့မဆတဲ့ သတိတရားတွေနဲ့၊ **သမ္ပာဒေထ**- ပြည့်စုံအောင်ကြိုးစား"

မြန်မာလိုပြောရင်တော့ "အပ္ပမာဒေန မဟာရာဇ သမ္ပာဒေထ" မင်းကြီးတဲ့- ကောင်းမှုကို မမေ့နဲ့။ ဘာကို မမေ့နဲ့လဲ။

"ကောင်းမှုကိုပါဘုရား"

သူက တိုတိုတောင်းတာလား၊ အရှည်တောင်းတာလား။

"အတိုပါဘုရား"

တိုတိုလေး တောင်းတဲ့အခါကျတော့ ဆွေတော်မျိုးတော်တွေ ကောသလဘုရင်မင်းမြတ်ကို ဘုရားရှင်ကိုယ်တော်မြတ်က "အပ္ပမာဒေန မဟာရာဇ သမ္ပာဒေထ" ဒါပဲဟောတာ။ အဲဒီတော့မှ ကောသလဘုရင်မင်းမြတ်က-

ဩော်- ဘုရား ငါ့ကို တရားဟောတာပဲ။ ဒါကြောင့်မို့လို့ ကောသလဘုရင်မင်းမြတ် ထိနမိဒ္ဓတွေ သိပ်များတာ။ အဲဒီတော့ ယောဂီတို့ကို ပြောချင်တာက ဘုရားဟောလိုက်တဲ့ "အပ္ပမာဒေန မဟာရာဇ သမ္ပာဒေထ"တဲ့။

မြန်မာလိုပြောရင်တော့ ကောင်းမှုကို မမေ့နဲ့။ ဘာတဲ့လဲ။

"ကောင်းမှုကို မမေ့နဲ့ပါ ဘုရား"

ကောင်းမှုကို မမေ့နဲ့ဆိုတဲ့ အဲဒီစကားလုံးလေး တစ်လုံးဟာလေ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံခါနီးလည်း ဒီစကားလေးပဲ မပြောဘူးလား။

"ပြောပါတယ်ဘုရား"

**"ဟန္ဒ ဒါနိ ဘိက္ခဝေ အာမန္တယာမိ ဝေါ၊**

**ဝယဓမ္မာ သင်္ခါရာ အပ္ပမာဒေန သမ္ပာဒေထ"**

နောက်ဆုံး ဘုရား "အပ္ပမာဒေန သမ္ပာဒေထ"နဲ့ပဲ ဆုံးသွားတယ်။

အဲဒီစကားလေးတစ်လုံးဟာ နည်းတယ်ဆိုပေမယ့် ဆွေတော်မျိုးတော်တွေ လျှော့မတွက်နဲ့၊ ပိဋကတ်သုံးပုံရဲ့ အနှစ်ချုပ်။

ပိဋကတ်သုံးပုံကို ပြန်ချုံ့လိုက်တော့ သုတ္တန်, အဘိဓမ္မာ, ဝိနည်း။ ဘယ်နှစ်မျိုးလဲ။

"သုံးမျိုးပါဘုရား"

အဲဒီသုံးမျိုးကို ပြန်ပြီးတော့ ချုံ့လိုက်စမ်းပါဆိုတော့ **"သီလရယ်၊ သမာဓိရယ်၊ ပညာရယ်"**။ အဲဒီ **သီလ သမာဓိ ပညာ**ကို ပြန်ပြီးတော့ ချုံ့စမ်းဘုရားဆိုတော့ **'သတိ'**လို့ခေါ်တဲ့ **"အပ္ပမာဒ"** တစ်လုံးပဲရတယ်။

ဒါကြောင့် "အပ္ပမာဒ"ဆိုတဲ့ စကားလုံးလေးတစ်လုံးကို ကျင့်သုံးနိုင်ပြီလို့ဆိုရင် ဘဝမှာ မပြည့်စုံနိုင်ဘူးလား။

"ပြည့်စုံပါတယ်ဘုရား"

လျောင်း၊ ထိုင်၊ ရပ်၊ သွား၊ ဣရိယာပုထ် ဘယ်နှစ်မျိုးလဲ။

"လေးမျိုးပါဘုရား"

အချိန်တိုင်းမှာ တရားနဲ့ နေလို့ရတယ်။ တချို့ အဘိုး အဘွားတွေကို ဦးဇင်းတို့က တရားထိုင်ပါဆိုရင် "တပည့်တော် မထိုင်နိုင်တော့ဘူးဘုရား"။ ရတယ်လေ။ ဘုရားရှင် ကိုယ်တော်မြတ်က ထိုင်ခြင်း ဣရိယာပုထ် တစ်မျိုးတည်းပြောတာမှ မဟုတ်တာ။ မထိုင်နိုင်ရင် ရပ်ပါ။ မရပ်နိုင်ဘူးဆိုလို့ရှိရင် လျောင်းပါ။ လျောင်းပြီးတော့လည်းပဲ တရားအလုပ်ကို လုပ်လိုက်လို့မရဘူးလား။

"ရပါတယ်ဘုရား"

ဒါကြောင့်မို့လို့ မြတ်စွာဘုရားက လျောင်း၊ ထိုင်၊ ရပ်၊ သွား ဣရိယာပုထ် လေးပါးမှာ အမြဲတမ်း ဒီဓမ္မလေးနဲ့။

သွားတဲ့အခါမှာလည်း သတိ။ ထိုင်တဲ့အခါမှာလည်း သတိ။ ရပ်တဲ့အခါမှာလည်း သတိ။ အိပ်တဲ့နေရာမှာလည်း သတိ။ အမြဲတမ်း သတိ-သတိ-သတိနဲ့ သွားနေရင် အဲဒီပုဂ္ဂိုလ်တွေရဲ့ဘဝဟာ မပြည့်စုံဘူးလား။

"ပြည့်စုံပါတယ်ဘုရား"

ကဲ- လိုက်ဆိုကြ။

**သားနဲ့ပျော်မွေ့၊ များမလေ့၊ တရားမေ့တတ်သည်။**

**သမီးနဲ့ပျော်မွေ့၊ များမလေ့၊ တရားမေ့တတ်သည်။**

**ရာထူးနဲ့ပျော်မွေ့၊ များမလေ့၊ တရားမေ့တတ်သည်။**

ဒါ**...** တရားမေ့တတ်တာလေးတွေပေါ့။

သားနဲ့ပျော်နေရင်၊ စီးပွားဥစ္စာတွေနဲ့ပျော်နေရင်၊ ရာထူးတွေနဲ့ပျော်နေရင် အဲဒီ တရားတွေ မေ့တတ်ပါတယ် ယောဂီတို့။

အဲဒီတော့ ပြောချင်တာက မြတ်စွာဘုရားရဲ့ တရားအကျဉ်းချုပ်လေးဟာ ဒါပါပဲ။ သတိပဲ။ မြန်မာလိုပြောတော့ "ကောင်းမှုတွေကို မမေ့နဲ့"။ ဘယ်အချိန်မှာ တပည့်တော်တို့ မမေ့ရမလဲဆိုရင် လျောင်း, ထိုင်, ရပ်, သွား ဣရိယာပုထ် ဘယ်နှစ်မျိုးလဲ။

"လေးမျိုးပါ ဘုရား"

လေးမျိုးစလုံး ဒါလေးနဲ့ပဲ သွား။ ဦးဇင်းတို့ သက်သေသာဓကအားဖြင့် ထုတ်ပြလို့ ရှိရင်...

## တစ်ပွင့်ပန်းရဲ့တန်ဖိုး

ဘုရားရှင်ကိုယ်တော်မြတ် လက်ထက်တော်ကာလမှာ ရဟန်းတော်လေးတစ်ပါး တဲ့။ ဟို... တောကြီးမျက်မည်းထဲမှာ တစ်ပါးတည်း "ဧကစာရီ"လို့ ခေါ်တဲ့ တရား ကျင့်တာ။ တရားဓမ္မတွေနဲ့နေတဲ့ အဲဒီကိုယ်တော်လေးရဲ့နာမည်ကို ပြောကြစမ်းဆိုရင် "ဧကုဒါန"မထေရ်။

ဧကုဒါနမထေရ်တဲ့။ ပုဒ်ဖြတ်လိုက်လို့ရှိရင်တော့ "**ဧက + ဉဒါန**"။

တောကြီးမျက်မည်းထဲမှာ ဆွေတော်မျိုးတော်တွေ တရားဓမ္မတွေ အားထုတ် ပါတယ်ဆိုတဲ့ ဧကုဒါနမထေရ်။ အများကြီးလား၊ တစ်ပါးတည်းလား။

"တစ်ပါးတည်းပါဘုရား"

လောကစကားရှိပါတယ်။ တစ်ယောက်တည်းနေတော့ တရား။ တစ်ယောက် တည်းနေတော့ ဘာတဲ့လဲ။

"တရားပါဘုရား"

နှစ်ယောက်နေတော့ စကား။ နှစ်ယောက်နေတော့...

"စကားပါဘုရား"

သုံးယောက်နေတော့ အလကား။ သုံးယောက်နေတော့ ဘာတဲ့လဲ။

"အလကားပါဘုရား"

အဲဒီတော့ စကားလည်း မဖြစ်ချင်ဘူးတဲ့။ အလကားဆိုတာလည်း မဖြစ်ချင် ဘူးတဲ့။ ဧကုဒါနကနော်။ အဲဒါနဲ့ တောကြီးမျက်မည်းထဲမှာ တစ်ပါးတည်း ဧကစာရီ ကျင့်ပြီးတော့နေတဲ့ ဧကုဒါနမထေရ်။ သူ့ဘဝလေးက ဘယ်လောက် ဆန်းပြားလဲ

ဆိုတော့ တစ်ပါးတည်းနေရုံမကဘူး။ တွေ့တဲ့ဘဝမှာ ဆွေတော်မျိုးတော်တွေ တရားရယ်လို့ လေ့လာလိုက်စားထားတာ များများလည်း မရှိဘူး။ ဂါထာလေးတစ်ပုဒ်ပဲ ရတယ်။ ဂါထာလေး ဘယ်နှစ်ပုဒ်လဲ။

"တစ်ပုဒ်ပါဘုရား"

ဓမ္မပန်းနဲ့ကြည့်လို့ရှိရင်တော့ အများကြီးလား၊ တစ်ပွင့်တည်းလား။

"တစ်ပွင့်တည်းပါဘုရား"

တစ်ပွင့်တည်း၊ တစ်ပုဒ်တည်းရတယ်။ ကေုဒါနနော်။ တောကြီးမျက်မည်းထဲမှာ သတ္တိရှိရှိနဲ့ တစ်ပါးတည်း သွားနေတာ။ တရားကိုရတာက တစ်ပုဒ်တည်း။ အခု အပုဒ်ပေါင်း မနည်းတော့ဘူး။

ငါးပါးသီလ မသိဘူးလား။

"သိပါတယ်ဘုရား"

ရှစ်ပါးသီလကော မသိဘူးလား။

"သိပါတယ်ဘုရား"

အဲဒါတင် နှစ်ပုဒ်ဖြစ်နေပြီ။ ငယ်ငယ်လေးကတည်းက ဦးဇင်းတို့ သင်ထားတာ။ "လူမိုက်ဆိုလျှင် ရှောင်သွေလွဲလို့၊ မမှီဝဲနှင့် ကင်းအောင်နေ..." ဒါလေးတွေကော မသိဘူးလား။

"သိပါတယ်ဘုရား"

ကောင်းတာကိုပြုရင် ကောင်းကျိုးရမယ်။ မကောင်းတာပြုရင် မကောင်းကျိုးရမယ်။ ယောဂီတို့ မသိဘူးလား။

"သိပါတယ်ဘုရား"

အဲဒါ ယောဂီတို့ သိတာတွေ အများကြီးပဲ။ ဒီကိုယ်တော်လေးက အများကြီး မသိဘူး။ တစ်ပုဒ်တည်းသိတာ။

ဓမ္မပန်းပွင့်လေးနဲ့ ကြည့်လို့ရှိရင် သူ ပန်းကလေးတစ်ပွင့်တည်းကို ပန်တာ။ ဓမ္မပန်းနော်။

တစ်ပွင့်တည်းကို ပန်တယ်၊ တရားတစ်ပုဒ်တည်းကို သိတယ်။ ကျင့်ပြန်တော့လည်း အများကြီးသိတာမှ မဟုတ်တာ။ ဒီတစ်ပုဒ်တည်းပဲ သူကျင့်တယ်။

ဘဝလေးက ဘယ်လောက်ထူးဆန်းလဲ။ နေတာက တောကြီးထဲမှာ။ တရားသိတာကလည်း အများကြီးလား တစ်ပုဒ်တည်းလား။

"တစ်ပုဒ်တည်းပါဘုရား"

သူ ကျင့်ပြန်တော့လည်း များကြီးကျင့်တာလား။ အဲဒီတစ်ပုဒ်တည်းလား။

"တစ်ပုဒ်တည်းပါဘုရား"

တစ်ပုဒ်တည်းပဲကျင့်တယ်။ တစ်ဂါထာပဲကျင့်ပါတယ်။ ဟော- နောက်ဆုံးလေ အဲဒီတစ်ဂါထာပဲကျင့်ပြီးတော့ အရဟတ္တဖိုလ်ပေါက် နိဗ္ဗာန်ကို မျက်မှောက်ပြုဖို့ အာသဝေါကုန်ခန်း ရဟန္တာဖြစ်သွားတာလည်း အဲဒီတစ်ဂါထာလေးနဲ့ပဲ ဖြစ်ပါတယ်။ စိတ်ဝင်စားစရာ မကောင်းဘူးလား။

"ကောင်းပါတယ်ဘုရား"

ဒါကြောင့်မို့လို့ ဦးဇင်းတို့ တရားအစမှာ ပြောခဲ့တဲ့စကားလေးရှိပါတယ်။ တရားကို အများကြီးသိပြီးတော့ မကျင့်တဲ့ပုဂ္ဂိုလ်နဲ့စာရင် တရားကို နည်းနည်းလေးသိပြီးတော့ ကျင့်တဲ့ပုဂ္ဂိုလ်က ပိုတန်ဖိုးမရှိဘူးလား။

"ရှိပါတယ်ဘုရား"

အခု သူက ပြောနေတာပဲ၊ ပြနေတာပဲ။ တရားတွေကို တစ်ပုဒ်တည်းပဲ သိပါတယ်။ တစ်ပါးတည်းပဲ နေပါတယ်။ အဲဒီတစ်ပုဒ်တည်းပဲ ကျင့်ပါတယ်။ နောက်ဆုံး အာသဝေါကုန်ခန်း ရဟန္တာဖြစ်တော့လည်း တစ်ပုဒ်တည်းပဲဖြစ်တယ်။

အဲဒါနဲ့လေ "ဧကုဒါန"နေတဲ့ တောကြီးမျက်မည်းထဲက နတ်တွေက ဒီဧကုဒါန ကို သိပ်ကြည်ညိုတာပဲတဲ့။ကြည်ညိုလွန်းလို့ ညချမ်း ညချမ်းဆိုရင် ဧကုဒါနရှိတဲ့နေရာကို ရောက်လာပြီးတော့ နတ်တွေလေ စုရုံးပြီးတော့ ဧကုဒါနကို တောင်းပန်တယ်။

"အရှင်ဘုရား- အရှင်ဘုရားသိလို့၊ အရှင်ဘုရားကျင့်လို့၊ အရှင်ဘုရား မဂ်ဖိုလ် ရနေတဲ့ တရားတွေကို ဟောတော်မူပါ့ဘုရား" မတောင်းပန်ဘူးလား။

"တောင်းပန်ပါတယ်ဘုရား"

တောင်းပန်တဲ့အခါကျတော့ တရားဟောတော့မယ်လို့လုပ်တဲ့ ဧကုဒါနမထေရ်က အများကြီးသိတာလား၊ တစ်ပုဒ်တည်းလား။

"တစ်ပုဒ်တည်းပါဘုရား"

တစ်ပုဒ်တည်းပဲသိတဲ့အခါကျတော့ အဲဒီနတ်တွေကိုလည်းပဲ သူက တစ်ပုဒ် တည်းပဲ ဟောတယ်။ နေ့တိုင်း ဒါပဲဟောတာ။

ဒီနေ့ နတ်တွေက လာတောင်းပန်တယ်။ အရှင်ဘုရား ဟောပါဦး၊ ဒီတစ်ပုဒ် တည်းပဲ ဟောတယ်။ သူသိတာ ဒါပဲ သိတာကိုး။ နောက်နေ့လာလျှောက်တယ်။ ဒီတစ်ပုဒ်တည်းပဲဟောတယ်။ အဲဒါနဲ့ နတ်တွေက တရားနာမယ် ဆိုတဲ့အခါကျတော့ ဧကုဒါနမထေရ်ကနေ တရားဟော။

**အပ္ပမာဒေါ အမတံပဒံ၊**
**ပမာဒေါ မစ္စုနောပဒံ။**
**အပ္ပမတ္တာ နမီယန္တိ၊**
**ယေပမတ္တာ ယထာမတာ။ ။**

အဲဒါလေးလည်း တရားဟောလည်းလိုက်ရော၊ နတ်တွေလေ သာဓု-သာဓု-သာဓုနဲ့ တစ်တောလုံးညံအောင် ခေါ်တယ်တဲ့။ ကောင်းလွန်းလို့။ ဘာတဲ့လဲ။

"ကောင်းလွန်းလို့ပါဘုရား"

ဆွေတော်မျိုးတော်တွေ ဧကုဒါနက နတ်တွေကို တရားဟောနေပြီနော်။

**သာရဝေါ**- နှလုံးပျော့ပျောင်းကြတဲ့ နတ်မြတ်နတ်ကောင်း နတ်အပေါင်းတို့၊ **အပ္ပမာဒေါ**- ကောင်းမှုတရားတွေကို မမေ့တဲ့ပုဂ္ဂိုလ်ဟာ၊ **အမတံ**- မသေတဲ့နိဗ္ဗာန်ကို၊ နိဗ္ဗာန်မှာသေခြင်းတရားရှိလား။

"မရှိပါဘုရား"

ကောင်းမှုတွေကို မမေ့တဲ့ပုဂ္ဂိုလ်ဟာ မသေတဲ့နိဗ္ဗာန်ကို ရောက်သွားကြပြီ ဟေ့တဲ့။ ဒါ ပထမတစ်ပိုဒ်။

**"ပမာဒေါ မစ္စုနော ပဒံ"**

**သာရဝေါ**- နှလုံးပျော့ပျောင်းကြတဲ့ နတ်မြတ်နတ်ကောင်း နတ်အပေါင်းတို့၊ **ပမာဒေါ**- ကောင်းမှုတရားတွေကို မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆနဲ့နေခဲ့တဲ့ ပုဂ္ဂိုလ်တွေဟာ၊ **မစ္စုနောပဒံ**- သေခြင်းရဲ့အကြောင်းပဲ။

ယောဂီအပေါင်း သူတော်ကောင်းတို့ ပဋိစ္စသမုပ္ပါဒ်စက်ဝိုင်းကြီးကို ကြည့်လိုက်လို့ရှိရင် တစ်ဘဝလာလဲ သေရတယ်။ ဘဝရှိရင်တော့ မသေရဘူးလား။

"သေရမှာပါဘုရား"

ဘဝတိုင်း ဘဝတိုင်း သေသေနေရတာ တခြားမေ့လို့လား၊ တရားမေ့လို့လား။

"တရားမေ့လို့ပါဘုရား"

**အပ္ပ မတ္တာ နမီယန္တိ။**

**သာရဝေါ**- နှလုံးပျော့ပျောင်းကြတဲ့နတ်မြတ် နတ်ကောင်း နတ်အပေါင်းတို့ **အပ္ပမတ္တာ**- ကောင်းမှုတွေကို မမေ့တဲ့ပုဂ္ဂိုလ်တွေဟာ၊ **နမီယန္တိ**-ဘယ်တော့မှမသေကြဘူး။

ဦးဇင်းတို့ မြတ်ဗုဒ္ဓနဲ့ ရဟန္တာ အစရှိတဲ့ သူတော်ကောင်းတွေဟာ လျောင်း၊ ထိုင်၊ ရပ်၊ သွား ဣရိယာပုထ် လေးပါးမှာ ဘယ်တော့မှ မမေ့တော့ဘူး။

သွားတဲ့အခါမှာလည်း သတိ၊ လျှောင်းတဲ့အခါမှာလည်း သတိ၊ ရပ်တဲ့နေရာမှာလည်း သတိ။ သတိ-သတိ-သတိနဲ့ အမြဲတမ်းနေကြတဲ့ ဘုရား အစရှိတဲ့ သူတော်ကောင်းတွေဟာ အခု မအို၊ မနာ၊ မသေတဲ့ ဘယ်ကိုရောက်နေပြီလဲ။

"နိဗ္ဗာန်ကို ရောက်နေပါပြီဘုရား"

ဒါလေးကို ဟောနေတာနော်။ အဲဒီ ဂါထာလေးတစ်ပုဒ်မှာ စိတ်ဝင်စားစရာအကောင်းဆုံးအပိုဒ်က နောက်ဆုံးအပိုဒ်လေး။ နားထောင်ကြည့်။

**"ယေပမတ္တာ ယထာမတာ"**

**သာရဝေါ်**- နှလုံးပျော့ပျောင်းကြတဲ့ နတ်မြတ် နတ်ကောင်း နတ်အပေါင်းတို့၊ **ယေ**- အကြင်သူဟာ၊ **ပမတ္တာ**- ကောင်းမှုတွေ မေ့ကြလေကုန်၏၊ တရားတွေ မေ့ကြလေကုန်၏။ ဒီလိုကောင်းမှုတွေမေ့၊တရားတွေမေ့ကြတဲ့ပုဂ္ဂိုလ်တွေဟာ၊ **မတာယထာ**- လူ့လောကအမြင်အားဖြင့် အသက်ရှင်နေကြပေမယ်လို့ သေတာနဲ့အတူတူပဲ။

မြန်မာလိုပြန်တဲ့အခါကျတော့ ကောင်းမှုတရားတွေမှာ မေ့တဲ့ပုဂ္ဂိုလ်ဟာလူ့လောကမှာ သူများလိုပဲ သွားနေ၊ လာနေ၊ ထိုင်နေ၊ အိပ်နေ၊ စားနေတာ။ ဒါပေမယ့် အဲဒီပုဂ္ဂိုလ်တစ်ယောက်မှာ ဒီ ဓမ္မဆိုတဲ့ သူတော်ကောင်းတရား မေ့နေရင် အဲဒီပုဂ္ဂိုလ်ဟာလည်း လူသေပဲ။

ဒါကြောင့်မို့လို့ ဒီစကားလေးဟာ သိပ်ကောင်းတာ။ အဲဒီတော့ ယောဂီတို့၊ ဦးဇင်းတို့တစ်တွေ တစ်ယောက်နဲ့တစ်ယောက်ကို တိုင်ပင်ပြီးတော့ အကြံပေးချင်တာက လူတစ်ယောက်ဟာ မွေးပြီးရင် သေမှာ ဖြစ်တဲ့အတွက် သေသွားတာ သိပ်ပြဿနာ မရှိဘူး။

ဒါပေမယ့် အသက်ရှင်လျက်နဲ့ ဒီတရားတွေကို မေ့ပြီးတော့ မသေကြစေနဲ့။ အဲဒါလေးနော်။ အဲဒါလေးကို ဧကေဒါနမထေရ်က နတ်တွေကို ဟောပြလိုက်တာနော်။ ဟောကြား လိုက်တဲ့အခါကျတော့-

**အပ္ပမာဒေါ အမတံ ပဒံ၊**

**ပမာဒေါ မစ္စုနောပဒံ။**

**အပ္ပမတ္တာ နမီယန္တိ၊**

**ယေပမတ္တာ ယထာမတာ။ ။**

ဂါထာလေးဆုံးတာနဲ့ တစ်ပြိုင်နက် တစ်တောလုံးညံအောင် နတ်တွေက သာဓုဝိုင်းခေါ်ကြတာ။ အဲဒီလို ဝိုင်းခေါ်ပြီးတော့နေလိုက်တာ။ တစ်ရက်လာလည်း

နတ်တွေက တရားတောင်းတယ်။ "အရှင်ဘုရား တရားဟော တော်မူပါ" အများကြီး သိတာလား၊ တစ်ပုဒ်တည်းလား။

"တစ်ပုဒ်တည်းပါဘုရား"

တစ်ပုဒ်တည်းသိတော့ အဲဒါပဲ နေ့စဉ် ဟောနေတာပဲ။

## တစ်ပွင့်ပန်းရဲ့ အရည်အသွေး

တစ်နေ့သောအခါကျတော့ အဲဒီ ဇကုဒါနမထေရ်မြတ် သီတင်းသုံးနေတဲ့ တောကြီးထဲကို ပိဋကတ် သုံးပုံဆောင် နှစ်ပါး ကြွလာကြတယ်။ ကြွလာကြတဲ့အခါ ကျတော့ သိတဲ့အတိုင်းပဲ ပိဋကတ်သုံးပုံဆိုတော့ နာမည်ကြီးတွေလေ။

လောကစကားရှိတယ်။ "ရာဇာ အာဂစ္ဆတိ"-တဲ့။

**ရာဇာ**- မင်းသည်၊ **အာဂစ္ဆတိ**- လာတယ်။ တိုင်းပြည်အုပ်ချုပ် မင်းလုပ်တဲ့ ပုဂ္ဂိုလ် လာပြီဟေ့လို့ ဆိုပေမယ်လို့ မင်းတစ်ပါးတည်းလာတာတော့ ဟုတ်ရဲ့လား။

"မဟုတ်ပါဘူးဘုရား"

မဟုတ်ဘူး။ အဲဒီမင်းဟာ သေမှာစိုးလို့ သူ့မှာ အခြွေအရံတွေ အများကြီး ပါလာတာ။ အဲဒီလိုပဲ။ အခု ပိဋကတ်သုံးပုံဆောင်တဲ့နှစ်ပါး လာတယ်ဆိုပေမယ်လို့ နှစ်ပါးတင်မကဘူး။ သူ့တပည့် ပရိသတ် ရဟန်းသံဃာတော်တွေ အများကြီးမပါ ဘူးလား။

"ပါပါတယ်ဘုရား"

တရုန်းရုန်းနဲ့ ကြွလာတယ်။ ကြွလာတဲ့အခါကျတော့ ဇကုဒါနက ပိဋကတ် သုံးပုံဆောင်နှစ်ပါး ကြွတယ်ဆိုတော့ အို- ဝမ်းသာလိုက်တာ။

"အရှင်ဘုရားတို့ ကြွကြပါဘုရား၊ တပည့်တော်နေထိုင်တဲ့ ဒီတောကြီးထဲက ကျောင်းသင်္ခမ်းလေးကို အရှင်မြတ်တို့ တပည့်တော်ကို လာချီးမြှောက်တဲ့အတွက် ဝမ်းသာလှပါတယ်ဘုရား။

သေသေချာချာ ခြေဆေးရေတွေဆေးပေး။ ဖျာတွေ ခင်းပေး၊ အဲဒီလိုနေပြီး တော့ နောက်တစ်နေ့ကျတော့ ပိဋကတ်သုံးပုံနှစ်ပါးက ပြန်ကြွတော့မယ်တဲ့။ ပြန်ကြွ တော့မယ် ဆိုတဲ့အခါကျတော့ ဇကုဒါနမထေရ်မြတ်က တောင်းပန်တယ်။

"အရှင်ဘုရားတို့- အရှင်ဘုရားတို့ ပြန်ကြွတော့မယ်ဆိုရင် မကြွမီ တပည့်တော် ကို တရားဟောခဲ့ပါ"။ တရား မတောင်းဘူးလား။

"တောင်းပါတယ်ဘုရား"

သူက အများကြီးမသိဘူး။ တစ်ပုဒ်တည်းသိတော့ "အရှင်ဘုရား တပည့်တော်ကို တရားဟောကြပါဘုရား" တောင်းပန်တဲ့အခါကျတော့ ပိဋကတ်သုံးပုံဆောင်နှစ်ပါးက နည်းနည်းစျေးကိုင်လိုက်တယ်။

"ဟာ- အရှင်ဘုရားကလဲ အရှင်ဘုရားက တရားဟောပါလို့သာပြောတာ၊ တရားနာပရိသတ်က အရှင်ဘုရား တစ်ပါးတည်းရှိတာ၊ တပည့်တော်တို့ ပျင်းခြောက်ခြောက်ကြီး"။

အဲဒါနဲ့ တစ်ခါတည်း ဧကူဒါနမထေရ်မြတ်က တရားနာချင်တာကိုး‌ဗျ။ တရားနာချင်တဲ့အခါကျတော့ သူကလျှောက်တယ်။

"အရှင်ဘုရားတို့- အားမငယ်နဲ့ဘုရား၊ တပည့်တော် ဒီတောထဲမှာ တရားလေးတစ်ပုဒ်တည်းဟောတာတောင်မှ အဲဒီတစ်ပုဒ်ဆုံးတာနဲ့ တစ်ပြိုင်နက် ဒီတောထဲမှာရှိတဲ့ နတ်တွေဟာ တုန်ခါသွားအောင်ကို သာဓုခေါ်တာဘုရား"

"အရှင်ဘုရားတို့လို ပိဋကတ်သုံးပုံဆောင်နှစ်ပါးသာ တရားဟောမယ်ဆိုရင်တော့ ဒီတောထဲက နတ်တွေလေ ပျော်လွှန်းအားကြီးလို့ လက်ခမောင်းခတ်ပြီးတော့ကို တရားနာကြမှာ"

"ဒါကြောင့်မို့လို့ မျက်မြင်အနေနဲ့တော့ တပည့်တော်တစ်ယောက်တည်းဆိုပေမယ့် နတ်တွေ၊ ဗြဟ္မာတွေ အများကြီး ရှိတယ်ဘုရား၊ ဟောသာဟောပါ" ဆိုတဲ့အခါကျတော့ ပိဋကတ်သုံးပုံဆောင်နှစ်ပါးက နည်းနည်းစိတ်ဝင်စားလာတယ်။

"ကဲ-ကဲ ဒါဆိုလို့ရှိရင် ဟောရတာပေါ့ဗျာ" ဆိုပြီးတော့ ဧကုဒါနမထေရ်မြတ် ခင်းထားတဲ့ ပလ္လင်တော်ပေါ်မှာ ပိဋကတ်သုံးပုံဆောင်တစ်ပါး တက်ထိုင်ပြီး တရားဟောပါတယ်နော်။

**"ယံ မင်္ဂလံ ဒွါဒသဟိ၊ စိန္တယိံသု သဒေဝကာ။**
**သောတ္ထာနံ နာဓိဂစ္ဆန္တိ၊ အဋ္ဌတ္တိံသဉ္စမင်္ဂလံ။ ။**
**ဒေသိတံ ဒေဝ ဒေဝေန၊ သဗ္ဗပါပ ဝိနာသနံ။**

ကြားဖူးလား။ ကြားဖူးတာပေါ့။ မင်္ဂလသုတ်ကိုး။ ဟိုအထဲထဲမှာ ဘာဟောတယ်ဆိုတာ မပါဘူးနော်။ သူမပါတော့ ကိုယ့်ဟာကိုယ် ထည့်ပေးရတယ် ယောဂီတို့ရဲ့။ ကိုယ့်ယောဂီတွေနဲ့ အဆင်ပြေရင်ပြီးတာပဲ။ နောက်မှ ပြဿနာရှာတဲ့အကောင်နဲ့ တွေ့ကြတာပေါ့။

အဲဒါနဲ့ အရှည်ကြီး သုတ္တန်ကြီးတွေကို ဟောတာ။ နောက်ဆုံး သတည်းလို့ ဆိုပြီးတော့ တရားလည်း ဆုံးလည်းဆုံးရော ဧကူဒါနက ဝမ်းသာလွန်းလို့တဲ့။ တစ်ခါတည်း သာဓုခေါ်တာ။

"သာဓု၊ သာဓု၊ သာဓုပါ ဘုရား"

ယောဂီတို့ သူတစ်ပါးအသံပဲ။ ဘယ်နတ်မှ မခေါ်ဘူး။ ဘယ်နတ်မှ မခေါ်တဲ့အခါကျတော့ ပိဋကတ်သုံးပုံဆောင် ကိုယ်တော်က ပလ္လင်ပေါ်ကနေ မျက်စိကြောင်တောင်နဲ့-

"ဟေ့... ကိုယ်တော်၊ ကိုယ်တော်ပြောတော့ တပည့်တော်တို့ တရားဟောလို့ရှိရင် ဒီတောထဲက နတ်တွေ လက်ခမောင်းခတ်ပြီး သာဓုခေါ်မယ်ပြောတာ၊ အခုအရှင်ဘုရားအသံ တစ်သံတည်းကြားတယ်၊ မခေါ်ပါလား" ရမ်းတာ ရမ်းတာ။ အဲဒါ မခေါ်ပါလား ဆိုတဲ့အခါကျတော့ ဧကူဒါနမထေရ်မြတ်က-

"မှန်ပါဘုရား- တပည့်တော်က တစ်ပုဒ်တည်းဟောတာတောင် အော်တယ်ဘုရား၊ ဒါပေမယ့် တပည့်တော်စိတ်ထဲမှာတော့ ဘာတွေ့သလဲဆိုတော့ အရှင်ဘုရားတို့က နှစ်ပါးတောင်ပဲ။ အခု တစ်ပါးတည်း ဟောပြီးသေးတဲ့အခါကျတော့ နှစ်ပါးစုံမှ နတ်တွေ သာဓုခေါ်မယ်ထင်ပါတယ်ဘုရား။ နောက်တစ်ပါးကြွပါဦး"

အဲဒီတော့ ဟိုကိုယ်တော်တစ်ပါးက-

"အေးပေါ့လေ- အဲဒီဆိုရင်လည်း ပြီးတာပါပဲ"

ဟိုက ကိုယ်တော်တစ်ပါး ကြွကြွဆိုပြီးတော့ နောက်တစ်ပါးက ပလ္လင်ပေါ်တက်တရားဟောပြန်တယ်နော်။

**ဆန္ဒာဓိပတိ ဆန္ဒသမ္ပယုတ္တကာနံ ဓမ္မာနံ တံ သမုဋ္ဌာနာ နဉ္စ ရူပါနံ အဓိပတိ ပစ္စယေန ပစ္စယော။**

**ဝီရိယာဓိပတိ ဝီရိယသမ္ပယုတ္တကာနံ ဓမ္မာနံ တံ သမုဋ္ဌာနာ နဉ္စ ရူပါနံ အဓိပတိ ပစ္စယေန ပစ္စယော။**

**စိတ္တာဓိပတိ စိတ္တသမ္ပယုတ္တကာနံ ဓမ္မာနံ တံ သမုဋ္ဌာနာ နဉ္စ ရူပါနံ အဓိပတိ ပစ္စယေန ပစ္စယော။**

**ဝီမံသာဓိပတိ ဝီမံသ သမ္ပယုတ္တကာနံ ဓမ္မာနံ တံ သမုဋ္ဌာနာ နဉ္စ ရူပါနံ အဓိပတိ ပစ္စယေန ပစ္စယော။**

ပဋ္ဌာန်းပဲရွတ်တာကောင်းပါတယ်။ နောက်တစ်ခေါက်ပြန်သွားရင် ကောင်းမယ်ထင်တယ်။

**"ဆန္ဒာဓိပတိ ဆန္ဒသမ္ပယုတ္တကာနံ ဓမ္မာနံ တံ သမုဋ္ဌာနာ နဉ္စ ရူပါနံ အဓိပတိ ပစ္စယေန ပစ္စယော။"**

အဲဒါ နောက်ကိုယ်တော်တစ်ပါးက ပိဋကတ်သုံးပုံဆောင် တစ်ပါးကလည်း တရားမဟောဘူးလား။

"ဟောပါတယ်ဘုရား"

တရားသာ ဆုံးသွားတယ်။ ယောဂီတွေရေ- သာဓုခေါ်တဲ့ပုဂ္ဂိုလ်က "ဇေကူဒါန" တစ်ပါးတည်း။ ဇေကူဒါန တစ်ပါးတည်းခေါ်တဲ့အခါကျတော့။ အပေါ်ကနေ ထိုင်တရား ဟောနေတဲ့ ပိဋကတ်သုံးပုံဆောင်ကိုယ်တော်က-

"ကိုယ်တော်- ကိုယ်တော်ပြောတော့ ဘယ့်နှယ် လက်ခမောင်းခတ်ပြီးတော့ သာဓုခေါ်မယ်လို့ပြောတယ်။ အခု ဘာမှလဲ သာဓုသံ မကြားပါလား"

ဆိုတဲ့အခါကျတော့ ဇေကူဒါနဆိုတဲ့ ကိုယ်တော်လေးက-

"အရှင်ဘုရားတို့- တပည့်တော် အရှင်ဘုရားတို့ကို လိမ်ညာပြီးတော့ ပြောခြင်း၊ လျှောက်ခြင်းလည်း မဟုတ်ပါဘူး။ တပည့်တော် အမှန်အတိုင်းလျှောက်ရရင် တပည့်တော်ဟာ တရားလေးတစ်ပုဒ်ကိုပဲသိတာ၊ အဲဒီတစ်ပုဒ်ကိုပဲ ကျင့်တဲ့ တပည့်တော် တောင်မှ တရားဟောတာ၊ ဒီတောကြီးထဲက နေပြီးတော့ နတ်၊ ပြဟ္မာတွေကလေ- တဲ့။ သာဓုသံကို ညံနေအောင်ခေါ်တာဘုရား"တဲ့။

အဲဒါနဲ့ပဲ ပိဋကတ်သုံးပုံဆောင်ကိုယ်တော်က မယုံဘူးတဲ့။ မယုံတဲ့အခါကျတော့-

"ဟေ့- ကိုယ်တော်၊ လာ- ကိုယ်တော်၊ အပြောနဲ့အလုပ် ဟုတ်၊ မဟုတ်ဆိုတာ အရှင်ဘုရားသက်သေပြု" ဆိုပြီးတော့ ပိဋကတ်သုံးပုံဆောင် ကိုယ်တော်နှစ်ပါးက တစ်ခါတည်း ဇေကူဒါနကို ပလ္လင်ပေါ်ဆွဲတင်ပြီးတော့-

"ကိုယ်တော် ဟောတော့၊ တပည့်တော်တို့ အောက်က နာမယ်"

အဲဒါနဲ့ ဇေကူဒါနမထေရ်မြတ်က တစ်ပုဒ်တည်းပဲ သိတဲ့အတွက်ကြောင့် အဲဒီ တရားလေးပဲ ဟောလိုက်တယ်။

**"အပ္ပမာဒေါ အမတံပဒံ၊ ပမာဒေါ မစ္စုနောပဒံ။**
**အပ္ပမတ္တာ နမီယန္တိ၊ ယေပမတ္တာ ယထာမတာ"**

အေး- အဲဒီတစ်ပုဒ်တည်းလည်း ပြီးလည်းပြီးရော နဂိုတုန်းက အဲဒီ တောကြီး မျက်မည်းထဲမှာရှိနေတဲ့ နတ်တွေကနေပြီးတော့ ရှင်းရှင်းပြောရလို့ရှိရင် လောက စကားနဲ့ပြောရရင် ငါးကျပ်သားလောက်ပဲ ပုံမှန်အားဖြင့် ခေါ်တာ။ အခုကျတော့ တစ်ဆယ်သားလောက်၊ တစ်ပိဿာလောက်ခေါ်တယ်တဲ့။

အဲဒီလိုခေါ်တဲ့အခါကျတော့ နတ်တွေ၊ ဗြဟ္မာတွေရဲ့ အသံကို ကြားလိုက်တဲ့အခါ ပိဋကတ်သုံးပုံဆောင် ကိုယ်တော်နှစ်ပါးက ရှက်သွားတယ်တဲ့။

ရှက်သွားပြီးတော့ သူ့ရဲ့တပည့်တစ်အုပ်ကြီးနဲ့ "ကဲ- ပြန်ကြစို့" ဆိုပြီးတော့ ပြန်တာ၊ ဘယ်ရောက်လဲဆိုတော့ ဘုရားရှင်ကိုယ်တော်မြတ် သီတင်းသုံးတဲ့ ဇေတဝန်ကျောင်းကို ရောက်တယ်။ ဘယ်ကိုရောက်လဲ။

"ဇေတဝန်ကျောင်းကိုပါ ဘုရား"

## သိပြီးရင်ကျင့်ပါ

ဇေတဝန်ကျောင်းကို ရောက်တဲ့အခါကျတော့ တစ်ခါတည်း ပိဋကတ်သုံးပုံဆောင် နှစ်ပါးနဲ့ တပည့်တွေကလည်း နောက်ကနေ အများကြီးပေါ့။ ဟိုရောက်တာနဲ့ ပိဋကတ်သုံးပုံဆောင်ရဲ့ တပည့်များထဲက အာသွက် လျှာသွက်ရှိတဲ့ ကိုယ်တော်ကနေပြီးတော့ တစ်ခါတည်း ဘုရားနားကပ်သွားပြီးတော့ မြတ်စွာဘုရားက ထုံးစံအတိုင်း-

"ချစ်သားတို့- **ကစ္စိခမနီယံ ကစ္စိယာပနီယံ**"

"ချစ်သားတို့- ဟို ဇေကူဒါနရှိတဲ့ တောကြီးထဲကို မင်းတို့သွားကြတာ အဆင်ကောပြေရဲ့လား၊ ဆွမ်းကိစ္စ ကွမ်းကိစ္စ ကော မင်းတို့ အဆင်ပြေကြရဲ့လား" ဘုရား မမေးဖူးလား၏

"မေးပါတယ်ဘုရား"

မေးတဲ့အခါကျတော့ ပိဋကတ်သုံးပုံဆောင်နှစ်ပါးရဲ့ ကိုယ်တော်ထဲက အာသွက် လျှာသွက်ကိုယ်တော်က လှမ်းလျှောက်တယ်။

"မြတ်စွာဘုရား- ဆွမ်းရေး၊ ကွမ်းရေးကတော့ အားလုံး အဆင်ပြေတယ်ဘုရား၊ အဆင်မပြေတာတစ်ခုတော့ ဘုရားကို လျှောက်ချင်တယ်ဘုရား"

အဲဒါနဲ့ မြတ်စွာဘုရားက "ချစ်သား- ဘာတုန်း လျှောက်ကွယ့်"

ဘုရားက ကြိုတော့သိနေပေမယ့် အများနားလည်အောင် ဆိုပြီးတော့-

"ချစ်သား- ဘာအဆင်မပြေသလဲ ပြော"

"တခြားတော့မဟုတ်ပါဘူးဘုရား၊ အဲဒီ ဇေကူဒါနဆိုတဲ့ အညတြ ကိုယ်တော်လေးနေတဲ့ ကျောင်းသင်္ခမ်းမှာ တပည့်တော် ပိဋကတ်သုံးပုံ ဆရာနှစ်ပါးနဲ့ တပည့်တော်တို့ သွားကြတာ၊ ဟိုရောက်တော့ဘုရား တပည့်တော်တို့ရဲ့ ဆရာနှစ်ပါးဟောတဲ့ အဘိဓမ္မာတရားတွေ၊ သုတ္တန်တရားတွေ အကျယ်ကြီးဟောတာ၊ ဒါပေမယ့် ဘယ်နတ်မှ

သာဓုမခေါ်ဘူးဘုရား၊ အဲဒီကိုယ်တော်လေးဟောတဲ့ တရားလေးတစ်ပုဒ်ကိုမှ သာဓုခေါ်တာ၊ အဲဒီနတ်တွေ တော်တော်လေးကိုမှ မျက်နှာလိုက်တာ" ဘာလုပ်တာလဲ။

"မျက်နှာလိုက်တာပါဘုရား"

"ဟာ- မျက်နှာလိုက်တယ်ဘုရားတဲ့၊ တောထဲကနတ်တွေ အဆင်ကိုမပြေဘူးတဲ့၊ အဲဒီတော့ တပည့်တော်တို့ အဆင်မပြေခဲ့ဘူးဘုရား"

ဆိုတဲ့အခါကျတော့ မြတ်စွာဘုရားက အဲဒီမှာ ပိဋကတ်သုံးပုံဆောင်နှစ်ပါးနဲ့ ကျန်တဲ့တပည့်ပရိသတ်ကို ဘုရား ဘာဟောလဲဆိုတော့ အားလုံး အချုပ်ကလေး မှတ်လိုက်ပါနော်။

"ချစ်သားတို့-တဲ့၊ ငါဘုရားရှင်ကိုယ်တော်မြတ်ရဲ့ တရားတွေကို သင်လည်း သင်မယ်၊ ဘာလုပ်လဲ။

"သင်လည်း သင်မယ်ပါ ဘုရား"

သိလည်း သိတယ်။ သင်လည်း သင်တယ်။ ဘယ်နှစ်မျိုးရှိသွားပြီလဲ။

"နှစ်မျိုးပါ ဘုရား"

"ဒါပေမယ့် ငါ ဘုရားရှင်ကိုယ်တော်မြတ်ရဲ့ တရားတွေကို သင်တော့သင်တယ်၊ သိတော့သိတယ်၊ ဒါပေမယ့် မကျင့်ဘူးဆိုလို့ရှိရင် အဲဒီပုဂ္ဂိုလ်မျိုးကို ဓမ္မဝိဟာရီ-တရားနဲ့နေတဲ့ပုဂ္ဂိုလ်လို့ ငါဘုရား မပြောဘူး"

နောက်တစ်ခါကျတော့ စကားလေးတစ်ပိုဒ်ကို မြတ်စွာဘုရား ဆက်ဟောတယ်။

"ချစ်သားတို့- ငါဘုရားရှင်ကိုယ်တော်မြတ်ရဲ့ တရားတွေကို နံပါတ်(၁) သင်လည်း သင်တယ်၊ သိလည်း သိတယ်။ ဘယ်နှစ်မျိုးရှိသွားပြီလဲ။

"နှစ်မျိုးပါဘုရား"

အဲဒီ သင်လို့၊ သိလို့ ရထားတဲ့ တရားတွေကို ကျင့်လည်း ကျင့်တယ်။ သူက အဆင့်ဘယ်နှစ်မျိုးလဲ။

"သုံးမျိုးပါဘုရား"

"ပထမတစ်မျိုးက သင်ပြီး သိပြီး၊ သိတဲ့နေရာမှာပဲ ရပ်ထားတာ၊ ကျင့်တဲ့အဆင့် .. မရောက်ဘူး"။

အဲဒီတော့ ဧကူဒါနမထေရ်နဲ့ ပိဋကတ်သုံးပုံဆောင် တပည့်တွေအားလုံးကို ဦးဇင်းတို့ ဘဝကောက်ကြောင်း ချလိုက်လို့ရှိရင် ဧကူဒါနဆိုတဲ့ ကိုယ်တော်လေးက တရားတွေကို အများကြီးရတာလား၊ တစ်ပုဒ်တည်းလား။

"တစ်ပုဒ် တည်းပါဘုရား"

လောကမျက်မြင်အနေ ပြောလို့ရှိရင် အများကြီးပန်ထားလား၊ တစ်ပွင့်တည်းလား။

"တစ်ပွင့်တည်းပါဘုရား"

တစ်ပွင့်တည်းပန်ပေမယ်လို့ သိလည်း သိတယ်။ အဲဒီ တစ်ပွင့်တည်းသော တရားတွေကို သေသေချာချာ ပန်ဆင်တာ။ ပန်ဆင်တယ်ဆိုတာ ကျင့်တယ်လို့ ပြောတာ။

ဟိုမှာ ပိဋကတ်သုံးပုံဆောင်နှစ်ပါး တရားတွေကတော့ အများကြီးသိတယ်။ ဒါပေမယ့် သူတို့သိတဲ့ တရားတွေကို သင်တယ်၊ သိတယ်၊ ကျင့်တဲ့အဆင့် ရောက်ရဲ့လား။

"မရောက်ပါဘုရား"

မရောက်တဲ့အခါကျတော့ အဲဒီ ပိဋကတ်သုံးပုံဆောင် ကိုယ်တော်နှစ်ပါးနဲ့ တပည့်တွေအားလုံးက တစ်ပါးမှ ကိလေသာကုန်ခန်းတဲ့ ရဟန္တာတွေ မဟုတ်ဘူးတဲ့။

အဲဒီတော့ သင်တယ်၊ သိတယ်၊ အဲဒီ အဆင့်နှစ်ခုမှာပဲ ရပ်ထားတဲ့အတွက်ကြောင့် ဘဝရဲ့တန်ဖိုးအနေနဲ့ ပြောလို့ရှိရင် တရားလေးကို တစ်ပုဒ်တည်း၊ တစ်ဂါထာတည်း။ ပန်းနဲ့ပြောရင် တစ်ပွင့်တည်းပန်ပေမယ့် ဧကုဒါနရဲ့ ဘဝဟာ မလှဘူးလားဗျာ

"လှပါတယ်ဘုရား"

ဒါကြောင့်မို့လို့ တရားရဲ့နာမည်ကို ဦးဇင်းတို့က "တစ်ပွင့်ပန်လည်း လှပါတယ်"။

ပြန်ပြီးတော့ တရားတွေကို အကျဉ်းချုံးရင်တော့ "အပ္ပမာဒေန သမ္ပာဒေထ"ပဲ။

သွားတဲ့အခါမှာ သတိနဲ့သွားပါ၊ အိပ်တဲ့အခါမှာ သတိလေးနဲ့အိပ်ပါ။ ဆိုကြည့်စမ်းပါဦး။

## မရွေးလေးပါး

**ဖြစ်ခိုက်ရုပ်နာမ်၊ ဖြစ်တိုင်းဟန်၊ ဇောက်မှတ်သိမှု။**

**အလုပ် နေရ၊ ဣရိယာ၊ ချိန်ခါမရွေးရှု။**

ဖြစ်ခိုက် မှတ်ရှုတဲ့။ တရားတွေကို မှတ်တဲ့အခါမှာ အတိတ်ကိုလည်း မပြန်နဲ့၊ အနာဂတ်ကိုလည်း မကြံနဲ့။ ဖြစ်ဆဲ ပစ္စုပ္ပန်နေ၁။

အလုပ်နေရာ ဣရိယာတဲ့။ အလုပ်ကလည်း ဘယ်အလုပ်ပဲလုပ်လုပ်။ ဘယ်စီးပွားရေးပဲလုပ်လုပ်။ ဒီတရားခမ္မ အမှတ်သတိလေးနဲ့ နေလို့မရဘူးလား။

"ရပါတယ်ဘုရား"

နေရာအနေအားဖြင့်လည်း မရွေးပါဘူး။ အခု ဒီမှာ ဓမ္မသင်တန်းတွေ လာတက်တာ နေရာအားဖြင့် ဓမ္မဝိဟာရ ဆိတ်ငြိမ်တဲ့နေရာကို ပြောထားတာ။

ဒါပေမယ့် ရပ်တဲ့အခါမှာ စီးပွားရေး၊ ကြီးပွားရေး၊ နေတဲ့အခါမှာ နေရာတိုင်း နေရာတိုင်းမှာ သတိလေးနဲ့နေလို့ မရဘူးလား။

"ရပါတယ်ဘုရား"

"အလုပ်နေရာ ဣရိယာ"တဲ့။ ဣရိယာပုထ်ကလည်း လျောင်း၊ ထိုင်၊ ရပ်၊ သွား။ ဣရိယာပုထ် ဘယ်နှစ်မျိုးလဲ။

"လေးမျိုးပါဘုရား"

လေးမျိုးမှာ ဘယ်ဣရိယာပုထ်နဲ့ပဲဖြစ်ဖြစ် သတိနဲ့ သွားမယ်၊ သတိနဲ့ ရပ်မယ်၊ သတိနဲ့ လျောင်းမယ်။ အမြဲတမ်း သတိ-သတိ-သတိနဲ့ နေမယ်ဆိုရင် တခြားလား၊ တရားနဲ့နေတာလား။

"တရားနဲ့နေတာပါဘုရား"

ဒါကြောင့်မို့လို့ အချုပ်အားဖြင့် မှတ်လို့ရှိရင်တော့ တရားတွေကို အများကြီး မသိရင်နေ၊ သိတဲ့တရားလေးကို တရားရှိအောင် ကြိုးစားရမယ်။

အသိတွင် ရပ်ရမှာလား၊ ရှိအောင်လုပ်ရမှာလား။

"ရှိအောင်လုပ်ရမှာပါဘုရား"

ဒါကြောင့်မို့လို့ ဦးဇင်းတို့ ခဏခဏပြောပါတယ်။ တရားသိဖို့အတွက် တရားနာ။ တရားသိဖို့အတွက် ဘာလုပ်ရမလဲ။

"တရားနာရပါမယ်ဘုရား"

တရားရှိဖို့အတွက် တရားအားထုတ်။ အဲဒီလိုဆိုရင် ဘဝဟာ မပြည့်စုံသွားဘူးလား။

"ပြည့်စုံသွားပါတယ်ဘုရား"

ကဲ- ဒါဆိုလို့ရှိရင် ဦးဇင်းရဲ့တရားက ဒါပြည့်စုံသွားပါပြီ။ တစ်ပွင့်ပန်လည်း ဘာဖြစ်လဲ။

"လှပါတယ်တဲ့"

အများကြီး မဟုတ်ပါဘူး။ အဲဒီတစ်ပွင့် တစ်ပွင့်ဆိုတဲ့ "အပ္ပမာဒ"ဆိုတဲ့ "မမေ့နဲ့" ဆိုတဲ့ ဒီတရားလေးကိုပဲ ကျေနပ်အောင်၊ ပြည့်စုံအောင် ပန်ဆင်ကြပါလို့ပြောရင်းနဲ့ အချိန်လည်းစေ့သွားလို့ တရားစဉ်လေး သွားကြရအောင်။

တရားဝင် တရားအားထုတ်တယ်ဆိုတာ တခြားလိုချင်လို့လား၊ နိဗ္ဗာန်လိုချင်လို့လား။

"နိဗ္ဗာန်လိုချင်လို့ပါဘုရား"

နိဗ္ဗာန်ကို ရချင်ကြတယ်၊ ရောက်ချင်ကြတယ်ဆိုတဲ့ ယောဂီအပေါင်း သူတော်ကောင်းတို့က တခြားလုပ်ရမှာလား၊ ဝိပဿနာလုပ်ရမှာလား။

"ဝိပဿနာလုပ်ရမှာပါဘုရား"

ဝိပဿနာဆိုတာ တခြားလား၊ သတိပဋ္ဌာန် လေးမျိုးလား။

"သတိပဋ္ဌာန်လေးမျိုးပါဘုရား"

အဲဒီ သတိပဋ္ဌာန်လေးမျိုး ဝိပဿနာတရားကို အားထုတ်ရင်ကော တခြားကြည့်ရမှာလား၊ ခန္ဓာကြည့်ရမှာလား။

"ခန္ဓာကြည့်ရမှာပါ ဘုရား"

ခန္ဓာကြီး ဉာဏ်နဲ့ကြည့်တော့ ယောဂီတို့ မဖြစ်မပျက်တဲ့ အချိန်ရှိလား။

"မရှိပါဘူး ဘုရား"

ဖြစ်လိုက်၊ ပျက်လိုက်၊ မွေးလိုက်၊ သေလိုက်၊ သြော်... ခန္ဓာကြီးကြည့်လိုက်၊ ကြည့်လိုက်တိုင်း... ဒါကြီးပဲမြင်နေတဲ့အခါကြတော့ အဲဒီခန္ဓာကြီးလိုချင်တဲ့ တဏှာလာဦးမလား။

"မလာတော့ပါဘူး ဘုရား"

စွဲလမ်းတဲ့ ဉပါဒါန်တွေရော လာဦးမလား။

"မလာတော့ပါဘူး ဘုရား"

ပြုလုပ်တဲ့ကံတွေရော လာဦးမလား။

"မလာတော့ပါဘူး ဘုရား"

တဏှာ, ဉပါဒါန်, ကံဆိုတဲ့ ခန္ဓာ ဖြစ်ကြောင်းတွေမှ မလာတော့ဘူးဆိုရင် ဘဝဆိုတဲ့ ဇာတိလာဦးမလား။

"မလာတော့ပါဘူး ဘုရား"

ဒါဆိုရင် ယောဂီအပေါင်း သူတော်ကောင်းတို့ အိုစရာလိုသေးလား။

"မလိုတော့ပါဘူး ဘုရား"

နာစရာကော လိုသေးလား။

"မလိုတော့ပါဘူး ဘုရား"

ယောဂီအပေါင်း သူတော်ကောင်းတို့ သေစရာကော လိုသေးလား။

"မလိုတော့ပါဘူး ဘုရား"

အို,နာ,သေ ကင်းတာတခြားလား နိဗ္ဗာန်လား။

"နိဗ္ဗာန်ပါ ဘုရား"

ဒီနိဗ္ဗာန်ကို အလိုလိုရောက်တာလား၊ အို၊ နာ၊ သေကင်းလို့လား။

"အို,နာ,သေ ကင်းလို့ပါ ဘုရား"

ဩော်... အို,နာ,သေကလဲ အလိုလိုကင်းတာလား၊ ဘဝဇာတိချုပ်လို့လား။

"ဘဝဇာတိချုပ်လို့ပါ ဘုရား"

ဘဝဇာတိကလဲ ယောဂီအပေါင်း သူတော်ကောင်းတို့ သူ့အလိုလိုချုပ်မှာလား၊ ခန္ဓာကြီးကို ဉာဏ်နဲ့ကြည့်မှလား။

"ခန္ဓာကြီးကို ဉာဏ်နဲ့ကြည့်မှပါ ဘုရား"

ဩော်... ခန္ဓာကြီးကို ဉာဏ်နဲ့ကြည့်တဲ့အချိန် ယောဂီတို့ရေ မဖြစ်မပျက်တဲ့ အချိန်ရှိလား။

"မရှိပါဘူး ဘုရား"

ဖြစ်လိုက်ပျက်လိုက်၊ မွေးလိုက်၊ သေလိုက်၊ ဟော ယောဂီတို့ရေ ပြောကြည့်၊ ဖြစ်ပျက်က ဘာသစ္စာ။

**"ဒုက္ခသစ္စာ"**

သိတဲ့ဉာဏ်က ဘာသစ္စာ။

**"မဂ္ဂသစ္စာ"**

သေတာက ဘာသစ္စာ။

**"သမုဒယသစ္စာ"**

နောင်ခန္ဓာ မလာတာက ဘာသစ္စာ၊

**"နိရောဓသစ္စာ"**

သစ္စာ ဘယ်နှစ်ချက်ကိုက်။

"လေးချက်ကိုက်ပါတယ် ဘုရား"

ကဲ... သစ္စာလေးချက် တစ်ပြိုင်နက်ကိုက်သောကြောင့် ယောဂီအပေါင်း သူတော်ကောင်းတို့သည် ယခု အားထုတ်အပ်တဲ့ ဝိပဿနာဉာဏ်သည် မဂ် ဖိုလ် နိဗ္ဗာန်သို့ လျင်မြန်စွာ မျက်မှောက်ပြုနိုင်ပါစေသားလို့ ပတ္ထနာပြုရင်းနဲ့ အချိန်လဲစေ့လို့ ဒီနေ့ တော်ကြဦးစို့။

"သာဓု...သာဓု...သာဓု"

အမှတ် ၂၈၉၄၃၀
ရက်စွဲ ၂၃-၉-၂၀၁၃
စာကြည့်တိုက်

## စိန်မိုးယံစာပေမှ ထွက်ရှိပြီးသော စာအုပ်များ

| | | |
|---|---|---|
| ၁။ | မေတ္တာရှင်(ရွှေပြည်သာ) | စိတ်ဓာတ်မြင့်မှ လူမြင့်မယ် |
| ၂။ | ရဲမာန် | ပုံပြပုဒ္ဓဝင်ရုပ်စုံ |
| ၃။ | မင်းပုည | ဗိုလ်ချုပ်အောင်ဆန်း၏ နောက်ဆုံးမိန့်ခွန်းများ |
| ၄။ | အရှင်ဝိစိတ္တာလင်္ကာရ | ဗုဒ္ဓဘာသာဝင်တို့၏ အစွဲမှားများ |
| ၅။ | အရှင်ဝိစိတ္တာလင်္ကာရ | နှုတ်ပျားတကာ ရင်မှာအဆိပ် |
| ၆။ | ရီရီဌေး | ကိုယ်ဝန်ဆောင်သည့်မိခင်လောင်းများအတွက် ဆောင်ရန်၊ရှောင်ရန်နှင့် ကလေးမွေးပြီးစ ပြဿနာများ |
| ၇။ | မင်းပုည | ဗိုလ်ချုပ်အောင်ဆန်း၏ မမေ့နိုင်သောမိန့်ခွန်းများ |
| ၈။ | ရီရီဌေး | သားအိမ်ခေါင်းကင်ဆာနှင့် အမျိုးသမီးရောဂါများ |
| ၉။ | ရီရီဌေး | အရိုးပွရောဂါလား၊လေးဖက်နာလားနှင့်အရိုးအကြောင်းသိကောင်းစရာ |
| ၁၀။ | မင်းပုည | အမျိုးသမီးအာဇာနည်များ |
| ၁၁။ | မင်းပုည | ဒေါ်အောင်ဆန်းစုကြည်၏မိန့်ခွန်းကောက်နုတ်ချက်များ |
| ၁၂။ | ရီရီဌေး | အမျိုးသမီးများနှင့် ရင်သားကင်ဆာ |
| ၁၃။ | မင်းပုည | ခေါင်းဆောင်များ၏ မိန့်ခွန်းများ |
| ၁၄။ | ကိုနိုင်း (ချင်းတောင်) | ချင်းမျိုးချစ်များ၏ နယ်ချဲ့တွန်းလှန် တိုက်ပွဲဝင်တေးကဗျာများ |
| ၁၅။ | ကိုနိုင်း (ချင်းတောင်) | မြန်မာကဗျာစပ်နည်းဖွဲ့ထုံးမှတ်စု |
| ၁၆။ | မင်းပုည | နိုင်ငံရေးခရီးသည်နှစ်ဦး၏ ဘဝမှတ်တမ်း |
| ၁၇။ | ရီရီဌေး | အဆီချရန် နည်းလမ်း(၄၀) |
| ၁၈။ | မင်းပုည | မြန်မာနိုင်ငံ၏နိုင်ငံရေးအဘိဓာန် |
| ၁၉။ | မင်းပုည | အမေစုပြောသောစကား ဟောသောတရား |
| ၂၀။ | မင်းပုည | လူတိုင်းအတွက် ဒီမိုကရေစီ |
| ၂၁။ | ကလောင်စုံ | ခေတ်ကြွေးမုံ(လူငယ်နှင့်အောင်မြင်ရေးစာစုများ Vol-1) |

## စိန်မိုးယံစာပေမှ ထွက်ရှိပြီးသော စာအုပ်များ

| | | |
|---|---|---|
| ၂၂။ | မောင်မြဲမိုးသူ(ကြံ့ပင်ကောက်) | တစ်ခါကစစ်မလား၊ တစ်ဘဝခံမလားနှင့် လူငယ်ထုတ်ပြစာစုများ |
| ၂၃။ | မောင်ပေဇော် | ကုန်းဘောင်ခေတ်ခရီးသည်နှင့် |
| | | သမိုင်းဝင်တတိယမြန်မာနိုင်ငံတော်အရေးခင်းများ |
| ၂၄။ | အင်နာထွန်း | ပျိုမေတိုင်း လှစေဖို့ |
| ၂၅။ | ကလောင်စုံ | ခေတ်ကြေးမုံ(လူငယ်နှင့်နိုင်ငံရေးစာစုများ Vol-2) |
| ၂၆။ | ရီရီဌေး | အမျိုးသမီးများနှင့်သွေးဆုံးချိန်အန္တရာယ် |
| ၂၇။ | ရီရီဌေး | ပုံပြရုပ်စုံစာစီစာကုံးများ |
| ၂၈။ | အောင်မြတ်ဦး | မိန်းမတို့၏ လျှို့ဝှက်ချက်နှင့် အတွင်းသဘော |
| ၂၉။ | ရီရီဌေး | ပျိုဖော်ဝင်ချိန်နှင့် ဆယ်ကျော်သက်အရွယ်ဖြစ်တတ်သောရောဂါများ |
| ၃၀။ | အရှင်ဇဝန(ပဲခူး) | နှောင်ကြိုးမဲ့ ပုံသန်းခြင်း |
| ၃၁။ | ကလောင်စုံ | ခေတ်ကြေးမုံ(အနာဂတ်၏ သော့ချက်များ Vol-3) |
| ၃၂။ | ညီညီနိုင် | လုပ်ငန်းရှင်သူဌေးအဖြစ်(၁)မိနစ် |
| ၃၃။ | ရီရီဌေး | လူပျိုပေါက်နှင့် Life Style |
| ၃၄။ | ဝသုန်ဟိန်းထက် | ဒါပတ်ပြီးမှ ထိထိုးကြ |
| ၃၅။ | ဆရာတော်များ | သာသနာပျိုးခင်း |
| ၃၆။ | ကလောင်စုံ | ခေတ်ကြေးမုံ(အနီတစ်ဝက် အနက်တစ်ခြမ်း Vol-4) |
| ၃၇။ | အောင်မြတ်ဦး | သွေးစွန်းသော အာဏာရှင်များ |
| ၃၈။ | ကိုညီ(Marketing) | အပျားမကင်းသောကုမ္ပဏီများနှင့် လမ်းဘေးက 4.P |

စိန်မိုးယံ

# ယောဂီများသို့

## ပဋိစ္စသမုပ္ပါဒ်အခြေခံ အလုပ်ပေးတရားတော်များ

၁။ တရားထိုင်နည်း နိဿရည်း တရားတော်

၂။ ပဋိစ္စသမုပ္ပါဒ်အခြေခံ တရားတော်

၃။ ရပ်မနေနဲ့ ဆက်လျှောက် တရားတော်

၄။ ပညတ်နဲ့ ပရမတ် တရားတော်

၅။ ပဋိစ္စသမုပ္ပါဒ် နှင့် ခေမာမိဖုရား တရားတော်

၆။ လွယ်လွယ်လေးနဲ့ အပါယ်ဝေး တရားတော်

၇။ ဘာအရေးကြီးဆုံးလဲ တရားတော်

၈။ တရားကိုသာ အားကိုးပါ တရားတော်

၉။ စိတ်ကိုဆုံးမပါ တရားတော်

၁၀။ သံယောဇဉ်ဖြတ်နည်း နိဿရည်း တရားတော်

၁၁။ အလုပ် (၂) မျိုး တရားတော်

၁၂။ တစ်ပွင့်ပန်လည်း လှုပါတယ် တရားတော်